
www.burmeseclassic.com



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက် | – | ၅၀၁၂၃၀၁၀၁၁ |
| မျက်နှာဖုံးခွင့်ပြုချက် | – | ၅၀၁၂၃၃၁၀၃၁ |
| အကြိမ် | – | ပထမအကြိမ်၊ ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ |
| အုပ်ရေ | – | ၅၀၀ |
| တန်ဖိုး | – | ၁၅၀၀/– |
| ထုတ်ဝေသူ | – | ဒေါ်ကေခိုင်ဦး (မြ–၀၃၇၆၉) ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း၊ မိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| အတွင်း/ အဖုံးပုံနှိပ်သူ | – | ဒေါ်နွဲ့နွဲ့ရီ (မြ–၀၉၈၇၀) ရွှေရောင်လင်းပုံနှိပ်တိုက် အမှတ်(၈၈)၊ ၅၁ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

၈၉၅.၈၃

သျှင်မ

ချစ်သော ထိုနှင်းဆီ/သျှင်မ၊ –ရန်ကုန်၊ ရွှေသမင်စာပေ၊ ၂၀၁၁။

၃၈၈ စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။

(၁) ချစ်သော ထိုနှင်းဆီ




အခန်း [၁]

ဒရိုင်ဘာနှင့် ဦးလေးတို့ ဆင်းသွားကြတာကို မြင်သည်။

စိမ်းစိုသာယာနေသော သစ်ရိပ်တောတန်းဟို့ကိုလည်း မနီးမဝေး လောက်မှာ မြင်နေရပြီ ဖြစ်သည်။ သို့သော် ...

ကား ရှေ့ဆက်မတိုးဘဲ လုံးဝ ရပ်တန့်နေရသည့်အဖြစ်ကို စိတ် ဝင်စားဖို့ မေ့နေခဲ့၏။

"မြင်နေရကာမှကွာ .. တောက်.."

"ကဲ .. တက်ခေါက်မနေနဲ့၊ မင်း ဟိုဘက်ကူးဖို့ လမ်းရှာ၊ ဘကြီး သောင်း တို့ကို ငါတို့ရောက်နေတဲ့ကြောင်း သွားပြော .."

ညည်းတွား ညွှန်ကြားရင်း ရှုံ့မဲ့နေသည့်မျက်နှာတွေကို အထဲက နေ လှမ်းမြင်လိုက်ကာမှ အခြေအနေကို သတိထားမိခဲ့၏။

"လေးလေး ဘာဖြစ်သွားတာလဲ"

နားကျပ်တစ်ဖက်ကိုဖြုတ်၍ ဖွင့်ထားသည့်တံခါးကနေ ခေါင်း ဘိမ်းမေးလျှင် ဖြေချင်နေသည့်မျက်နှာက ချစ်သော စကားတွေ ဆိုရှ၏

"မနက်ဖြန်မှ မေးပါလား၊ အေးဆေးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ရွဲ့ဖြေပြီး အင်္ကျီလက်စတွေကို ဘယ်ညာ ပင့်တင်လိုက်သည်။ ဘာလုပ်တော့မည်ကိုသိကာ နောက်ထပ် နားကျပ်တစ်ဖက်ကို ထပ်ဖြုတ်ကာ ဆင်းမလို့ တံခါးဖွင့်လိုက်လျှင် ...

"ဟား!..."

ခြေထောက်တစ်ဖက် ချလိုက်ပြီး မြေပြင်ကို ငုံ့ကြည့်ကာ...

"ညစ်ပတ်နေတာပဲကွာ .."

"အေးပါ .. အဲဒါကြောင့် မင်း အဲဒီမှာ အေးဆေး စံနေတော်မူပါ။ ရွဲ့ပြောတာ မဟုတ်ဘူး၊ လုံးဝ အကောင်း .."

BURMESE CLASSIC .com

"အိုခေ .. သင့်ခ်ယူ"

လှမ်းပြီးသည့် ခြေထောက်ကို ပြန်တင်ကာ တံခါးပါ ပိတ်ပစ်လိုက်ပြီး...

"ရွဲ့ပြောလည်း ကျေးဇူးတင်တယ်၊ လုံးဝ အတိအကျ မဆင်းဘူး"

"သိပါတယ်"

ဦးစိုးမိုးသူ က အငေါ်တူးသလို ပြောတာပေမယ့် မျက်နှာမှာ ဒေါသ မပါ။ မင်းချစ်သူ နဲ့ ချစ်သောသူ ..။

ညီအစ်ကိုနှစ်ယောက်မှာ မင်းချစ်သူ က အကြီးဖြစ်ကာ အနေအေးသည်၊ မျက်နှာသွင်ပြင် ဟန်ပန်ကအစ တည်ငြိမ် ရင့်ကျက်၏။

ပြောရမည်ဆို မင်းချစ်သူ က မဟာဆန်ဆန် သိမ်မွေ့ တည်ငြိမ်တာမျိုး၊ ချစ်သောသူ ကျတော့ အပေါင်းအသင်း မင်သည်။ ကိုယ်တိုင်က အကအဖွဲ့ခေါင်းဆောင်ဖြစ်ကာ ခေတ်ရေစီးကြောင်းပေါ်မှာ ခုန်ချီဆန်ချီ ကူးခတ်ချင်သူ ဖြစ်၏။

ထို့ပြင် စီးပွားရေး ကုန်ဂစ္စည်းကြော်ငြာအမျိုးမျိုးမှာ သူ့ပုံတွေက ခြေလှမ်းကျဲနေခဲ့၏။ အငယ်ဆုံးမို့ မိဘကလည်း အလိုလိုက်သည်။ မင်းချစ်သူ ကိုယ်တိုင်က သူ့ထက် ခုနှစ်နှစ်ငယ်သည့် ညီဖြစ်သူကို





ခချိန်ထိ ထိပ်ပုတ်ခေါင်းပုတ် 'စ' နေတုန်း ..။

သူကတော့ ခင်ပွန်းသည် အနားမှာမရှိရှာသည့် အစ်မဖြစ်သူအနီးနားသဲ ဒီတူနှစ်ယောက်ကို ကူညီစောင့်ရှောက်ပေးရင်း အတူတူနေခဲ့သည်။

ဘာပဲဖြစ်ဖြစ် အိမ်မှာ အားလုံးက အရေးပေးသလောက် လုပ်ချင်ဘာလုပ်တတ်သည့် ဉာဉ်ဆိုးလေးနှင့် ချစ်သောသူ ကို သူ ပိုချစ်သည်ဆင်၏။ ပြောတိုင်းလည်း ဘယ်တော့မှ နားထောင်ခဲ့တာမဟုတ်ဘဲ သိမှာသည့် မင်းချစ်သူ ထက် ချစ်သောသူ ကိုသာ ..။

"ဟေး .. ငါ လာပြီဟေ့"

ခပ်ဝေးဝေးက ပျံ့လွင့်လာသည့် အော်ဟစ်သံကြောင့် ဦးစိုးမိုးသူ အတွေးတွေ ပြတ်တောက်ကာ ဖျတ်ခနဲ လှမ်းကြည့်မိသည်။

အရပ်ထောင်ထောင် ခပ်ဖိုင့်ဖိုင့်မို့ ဗိုက်ပူနေတာကို အဝေးမှ မြင်နေရသော ဘကြီးသောင်း နှင့် လူရွယ် လေးငါးယောက် ..။

ဒရိုင်ဘာ ပွကြီး က သူတို့ကိုမှီအောင် မလိုက်နိုင်ပုံနှင့် နောက်မှာ ယက်ကန်ယက်ကန် ..။

"ဘကြီးသောင်း က လူချည်းပဲလာပြီး ဘာလုပ်မှာလဲ..၊ ဒီရေဇွက်ကြီးကို ဝိုင်းဖို့ပေးမှာလား .. ကားကို ဝိုင်းတွန်းမလို့လား"

"ဟုတ်မလားကွ .. မင်းတို့ကလည်း .."

လူက အနားမရောက်သေးခင် ဦးစိုးမိုးသူ က အားမလိုအားမရ လှမ်းပြောသည်။ ဦးဘသောင်း ကလည်း ရှင်းပြမလို့ အပြေးတစ်ပိုင်း ရောက်လာကာ ...

"အထဲမှာ ဘယ်သူလဲ၊ မင်းချစ် လား .. ချစ်သော လား"

"ချစ်သော"

"ဟား!... ချစ်သော ဆိုရင် မင်းတို့ထက်အရင် အိမ်ပြန်ရောက်အောင် ငါ ပြေးရဖို့ သေချာနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



ကားထဲကိုကြည့်ပြီး ပြောတော့ ဦးစိုးမိုးသူ ဝါ လှည့်ကြည့်မိသည်။ နားကျပ်နှင့် မျက်လုံးတွေမှိတ်ရင်း ပန်းသီးစားနေသော ချစ်သော က ဘာကိုမှ မသိ ..။

ကား ဘာလို့ ရပ်လိုက်တာလဲဆိုတာတောင် ဆုံးအောင် မမေးဘဲ ဒီမျက်လုံးတွေကို ပြန်မှိတ်နိုင်သေးသည်။ ကောင်စုတ်လေး ..၊

"မင်းတို့ ငါ့ဆီ အလည်လာတာတော့ မဖြစ်နိုင်ဘူး"

"ဖြစ်စရာလား ဘကြီးသောင်း ရာ .. မန္တလေးကို ဟိုတယ်လ်ကိစ္စနဲ့ သွားတာ၊ မပြန်ခင် မမ ဖုန်းလှမ်းဆက်တာနဲ့ ဝင်လာခဲ့တာလေ"

"ငါ့ဆီ ဝင်ဖို့လား"

ဦးဘသောင်း က ဟိုဘက် ရေအိုင်အစပ်ကနေ ပုဆိုးစနှစ်ဖက်ကို တစ်ဖက်စီဆွဲ 'မ' ကာ ရေထဲကို တစွပ်စွပ် ဆင်းချလာ၏။

ဆင်းလာရင်း နောက်လှည့်ကြည့်ကာ ...

"မင်းတို့ ပြန်နှင့်ကြ၊ မယ်မြ ကို ပြောလိုက်၊ စပယ်ဖြူ တို့ညီအစ်မ ကို ပြန်ခေါ်ပြီး ထမင်းဟင်း ကောင်းကောင်း ချက်ထားလို့၊ ဧည့်သည် တွေ လာတယ်လို့"

ပါလာသည့်လူတွေ ခေါင်းညိတ်ပြီး ပြန်လှည့်သွားကြသည်။ ဒရိုင်ဘာ ပွကြီး ကတော့ ပုဆိုးကို ခါးတောင်းကျိုက်သလို ပေါင်ကြားနှစ်ဖက်ထဲဝင်အောင် လိမ်ယူပြီး နောက်စကို ပြန်ကိုင်သည်။

ပြီးတော့ ဦးဘသောင်း ဆင်းသည့်ခြေလှမ်းအတိုင်း ဖဝါးထပ်အောင် ကြိုးစားရင်း လက်တုန် ဒူးတုန် ..။

ဦးစိုးမိုးသူ က ကိုယ့်ဒရိုင်ဘာကို လှမ်းကြည့်ပြီး ရယ်ကာ ...

"ပွကြီး .. မင်း ဒါကျတော့ ဒူးမခိုင်တော့ဘူးလား"

"ဟုတ်တယ် ဆရာ .. ဒူးကိုက အကျင့်မကောင်းတာ"

ဒီဘက် မြက်ဖုတ်တွေပေါ် နင်းမိကာမှ ဦးဘသောင်း က ပွကြီး



BURMESE CLASSIC .com



ကို လက်ကမ်းပေးပြီး ဆွဲတင်လိုက်ကာ ...

"မြို့သားတွေ ရွှံ့ကြောက်တာ ငါတို့က မြင်ဖူးနေကျပါ"

ဟု ပြောပြီး ကားထဲကို အနီးကပ် ထပ်ကြည့်သည်။

"ချစ်သော လား ..၊ ဒီကောင်လေး တော်တော် ချောလာသားပဲ၊ ငယ်ငယ်က စုတ်ချွန်းချွန်း ရှည်မျောမျောလေး"

"အခု ဘကြီးမြေးက မင်းသား ဖြစ်နေပြီ"

"ဟော!... ဟုတ်လား .."

"ဟုတ်တယ် .. ဒါပေမယ့် သူက ဟိုအပင် ဒီအပင် ခုန်နေချင်တဲ့ မျောက်စုတ်လေး၊ ထင်တာတွေ လျှောက်လုပ်တယ်၊ ပြီးတော့ တာကယ် တမ်း ဇောက်ချလုပ်ချင်တာ မရှိဘူး"

"လူငယ်ကိုးကွ၊ ဒါနဲ့ မချစ် က ငါ့ဆီကို လွှတ်တာလား"

"ဟုတ်တယ်၊ သီတင်းကျွတ်အမီ အလည်လာပါတဲ့၊ ဘကြီး မလာမှာစိုးလို့ အခု တစ်ခါတည်း ဝင်ခေါ်ခဲ့လို့ မှာတယ်၊ ဟိုကအလုပ် တွေကိုတောင် ဘာမှမပူနဲ့၊ ဘကြီးတို့ပါရင် ပြီးတာပဲ တဲ့"

အလည်ခေါ်တယ်ဆိုပေမယ့် ကန်တော့ချင်တာမှန်း ဦးဘသောင်း သိသည်။ ကလေးတွေ ငယ်ငယ်ကဆို သီတင်းကျွတ်လတိုင်း မိသားစု လိုက် ရောက်အောင်လာသည်။ ကန်တော့ပြီးမှ တစ်ပတ်လောက်နေ ပြီး ပြန်ကြသည်။

ဆန်၊ ဆီ၊ ရိက္ခာ၊ အစိုအခြောက်တွေမှ တစ်ပုံကြီးနဲ့ပါ..။

ဒီကြားထဲမှာတော့ နှစ်တိုင်း ရောက်မလာနိုင်ဘဲ တစ်နှစ်ခြား၊ နှစ်နှစ်ခြားဖြစ်လာကာ ဆက်တိုက်ပေါ်မလာတာ ငါးနှစ်ရှိပြီ ဖြစ်သည်။

မနှစ်ကမှ လက်ဆောင်တွေ လူကြုံတွေပို့ကာ ကန်တော့လိုက် သည့်အကြောင်း စာလေးတစ်စောင် ပါလာခဲ့၏။

ချစ်သောသူ တို့၏မိခင် ဒေါ်ချစ်ဖူးငုံ မှာ နှလုံးရောဂါရှိနေသည့်



www.burmeseclassic.com

www.burmeseclassic.com



အပြင် အစာအိမ်ကလည်း သိပ်မကောင်း။ ကျန်းမာရေးမကောင်းတာကို သိရတော့ ဦးဘသောင်း လည်း သွားချင်ပါသည်။ ဒါပေမယ့် မြို့ကအသွားအပြန်ခရီးလမ်းဆိုး မကျန်းမာတာကို တောကြိုအုံကြားလှူက သတင်းမေးသွားသည်ဆိုတော့ စေတနာက အရာထင်နိုင်မှာ မဟုတ်..။

ကာယကံရှင်၏ စိတ်ရင်းကို သိနေပေမယ့် ပတ်ဝန်းကျင်အသိုင်းအဝိုင်းတွေက ရှိသေးသည်။ တကယ်တော့ ဦးဘသောင်း နဲ့ ဒီမိသားစုက သွေးသားတော်စပ်ကြတာ မဟုတ်ပေ။

ဒေါ်ချစ်ဖူးငုံ သည် ခင်ပွန်းဖြစ်သူနှင့် စိတ်အခန့်မသင့်ဖြစ်ပြီး ကိုယ်လေးလက်ဝန်နှင့် သားကြီးကို ကားပေါ်တင်ကာ ကိုယ်တိုင်မောင်း၍ ခရီးထွက်လာခဲ့၏။

လမ်းမှာပဲ ဗိုက်နာကာ အခြေအနေမဟန်မှန်းသိတော့ နီးစပ်ရာရွာတစ်ရွာမှာဝင်ပြီး မွေးဖွားဖို့ ကြိုးစားခဲ့သည်။

ဒါပေမယ့် ရွာကိုမရောက်ခင် ကားကလည်း ပျက်သွားသည်။ ဗိုက်ကလည်း မွေးချိန်တန် ဖြစ်လာခဲ့၏။ ဦးဘသောင်း ကလည်း တခြားရွာမှ နွားမကြီးတစ်ကောင် မီးမဖွားနိုင်တာကို သွားမွေးပေးပြီး ပြန်လာခဲ့တာ ဖြစ်၏။

ချစ်သောသူ ကို ဦးဘသောင်း ကိုယ်တိုင် မွေးပေးခဲ့သည်။ မွေးပြီးမှ မီးနေသည်ကို ရွာကို ခေါ်သွားခဲ့ကြတာ ဖြစ်၏။

ဒေါ်ချစ်ဖူးငုံ သည် ခင်ပွန်းသည် ဘယ်လိုမှ မထင်မှတ်နိုင်သည့်နေရာမှာ ဓာတ်မြှုပ်နေခဲ့သလို ဖြစ်သွားသည့်အတွက် ပိုပြီး သဘောကျသည်ဟု ဖွင့်ပြောခဲ့သေး၏။

"သမီး ဒီမှာ ပျော်တယ် ဦးရဲ့ ..၊ သမီးတို့သားအမိတွေကို ပြန်ဖို့ မပြောပါနဲ့ ဦးနော်" တဲ့..။

ချစ်ဖူးငုံ ဆိုသော မိန်းကလေးဟာ ထိုစဉ်က တကယ့်ကလေးလို





ပင် ..၊ ယောကျ်ားကို ဘယ်လိုနာကြည်းချက်တွေ ဖြစ်လာသည် မသိသော်လည်း ရွာမှာ ရက်နှစ်ဆယ်လောက် နေသွားသည့်ကာလမှာ လွတ်လပ် ပျော်ရွှင်နေရှာသည်။

ကလေးတွေရဲ့အဖေ ရောက်လာတော့လည်း ဦးဘသောင်း တို့ မိသားစုကို ကျေးဇူးတင်လွန်းလို့ ရှိခိုးမတတ်ပါ..၊ ဇနီးဖြစ်သူနဲ့ ကလေးတွေကိုလည်း ငုံ့ထားမတတ် ဂရုစိုက်သည်။

ထိုစဉ်က ဦးဘသောင်း ထင်ခဲ့တာကတော့ လူကြီးဆန်သည့် ယောကျ်ားနှင့် ကလေးဆန်ဆန် မိန်းကလေးတို့ အိမ်ထောင်ရေး အဆင်မပြေတာပဲ ဟု..။

မထင်မှတ်ဘဲ ခိုင်မာခဲ့ကြသည့် သံယောဇဉ်က ဒေါ်ချစ်ဖူးငုံ အဖြစ် အသက်တွေ ရဲ၊ ရင့်ကျက် တည်ငြိမ်လာတဲ့အထိ သူမ အသိယဲမှာ ဒီရွာနဲ့ ဒီလူတွေကို ဘယ်တော့မှ မမေ့ခဲ့ခြင်းပင်..။

ဦးဘသောင်း စိတ်တွေက ဒီမိသားစုတွေနဲ့ ရှိခဲ့သည့် သံယောဇဉ်ဆီ ပြန်ရောက်ကာ ရွှံ့တွေ စိုရွှဲနေဆဲ ခြေထောက်ကြီးကိုပါ မေ့လျော့သွားခဲ့၏။

"ရွာကိုဝင်တာ ဒီလမ်း မဟုတ်ဘူးဆိုတာကို ကျွန်တော် သိတယ်၊ ဒါပေမယ့် ရှေ့ကဝင်တဲ့လမ်းကို မသိဘူး၊ ခါတိုင်း အခေါက်တွေကလည်း မလိုက်ဖြစ်တော့လေ .."

ဦးစိုးမိုးသူ စကားစလိုက်မှ သူ့စိတ်တွေ ကားဆီ ပြန်ရောက်ခဲ့ပြီး...

"ဟုတ်တယ်ကွ .. မင်း မျက်စိလည်မှာပဲ၊ ဒီဘက်က တစ်ရွာလုံးကို အနောက်ပိုင်း ပြောင်းပေးလိုက်တာလေ၊ နေပြည်တော်လမ်းကနေ အနီးဆုံး လှမ်းမြင်ရတဲ့ သစ်ပင်အုပ်က အခု ကျိုးတိုးကျဲတဲ ဖြစ်ကုန်ပြီ၊ လမ်းသေးသေးလေးကနေ အကျယ်ကြီး ပြန့်ကားသွားတော့ ကားဝင်လို့ ရတယ်ထင်ပြီး ဟိုရွာဒီရွာ သွားမယ့်ကားတွေ ဒီကနေပဲ ဖြတ်ချိုး



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ဝင်ကြတော့တာ"

"ဒီလိုလား"

"အေး .. ဒါပေမယ့် နွေဆိုရင်တော့ ကားမသက်သာပေမယ့် ရွာနားထိ မောင်းဝင်လို့ ရပါတယ်၊ မိုးကုန်စအထိ ဒီနေရာတွေက ရေမခြောက်ဘူး"

ပြောမိကာမှ သတိရသွားသည့်ပုံနှင့် သူ့ခြေထောက်ကို ရေဇွက် မျက်နှာပြင်ပေါ်မှာ ရုပ်ထိပြီး လှုပ်ဆေးပစ်သည်။

ပွကြီး ကတော့ ဘယ်လို ဆေးလိုက်သည်မသိလိုက်ဘဲ ပြောင် ပြောင်စင်စင် ဖြစ်နေလျက် ရှိ၏။

"ဘကြီးသောင်း လား .."

စကားသံနှင့်အတူ ကားတံခါးဖွင့်လျက် ခြေနင်းခုံမှာ ခြေတစ်ဖက် ချကာ ချစ်သော က ထိုင်ရာမထ နှုတ်ဆက်ခြင်းဖြင့် စပ်ဖြဲဖြဲ..။

"ဟုတ်ပါ့ကွယ် .. ဘကြီးသောင်း ပါ၊ မင်း မှတ်မိသားပဲ"

ဦးဘသောင်း ကတော့ လူငယ်တစ်ယောက်ကို နားလည် ချစ်ခင် ပြီးဖြစ်သည့် အပြုံးနှင့် ချစ်သော ရဲ့ဘေးကို တိုးကပ်သွားခဲ့၏။

အမြင်မတော် ဖြစ်သွားသဖြင့် ဦးစိုးမိုးသူ နှာခေါင်းရှုံ့သွားမိ သည်။ ကံထူးသည့် မဟာဆန်းလက်ဓာတာရှင်ကတော့ သူ့ကိုဆို လူကြီးတွေကလည်း ဘာတွေပဲ အမြင်မတော်၊ အကြားမတော်တာရှိရှိ ခွင့်လွှတ်ပြီးသား ..။

အပေါင်းအသင်းချင်းတောင်မှ ယောကျ်ားလေး၊ မိန်းကလေး အားလုံးက သူ့ကိုဆိုရင် သည်းခံပေါင်းကြသည့်ဘက်က...

ဘကြီးသောင်း သည်လည်း ချစ်စနိုးမျက်ဝန်းများနှင့် ရှိနေလျက်...

"ဘယ်လိုလဲ လူလေးရ .. မင်းသား လုပ်လိုက်ပါလား၊ လက်ရှိ နာမည်ကြီးမင်းသားတွေ ထိုင်ငိုသွားကြမှာ သေချာတယ်"





"သူများတွေ ငိုကုန်မှာစိုးလို့ မလုပ်တော့ပါဘူး၊ ဟွန်း .. ဘကြီး သောင်း ကလည်း နည်းနည်း ဝ,လာတာပဲ ရှိတယ်၊ အရင်အတိုင်းပဲ"

"ဟေ .. ဟုတ်လား"

ပြောတဲ့သူနဲ့ ချစ်ချင်နေတဲ့သူကတော့ အတိုင်အဖောက် ညီနေ သည်။ ဘကြီးသောင်း လို ကျေးဇူးရှိတဲ့ လူကြီးသူကြီးအပေါ် ပြေပြေ ပြစ်ပြစ် ဆက်ဆံဖော်ရတော့လည်း ဦးစိုးမိုးသူ ကျေနပ်သွားမိသည်။

ထို့ကြောင့် သဘောကျနေသည့်မျက်နှာကြီးက ပြုံးချိုလျက်...

"ကဲ .. ကဲ စကားတွေ နောက်မှ ဆက်ပြောရအောင်၊ ဘကြီး ကားပေါ်တက်လေ..၊ ကျွန်တော်တို့ ဘယ်လမ်းက ပြန်ဝင်ရမလဲ ပြော ပြဦး"

"အေး .. သွားရအောင်"

ဆေးကြောထားပေမယ့် ပြောင်စင်သေးတာ မဟုတ်သည့် ခြေ ထောက်ကြီးနှစ်ဖက် ကားပေါ်ရောက်လာတော့ မသိမသာ ငုံကြည့်ပြီး ချစ်သော မျက်နှာ မှုအီမလည် မဲ့၏။

တွဝရီး မှန်ထဲမှာ မျက်လုံးချင်းဆုံကြတော့ ဦးစိုးမိုးသူ က မိန့်မိန့် ကြီး ပြုံးလျက်..။ ချစ်သော က ဆံပင်သပ်လိုက်၊ နှာခေါင်းပွတ်လိုက်၊ မျက်ခုံးတွေ့ အသားကုန် ပင့်ထားပြီး မျက်နှာကို တစ်ဖက်လှည့်ထား ပေမယ့်လည်း..။

တွေ့ပြီ ..၊

အသန့်ကြိုက်တဲ့ မင်းသား ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၂]

သမီးကြီးတွေ၊ သမီးငယ်တွေ ပြောလာတော့ ဦးစိုးမိုးသူ အံ့ဩသွားသည်။ သူ သိထားခဲ့တာက ဦးဘသောင်း တို့လင်မယားမှာ သားသမီး မထွန်းကားကြပေ..။

ဒေါ်မြ ကတော့ ထမင်းပွဲသိမ်းနေတုန်းမှာ ရတနာမွန်စာအုပ်လေးကိုင်ပြီး ဝင်လာသော နုနုယဉ်ယဉ်ပုံစံနှင့် မိန်းကလေးကို လှမ်းကြည့်၍ ရှင်းပြနေတာ ရှည်ရှည်ဝေးဝေး..။

"အဲဒါ သမီးကြီးလေ .. စပယ်ဖြူ တဲ့၊ ဒီနှစ်ပဲ အဝေးသင်နဲ့ ဘွဲ့ရတာ၊ ဟောဒီရွာမှာ ဘွဲ့ရပညာတတ်ဆို လက်ချိုးရေလို့ရတယ် လူလေးရေ၊ ကြွားတယ်တော့ မထင်နဲ့၊ ဘွားမြ တို့မှာ ဒါလေးပဲ ဂုဏ်ယူနေရတာ .."

သမီးအကြောင်းကနေ ဂုဏ်ယူစရာတွေ ဆပ်ပြီး ပွားများလာတော့ သမီးနှစ်ယောက် ဘယ်အချိန်မှာ ဘယ်လို ထွန်းကားလာခဲ့သည့် အကြောင်း မေးဖို့က မအောင်မြင်..။

"နှစ်ယောက်စလုံး ဘွဲ့ရစေချင်ပေမယ့် ..."





"နင်ကလည်း ကလေးအကြောင်းကို ထည့်ပြောဦးမယ်၊ ဒါပဲပေါ့မပြီး ..."

ဦးဘသောင်း က ယွန်းကွမ်းအစ်ဝဝကြီးကို ရှေ့မှာချ၍ ကွမ်းညှပ်နှင့် ကွမ်းသီးခြမ်းကို ဖိညှပ်ရင်း မကြည်လင်သည့်မျက်နှာနှင့် ...

"သူက တော်တာပဲ ဥစ္စာ၊ လူကြီးတွေက ဆက်မတက်နိုင်းလို့ ထက်ခဲ့ရတာ"

ဘယ်သူ့ကိုပြောနေမှန်းမသိတော့ လင်မယားနှစ်ယောက် မျက်နှာကို တစ်လှည့်စီ ကြည့်နေရင်း အမည်ဖော်မှာကို စောင့်မိ၏။

ဦးဘသောင်း က ဦးစိုးမိုးသူ ကြည့်နေတာကို ပြန်ကြည့်ကာ...

"အငယ်မလေးက အရမ်း ကလေးဆန်တာကွ .. မူလတန်းကနေ အလယ်တန်းကျောင်း၊ အလယ်တန်းကနေ အထက်တန်းကျောင်းအားတဲ့အထိ စာလည်း အရမ်းတော်တာ..၊ ဘယ်ရောက်နေနေ စာတော်လို့ ဆရာတိုင်းက ချစ်တယ်"

"ဘွဲ့မရတာ သူလား .."

"အင်း .. ဆက်တက်ရရင်တော့ ခုဆို နောက်ဆုံးနှစ်ပေါ့၊ ဆယ်တန်းကို လေးဘာသာဂုဏ်ထူးနဲ့ အောင်ထားတာ"

"ဟင်!..."

ဒီလိုရွာလေးမှာ ဂုဏ်ထူးရှင် ရှိသည်ဆိုတော့ ဦးစိုးမိုးသူ အံ့ဩသွားသည်။ ပြီးတော့ လေးဘာသာ ဂုဏ်ထူး ...။

"အဲဒါ ဆက်မပြောတော့ဘူးပေါ့.."

"ပထမနှစ် ဖြေပြီးပြီ၊ နောက်မှ ဆက်မတက်တော့တာ"

"ဘာဖြစ်လို့လဲ .."

"ဘာဘာ .. တောင်ပိုင်းက ဦးလေးဖြူ တို့ လာခေါ်နေတယ်"

မပြောနေတုန်း စကားက ပြတ်သွားသည်။ စာအုပ်လေး တကိုင်



www.burmeseclassic.com

www.burmeseclassic.com



ကိုင်နှင့် မီးဖိုချောင်တံခါးရှေ့မှာ ထပ်ပေါ်လာသည့် စပယ်ဖြူ လေးဆီ ဦးစိုးမိုးသူ မျက်လုံးရောက်၏။ အကဲခတ်သည့် မျက်လုံးတွေကို သူမက ရင်ဆိုင် မကြည့်ပါ...။

ဟိုဘက်ရွာက ပြန်ရောက်သည်နှင့် ဧည့်သည်တွေ ရောက်နေသည်ဆိုတော့ ကားကို မြင်လိုက်တာနှင့် ဘယ်သူတွေမှန်း သိလိုက်သည်။ သူမတို့ ဒီအိမ်ကိုမရောက်ကြခင်ကတည်းက ဒီမှာ ဒီလူတွေ အဝင်အထွက်ရှိတာကို တစ်ရွာတည်းသားချင်းမို့ မြင်တွေ့နေကျ ဖြစ်သည်။

ဒါပေမယ့် ဧည့်သည်လူကြီး၏ ကြည့်ပုံအရ သူမကို တစ်ခါမှ မျက်မှန်းတန်းမိရုံတောင် ရှိခဲ့သည် မထင်တာ သေချာ၏။

"ဘွားမြ .. သမီး ဘာလုပ်ပေးရဦးမလဲဟင်"

ဦးဘသောင်း နေရာမှ ထသွားသည်နှင့် အထဲဝင်စရာ နေရာ ချောင်သွားသဖြင့် သတင်းလာပေးရင်း အထဲဝင်ဖို့ ခြေလှမ်းပြင်လျှင်...

"ကဲပါအေ .. ညည်း ပန်းကန်ဝင်ဆေးမလို့ ဟန်ပြင်နေတာ ကျုပ် သိပါတယ်၊ မလိုပါဘူး၊ အပြင်မှာ အေးဆေးနေစမ်းပါ၊ အငယ်မ က ပါမလာဘူးလား"

စပယ် ဖြေမလို့ ပြင်လိုက်စဉ် ဖျတ်ခနဲ မော့လာသည့် မျက်နှာ တစ်ခုကြောင့် နှုတ်ခမ်းတွေဟ,ရင်း ပြောဖို့ မေ့၏။

ဦးစိုးမိုးသူ သတိထားမိကာ သူမ ကြည့်သည့် မျက်လုံးတွေ နောက်ကို လိုက်ကြည့်လိုက်တော့ ထမင်းဝိုင်းမှာ ရှုံ့ရှုံ့မဲ့မဲ့နှင့် လက်စ သတ်၍ သူ့ကျောနောက်မှာ စာအုပ်တစ်အုပ် ဟိုလှန်ဒီလှန်လုပ်ရင်း တိတ်တိတ်ဆိတ်ဆိတ် ရှိနေသည့် ချစ်သော ...။

သူမ စက္ကန့်များစွာ စူးစိုက်သွားခဲ့စဉ် ချစ်သော က မျက်နှာလွှဲ သွားပြီဖြစ်သည်။ ပြီးတော့ နှုတ်ခမ်းတွေမှာ ခပ်တွန့်တွန့် ပြုံးစိစိနှင့်...





စပယ်ဖြူ ဆိုတာ ဆံပင်တွေ အရှည်ကြီးနှင့် အရုပ် အနေတော်၊ အသားညိုညို ယဉ်စစလေးပါပဲ။ ဒါပေမယ့် ...

သူမကိုမြင်လိုက်တာနှင့် ခုနက ပန်းကန်ထဲမှာ ဘာကြီးမှန်းမသိ လို့ ဟိုလှန်ဒီလှန် တွန်းရွှေ့ကြည့်ခဲ့မိသော တို့ဟူးဆိုသည့် လေးထောင့် စပ်စပ် ဟင်းတုံးကို သတိရ၏။

ပါးပြင် မို့မို့ညိုညိုမှာ ပါးကွက်ကြီးတွေ တင်ထားတာ တို့ဟူးတုံး ကြီးတွေအတိုင်း ...၊ ချစ်သော မချိုမချဉ်ဖြစ်သွားတာရော၊ မိန်းကလေး ရှက်သွားတာရော ဦးစိုးမိုးသူ ဖျတ်ခနဲ ဝေ့ကြည့်ပြီး မမြင်သလို နေ လိုက်ရသည်။ ပြီးမှ ...

"အငယ်မလေးက ပညာတော်တာပဲ၊ ဘာဖြစ်လို့ ဆက်မဖြေတာ သဲ၊ မြင်တောင် မြင်ဖူးချင်လာပြီ"

ဒေါ်မြ ကတော့ ဘာကိုမှ ဂရုစိုက်မိပုံ မရှိပါ။ ဦးစိုးမိုးသူ ပြော လိုက်တော့ ရေနွေးကရားပါသည့် ဗန်းနှင့် လက်ဖက်သုပ်အစ်ကလေး တင်ကာ သူတို့ရှေ့ ချပေးပြီး ...

"မြင်ဖူးရင်တော့ မျောက်မူးလဲလေးပါလားလို့ တန်းသိသွားမှာပဲ"

ပြောရင်း ရယ်သေးသည်။ ပြီးတော့ ...

"အကြီးမနဲ့တော့ လုံးဝ ဆီနဲ့ ရေပဲဟော့၊ ပြောစရာရှိလည်း ဘယ် မျက်နှာမှ မကြည့်ဘူး၊ ဘာလုပ်လုပ် အကြောက်အလန့်ကလည်း နည်းပါ၊ အိမ်ခြေ ရာကျော်လောက်လေးရှိတဲ့ ကိုယ့်ရပ်ရွာမို့လို့ပေါ့၊ မဟုတ်ရင် မလွယ်ဘူး၊ အဲဒါကြောင့် ခက်နေတာပေါ့ကွယ်၊ ပြော သည်း မပြောချင်ပါဘူး"

ဆိုပြီး တကယ် မပြောတော့ဘဲ နေသဖြင့် ထပ်မေးရကောင်းနိုး မေးကောင်းနိုးနှင့် ဦးစိုးမိုးသူ နှုတ်ဆိတ်နေရပြန်သည်။ ဒါပေမယ့် သူ့ဖက် လိုက်ကာ...



www.burmeseclassic.com

www.burmeseclassic.com



"အဘွားတို့က သားသမီး မမွေးခဲ့ဘူးထင်တာ.."

"ဩော် ... ငါတူကြီးနှယ် .. ဤမြို့က ဘယ်လိုဆုတောင်းလို့မှ ကလေး မရနိုင်ခဲ့တဲ့ဟာ၊ ဒီမိန်းကလေးတွေက ကျုပ်ရဲ့ကလေးတွေ ဖြစ်ပါ့မလား"

"ဩော် ..."

ခေါ်မြ က ဘာမေးမေး အပြုံးမပျက်ပါ။ ပြည့်ပြည့်စုံစုံပဲ ပြန်ပြီး ရှင်းပြရှာသည်။

"ကျုပ်တူမရဲ့ ကလေးတွေပါ၊ သူတို့အဖေက အသက်ငယ်ငယ်နဲ့ပဲ သံရူးမိတဲ့ဒဏ်ရာက မေးခိုင်ပိုးဝင်ပြီး ဆုံးသွားတယ်၊ အမေကတော့ နှာစေးချောင်းဆိုးဖြစ်သလိုလိုနဲ့ လူတွေပြောကြတာတော့ တီဘီဆိုလား ဘာလားကွယ်၊ အဲဒါ ကူးတတ်တယ်ဆိုလို့လေ ကလေးတွေကို ကျုပ်အိမ်မှာ ခေါ်ထားလိုက်ရင်း ဒီမှာ အနေကြာတာနဲ့ သံယောဇဉ်တွေဖြစ်၊ ကလေးတွေကလည်း ပျော်နေတယ်၊ သူ့အမေ ဆုံးသွားတဲ့ အထိ ဒီမှာပဲ ဆိုပါတော့"

"သူတို့အမေက တီဘီနဲ့ ဆုံးတာလား"

"မဟုတ်ပါဘူးကွယ် .. မိန်းမရောဂါပေါ့၊ ဒါပေမယ့် လင်မယား နှစ်ယောက်စလုံး ငယ်ငယ်ရွယ်ရွယ်နဲ့ ဆုံးသွားကြတာတော့ သနား စရာပါ၊ မိသက် က ခေါင်းလျှော်မှားပြီး နာရီပိုင်းလေးအတွင်းပဲ ခေါက်ခနဲ ဆုံးသွားတာ၊ လင်မယား အတူတူပါပဲ"

"စိတ်မကောင်းစရာပဲနော်"

ပြန်ထွက်သွားပြီပေမယ့် စပယ် ထွက်သွားသည့်ဘက်ကို လှမ်း ကြည့်နေရင်း ပြောမိ၏။

"မိဘမဲ့လေးတွေ ဆိုပေမယ့် အခြေမဲ့ အနေမဲ့တော့ မဟုတ်ပါ ဘူး၊ သူတို့မိဘတွေထားခဲ့တဲ့ အနောက်ဘက်တောင်ကြောမှာ ကျွန်း





ာကြီးမှ နည်းတာ မဟုတ်ဘူး၊ ဒါတွေက သတ်မှတ်ခိုက်ခင်းအဖြစ် းမှတ်သွားပြီဆိုရင် စိုက်တဲ့သူမှာ အကျိုးခံစားခွင့်တွေရတာ မနည်း ူး ဘယ်သူမှတော့ တစ်တော တစ်တောင်လုံး မပိုင်ဘူးပေါ့"

"မိဘတွေမရှိတော့ အဲဒီကျွန်းတောကို ဘယ်လို စောင့်ရှောက်လဲ"

"အုပ်စုတွေက ရှိပြီးသားလေ၊ တောမှာက ပိုင်ရှင်ရယ် .. အလုပ် ားရယ် မဟုတ်ကြဘူး၊ ဘာဖြစ်ဖြစ် ဝိုင်းလုပ်ဝိုင်းစားပဲ၊ မိသက် ကြ ပိုင်ရှင်ပေါ့၊ ဒါပေမယ့် သူတို့မရှိတော့လည်း ထုံးမှတ်ကာလ ွယ်အထိ မရောက်မချင်း ဒီလူတွေပဲ စောင့်ရှောက်ကြတယ်၊ ပြီး ော့ တို့တောရွာရဲ့ လက်ငုတ်လက်ရင်း အလုပ်တွေလည်း သူတို့ င်သားတာ များတယ်၊ ဒီနေရာလေးမှာတော့ သူဌေးစာရင်းဝင်ပေါ့ ွယ်၊ ဒါကြောင့်လည်း ငွေကြေး အကုန်အကျခံနိုင်တဲ့သူမို့ ပညာဆုံး အထိ သင်ခဲ့နိုင်တာပေါ့၊ ကိုယ့်ရပ်ရွာကနေ လှည်းတစ်တန်၊ းတစ်တန်နဲ့ ကျောင်းတွေပြောင်းပြီး တက်ခဲ့ရတာ၊ တော်ရုံလူ ဘွဲ့ ါ့မလား"

"ကလေးတွေကလည်း ရိုးသား ကြိုးစားလို့ပါ"

"ဟုတ်တယ် .. ဟုတ်တယ်၊ အဲဒါတော့ သွေးထွက်အောင် မှန် ယ်၊ အကြီးမဆိုရင် သူ့ကိုယ်သူ အငယ်မလောက် ဉာဏ်မကောင်း ိုပြီး စာတွေ အရှမ်းကျက်ရတာ၊ အငယ်မကျတော့လည်း စာအုပ် ကြားထိုး ရန်ဖြစ်ရင်း မေးလိုက်ရင် ရသွားပြီ၊ ကျက်ပြီးပြီဆိုတာ ည်းပဲ"

"ရန်ဖြစ်တယ် .. ဟုတ်လား"

"ဖြစ်ပြီကော လူလေးရယ် .. ဘာပြောပြော အမြီးအမောက် ာ်ဘယ်မှ မရှိဘာ၊ စော်ရုံလူက ဘယ်ခံနိုင်မလဲ"

"ဘာလဲ အဘွား .. သူက ယောက်ျားလေးလို နေတာလား"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလို ပြောရမလား မသိပါဘူး၊ ရည်းစားသနားထားမှာများ ညီအစ်မနှစ်ယောက်စလုံး ဘာမှကို ပူစရာ မလိုခဲ့ဘူး"

ဒီစကားကြားတော့ စိတ်မပါဘဲ စာအုပ်လှန်နေတာ ဖြစ်သည့် ချစ်သော ပခုံးတွန့်ရင်း ရေရွတ်မိ၏။ ကြိုက်တဲ့ကောင်တော့ သွားပြီ..။

"ဟဲ့ .. ကလေး၊ မြေးရယ် .. တိတ်လှချေလား၊ ဒီဘက် လှည့်ပါဦး"

"ဗျာ!..."

တိတ်တိတ်လေး အသံထွက်အောင် တစ်ယောက်တည်း အတင်းတုတ်နေကာမှ တိုက်တိုက်ဆိုင်ဆိုင် ခေါ်လိုက်တော့ ပျာပျာသလဲကြီး ထူးဖြစ်သွား၏။

"ဒီဘက်လှည့်ပါ၊ လက်ဖက်သုပ်လေး စားပါဦး"

"အဟွန်း .. မကြိုက်လို့ပါ"

"ကြိုက်သွားမှာပါကွယ်၊ အကြီးမက လက်ဖက်သုပ်ဆိုရင် လက်ရာကောင်းကွယ့်၊ ကြည့်ကြည့် .. တောသုပ် မဟုတ်ဘူး၊ စပ်စပ်ချဉ်ချဉ်လေးရယ် .."

ရယ်နေရင်း ချစ်သော မျက်နှာ မချိုမချဉ်ဖြစ်၏။ မျက်လုံးထဲမှာ ပါးကွက်ကြီးနှစ်ဖက်နဲ့ တို့ဟူးတုံးကြီးတွေပဲ ကွင်းကွင်းကွက်ကွက် ပေါ်လာတာ ဘယ်လိုဖျောက်မလဲ ..။

လှမ်းကြည့်လိုက်တော့ လက်ဖက်သုပ်ဆိုတဲ့ အစ်ထဲမှာ နီရဲပြူးပြဲနေသော မြေပဲလုံးကြီးတွေက မျက်စပစ်နေ၏။

ပြောတော့ တောသုပ် မဟုတ်ဘူး တဲ့..။ မြင်လိုက်ရတာက မြို့မှာ အမည်တပ်ကြတဲ့ လက်ဖက်အစိုးကြီးသုပ် ..။





အခန်း (၃)

အိမ်ကြီးက အုတ်ခံပျဉ်ထောင်ဖြစ်ကာ အပေါ်မှာရော အောက်မှာပါ အိပ်ခန်းတွေရှိနေသဖြင့် ဘကြီးသောင်း တို့အိမ်လေးမှာထက် အဆင်ပြေသည်။

ထို့ပြင် တောအိမ်ဆိုပေမယ့် ရေချိုးခန်း၊ အိမ်သာက အိမ်ထဲမှာပဲ ရှိနေတာမို့ နေသာထိုင်သာတော့ ရှိသားပဲလို့ တွက်မိ၏။

ဦးစိုးမိုးသူ က အိမ်ရှေ့မှာရှိနေသည့် ရေတွေအပြည့်နှင့် ကျောက်ညှော်ကြီးတွေကို ငုံ့ကြည့်တာ ...

"ရွာထဲမှာ ဒီအိမ် အကောင်းဆုံးပဲ ထင်တယ်၊ တောအိမ်ပေမယ့် ဆိုးဘူးကွ"

ဝိုင်းစက်စက် လမင်းကြီးပေါ်နေသည့် ကျောက်စည်ထဲက ရေပြင်ကို ချစ်သော က ဝရန်တာကနေ လိုက်ငုံ့ကြည့်သည်။

ပြီးတော့ ဦးစိုးမိုးသူ ပြောတာကို စိတ်မဝင်စားသလို ဘာမှ ပြန်မပြောဘဲ မီးစက်နှင့် တစ်ရွာလုံး လင်းနေသည့်အိမ်တွေဆီ မြင်မြင်သမျှ လိုက်ငေးကြည့်၍...



www.burmeseclassic.com

www.burmeseclassic.com



"တစ်ယောက်တစ်ခန်း အိပ်ခန်းပြင်ပေးထားတယ်ဆိုတာ မိ
ကလေးတွေ အိပ်ခဲ့တဲ့အခန်းဆို ကျွန်တော် မအိပ်ဘူး"

မဆိုင်သည့်စကားကို ထပြောရ၏။

"မိန်းကလေး အိပ်တဲ့အခန်းရယ် .. ဘာရယ် ရှိတော့မလားကွ
ဒါ စပယ် တို့ညီအစ်မရဲ့အိမ်၊ လူမနေတာ ကြာပြီဥစ္စာ၊ ငါတို့ ကော
ကောင်း အနားယူလို့ရအောင် သူတို့ လာရှင်းပေးထားတာ"

"ဘာဖြစ်ဖြစ် မိန်းကလေးနံ့ရရင်တော့ မအိပ်ဘူး"

"သူတို့ညီအစ်မ ကလေးဘဝတုန်းကပဲ ဒီမှာ နေကြတာဆိုတေ
မိန်းကလေးနံ့ရလည်း ကလေးပေါက်စ မိန်းကလေးနံ့ပဲ ဖြစ်မှာပေ"

ပြောပြီး ဦးစိုးမိုးသူ က ချစ်စနိုးအကြည့်နှင့် ပြုံးသည်။

သူတို့အတွက် ညလယ်စာတွေ၊ သောက်ရေတွေကအစ အား
စီစဉ်ပေးထားသည့်ပြင် တစ်ထပ်လုံး လင်းထိန်နေသည့် အောက်လ
မီးအိမ်ကြီးလည်း ပေးထား၏။

ရှေးဟောင်းပစ္စည်းပေမယ့် မီးအိမ်ကြီးက လင်းအားကောင်း
ဆဲ၊ ခန့်ညားနေဆဲပင် ...။

"ထမင်းစားတော့လည်း မင်း ရှုံ့မဲ့နေတာကို အဘွားက စကာ
ကောင်းနေလို့ မသိတာ၊ ကလေးကျနေတာပဲ ချစ်သော ရာ .. တစ်
ကုန် ပန်းသီးတွေပဲ စားနေတာ၊ မင်း ရေအိမ်ဝင်ရင် ပန်းသီးေ
အဖတ်လိုက် ပြန်ထွက်လာဦးမယ်"

"ဟား!.. ညစ်ညစ်ပတ်ပတ်တွေပြောပြီ၊ ဒီမှာ တင်းနေတာ"

"တင်းမှာပေါ့ကွ .. ဗိုက်မှမပြည့်တာ၊ စိတ်က အလိုလိုနေရ
တိုနေပြီပေါ့၊ ထမင်းစားချိန်မှာ ထမင်းဟင်းပဲ စားရတာကို .."

"ဘယ်လိုလုပ် စားလို့ရမှာလဲ၊ ကြက်တွေကို ရှေ့မှာပဲ ရိုက်သ
ပြီး ချက်တာ"





"ဒါက တောသဘာဝပဲ၊ လတ်လတ်ဆတ်ဆတ် တစ်ခါတလေ
စားရတာလို့ပဲ မှတ်"

မျက်နှာတစ်ခြမ်းပဲ အလင်းရောင်ကျနေပေမယ့် ချစ်သော ဆံပင်
တွေ ခါပြီး ကျွတ်ခနဲ ရှုံ့မဲ့သွားတာကို မြင်နေရသည်။

"လုပ်မနေနဲ့ .. မြန်မြန်ပြန်ဖို့ပဲ စဉ်းစား၊ လေးလေး အေးတိ
အေးစက် လုပ်နေရင် ကျွန်တော် ကားမောင်းပြီး ထွက်သွားမှာနော်၊
ကြိုပြောထားတာ"

အိမ်ထဲ လှည့်ဝင်လာရင်း အိပ်ဖို့ကြည့်တော့ ဖွမ်းကပ် အပါးစား
လေးခင်းကာ အိပ်ရာခင်းလေး အသစ်လေး ထပ်အုပ်ပေးထားသည်။

ခေါင်းအုံးလေးတွေကလည်း သစ်သစ်လွင်လွင်ပါပဲ၊ ဒါပေမယ့်
စိမ်းသက်သော မွှေးနံ့တစ်ခု ရနေတာကို နှာခေါင်းက တော်တော်နဲ့
မယဉ်။

"ငါ အိပ်ပြီနော်၊ မင်း အိပ်လို့မရရင် မင်းရဲ့ခြေရင်းခန်းမှာ စာအုပ်
ဗီရိုလေး တွေ့တယ်၊ စာအုပ်တွေလည်း ရှိတယ်၊ သွားဖွပြီး ဖတ်ပေါ့"

ဘာလုပ်ရမှာလဲ .. သူများအိမ်ကို ...။ ဘာဖြစ်ဖြစ် စိတ်က မကျေ
နပ်တာတွေပဲ ဖြစ်နေသည်။ ထွက်လာကာစက ဒီရွာကို ဝင်ရမယ်၊
ချက်ချင်းပြန်ဖြစ်မှာ မဟုတ်ဘူးဆိုတာကို သိသည်။

စိတ်ထဲမှာလည်း ဒီအစီအစဉ်ကြောင့် ဘာအနှောင့်အယှက်မှ
မဖြစ်ခဲ့ပေ။ ဟိုအရင်ကလည်း မေမေနဲ့အတူရောက်ဖူးခဲ့တာကို သတိရ
နေသဖြင့် သူကိုယ်တိုင် လိုလိုလားလား ရှိခဲ့သည် ထင်သည်။

ခုကျမှ ဘာတွေ ထဖြစ်လာမှန်း မသိ...။

အိပ်ရာပေါ်မှာ လူးလူးလွန့်လွန့်နှင့် ဘယ်လိုမှ မပျော်နိုင်။ နာရီ
ကြည့်တော့ ပြူးပြူးပြဲပြဲ ပြေးလွှားနေသည့် အဏုမြူမီးစုန်းတို့ မြင်
နေရတာ ည ဆယ်နှစ်နာရီ၊ ခွေးအူသံတွေက ခွေးသံနှင့်မတူအောင်



www.burmeseclassic.com

www.burmeseclassic.com



ဆွဲဆွဲငင်ငင်ကြီးဖြစ်လျက်။ နားတွေပိတ်ထားမိသည်အထိ နှောင့်ယှက်၏။

ပြီးတော့ အမြင့်ကြီးကနေ ထိုးကျနိမ့်ဆင်းလာတာမျိုး 'ဂီး'ခနဲ မြည်သံကြီးက ငှက်သံလား၊ ဘာသံမှန်း မသိ ..။

ခြင်ထောင်နဲ့ အိပ်စမရှိတော့ အပြင်ထွက်သည်။ အပြင်မှာ ခြင်တွေ ကိုက်၊ နားတွေငြီးနဲ့မို့ ပြန်ဝင်တော့လည်း ခြင်ထောင်က ပရုတ်နံ့ကြီးက နှိပ်စက်၏။

ချစ်သော အိပ်မရခြင်းနှင့် ည၏ လက်တံတွေကြားမှာ လုံးထွေးကာ မီးလည်း မမှိတ်ဖြစ်ပေ။ ထိုစဉ် ...

ကျွီခနဲ မြည်သံနှင့်အတူ စေ့ထားသည့်တံခါးက ပွင့်သွား၏။ မျက်နှာကလည်း ထိုဘက်ကို လှည့်ထားမိတုန်းမို့ တခြားသော ဒုက္ခအာရုံတွေ ပျောက်ကုန်လျက် ပေါ်လာမည့်အရာကို စိုက်ကြည့်နေမိသည်။

ထိန်လင်းနေသည့် မီးရောင်ထဲကို ဝင်လာသည့် သဏ္ဍာန်သည် မိန်းကလေးတစ်ယောက် ဖြစ်နေခဲ့၏။ ချစ်သော 'ဟ'ခနဲ ပါးစပ်က ထွက်ကာ ချက်ချင်း ထထိုင်ပြီးသား ဖြစ်သွားသည်။

အညိုရောင် ရုပ်အင်္ကျီပွပွ၊ ထဘီအဖြူပွင့်တိုတိုနှင့် ဖျားလျားကျနေသော ဆံပင် ပွယောင်းယောင်းက တင်ပါးလောက်ထိ ရှိ၏။

မီးရောင်အောက်မှာ ခပ်ပြားပြား မျက်ခုံးတိုတိုနှင့် အညိုရောင်သမ်းသည့် နှုတ်ခမ်းတွေက ထင်းနေသည်။

အသားလတ်လတ် မေးရိုးကားချင်၏။

သူမသည် တံခါးကို လက်နဲ့ တွန်းဖွင့်ပြီး ဝင်လာတာမဟုတ်ဘဲ တံခါးရှိမှန်း သိနေသဖြင့် လူနဲ့တိုးတိုက်ပြီး ဝင်လိုက်တာမျိုး..၊

လက်နှစ်ဖက် စုံချလျက်နှင့် မျက်တောင်ခတ်နေပေမယ့် ခပ်လေး





လေး အထဲဝင်လိုက်ပြီး သူ့ကိုမြင်တော့လည်း ဘာမှပြောင်းလဲမသွားခဲ့ဘဲ မျက်လုံးတွေက မြင်နေကျ မြင်ကွင်းကို ကြည့်တာမျိုးပင်..။

"မင်း ..."

လူလား .. သရဲလား ..၊

ရုတ်တရက်ကြီး မျက်နှာသေနှင့် ရှေ့ကို ရောက်လာသဖြင့် ချစ်သော လန့်ဖျန့် ထရပ်မိ၏။ သူမ က သူ ထရပ်လိုက်သည့်နောက် မျက်လုံးတစ်ချက် ပင့်လာပြီး အခန်းထဲကို ပြန်ဝေ့ကြည့်သည်။

ပြီးတော့ ဝါးခနဲ တစ်ချက်သမ်းကာ လည်ပင်းကုတ်ရင်း မျက်လုံးတွေ စင်းကျသွားလိုက်၊ ပြန်ဗင့်လာလိုက် ..၊

ရှည်လျားသည့် မျက်တောင်တွေက အစကတည်းက သိပ်ကော့ပုံ မရှိခဲ့ဘဲ ခုကျတော့ တော်တော် အိပ်ချင်နေသည့်ပုံ ပေါက်နေ၏။

"ဒီမှာ .. မင်း ဘယ်သူလဲ"

"ဟင်!..."

လည်ပင်းကုတ်နေရင်း ငိုက်ကျမလိုဖြစ်နေသည့်ခေါင်းက ပြန်မတ်လာသည်။

"မင်းကို မေးနေတာ"

"ဘာမေးတာလဲ၊ မသိဘူး"

စကားပြန်ပြောသည်ဆိုတော့ သရဲတော့ မဖြစ်နိုင်။ သူ ပင့်သက်ရှိုက်၍ အားယူကာ ...

"မင်း ဘယ်သူလဲလို့ မေးနေတာ"

"ဘယ်လိုလုပ် သိမှာလဲ"

"ဟာ!... ဟေ့ .. ဘာလုပ်တာလဲ .."

ပြောချင်ရာပြောပြီး ချလျက်သားရှိသည့် သူ့ခြင်ထောင်ထဲ တန်းမတ်မတ် ဝင်၏။



www.burmeseclassic.com

www.burmeseclassic.com



ဘာလုပ်မလို့မှန်း မသိဘဲ ကြောင်တောင်တောင်ကြည့်နေပြီး ခြင်ထောင်ထဲကို ကိုယ်တစ်ပိုင်း ရောက်သွားပြီဖြစ်သည့် သူမကို ကမန်းကတန်း ပြန်ဆွဲထားရသည်။

"မင်း ဘာလုပ်တာလဲ၊ ထွက် .. ပြန်ထွက် .."

"ဘာလဲ .. ငါ့နေရာ ငါ အိပ်မလို့ပေါ့"

"ဘာ!..."

ယောက်ျားပေမယ့် ကြက်သီး ဖျန်းခနဲ ထသွားသည်။ ငယ်ငယ် ရွယ်ရွယ်နှင့် ဆုံးသွားသည်ဆိုသော စပယ် တို့ရဲ့အမေလား..၊

ပခုံးနှစ်ဖက်ကနေ ကိုင်၍ ဆွဲထူထားမိသည့်လက်ကို ယောင်ရမ်း လွှတ်ပြီးမှ နွေးနေသည့် အသားအရေကို သတိထားမိ၏။

"ဟိတ် .."

သူမကတော့ လွှတ်လိုက်တာနှင့် အိပ်ရာထဲကိုပဲ ပုံချပစ်လိုက်ဖို့ အသင့်ဖြစ်နေသည်ဖြစ်ရာ အသည်းအသန် ပြန်ဆွဲထားလိုက်ရင်း –

"ဘာလုပ်တာလဲ .. မင်း ဘယ်သူလဲ၊ ပြောနော် .. သရဲ ဟုတ် မဟုတ် သေချာအောင် တစ်ချက်လောက် ကျွေးပစ်လိုက်မယ်၊ မနာခင် ပြော .."

လက်တစ်ဖက်ကို ကြောက်မက်ဖွယ် မြှောက်၍ ရိုက်မယ့်နှက် မယ့်ပုံ ခင်းကျင်းပြဝေမယ့် သူမက ခေါင်းခါလျက် ...

"ကျွေးလည်း မစားချင်ပါဘူး၊ မင်္ဂလာဆောင်မှာ စားခဲ့ပြီးသား ဖယ်ပါ အိပ်မယ်"

"မရဘူး၊ ထွက်စမ်း .. အပြင်ကို .."

"မထွက်ဘူး"

အိပ်ရာပေါ် ပုံချပစ်ဖို့ပဲ ကြိုးစားနေသည့် သူမကို မရမက ဆွဲ ထုတ်ဖို့ကြိုးစားရင်း နှစ်ယောက်သား ဆွဲလားရုန်းလားတွေ ဖြစ်နေ





စဉ်...

"တက်စမ်းပါ မြန်မြန် .. ဒီမှာ အရေးကြီးလို့ဥစ္စာ"

"အေးပါဟ .. နင် တွန်းမနေပါနဲ့"

စကားသံတွေနှင့် ကမန်းကတန်း ခြေသံတွေ ကြားရကာ သိပ် မကြာလိုက်ဘဲ လက်နှိပ်ဓာတ်မီးကိုယ်စီနှင့် ဦးဘသောင်း တို့ လင် မယားကို မြင်လိုက်ရ၏။

သူတို့နောက်မှာမှ စပယ်ဖြူ ရယ်၊ နွားတင်းကုပ်စောင့်သည်ဆို သော ဦးတုတ်ကြီး တို့ ပါလာကြ၏။

"နှင်းဆီ .."

"အမလေး .. ဒုက္ခပါပဲ"

သူ့လက်ထဲမှာ အိပ်ငိုက်သလို ပျော့တိပျော့ဖတ် ဖြစ်နေသည့် သူမက နှင်းဆီ တဲ့လား ..၊ ရုတ်တရက်မို့ လူတွေဆီ အာရုံရောက်သွား သဖြင့် တွန်းထိုးမှုတွေ ရပ်သွားစဉ် သူမက သူ့ရင်ခွင်တစ်ခြမ်းမှာ ခေါင်းစိုက်နေ၏။

မြင်ကွင်းက ဘယ်လိုပုံစံပေါက်သွားသည်မသိဘဲ လူကြီးတွေက တော့ ပြူးပြဲကြည့်နေရင်း သူမကိုပဲ ပျာယီပျာယာ ဖြေးဆွဲကြသည်။

"ထင်တယ် .. ဒီကိုပဲ ရောက်လာမှာဆိုတာ .."

"အကြီးမ .. ကိုယ့်ညီမကို ဘာဖြစ်လို့ ဂရုမစိုက်တာလဲ"

"ဘဘကလည်း အမြဲတမ်း ဖြစ်နေတာမှ မဟုတ်တာ၊ ဒီည ဒီလို ဖြစ်မယ် ထင်မလား"

"ကဲ .. ရှင်ကလည်း နောက်မှ ဆူပါ၊ အားလုံး အိပ်ပျက်ကုန်ပါ့ မယ်"

"ဘာတွေ ဖြစ်နေတာလဲဟင်"

ရုတ်ရုတ်သဲသဲတွေ ဖြစ်နေရာကို ဦးစိုးမိုးသူ ရောက်လာတော့



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးတွေကို ဖိပွတ်လျက် ဦးဘသောင်း က ပျော့ဖတ်ဖတ် ယိမ်းထိုးနေသည့် နှင်းဆီ ကို ဒေါ်မြ နဲ့ စပယ့် လက်ထဲ ထည့်ကာ ...

"နိုးမနေနဲ့တော့၊ အသာလေး ခေါ်သွားပြီး ပြန်သိပ်လိုက်"

"ဟုတ်တယ် .. သူ့ အိပ်ချင်နေပြီ"

ချစ်သော မြင်နေသမျှကို ဘာတစ်ခုမှ နားမလည်တော့ပေ။ ဦးဘသောင်း က 'ခဏနေကြဦး' လို့ လှည့်ပြောကာ, ဒေါ်မြ တို့ကို လှေကားကနေ ဆင်းသွားတဲ့အထိ လိုက်ပို့သည်။

ပြီးမှ ပြန်လှည့်လာပြီး ...

"ငါ့သမီး အငယ်မလေးလေ၊ မနက်ကတည်းက ဟိုဘက်ရွာကို ရောက်နေတာ၊ မနက်ဖြန် သူ့သူငယ်ချင်းမင်္ဂလာဆောင်မှာမို့လို့ သွားဝိုင်းကူနေတာ"

ဦးစိုးမိုးသူ မျက်လုံးတွေ ကျယ်ကာ ဒီကောင်မလေး ကိုယ်တွေ့ အိပ်ခန်းထဲ ရောက်ရသည့်အဖြစ်ကိုပဲ သိချင်နေခဲ့၏။

ဦးဘသောင်း က ဆံပင်ဖြူဖြူတွေ ရှိနေသည့် ခေါင်းကို စိတ်မသက်သာသည့်မျက်နှာနှင့် တစ်ချက်ပွတ်ကာ အိပ်ရာဆောမှာ ထိုင်လိုက်၏။

"ဒီကလေးမ အဲဒီလို ယောင်တတ်တဲ့အကျင့်ရှိလို့ ညအိပ်ညနေ ဘယ်မှ မလွှတ်တာကွ၊ ဘွဲ့ရအောင် ဆက်မတက်ဖြစ်တာလည်း အဲဒါကြောင့်ပဲလေ"

"ဘာ!... အဲဒါ ယောင်တာ"

"ဟုတ်တယ်"

တူဝရီးနှစ်ယောက် မျက်လုံးချင်းဆုံသွားသည်။ ယုံဖို့ ခက်ခဲသောအဖြစ်က မျက်စိအောက်မှာပဲ ဖြစ်သွားတာမို့ လက်မခံနိုင်သော်လည်း ခေါင်းမခါနိုင် ..။





"ငယ်ငယ်က ဒီလောက် မဟုတ်ဘူးကွ၊ ယောင်ယောင်ပြီး ထတတ်ပေမယ့် အိမ်ပေါ်က အိမ်အောက် ရောက်တာနဲ့ သူ့ဟာသူနိုးပြီး ပြန်ပြန်တက်လာသေးတယ်၊ ကိုးတန်းဖြေမယ့်နှစ်ကျမှ အိပ်ရေးတွေပျက်၊ ပင်ပန်းပြီး ဒီလောက်ဖြစ်သွားတာ .."

"ဒီလောက်ဆိုတာ ဘယ်လောက်ကို ပြောတာလဲ ဘကြီး"

ဦးစိုးမိုးသူ က အစအဆုံး မမြင်လိုက်သူမို့ ပို၍ ရှုပ်ထွေးသွားတာဖြစ်သည်။

ချစ်သော ကတော့ အံ့ဩပြီး ဘာမှကို ထပ်မမေးနိုင်ဘဲ ဖြစ်နေခဲ့၏။ ယောင်ယောင်ပြီး စကားပြောတတ်တာတွေ ကြားဖူးသည်။

တချို့ဆို ယောင်နေတုန်းမှာ သိချင်တာတွေ ဘာမေးမေး ရသည်လို့လည်း ကြားဖူး၏။ ဒီလောက်ထိ အိမ်ငါးလုံးလောက် ခြားနေသည့်နေရာကို ထလျှောက်လာပြီး အခု ပြန်ခေါ်သွားတာတောင် မနိုးသေးဘူးဆိုတာမျိုးတော့ ..။

"ခုလို တစ်စုံတစ်ယောက်က မနှိုးဘဲ သူ ပြန်မနိုးတာမျိုးပေါ့"

ဦးစိုးမိုးသူ မေးတာကို ဘကြီးသောင်း က ပြန်ဖြေသည်။ သုံးယောက်သား မျက်နှာချင်းဆိုင် ထိုင်မိကြပြီး ညဉ့်နက်နေတာကိုလည်း မေ့သွားခဲ့ကြ၏။

"တော်တော် အံ့ဩဖို့ကောင်းတာပဲ၊ ဒါဆို မနှိုးရင် နိုးကို မနိုးဘူးပေါ့"

"ခလုတ်တိုက်တာတို့၊ အာရုံကြော ရုတ်တရက် လှုပ်ရှားသွားတာတို့၊ ပြောရရင်ကွာ .. တစ်ယောက်တည်း ထိတ်လန့် တုန်ခါသွားတာမျိုး ဖြစ်ရင်ပေါ့၊ လှုပ်နှိုးလိုက်တာမျိုးလေ .. အဲဒါမျိုးဆို နိုးတယ်"

"ထူးဆန်းတယ်နော်၊ ဒါလည်း ရောဂါတစ်မျိုးပဲ"

"ဟုတ်တော့ ဟုတ်တယ်၊ ဒါပေမယ့် နှင်းဆီ က မွေးကတည်းက



www.burmeseclassic.com

အရမ်း ကောင်းတာကွ၊ သူ့ကို အာရုံကြောပျက်စီးတဲ့အမျိုးတော့ ပြောလို့ မရဘူး၊ နောက်ပြီး ဖျတ်ထိုးဉာဏ် ရှိတယ်၊ သတ္တိကောင်းတယ်၊ ဒီလိုဖြစ်တာလည်း တစ်ခါတလေမှဆိုတော့ ကျုပ်တို့ကတော့ ရိုးနေပါပြီ"

"သူ့အတွက် အန္တရာယ်မကြီးဘူးလား ဘကြီး"

"ဒီရွာမှာတော့ ကိုယ့်ရွာသားတွေချည်းပဲ၊ ပြောရရင် ဆွေမျိုးမကင်းကြတာတွေပဲ များတယ်လေ၊ တစ်ယောက်အကြောင်း တစ်ယောက်လည်း နားလည်နေကြတော့ မစိုးရိမ်ရဘူးဆိုပါတော့၊ ဒါပေမယ့် ကျုပ်တို့က ဂရုစိုက်ပါတယ်၊ လူလေးနဲ့ အငယ်မ စကားပြောလိုက်သေးလား"

ဦးဘသောင်း က သူ့ကို မေးလိုက်သဖြင့် ချစ်သော ခေါင်းညိတ်လိုက်ကာ ...

"ရုတ်တရက် အခန်းထဲဝင်လာပြီး သူ ဒီမှာ အိပ်မှာ၊ သူ့နေရာဆိုတော့ လန့်သွားတာပေါ့၊ အဲဒါနဲ့ ခြင်ထောင်ထဲ ဝင်မယ်လုပ်တော့ ဆွဲထားရင်းနဲ့ ဘကြီးသောင်း တို့ ရောက်လာတာ"

သတင်း အစုံအလင်ကို ခုမှ ကြားရကာ ဦးစိုးမိုးသူ မျက်နှာကြီး ပြုံးစိစိ ဖြစ်သွား၏။ ချစ်သော ၏ မှုန်ကုတ်ကုတ် မကြည်လင်သည့် အကြည့်ကြောင့် သူ့အတွေ့ပေါ်အောင် ရယ်လိုက်မိကာ ...

"ငါ့ကိုယ်ငါ အံ့သြလို့ပါ ချစ်သော ရာ .. တကယ်ပဲ ကိုယ့်ကိုယ်ကိုယ် အိပ်မပျော်သေးဘူးလို့ ထင်နေတာ၊ မင်း အိပ်မပျော်လို့ လှမ်းခေါ်ရင် ပြန်ထူးမယ်ဆိုပြီးတော့လေ .."

"တော်ပါတော့"

"တကယ်ပြောတာ .. မင်း ဖြစ်ပျက်သွားတာတွေကို သိကို မသိလိုက်ဘူး"





"ကဲ .. ကဲ မနက်ကျမှ မိတ်ဆက်ပေးမယ်၊ နှင်းဆီ နဲ့ မင်းတို့ဆုံမှ မဆုံဖြစ်သေးတာ အခု ပြန်အိပ်လိုက်ကြဦး၊ ညဥ့်နက်နေပြီ ကျုပ်ပြန်မယ်"

ဦးဘသောင်း က နေရာက ထရပ်လိုက်ပြီးမှ ပြန်လှည့်ကြည့်၍...

"နှင်းဆီ က ယောင်ပြီး ထသွားပြီဆို ဒီအိမ်ကိုပဲ ရောက်ရောက်နေတာ များတယ်၊ အိမ်အောက်က နွားတင်းကုပ်ထဲမှာ ထိုင်နေတာဟုတ်ရင် ဒီကို လိုက်ရှာလိုက်တာနဲ့ တွေ့တာပဲ၊ ဒါ သူ့အိမ်ကိုးကွ"

ပြောနေရင်း ဆင်းထွက်သွားတော့ ဦးစိုးမိုးသူ က နောက်ကနေ ခပ်လှမ်းလှမ်း ပါသွားရင်း ...

"နှင်းဆီ တဲ့လား၊ အကြီးမလေးက စပယ်ဖြူ သူက နှင်းဆီပေါ့"

"မဟုတ်ဘူး .. သူ့နာမည်က 'ထိုနှင်းဆီ' "

ဟင်!...

ထိုင်လျက် ကျန်ခဲ့ရင်း ကြားလိုက်ရသဖြင့် ချစ်သော မျက်လုံးနှစ်ဖက် မြင့်တက်သွား၏။ ပြောနေကျစကားအတိုင်း ...

တောသူပေမယ့် လျှော့မတွက်နဲ့ ...။

www.burmeseclassic.com



## အခန်း [၄]

မနက်စာ စားကြဖို့ ဘကြီးသောင်း တို့အိမ် ပြန်ရောက်တော့ ရှာမိသေးသည်။ စပယ်ဖြူ ကို တွေ့ပြီး နှင်းဆီ ကို မမြင်။

"ရော့ .. ဒီမှာ၊ ဘူးသီးကြော်ပူပူလေးနဲ့ ထမင်းကြော်၊ ဝဲပြုတ် ဆီဆမ်းနဲ့ ကြိုက်ရင်လည်း စား၊ ဒါက ငါးခြောက်ဖုတ်၊ ငါးရံ့ခြောက် တော့ မဟုတ်ဘူးနော်၊ ဒါပေမယ့် ကောင်းပါတယ်"

အိမ်ကပြင်မှာ ရေနွေးကြမ်းပွဲနှင့် ခင်းကျင်းသော မနက်စာက ချစ်သော ကို ဆွဲဆောင်နိုင်ခြင်း မရှိ ..။ ဒေါ်မြ နှင့် စပယ် တို့ တစ်ပွဲပြီး တစ်ပွဲ လာရောက်တည်ခင်းသော ထမင်းကြော်နဲ့ဟင်းတွေကို တစ်ချက်ပဲကြည့်လိုက်ပြီး ချစ်သော ဟိုဘက်လှည့်၏။

"ကဲ .. စားကြ၊ ကျုပ်ကတော့ စားပြီးတာနဲ့ ဟိုဘက်အိမ်ကို သွားရဦးမယ်၊ အသုဘက ဆွေမျိုးမကင်းဖြစ်နေတော့ ခဏတဖြုတ် သွားထိုင်ပြီး ပြန်လာလို့ရမှာလည်း မဟုတ်ဘူး၊ မင်းတို့ အေးအေး နားကြကွာ၊ ရွာနှစ်ရွာကြားက တောလမ်းလေးကလည်း လှတယ်၊ လမ်းလျှောက်ချင် လျှောက်ကြလေ၊ အဲဒီဘက်မှာ ခြောက်ပါတယ်"





"နေပါဦး .. ဘကြီးသောင်း က ကျွန်တော်တို့နဲ့ လိုက်ခဲ့ဖို့ အစီအစဉ် မရှိသေးဘူးလား"

"ဟင်!..."

ဦးဘသောင်း က မေးလိုက်သည့် ချစ်သော ကို ကြည့်ပြီး ပြုံးသည်။

ဘောင်းဘီရှည်နက်ပြာရောင်၊ ဆွယ်တာလက်ရှည်လည်ကပ်နှင့် အပြာဖျော့ဖျော့ လက်ပြတ်ခါးတို ဂျက်ကက်ကို ထပ်ဝတ်ထားသည်။

ယောက်ျားလေးဆိုပေမယ့် မျက်ခုံးတူကာ နှာတံကြီး ထင်းနေတာနှင့် မေးရိုးကားသယောင် ရှိတာလေးပဲ ယောက်ျားပီသသည့်ဂုဏ်ရည် ရှိသည်။

ဖြူဝင်းဖွေးနုနေသည့် မျက်နှာက တကယ်ကို ပြောရလောက်အောင် ချောတဲ့သူ ဖြစ်သည်။ ရောက်လာကတည်းက ကားပေါ်က မဆင်းဘဲ နှုတ်ဆက်တာကို ပြန်တွေးမိပြီး ဒီလိုမေးခွန်း ထွက်လာရခြင်းကို ဦးဘသောင်း သဘောပေါက်သွားသည်။

"ဘာလဲ .. လူလေးက ပြန်ချင်နေပြီလား"

"ပြန်ချင်ပြီပေါ့၊ ဒို့တောက စားစရာတွေကို သူမှ မစားတတ်တာ"

ဦးဘသောင်း က မေးသည်။ ဒေါ်မြ က ဖြည့်စွက်ဖြေ၏။ ပြီးတော့ စပယ့် ကို လှည့်ကြည့်ကာ ...

"အကြီးမ လူလေးအတွက် ကော်ဖီမစ်ဆိုတာ ဝယ်ထားတယ်မို့လား၊ လုပ်စမ်း မြန်မြန်"

"ဟုတ်ကဲ့"

"ဟာ!... မလုပ်နဲ့"

ချစ်သော ပျာပျာသလဲ တားလိုက်သဖြင့် စပယ် က ထွက်သွားပြီးမှ ပြန်ကြည့်၏။ ထိုအခါ မျက်လုံးချင်းဆုံကာ ချစ်သော အားနာပြုံး



www.burmeseclassic.com

www.burmeseclassic.com



နှင့် လက်ကာပြသည်။

"မလုပ်ပါနဲ့ .. ကားပေါ်မှာလည်း ရှိသေးတယ်၊ ဒါပဲ စားပါ့မယ်"

ကော်ဂီဆို ဘယ်လိုမှ ကြိုက်တယ်ဆိုတာ ကိုယ့်အကြောင်းကိုယ်ပဲ သိသည်။ ရောက်လာလည်း သောက်ဖြစ်မှာ မဟုတ်တော့ အားနာစရာတွေ ပိုလာရုံအပြင် ဘာမှမရှိ ..။

ထိုင်လျှက်နှင့် ဖင်ရွှေ့ကာ ပြင်ဆင်ထားသည့် စားပွဲနားကို ဟန်ဆောင်ပန်ဆောင် တိုးလိုက်ရ၏။ ထိုစဉ် ...

"ကြည့်စမ်းပါဦး၊ မိနက်မက ပေါက်ထားလိုက်တာ အထီးလေးတွေချည်းပဲ ခြောက်ကောင်တောင်"

အိမ်အောက်ကနေ ထွက်လာသည့်အသံက စူးခနဲ ..၊

"လူပြည်မှာ ယောက်ျားလေးတွေ သေပြီး ဘယ်ရောက်ကုန်ကြသလဲ မှတ်တယ်၊ ခွေးတွေ၊ နွားတွေဗိုက်ထဲ ဝင်ကုန်တာကိုး"

"အဟွတ် .. အဟွတ် .. အဟွတ်"

ဦးစိုးမိုးသူ ရေနွေးပူနေတာကို မှုတ်သောက်ရင်း လမ်းကြောင်းလွဲကုန်၏။

"ဟွဲ!... နှင်းဆီ .. ဩော် .. ဒီကောင်မလေး ..၊ စပယ် သွားစမ်း.. ဒီမိန်းကလေး ထင်ရာတွေ စွတ်ပြောနေတော့မယ်"

ခေါ်မြဲ ကိုယ်လုံးကြီး ထတော့ကြွတော့မလိုဖြစ်သွားလျှင် စပယ်ခေါင်းညိတ်လိုက်ပြီး ကပျာကယာ ဆင်းသွား၏။ သို့သော် ...

ထိုနှင်းဆီ ဆိုသော သူမအသံက ပိုမိုကျယ်လောင်သောနှုန်းဖြင့်...

"ဒီမှာလေ မကြီး ကြည့်ပါလား ..၊ မိနက်မ ပေါက်ထားတာ အထီးတွေချည်းပဲ၊ မနေ့က အေးပြုံး တို့အိမ်မှာလည်း ခွေးတွေပေါက်နေကာ 'အထီး' လေးကောင်၊ 'အမ' ကျတော့ တစ်ကောင်တည်း၊ ဟီး..ဟီး"

"တော်ပြီ .. ဟဲ့!... မိနှင်းဆီ အိမ်ပေါ်မှာ ဧည့်သည်တွေနဲ့နော်"





ခွေးလေးတွေ တအီအီအော်ပြီး ပုပုရွရွ တိုးခွေ့နေတာကိုလည်း ငုံ့မကြည့်ဖြစ်ပါ။ ကိုယ့်ညီမရဲ့ပါးစပ်ကိုပဲ ဘယ်လို ပိတ်ပေးရမှန်းမသိ ဖြစ်နေမိ၏။

"ညလေးက ဧည့်သည်တွေကို ထိုင်ဆဲနေတာမှ မဟုတ်ဘဲ၊ ကိုယ့်အကြောင်း ကိုယ်ပြောတာ"

"အေးပေါ့ ကိုယ့်အကြောင်း ကိုယ်ပြောတာဆိုရင်လည်း မိန်းမတွေ ယုတ်ညံ့လို့ ခွေးထီးကောင် ဖြတ်မကျော်ရဘူးဆိုတာပါ ထည့်ပြော .."

ဟိုဘက်ခြံက အသံထွက်လာတော့ စပယ် ခေါင်းကြီးသွား၏။ လှည့်ကြည့်လိုက်လျှင် ဝါးခြံကျဲကျဲ၏ ဟိုဘက်အစပ်မှာ မဖြိုး က ဝက်စာကျွေးရင်း ခါးထောက်ရပ်နေကာ ဒီကကြည့်လိုက်မှ ထဘီတိုတိုပြင်ဝတ်၏။

"မမဖြိုး .."

အားနာစွာ ခေါ်မိရင်း တောင်းပန်မလို ခြေလှမ်းပြင်လိုက်စဉ်နှင်းဆီ က ခြံစပ်ကို မျက်နှာမူ၍ သူမထက် နှစ်လှမ်း သုံးလှမ်း ကြောသွားကာ ...

"ဒီမှာ .. ခွေးဖြတ်မကျော်ရတာက ခွေးထီးမို့ အကောင်ကြီးတော့ တက်နင်းမိမှာစိုးလို့၊ ရှေးလူကြီးတွေက အမြော်အမြင်နဲ့ တားခဲ့တာ၊ သားဆိုးမအေ တတောတောဆိုတဲ့ မိခင်တွေ အရှက်ပြေ ကြံဖန် ဂုဏ်ယူလို့ ရအောင်လေ .."

သားတွေချည်း လေးယောက် မွေးထားသည့် မဖြိုး မျက်လုံးတွေ ပြူးထွက်လာ၏။ မျက်နှာနီနီနှင့် ခါးထောက်ရင်း ခြံစပ်ကို ပိုတိုးလာကာ...

"ယောက်ျားနဲ့ မိန်းမ ဘယ်သူမြတ်သလဲဆိုတာကို နင်ကပြိုင်



www.burmeseclassic.com

www.burmeseclassic.com



ဆိုင် ပြောချင်လို့လား”

“မမဖြိုး ခဏနေပါဦး .. နှင်းဆီ ပြောတဲ့စကားအတွက် ...”

“ဖာထေးပြောမနေနဲ့ စပယ်၊ အစကတည်းက ယောက်ျားချည်း မွေးထားတဲ့ ငါ့ဘက်က ဘာစကားပြောပြော နှင့်ညီမက မကြားတကြား ပြန်စောင်းတွယ်တာ၊ ကိုယ့်စကားကိုယ် အကောင်းပြောလည်း မရ၊ အဆိုးပြောလည်း မရ၊ သူပဲ ရန်လိုနေတာ”

“ဘယ်သူက မကြားတကြား ပြောတာလဲ ..၊ နှင်းဆီ တို့ ပါးစပ်က အသံတိုးတဲ့ကိရိယာ မွေးကတည်းကကို ပါမလာတာ”

“အေး .. ကိုယ့်ပါးစပ်နဲ့ကိုယ် ကျယ်ချင်သလောက် ကျယ်၊ စောင်းချိတ်မပြောနဲ့၊ အစကတည်းက ယောက်ျားလေးဆိုတာ မြင့်မြတ်ပြီး သား .. မြတ်ပြီးသား၊ မိန်းမကသာ ယုတ်ညံ့တဲ့အမျိုး ..”

“ဩော် .. အမေကို ငုတ်တုတ်ထားပြီး စော်ကားနေပြန်ပြီ၊ သူများကို နိုင်အောင် ပြောချင်တာနဲ့ ကိုယ့်ကိုယ်ကိုယ် ပြန်ငုံ့ကြည့်ဖို့ပါ မေ့သွားပြီ ထင်တယ်၊ အဲဒီ ယောက်ျားဆိုတာတွေက သစ်ခေါင်းကြို သစ်ခေါင်းကြား၊ လောက်တွင်းထဲကနေ အလိုလို လေးဖက်ထောက် ထွက်လာတာ မဟုတ်ဘူး၊ မိန်းမက မွေးမှ လူဖြစ်ရတာ ..”

“မိနှင်းဆီ ..”

“ဘာ မိနှင်းဆီ လဲ ..၊ လူကို ‘မိ’ တပ်ခေါ်ခွင့်ပေးထားတာ အမေ တစ်ယောက်ကိုပဲနော်၊ ခေါ်ချင်သေးရင်လည်း ထပ်ခေါ်လိုက်”

“တော်တော့ .. နှင်းဆီ .. တော်ပါတော့”

“မဖြိုး ရယ် .. အကြီးမြ တောင်းပန်ပါတယ်”

ခေါ်မြ ကိုယ်တိုင် အောက်ဆင်းလာရတော့သည်။ နှင်းဆီ သည် နမန်းဆံစည်းတင်ထားသည့်ဆံပင်တွေပါ လှုပ်ခါနေတဲ့အထိ မျက်နှာ မော့လိုက် .. ခေါင်းခါလိုက် ...





လူကို မမြင်ရသဖြင့် ချစ်သော အိမ်ပေါ်ကနေ ဖျာစပ်ကိုလှန်၍ ကြမ်းကြားပေါက်ကနေ ငုံ့ကြည့်မိသည်။

ညတုန်းကလို ရှပ်အင်္ကျီအပွနဲ့ပဲဖြစ်ကာ ခု ဝတ်ထားတာက အစေါ် အွက်လေး ဖြစ်၏။ အပေါ်စီးကနေ မြင်ရတော့ မျက်ခုံးခပ်ပြားပြား လေးတွေက ပို၍ နက်မှောင်နေသည်။ သူ ကြည့်သလို ဦးစိုးမိုးသူ က လိုက်ငုံ့ကြည့်ပြီး သက်ပြင်းရှည်ကြီးချကာ ...

“တော်တော် ဗွာတယ်ကွ”

ပြောပုံကလည်း တော်တော်ကြီး လန့်သွားပုံနှင့်ပါ။

မျက်ခုံးတစ်ဖက်ကို လက်မနှင့် ကုတ်ခြစ်ရင်း ချစ်သော ပြုံးမိ သည်။ တွေးမိသွားလို့ပါ။’

ညတုန်းက ထိုနှင်းဆီ နှင့် အခု သူမ ..၊

ဘာတွေ ကွာခြားနေသလဲ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၅ ]

နှင်းဆီ ခွေးလေးတွေကို အလှည့်ကျနှင့် နို့စို့ရအောင် ခွေးမကြီးကို ချော့မော့ပွတ်သပ်၍ ကျကျနန စီစဉ် ကိုင်တွယ်နေ၏။

"နှင်းဆီ ကျောင်းသွားဖို့ နီးပြီလေ"

"ဟုတ်တယ် .. သိတယ် ဘွားမြ၊ ဒီမှာ ဒီကောင်လေးတွေ နို့တိုက်ပြီးရင် သွားမှာ"

"ဟဲ့ .. ဩော် .. ပြောလိုက်တာ ကြားလို့မကောင်း"

အိမ်ပေါ်မှာ ဘွားမြ ရေရွတ်နေသံကို ကြားနေရကာ နှင်းဆီ က အသံမထွက်ဘဲ ရယ်သည်။ ပြောတတ်သလိုပြောတာ တော်တော် အန္တရာယ်များမှန်းလည်း သိတော့ သိလာပါပြီ။

ဒါပေမယ့် လွှတ်ခနဲ ပြောမိပြီဆို ထွက်သွားသည့်စကားက စိတ်ထဲရှိတဲ့အတိုင်း ..။

"ဟဲ့.. အံမယ်.. မထနဲ့လေ၊ ကလေးတွေ နို့စို့နေတာ မသိဘူးလား"

စိတ်ကူးတွေ ပျက်ကာ ရုန်းထလိုက်သည့် ခွေးမကြီးကို ထိပ်ပုတ် ခြိမ်းခြောက်ရင်း ပြန်လှဲခိုင်းရသေးသည်။





"မအေဖြစ်ပြီးတော့ ဘာလဲ .. နင် သေမယ်နော်၊ ငါက ကလေး အမေဆိုပြီး ကျွေးမွေးထားတာတွေ နည်းတာ မဟုတ်ဘူး၊ ကလေးတွေ ကို နို့ဝအောင် မတိုက်လို့ကတော့ စားရမယ် အားကြီး .."

ကြိမ်းမောင်းနေတုန်း အနားမှာ လူရိပ်ထင်လာသဖြင့် လှည့် မကြည့်ဘဲနှင့် ...

"လာပါမယ်ဆိုမှ ဘယ်လိုဖြစ် ..."

စကား မဆုံးလိုက်ပေ၊ နှာခေါင်းထဲမှာ ရေမွှေးနံ့လိုလို စိမ်းသက် သော အနံ့အသက်ကြောင့် ဖျတ်ခနဲ မော့ကြည့်မိ၏။

ဘောင်းဘီအနက်၊ ဂျာကင်အစိမ်းနှင့် အမှတ်တမဲ့ မကြာခဏ လှမ်းမြင်နေခဲ့သည့်လူပါ။ သူ့ကိုခေါ်တာ မင်းသား ဆိုလား ..၊

နာမည်က မင်းသားလား .. တကယ် ရုပ်ရှင်မင်းသားလားတော့ မသိ ..။

မျက်နှာ ပြန်လွှဲလိုက်မိပေမယ့် အဖျားတွေ ကောက်လန်နေသော ဆံပင်ဝတ်ထောက်သာသာနှင့် ဖြူနုချောမွှန်နေသည့်မျက်နှာက မျက် လုံးထဲမှာ ပါလာသလိုပင် ..။

"ခွေးတွေကို ပယ်ပယ်နယ်နယ် ကိုင်နေတာ မရွံဘူးလား"

"ဘာလို့ ရွံရမှာလဲ .."

တစ်ယောက်ကိုတစ်ယောက် မကြည့်ဘဲ အမေးအဖြေတွေ ဖြစ် သွား၏။ ချစ်သော က လက်ပိုက်ရပ်နေရင်း နှစ်ဖက် ခပ်မြင့်မြင့်စည်း ထားသဖြင့် ကျောလယ်လောက်ထိ ပြန်ကျနေသော ဆံပင်တွေနဲ့ သူမ ကို စီးမိုးကြည့်ကာ ...

"မင်း ငါ့ကို သိလား .."

"သိတော့ ဘာလုပ်ရမှာလဲ .."

သူ့မျက်ခုံးနှစ်ဖက် မသိမသာ မြင့်သွားသည်။ ဟိုည[illegible]ကို



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပြောမထားကြတာလား .. တမင် မသိသလိုနေတာလား၊ ဒါလည်း ထားလိုက်ပါ ..။ စပယ်ဖြူ နဲ့ ညီအစ်မဆိုပေမယ့် တစ်ခါမှ ညီအစ်မနှစ်ယောက် စည်းလုံးတိုင်ပင်ကြတာ မတွေ့ ..။

အဘွားမြ အနားမှာ အိမ်မှုဗာဟီရတွေ လုပ်နေတဲ့နေရာမှာ ဒီအိမ် ဘယ်နေရာမှာဖြစ်ဖြစ် ထိုနှင်းဆီ မပါပေ ..။

မိန်းကလေးဖြစ်ပြီး အိမ်မကပ်တာလား ဒါမှမဟုတ် ရပ်ရေးရွာရေး၊ လူမှုရေးတွေ ဒီအိမ်မှာ သူမချည်းပဲ ဆောင်ရွက်နေရတာလား..။

တွေးမိရင်း ရယ်ချင်လာသည်။

ညဘက်က ထင်သလို ပြော၊ စိတ်ရှိတိုင်း ယောင် ..။

မနက်ကျတော့ သူမ မဟုတ်သလိုလို၊ စွာလိုက်တာလည်း ကကယ့် အလန့်ပါ။ သူ စဉ်းစားနေတုန်း နှင်းဆီ ထရပ်လိုက်သဖြင့်...

"ကျောင်းဆိုဟာ ဘယ်ကျောင်းလဲ"

"ရွာက ကျောင်းပေါ့"

"ဘာသွားလုပ်တာလဲ .."

"မူလတန်းကျောင်းကို ကျွန်မက ဘာလုပ်ဖို့ သွားရမှာလဲ၊ စာသင်ပေးဖို့ပေါ့"

"ဒါဆို မင်းက ဆရာမပေါ့"

"ဟုတ်တယ် .."

'ဟုတ်တယ်'ဆိုတာကို မေးဖျားလေးပင့်၊ လက်ဖဝါးချင်းပွတ်၍ ကျကျနန ကြွားထည့်လိုက်ကော့ ချစ်သော ဟွန့်ခနဲ ရယ်သည်။

"ရှင်က ဘာရယ်တာလဲ"

"ရယ်ချင်လို့ ရယ်တာပေါ့၊ ဘာဖြစ်သွားနိုင်လို့လဲ"

နှင်းဆီ မျက်ခုံးလေးတွေ စုကျုံ့သွားကာ သူ့မျက်နှာကိုပဲ စုန်ချီဆန်ချီ ကြည့်၏။





"ရယ်ချင်လို့ ရယ်တာဆိုရင် တစ်ယောက်တည်း ကွယ်ရာသွားပြီး ကလိထိုး ရယ်လေ၊ သူများစကားပြောပြီးမှ ရယ်ရသလား .."

နှင်းဆီ က ပြောပြီး မျက်စောင်းထိုးသည်။ ပြီးတော့ လှည့်ထွက်သွားရင်း ပါးစပ်က ပွစိပွစိ ရေရွတ်လျက် ...

"ဟွန်း .. ညွှဲ့သည်မို့လို့ သည်းခံပေးလိုက်တာ၊ နောက်တစ်ခါဆို တွေ့မယ် .."

"ဟော့ .. ဒီမှာ ရုတ်ရုတ်သဲသဲတွေ ဖြစ်ကုန်ပြီ၊ ကောင်လေးတွေကို မင်း နို့မတိုက်တော့ဘူးလား"

"မတိုက်တော့ဘူး"

လှည့်မကြည့်ဘဲ ပြန်အော်လိုက်ပြီးမှ နှင်းဆီ ခြေလှမ်းတွေ တုံ့ခနဲရပ်၏။

"ဟား .. ဟား .."

ရယ်သံသဲ့သဲ့ ကြားလိုက်ရတော့ ပိုသေချာသွားသည်။

ကျောခိုင်းထားလျက်နှင့် တစ်ကိုယ်လုံး ဖျင်းခနဲ ဖြစ်သွား၏။

သက်သက် ယုတ်မာတာ .. ညွှဲ့သည်စုတ် ..၊



www.burmeseclassic.com

## အခန်း [ ၆ ]

ဒီတစ်ခါ ထမင်းဝိုင်းမှာတော့ နှင်းဆီ ပါ ရှိနေ၏။ ထို့ပြင် အုံသ
စရာကောင်းတာက စပယ့် ကို သူမကပဲ ပြန်ပြီး ညွှန်ကြားနေသေးသည်

"ပဲဟင်းချိုနဲ့ ပဲသီးပြုတ်တို့စရာ မလိုက်ပါဘူး မကြီးရာ - ညလေး ငါးလေးချဉ် သုပ်ပေးမယ်၊ မကြီး ကြက်သွန် နည်းနည် လှီးပေး .."

ထမင်းပွဲ ပြင်နေတာကို ထရံတစ်ချပ်ရဲ့အပြင်ကနေ ဒီတိုင်းကြ နေရ၏။

"ထမင်းဝိုင်းမှာ ဖွယ်ဖွယ်ရာရာတွေဖြစ်အောင် သိပ်ပြင်မနေစမ် ပါနဲ့၊ တောက ထမင်းဝိုင်းမှာ တို့စရာအစုံနဲ့ ငပိရည်ကောင်းကောင် ဖျော်ထားရင် ဖွယ်ရာတယ်လို့ ခေါ်တာ၊ မြို့ကလူတွေက အဲဒါတွေ စားမှာမှမဟုတ်တာ၊ အမောခံမနေနဲ့ .. သူတို့စားတတ်တာ တစ်မယ် ကောင်း၊ နှစ်မယ်ကောင်း စီစဉ်ထားလိုက်၊ ပြီးတာပဲ .."

"မကြီးတို့ အဲဒါ ခက်တာ .. သူတို့တွေ တို့ကာနမ်း ဆိတ်ဆ နမ်းလေး စားပြီး ကျန်တာတွေကို ပြန်သိမ်းရတော့ တနင့်တပိုးကြီး-





"တိုးတိုးပြောစမ်းပါ မိနှင်းဆီ ရယ် .. အပြင်မှာ နီးနီးလေး၊ နင်ကတော့ ဒုက္ခပါပဲ"

တိုးတိုး ကျယ်ကျယ် ကြားနေရတာပါပဲ။

ဒါပေမယ့် နှင်းဆီ အသံတော့ နည်းနည်းတိုးသွား၏။

"မကြီးလည်း ညလေးကို 'မိနှင်းဆီ' ခေါ်တာ ရပ်တော့နော်၊ အဲဒီလို သူများက လိုက်ခေါ်ရင် ညလေးက ဒေါသဖြစ်လို့ကတော့ အသက်ကြီးတဲ့သူဆိုလည်း အသက်ကိုကန်တော့ပြီး ပါးဆွဲရိုက်ပစ်မှာ"

"အမလေး .. ပြောလောက်လေ .. ကဲ .. ထွက်ပါတော့၊ ငါ့ဟာ ငါပဲ ပြင်ပါတော့မယ်"

"ငါ့ဟာငါ ပြင်နေတာ အမြီးအမောက်မတည့်လို့ ကူလုပ်ပေးနေ တာနော်၊ ကျေးဇူးမကန်းနဲ့ .."

သူတို့ တူဝရီး ကြားနေတာကို ဦးဘသောင်း က သိကာ ကွမ်းယာ နေရင်း ပြုံးလျက် ...

"သူတို့ညီအစ်မက ဒီလိုပဲကွ၊ တွေ့လိုက်တာနဲ့ ခွန်းကြီးခွန်းငယ် တွေ ဖြစ်နေကြတာပဲ၊ အကြီးမက ညီမကို ချစ်လည်း ချစ်တယ်၊ ဆရာတင်နေရတာလည်း ရှိတော့ အကြီးပေမယ့် သဟောက်သဟာမ်း ဘာညာ မလုပ်ဘူး၊ အမြဲတမ်း အလိုလိုက် အလျှော့ပေးတယ်"

"ဘာကို ဆရာတင်တာလဲ .."

ချစ်သော က မရှင်းလိုက်တာကို တန်းမေးသည်။ ဦးဘသောင်း က ရှင်းပြ၏။

"အကြီးမက အရမ်းအေးတာ၊ အပြင် အသွားအလာလည်း သိပ် မရှိဘူး၊ လူမှုဆက်ဆံရေးလည်း နည်းတယ်၊ အငယ်မကျတော့ ရန်ဖြစ် တတ်ပေမယ့် သူ့နယ်ပယ်နဲ့သူတော့ ပေါင်းသင်းဆက်ဆံရေး ကောင်း နေတာပဲ၊ အပြောသာ ဆိုးတာ၊ စိတ်ကောင်းလေးလည်း ရှိပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



သူတစ်ပါးကိုလည်း ကူညီတတ်တယ်၊ အဲဒါကြောင့် သူ့ကို ချစ်တဲ့သူ လည်း ရှိနေတာပဲကွ၊ ဘာဖြစ်ဖြစ် .. သိချင်တတ်ချင်စိတ်ရှိတော့ သိနေ တတ်နေတာတွေ သူ့မှာ ရှိတာပေါ့ ..''

''နောက်ပြီး ဥပုသ်နေ့တိုင်း ဘုန်းကြီးကျောင်းသွားပြီး စာတွေ ဖတ်တယ်၊ ဒီရွာမှာ ဘုန်းကြီးကျောင်းမှာပဲ သတင်းစာ၊ ဂျာနယ် စုံ အောင် ဖတ်ရတာ၊ ပြီးတော့ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုစာစောင်တွေ - ဓာတ်နိပါတ်တော်တွေပေါ့၊ စာဆိုရင် ဘာစာမဆို သူ ဖတ်တာပဲ၊ သိတာတွေများနေတဲ့သူကို မသိတာတွေ များတဲ့သူက ဆရာတင်ရတာ ပဲလေ၊ အငယ်မက ထမင်းဟင်းချက်တာ ဝါသနာမပါပေမယ့် ချက် ပြုတ်တာ၊ စီစဉ်တာ ကျွမ်းကျင်တယ်၊ အကြီးမကတော့ ဘာဖြစ်ဖြစ် နည်းနည်း လိုနေတာမျိုးပေါ့''

အရည်အချင်းတွေက မနည်းမနောပါလား ..၊ ဒါပေမယ့် နှုတ် ကြမ်းလျှာကြမ်း ရှိတတ်တာလေးကိုတော့ ဘကြီးသောင်း ထည့်မပြော ပါ..။

''ဘွဲ့ရခြင်း၊ ဘွဲ့မရခြင်းနဲ့ လူတစ်ယောက်ရဲ့ အရည်အချင်းကို ခွဲခြားသတ်မှတ်လို့ မရဘူး၊ အသိပညာနဲ့ အတတ်ပညာက စကားပြော တာ''

''ဘဘ ထမင်းစားလို့ ရပြီ''

ဒီက ပြောနေတာတွေကို ကြားရပြီး မနှစ်မြို့သည့်အသံမျိုးနှင့် ခပ်ကျယ်ကျယ် အော်လိုက်ပုံက သိသိသာသာ..။

''အေး .. စားမယ်၊ ပြီးတာနဲ့ အသုဘချမယ့်ဆီ ပြေးရဦးမှာ တကယ်ဆို ကျုပ်က ဒီနေ့ လိုက်ခဲ့ဖို့ပါ၊ အသုဘပို့ပြီး ခရီးထွက်ရင် မကောင်းလို့၊ လူလေး ဒီတစ်ရက်တော့ သည်းခံပါဦးကွာ .. နော် ..''

''အဟွန်း .. ရပါတယ်''





ချစ်သော မချိသွားဖြဲ ရယ်မိသည်။ ထိုစဉ် နှင်းဆီ အထဲကနေ ထွက်လာကာ ...

''ဘဘ သွားရင် သမီး လိုက်မှာနော်''

''ဘာလိုက်လုပ်မှာလဲ .. ကျောင်းသွားရမှာကို''

''ရတယ် .. အသုဘပို့ပြီးမှ သွားမယ် ..''

သူတို့ အထဲဝင်တော့ မိန်းကလေးတွေ အပြင်ရောက်လာနှင့်သည်။ ဒေါ်မြ လည်း ရွာထဲသွားရာကနေ ပြန်လာသည်မို့ သားအမိ စကား ပြောသံတွေက အထဲကို တစ်ပတ် ပြန်ဝင်၏။

''မနေ့က မယ်ကျော့ ရဲ့အလောင်းဘေးမှာ လိပ်ပြာခွဲတော့ ဒလေးကို သူ့ယောက်ျားကို မပေးဘဲ အစ်မလုပ်တဲ့လူကို ပေးခဲ့တယ် ဆို ..''

ဒေါ်မြ က နှင်းဆီ ကို ရည်ရွယ်ပြီး မေးပုံရ၏။ ပြန်ဖြေတာက နှင်းဆီ ပဲ ဖြစ်လျက် ...

''ဟုတ်တယ်လေ .. သူ့ယောက်ျားအကြောင်း သူ သိလို့နေမှာပေါ့''

''ဆန်းဦး က ဘာဖြစ်နေလို့လဲ ..၊ ဟိုတစ်ခါ ပြောကြတာ ကော ဘာလဲ မဟုတ်ဘူးလား''

''ဟုတ်ဟုတ်မဟုတ်ဟုတ် ဘွားမြ ရယ် .. လူတစ်ယောက်ကို ကြည့်တာနဲ့ အကဲခတ်လို့ရတာပဲ၊ မမကျော့ က သူ့ယောက်ျား အကြောင်း အသိဆုံးနေမှာပေါ့၊ အသက်ငယ်ငယ်နဲ့ သေသွားတာ ဆောင် အဲဒီသောကတွေ ကင်းမှာ မဟုတ်ဘူး''

နှင်းဆီ က စကားတတ် လျှာသွက်ပေမယ့် သူများ အတင်း အချင်းတော့ တဖွဲ့တနွဲ့ မပြောတတ်သူပါ ..။

ဒါလေးတော့ ချစ်စရာကောင်းလေသည်။

အသုဘအိမ်ကို တစ်ခေါက်ပဲသွားပြီး နောက်ထပ် မသွားတော့ဘဲနေ



www.burmeseclassic.com

www.burmeseclassic.com



တာ မယ်ကျော့ ရဲ့ယောက်ျားဖြစ်သူအပေါ် အမြင်မကြည်တာမှန်လည်း ခုမှ သိခွင့်ရ၏။

ချစ်သော က အပြင်က ပြောနေတာတွေကို ကြားကာ ထမင်းစာခြင်းကို အစောဆုံး လက်စသတ်၍ နောက်ဆုတ်ရင်း ...

"ရွာတွေမှာ နာရေးဖြစ်ရင် ဒီလိုပဲ အိမ်ထဲမှာ ထားကြတာလား"

အသုဘ စဖြစ်တဲ့နေ့ကတည်းက နလုံးနာခဲ့ရသည့်အဖြစ်ကို ခု ဖွင့်မေးမိသည်။ တစ်အိမ်လုံး မီးတွေ ဖွေးဖွေးလှုပ်ထွန်းကာ လူသေကောင် စန့်စန့်ကြီးကို ခုတင်နဲ့ အိမ်လယ်မှာထားပြီး ဘေးပတ်လည်မှာ ဖဲရိုက်နေကြတာ နှစ်ဝိုင်း .. သုံးဝိုင်း ..။

သူတို့ရောက်ပြီး နောက်နေ့မှာ သေဆုံးသည့် လူသေကောင်က သုံးရက်ပြည့်တဲ့အထိ အိမ်လယ်အဝင်ဝမှာ အခန့်သား စံနေဆဲ ..။

အိမ်ချင်းက သိပ်ကွာတာ မဟုတ်တော့ မြင်နေရသည်။ သူ... ဒီဘက်ကနေ ထမင်းဟင်း မပြောနှင့် မုန့်ပဲသွားရည်စာတောင် မျို... မချချင် ..။

ဒီကြားထဲ ကြားရသေးသည်။

"အသုဘအိမ်သွားပြီး မသာကို မှီစားနေကြတာ တစ်အိမ်လုံး... မီးနီးတိတ်ပဲ" တဲ့ ..။

အိမ်ရှေ့က ဖြတ်သွားသည့်လူတချို့ကို လှမ်းကြည့်ကာ အဘွား... ပြောခဲ့တာ ဖြစ်၏။ ဘယ်လိုလေ့စရိုက်တွေနဲ့ စားသောက် ပျော်ဝင်... ကြတာလဲ ..။

အမြန်ဆုံး ပြန်ချင်နေပေမယ့် ဒီနေ့ထိ မပြန်နိုင်သေးသည့် ကိုယ်... အဖြစ်ကိုပဲ ဘယ်လို စီရင်ရမှန်းမသိ ဖြစ်လာ၏။

ဦးဘသောင်း သည် ထမင်းထဲမှာ အတို့မြုပ်၊ ငပိရည်ဆမ်းကာ ထမင်းလုတ်ကြီး ပါးစပ်ထဲ ထည့်၏။





ပြီးတော့မှ ထမင်းဝါးရင်း ပြောပြသည်။ ဦးစိုးမိုးသူ ကတော့ ...စားသောက်မကောင်းပေမယ့် လူငယ်လို မသိသာရအောင် တို့တို့တိတိ ...စားရင်း အရှိန်ကို ထိန်းနေရှာသည်။

"တောမှာတော့ ဒီလိုပဲလေ လူလေးရ .. တချို့ဆို ဆွေမျိုးတွေ... ...ဆောင့်၊ ဘာညာနဲ့ ငါးရက်လောက်တောင် ထားကြတာ၊ သုံးရက်ဆိုတာ ...တော့ ထားကြတဲ့ထုံးစံပဲ .."

ချစ်သော အသံဆက်ထွက်မလာတာကို ဦးစိုးမိုးသူ က လှည့်... ...ကြည့်ပြီး ဖွန်းကိုချ၍ ထမင်းပန်းကန်ကိုပါ ရွှေ့လိုက်သည်။ ပြီးမှ ...

"မင်း မေးချင်နေတာတွေ ငါ သိပါတယ် ချစ်သော ရာ .. ကဲ.. ...မေး .. မေး .. ငါလည်း ပြီးပါပြီ"

ဦးဘသောင်း ကလည်း နားလည်သည့်အပြုံးနှင့် မမေးရသေးဘဲ သူ...ဘာသာသူ ပြောပြသည်။

"မေးလေ .. ကျုပ်တို့ကတော့ ကိုယ့်ရွာဓလေ့တွေဆိုတော့ ...အသုဘ ပြောပြော .. မသာလို့ပဲခေါ်ခေါ် ဒါတွေက ရိုးနေပါပြီ"

ပြောနေရင်း ထမင်းစားသည့်လက်ကို ရေဇလုံထဲမှာ နှစ်ဆေးပြီး ...က်သုတ်သည်။ တောသူတောင်သားဆိုတော့ ဆပ်ပြာနဲ့ဆေးဖို့ ဘာ...ညာလည်း ဂရုစိုက်ပုံ မပေါ် ..။

ထရံမှာချိတ်ထားသည့် ကော်ခွက်လေးထဲမှာတော့ ဆပ်ပြာတုံး... ...ရှိနေတာကို လှမ်းကြည့်မိတာ ဒီအကြောင်းကို ဆက်မမေးဖြစ်...

"အဲဒီလို လေး၊ ငါးရက်ထားတော့ ဟို .. ဘာမှမဖြစ်ဘူးလား၊ ...ဘယ်လို စီရင်ထားကြတာလဲ"

ပုပ်ပွမသွားဘူးလားလို့ မေးချင်တာ ဖြစ်သည်။ ဦးဘသောင်း... ...သည်း ခေါင်းညိတ်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"မိုက်ခွဲပြီး ဖွဲသိပ်ထားတာပေါ့၊ တချို့ကျတော့ ထုံးတွေ၊ ကျောက်ဖရုံသီးတွေ သုံးကြတယ်၊ ဒါပေမယ့် မိုက်ခွဲထားတာလောက် စိတ်မချရဘူး"

စိတ်ပျက်စရာပါလား ..၊ ချစ်သော ခေါင်းကုတ်ရင်း ဆံပင် ဖြန့်သပ်ကာ လှမ်းမမြင်ရပေမယ့် မျက်လုံးက အသုဘအိမ်ဆီ ရောက်သွားသေးသည်။

"လူလေး အတွေ့အကြုံရှိအောင် အသုဘ လိုက်ပို့ပါလား၊ ကုသိုလ်လည်း ရပါတယ်၊ မြို့နဲ့ တောရဲ့ ကွာဟမှုတွေလည်း သိသွားတာပေါ့"

"ဟုတ် .."

ဒါ မဖြစ်နိုင်သည့်ကိစ္စမို့ 'ဟုတ်ကဲ့'ဆိုတာတောင် အစအဆုံး မထွက်လိုက်နိုင် ..။

သို့သော် စူးစူးဝါးဝါး ထွက်ပေါ်လာသည့် ကြေးစည်ထုသံကြီးနှင့် အတူ လူတွေ ရုတ်ရုတ်ရုတ်ရုတ် ထွက်လာကြသည့်မြင်ကွင်းကို လှမ်းမြင်လိုက်သည့်နောက် ...

"လေးလေး ကျွန်တော်တို့ လိုက်ပို့ကြည့်ရအောင် .."





အခန်း [၇]

ရွာနှင့် အတော်ကွာဝေးသော လယ်ကွင်းလယ်တွက်တွေကြား ညောင်ပင်ကြီးနှစ်ပင် နီးကပ်စွာ ရှိနေသည့်အောက်မှာ ရွာရဲ့သင်္ချိုင်း ရှိနေ၏။

ရွာက သိပ်မကြီးသော်လည်း အသုဘမှာတော့ လူစည်နေကာ အုပ်စုနဲ့သူ တီးတိုးပြောနေကြတာတွေ ရှိသည်။

ဘာတွေ ပြောနေကြမှန်း မသိ ..။

ချစ်သော နဲ့ ဦးစိုးမိုးသူ အော်ကြီးဟစ်ကျယ် ငိုနေသည့် ကလေးတစ်ဖက်ဆွဲထားသော ယောက်ျားနားကို ရောက်မှန်းမသိ ရောက်သွား၏၊ ထိုအခါမှ အသုဘပို့ကို ထိုနှင်းဆီ ပါလာမှန်း မြင်လိုက်ရသည်။

နှစ်ယောက် မျက်လုံးချင်းတော့ ဆုံလိုက်သေး၏။ ဒါပေမယ့် အားလုံးသော လူအပေါင်းသည် ယောက်ျားကြီးတန်မယ့် ရင်ဘတ်ထုငိုနေသော ဆန်းဦး ဆိုသူကိုသာ စိတ်ဝင်တစား ဖြစ်နေကြကာ ...

တချို့က သနားသည့်အကြည့်၊ တချို့ကျတော့ မသိမသာ မဲ့ကာ ကြည့်သည့်မျက်နှာများနှင့် တီးတိုး ခေါင်းချင်းရိုက်နေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ .. ကဲ .. အလောင်းမြှုပ်ရအောင်၊ ခဏ ဖွင့်ပြလိုက်ပါ"

လုပ်ကိုင်နေကြသူတွေထံမှ ခပ်ကျယ်ကျယ် ပြောသံကြားနေ လျှင် အသုဘရှင်နှင့်တကွ အားလုံးပဲ မသိမသာ ရှေ့တိုး စုအုံလာ ကြ၏။

ထိုထဲမှာ ချစ်သော တို့လည်း ပါနေကြလျက် မသာ ကို ရှုမိ မြေနေလောက်အောင် စပ်စုလိုစိတ်တွေ ဖြစ်လာသည့် ကိုယ့်ကိုယ်ကို တောင် အံ့ဩမိသည်။

အသုဘရှင်ကလည်း စပ်စုချင်ဖွယ်ဖြစ်အောင် ငိုချင်းချနေ ရာ ...

"မယ်ကျော့ ရယ် .. အမလေး .. လေး .. သုံးရက်ရှိနေတာတော့ လှနေလိုက်တာဗျာ၊ အစ်ကို့ကို စိတ်မချပါဘူးဆို .. သမီးလေးကိုလည်း ဘယ်သူနဲ့မှ စိတ်မချဘူးဆို မယ်ကျော့ ရဲ့ ..၊ အမလေး .. ခုတော့ စိတ်ချသွားပြီလား .."

ငိုနေသူသည် အသက် သုံးဆယ့်ငါး လေးဆယ်ဝန်းကျင်လော ရှိနိုင်ကာ အသားလတ်လတ် နှုတ်ခမ်းမွေးစစနှင့် လူချောတစ်ယောက် ဖြစ်၏။

အခေါင်းထဲမှာ အဖုံးလှပ်ထားသည့်ထဲက သေဆုံးသူ မယ်ကျော့ ဆိုတာကတော့ နှာခေါင်းတို့တို့ ပါးမို့ဖောင်းဖောင်းနှင့် ထူသည့် နှုတ် ခမ်းအစုံက ထော်သလိုလို လန်သလိုလို ..။

အသားရောင်က ပြာနှမ်း မည်းကြုတ်နေ၏။ သေပြီးမှ အရော လား .. နဂိုအသားရောင်က ဒီတိုင်းလား မသိပေမယ့် လုံးဝ မလှတ သေချာ၏။

"လှလိုက်တာ မိန်းမရယ် .. အစ်ကို ဘယ်လိုလုပ် ပစ်ရက်ပါ့မ ကြည့်ပါဦး .. ကျုပ်မိန်းမကို ကြည့်ပါဦး .. ငယ်ငယ်ရွယ်ရွယ်နဲ့ဗျာ





လူတွေကို ပြေးပြီး ခြေသလုံးဖက်တော့မလို ဟိုဒီ မော့ကြည့်လာ သော့ အော်ငိုနေသည်ဆိုသော မျက်နှာမှာ မျက်ရည်လည်း တစ်စက်မှ မရှိ ..။

သူ အံ့ဩသလို ထူးဆန်းသလို မျက်လုံးတွေကို ပိုပြီး စူးစိုက် ကြည့်မိသည်။ မျက်နှာချင်းဆိုင်မှာ ရပ်နေသည့် နှင်းဆီ ကတော့ နှုတ် ခမ်းလေးကို မဲ့ပစ်တာ အားနာရမှန်း မသိ ..။

ထို့ပြင် သူမက ငိုနေသူနှင့် နီးကပ်နေတာမို့ အော်ငိုလိုက်တိုင်း ခုံနေတော့ ချစ်သော ရယ်ချင်သွား၏။

"ကဲ .. ကိုဆန်းဦး တော်ပါတော့ဗျာ .. သေတဲ့လူလည်း သေပြီ ဥစ္စာ"

"အေးလေကွာ .. မင်း ရင်ကွဲအောင် အော်ငိုနေလည်း ပြန်လာမှာ ဟုတ်တော့ဘူး၊ နားမလည်တဲ့ကလေးတောင်မှ မျက်ရည်လည်နေ ရှာပြီ"

ကလေးက သုံးနှစ်လောက်ပဲရှိကာ တခြားတစ်ယောက်က လက် ဆွဲခေါ်ထား၏။ လုပ်ကိုင်နေသူတွေက ပျောင်းဖျပြီး အခေါင်းကို ပြန် ပိတ်လိုက်လျှင် ...

"ဟာ!... နေပါဦး .. ကျုပ်မိန်းမ မျက်နှာလေးကို ကြည့်လို့ မဝသေးလို့ပါ"

"တော်ပြီလေကွာ .. ငိုနေရုံနဲ့ ပြီးမှာမှ မဟုတ်တာ၊ ကဲ .. ကြိုးစ ဆို သေချာကိုင်၊ ဖြည်းဖြည်း ချကြ.."

"အမလေး မယ်ကျော့ .. မယ့်ကျော့ ရေ .. မိန်းမရဲ့၊ အစ်ကို ဘယ်သူနဲ့ နေရမှာတုံး"

အသံကျယ်နှင့် ရှေ့ကို ပြေးထွက်ပြီး ငိုတော့ စောစောက အနီးကပ် ငိုနေကြသည့် လူတချို့ နောက်ကို ရှုသွားကြသည်။ လှည့်ပြန်တဲ့လူ



www.burmeseclassic.com

www.burmeseclassic.com



တွေက ပြန်ကုန်ကြကာ တချို့ မျက်နှာတွေမှာ ပြုံးစိစိ ..။

"ကဲ .. တို့လည်း ပြန်ရအောင်၊ မင်း ဆက်ကြည့်ဦးမလား"

နားနားကပ်ပြောလို့ ကြည့်လိုက်တော့ လေးလေး မျက်နှာက လည်း ပြုံးနေသဖြင့် သူပါ ပြုံးမိကာ ...

"နေပါဦး .. နားထောင်လို့ ကောင်းတာပဲဟာ"

သူတို့ စကားတိုးတိုးပြောနေစဉ် ဆန်းဦး ဆိုသူ၏ ပျာပျာသလဲ ငိုသံကြီး ထွက်ပေါ်လာ၏။

"နေပါဦး .. နေပါဦး .. မလုပ်ကြပါနဲ့၊ မယ်ကျော့ ရေ .. နင့်ကို မြေဖို့တော့မယ်၊ အစ်ကိုပါ လိုက်ခဲ့မယ်၊ မင်းနဲ့ အတူတူ သေမယ်"

"ဟာဗျာ!... ကိုဆန်းဦး ဒီလို မလုပ်နဲ့လေ"

"ဟိတ်ကောင် .. ဩော် .. ခက်တော့တာပဲ၊ ဆွဲထားကြစမ်း"

"မဆွဲပါနဲ့ .. ဖယ်ကြပါ ..၊ ကျုပ်ကို လွှတ်ပေးပါ၊ ကျုပ်မိန်းမ မခွဲနိုင်ဘူး၊ မယ်ကျော့ ရေ .. အစ်ကို လိုက်ခဲ့မယ်"

ဆန်းဦး သည် ဆွဲနေကြသည့်လူတွေလက်ထဲမှာ ခုန်ပေါက် ရုန်း ကန်နေလျက် ထိန်းချုပ်ရခက်လာတဲ့အထိ ပြင်းထန်လာ၏။

"အဓိပ္ပာယ်မရှိတာ ဆန်းဦး ရာ .. မင်း ဆောလူတွေလည်း အား ဦးကွ၊ ဒီမှာ ပြီးရမယ့်ဟာ မပြီးတော့ဘဲ အလုပ်ရှုပ်ကုန်ပြီ"

"ဒါဆိုလည်း လွှတ်လိုက်ပါဗျာ .. ကျုပ်မိန်းမကို ကျုပ် မခွဲနိုင် ဘူး၊ လိုက်သွားမယ်"

ထိုစကားအဆုံးတွင် ဆွဲကိုင်ထားကြသည့်လူတွေကြားထဲ နှင်း ဘယ်လိုရောက်သွားမှန်း မသိ ..။

"လွှတ်ပေးလိုက် .. သေချင်နေတာကို"

ဆွဲထားသည့်လက်တွေကို အမှတ်တမဲ့ ဖြုတ်ချပစ်လိုက်လျှင်

"ဟာ!... အမလေး"





ဆန်းဦး ရှန်းနေသည့်အရှိန်နှင့် ဘယ်လိုမှ ပြန်ထိန်းလို့မရတော့ ဘဲ ကျင်းထဲကို ခြေကားယား လက်ကားယား ပြုတ်ကျသွားလေသည်။

"ဟာ!..."

"ဘယ်လိုလုပ်လိုက်တာလဲ"

လူတွေ ရုတ်တရက် ပျာယာခတ်ကုန်ကာ ဘယ်လို ပြန်ဆွဲရမှန်း သိ ..၊ ဘာကို အပြစ်တင်ရမှန်း မသိ..။

"လုပ် .. လုပ်ပါဦး၊ နှင်းဆီ .. နင် .. နင် ဘာလုပ်လိုက်တာလဲ"

ကျင်းနှုတ်ခမ်းပေါ် ကုတ်တွယ်တက်ဖို့ ကြိုးစားရင်း ပြန်ကျရင်း နှင့် ဆန်းဦး သေလုမြောပါး ထိတ်လန့်နေ၏။

ထိုအခါကျမှ နှင်းဆီ လုပ်ချလိုက်တာ နည်းမှန်လမ်းမှန်မှန်း အားလုံး နားလည်သွားကာ ပြုံးတဲ့သူ ပြုံး၊ ရယ်တဲ့သူ ရယ် ..။

အသုဘပို့တဲ့သူတွေမျက်နှာမှာ ဆန်းဦး ယက်ကန်ယက်ကန် ကုတ်တက်နေတာကို ငုံ့ကြည့်ပြီး သရော် လှောင်ပြောင်ခြင်းများနှင့်..။

"လုပ်ကြပါဦး၊ လှသိန်း .. မျိုးကျော် .. ငါ့ကို ဆွဲတင်ကြပါဦး"

နှင်းမိထားသည့် မယ်ကျော့ အခေါင်းကို ငုံ့ကြည့်လိုက်၊ ကျင်း ပေါ်ကို အတင်းကုတ်တွယ်တက်ဖို့ ကြိုးစားလိုက် ..၊ ဆန်းဦး မျက်နှာ မှာ မျက်ရည်မရှိခဲ့သော်လည်း ချွေးတွေတော့ စိုနေပြီ ဖြစ်၏။

"နှင်းဆီ .. အရူးမ ..၊ ငါ့ကို နင် .. လုပ်ကြပါဦး .."

"ဘာ .. အရူးလဲ .. အဲဒီမှာ သေချာအောင် စဉ်းစားလိုက်၊ ဦးလှသိန်း တို့ ပင်ပန်းမယ်နော်၊ တကယ် မသေချင်တော့ပါဘူးဆိုမှ ပြန်တင်၊ တော်ကြာ မိန်းမကို မခွဲနိုင်လို့ လိုက်သေပါမယ် ထပ်ဖြစ်ရင် ကျင်းဖို့ပြီးမှ ခက်မယ်"

နှင်းဆီ က ကျင်းထဲကလူကိုလည်း ပြန်အော်သည်။ အနားက လူကြီးတွေကိုလည်း ကျပ်ခဲ့လိုက်သေး၏။ ပြီးတော့ ...



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဖက်ခွဲစည်းထားသည့် ဆံဝင်ဖျားတွေကို လက်နဲ့ ပြန်သပ်ကာ မျက်စောင်းလက်စနှင့် ချာခနဲ လှည့်ထွက်သွား၏။ ဘယ်သူ ကျေနပ်နပ် မနပ်နပ် သူမကို ဘယ်လိုဆေဖန် ကျန်ရစ်မည်မှန်းလည်း ဂရုမစိုက်..။

ဒီမိန်းကလေး ဘယ်လိုအားကိုးမျိုးနဲ့ မွေးလာပြီး ဒီလောက် သတ္တိကောင်းနေတာလဲ ..၊

ဦးစိုးမိုးသူ သဘောကျသည့်စိတ်တစ်ဝက်နှင့် လန့်သလိုလည်း ဖြစ်သွားသည်။ တူတော်မောင်ကတော့ သင်းကလေးကို မျက်စိတစ်ဆုံး လိုက်ကြည့်လို့ပင်..။

သချိုင်းမှာ မသာကို မြေမမြှုပ်နိုင်သေးဘဲ မသာမဟုတ်သည့်လူကို ပြန်ဆွဲတင်ရင်း ရယ်တဲ့သူ ရယ် ..၊ ပြောတဲ့သူ ပြော ..။

အမှန်းမကားမပါသော သူတို့အားလုံးရဲ့ ပါးစပ်ထဲမှာ ထိုနှင်းဆီဆိုသော မိန်းကလေးသည် ..။





အခန်း [၈]

"စိခနဲဆို ညည်းအသံချည်းပဲ အငယ်မရယ် .. အဲဒီအကျင့်ကို ဘယ်တော့မှ ဖျောက်မှာလဲ"

"ဘာတွေမို့လို့ ဖျောက်ရမှာလဲ ဘွားမြ ကလည်း ..၊ သမီး ဘာဖြစ်လို့လဲ"

"ဘွားမြ ကို ပြန်မမေးပါနဲ့၊ အခု နှင့်ကို သူ့အရှက်ခွဲတယ်ဆိုပြီး ဒို့ဆန်းဦးကြီး ဘယ်လောက် အငြိုးထားသွားပြီလဲ နှင် သိလား"

လှေကားရင်းရောက်တာနှင့် အိမ်ပေါ်က စကားသံကို ကြားလိုက်ရ၏။ လေးလေးက ပြန်ဖို့အတွက် ဒရိုင်ဘာနှင့် ကားစစ်နေကာ ဘကြီးသောင်း လည်း ရွာထဲ သွားနေတာ ဖြစ်သည်။

အပေါ်တတ်ပြီး မျက်မှန်ယူမလို့ ခြေလှမ်းတွေက ထိုနေရာမှာပဲ ရပ်နေခြင်းကို ဖြစ်စေလျက် အသံတွေကိုလည်း ဆက်လက် ကြားနေခဲ့ရ၏။

"ဆန်းဦး ဆိုတဲ့လူ ငြိုးမှာကို မကြီးက စိုးရိမ်နေတာလား၊ ဒီလို လူမျိုးက မိန်းမရှုပ်ဖို့၊ သက်သက်သာသာလေးနဲ့ ထမင်းနပ်မှန်အောင်



www.burmeseclassic.com

www.burmeseclassic.com



စားရဖို့ ဒါပဲ၊ လက်ကြားမစာင်းတဲ့ထဲမှာ လက်သီးတစ်လုံးတောင် ဖြောင့်အောင် ဆုပ်နိုင်မှာ မဟုတ်ဘူး၊ ပူမနေနဲ့ ..''

''နင် ယောက်ျားတွေကို လျှော့မတွက်နဲ့ နှင်းဆီ ..''

''လျှော့မတွက်ပါဘူး၊ ဒါပေမယ့် အဲဒီထဲမှာ ကိုဆန်းဦး မပါဘူး''

''ကြည့်ဦး .. ပြောလေ ဆိုးလေ''

''ဒီလူက မိန်းမ မသေခင်ကတည်းက လေ့နံ နှစ်ဖက်၊ သုံးဖက် လေးငါးခြောက်ဖက် နင်းထားတာ၊ မိန်းမကိုကျတော့ စိတ်ဆင်းရဲမှု အပေါင်းနဲ့ ပစ်ထားတာလေ၊ သေပြီဆိုမှ မျက်ရည်ထည်း မထွက်ဘဲနဲ့ အရှက်မရှိ အော်ငိုနေတာ ဘယ်လောက် အသည်းယားဖို့ကောင်းလဲ၊ ဟွန်း .. သူ့ကို ညလေး တွန်းချတာ မဟုတ်ဘူး၊ ဆွဲမနိုင်ဖြစ်နေတဲ့လူ တွေကို မဆွဲနဲ့တော့ဆိုပြီး လွှတ်ပေးခိုင်းလိုက်တာ ..''

ပြောနေသံက ပြောရင်းနဲ့ အပြင်ထွက်လာတာဖြစ်ကာ ချက်ချင်း လှေကားထိပ်ကို ရောက်လာ၏။ အောက်မှာရှိနေသည့် သူ့ကို ငုံ့ကြည့်ကာ နောက် နည်းနည်းပြန်ဆုတ်၍ ...

''ကဲ .. တက်လာမလို့လား ...၊ ဘာရှုပ်လုပ်နေတာလဲ''

''မင်း ဆင်းလာခဲ့ပါ၊ ငါက အရေးမကြီးပါဘူး''

သူမ ဆင်းလာတာကို ကြည့်နေပြီး သူ အပေါ်မတက်ဖြစ်တော့ပေ။

နေရာတကာမှာ စိတ်ဝင်စားစရာ ကောင်းနေသည့် သူမ နောက်ကနေ လျှောက်လိုက်ခဲ့မိ၏။ နှင်းဆီက နွားစာစင်းထားသည့် မြက်နဲ့ ကောက်ရိုးစတွေ ရောနေသော အပုံကြီးဘေးမှာရပ်လျက် ထပ်ထားသည့်ထဲက တောင်းကြီးတစ်လုံးကို ခွဲယူလိုက်သည်။

သူ့ကို ဘာလိုက်လုပ်တာလဲဆိုသည့် အကြည့်တစ်ချက်နှင့် လှည့်ကြည့်ပြီး ဘာမှမပြောဘဲ နွားစာကျွေးဖို့ ဆက်လုပ်သွား၏။





''အဲဒါ နွား ဘယ်နှစ်ကောင်စာလဲ ..''

''သုံးကောင်''

မေးတာကိုတော့ ဖြေသည်။ လူကို မကြည့်၊ အသံက မာဆတ်ဆတ် ...။

''သုံးကောင်တည်းကို ပန်းကန်ကြီးက အကြီးကြီးပဲနော်''

နှင်းဆီ မျက်လုံးတွေ သူ့ဆီ ရောက်လာသည်။ ပြီးတော့ ပြုံးစိစိနှင့် လှည့်သွားကာ ...

''နွားစားတဲ့ခွက်ကို နွားစာခွက်လို့ ခေါ်တယ်၊ နွားစာခေါင်းလို့လည်း ပြောတာပဲ၊ ပန်းကန် မဟုတ်ဘူး''

''ဟုတ်လား .. သိမှ မသိတာ''

ဆိုပြီး မျက်နှာတွေ ပူထူကာ ချစ်သော မျက်နှာ ငုံ့ပစ်ရင်း မျက်ခုံးကို လက်မနဲ့ ခြစ်မိပြန်သည်။

သူ တစ်ခါ ရောက်ဖူးတုန်းကတည်းက ဘာဖြစ်လို့ စပ်စုမထားမိတာလဲ ...၊ ဟိုတုန်းက မှားသွားရင် ကလေးဆိုတော့ တော်ဦးမည်၊ ခု ကျတော့ ...

''အဲဒါကို တကယ် မသိခဲ့ဘူး၊ အဟွန်း .. ရေတွေက ဘာဖြစ်လို့ အိုးနေတာလဲ''

''ဆန်ဆေးရေတွေ ထမင်းရေတွေ ပါလို့၊ တစ်ခါတလေကျတော့ ရေနဲ့ပဲ ကျွေးရတာ''

''ဪ ..''

နှင်းဆီ မျက်နှာလေးကို စိုက်ကြည့်ရင်း တွေ့ကာစက ဘာမှ မဟုတ်ခဲ့သော မျက်လုံးလေးတွေ၊ မျက်ခုံးလေးတွေက လှတာမျိုး မဟုတ်ဘဲ လှတာထက်ပို၍ စိတ်ဝင်စားစရာ ကောင်းလာသလိုလို ...။

သို့မဟုတ် ထူးဆန်းနေသည့် သူမရဲ့စိတ်ဓာတ် စရိုက်တွေကပဲ



www.burmeseclassic.com

www.burmeseclassic.com



ချစ်စရာကောင်းနေတာလိုလို ...၊ သူမကို ပြန်ခါနီး နှာရိုပိုင်းလေး အလို ကျမှ ခင်မင်ချင်စိတ်တွေ ဖြစ်လာခဲ့၏။

သူ့စိတ်တွေပါ ထူးဆန်းလာခဲ့သည်လား ...၊

"ထိုနှင်းဆီ .."

ခေါ်လိုက်တော့ သူမက မြက်ဖတ်တွေနဲ့ ရေတွေကို နွားစာခွက် ထဲမှာ မွှေနှောက်နေရင်း လှည့်ကြည့်သည်။

အမြဲတမ်း နှစ်ဖက်ခွဲစည်းထားသည့် ဆံပင်ရှည်တွေက သူ့ကို လှည့်ကြည့်လိုက်သည့်အတွက် ပခုံးတစ်ဖက်ကနေ လျှောချကာ နွားစာ ခွက်ပေါ် ဝေ့ဝဲ လွဲခါနေ၏။

ချစ်သော က သူမနဲ့ ဆံပင်ပုံစံလေး ကြည့်ကောင်းသားပဲဟု တွေးမိရင်း ...

"ကိုယ်တို့ တော်ကြာ ပြန်တော့မှာ"

"သိသားပဲ"

"မင်း ကိုယ့်ကို ခင်ခင်မင်မင် နှုတ်ဆက်ဖို့ အစီအစဉ် မရှိဘူးလား"

"မရှိဘူး"

"ဘာဖြစ်လို့လဲ .."

"ခင်မှ မခင်တာ"

"ဟုတ်တယ် .. ဒါပေမယ့် ကိုယ့်အိမ်လာတဲ့ ဧည့်သည်ပဲလေ"

"ဒီမှာ .."

နှင်းဆီ က ချည်ထားသည့်နွားတွေကို သွားဖြုတ်လာပြီး သူ့ကို ကြည့်၍ ...

"အပိုတွေ ဘာဖြစ်လို့ ပြောနေတာလဲ၊ ဒီအိမ်မှာ ရှိသမျှ လူ အားလုံး ရှင်တို့ကို ပျာပျာသလဲ ဧည့်ဝတ်ကျေနေကြတယ်၊ ကျွန်မက အိမ်မှာရော တခြားလူတွေအမြင်မှာပါ ကလေးလိုလို ခွေးလိုလို၊ အရူး





လို့ ပြောကြတာက ရှိသေး .."

သူမက မျက်နှာလေးလွှဲပစ်လိုက်ပြီး မဲ့သည်။ နွားတွေကို စားခွက် အနားမှာ တစ်ကောင်ပြီးတစ်ကောင် ပြောင်းချည်ပေးနေရင်း ...

"ရှင်တို့ ရောက်ကာစညကလည်း ကျွန်မ အိပ်ရာကနေ ယောင်ပြီး ထလာတာကို မြင်ခဲ့တယ်မို့လား၊ ကြောင်တောင်တောင် .. ဝေါက် တောက်တောက်လေးလို့ မသတ်မှတ်လိုက်ဘူးလား"

"မကြဲ့ဘူးလို့ အံ့ဩတာပါပဲ၊ အဲဒီလိုတွေ မထင်ပါဘူး"

နှင်းဆီ က မယုံကြည်သလို လှည့်ကြည့်တော့ သူ နောက်ထပ် အာမခံချက်ဖြင့် ...

"တကယ် အမှန်အကန် ပြောနေတာ၊ မင်းရဲ့ ထူးဆန်းတဲ့စိတ်ကို ငါ နားလည်ပါတယ်၊ အဲဒါကြောင့် စိတ်လည်း ဝင်စားတယ်၊ ခင်လို့ မရဘူးလား"

"မခင်ချင်ပါဘူး"

သူမက ပြောင်ပြောင်ပဲ ခေါင်းခါ၏။

"ချစ်သော ရေ .. သွားမယ်ဟေ့"

ဦးစိုးမိုးအောင် လှမ်းခေါ်သံကြားတော့ သူ လှမ်းကြည့်ပြီးမှ သူမ ဘက် ပြန်လှည့်ကာ ...

"နောက်ထပ် ပြန်ဆုံဖြစ်ရင်တော့ ခင်ဖြစ်ကြမှာပါ၊ သွားမယ် နော်.."

သူ လှည့်ထွက်လာခဲ့သည်။ ကားပေါ်တက်ကြတော့ ဘကြီး သောင်း ကို သူမတို့တွေ ကားနားထိ လိုက်ပို့ကြတာမို့ မလှမ်းမကမ်း ရောက်လာသည့် နှင်းဆီ ကို ချစ်သော က ပြုံးပြကာ ...

"သွားမယ်နော် .. ထိုနှင်းဆီ .."

အားလုံးရှေ့မှာ နှုတ်ဆက်လိုက်သဖြင့် မျက်လုံးတွေ အတို့ဆီ



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာကြ၏။ အနားမှာ အမြဲလိုလို ရှိနေတတ်သည့် စပယ် နဲ့ကျ တော့ ပြောတာဆိုတာ မရှိခဲ့ဘဲ အိမ်မှာ သိပ်မရှိတတ်သူကို ရင်းနှီးနေ သဖြင့် အံ့သြသွားတာမျိုး ...၊

စပယ် ကိုယ်တိုင် အံ့သြကာ ချစ်သော နဲ့ နှင်းဆီ ထံမှာ သူ့မ မျက်လုံးတွေ ခေါက်တုံ့ခေါက်ပြန် ဖြစ်သွား၏။

ဝိုင်းကြည့်ခံလိုက်ရတော့ နှင်းဆီ မျက်နှာလေးနီလျက် ငုံ့ကျသွား ၏။ ပြီးတော့ ကားမထွက်သေးဘဲ သူမ အရင် လှည့်ထွက်သွားခဲ့၏။

ဦးဘသောင်း က သမီးတွေမျက်နှာကို အကဲခတ်ကာ ပေါ့ပါးစေ လိုသည့်အပြုံးနှင့် ...

"အကြီးမရေ .. နင့်ညီမ မြို့ကို ခရီးထွက်ဖြစ်ရင် ဘဘဆီ ဖုန်း ဆက်ဦးနော်၊ ဟိုမှာ ဆုံဖြစ်မလားလို့၊ ဒီရက်ထဲမှာ သွားကြမယ်လို့ ပြောသံကြားတယ်"

"ဟုတ်ကဲ့ ဘဘ"

"စိတ်ချသွားပါ ကိုသောင်း ရယ် .. တော့်သမီး အငယ်မကလည်း တော် မြို့ကို လိုက်သွားမယ်ဆိုတာ သိကတည်းက ဒီတစ်သုတ်သွား မယ့်အဖွဲ့နဲ့ ပါအောင် လုပ်ရမယ်လို့ ပြောနေတာ"

"အေး .. အေး"

ဦးဘသောင်း မျက်နှာကြီး ချိုအီသွားသည်။ သမီး အငယ်မက သူ့ကို ပိုချစ်မှန်း သူလည်း သိသည်။ ဒီအိမ်မှာ အနေကြာလာခဲ့ပြီး မိဘတွေ ဆုံးပါးကုန်ကြတယ်ဆို 'သမီးတို့ ဘဘတို့နဲ့ နေမယ်'လို့ အငယ်မလေးကပဲ ပြောခဲ့တာ ဖြစ်သည်။

ထို့ပြင် တိရစ္ဆာန်တွေကို မွေးဖွားပေးတဲ့နေရာမှန်သမျှ နေရာ တကာ တကောက်ကောက် လိုက်တတ်တာလည်း သူမ ...၊

ဆေးကုတဲ့နေရာမှာ အနာစိမ်း၊ အနာကျက်၊ ထိုးခွဲ၊ ချုပ်လုပ်၊







ဆေးထိုး၊ ဘယ်နေရာဖြစ်ဖြစ် ဝင်ပါကာ ကြောက်ရမှန်းမသိ .. ရွံ့ရမှန်း သိ၊ ဒါလည်း သူမပဲ ဖြစ်သည်။

ဆေးဆရာမဟုတ်ပေမယ့် ဆရာနီးပါးလောက် နားလည် ကျွမ်း ကျင်နေသော သူ့ဘေးမှာ ထိုနှင်းဆီ သာ မပါမပြီးသည့် ဆေးအိတ် လေးလို ...၊

ဒါကြောင့်များ သည်မိန်းကလေး ဒီလိုပုံစံ ထွက်လာခဲ့သလား သိပါ ...၊ သူမအကြောင်း အမှျင်မပြတ်တွေးရင်း မပြီးနိုင်အောင် ပြုံး နေသဖြင့် ဦးစိုးမိုးသူ က မနေနိုင်တော့ဘဲ ...

"ဘာတွေ သဘောကျနေတာလဲ ဘကြီး၊ ဧကန္တ .. ထိုနှင်းဆီ အကြောင်း တွေးနေတာ ဖြစ်မယ်"

"အေးကွ .."

ဦးဘသောင်း က မီးညှိခွင့်မရပေမယ့် ကိုင်ထားဆဲရှိသည့် ဆေး တံကောက်ကောက်ကြီးကို လက်ပြောင်းလိုက်ရင်း အားပါးတရ ရယ် သေးသည်။ ပြီးမှ ဦးစိုးမိုးသူ ဘက်ကို ကိုယ်တစောင်း လှည့်လိုက်ပြီး...

"ငါ့သမီးက ဘစိမ်းတွေအမြင်မှာ ဆိုးတယ်၊ အနေအထိုင်မတတ် ဘူးလို့ ထင်ရပေမယ့် ကျောင်းဆရာမ လုပ်နေတာလည်း အဟုတ်တွေ၊ နူးညံ့တတ်တာပဲ ရှိတာ၊ သင်ပြတတ်တယ်၊ ကလေးတွေကို သူ့နည်း သူ့ဟန်နဲ့ပဲ စည်းရုံးနိုင်တယ်၊ လူကြီးတွေသာ မချစ်ရင် ရှိမယ်၊ ကလေး တွေကတော့ ချစ်ကြတယ် မောင် .."

ဦးစိုးမိုးသူ ပြုံး၍ ခေါင်းညိတ်လိုက်သည်။ ဒါလည်း ဖြစ်နိုင်ပေ မယ့် သူ့မျက်လုံးထဲမှာတော့ လူသေမြှုပ်တဲ့ကျင်းထဲကို လူတစ်ယောက် လုံး တွန်းချပစ်လိုက်သည့် မျက်နှာမော့မော့လေးက စွဲနေဆဲ ...။

သေသွားနိုင်မယ့်နေရာကို တွန်းပို့လိုက်တာ မဟုတ်သော်လည်း ဒါဟာ မင်္ဂလာရှိတဲ့ကိစ္စ မဟုတ်၊ ထို့ပြင် အားကောင်းမောင်းသန်



www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားတစ်ယောက်ကို လုပ်ပစ်လိုက်တာ နည်းတဲ့ သတ္တိလား ...

"နောက်ပြီး ငယ်ငယ်ကဆိုရင် ကျုပ် ဆေးကုသွားတိုင်း ပါတာ
လှူဖြစ်ဖြစ် တိရစ္ဆာန်ဖြစ်ဖြစ် ကလေးမွေးမယ်၊ ဒဏ်ရာရမယ်ဆို သွေးသံ
ရဲရဲပဲမို့လား ... အဲဒါတွေ သူ့ အားလုံး ဝင်ကူလုပ်ပေးတာ"

"ဘကြီးသောင်း က မိန်းမတွေကိုလည်း မွေးပေးတာပဲလား"

ရှေ့ခန်းကနေ လှည့်မေးတော့ ဦးဘသောင်း မျက်လုံးတွေ ချစ်
သော ဆီ ပြန်ရောက်သွား၏။

"မိန်းမဆိုလို့ မင်းအမေ မင်းကိုမွေးတုန်းကပဲ ကိုယ်တိုင် မွေးပေ
ဖူးတာ၊ ဒါကလည်း လမ်းပေါ်မှာ သွားလာချိန်မရတော့အောင် ဒုက္
များနေလို့ မဖြစ်မနေ လုပ်ပေးရတာလေ၊ ကျုပ်က တိရစ္ဆာန်တွေကိုပဲ
မွေးပေးတာပါ၊ တစ်ခုတော့ ရှိတာပေါ့၊ မွေးဖွားမလွယ်အောင် အခက်
အခဲဖြစ်တဲ့အခါ လာခေါ်ကြရင်တော့ ဘယ်လိုနေ ဘယ်လိုထိုင် ဆိုတာ
မျိုး သင်ပြပေးပြီး ဆေးလေးဘာလေး ပေးလိုက်တာပေါ့၊ တောရွာ
ကုထုံးပေါ့ကွာ"

"မမွေးနိုင်တာကို အနေအထိုင် ပြင်ရုံ၊ ဆေးသောက်ရုံနဲ့ ရသလား
ဘကြီးရဲ့ ... အံ့ဩစရာပဲ"

ဦးစိုးမိုးသူ ကလည်း တကယ် အံ့ဩ၍မေးသော ဖြစ်သည်။ ဦးဘ
သောင်း က မသိနားမလည်သည့်ကလေးငယ်တွေကို နားလည် ချစ်ခင်
စွာ ကြည့်သည့်အပြုံးနှင့် ခေါင်းတညိတ်ညိတ်ရှိနေကာ ...

"ဒါလည်း ကာလဲ ဒေသဲပေါ့ကွာ ... တို့လို တောရွာတွေမှာ
အထူးကုဆေးရုံကြီးတွေ ရှိတာမှမဟုတ်တာ၊ ကားပေါ်တက်မောင်းပြီး
အရောက်သွားမယ်ဆိုတာတောင် ဟိုဘက်လည်း မနီး၊ ဒီဘက်လည်း
မနီး ... ဘယ်လိုလုပ်မလဲ ...၊ တချို့ဆိုရင် တောထဲမှာ ထင်းခုတ်သွားရင်း
ကလေးမွေးလာလို့ ကိုယ့်အချင်း ကိုယ်ဖြတ်၊ ကလေးကောက်ပြီး





ပြန်လာကြရတာ..."

ကြားရသမျှ အံ့ဩစရာချည်းသာ၊ ဒီလိုနေရာတွေမှာ တိုးတက်နေ
သည်ဆိုသော ရေစီးကြောင်းတွေ တိုးမပေါက်ခဲ့ဘူးလား ...၊

"ပြောပြပါဦး ဘကြီးသောင်း ... ဘယ်လို နေထိုင်လိုက်ရင် မီးဖွား
နိုင်သွားတာလဲ"

စကားပြတ်မခံဘဲ ဦးစိုးမိုးသူ က ဆက်မေး၏။

"ဒီလိုပဲ ဆေးမြီးတိုလေးတွေပေါ့၊ ကျုပ်တို့လည်း ဘယ်ဆရာနဲ့မှ
လက်ထပ်သင်ခဲ့ရတာ မဟုတ်ဘူး၊ ကိုယ်ကလည်း ဝါသနာပါ၊ ကြား
ဆရာ၊ မြင်ဆရာတွေရဲ့ ကုထုံးလေးတွေကို လိုက်မှတ်ရင်း ဟိုယောင်
ယောင် ဆေးဆရာ ဖြစ်သွားတာ"

ပြော၍ ရယ်သည်။ ဆေးတံကို မီးမရှိဘဲ နှုတ်ခမ်းမှာတပ်ပြီး
စွာမလိုပြင်တာလည်း ခဏခဏ၊ ပြီးမှ ပြန်ကိုင်ထား၍ ...

"တချို့ကျတော့ အန်ဆေး ကျွေးရတယ်၊ ဆေးကျွေးတာမှ မရရင်
ပုခက်လုပ်ပြီး မူးအောင် လွှဲပေးရတယ်"

"ဟင်!... ဗိုက်ကြီးသည်ကြီးကို ..."

"ဟုတ်တယ် ..."

"ပုခက် ပြုတ်ကျမှဖြင့် ဘကြီးရာ ..."

"မင်းရဲ့မိန်းမကို ပုခက်ပေါ် တင်လွှဲမယ်ဆိုရင် ပြုတ်ကျလောက်
အောင် မခိုင့်တခိုင် လုပ်မလား"

မေးလိုက်တော့ ဦးစိုးမိုးသူ ပါးစပ်ပိတ်နေလိုက်ရ၏။

"မှတ်ထားကွ ... ကံအကျိုးပေးရဲ့ သဘောတရားက သေကံ
ရောက်မယ့်ဒုက္ခမျိုးကို နှစ်ခုစလုံး ပြိုင်တူ ဘယ်တော့မှ မပေးဘူး၊
သေခြင်းတရားဆိုတာ ရင်ဆိုင်ခြင်းပဲလေ၊ စစ်မျက်နှာတစ်ခုလို တွင်
ခား၊ လေး၊ မြား ဟလူပျံအောင် ဝင်လာမှာ မဟုတ်ဘူး၊ ကံကြမ္မာဆိုတာ

www.burmeseclassic.com



လက်တစ်ဆုပ်စာပဲ၊ အဲဒီ လက်တစ်ဆုပ်ထဲမှာ တို့တွေက ထားရင် နေရမယ်၊ သတ်ရင် သေရမယ်၊ ဒါပဲ .."

ဦးဘသောင်း က ကားစီးနေရင်း လမ်းခရီး တိုတာ၊ ရှည်တာကို မေ့နေလောက်အောင် စကားပြောကောင်း၏။

"ကျုပ်ကတော့ ကိုယ့်ကိုယ်ကိုယ် ကျွမ်းကျင်တဲ့ ဆေးဆရာကြီး လို့ မသတ်မှတ်ပေမယ့် ဖွံ့ဖြိုးမှုနည်းတဲ့ ဒီလိုနေရာမှာ ရှင်ထိုက်တဲ့သူ ကျန်မယ်၊ မရှင်ထိုက်တဲ့သူ သွားမှာပဲလို့ ခွဲခြားလိုက်တယ်၊ ကိုယ့်ရဲ့ ဆေး ဒါမှမဟုတ် ကိုယ့်ရဲ့ကုထုံးက ထက်မြက်မှု နည်းနေရင်တောင် အသက်တစ်ချောင်းကို ကယ်တင်မယ်ဆိုတဲ့ စေတနာတွေ ထည့်ပြီး အစွမ်းကုန် ကြိုးစားတယ်၊ ကိုယ် ဆေးကုပေးနေတဲ့ လူနာဟာ ကံ မကုန်ထိုက်သေးတဲ့လူဖြစ်ဖို့ ဆုတောင်းတယ်၊ မေတ္တာပို့တယ်၊ 'ကံဖြတ် ရင် သန်လျက်တောင် ပြတ်တယ်'ဆိုတဲ့စကား ရှိတယ်မို့လား၊ ဗုဒ္ဓ ဘာသာမှန်ရင် ကံ၊ ကံ၏အကျိုးကို မယုံကြည်လို့ မဖြစ်ဘူးလေ"

"မှန်တာပေါ့ ဘကြီးရာ .. ကျွန်တော်ကတော့ ဘကြီး ပါလာတာ ရန်ကုန်မှာ စိတ်ချမ်းသာစရာပဲ၊ အဲဒီလို ပညာဗဟုသုတရှိတဲ့ လူကြီး သူမတွေနဲ့ စကားပြောခွင့်ရချင်နေတာ ကြာပြီ၊ ဒါနဲ့ ဘကြီး ခုနက ကိုယ်ဝန်ဆောင်ကို မွေးပေးတဲ့အကြောင်းလေး ပြန်ဆက်ပါဦး .."

"ဘာကျန်သေးလို့လဲ .."

"သူ့ကို အန်အောင်လုပ်တာနဲ့ မွေးရောလား .. အဲဒါ နားမလည် လို့"

ဦးဘသောင်း က ကားပြေးနေသည့် ရှေ့တူရူကို တည့်တည့်ပြန် ကြည့်ပြီး ပြုံးလိုက်ကာ ...

"'အထက်လှန် အောက်လျှော'ဆိုတာ မကြားဖူးဘူးလားကွ"

"ဟုတ်ကဲ့ .. ကြားဖူးပါတယ်"





"ဗိုက်ကြီးသည်ကို အထက်လှန်နည်းနဲ့ အန်အောင် လုပ်လိုက် ...့ လွယ်ထားတဲ့ ကလေးလေးလည်း ထွက်လာရတာပေါ့"

"ဟား!..."

ဦးစိုးမိုးသူ အတော်ကြီး သဘောကျသွား၏။ သူ့ဒေသနဲ့ သူ့နည်း ...းကတော့ ဟုတ်လို့ပါလား ...၊

"တော်တော် ဇွတ်ဒိတ်တဲ့နည်းပဲနော်"

"ဒါပေမယ့် အန်ဆေးကျွေးလည်း တချို့က ဆေးကြောက်တော့ ...မဝင်ဘူး၊ ဒန်းပေါ် တင်လွှဲတော့လည်း ဒန်းကြိုက်နေရင် ဘယ် ...ာက်လွှဲလွှဲ မမူးတာမျိုး ရှိတတ်တယ်၊ အဲဒါမျိုးကျတော့ အကြမ်း ...း လှည့်သုံးရတယ်"

"ဘယ်လိုနည်းလဲ .."

"ရွံစရာကောင်းတာ တစ်ခုခုကို အတင်းအကျပ် မျိုချခိုင်းရတာ ..."

"အဲဒီတော့ မျိုချလား"

"မချဘူးလေ ...၊ ဝိုင်းချုပ်ပြီး ထိုးသိပ် ထည့်ပေးရတာ၊ နေ ...ာင်းတဲ့နွားတွေ စားမြုံ့မပြန်တဲ့အခါ ဆန်ကွဲကျိုပြီး ဝါးပလွေနဲ့ ...ပ်ထဲ ထည့်ပေးရသလိုပေါ့၊ လူလည်း သတ္တဝါပဲမို့လား.."

"နွားတွေက နေမကောင်းရင် စားမြုံ့မပြန်ဘူးပေါ့"

"ဟုတ်တယ် .. စားမြုံ့မပြန်လို့ နေမကောင်းတာ၊ သူတို့မှာ ...က်ရိုးတွေပဲ စားရတာလေ၊ မြက်နုဆိုတာ အကောင်းဆုံး အစား ...ပေါ့၊ ဒီလို အစားကြမ်းတွေကို မျိုချဖို့ စားမြုံ့ပြန်မနေလို့ မရဘူး၊ ...မြုံ့မပြန်ဘူးဆိုရင် သူတို့ အစား မစားတော့ဘူး၊ အဲဒီအခါ ခံတွင်း ...က်အောင် ကောင်းတာလေးတွေ ကျွေးပေးရတာမျိုးပေါ့၊ ကျုပ်တို့ ...တော့ ဆရာဝန်တွေလောက် သိပ်မသိပါဘူး၊ ကိုယ်နဲ့အတွေ့ရှိနေတဲ့



www.burmeseclassic.com

www.burmeseclassic.com



သတ္တဝါမို့ အရိပ် တကြည့်ကြည့် ရှိနေရတော့ အကြောင်းသိလာ
မျိုးပါ၊ ဗိုက်ကြီးသည်ပါးစပ်ထဲ သူ မစားချင်တာတွေ ထည့်ပေး
တာလည်း သူ့ဝေဒနာ သက်သာဖို့ပဲမို့လား၊ အဲဒါကြောင့် လုပ်ရတာ

"ဟုတ်တာပေါ့နော်၊ ကလေးတစ်ယောက်လုံး ရှန်းကန်ထွက်
ဖို့ဆိုတာ နည်းတဲ့ခွန်အားမှ မဟုတ်တာ.."

"ဒါပေါ့ .. ဒါကြောင့် မိခင်ကို ဒီဘက်မှာပဲ အင်အားသုံးခိုင်
မရမက ညှစ်ထုတ်စေမယ့်အစား တခြား အာရုံပြောင်းရာလည်း
တယ်၊ သဘာဝအတိုင်း အထက်ပေါ် အောက်ပိ ဖြစ်စေတာမျိုး
ပြောင်းရတာ၊ ဆေးမြီးတိုဆိုတာလည်း အသက်ကယ်ဆေး ဖြစ်
တတ်တာပဲ"

"ဟုတ်တယ် .. ဟုတ်တယ်"

"လေးလေး တောမှာသွားနေပြီး ဆေးကုစားတော့မလို့လား

စုံစုံစေ့စေ့တွေ မေးနေတာကို ရှေ့ကနေ ချစ်သော က
နောက်သည်။

"ဆေးကုတာကိုတော့ ဝါသနာပါတယ်ကွ၊ ဒါပေမယ့် တော
ပြီး လေ့လာဖို့က ငါ့မှာ မိန်းမနဲ့ ကလေးနဲ့ အဆင်မပြေဘူး၊ မင်
တစ်ခေါက် ပြန်လှတ်ရကောင်းမလား"

"ဘယ်လို .."

"နှင်းဆီ ကိုပဲ ပညာတွေ ပေးလှည့်ပါဆိုပြီး မြို့ကို ပြန်ဖိ
မလား၊ တစ်ခုခုဆိုရင် အဆင်ပြေနိုင်တယ်"

သူ နှင်းဆီ ကို နှုတ်ဆက်လိုက်သဖြင့် လေးလေး တမင် ပြော
တာမှန်း သိတော့ ချစ်သော နှုတ်ခမ်းတွေ ပြုံးယောင်သမ်းလျက်
လှည့်သွား၏။ ရိုးသားစွာ ရှိနေရှာသည့် ဦးအာသောင်း က မသိရ

"ဟုတ်တယ်ကွ .. ကျုပ်သမီးက ကျုပ်ဆီက ပညာကုန် ရ





ကျွန်တဲ့နေရာမှာ စိတ်မရှည်တတ်ပေမယ့် ပြောဆိုမကောင်းတဲ့
ဝန်ဆောင်တွေ၊ မိန်းမ လူမမာတွေဆို သူနဲ့ အဆင်ပြေတယ်၊
မ လုပ်ပေးဖို့ ရွာကျောင်းက ကမ်းလှမ်းတော့လည်း သူ ဘွဲ့မရ
ဘဲ မလုပ်ချင်ပါဘူး အတင်းငြင်းတာ မောင် ..၊ အဲဒါ ကျုပ်တစ်
က်ရဲ့စကားကို နားထောင်ပြီး သဘောတူလိုက်တာ၊ ဒါပေမယ့်
ဉ်ကောင်းလေးရှိတော့ ဘာအလုပ်ဖြစ်ဖြစ် လုပ်ပြီဆို စေတနာ
လုပ်တယ်၊ ရှူးစိုက်တတ်တယ်၊ ကျုပ်သမီးလေးကို အဲဒါတွေ
ကြောင့် အပြောဆိုး၊ စိတ်ဆတ်တတ်တာလေးတွေ ဖယ်ပြီး အချစ်
ခဲ့တာပေါ့"

ပြောသမျှထဲမှာ စပယ်ဖြူ အကြောင်းက သိပ်မပါ ..၊

ဘွားမြ ပြောတုန်းကတော့ စပယ်ဖြူ ဘယ်လို အေးဆေးတာ၊
ရတာတွေသာ၊ ဤသို့ဆိုလျှင် အကြီးက အမေချစ်၊ အငယ်ကို
အဖေက ချစ်တာ ဖြစ်နိုင်၏။

"ကျုပ်တို့လင်မယားက ကလေးတွေရဲ့ အဘိုးအဘွားအရွယ်တွေ
ဒါပေမယ့် ကိုယ်ပိုင် မွေးမြူရတော့မယ်ဆိုတော့ နောက်ထပ် တစ်
ခြားတာမျိုးကို မလိုချင်လောက်အောင် သည်းသည်းလှုပ် ချစ်နေ
လေ၊ ဒါကြောင့် သူတို့က ခေါ်နေကျအတိုင်း ဘဘ၊ ဘွားမြ နဲ့
သလို ကျုပ်တို့ကတော့ သမီးလို့ပဲ ခေါ်ကြတယ်၊ ကိုယ့်ဝမ်းနဲ့လွယ်
ခဲ့ရသလိုပေါ့၊ အငယ်မဆိုရင် ငယ်ငယ်က တာတေလန်အောင်ကို
တာ၊ အဲဒါလေးကိုပဲ ကျုပ်မှာ သဘောတွေကျပြီး ပခုံးပေါ်ထမ်း
ကိုးပေါက် လျှောက်ထိန်းခဲ့ရတာ"

"ဒါဆို ငယ်ငယ်လေးတွေတည်းက ဘကြီးတို့ အိမ်မှာပေါ့"

"ဟုတ်တယ် .. အိမ်ချင်းလည်း နီးတယ်လေ၊ မယ်မြ ကလည်း
မမွေးတော့ အဲဒီ ကလေးလေးနှစ်ယောက်ကို သူ့မိဘတွေက



www.burmeseclassic.com

www.burmeseclassic.com



ထဲကနေ ခေါ်ထိန်း၊ ခေါ်ချီနဲ့ အိမ်မှာပဲ အနေများလာတာပေါ့၊ နေ
ကျတော့ ညအိပ်ဖို့တောင် ပြန်ခေါ်မရတဲ့အထိ ကျုပ်တို့ကို ခင်နေ
မိဘတွေလည်း မရှိရော့ အိမ်မှာ လုံးလုံးရောက်လာကြတာပေါ့
တကယ်ဆို သူတို့ညီအစ်မက ကျုပ်တို့ထက် ချမ်းသာတယ်"

"ဩော် .."

စကားပြောနေရင်း ဦးဘသောင်း က တိုက်ပုံအင်္ကျီ ရင်ဘတ်
ကို ဆွဲဖွေလိုက်၍ ...

"မင်းတို့ ကားထဲမှာ အေးလှချေလားကွ၊ အပြင်မှာ ဒီလေ
ပူနေတာကို"

"အေးနေပြီလား .. ရတယ်၊ လုပ်ပေးမယ်"

ချစ်သော က ကြားပြီး အဲကွန်းကို ပြန်လျှော့လိုက်သည်။

"တို့ စကားကောင်းနေတာနဲ့ နေတောင် မြင့်နေပြီ၊ ရှေ့မှာ
နားရအောင်ကွာ၊ ကော်ဖီလေးဘာလေးသောက်ရင်း ဘကြီးလ
ဆေးတံသောက်လို့ ရတာပေါ့"

လမ်းခရီးအတွက် ခေါ်မြ တို့တွေက ကော်ဖီမစ်ထုပ်တွေ
ထည့်ပေးလိုက်သည်။ ရွာမှာ ဝယ်လို့ရသည့် မုန့်တွေလည်း ပါသ

ထို့ပြင် ရွာထွက်သီးနှံ အစိုအခြောက်၊ လက်ဆောင်တွေက နေ
မှာ ခန်းလုံးပြည့်နီးပါးပင်။ ကော်ဖီမစ်ကို ဘယ်လိုဖျော်ထည့်လိုက်
မှန်း သိနေသဖြင့် ကော်ဖီသောက်ကြမည်ဆိုတော့ ချစ်သော ပခုံး
ရင်း မဲ့သွား၏။

ဘယ်လိုမှ ပျော်ဝင်လို့ မရတာ အဲဒီ တောအထာတွေပါပဲ





## အခန်း (၉)

"ဘယ့်နှယ် သက်သက်သာသာ နေစမ်းပါ၊ ကျုပ်က ခုရောက်
မယ့်လူလည်း မဟုတ်ဘူး၊ တူမကြီးလည်း နေမကောင်းဘူးလေ"

ခေါ်ချစ်ဖူး သည် အင်္ကျီလက်ရှည်ပွပွပေါ်မှာ ပိုးကတ္တီပါတာဘက်
ခပ်လျော့လျော့ခြုံလျက် ပန်းပုလက်ရာများနှင့် ကြွားရွားလှပနေ
အနီရောင်ဆိုဖာနှင့် ကျွန်းဆက်တီကြီးထက်မှာ ပြန်ထိုင်သည်။
သူမကို ဖေးမကိုင်ထားသည့် သားကြီး ချစ်သူ ၏ လက်တွေကို
အယာ ဖယ်ချလိုက်ပြီး ...

"မကျန်းမာပေမယ့် သေချာ စိတ်ညွှတ်ပြီး သမီး ကန်တော့ချင်
ဦးရယ် .."

ခေါ်ချစ်ဖူး သည် ဦးဘသောင်း မျက်နှာကို ချစ်ခင်လေးစားသည့်
န်းများနှင့် ကြည့်၍ ...

"တကယ်ဆိုရင် သမီးတို့မိသားစုက ဆွေမျိုးမဲ့ အထီးကျန်တွေ
သားတို့မှာလည်း ဆွေမျိုးရင်းချာမပြောနဲ့ အဘိုးအဘွား ခေါ်စရာ



www.burmeseclassic.com

www.burmeseclassic.com



တောင် မရှိကြရှာဘူး၊ ဒါကြောင့် ဦးကို သမီးတို့တွေ ဦးရေ၊ ဘကြီး
နဲ့ ခေါ်ပြောမိတိုင်း ရင်ထဲမှာ အရမ်းကို နွေးထွေး ကြည်နူးရပါတ

"အေး .. ကုးပ်ကလည်း အားလုံးကို ကိုယ့်မြေးသားလေးတွေ
ချစ်ခင်ခဲ့တာပါ၊ အခုတစ်ခေါက် သမီးအငယ်မလေးကလည်း
ထွက်ဖို့ရှိတော့ ကလေးတွေ ရောက်လာကာစက ဘဘကို ဝင်ခေါ်
ဆိုတော့ မလိုက်ဖြစ်တော့တာ ပြောပြပြီး ရှိတဲ့လက်ဆောင်
ထုပ်ပိုးပေးလိုက်မယ် စိတ်ကူးသေးတာ၊ နောက်မှ သမီး ကျန်းမာ
မကောင်းဘူးဆိုတာ ပြောပြတာနဲ့ ထလိုက်လာခဲ့တာ၊ အဘကို ပွင့်
လင်းလင်း ပြောပြပါဦး .. သမီးတို့အိမ်ထောင်ရေး အဆင်ပြေ
ရဲ့လား.."

"ဟင်!... ပြေပါတယ် အဘ၊ ဘာဖြစ်လို့လဲဟင်"

ရုတ်တရက် ကောက်မေးလိုက်လို့ ခေါ်ချစ်ဖူးငုံ အံ့ဩသွားခဲ
လည်း ဦးဘသောင်း ကတော့ အမှတ်မထင် မေးခဲ့တာ မဟုတ်ပေ

သူနဲ့ ဒီမိန်းကလေး လမ်းပေါ်မှာ ဆုံမိကြစဉ်က သူမသည် ကို
လေးလက်ဝန်ကြီးနှင့် တစ်ယောက်တည်း ကားမောင်းထွက်လာ
ဘေးမှာ လူမမယ်ကလေးငယ်လေး တစ်ယောက်ပဲ ပါသည်။

နောက်တော့ ထပ်သိရတာက ယောက်ျားနဲ့အဆင်မပြေလို့ ထွ
လာခဲ့သည့်အကြောင်း ... ဒါတွေကို သူမရဲ့ လှုပ်လီလှုပ်လဲ့ပုံစံလေး
မြင်လိုက်ကတည်းက တွေးမိခဲ့တာ ဖြစ်၏။

နလုံးရောဂါ ရှိနေ သည်၊ အစာအိမ် မကောင်းဘူးဆိုတာလ
ကြိုသိခဲ့ပါလျက် ...

'မေမေက နိုင်ငံခြားမှာ အလုပ်လုပ်နေတာ' လို့ ကလေးတွေ
လိုက်တော့ ဒီမိန်းကလေး အိမ်ထောင်ရေးဒုက္ခကြောင့်များလား
တွေးလိုက်မိတာ မိဘစိတ်နဲ့ ဖြစ်သည်။





ခေါ်ချစ်ဖူးငုံ သည် ဦးဘသောင်း ရုတ်တရက် မဖြေဘဲနေမှ
ခွန်းကို သဘောပေါက်သွားကာ နှစ်ယောက်စလုံးရှိနေကြသည့်
တွေကိုပါ လှမ်းကြည့်မိလျက် ...

"ဩော် .. အဲဒါကြောင့် မဟုတ်ပါဘူး၊ သမီးတို့ အိမ်ထောင်ရေး
ဆင်ပြေပါတယ် ဦးရဲ့ .. ဟိုအရင်ကတော့ အသက်ချင်းလည်း နည်း
ကွာတယ်မို့လား၊ သမီးက ဆိုးတာပါလို့ပဲ ဝန်ခံရမှာပါ၊ သားတို့
ဖေက ဝတ္တရားကျေပွန်တဲ့ အိမ်ထောင်ဦးစီးကောင်းတစ်ယောက်ပါ၊
ယ်စိတ်နဲ့တုန်းက အပြောများ၊ အယူများဖြစ်ခဲ့တာတွေကို အသက်
ယ် ရလာတော့မှ ကွင်းကွင်းကွက်ကွက် မြင်လာတယ် ဦးရယ်..၊
တော့ ဝမ်းနည်းတယ်၊ ပြန်ပြောရမယ်ဆိုရင် အဲဒီညကလေ ဦးတို့လို
တော်ကောင်းတွေနဲ့သာ မဆုံခဲ့ရင် လမ်းပေါ်မှာ မအေက ဝေဒနာ
အပြီး လူးလိမ့်၊ သားလေးက လူမမယ်နဲ့ ကိုယ့်အတွက်ထက် သား
သား ဘယ်လောက်ကြောက်လိမ့်မလဲလို့ တွေးမိတိုင်း ရင်တုန်နေ
မိ.."

"မေမေကလည်း ပြီးခဲ့တာတွေကို စိတ်ဆင်းရဲခံပြီး တွေးမနေပါ
တော့ .."

"ဟုတ်သားပဲ .. ဘကြီး ရောက်လာတုန်း ရွှင်ရွှင်လန်းလန်း
ယ်မောပြောဆိုပြီး အားလုံး စိတ်ချမ်းသာကြပါစေ"

ဦးစိုးမိုးသူ က သူ့အိမ်သူ ပြန်ဖို့အတွက် အိမ်ထဲက ထွက်လာရင်း
ချိုင့်ကြည့်ရင်း ပြော၍ ရှေ့ကို တစ်ခါတည်း ထွက်၏။

"လေးလေး ပြန်တော့မှာလား .."

လို့ မေးပြီး ချစ်သော ထလိုက်သွားတော့ ခေါ်ချစ်ဖူးငုံ က ထိုနှစ်
ယောက်ကို လိုက်ကြည့်နေကာ ...

"အဲဒါတွေကို ပြောကို ပြောချင်နေတာ၊ ပြောချင်လို့ ဦးကို သား



www.burmeseclassic.com

www.burmeseclassic.com



အရမ်း မျှော်နေခဲ့တာ၊ အနားမှာ ကလေးတွေပဲ ရှိတာဆိုတော့ ဒါရေ
ပြောလို့ရမယ့်လူက မရှိဘူးလေ"

"အေးပါ .. အေးပါ .. ပြောပါ၊ စိတ်မချမ်းသာစရာတွေပေမ
ပြောပြီး ဖွင့်ထုတ်လိုက်တော့ ပေါ့ပါးသွားတာပေါ့"

ဦးဘသောင်း က ထောက်ခံလိုက်တော့ သားမှာ ထိုင်ကြည့်
သည့် ချစ်သူ က ရယ်သည်။ ပြီးတော့ မိခင်ဖြစ်သူလက်ကို ဆုပ်ကို
ထားလိုက်ပြီး ...

"မေမေက သူ့ကိုယ်သူတော့ အသက်ကြီးနေပြီ၊ အရွယ်ကျနေပြ
နဲ့ အကြီးသောင်း သိလား .. တကယ်တမ်းကျတော့ ခုမှ တကယ
ကလေးနဲ့ တူနေတာ၊ ဝမ်းနည်းပြီဆို ကျွန်တော်တို့ ဘာမှ ပြင်ဆင်ရ
မရလိုက်ခင် မျက်ရည်က ကျပြီးသား၊ ဒေါသဖြစ်လာရင်လည်း ဘယ
သူ့ကိုမှတော့ ဆူတာရိုက်တာ မလုပ်ဘူး၊ တစ်ယောက်တည်း ကွိစိကွ
တွေ ပြောနေတာ မပြီးတော့ဘူး"

"ဟား .. ဟား .. ဟား .. အဲဒါ ကလေးဆန်တာ မဟုတ်ဘူးကွ
သူငယ်ပြန်တာလို့ ခေါ်တယ်"

"ဟုတ်လို့လား ဦးရဲ့ .. သမီး အဲလောက် အသက်မကြီးသေး
ပါဘူး"

"ဟော!... မကြီးသေးဘူးလား၊ ဟား .. ဟား ..."

အားလုံး ရယ်မောရွှင်လန်းသွားကြသည်။

ဦးဘသောင်း ရယ်သာ ရယ်နေရသည် ရင်ထဲမှာ မကောင်းပါ
သူမစိတ်ထဲမှာ ဘယ်သူမှမသိနိုင်သော အထီးကျန်ခံစားမှုတစ်ရပ် ကိန်း
အောင်းနေ၍ ဤသို့ ငိုလွယ်ရယ်လွယ်ခြင်းတွေ ဖြစ်ခဲ့သည်မှန်း လူကြီး
ပီပီ ပြေးမြင်မိ၍ ဖြစ်၏။

အနားမှာ တိုးတိုးဖော်ခင်ပွန်းသည်က မရှိ၊ အနီးကပ် နွေးထွေး





ပေးမည့် သမီးက မပါ...။ ထို့ပြင် သူမကို နွေးထွေးစွာ စောင့်ရှောက်နိုင်
မည့် မိဘဆွေမျိုး အကြီးအကဲဆိုတာလည်း မရှိရှာ...။

ရယ်နေရသည့် နှုတ်ခမ်းတွေက လျှော့ရိလျှော့ရဲ ဖြစ်လာခဲ့ရကာ
ပြုံးနေသော ဒေါ်ချစ်ဖူးငုံ မျက်နှာလေးကို အကဲခတ်နေမိ၏။

သူလည်း ဒီမိန်းကလေးကစပြီး ကလေးတွေအထိ ဘာဖြစ်လို့
သံယောဇဉ်ကြီးနေမိမှန်း မသိပါ...။

တော်နဲ့ မြို့ ...၊

ဆွေနီးမျိုးစပ်လည်း မတော်၊ အခြေအနေ အဆင့်အတန်းချင်းက
အိပ်မက်ထဲမှာတောင် နှိုင်းယှဉ်မကြည့်သင့်သည့် ဘဝတွေ ...၊ လူချင်း
သည်းမနီး၊ သွေးလည်းမနှောပါဘဲ တစ်ဦးကိုတစ်ဦး တမ်းတ တွယ်တာ
နေမိကြ၏။

"သမီး တကယ်ပြောတာပါ၊ ဦး ပြောသလို သူငယ်ပြန်နေတာ
သည်း ဟုတ်ချင်မှ ဟုတ်မှာ .."

"မဟုတ်ပါဘူး မချစ် ရယ် .. တမင် ပေါ့ပါးအောင် ကျုပ်က
တာပါ၊ ညည်း အသက်ငယ်ငယ်ပဲ ရှိသေးတာ သူငယ်ပြန်နေတယ်
ဆိုရင် ကျုပ်တို့ နေစရာရှိတော့မှာ မဟုတ်ဘူး"

ဒေါ်ချစ်ဖူးငုံ က နှမ်းဖတ်ဖတ်မျက်နှာနှင့် ပြုံးရယ်တာတွေ ပြန်
သည် ကွယ်ပျောက်လျက် ...

"နောက်ဆိုရင် သားကြီးလည်း အိမ်ထောင်ရက်သား ကျတော့
မယ်၊ သားငယ်က အစကတည်းက အိမ် သိပ်ကပ်တာ မဟုတ်ဘူး"

"အဲဒီတော့လည်း အလိမ္မာ အိမ်ပါ မိန်းကလေးနဲ့ လက်ထပ်ပေး
ပြီး သားရော သမီးရော ရအောင် အနားမှာ ခေါ်ထားပေါ့ မချစ် ရဲ့...၊
ဘာတွေးပူနေတာလဲ"

"ပြောသလောက် မလွယ်လို့ပေါ့ ဦးရယ် .. အဲဒီလို ဖြစ်စေချင်ပေ



www.burmeseclassic.com

www.burmeseclassic.com



မယ့် သူတို့ချစ်တာလေးနဲ့ပဲ ပေါင်းပါစေဆိုတဲ့ စေတနာကလည်း ရှိသေးတယ်လေ"

"ဒါဆို လူလေး ချစ်သူ က အိမ်ထောင်ပြုတော့မှာ သေချာပြီပေါ့"

မေးလာတော့မှ ချစ်သူ က ပျာပျာသလဲ ခေါင်းခါလိုက်၍ ...

"မဟုတ်သေးပါဘူး ဘကြီးသောင်း ရာ .. သူလည်း မလေးမှာ အလုပ်လုပ်နေတုန်း၊ ကျွန်တော်လည်း ကြိုးစားတုန်းပဲ၊ ရည်ရွယ်ထားကြတာပါ၊ အခု မေမေ မကျန်းမာတော့ အဲဒီကိစ္စကို ပိုတောင် ခေါင်းထဲ မထည့်နိုင်သေးတယ်"

ဒေါ်ချစ်ဖူးငုံ က မလွှတ်တမ်း ဆုပ်ကိုင်ထားသည့် ချစ်သူ လက်ကို နောက်လက်တစ်ဖက်နဲ့ ထပ်ဆုပ်ကိုင်ကာ ...

"ထည့်ပါ သားရယ် .. မေမေက သားတို့ အထီးကျန်ဆန်ဆန် ကြီးပြင်းခဲ့ရတာကို ယူကျုံးမရ ခံစားလာခဲ့ရတာ၊ ဘဝကြင်ဖော်ရှာဖို့ ကိစ္စကို ခေါင်းထဲ သေချာထည့်ရမှာပေါ့"

ပြောနေရင်း မျက်ရည် လည်ပြန်၏။

"စိတ်မကောင်းဖြစ်မိတာ တစ်ခုပါပဲ"

ဒေါ်ချစ်ဖူးငုံ မျက်နှာ ခပ်ငုံ့ငုံ့ဖြစ်သွားခဲ့ပြီးမှ ...

"မေမေ့ချွေးမလောင်းက နိုင်ငံခြားမှာ အလုပ်လုပ်နေတဲ့အဖြစ်ကို မေမေ ခံစားနေရတယ်၊ သားတို့အဖေရဲ့မျိုးဆက်တွေ .. မေမေ့ဘက်က သားတို့ရဲ့ အဒေါ်မောင်နှမတွေ .. သူတို့တွေကစပြီး တစ်သုတ်ပြီးတစ်သုတ် ခွဲထွက်သွားလိုက်ကြတာ မင်းတို့အဖေလည်း သွားရော မေမေတို့ပဲ ကျန်ခဲ့ရတယ်၊ ကြည့်စမ်း .. အခု သားကြီးကစပြီး နိုင်ငံခြားလမ်းစကို ထွင်ဖို့ ကြိုးစားပြန်ပြီ၊ သားရဲ့နောက်က ပြန့်ပွားလာမယ့် မျိုးဆက်တွေကို မျိုးချစ်စိတ်တွေ ဖြစ်လာအောင် မေမေတို့ ဘယ်လို လုပ်ကြမလဲ .."





ချစ်သူ မျက်နှာပျက်သွားကာ ဘာမှလည်း မပြောနိုင် ..။

ဦးဘသောင်း ကတော့ နားလည်လိုက်၏။ ဒေါ်ချစ်ဖူးငုံ ၏ ခံစားအစုစုတို့ မြစ်ဖျားခံရာ ...

"မမကြီး ဆေးသောက်ချိန် ရောက်ပါပြီရှင် .."

"ဟင်!..."

"ယူခဲ့ပါ ဒေါ်ပု"

ချစ်သူ ကပဲ ပြန်ပြောလိုက်၏။ ဒီအိမ်မှာ အလုပ်သမားတွေ ရှိကြပေမယ့် စိုပြည်မှုတော့ မရှိခဲ့ပေ။ ဒါပေမယ့် ...

"မေမေ တို့ စကားဝိုင်း မပြီးသေးဘူးလား၊ ညစာ စားကြမယ်လေ၊ ဘကြီးသောင်း လည်း နားချင်မှာပေါ့ မေမေရ .."

ဦးစိုးမိုးသူ နဲ့ ဘယ်ထိ ပါသွားသည်မသိဘဲ အိမ်ထဲ ပြန်ရောက်လာသည့် ချစ်သော က ဒေါ်ချစ်ဖူးငုံ ထိုင်နေသည့် ဆက်တီကျောဘက်ကို သွားပြီးမှ မိခင်ဖြစ်သူ၏ ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်သည်။

"ထ .. မေမေက တစ်ခုခု စား .."

"ဟိုမှာ ဆေးလာပြီ .. မေမေ ဆေးသောက်ရမှာလေ သားငယ်၊ ဘကြီးကိုခေါ်ပြီး သားတို့ သွားစားကြလေ"

"ဘယ်ရမလဲ .. သား ထမင်းစားရင် မေမေ အနားမှာမရှိဘဲ စားဖူးလို့လား၊ လာပါ မေမေရာ .. မေမေ နေမကောင်းရင်တောင် သားက မေမေ့အိပ်ရာဘေးမှာ လာစားတာ၊ ဆေးမသောက်ခင် နို့တစ်ခွက်တော့ သောက်ပေါ့"

ပြောနေရင်း လူကြုပါလာအောင် ပခုံးနှစ်ဖက်ကနေ သာသာလေး ဆွဲမထူ၏။

"အေးပါ .. မေမေ လိုက်ပါ့မယ် သားရဲ့၊ ခဏ လွှတ်ဦး"

သားအမိကိုကြည့်၍ ဦးဘသောင်း စိတ်ချမ်းသာသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကျတော့ ချစ်သော က မဆိုးဘူးဘဲ ..၊ အငယ်ဆုံးဗီဗီ အိမ့်ဆည်းလည်းလေးနဲ့လည်း တူပုံရသည်။

"လာ .. ဘကြီးသောင်း .. စားသောက်ပြီးမှ သတင်းလေးဘာလေးကြည့်ပြီး နားပေါ့"

"အေးပါ .."

ချစ်သူ က ဘကြီးသောင်း ထလိုက်လာတဲ့အထိ စောင့်ခေါ်၏။

ဒေါ်ချစ်ဖူးငုံ ကန်တော့ထားသည့် ဦးဘသောင်း အတွက် အထည်တွေ အထပ်လိုက်နှင့် ပိုက်ဆံအုပ်ကြီးက စားပွဲပေါ်မှာ မောက်ကြွကျန်ရစ်၏။

အရင်နှစ်တွေဆို ဒါမျိုးတွေကို ရွာအထိ ကိုယ်တိုင် သွားကန်တော့ပြီး ပို့ပေးနေကျ ..၊

ကျန်းမာရေးနှင့် ကံအကြောင်း နှစ်ရပ် မညီညွတ်ခဲ့၍သာ ..၊





## အခန်း [၁၀]

"ညီ တွေ့လား ..ဘကြီးသောင်း ရောက်လာကတည်းက မေမေ ရွှင်ရွှင်လန်းလန်း ဖြစ်နေတာ"

"ဟုတ်တယ် .. တွေ့တယ်"

ညီအစ်ကိုနှစ်ယောက် ထမင်းစားခန်းအပြင်ကနေ ရပ်ကြည့်နေကြပေမယ့် အစ်ကိုဖြစ်သည့် ချစ်သူ က အလုပ်သွားခါနီးမို့ လက်ဆွဲအိတ် အညိုရောင်လေး ကိုင်ထားလျက်ရှိကာ ညီဖြစ်သူက အပြင်ထွက်ခည့် ရှိုးအပြည့်နှင့်။ လတ်တလော ဖုန်းကိုင်ထားပြီး မပြောဖြစ်သေးတာ ဖြစ်၏။

ထမင်းစားခန်းထဲမှာ ဒေါ်ချစ်ဖူးငုံ က စားပွဲဘေးမှာ ထိုင်လျက်ရှိတာ ဦးဘသောင်း က အငွေ့တထောင်းထောင်းထနေသည့် ထမင်းကြော်ပန်းကန်ထဲကို ဆလတ်ရွက်နဲ့ မုန်လာဥနီတွေ သေချာ ဖြန့်ခင်းသည့်ပေးနေ၏။

"စားကြည့် .. အဲဒါ ပစ်ထဲည့် ထမင်းကြော်လို့ ခေါ်တယ်၊ ညည်းနဲ့ ဒေါ်လေးမြ ကိုပဲ တမ်းတမနေနဲ့၊ ကျုပ်ကြော်တဲ့ ထမင်းကြော်ကို စားလည်း ကြည့်ဦး"



www.burmeseclassic.com

www.burmeseclassic.com



တောသားပီပီ ဟင်းရွက်စိမ်းတွေကို ကဇွန်းဆန်ဆန်မဟုတ်ဘဲ ဆေးကြောသန့်စင်ပြီးတာနှင့် ထမင်းပန်းကန်ထဲကို လက်နဲ့ပဲ ဖြစ်သလို ဆိတ်ဖွ ထည့်သည်။

အငွေ့တထောင်းထောင်းထနေသော ငပိရည် နည်းနည်း ရော ထည့်ကြော်ထားသည့် ထမင်းကြော်ပေါ်မှာ ဟင်းရွက်တို့ကလည်း အစိမ်း ရောင်မပျက် ငွေ့ငွေ့ဖတ်ဖတ်လေး နွမ်းကျသွားတော့ စားချင်စရာပါ..

ဒေါ်ချစ်ဖူးငုံ က ဦးဘသောင်း လုပ်ကိုင်ပေးနေသမျှကို ကလေး လို လိုက်ကြည့်နေလျက် မျက်နှာပေါ်မှာလည်း အပြုံးတွေ ဝေနေ၏။

"ခဏနေဦး .. ကြက်ဥနဲ့ ခရမ်းချဉ်သီးကို မကျက်အောင် ကြော် ပေးမယ်"

"မကျက်အောင် ကြော်မယ် .."

"ဟုတ်တယ်.. ခရမ်းချဉ်သီးလည်း မညှိုးဘူး၊ အဲဒီပေါ်မှာ ကြက်ဥ အကာက ဒီတိုင်း အပုံလိုက် ရှိနေရမယ်"

ဦးဘသောင်း က ကိုယ်လုံးဝဝကြီးနှင့် မီးဖိုဘက်ကို ကူးသွား လိုက်၊ ဒီဘက် ပြန်လှည့်လာလိုက်နှင့် စကားတွေလည်း ပြောနေသည်။

မလှမ်းမကမ်းမှာ နေ့လယ်စာအတွက် ငရုတ်သီးထောင်းနေသည့် ဒေါ်ပု က သဘောတွေကျနေသည့် မျက်နှာကြီးနှင့် လှမ်းကြည့်လိုက် ပြန်ငုံ့သွားလိုက် ...

"ဟုတ်တယ်နော် .. ဦးလေးက တော်လိုက်တာ၊ လုပ်ကိုင်သွား တာ ဖြစ်သလိုပုံစံပေါက်တော့ တောဆန်သလိုလိုနဲ့ .."

"ဟင်းတွေ ထွက်လာတော့ မကောင်းဘူးလား .."

"ကောင်းတယ် .."

ဒေါ်ချစ်ဖူးငုံ က မြိန်ရှက်စွာ စား၏။ ဦးဘသောင်း က အနားမှာ ပဲ ခုံဆွဲထိုင်လိုက်ကာ ...





"တကယ် ကောင်းရဲ့လား"

"အရမ်းကို ကောင်းတာ ဦးရဲ့ .. ဒေါ်လေးမြ က မိန်းမဆိုတော့ ဦးလေးထက်ပိုပြီး ညင်သာတယ်၊ ကဇွန်းဆန်တာမျိုးပေါ့၊ ဦးလေးက မြိန်ဆန်ဆန်ကြီး ပစ်ထည့်ခွဲချလိုက်သလိုပဲ၊ ဒါပေမယ့် ကောင်းတာပဲ"

"ညည်း ဒေါ်လေးမြ ကို မမှီဘူးလို့ ပြောချင်တာလား"

"မဟုတ်ဘူး .. တစ်မျိုးစီ ကောင်းတာ၊ တကယ် ပြောတာပါ၊ သမီးက ဦးရဲ့လက်ရာကို ခုမှ စားဖူးတာလေ"

"အေးပါ.. ကျုပ်ကလည်း လူမမာလေးဖြစ်နေတာကို ခံတွင်းကောင်း သွားအောင် လက်စွမ်းပြလိုက်တာ၊ တတ်သည့်ပညာ မနေသာပေါ့"

ပြောလည်းပြော၍ တစ်ယောက်တည်း ရယ်သည်။ ဒေါ်ချစ်ဖူးငုံ ကတော့ စားကောင်းနေတာမို့ ခေါင်းမဖော်နိုင်သေး ..။

ထမင်းကို ငပိရည်လေး ထည့်ကြော်ကာ ပုစွန်ချဉ်သပ်သပ်သုပ် ပြီးမှ ထမင်းကြော်ထဲကို ထပ်ထည့်ပြီး မွှေပစ်လိုက်သည်။

ထို့ကြောင့် စပ်စပ်လေးလေးမှာ ပုစွန်ချဉ်လေး တစ်ဖတ်နစ်ဖတ် ပါးမိသည်။ ကြက်သွန်စိမ်းနံ့လေးလည်း ရနေ၏။

ဆလတ်ရွက်နဲ့ မုန်လာဥနီပါးပါးလေးတွေ ထပ်အုပ်ပေးထား တော့ ထမင်းကြော်တစ်ပွဲထဲမှာ အရသာတွေ စုံနေသည်။ ပြီးတော့ ကြက်ဥမွှေကြော်က စားချင်စရာ ဝင်းစက် အိတုန်နေသေးသည်။

"အရမ်းကောင်းတယ်၊ ဒါပေမယ့် ဒီတစ်ပွဲလုံး ကုန်အောင် စား လိုက်ရင် သမီး ဘာဖြစ်သွားမလဲ မသိဘူးနော် .."

အစာအိမ်ရှိနေသဖြင့် အစပ်အချဉ်တွေရှောင်ခဲ့ရတာ ကြာပြီဖြစ် ၏။ ပြီးတော့ အစားကြမ်း မစားရ၊ ဝအောင် မစားရနှင့်..၊

ဦးဘသောင်း က ဒေါ်ချစ်ဖူးငုံ ကို သနားကရုဏာသက်သည့် မျက်ဝန်းများနှင့်ကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမဖြစ်ဘူး .. စား .."

"စားရမယ် .."

"ဟုတ်တယ် .. ငါ ဘာဖြစ်မှာလဲလို့ တွေးပြီး မျိုချမနေနဲ့၊ ဒါ
စားရမှ ငါ့ရဲ့စိတ်ဆန္ဒ ပြည့်မှာဆိုတဲ့ ပေါ့ပါးတဲ့စိတ်နဲ့စား၊ ဘာမှမဖြစ်ဘူး

ဒေါ်ချစ်ဖူးငုံ က မျှော်လင့်ထားသည့်စကားကို ကြားလိုက်ရသဖြ
ဝမ်းသာသွားပုံလည်းရှိကာ တစ်ဝက်ကျော်ကျော် ကုန်သွားပြီဖြစ်သည့်
ပန်းကန်ကို ပြန်ငုံ့ကြည့်တော့ မရဲတရဲ ..။

"စားပါ မချစ် ရဲ့ .. ညည်းကို ငါက အန္တရာယ်ဖြစ်လောက်တာ
ကျွေးပါ့မလား၊ တောမှာ တိရစ္ဆာန်တွေကို ဆေးကုနေတဲ့ ဆရာပေမယ့်
ခန္ဓာငါးပါးနဲ့ သတ္တဝါတိုင်းဟာ ဓာတ်ကြီးလေးပါးနဲ့ ဖွဲ့စည်းနေကြတာ
အတူတူပဲ၊ ရောဂါတစ်ခု တွယ်ကပ်လာရင် ကံ စိတ် ဥတု အာဟာ
မညီမျှလို့ပဲ မတည့်စာရှောင်၊ တည့်တဲ့အစာရှော ကိုယ် အလိုအပ်ဆုံး
တောင့်တလာရင် အဲဒါ ကိုယ့်အတွက် အာဟာရလို့ မှတ်၊ စိတ်
အာဟာရကို ညည်းက အရေးမကြီးဘူး ထင်လို့လား .."

"မထင်ပါဘူး"

"ဟုတ်တယ် .. မထင်ရဘူး၊ စိတ်ကြောင့် သေ၊ စိတ်ကြောင့်ပဲ
အသက်ရှင်နေတာတွေမှ အများကြီးပဲ၊ တရားကျင့်နေတဲ့ ပုထုဇဉ်
သံဃာတော်တွေတောင်မှ အစာအာဟာရ မပြည့်ဝရင် အရဟတ္တဖိုလ်
မတည်နိုင်ဘူး၊ ညည်း အခု စားချင်တာလေး စားလို့ရအောင် ထမင်း
ပူပူကို ပျော့ပျော့လေးချက်ပြီး ငရုတ်သီးလေး ရှိန်းရုံ၊ ချိုတာလေး
လေးသွားရုံနဲ့ အချဉ်လေး စားပြီး ခံတွင်းလိုက်အောင်လို့ ကျုပ် သေချာ
စီစဉ်ပေးထားတာ၊ ဟင်းရွက်စိမ်းကလည်း ဒီလောက်လေး စားရုံနဲ့
အန္တရာယ် မဖြစ်ပါဘူး"

"သမီး ယုံကြည်သွားပြီ ဦးလေး၊ အားရပါးရ စားတော့မယ်"





"စား .."

ဒေါ်ချစ်ဖူးငုံ ထမင်းစားလိုက်၊ ရေနွေးလေးသောက်လိုက်နှင့် ပြုံး
ကြည့်နေတာကို အကြာကြီး ရပ်ငေးနေကြပြီးမှ သူတို့အိမ်ရှေ့ကို ရောက်
လာကြ၏။

"မင်းက ဘယ်ထွက်ဦးမလို့လဲ ညီ .."

"ထွက်စရာရှိလို့ပေါ့ ကိုချစ် ကလည်း .. ညီ အပြင်ထွက်တာ
မြင်တိုင်း မေးရတာ မမောဘူးလား"

"မင်း သွားလာနေရတာတွေ မမောဘူးလားဆိုတာပဲ၊ ကိုယ့်ကိုယ်
ကိုယ် ပြန်မေးပါဦး"

"မောတယ် .. ဘယ်မှ မသွားလာရတဲ့နေ့ .."

"သနားစရာကိုး .."

သူ့မျက်နှာကို စောင်းကြည့်ပြီး ကားနားထိ ဆင်းသွားတော့ ချစ်
သော ရယ်သည်။

"ကိုချစ် နေဦး .."

သူ တစ်ခုကိုသတိရပြီး တလှားလှား ဆင်းလိုက်သွားလျှင် တံခါး
ဖွင့်ဖို့ လက်တင်ပြီးမှ ချစ်သူ က ပြန်ရပ်စောင့်၏။

"ညီ အခု အပြင်ချည်းပဲ ထွက်နေရတာ ဘာဖြစ်လို့လဲ သိလား"

"ဟွန်း .."

ချစ်သူ က တံခါးဖွင့်လိုက်ပြီး ကိုင်ထားသည့်အိတ်ကို အထဲလှမ်း
ထည့်ရင်း ...

"ပြောချင်နေတဲ့ ပြီတီတီကြီးနဲ့ ညီရာ.. ပြောမနေနဲ့တော့၊ သိတယ်"

"ဘာ သိတာလဲ"

"မိန်းမ ပိုးနေတာလေ"

"လွဲပြီ"



www.burmeseclassic.com

www.burmeseclassic.com



ချစ်သော က ရယ်ကျဲကျဲ ရှုံ့မဲ့မဲ့မျက်နှာနှင့် ပခုံးတွန့်လိုက်ပြီးမှ...

"ကောင်မလေးတစ်ယောက်ကို မေ့ဖို့ ကြိုးစားနေရတာ"

"ဘာ!..."

"အပွန်း.. အဲဒီကောင်မလေးကလေ ဆံပင်နားပန်းဆံနဲ့ မျက်နှာ က ညိုညိုလုံးလုံး၊ မျက်လုံးပြူးပြူး၊ နှာတံက ချွန်နေပြီး အဖျားမှာ လုံးလုံးလေး .."

"ကဲ .. တော်ပါပြီကွာ၊ အလုပ် နောက်ကျနေပြီ"

"နေဦး .."

ချစ်သူ က ကျောခိုင်းပြီး ကားထဲဝင်ဖို့လုပ်တော့ ချစ်သော က ဆွဲထား၏။

"ကိုယ်လုံး လှတယ် သိလား၊ ဘာဖြစ်လို့ လှရတာလဲဆိုတော့ သူ ရန်ဖြစ်တဲ့အခါ ခါးထောက်ကောင်းအောင် ခါးလေးသေးပြီး တင် လေးပြည့်နေတာ .."

"ဟေ့ .."

"ဟား .. ဟား .. ဟား ..."

ချစ်သော က လူငယ်ပီပီ ပြောစရာရှိပြီဆို တစ်တစ်ခွခွ ..၊ ချစ်သူ မျက်နှာနီချင်ချင်နှင့် တားဆီးလေသည်။ ဒါတောင် ပြောနေတာက မပျက်သေး...၊

"တကယ် ပြောတာ .. ရန်ဖြစ်နေရင် အရမ်း ချစ်ဖို့ကောင်းတာ"

"ညီ .."

"ဟင် .."

"မင်း ငါ့ကို နောက်နေတာ မဟုတ်ဘူးပေါ့"

"နောက်စရာလား ကိုချစ် ရာ.. ပြောလို့ပြီးနေကာမှ တစ်ကနေ ပြ စမေးတယ်၊ ဒီမှာ မေ့နိုင်အောင်တောင် ကြိုးစားနေရပါတယ် ဆိုမှ...





စကားလုံးတွေ ရှုတ်ပြနေတာတော့ အတည်ဖြစ်နိုင်ပေမယ့် ရယ် ...ဲ့မျက်နှာက ယုံချင်စရာ မရှိ ...၊

"ဘယ်သူလဲ .. ဘကြီးသောင်း နဲ့ ..."

"ဘာမှမတော်တဲ့ မွေးစားသမီး...၊ ကိုချစ် မြင်ဖူးမှာ မဟုတ်ပါဘူး၊ ...ကတော့ သိချင် သိမှာ၊ သူတို့က အိမ်နီးချင်း သံယောဇဉ်ဖြစ်ပြီး ...းလိုက်တာဆိုတော့ မိဘအိမ်မှာ နေလိုက်၊ ဘကြီးသောင်း တို့ဆီ ...လိုက် ရှိခဲ့တာတဲ့၊ ညီတို့ ခဏတဖြုတ် ရောက်ဖူးတဲ့အချိန်က သူတို့ ... မရှိခိုက် ဖြစ်မှာပေါ့၊ မွေးစားတာလည်း သိပ်မကြာသေးဘူးတဲ့"

"မင်းက တကယ် စိတ်ဝင်စားနေတာလား ညီ"

"နည်းနည်းပါးပါး .."

ပြောပြီး ရယ်သည်။ ရယ်ပြီးတော့ ခေါင်းမှော့ ဆံပင်သပ်၏။

"'တုံး'တာ 'အ'တာနဲ့ မတူဘူး၊ ဒါပေမယ့် မြို့ကပုံတွေနဲ့လည်း ... မဆိုင်ဘူး၊ မထူးဆို ဘယ်သူ့ပုံစံနဲ့မှကို မတူတာ၊ ပွန်း .. ထူးခြား ...ဆွာနဲ့ မဆန်းပြားသော သာမည်ည .."

"ကဲ .. တော်ပါတော့ကွာ .. ဘကြီးသောင်း ကြားလို့ သူ့ဆေးတံ ...နဲ့ ခေါင်းခေါက်ခံနေရဦးမယ်၊ ကောင်မလေးကို မင်း ဘာတွေ ...ကြောင်ခဲ့သေးလဲ"

'ကြောင်ရဲပါလိမ့်မယ်၊ အားကြီး'လို့ စိတ်ထဲကပြောရင်း ပခုံးတွန့် ...၊ ပြုံးနေဆဲ နှုတ်ခမ်းများနှင့် မကြာခဏ မြင်ယောင်မိသည့် ကိုယ့် ...ခြင်ကိုပဲ ရယ်ချင်လာသည်။ ထို့ကြောင့် ချစ်သူ မျက်နှာရှေ့ကနေ ...ည့်ထွက်ခဲ့ရင်း သွားတွေပေါ်အောင် အသံတိတ် ရယ်မိ၏။

ဘာမှလည်း မဆိုင်ဘဲနဲ့ ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၁၁ ]

ပြန်တော့ ပြန်ချင်ပေမယ့် ဒေါ်ချစ်ဖူးငုံ ၏ ကျန်းမာရေးကြေ
ပြန်ဖို့စကားကို ပြောမထွက်ခဲ့ပေ ..။

ထို့ကြောင့် ရန်ကုန်မှာ ရက်တွေ ကြာသွားခဲ့၏။ လူမမာ
ကောင်းနိုးရာရာလေးတွေ ချက်ပြုတ် ကျွေးလိုက်၊ ဘုရားအကြော
တရားအကြောင်းတွေ ပြောဖြစ်လိုက် ..။

ရှေးဟောင်းနှောင်းဖြစ်တွေ၊ ဓာတ်ခလေး၊ ရောဂါ၊ ရိုးရာအကြော
တွေ ဦးဘသောင်း ပြောသမျှ ဒေါ်ချစ်ဖူးငုံ စိတ်ဝင်တစား နားထေ
တတ်ကာ ထူထူထောင်ထောင် လန်းလန်းဆန်းဆန်း ဖြစ်လာ
လည်း သိသာ၏။

"ဘကြီးသောင်း .. မပြန်နဲ့ဦးနော်"

ဆိုသည့် စကားကို ချစ်သူ တို့ညီအစ်ကိုကလည်း နေ့စဉ် ပြော
သဖြင့် မပြန်ဖြစ်ဘဲ ရက်တွေ ကြာခဲ့ရခြင်းဖြစ်သည်။

ဒီနေ့တော့ အားလုံး ပြင်ဆင်ထားပြီးသားဖြစ်ကာ သူ ပြန်မှ
အိမ်မှာလည်း လူစုံနေ၏။ နှုတ်ဆက်စကားတွေပြောရင်း လိုက်ပို့





ပို့မှာဖြစ်လျက် ကျန်ခဲ့မည့်သူကလည်း နှုတ်ဆက် ကန်တော့ပြီး
ညှိဝေ့၏။

"ဦးလေး .. နောက် နှစ်တိုင်း လာရမယ်နော်၊ သမီးကတော့
ာရေးကောင်းလာရင်တောင် ဒီလိုခရီးမျိုး သွားနိုင်ဖို့ သိပ်မလွယ်
ူး"

"ဖြစ်ရလေ မချစ် ရယ် .. ညည်းက သေဖို့တွက်နေပြီဆိုရင်
ကာ အရိုးဆွေးလို့ ရနေပြီပေါ့၊ သက်တမ်းအရဆိုရင် ကျုပ်က
တို့လေးတွေထက် အစောကြီး မြေကြီးထဲရောက်မှာ .."

"ကဲပါ .. မေမေက ဘာပြောပြော ဒီကျန်းမာရေးပေါ်မှာပဲ ရစ်
ပြောနေတယ်၊ စိတ်ရွှင်လန်းရင် ကိုယ် ကျန်းမာပါတယ်"

"အေးလေ .. ငါ့ကလေးတွေတောင် သိနေပြီ"

ဦးဘသောင်း ဒေါ်ချစ်ဖူးငုံ မျက်ရည်ဝေ့နေတာကို စိတ်မကောင်း
ဘကကြီးက ဒီလိုကွာဝေးတဲ့လူတွေကိုမှ ဘာဖြစ်လို့ သံယောဇဉ်
တွနဲ့ ငြိတွယ်စေခဲ့တာလဲ ..၊

"ကဲ .. ဘကြီးလည်း ပြီးစီးနေပြီ၊ မိုးမချုပ်ခင် ရွာကိုရောက်မှ
ဆိုတော့ သွားရအောင်"

ပြန်လိုက်ပို့မည့်လူက ဦးစိုးမိုးသူ ပဲမို့ အားလုံး နှုတ်ဆက်နေကြ
စိတ်ရှည်လက်ရှည် ထိုင်စောင့်နေပြီးမှ သတိပေးရင်း ထရပ်
သည်။

သူ ဒီလိုမှ မလှုံ့ဆော်ရင်လည်း ဒီနှုတ်ဆက်စကားဝိုင်းက အပြီး
တော့မှာ မဟုတ်၊ ထိုစဉ် ဖုန်းသံကြောင့် နှောင့်ယှက်ခံလိုက်ရ
ညြည်နေသည့်ဖုန်းဆီ အားလုံးလှည့်ကြည့်လိုက်မိကြ၏။ ပြီးတော့
း်မှာရှိသည့် ချစ်သူ ကပဲ ကောက်ကိုင်လိုက်ကာ ...
တလို .."



www.burmeseclassic.com

www.burmeseclassic.com



"... ... ..."

"ဟုတ်ပါတယ် .. အခု ပြောနေတာ ဘယ်သူလဲ မသိဘူး"

"... ... ..."

"ဗျာ!..."

ချစ်သူ မျက်လုံးတွေ ဦးဘသောင်း ဆီ တန်းခနဲ ရောက်သွား

"ဟုတ်ကဲ့ .. ခဏလေးနော်၊ ဘကြီးသောင်း ရော့ .."

အရေးတကြီးပုံစံနှင့် လှမ်းပေးလိုက်သဖြင့် ဦးဘသောင်း မျ ပျက်သွားသလို ကျန်တဲ့လူတွေပါ အသံတွေ တိတ်ကျသွားပြီး နာ နေခဲ့ကြ၏။

"အကြီးမလား .. ပြောလေ .."

"... ... ..."

"ဟုတ်လား .. ဘယ်နေ့ကလဲ၊ ဘာဖြစ်လို့ ခုမှ ပြောတာ

"... ... ..."

"အေး .. အေး .. ပြီးရော၊ အဘ သွားလိုက်မယ်"

"... ... ..."

"သမီးတို့အမေကို စိတ်မပူနဲ့လို့ ပြောလိုက်၊ ဘဘ ဂရုစိုက်မယ်

ဦးဘသောင်း ဖုန်းချလိုက်ပြီး မျက်နှာမကောင်းပေမယ့် သိမ် လုပ်သည့်ပုံစံတော့ မဟုတ်ခဲ့ဘဲ ...

"သမီး အငယ်မလေ .. သူတို့ ဆရာ၊ ဆရာမတွေ ဘုရားဖူး လာတဲ့ကား လမ်းမှာ တိုက်မိလို့တဲ့ .."

"အို!... ဒုက္ခပါပဲ"

"မနေ့ညနေကတည်းက ရန်ကုန်ဆေးရုံကြီးမှာတဲ့၊ ရွာကိုဆေ ခုနကမှ သတင်းရောက်လာတဲ့"

"ဘာတဲ့လဲ ဦးလေး၊ ဘာဖြစ်သွားသတဲ့လဲ .."





"အသေအပျောက်တော့ မရှိဘူးလို့ ပြောတယ်၊ ဒဏ်ရာပြင်းတဲ့ ရ သုံးယောက်တဲ့၊ အငယ်မ အခြေအနေကို သေချာ မသိသေးဘူး၊ ချ သွားကြည့်ရဦးမယ်၊ ဒီနေ့တော့ ပြန်ဖြစ်တော့မှာ မဟုတ်ဘူး"

"သွားကြည့်ရုံတင် ဘယ်ဟုတ်မလဲ ဦးလေးရယ် .. သူ့အဖွဲ့နဲ့ ဘာတယ်ဆိုပေမယ့် ရန်ကုန်မှာ သမီးတို့တွေ ရှိနေသားနဲ့၊ မစောင့် ရောက်လို့ ဖြစ်မလား၊ သားကြီးက အလုပ်သွားရမှာဆိုတော့ စိုးမိုး ့ သားငယ်တို့ ဘကြီးနဲ့လိုက်သွား၊ ဟိုမှာ လိုအပ်တာ အစစ အားလုံး ပ်ပေး၊ ရှုပ်ပါတယ် .. နေ့ထိုင်ရအောင် သက်သောင့်သက်သာရှိ အောင် လူနာအခြေအနေကိုကြည့်ပြီး အိမ်ကို ပြန်ခေါ်လို့ရရင် ခေါ်ဖို့ ပ်၊ သိလား .. စိုးမိုး မကြီး စိတ်ချမယ်နော်"

ဒေါ်ချစ်ဖူးငုံ ဟိုမှာဒီမှာနှင့် ပျာယာခတ်နေ၏။ ဦးစိုးမိုးသူ ခေါင်း တ်မိသည်။ စိတ်ထဲရှိတဲ့အတိုင်း ပြောရလျှင် လူနာရှင်ထက်တောင် ပူနေသလား မသိ ..။



www.burmeseclassic.com

## အခန်း [၁၂]

နဖူးအထက် ချိုစောင်းလောက်မှာ ဒဏ်ရာရသည်။ ဘယ်ဘက်ခြေထောက်မှာ ခြေကျင်းဝတ် ရောင်သွား၏။ ထို့ကြောင့် ...

ဒဏ်ရာကိုချုပ်ရတော့ ဆံပင်တချို့ကို ကွက်ရိတ်လိုက်ရသဖြင့် ခါတိုင်းလို နားပန်းဆံမစည်းနိုင်တော့ဘဲ ဖားလျားရှလေးဖြစ်သွားသည်။

ခြေထောက် တော်တော်ရောင်နေတော့ လမ်းလည်း သိပ်မလျှောက်နိုင်ဘဲ ခုတင်ပေါ်မှာ ငုတ်တုတ်လေးအတိုင်း ...။

"သမီးကို အန်တီ မှတ်မိတာပေါ့၊ ငယ်ရုပ်လေးမှ မပြောင်းတာ၊ ညီအစ်မနှစ်ယောက်စလုံး ဆံပင်ရှည်လေးတွေပဲ၊ ဒါပေမယ့် အကြီးမလေးက ကျစ်ဆံမြီးလေးပဲ ကျစ်တာ၊ သမီးကတော့ ဖို့ယို့ဖားလျားလေးပဲနော်"

အခန်းပြင်ထွက်သွားမလို့ လှည့်လိုက်ပြီးမှ ပြန်ငဲ့ကြည့်တော့ မေးဖျားက ပခုံးမှာ ထိကပ်လျက်၊ မျက်တောင်ဖျားတွေ မှေးစင်းပြီး ရိုသလိုလို လှောင်သလိုလို...။ ဒေါ်ချစ်ဖူးငုံ မေးတာကို မဖြေဖြစ်ဘဲ ထိုမျက်ဝန်းတွေဆီ သူမ အကြည့်တွေ ဖျတ်ခနဲ ရောက်၏။





သူ့ဆီကိုမှ လှမ်းကြည့်လိုက်တာမို့ ချစ်သော က ဒီဘက်ပြန်လှည့်လိုက်ပြီး ပခုံးတွန့်သည်။ ပြောလိုက်တာကို နှိုင်းယှဉ်ကြည့်မိလို့ပါ...။

ဟိုတုန်းက ဖို့ယို့ဖားလျားလေးပဲနော် တဲ့၊ သူ မြင်ခဲ့တာကတော့ ကျွဲချိုကြီးနှစ်ဖက်လိုပါ ...။

မေမေ့ မျက်လုံးထဲမှာ အဲဒီမိန်းကလေး ဘယ်လောက်ထိ ချိုထောင်တယ်ဆိုတာ မသိရှာပါလား ...။

သား ဘာလုပ်သွားလို့လဲ ...၊

လူငယ်နှစ်ယောက် မျက်လုံးချင်း ဆုံသွားတာကို ရိပ်မိလိုက်ကာ နှင်းဆီ မျက်နှာလေး တင်းသွားတော့ ဒေါ်ချစ်ဖူးငုံ ကိုယ့်သားကို လှမ်းကြည့်မိ၏။

ချစ်သော က အပြင်ထွက်သွားပြီဖြစ်သည်။ နှင်းဆီ ၏ မျက်ခုံးထူထူလေးတွေက မသိမသာ တွန့်ကုတ်နေလျက် ...။

"သမီးလေး စိတ်ချမ်းချမ်းသာသာ နေနော်"

ဘာဖြစ်တာလဲလို့ မေးမကောင်းပေမယ့် လူငယ်ချင်း ချစ်ခင်သင့်မြတ်နေကြတာ မဖြစ်နိုင်မှန်း တွေးမိလိုက်သဖြင့် စိတ်ကူးတွေ လွဲကုန်အောင် ဖန်တီးလိုက်ရသည်။

"ဦးလေးကလည်း သူ့သမီးလေး တော်ကြောင်း၊ ဘယ်လောက်ချစ်ကြောင်းတွေပဲ ပြောနေတာ၊ အန်တီဆီမှာ ဘာမှအားမနာနဲ့ သိလား၊ ဦးလေးက အန်တီရဲ့မိဘလည်း ဟုတ်တယ်၊ အဆွေခင်ပွန်းကောင်း၊ ကျေးဇူးရှင် .. အထူးထူးသော ဂုဏ်ကျက်သရေတွေနဲ့ ဒီမိသားစုထဲက လူပါ၊ သမီးတို့ကို လွမ်းလို့ ပြန်မယ်ပြင်နေတာလေ၊ အန်တီတို့သားအမိတွေက တားထားကြတာ၊ ဒီနေ့ သမီးလေးကြောင့် မပြန်ဖြစ်တာကွယ့်၊ ကျန်းမာရေးအတွက် မပြောကောင်းပေမယ့် အန်တီကတော့ ဝမ်းသာသွားမိတယ်၊ သမီးလည်း အသက်အန္တရာယ်

www.burmeseclassic.com



မစိုးရိမ်တော့ဘူး၊ ဦးလေးလည်း မပြန်ဖြစ်တော့ဘူးလေ၊ ဒီမှာ အားလုံး ဆုံမိကြပြီဆိုတော့ ...”

“ခြော် ... မကြီးကလည်း ပြောတော့မယ်၊ ဟိုမှာ ဘကြီးမျက်နှာလည်း ကြည့်ပါဦး”

ဘေးမှာ ထိုင်နေရသည့်လူက ရှိနေသမျှ လူအားလုံး၏ ပြုံးရယ်ပြောင်းလဲခြင်းအစစကို မြင်နေရသဖြင့် အားနာသလို ဖြစ်မိသည်။

ဦးဘသောင်း ကိုယ်တိုင် သူ့သမီးလေးကို စိတ်ပူနေတာလား၊ ရွာကိုစိတ်ရောက်နေသည်လား မသိ၊ မျက်နှာမကောင်းဘဲ ရှိနေဆဲဖြစ်သည်။ ချစ်သော ဆိုတဲ့ ကောင်လေး မထိတထိ ပြုံးပြီး ထထွက်သွားတာလည်း ကြည့် ...၊ နှင်းဆီ ကို အားနာဖို့ ကောင်းသည်။

အစ်မဖြစ်သူမှာ လူတွေစုံနေတာကိုပဲ ဝမ်းသာအားရကြီး ဖြစ်လျက်...၊ ဒါနဲ့တောင် မပြီးသေး။

“ဦးလေးက ရွာကို စိတ်ရောက်နေမှာပေါ့၊ ဟိုကလူတွေလည်း သမီး ကို ပူပန်ကြမှာလေ၊ ဒီလိုလုပ်ပါလား ဦးရဲ့ .. ဒေါ်လေးနဲ့ သမီးကြီးတို့ကိုပါ ခဏလာဖို့ ခေါ်လိုက်ပါလား၊ သမီး သားတို့ကို ခေါ်နိုင်းလိုက်မယ်လေ၊ လူမမာကိုလည်း ပြုစုရင်း ရန်ကုန်မှာ ဘုရားဖူးရတာပေါ့”

“မကြီးကလည်းဗျာ ..”

ဦးစိုးမိုးသူ နောက်ထပ် ဝင်တားတော့ ဦးဘသောင်း က နားလည်သည့်အပြုံးနှင့် ပြန်ကြည့်၍ ...

“ပြောပါစေကွာ .. ကျုပ်ကလည်း ကျုပ်သမီးကို အကောင်းတိုင်းပြန်မြင်နေရတဲ့ဟာ၊ သမီးကို ပူပန်လွန်းလို့ တွေးနေတာ မဟုတ်ပါဘူး၊ သူ စိတ်ချမ်းသာအောင် ဘယ်လို ဆောင်ရွက်ပေးရရင် ကောင်းမလဲလို့ တွေးနေတာပါ”





ဦးစိုးမိုးသူ အံ့သြသွားသည်။ ဘကြီး နှုတ်ဆိတ်နေခဲ့တာ ဒီလိုတွေးနေတာမှန်း နည်းနည်းမှ မထင်ခဲ့မိပေ။ ထို့ပြင် ...

ခုတင်ခေါင်းမှာ ငုတ်တုတ်လေးထိုင်နေသည့် နှင်းဆီ ကိုယ်တိုင် အံ့သြသည့်မျက်နှာလေးနှင့် ဖြစ်၏။

“ကျုပ် ပြန်သွားရင်တောင် ပြန်သွားကာစမှာ သူ ဟာတိဟာတာကျန်ခဲ့ရှာမှာ၊ အခု သမီးက အနည်းဆုံး တစ်ပတ်ဆယ်ရက်၊ ပိုချင်လည်း ပိုမယ်၊ အဲဒီလောက် ထပ်ကြာကြာနေကြဦးမယ်၊ လူကလည်း ပိုများသွားမယ်လေ၊ ဒီလူတွေ ပြန်သွားရင် သူ ပိုဆိုးတော့မှာ..”

“ဟုတ်တယ် .. ဒါကြောင့် ပြောတာပေါ့၊ ရွာက ဒေါ်လေးတို့ကိုပါ ခေါ်လိုက်ပါဆို၊ ဒီမှာ တစ်လ ကိုးသီတင်း နေကြပေါ့”

ဒီလိုဆို ကျေနပ်သွားမည်လို့ ထင်သည်လား ...၊

ဦးစိုးမိုးသူ နဲ့ ဦးဘသောင်း မျက်လုံးချင်း ဆုံသွားကြသည်။ နှင်းဆီ ကတော့ မျက်နှာတွေကို လိုက်ကြည့်နေပေမယ့် ဘာမှဝင်မမေးခဲ့ပါ ...။

သူမအတွက် မစိမ်းပေမယ့် မရင်းနှီးကြသည့်လူတွေချည်း ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

ကော်ဖီသောက်နေကြတာမို့ လူတွေ စုံနေကြသည်။ နှင်းဆီ ကို ဒေါ်ပု က တွဲခေါ်လာတော့ ချစ်သူ က လှမ်းကြည့်ကာ ...

"ခြေထောက်က ဘာဖြစ်သွားတာလဲ"

"နာနေ .."

"ဘာမှမဖြစ်ဘူး၊ အကောင်းကြီး .."

'နာနေလို့'လို့ ဖြေဖို့ဟာ ဆုံးတဲ့အထိ မပြောလိုက်ရဘဲ ချစ်သော ဖြေချလိုက်တော့ နှင်းဆီ မျက်နှာလေး တည်သွားသည်။ ဒီကပဲ ဘာမှ မဖြစ်ဘဲ တမင် လုပ်ပြနေသလိုလို ..။

"သားငယ်ကလည်းကွယ် .. စကားပြောတာ ပြည့်စုံအောင် ပြောစမ်းပါ"

ဘယ်သဘော သက်ရောက်သွားမှန်းသိကာ ဒေါ်ချစ်ဖူးငုံ က ဝင်ထိန်းသည်။ မနေ့ကတည်းက အလုပ်ထဲမှာပဲ ညအိပ်ပြီး မိုးလင်းခါနီးမှ ပြန်လာသည့် သားကြီးက နှင်းဆီ ရဲ့အခြေအနေကို သေချာ သိသေးတာ မဟုတ်..၊





"လာ .. သမီးလေး .. လာ .. ထိုင် .."

"ရပါတယ် .. အကြီးရဲ့ .. နေပါ"

ထဆွဲခေါ်တော့မတတ် များများသလဲ ဖြစ်နေသဖြင့် သားကို ကြည့်မရသည့်စိတ်ကို အသာထားလိုက်ရသည်။

နှင်းဆီ စကားကောင်းအောင် ပြောလိုက်ပြီး ဒေါ်ချစ်ဖူးငုံ ညွှန်ပြသည့်ခုံမှာ ထိုင်လိုက်တော့ ချစ်သူ ရဲ့ဘေးမှာ ဖြစ်၏။ ထို့ပြင် မကြည့်ချင် မြင်လျက်သားဆိုသလို မျက်လုံးက ဒေါ်ချစ်ဖူးငုံ ဘေးက ချစ်သော ထံ ရောက်သွားမိပြန်သည်။

ချစ်သော က သူမကို မကြည့်ပါ။

ဒါပေမယ့် မီးကင်ထားသည့် ပေါင်မုန့်ကို ထောပတ်သုတ်တာ၊ သကြားတင်တာ မဟုတ်ဘဲ ဒီတိုင်းကိုင်ပြီး ဖင်ပြန်ခေါင်းပြန် လှည့်ကြည့်နေသည့်မျက်နှာက စပ်ဖြဲဖြဲ ..၊

ဘာတွေ သဘောကျစရာ ပါလို့လဲ ..၊

နှင်းဆီ မကျေနပ်စိတ်တွေ အသင်းအဖွဲ့ဖြစ်လျက် ထိုမျက်နှာကို စူးစိုက်ကြည့်မိ၏။

သူမ ကြည့်နေမှန်းသိလေ ချစ်သော မျက်နှာကြီး ရယ်ချင်ပက်ကျိ ဖြစ်လာလေ ..။

မေမေ့ကို ခေါ်လိုက်တာ ဘာတဲ့ .. အကြီး ..။

ဘယ်လို အရွယ်မျိုးကို အကြီးလို့ ခေါ်မှန်း မသိပေမယ့် ဘယ်သူက ဘယ်သူ့ကို ခေါ်တာမှ မကြားခဲ့ဘူးသဖြင့် ရယ်ချင်နေသည်။

"သမီးလေး ဘာစားမလဲ၊ ထမင်းကြော် ရှိတယ်၊ ကော်ဖီရော မုန့်တွေရောပဲ စားချင်တာ မပါသေးရင် ပြောနော်၊ လုပ်ရတာ ဘာမှ မကြာဘူး"

"ဟုတ်ကဲ့ အကြီး .."



www.burmeseclassic.com

www.burmeseclassic.com



"အပွင့်း .."

ချစ်သော အသံထွက်သွားပြီးမှ ပါးစပ်ထဲကို ပေါင်မုန့်တစ်ချပ်လုံး ထိုးထည့်လိုက်ရသည်။

"ဘယ်လို ဖြစ်နေတာလဲ သားငယ် .. သမီး အနေရခက်အောင်၊ ဆင်ဆင်ခြင်ခြင် နေစမ်း"

မနေသာတော့ဘဲ သားဖြစ်သူကို လှည့်ဆူရတော့သည်။

ချစ်သူ မျက်မှောင်ကုတ်သွား၏။ သူ ခုမှ သတိထားမိသည်။

ညီ ပြောတဲ့ ကောင်မလေးလား ..၊





အခန်း (၁၄)

"ဟာ!... ညီမလေးက အလုပ်တွေ ဝိုင်းလုပ်နေတာလား၊ မလုပ်ပါနဲ့ကွာ .."

ချစ်သူ ကို လှည့်ကြည့်ပြီး နှင်းဆီ ပြုံးပြမိသည်။ ချစ်သောသူဆိုတဲ့ လူနဲ့တော့ တခြားစီပဲ ထင်သည်။

သူ့ကိုယ်သူ မိန်းမမှန်း မသိ၊ ယောကျ်ားမှန်း မသိလောက်အောင် ချောမွန်နေအောင်ပြင်ပြီး ချောလှပြီ ထင်နေ၏။

တကယ် ယောကျ်ားပီသပြီး ချောသည့် မင်းချစ်သူ ပုံစံနှင့် ဘာမှဆိုင် ..၊

ဆံပင်တိုတို၊ အသားလတ်ရှိနှင့် ယောကျ်ားပီသသည့် အရပ်အမောင်းမှာ ကြွံခိုင်မှုလည်း ရှိ၏။

သူ့ကျတော့ ဆံပင်က ဂုတ်ကျော်အောင် ရှည်သည်။ အဖျားတွေသာမှ လှိုင်းတွန့်သလို ခပ်လန်လန်တွေက တမင် ပုံသွင်းထားတာပဲ ဖြစ်နိုင်၏။ ထို့ပြင် ရွှေအိုရောင် နုတာ ရင့်တာတွေနဲ့ အရောင်တင်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူ လို လေးထောင့်ဆန်ဆန် မျက်နှာကျပုံလည်း မဟုတ်ဘဲ ပါးရိုးအနည်းငယ် ပေါ်ကာ ပြားသလိုလို ဝိုင်းတာလိုလို ..။

မထူမပါးနှင့် နုရဲနေသည့် နှုတ်ခမ်းတွေက မင်းသားတွေ တမင် အရောင်တင်ပြီး ပြင်ထားတာမျိုး၊ ဘယ်အချိန်ကြည့်ကြည့် ဒီတိုင်း..။

"လူလေးက ဒန်ဓာအဖွဲ့မှာ ခေါင်းဆောင်တဲ့၊ မင်းသားလုပ်ဖို့ ကမ်းလှမ်းကြတာတောင် ရှိတယ်ဆိုလားပဲ၊ လူငယ်လည်းဖြစ်တော့ ဒီလောက်တော့ ရှိမှာပေါ့ သမီးရယ် ..၊ ခုခေတ်မှာ ယောကျ်ားလေးဖြစ် ဖြစ် မိန်းကလေးဖြစ်ဖြစ် ပြင်ဆင်နေကြတာပါပဲ"

ဘဘနဲ့ နှစ်ယောက်တည်းရှိတုန်း ကြည့်မရတာတွေ ပြောမိတော့ ဘဘက ဤသို့ ရှင်းပြသည်။ ဒီလောက် ဖြစ်စရာလား ..

"ဒေါ်ကြီးပု ကလည်း မလုပ်အားရင် ထားလိုက်ပါ၊ ညီမလေးက နေကောင်းတာ မဟုတ်ဘူး"

ချစ်သူ အသံကို နောက်ထပ်ကြားတော့မှ ခဏလေး ခုန်ထွက်သွားသည့်စိတ်က ကိုယ်မှာ ပြန်ကပ်၏။ ကိုင်ထားဆဲ လိုက်ကာစတွေကိုပါ ချထားလိုက်မိကာ ...

"မဟုတ်ပါဘူး .. ညလေးဖာသာ ပျင်းလို့ ဝင်ကူနေတာပါ၊ ခြေထောက်က သက်သာနေပြီလေ၊ ဘဘနဲ့ အကြီးတို့လည်း ဘုရားဖူးသွားကြတော့ ပျင်းလို့ .."

'ညီမလေး'လို့ ပြောတိုင်း 'ညလေး'ဆိုတဲ့ အသံထွက်ပဲ ဖြစ်နေတာမို့ ယောကျ်ားလေးတစ်ယောက်ရှေ့မှာ တမင်နွဲ့ပြီးပြောတာနဲ့မတူ-

နှင်းဆီ သည် သိပ်လှတယ်တော့ မဟုတ်ပေမယ့် စကားပြောသွက်တာလေးက ချစ်ဖွယ်ပင် ..။

"ဟုတ်ပါတယ် .. လူလေးရယ်၊ ဒေါ်လေး ပြောနေတာပါ"

"ကဲ .. ထားလိုက်ပါတော့၊ လာ .. ကိုကြီးတို့ စကားပြော





အောင်"

တွဲမလို လက်ဖြင့်ပြီးမှ နှင်းဆီ က ရှောင်ဖယ်ချင်တာကို အကဲ တ်ပြီး ဒီတိုင်းပဲ ခေါင့်ခေါ်ခဲ့ရသည်။ နှစ်ယောက်သား အပေါ်ထပ် ည့်ခန်းမှာပဲ မျက်နှာချင်းဆိုင် ထိုင်လိုက်မိကြပြီး ...

"ညီမလေးကို ကိုကြီး ပြောချင်လို့ စဉ်းစားနေတာ၊ ပြောပြီးမှ အားနာတဲ့သူက အနေခက်၊ ခင်မင်နေကြတာတွေကို အခွင့်အရေးယူ သလို ထင်ပြီး အားလုံး အထင်လွဲကုန်မှာ စိုးတယ်"

"ဘာမို့လို့လဲဟင်"

နှင်းဆီ က စိတ်ဝင်စားသည့်မျက်နှာလေးနှင့် ဖားလျားချထား သည့် ဆံပင်တွေကိုပါ နဖူးကနေ အသာလေး သိမ်းလှန်ပစ်၏။

ကော်လံနဲ့ လက်စည်းမှာ အဖြူလေးတွေ ရစ်ထားသော စပို့ရှပ် အနက်လေးနှင့် နှင်းဆီ ကို ချစ်သူ က ခင်မင်သည့်အပြုံးများနှင့် ကြည့်နေလျက် ...

"ကိုကြီးတို့အိမ်မှာ မိန်းကလေး မရှိတဲ့အချက်က မေမေ့အတွက် အရမ်းကို အထီးကျန်ဆန်စေမှန်း ခုလို လူတွေများလာမှ ပိုသိလာ ယ်၊ နောက်ဆိုရင် ကိုကြီးကလည်း အိမ်ထောင်ပြုမှာလေ၊ ချက်ချင်း ဟုတ်ပေမယ့် ပြုတာကတော့ ပြုမှာပဲ"

"ဒါဆို ပြီးပြီပေါ့ ကိုကြီးရဲ့ ..၊ ကိုကြီးရဲ့ဇနီး ဒီရောက်လာရင်.."

"အဲဒီလို မဟုတ်ဘူး .. ညီမလေးရဲ့ .."

စိတ်မကောင်းသည့် အမူအရာတွေကို မြင်လိုက်သဖြင့် နှင်းဆီ ချင်စိတ်နှင့် နားစွင့်မိသည်။ ချစ်သူ သည် ဓါးကရက်တစ်ချက်နှင့် ခြစ်ကိုင်ထားသည့်လက်က မီးခြစ်ကို လက်မနဲ့ ဖိပွတ်လျက် မီးညှိ င်းသို့ မရောက်ဘဲ ...

"သူက ကိုကြီးဆီမှာ လိုက်နေဖို့မပြောနဲ့ ပြန်မာပြည်မှာ ပြန်လာ



www.burmeseclassic.com

www.burmeseclassic.com



နေဖို့တောင် ကိုယ်တို့ချင်း မနည်း ဆွေးနွေးခဲ့ရတာ၊ ဟိုတုန်းကတည်းက သူက အရမ်းကြိုးစားတယ်၊ တော်လည်း တော်တယ်၊ နောက်ပြီး နည်းပညာတွေ တိုးတက်ဖြင့်မားနေတဲ့ နိုင်ငံတွေကို အထင်ကြီးတဲ့စိတ်က သူ့ရင်ထဲမှာ အမြဲတမ်း ရှိတယ်၊ ပညာစုံအောင် ကြိုးစားကြတာတောင် ကိုယ်က ကိုယ့်ရဲ့အမိမြေက ပေးတဲ့ဘွဲ့ကို မြတ်မြတ်နိုးနိုး ယူခဲ့တယ်၊ သူက နိုင်ငံခြားကဘွဲ့ကို ယူနိုင်မှ မက်မောတယ်၊ သံယောဇဉ်တွေနဲ့ အနိုင်အမာ ချည်တုပ်ခဲ့ကြလို့သာ ဒီလောက်ထိ မကွဲမကွာ လက်တွဲလာနိုင်ခဲ့တာ၊ မဟုတ်ရင် ကိုယ်တို့ မလွယ်ဘူး"

"ဒါဆို ကိုကြီးက သူ့ကိုလက်ထပ်ပြီးရင် နိုင်ငံခြားမှာ လိုက်နေမှာပေါ့"

"အဲဒီလို မဆုံးဖြတ်မိအောင် ကိုယ် ကြိုးစားမှာပါ"

"သူ့ကို ဒီမှာ အတူနေဖို့ပဲ ဆွေးနွေးကြည့်ရင်ရော ..."

"သူလည်း ကြိုးစားမယ်လို့တော့ ပြောတာပဲ"

ရင်မောစရာပါလား ...၊

အသံကွေ ခဏ တိတ်သွားခဲ့ပြီးမှ ချစ်သူ က စီးကရက်နဲ့ မီးခြစ်ကို ပူးကိုင်လိုက်ပြီး စားပွဲပေါ်ကို လှမ်းတင်၍ ...

"မေမေ ကိုကြီး ဆုံးဖြတ်ခဲ့တဲ့ အိမ်ထောင်ရေးကို သဘောမကျဘူးကွ၊ အဲဒါ ကိုကြီး သိတယ်၊ ဒါပေမယ့် မေမေ မတားဆီးခဲ့ဘူး၊ ကိုကြီးကလည်း လက်တွဲထားတာကို မဖြုတ်ချင်ဘူး၊ တို့သားအမိကြားမှာ ပွင့်လင်းချင်ပေမယ့် ပွင့်လင်းလို့ မရတဲ့ အခက်အခဲတွေနဲ့ ဒီတိုင်းနေခဲ့ကြရတယ်၊ နောက်ထပ် ရက်ရှည်လများလည်း ဒီလိုပဲ ရှိနေဦးမှာ၊ အဲဒါ သေချာတယ်"

"ကိုကြီးက ဒီအခြေအနေမှာ မိန်းကလေးတစ်ယောက် အကြီးအတွက် လိုအပ်တယ်လို့ ဘာဖြစ်လို့ ထင်တာလဲ...၊ အကြီး တကယ်





ပ်နေတာက သူ့သားကြီးကို ဆုံးရှုံးလိုက်ရတော့မယ်မှန်း သိနေတဲ့ ရဲ့သံယောဇဉ် မဟုတ်ဘူးလား ..."

အထင်ကြီးသွားသည့် ချီးကျူးချင်သော မျက်ဝန်းတွေ နှင်းဆီ လေးပေါ် ရောက်လာ၏။ ပြီးတော့ နှစ်ခြိုက်စွာ ပြုံးလိုက်ကာ...

"ငါ့ညီမကို ကလေးစိတ်နဲ့ ထက်မြက်မယ့်ပုံလေးလို့ပဲ ထင်ခဲ့တာ၊ ထက်မြက်တာက ဟုတ်တယ်၊ ကလေးဆန်ပေမယ့် အတွေး မတိမ်ဘူး၊ ယ် လေးစားပါတယ်"

"ကိုကြီးကလည်း အဲဒီလို မဟုတ်ပါဘူး၊ ညလေးက စပ်စပ်စုစု သိပ်လုပ်တတ်တာ၊ စပ်စုတဲ့လူဆိုတာ ဒါတွေ ဘယ်က စဖြစ်လာ လဲ၊ ဒီလို ဘာကြောင့်လုပ်ကြတာလဲ၊ ပြောကြတာလဲ စသဖြင့်..."

"မဟုတ်ဘူးကွ ... အဲဒါကို ဆင်ခြင်တတ်တာလို့ ခေါ်တယ်၊ တဲ့လူတိုင်း ဒီလို ဆင်ခြင်ကြည့်ကြတာ မဟုတ်ဘူး၊ တစ်ခုကို ယ်ချဲ့ပြီး ခွဲခြမ်းစိတ်ဖြာမယ်ဆိုရင်တော့ အဆုံးအစမဲ့ ထွက်လာ တာပဲ၊ အဲဒီတော့ စပ်စုကြခြင်းအကြောင်းကို တို့ မပြောတော့ဘူး မေမေ့အကြောင်းပဲ ပြောရအောင် .."

"ဟုတ် .. ပြောပါ"

"ညီမလေး ခြေထောက် တော်တော် သက်သာသွားပြီလား"

မေမေ့အကြောင်းဆိုပြီး မေးတော့ တခြား ...၊

"လျှောက်နိုင်နေပါပြီ၊ သိပ်တော့ မသန်သေးဘူးပေါ့"

"ခေါင်းက ဒဏ်ရာရော .."

"သက်သာပါပြီ"

"ဒါဆို ပြန်ချင်နေပြီပေါ့"

"ကိုကြီးက ညလေးကို ဒီအိမ်မှာ နေပေးစေချင်တာလား"

နှင်းဆီ က လျှင်သည်။ သူ မပြောရသေးဘဲ လိုရင်းကို တန်းမေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။ ချစ်သူ ကလည်း ခဏပဲ ငြိမ်နေပြီး ခေါင်းညိတ်ကာ ...

"ဟုတ်တယ် .. ဘကြီးသောင်း ကလည်း လူမမာကိုင်ငဲ့ပြီး အဲဒီတိုင်း စီစဉ်ပေးချင်တဲ့ဆန္ဒ ရှိတယ်၊ မေမေကိုယ်ဝိုင်က ဒီသားနှစ်ယောက် သူ့မျက်စိအောက်ကနေ တစ်ယောက်စီ ထွက်သွားတာကို ထိုင်ကြည့် ကျန်ရစ်ပြီး ပြန်ရောက်လာကြမှာကို မိုးချုပ်တဲ့အထိ ငုတ်တုတ် ထိုင်စောင့်လာခဲ့ရတဲ့ အထီးကျန်ဆန်မှုကို ခါးသီးနေတဲ့သူ၊ အဲဒါကြောင့် သူ့ရဲ့ဘေးမှာ တစ်စုံတစ်ယောက် ရှိနေပေးမယ်ဆိုရင် ကျေနပ်တယ်ပေါ့ကွာ၊ အားလုံးက မင်းကို မပြောဖြစ်ကြဘဲ ဆန္ဒတွေကို မျိုသိပ်ချင့်ချိန်နေကြတုန်းမှာ ကိုကြီး အရဲစွန့်ပြီး ပြောကြည့်တာပါ"

သူမကို ကြည့်လိုက်တော့ ခါးခါးသီး ခေါင်းခါပစ်လိုက်တာမျိုး မဖြစ်သေးသည်မို့ သူ စကားဆုံးအောင် ပြောခွင့်ရသွား၏။

"မြို့မှာနေတာဆိုတော့ ညီမလေး တောမှာ သွားရေးလာရေး မလွယ်ကူလို့ ဆက်မပြောဖြစ်ခဲ့တဲ့ စာမေးပွဲလည်း ဆန္ဒရှိရင် ပြန်ဖြေလို့ရမယ်၊ ဘောကလူတွေလည်း ညီမလေး ဒီမှာရှိရင် မကြာခဏ ဝင်ထွက်သွားလာဖြစ်ကြမယ်လေ၊ အတူလာနေကြမယ်ဆိုရင်လည်း ရွာလုံးကျွတ်ပဲလာလာ ကြိုဆိုမှာပါ၊ ညီမလေး ဒီမှာ နေဖြစ်အောင် ကိုယ်တို့ဘက်က တခြားနည်းနဲ့ ဖြားယောင်းဖို့လည်း မရှိတော့ဘူးဆိုတော့ စဉ်းစားပေးပါကွာ .. နောက်ဆုံး ရန်ကုန်မှာ နှစ်ခြင်းအောင် အလည်သဘောနဲ့ပဲ နောက်ထပ်ကြာကြာ နေပေးမယ်ဆိုရင်လည်း ကျေနပ်ပါတယ်"

"အကြီးကို ညလေး ခင်ပါတယ်"

"အင်း .."

"ဒါပေမယ့် ..."

"ဘာဖြစ်လဲ .. ဆက်ပြောလေ .."





"ဘဘ ပြောတဲ့ စကားတွေထဲမှာ ညလေးကို ဒီမှာ နောက်ထပ်နေခဲ့ပေးစေချင်မှန်းလည်း ညလေး ရိပ်မိတယ်"

ချစ်သူ သူမ ပြောလာမှာကို စိတ်လှုပ်ရှားစွာ နားစွင့်နေမိသည်။

"ဒါပေမယ့် ကိုကြီးရဲ့ညီနဲ့ ညလေးက တည့်တာ မဟုတ်ဘူး"

ချစ်သူ 'ဟင်ခနဲ' ဖြစ်သွားပြီး ပြူးလိုက်တော့ နှင်းဆီ က ခေါင်းခါပြရင်း ...

"ညလေး ကလေးဆန်တာ မဟုတ်ဘူးနော်၊ အငြိုးအတေးတွေနဲ့ ခုန်းကြတာ မဟုတ်တော့ဘူး၊ ဒီလောက်အဆင့်ပဲ ရှိတာလေ..၊ ဒါပေမယ့် ဒီလောက်အဆင့်လေးကပဲ တော်တော်ဆိုးဝါးတဲ့အခြေအနေလို့ ပြောလို့ရတာယ်၊ ပိုဆိုးတာက ညလေးက မိန်းကလေး၊ ပြီးတော့ ကိုကြီးတို့ အဆင့်အတန်းလောက် .."

"သိပြီ .. ကိုကြီး နားလည်ပြီ၊ အဲဒီအတွက် ကိုကြီးတို့ဘက်က တတ်နိုင်သုံး ရပ်တည် ကာကွယ်ပေးပါ့မယ်၊ နောက်ပြီး ညီမလေး မနေနိုင်ပါဘူးလို့ ပြောတာနဲ့ ချက်ချင်း ပြန်ပို့ပေးပါ့မယ်ဆိုတဲ့ ကတိလည်း ပေးပါတယ်၊ မေမေ့အတွက် ညီမလေး စဉ်းစားပေးနော်၊ ဘကြီးသောင်း နဲ့ တိုင်ပင်ပါ၊ ရွာကို တစ်ခေါက်ပြန်ပြီး တိုင်ပင်ချင်သေးတယ်ဆိုလည်း လိုက်ပို့ပါ့မယ်၊ ကိုကြီးတို့အတွက် အရမ်းကို အရေးကြီးလို့အပ်နေလို့ပါ ညီမလေးရယ် .. နောက်တစ်ခု ကိုကြီး ယုံကြည်တာက ညီမလေးက စိတ်ဆတ်သလို သည်းမခံကတတ်သလို ထင်ရပေမယ့် နားလည်မှုရှိတဲ့ မိန်းကလေးပါ၊ ဘကြီးသောင်း နဲ့ ကိုယ်တို့ဆိုတာလည်း သွေးမတော်ပေမယ့် သွေးထက် ရင်းနှီးပါတယ်၊ သွေးမျိုးရင်းချာတွေလို ရင်းနှီးတဲ့စိတ်နဲ့ စဉ်းစားပေးပါ"

ချစ်သူ တတ်နိုင်သမျှ နူးညံ့ချိုသာစွာ တောင်းပန်နေမိသည်။ အမေ့အတွက် ပြည့်စုံစေချင်သလို ကိုယ့်ညီ ဘယ်လို အချိုးမပြေတာကို



www.burmeseclassic.com

www.burmeseclassic.com



လည်း သိနေလို့ ဖြစ်သည်။

ဟိုအရင် နှင်းဆီ ကို ဆေးရုံက ခေါ်ဆင်းလာကာစမှာလည်း သူများကို လှောင်သလို ပြောင်သလိုရယ်လို့ ကွယ်ရာမှာ သတိပေး ကြိမ်းမောင်းရသေးသည်။

ပြောလိုက်လျှင် မျက်နှာက ရယ်မြူးရိပ်တွေ ပိုပိုဖြစ်လျက်..၊ မချို မချဉ် ...

"ကိုချစ် ကလည်း မေမေ့ကို 'အကြီး'လို့ ခေါ်တာ မရယ်ရဘူးလား၊ အန်တီ၊ ဒေါ်လေး ဘယ်လိုခေါ်ခေါ် ရတဲ့ဟာကို၊ အဟွန်း .."

"မင်း ပါးစပ်ကြီးကို ပိတ်ဆို့ ပိတ်ယိုက်နိုင်အောင် ကြိုးစားဦးညီ၊ သူများက မြင်ရင် ပြောဆိုမနိုင်တဲ့သားလို့ ထင်ဦးမယ်၊ မျက်ရိပ်ပြလို့ ရဖို့ နေနေသာသာ 'ဟဲ့'ဆိုလည်း မရ၊ 'ဟွန့်'ဆိုလည်း မရ .."

"ကိုချစ် က မသိလို့ပါ၊ အဲဒီကောင်မလေးက သူများရွာမှာနို့ ကြက်မ လုပ်နေတာ"

"ဘာ!... မင်း .. ပြောလေကဲလေ"

ညီအစ်ကိုချင်း စကားပြောရင်း အချင်းများကြတာတောင် ပန်းတွေလှုပ်အောင် ရယ်၏။

"'သူများရွာမှာ ကြက်မ၊ ကိုယ့်ရွာမှာ ကြက်ဖ'ဆိုတဲ့ စကားပုံ မရှိလို့လား၊ ညီက အဲဒါကို ပြောတာလေ"

"စကားပုံရှိတိုင်း မနှိုင်းရဘူးကွ၊ အနှိုင်းမတော်တော့ ရိုင်းတယ် သူ့နေရာနဲ့သူ ပြော .."

ဘယ်လိုဆုံးမနေနေ ချစ်သော မျက်နှာက အပြုံးမသေခဲ့ပေ ..

"အရမ်း စကားတတ်တာ၊ သူ့ပါးစပ်ကနေ ရန်ဆောင်တဲ့စကားတွေ စက်သေနတ်ပစ်သလို ထွက်မလာသေးခင် သူ ဘယ်နေရာရောက်နေတယ်၊ ကိုယ့်ကိုယ်ကိုယ် ဘယ်လိုအဆင့်ဆိုတာ သိအောင်





ဆဲတော့ လုပ်ရမှာပဲ၊ ညီပြောတဲ့ အဆင့်အတန်းဆိုတာ ငွေကြေး ဂုဏ်မနေ မပါဘူးနော်၊ ကာလံ ဒေသံ ခွဲခြားတတ်ရုံလေး"

"နေစမ်းပါဦး .. ခုမှ မင်းက သူ့ကိုကျုပ်ဖို့ ကြိုးပမ်းနေတယ်၊ ပြန်လာကာစကတော့ မေ့လို့တောင် မရဘူးဆို .."

"သြော် .. ကဲ .. အဲဒါကြောင့် မေ့မရတာတွေကို တန်းစီပြီး ချရေးနေတာပေါ့၊ ဒါတောင် မေမေက ချစ်သလို ခင်သလို ဖြစ်လာသေးတယ်၊ ဒါလေးအကြောင်း မသိလို့"တဲ့ ..။

ညီနဲ့ ပြောဖြစ်ခဲ့တာတွေကို ပြန်တွေးမိတော့ သက်ပြင်းမော တစ်ချက် ဖြစ်၏။

ဒီနှစ်ယောက် လွယ်ပါ့မလား ..။



www.burmeseclassic.com

## အခန်း [၁၅]

"မဖြစ်နိုင်လို့ပါ ဘဘရယ် .. ဒီအိမ်ကလည်း သမီးနဲ့ ရင်းနှီးတာ မဟုတ်ဘူး၊ ဘဘကလွဲရင် သမီး ဟိုအရင်ကတည်းက မြင်ဖူး တွေ့ဖူး ရှိခဲ့တာ အကြီးတစ်ယောက်ပဲ ရှိတာ၊ ဒါတောင်မှ အကြီးနဲ့ သမီး ရင်းနှီးခဲ့တာ မဟုတ်ဘူး၊ ချစ်သောသူ ဆိုတဲ့လူက သမီးကို ဘယ်လို ချိုးဖဲ့ နှိမ့်ချရမလဲပဲ ကြည့်နေတာ၊ အဲဒါ လုံးဝ မခံနိုင်ဘူး"

ချစ်သော ခြေလှမ်းတွေ တုံ့သွားသည်။ ခုနကလည်း ကိုချစ်သူ့ကို ဆူလိုက်သေးသည်။

"မင်း ယောက်ျားလေးတစ်ယောက်ဖြစ်ပြီး ကိုယ့်အိမ်လာတဲ့ ဧည့်သည်မိန်းကလေးတစ်ယောက်ကို ဘာဖြစ်လို့ အနှောင့်မလွှတ် အသွားမလွှတ်တွေပြောပြီး မနေတတ်အောင် လုပ်ရတာလဲ ညီ .."

"မင်းစိတ်ထဲမှာ ဘယ်လိုရှိရှိ သူ့စိတ်ထဲမှာ ဘာဖြစ်သွားမလဲဆိုတာ ထည့်တွက်ရမှာပေါ့'

စသဖြင့်သော စကားတွေနှင့် အကြောင်းခံကာ ...





"နှင်းဆီ ကို ဒီအိမ်မှာ ဆက်နေချင်အောင် ငါတို့ ကြိုးစားနေကြတာ မင်းကြောင့် အဖုအထစ်ဖြစ်နေရတယ်ဆိုရင် .. နားလည်စမ်းပါ ညီရာ"တဲ့။

ဒီဘက် ထွက်လာတာက နားအေးပါးအေး လမ်းကြောင်းရှာလာတာ ဖြစ်သည်။ ဒါပေမယ့် မအေးချမ်းသည့် အပူပိုင်းဇုန်ကြီးပဲ ဖြစ်လျက်...

"သမီးကို ကိုချစ်သူ ကလည်း ပြောတယ်၊ သမီးလည်း အကြီးတို့ ခံနာပါတယ်၊ ဒါပေမယ့် သမီးက အကြီးလို့ တစ်ခါခေါ်တိုင်း သူ့မျက်နှာက သံပရာသီးကိုက်ပြီး လှည်းနင်းခံလိုက်ရတဲ့ ဖားပြုတ်လို.."

သေပြီ ...၊

ချစ်သော ကိုယ့်ပါးစပ်ကို ပြန်ကိုင်မိကာ ခံတွင်းချဥ်သွားသလိုလို...။

"ဒါဆို သမီးက မြို့မှာ မနေချင်တာ၊ ဒီအိမ်မှာ မနေနိုင်တာ ဘာမှမဟုတ်ဘဲ ချစ်သော ကြောင့် ခေါင်းခါနေတာပေါ့"

ခဏတော့ တိတ်သွား၏။ ပြီးမှ ...

"အဲဒီလိုလည်း မဟုတ်ဘူး ဘဘရဲ့ .. မျက်နှာစိမ်းတဲ့အိမ်မှာ မသင့်မြတ်တဲ့လူရှိနေတော့ ပိုပြီး မနေချင်တာပေါ့နော်၊ ဒါပေမယ့် ဟို ..."

တစ်ခုခု ပြောချင်ပုံရှိပေမယ့် စကားသံက ဆက်ထွက်မလာ၊ ထို့နောက် ...

"ဘဘကလည်း မနေချင်ပါဘူးဆိုမှ မပြောပါနဲ့တော့၊ မရဘူး .. သမီး ဘဘနဲ့ ပြန်လိုက်မှာ"

စကားသံသည် ပြောနေရင်း လှုပ်ရှားသောသဖြင့် တံခါးကို မျက်နှာမူပြီး လျှောက်ထွက်လာပြီမှန်း သိလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီ ကလည်း ဘာဘာ လှမ်းခေါ်လိုက်မှာစိုးလို့ စကားမပြတ်ဘဲ အတင်းထွက်လာခဲ့သည့်ခြေလှမ်းတွေက မြန်နေသည်။

နောက်ကိုလှည့်မကြည့်တမ်း ထွက်လာခဲ့ပြီးမှ ဧည့်ခန်းကို ရောက်တော့မှာကို သတိထားမိ၏။ ထို့ကြောင့် ခြေလှမ်းတုံ့သွားပြီး ချာခနဲ နောက်ပြန်လှည့်လျှင် ...

"အမေ့!.."

မတိုက်မိသေးပေမယ့် သူ့ရင်ဘတ်ကို နမ်းလိုက်မိသလို ပူနွေးမွှေးပျံ့သည့်ကိုယ်နံ့က နီးကပ်စွာ တိုးဝင်သွား၏။

နှင်းဆီ နောက်ကို အမြန်ဆုံးနှုန်းနဲ့ ပြန်ဆုတ်လိုက်တာတောင် သူ့မေးဖျားနဲ့ နဖူး ထိမိသွားသလား မသိ ...။

"ရှင်က ဘာလိုက်လုပ်တာလဲ.."

"မင်းလိုပဲ လမ်းလျှောက်နေတာလေ၊ လိုက်စရာလား"

ပူပူထူထူကြီး ဖြစ်သွားသည့်စိတ်က သူ့နဲ့ ဇတိုက်မိဘဲ လက်ပိုက်မိလိုက်၊ ပြန်ဖြုတ်ချလိုက်နှင့် နဖူးကို ယောင်ရမ်း ကိုင်မိသေးသည်။

ချစ်သော က သူမကို အရင်လို မချိုမချဉ်ကြည့်မိပြီးမှ မျက်နှာကို ပြန်လည်ပြင်ဆင်၍ ...

"ဆောရီးပါ၊ မင်းကိုမြင်ရင် မတည့်ရာ မတည့်ကြောင်းတွေချည်း ပြောမိနေတယ်၊ ဒါပေမယ့် မင်း ထင်လို့ပါ၊ အဲဒီသဘော သက်ရောက်သွားပေမယ့် မင်းကို ကိုယ် ခင်ပါတယ်"

နှင်းဆီ က သူ့မျက်နှာဆီ မရောက်သော အကြည့်တစ်ချက်ဖြင့် သူ့ရှေ့ကနေ ရှောင်ထွက်ခဲ့သည်။ သို့သော် ချစ်သော က အတူပါလာခဲ့ပြီး...

"ထိုနှင်းဆီ .."

နှင်းဆီ တုံ့ခနဲ ရပ်သွား၏။ မော့ကြည့်လာသည့် မျက်ဝန်းတွေ





သူ ခေါ်လိုက်တာကို 'ထူး'လိုက်ခြင်း မဟုတ်မှန်း သိသာစွာ ...

"နှင်းဆီ လို့ပဲ ခေါ်စမ်းပါ၊ ကျွန်မကို အဲဒီလို ဘယ်သူမှ မခေါ်ဘူး"

"ဒါပေမယ့် မင်းနာမည်ပဲ မဟုတ်ဘူးလား"

"ဟုတ်ဟုတ် မဟုတ်ဟုတ် မခေါ်နဲ့၊ ဒီနာမည်ကြားတိုင်း ဘယ်သူစိမ်းမဆို ပြုံးစိစိ ဖြစ်သွားကြတာ အရမ်းမုန်းတာပဲ"

"လူတွေကိုလား .. နာမည်ကိုလား .."

"မသိဘူး .. မုန်းတယ်"

နှင်းဆီ က ပြောနေရင်း ခေါင်းတွေပါကာ နောက်ဖေးဆင်းသည့် အခါးထိ တောက်လျှောက်ဝင်သွားတော့ ဘောက်ဆတ်ဆတ် ခြေလှမ်းများနှင့် ပြီးတော့လည်း မရပ်ဖြစ်တော့ဘဲ ခြံထဲကို ရောက်လာခဲ့ကြ၏။

"အဲဒီလူတွေ ပြုံးကြတာက မင်းနာမည် လှလို့နေမှာပါ၊ မင်းကိုက ကောင်းတဲ့မျက်လုံးနဲ့ မကြည့်တတ်တာ .."

"ဘာ!..."

"ဟုတ်တယ်လေ .. ထိုနှင်းဆီ ဆိုတာ လှတာပဲ"

"ရှင်လည်း ရယ်ခဲ့သေးတယ်မို့လား၊ ထိပ်ဆုံးကလေ .."

"ဘယ်သူမှ မပြုံးလိုက်ဘူးထင်တာ၊ မင်း ဘယ်လို မြင်သွားတာလဲ"

ပြုံးစိစိ စပ်ဖြဲဖြဲ မျက်နှာကြီးကို ကုတ်ဖဲ့ပစ်ချင်စိတ်တွေ ပေါက်လာ၏။ သူက မျက်လုံးချင်းဆုံမိကာမှ ဒီဘက်က မုန်တိုင်းဦးတည်ရာကို နားလည်သွားသည့်ပုံနှင့် နှာခေါင်းကို တစ်ချက်ပွတ်၍ ရှုံ့မဲ့မဲ့ မချိုမချဉ်..၊

"အမှန်အတိုင်း ဝန်ခံတာလေ၊ ကိုယ် ရယ်မိတယ်ဆိုရင်တော့ နာမည်က လှနေလို့ပါ၊ လုံးဝ အတိအကျ မုသားမပါဘဲ ပြောတာ"

"ရှင့်ဖာသာ မုသားနဲ့ဖြစ်ဖြစ် အဝီစိကို ခြေတစ်ဖက်လှမ်းထားပြီး



www.burmeseclassic.com

www.burmeseclassic.com



တော့ပဲ ပြောပြော .. စိတ်မဝင်စားဘူး။ အခု ဘာလိုက်လုပ်တာလဲ.."

"မင်းကို ဒီအိမ်မှာ နေချင်နေဖို့ ပြောချင်တာ"

"အဲ..မာ..."

နေချင်နေဖို့ဆိုတော့ ဒီက နေချင်လွန်းလို့လား ..၊ သူ့ဘက်ကို လှည့်ရပ်လိုက်လျှင် ခါးနှစ်ဖက်က ထောက်ထားပြီးသားဖြစ်လျက်..

"နေချင်နေဖို့ ဟုတ်လား .. စကားပြောတာ ကြည့်ပြော .."

"ကြည့်ပြောနေတာပဲ၊ မြင်နေ ကြားနေရတာတွေကြောင့် မပြော ချင်ဘဲ ပြောနေရတာ၊ ဒီအိမ်မှာ မင်းကို အားလုံးက နေစေချင်နေကြ တယ်၊ မင်းက ငါ့ကြောင့် မနေနိုင်ပါဘူး ဖြစ်နေတယ်၊ တကယ်ဆို မင်းနဲ့ငါ ဘာမှငြိထားကြတာ မရှိဘဲနဲ့ မင်း ပြောလိုက်ကာမှ ဟိုမေး ဒီမေးတွေ ရှင်းနေရတာ .."

"ဘယ်လို!..."

နှင်းဆီ ဒေါသဖြစ်သွားတာ မဟုတ်ပေ၊ နားထဲမှာ တကယ်ပဲ ရှုပ်ရှုပ်ယှက်ယှက်တွေ ဖြစ်သွားတာဖြစ်၏။ ချစ်သော က ကော့လန် တွန့်ကောက်နေသည့် နားသယ်စပ် ဆံစတွေနှင့် ဂုတ်ပေါ်ကိုပါ ဖိသပ် ပစ်လိုက်ပြီး ခပ်တည်တည် ..၊

"မင်းတို့က ဟိုမှာ ခင်ခင်မင်မင် ရှိခဲ့ကြတာ မဟုတ်ဘူးလား ဘာတွေလဲ .. ကောင်မလေး မကျေနပ်နေအောင် မင်း တစ်ခုခု လုပ်ခဲ့ဖူး သလား၊ ဒါမှမဟုတ် ..."

"အဲဒါတွေ ဘယ်သူ ပြောတာလဲ"

"ဘယ်သူပြောပြော အဲဒီလို ပြောစရာတွေဖြစ်အောင် မင်း လုပ် နေတာနဲ့ မတူဘူးလား ပြော ..၊ တောမှာလဲ မင်းကို ငါ ဒေါသဖြစ်ခဲ့ ဖူးလား၊ မုန်းတယ်လို့ရော ပြောဖူးခဲ့သလား"

နှင်းဆီ မဖြေနိုင်သည့်အပြင် မျက်နှာပူသလိုလို၊ မလုံသလိုလို..





"သေချာ စဉ်းစားပြီးမှ ပြောနော်၊ မင်း ဒီကို ရောက်လာတာ လည်း ငါကိုယ်တိုင် ဆေးရုံမှာ လာတွေ့ခေါ်ခဲ့တာ၊ ရောက်လာပြီးတော့ ရော ငြိုငြင်တဲ့စကားမျိုး ပြောခဲ့ဖူးလား"

သူ ပြောနေလေ ရှက်သင့်သည့်အဖြစ်က ပီပြင်လာလေ ..၊ နှင်းဆီ နှုတ်ခမ်းလေးကိုက်၍ မော့လိုက်ပေမယ့် ပြောခွင့်မသာ ..။

"ပြောပြီးမှ ဘာဖြစ်သွားသွား ငါကတော့ စိတ်ထဲရှိတဲ့အတိုင်း ပြောတာပဲ၊ မင်းလည်း အဲဒီလိုလုပ်ပါ၊ ကိုယ် ပြောတာတွေကျတော့ အားလုံး ကောင်းနေလား"

"ရှင်က ကျွန်မနဲ့ အပြစ်ချင်း တိုင်းနေတာလား"

"မင်း မသိတတ်လို့ တိုင်းပြနေတာ၊ ခုနေ မင်းဖာသာ တခြား သာအကြောင်းတစ်ခုခုနဲ့ ပြန်သွားရင်တောင် မင်းနဲ့ ငါ တစ်ခုခု.."

"ကဲ .. တော်ပါတော့၊ ရှင် ကျွန်မကို ဒီမှာ နေစေချင်လွန်းလို့ ဖက်ဖက်မောအောင် ရှင်းပြနေတာလို့ သတ်မှတ်ပြီး ကျွန်မ စဉ်းစား မယ်"

ချစ်သော မျက်ခုံးနှစ်ဖက် မြင့်တက်သွားသည်။ ပြီးတော့ မူလ အခ ပထမကကဲ့သို့ မဲ့ပြုံးမျိုး နှုတ်ခမ်းမှာ ထင်၏။

နှင်းဆီ သည် အောင်နိုင်သူတစ်ယောက်လို ကြော့ကြော့မော့မော့ လေး လှည့်ထွက်သွားလျှင် သူ သွားတွေပေါ်အောင် ရယ်လိုက်ပြီး ...

"ဖြစ်ပါတယ် .. ကမ္ဘာကြီး ငြိမ်းချမ်းတာပေါ့"

ဟင်!...

နှင်းဆီ တုံ့ခနဲ ရပ်၏။

ပြောလိုက်တာ ကြည့်စမ်း .. ကိုယ်ကပဲ အရှုံးလို ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၁၆ ]

မီးဖိုချောင်ထဲမှာ နှင်းဆီ ခင်ကူနေတော့ ဒေါ်ပု က အထူးအဆန်းလို လိုက်ကြည့်နေကာ ...

"သမီးက တောကလာတယ်သာ ပြောတယ်၊ ဟင်းတွေချက်တာ ငပိ မသုံးဘူးနော်"

"တောဆိုပေမယ့် အထက်ပိုင်းမှ မရောက်တာ အကြီးရဲ့၊ အဲဒီဘက်ကလူတွေကျတော့ ငပိလေးခတ်မှ ဟင်းမွှေးတယ်၊ အရသာလေးတယ်လို့ ထင်ကြတာ"

"သမီးရယ် အကြီးလို့ ဒေါ်ပု ကို မခေါ်ပါနဲ့၊ သမီးက မမကြီးကိုလည်း 'အကြီး' လို့ခေါ်တာဆိုတော့ မမကြီးကို ခေါ်သလို မခေါ်နဲ့နော်"

နှင်းဆီ က ယောက်မလေးကိုင်ရင်း ဒေါ်ပု ကို ပြန်လှည့်ကြည့်၍...

"ဘာဖြစ်လို့လဲ .. သမီးတို့က ကိုယ့်အဒေါ်အရွယ်တွေဆို အကြီးလို့ပဲ ခေါ်ကြတာ..၊ နာမည်ပါ ထည့်ခေါ်တာမျိုးကျတော့ 'အကြီးစု' 'အကြီးမြ' စသဖြင့်ပေါ့ .."





ဒေါ်ပု က ခေါင်းတညိတ်ညိတ်နဲ့ပေမယ့် နှုတ်ဖျားကတော့ ငြင်းဆန်လျက်သာ ..။

"အေးပါ သမီးရယ် .. ဒေါ်ပု ကိုတော့ လူလေးတို့ခေါ်သလို ဒေါ်ကြီးပု လို့ပဲ ခေါ်နော်၊ နောက်ပြီးတော့လေ တစ်ခု တောင်းပန်ချင်တာက သမီးကို မီးဖိုချောင်မဝင်စေနဲ့လို့ လူလေး ချစ်သူ က မှာထားတယ်"

"ဟာ!... ဒါတော့ မရပါဘူး၊ သမီးက ဒီမှာ ငုတ်တုတ်ထိုင်ပြီး ဘာလုပ်ရမှာလဲ၊ ပြီးတော့ အကြီးက ဘဘ ချက်ပြုတ်ကျွေးမွေးသွားတာတွေကို အရမ်းကြိုက်တယ်တဲ့၊ ဘဘလို လက်ရာမျိုး သမီး ချက်တတ်တယ်၊ အကြီးအတွက် သမီး ချက်ပေးချင်တာပေါ့"

သူတို့ စကားပြောနေတုန်း ဒေါ်ချစ်ဖူးငုံ ခပ်လှူပ်လှူပ်လေး ဝင်လာ၏။ နှစ်ယောက်စလုံး စကားသံတွေ ခဏ တိတ်ကျသွားကာ ...

"မမကြီး ဘာလိုချင်လို့လဲဟင်၊ ကျွန်မ ဘာလုပ်ပေးရမလဲ"

ဒေါ်ပု ကို ပြန်မဖြေဘဲ လက်ကာပြရုံနှင့် ကျောခိုင်းကာ နှင်းဆီအကို ရောက်အောင်သွားပြီး ပခုံးလေးကို ကိုင်၍ ..

"ဝမ်းသာပါတယ် သမီးလေးရယ် .. အန်တီကလေ ဦးလေး ပြန်သွားတော့ သမီးလေး ငိုပြီး ကျန်ခဲ့တာကို စိတ်မကောင်းဖြစ်နေတာ၊ သမီး တမှိုင်မှိုင် ငေးနေရင်တောင် ပြန်ပို့ပေးရမှာလေ၊ အဲဒါကြောင့် သမီး ရွှင်ရွှင်ပျပျ ရှိရဲ့လားလို့တောင် မေးချင်ပေမယ့် မမေးရဲခဲ့ဘူး"

နှင်းဆီ က ပြန်ပြုံးပြပြီး မီးဖိုမီးကိုပါ ပိတ်လိုက်သည်။ လှူမမာဆိုသော နွမ်းယဲ့ယဲ့ မျက်နှာလေးကတောင် ဖြူဝင်းနုပျိုနေဆဲရှိသည့် ဒေါ်ချစ်ဖူးငုံ ကို မေ့ထားပျောက်သော မွေးဇေ့ွးမှုတွေနှင့် ...

"သမီးက အဲဒီလောက်ထိ အစွဲအလမ်း မကြီးပါဘူး၊ ငိုမိတာက မကြီးပေါ်မှာ ဘဘ ပြန်သွားရင် ငါကစ်ယောက်တည်း ကျန်ခဲ့ပါလား



www.burmeseclassic.com

www.burmeseclassic.com



လို့ တွေးမိပြီး ရုတ်တရက် ဝမ်းနည်းသလို ဖြစ်သွားတာပါ၊ အဲဒါ မနေ့က ဖြီးသွားပြီ၊ မနေ့ကကိစ္စ ဒီနေ့ထိ မပါတော့ဘူး"

ဒေါ်ချစ်ဖူးငုံ ပြုံးနေရင်း ခေါင်းညိတ်ရှာသည်။

"သမီး အကျင့်ကလည်း တမြည့်မြည့် ခံစားနေတတ်တာမျိုး မဟုတ်ပါဘူး၊ အကြီး စိတ်မပူနဲ့နော် .. သမီး ပျော်အောင် နေမှာပါ"

"ကျေးဇူးတင်ပါတယ် သမီးရယ် .. အန်တီကလေ သမီးလည်း မရှိခဲ့ဘူး၊ သမီးရဲ့ နွေးထွေးတဲ့ ဂရုစိုက် ပြုစုပေးခြင်းကိုလည်း မခံစားခဲ့ဖူးဘူး၊ လိုချင်တာက သမီးလေးလို နွေးထွေးစေမယ့် တိုးတိုးဖော်ပါကွယ်၊ သမီးကို အချက်အပြုတ်တော်လို့ ချက်ပြုတ်စေချင်လို့ ခေါ်တာ မဟုတ်ဘူး၊ တခြား ဘာမှလည်း အားကိုးချင်လို့ မဟုတ်ဘူး၊ အန်တီ့နားမှာ အမြဲတမ်း နီးနီးလေး ရှိနေဖို့ပဲ"

"ဟုတ်ကဲ့ပါ သမီး နားလည်ပါတယ်၊ ရွာမှာဆိုလည်း သမီးက ဟိုစပ်စပ် ဒီစပ်စပ် ဝင်ကြည့် .. ဝင်လုပ်နဲ့၊ ဒီလိုပဲ နေတတ်လို့ပါ၊ မီးဖိုချောင်မှာဖြစ်ဖြစ် သန့်ရှင်းရေး၊ အိမ်တွင်းမှု အပြင်အဆင် အားလုံး ဘာဖြစ်ဖြစ်ပေါ့နော် .. သမီး ဒေါ်ကြီးပု ကို ဝင်ကူပါရစေ၊ အဲဒါလည်း လုပ်မယ်၊ အန်တီ့ကိုလည်း ဂရုစိုက်မယ်"

"ဟုတ်သားပဲ မမမရာ .. ညီမလေး ပြောတာ ကျွန်တော်တောင် သဘောပေါက်တယ်"

ချစ်သူ က အလုပ်ကပြန်လာပြီး အိမ်ပေါ် မတက်ဘဲ မီးဖိုခန်းထဲ ဝင်လာတာဖြစ်ကာ ပြောနေတာကိုလည်း နားစွင့်နားဖျားကြားပြီး ဖြစ်၏။ ထို့ကြောင့် ...

"နှင်းဆီ ရဲ့ပုံစံလေးကို ကြည့်ပါလား .. ကျွန်တော်တို့က အရမ်း ချစ်စရာကောင်းပြီး သွက်လက်တဲ့ ညီမလေးတစ်ယောက် ကောက်ရ လိုက်တာ၊ ဒါ ကျွန်တော်တို့ရဲ့ အိမ်အညီးလည်းလေးပေါ့"





"အဲဒီလောက် မဟုတ်ပါဘူး ကိုကြီးရဲ့ .."

နှင်းဆီ က ရယ်လိုက်ပြီး မျက်နှာလေး ငုံ့သွား၏။ ဒေါ်ချစ်ဖူးငုံ က သေချာလိုက်ကြည့်သည်။ အသားလေး ဝင်းနေပေမယ့် ဖြူတော့ မဖြူပေ ..။

မျက်နှာပေါ်မှာ မလှဘူးလို့ ပြောစရာ မျက်ခုံး၊ မျက်လုံး၊ နှာတံ အမှ အပြစ်ဆိုစရာ မရှိ။ ဒါပေမယ့် နှုတ်ခမ်းလေးပိတ်၍ မျက်မှောင် ကုတ်ထားတတ်တိုင်း တော်တော် ရန်တွေ့ကောင်းမည့်ပုံလေး ပေါက် နေတာက တောဆန်နေသလား မသိ ..။

ဆံပင်ရှည်တာလေးက ယဉ်သလို ကိုယ်လုံးလေးလည်း လှသည်။ သူမလေးကို မြို့လို ဝတ်စားဆင်ယင်ပေး၍ အမှုအရာ အနေအထိုင်လေး တွေ နည်းနည်း ပြင်ပေးလိုက်ရင် ဘယ်လိုနေမလဲ ..။

ရွှေပင်နားတော့ ရွှေကျေး ဖြစ်စေချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၇ )

" 'ရွှေဝင်နားတော့ ရွှေကျေး' ဆိုတာ ဓာတ်ကားရှိပြီးသားမို့လား"

"ဘာဖြစ်လဲ .. ဒီလိုပဲ ပြန်ရိုက်နေကြတဲ့ဟာ၊ ဒီဓာတ်က ချစ်သော နဲ့ လုံးဝ လိုက်တယ်၊ ဟော့ကောင် .. မင်း လက်ခံလိုက်ပါကွာ၊ ဒီဓာတ်ကားနဲ့ မင်း ပေါက်သွားနိုင်တယ်"

လင်းထွန်း နဲ့ သဝဏ် တို့ တက်ကြွနေကြပေမယ့် ချစ်သော က စီးကရက်သောက်မပျက်၊ ဆိုင်ထဲကနေ လှမ်းမြင်နေရသည့် ရေကန်ထဲက မီးမလှလေးတွေဆီမှာ မျက်လုံးတွေကို အစာကျွေးနေ၏။

"ချစ်သော .. မင်း ဘာမှ အကြောင်းမပြန်ဘူးလား"

"ဘာလုပ်မှာလဲကွာ .. ငါမှ စိတ်မဝင်စားတာ"

"ဘာကို ဝင်စားတာလဲ .."

"ကောင်မလေးတွေ .."

ရွှဲ့မေးတာကို တကယ် ရွှဲ့ဖြေသည်။ မျက်လုံးတွေကိုလည်း ထိုဆီမှ အမှန်အကန် မခွာဘဲနေ၏။ လင်းထွန်း ဒေါသကန်သွားကာ စီးကရက်နှင့် စားပွဲစွန်းမှာ ထောက်ထားသည့်လက်ကို မညှာမတာ ဖြုတ်ချပစ်လိုက်၏။





ဒီလိုလုပ်မှာကို သိထားသည့်မျက်နှာနှင့် ဘာမှ ပုံပန်းပျက်မသွားသော ချစ်သော မျက်နှာက စိတ်မရှည်ပုံ နည်းနည်းလေးပဲ ဖြစ်၏။

"ကျွတ်!... ဘာဖြစ်နေကြတာလဲ"

"မင်းကို တစ်ကား၊ နှစ်ကားလောက်တော့ ရိုက်ကြည့်စေချင်လို့၊ ပေါက်တာ မပေါက်တာ၊ မင်း ဆက်ရိုက်ချင်တာ မရိုက်ချင်တာ အဲဒါတွေ ထားကွာ .. မင်းသား ဖြစ်သွားရင် ပြီးတာပဲ"

"အဲဒီလောက် ဖြစ်ချင်ရင် မင်းတို့ သွားတန်းစီပါလား"

"တန်းစီတိုင်း မဖြစ်လို့ပေါ့ကွ၊ မင်းကို ဒါရိုက်တာတွေ ကမ်းလှမ်းတာ ဘယ်နှစ်ကား ရှိပြီလဲ"

'ချစ်နေချင်လို့' သီချင်း ဗီစီဒီမှာ ချစ်သော နဲ့ နာမည်ကြီးမင်းသမီး တွဲထားတာ သီချင်းသုံးပုဒ် ပါ၏။

အစကတည်းက ကြော်ငြာဘုတ်တွေမှာ နာမည်ရနေတာမို့ သီချင်းခွေမှာ လူကြိုက်များသွားတော့ ဒါရိုက်တာတချို့ စိတ်ဝင်စားသွားကြသည်။ ဒါပေမယ့် ချစ်သော တို့ ဘယ်သူ ဘာတွေပြောပြော၊ မက်လုံးတွေ ဘယ်လောက်ပေးပေး နည်းနည်းလေးမှ မတုန်လှုပ် ..။

"မင်းကွာ .. နာမည်ကြီး မော်ဒယ်ဖြစ်ဖို့ ကြိုးစားကြတာ ဒီလိုနယ်ပယ်ထဲမှာ ဝင်ဆံ့ဖို့ မဟုတ်ဘူးလား"

"မဟုတ်ဘူး"

"ဒါဖြင့် ဘာလုပ်ဖို့လဲ"

"ငါ မော်ဒယ်ဖြစ်ချင်တာ မင်းသားလုပ်ချင်လို့ မဟုတ်ဘူးဆိုတာ သော့ သေချာတယ်၊ အနုပညာကို ဝါသနာပါပေမယ့် .."

"ငါတို့ရဲ့ 'THOR' အဖွဲ့မှာ မင်းက ခေါင်းဆောင်မဟုတ်ဘဲ မင်းက နာမည်ကြီးလာတာ"

"အေးလေ .. ဟိုထဲဝင်ပါ .. ဒီထဲဝင်ပါ၊ ပြီးတော့ ဘာမှ လုပ်ချင်



www.burmeseclassic.com

www.burmeseclassic.com



တာ မရှိဘူး၊ မင်းကြောင့် ငါတို့အဖွဲ့လည်း ကိုယ့်ဟိုကားယားတွေ ဖြစ်ခဲ့ရပြီးပြီ၊ အခု ဘာကောက်ကောက်လိုက်နေတဲ့ ဒါရိုက်တာတွေလည်း ညစ်နေကြပြီ၊ မဆုံးချင်ရင်လည်း မစနဲ့ပေါ့"

ဖြစ်စေချင်လို့ တိုက်တွန်းနေကြရင်း ဒေါ်သ မောဟတွေ ပါလာတော့ ချစ်သော က မီးသေသွားသည့် စီးကရက်ကို ဖိချေပစ်လိုက်ပြီး လှည့်ကြည့်သည်။

"ဘာကြည့်တာလဲ .. မင်းကို အားမလိုအားမရ ဖြစ်ရလွန်းလို့ ကိုင်ပေါက်ပစ်ချင်နေတာ"

"ဟုတ်တယ် ချစ်သော ရာ .. မင်း ရနေတဲ့ အခွင့်အရေးတွေကို လိုချင်တဲ့လူတိုင်း ရကြတာ မဟုတ်ဘူး၊ ဘာဖြစ်ဖြစ် လုပ်ကြည့်စမ်းပါ၊ စိတ်သိပ်မပါဘဲ လုပ်ဖြစ်သွားရင် ဒီလောကထဲမှာပဲ ပျော်မွေ့သွားကြတဲ့ သရုပ်ဆောင်တွေလည်း ရှိကြတာပဲ"

"နိုးပဲ ဟောကောင် .. စိတ်မပါရင် သက်ပြင်းတောင် မချဘူး"

ချစ်သော က အပြတ်အသတ် ပြောချသည်။ ပြီးတော့ စားပွဲပေါ်မှာ လက်တစ်ဖက် ဆန့်တင်ကာ ကိုယ်ကို နောက်မှီမှာ ခါးမတ်မတ် ကပ်မှီလိုက်ပြီး ...

"ဝါသနာပါပေမယ့် ငါ့ဝါသနာက စူးစိုက်ချင်တဲ့ဝါသနာမျိုး မဟုတ်ဘူး၊ စိတ်ဝင်စားတာလောက်ပဲ၊ ကချင်ခုန်ချင်လာလို့ ဝင်ကတယ်၊ မင်းသမီးနဲ့ တွဲကြည့်ချင်လို့ တွဲတယ်၊ ကြော်ငြာဘုတ်တွေမှာ သွားလာတိုင်း မြင်နေရတာလည်း မဆိုးဘူးလေ၊ လုပ်ကြည့်ချင်လို့ လုပ်ခဲ့တာတွေချည်းပဲ၊ အဲဒါတွေက မင်းသားဖြစ်ဖို့လည်း မဟုတ်ဘူး၊ နာမည်ကျော်ဖို့လည်း မပါဘူး၊ ငါ မဖြစ်ချင်တာတွေကို ဘာတွေနဲ့ မက်လုံးပေးနေနေ ငါ စိတ်ဝင်စားမှာ မဟုတ်ဘူးဆိုတော့ မင်းတို့နဲ့ငါ ဒီအကြောင်း ဆက်ပြောနေရဦးမှာဆိုရင် ရှော့ခ် ရှိတယ်၊ ကြိုပြော





ထားတာ .."

သဝဏ် တို့ အသံတိတ်သွားသည်။ မျက်လုံးတွေကတော့ မတိတ်ချင်သေးတာ သိသာနေကြ၏။ ချစ်သော က စားလက်စတွေကို လက်ခုံနဲ့ကပ်ထိပြီး သူ့ရှေ့ကနေ လွတ်သွားအောင် တွန်းပစ်သည်။

စားစရာတစ်ခုကို စားပြီဆို တစ်မျိုးကိုပဲ နှစ်ဇွန်း သုံးဇွန်း ဒါမှမဟုတ် တစ်ခု နှစ်ခု ယူစားတတ်ကာ နောက်တစ်ခုကို လှမ်းလိုက်တာနှင့် စားပြီးသည့်ပန်းကန်ကို ပြန်မကြည့်တတ်တာ သူ့အကျင့် ..။

စားပြီးရင်လည်း စားလက်စတွေ ရှေ့မှာ ရှိနေတာကို မကြိုက်၊ ဘယ်လောက်ကောင်းသည့်အစာဖြစ်ဖြစ် ချစ်သော မြိန်ရှက်စွာ စားသုံးတတ်တာ သိပ်မရှိခဲ့ပေ..။

ဒါကြောင့်ပဲ အဆီပိုမရှိသော ကိုယ်ခန္ဓာက ထိုင်နေလည်း စမတ်ကျသည်။ လမ်းလျှောက်သွားလည်း ကြည့်လို့ကောင်း၏။ မင်းသားမလုပ်ချင်ဘူး ငြင်းနေသော်လည်း မျက်နှာ ပြန့်ငုံကြည့်တာ၊ မျက်တောင်များတွေ မွေးစင်းကြည့်ပြီး ပြုံးပုံတွေက ဆွဲဆောင်မှုတွေ အပြည့်နှင့်..။

လောကသဘာဝကိုက မလိုချင်တဲ့သူကိုမှ ပေးချင်တာလား ..၊ လိုချင်တဲ့လူတွေကျတော့ လိုချင်လေ မရလေ၊ လိုက်လေ ဝေးလေ..။

"ချစ်သော သူ .. နော် .."

သူတို့ တွေးနေတာ မဆုံးသေး၊ စောစောက ရေကူးနေကြသည့် စိန်းကလေးတွေ ရောက်ချလာကြ၏။ အားလုံး လေးယောက် ..။

မိတ်ကပ်တွေ မပျက်အောင် ရေ ဘယ်လိုကူးလာကြသည် မသိ။ ဖန်းရင့်ရောင်မျက်နှာလေးတွေကလည်း ဒီတိုင်း၊ မျက်တောင်လေးတွေ တော့နက်နေတာလည်း မပျက်ကြဘဲ ဆံပင်နဲ့ မျက်နှာတစ်ပြင်လုံးကတော့ ရေစိုစက်လက်နှင့် ဖြစ်၏။

လင်းထွန်း နဲ့ သဝဏ် မသိမသာ မျက်လုံးချင်း ဆုံသွားခဲ့



www.burmeseclassic.com

www.burmeseclassic.com



တွောင်မလေးတွေဂတော့ ဝါခြားစားပွဲက ထိုင်ခုံတွေပေါ် သွားဆွဲတာ ချစ်သော အေးမှာ နေရာယူလိုက်ကြပြီးဖြစ်လျက်...

"ဘယ်တော့ ဗီဒီယို ရိုက်မှာလဲ .. စိတ်ချဉ်နေတယ်ဆို .."

"ဘယ်မင်းသမီးနဲ့လဲ .."

သူမတို့ကိုယ် သူမတို့ မိတ်ဆက်ကြပြီး မေးခွန်းတွေ စလာကြ၏။

"မဟုတ်ပါဘူး၊ ဆင်ကြေးနဲ့ ပြောနေကြတာ"

"ဟယ် .. မဟုတ်ဘူး ဟုတ်လား .. တကယ် မရိုက်ဘူးပေါ့"

"ကျွန်တော် အဲလောက်ထိဖြစ်ဖို့ အစကတည်းက မမှန်းထားတာပါ"

"အို .. လုပ်ကြည့်ပါ ချစ်သော ရယ် .. ချစ်သော ရဲ့ သီချင်းဗီစီဒီ အရှမ်းမိုက်တာ၊ ဇာတ်ကားရိုက်ရင် အောင်မြင်မှာပါ"

မရောင်းချင်ပါဘူးဆိုမှ ချိန်ခိုင်းမယ့်လူတွေ ထပ်ရောက်လာကြပြီ ဟု တွေးရင်း လင်းထွန်း က ပြုံးသည်။ သူမတို့ဖာသာ စားစရာတွေ ထပ်မှာ၊ ဟိုမေး ဒီမေးနှင့် ပတ်ဝန်းကျင်မှာပါ စိုပြည်နေတော့သည်။

ကောင်မလေးတွေ လှတိုင်း ငေးတတ်တဲ့ ချစ်သော တို့လည်း ဖြီးထားတဲ့သွားတွေ အအေးပတ်နိုင်၏။ ပြီးတော့မှသာ ဘယ်သူမှ မထင်မှတ်တဲ့ စကားတွေပြောပြီး ကြိုးဝိုင်းထဲ ရောက်ပြီးမှ နုတ်ထွက်သွားမှာ ဖြစ်သည်။ 'ငါ အဲလောက်ထိ ရည်ရွယ်ခဲ့တာ မဟုတ်ဘူး' ဆိုသည့် အပြောမျိုး...။

"ယူ .. ဒီည လေးညို့ ရဲ့ ဖိုက်ဖ်ရှိုးမှာ 'က' မှာမို့လား"

"ဟုတ်တယ် .. THOR အဖွဲ့ပါမှာ"

"ချစ်သော မပါဘူးလား"

"မပါဘူး၊ ကျွန်တော်က အဖွဲ့ဝင်စစ်စစ်လည်း မဟုတ်သေးပါ ဝါသနာပါလို့ လုပ်ကြည့်တာ"





လင်းထွန်း အသည်းယားသွားသည်။

အဖွဲ့ဝင်စစ်စစ်ဖြစ်ကြောင်း ဘာတွေနဲ့ သက်သေပြရဦးမှာလဲ..၊ ဝင်ချင်တော့လည်း သူ၊ ထွက်ချင်တော့လည်း သူပဲ ...။

သူငယ်ချင်းတွေ ဘယ်လောက်ထိ တင်းနေပြီကို ချစ်သော ကလည်း သိသည်။ မရယ်ဘဲ ပြုံးနေသည့် မျက်ဝန်းများနှင့် သဝဏ်တို့ဘက်ကို ငဲ့ကြည့်လိုက်ရင်း သွားတွေပေါ်အောင် အသံတိတ် ရယ်မိ၏။ ပြီးတော့ ဖုန်းဝင်နေတာကို ကြားလိုက်သဖြင့် ထုတ်ကိုင်လိုက်သည်။ ဒါပေမယ့် ကိုင်လိုက်ကာမှ ပြတ်ကျသွား၏။

"ဆောရီးနော် .. အိမ်က ဖုန်းမို့လို့"

အားလုံးကို ဖေ့ကြည့်ပြောကာ နေရာမှ လျှောက်ထွက်လာခဲ့သည်။ အိမ်မှာ ကိုချစ် က သူချစ်သူ ပြန်လာခါနီးမို့ အလုပ်နှင့် ချစ်သူကို ကြိုဆိုရေးကြားမှာ ရှုပ်ယှက်ခတ်နေသည်။ မေမေက နေသိပ်မကောင်းတော့ အကြောင်းတစ်ခုခုများလာလို့ တွေးပူတော သူပဲ ပြန်ခေါ်လိုက်မိ၏။ ဖျက်ချင်းကောက်ကိုင်လိုက်သူက နှင်းဆီ ...။

"ကိုချစ်သောသူ လား .."

"ဟုတ်တယ် .. ဘာဖြစ်လို့လဲ"

"ဒေါ်ကြီးပု ဟင်းချက်ရင်း ခြေမပေါ် ရေတက်ကျည်ပွေ့ ပြုတ်ကျသွားတာ ဒဏ်ရာကြီး မနည်းဘူး"

"ဘာ!..."

တစ်ဖက်က စိုးရိမ်သွားတာလား .. ဒေါ်ကန်သွားတာလားဆိုတာ မစဉ်းစား ...။

"သွေးတွေ တအားထွက်နေတယ် သိလား .. ဆေးတွေ၊ ပတ်တီးတွေ အစုံရှိတယ်ဆိုလို့ လိုက်ရှာတာ ဗီရိုလေးကို တွေ့တယ်၊ သော့ခတ်ထားလို့ .."



www.burmeseclassic.com

www.burmeseclassic.com



"ထိုနှင်းဆီ .."

"ဟင် .. ဘာလဲ .."

"ဒေါ်ပု ခြေမကျွဲတဲ့ကိစ္စကြောင့် မင်း ဖုန်းဆက်တာ မေမေ့ကို ငါ ဘယ်လောက် စိတ်ပူသွားမလဲ မတွေးမိဘူးလား .."

နှင်းဆီ အသံတိတ်သွားတော့ သူ့ဘက်က မှန်တိုင်းက ဖိအား နည်းရာကို ရွေ့လျားဖို့ အဆင်သင့် ..။

"အခု အဲဒါကြောင့် ဖုန်းဆက်တာပေါ့"

"ဟုတ်တယ် .. နေပါဦး .. ဒေါ်ကြီးပု ဒဏ်ရာရတာကတော့ ရှင်နဲ့ မဆိုင်ဘူးလို့ ပြောလိုက်တာလား"

"ဟား ... ကျွတ်!.."

သူ့ကိုပဲ လှမ်းကြည့်နေကြသည့် စားပွဲဆီ မျက်လုံးရောက်ကာ မျက်နှာကို ချက်ချင်း ဖြေချပစ်ရ၏။ ဒါပေမယ့် မမြင်ကွယ်ရာကို မျက်နှာလွှဲလိုက်ပြီးတာနှင့် တင်းမြဲတိုင်း တင်းကာ ...

"မင်း လုပ်ပုံက စားတော်ကဲ မီးဖိုချောင်မှာ ဆီတုန်နေတဲ့ကိစ္စ ညီလာခံမှာ တက်ပြောသလို .."

"အမလေး .. ကြီးကျယ်နေလိုက်တာ .."

"မသိလို့ ကျယ်ပြရတာ၊ ဒေါ်ကြီးပု ခြေမကျွဲနေတာ မင်း အမြင် မတော်ရင် ဒေါက်တာ မိုးအောင် ကို ဖုန်းဆက်ခေါ်လိုက် .."

"အို .. နေဦး .. ကျွန်မကို ဆေးဗီရိုသော့ ..."

သူမ စကား မဆုံးသေးမှန်း သိလျက်နှင့် ပိတ်ပစ်လိုက်သည်။

ဒီလောက်ထိ အလိုက်ကမ်းဆိုးသေတဲ့ ဟာလေး ...။





## အခန်း [၁၈]

ညှော်ခန်းထဲက လွန်တာနှင့် ဖန်ခွက်ကလေး တစ်ဖက်၊ လက်တစ်ဖက်မှာ ဆေးဘူးနှင့်ထွက်လာသော နှင်းဆီ နဲ့ မျက်နှာချင်းဆိုင် တိုး၏။ ကိုင်လာသည့် ကားသော့ကို နေရာမှာ လှမ်းချိတ်လိုက်ရင်း ...

"ဒေါ်ကြီးပု အတွက် ဆရာဝန် ခေါ်လိုက်သေးလား"

"အထဲမှာ ဒေါ်ကြီးပု ရှိတယ်၊ သွားမေး .."

နှင်းဆီ က မျက်လွှာပင့်ကြည့်ရုံနှင့် ဒါပဲဖြေပြီး ရှောင်ထွက်သွားသည်။ ဆံပင်ရှည်တွေကို နှစ်ဖက်ခွဲစည်းထားသည့် ပုံသေဒီဇိုင်းနှင့် မိတ်ကပ် မလိမ်း၊ သနပ်ခါးမပါသော ဝင်းဖန့်ဖန့်မျက်နှာတာလည်း မပြောင်းလဲ ...။

ဒါပေမယ့် ရှပ်အင်္ကျီလက်တို၊ လက်ရှည်တွေ ဝတ်ထားလျှင် အင်္ကျီက ပွပွ၊ ကပိုကရိုပုံစံမို့ အရစ်ပုသွားသလိုလို လှုပုံကပဲ ပိုမြီး အပေအတေ ဆန်သွားသလိုလို ...။

တီရှပ်နဲ့ ဘောင်းဘီ ဒူးကျက်ပ်ကပ်လေးတွေ ဝတ်ထားတော့ ဆိုယ်လုံးလေးက ထင်းနေကာ အရပ်ကလည်း အနေတော် ...၊



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုပဲ ပုံစံတွေပြောင်းသွားသွား သူမ ကိုယ့်ကိုယ်ကိုယ် လှအောင် ပြင်ဆင်ထားတာ မဟုတ်တာတော့ သေချာ၏။

မျက်စိတဆုံး ကြည့်မိတော့ မေးဖျားက ကိုယ့်ပခုံးမှာ ပြန်ငြိထိတပ်နေ၏။ ရှေ့ကို ပြန်လှည့်ရင်း အဲဒီ မလှမပ အပေအတေပုံလေးကိုပဲ မျက်နှာချင်းဆိုင်မိတိုင်း မျက်နှာတစ်ခြမ်း ပါသွားလောက်အောင် လှည့်ကြည့်မိသည့် ကိုယ့်အဖြစ်ကို သတိထားမိခဲ့၏။

ပြီးတော့ ပခုံးတွန့်ရင်း ပြုံးမိသည်။

လောကမှာ အလှအပ တစ်ခုတည်း စိတ်ဝင်စားဖို့ကောင်းတာ မဟုတ်ဘူးလား၊ စိတ်ဝင်စားဖို့ဖြစ်စေနိုင်သော အဖြစ်အပျက် အကြောင်းအရာများအနက် ...

"စိတ်ဝင်စားရဲ့ပဲလား သားရယ် .. ဒီအချိန်ကျမှတော့ ဒီ့ထက်လေးနက်သင့်ပြီလေ .. မဟုတ်ဘူးလား"

မကျေနပ်ခြင်းကြောင့် သမင်လည်ပြန် လှည့်ကျန်ရစ်မည့် ချစ်သောကို စိတ်မဝင်စားစွာ ကျော်ဖြတ်လာခဲ့ပြီးမှ ဧည့်ခန်းနောက်ကွယ်မှာ နှင်းဆီ ခြေလှမ်းတုံ့သွားသည်။

စည်းကမ်းမဲ့သည်ပဲ ဖြောဖြော ရှုတ်တရက် လှည့်ထွက်မသွားမိဘဲ အလိုလို နားစွင့်ထားမိသလို ဖြစ်သွားခဲ့၏။

"မဟုတ်ဘူး မေမေ .. သူ စိတ်ဝင်စားတယ်ဆိုတာ လက်ခံတဲ့သဘောပါပဲ၊ ဒါပေမယ့် သူက မြန်မာပြည်မှာ အမြဲတမ်း နေသွားဖို့တော့ သဘောမတူသေးဘူး၊ ဖေဖေနဲ့လည်း ဟိုဘက်မှာ ရင်းနှီးခဲ့တယ်ဆိုတော့ အခု ဖေဖေ မကျန်းမာတဲ့အချိန်မှာ ဖေဖေ့ကို စောင့်ရှောက်ရင်း နိုင်ငံခြား စီ[illegible]းရေးဈေးကွက်လည်း လေ့လာပြီးသားဖြစ်အောင် ကျွန်တော့်ကို ဖေဖေနဲ့ .."

"တော်ပြီ သား .. မေမေ မခံစားနိုင်ဆုံးက အဲဒါပဲ၊ မေမေ နားလည်





ပါတယ်၊ သားလည်း အချိန်တန်ရင် မေမေ့ကိုထားပြီး ထွက်သွားမှာ.."

"ကျွန်တော် အဲဒီလို တစ်ထစ်ချ မဆုံးဖြတ်ပါဘူး မေမေရာ .. ဟိုမှာနေဖြစ်ရင်တောင် ဟိုမှာရော ဒီမှာပါ ကူးလူးနေတာမျိုးပဲ ဖြစ်ရမှာပါ"

အသံတွေ အဟောန်ကြာအောင် တိတ်သွားသဖြင့် ရှေ့ဆက်လျှောက်ဖို့ ခြေလှမ်းပြင်လျှင် ...

"မနက်ဖြန် သူ အိမ်ကို အလည်ပါလာရင်တော့ အဲဒီ နယ်မြေခွဲခြားရေးတွေ ပြောပြီး မေမေ သူနဲ့ အဆင်မပြေ မဖြစ်လိုက်ပါနဲ့နော်၊ သူက ကျွန်တော့်တစ်မျက်နှာတည်းနဲ့ မြန်မာပြည်မှာ မင်္ဂလာဆောင်မယ်၊ ပျော်ပျော်နေမယ်လို့ ဆုံးဖြတ်လာခဲ့တဲ့သူပါ၊ လက်ထပ်ပြီး အေးဆေးကျမှ ကျွန်တော်တို့ နေရေးထိုင်ရေးတွေ တိုင်ပင်ကြမှာ၊ ကျွန်တော် မေမေ့ကို စိတ်ဆင်းရဲအောင် မလုပ်ဘူးဆိုတာ ယုံပါ"

နောက်ထပ် ကြာသွားတော့ ဆက်မနေသင့်တော့မှန်း တွေးမိကာ နှင်းဆီ ဧည့်ခန်းကို ထွက်လာခဲ့၏။

ဒေါ်ချစ်ဖူးငုံ သည် သူမထိုင်နေကျ တစ်ယောက်ထိုင် ဆက်တီပေါ်မှာ ခပ်လျှော့လျှော့ ကျောမှီနေလျက် ချစ်သူ က ညာဘက် ဘေးခုံမှာ ဖြစ်သည်။

"အကြီး ဆေးသောက်ရအောင်"

"အေး .. သမီး"

ဒေါ်ချစ်ဖူးငုံ စိတ်မပါလက်မပါ ထူမတ်ဖို့ ကြိုးစား၏။ ချစ်သူက ကပျာကယာ ထလိုက်ပြီး တွဲထူပေးကာ ...

"မေမေ တစ်ခုခု စားထားရဲ့လား၊ ဆေးသောက်ရမှာလေ"

"အင်း .. အာလူးပူတီ စားထားတယ်၊ သမီး လုပ်ကျွေးတာလေ"

ချစ်သူ ရဲ့ ကျေးဇူးတင်သည့်အကြည့်တစ်ချက်နှင့် အပြုံးတွေ



www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီ ထံ ရောက်လာ၏။ ဟိုတုန်းက မတည့်လို့ မစားခဲ့ရသည့် ဟင်းလျာနှင့် သွားရည်စာတွေကို နှင်းဆီ ရောက်လာမှ မတည့်နိုင်သည့် အရာတွေကို လိုတိုးပိုလျှော့လုပ်ရင်း မျှတအောင် ချက်ပြုတ်ကျွေးခဲ့သည်။

'လူကမသေသေးဘဲ ငါ စားလို့ရတာ မရှိတော့ဘူးလား' ဆိုသည့် အတွေးနှင့် စိတ်ဓာတ်ကျ အားငယ်နေသမျှ ခုတလော မေမေ လန်းဆန်းလို့ပါ ..။

ထို့ကြောင့် သူမကို ကျေးဇူးတင်သည့်စိတ်ဖြင့် ...

"ငါ့ညီမ ရောက်မှပဲ ကိုကြီးတို့ စိတ်အေးရတော့တယ်၊ အရမ်းကို ကျေးဇူးတင်တယ်ကွာ .. မေမေ့အတွက် စားစရာလေးတွေ စီစဉ်ပေးနိုင်တာကိုက သိကြားမင်း ဖန်ဆင်းပေးသလိုပါပဲ"

နှင်းဆီ က ဒေါ်ချစ်ဖူးငုံ ဆေးသောက်ပြီးတဲ့အထိ စောင့်ပြီး ဖန်ခွက်လေး ပြန်ယူလိုက်ကာ ...

"ညလေးလည်း နားလည်နေလို့ မဟုတ်ပါဘူး ကိုကြီးရယ် .. အကြီး စားချင်တာလေး စားလို့ရအောင် စာအုပ်ကြီးတွေကိုင်ပြီး တိုး၊ ဆုတ် ဖယ်ရှားနိုင်တာတွေကို မှတ်ရတာပေါ့"

"အဲဒီ စေတနာလေးက ကျေးဇူးတင်စရာပေါ့ သမီးရယ် .. သမီးကို အန်တီ ကျေးဇူးတင်တယ်၊ တကယ် ပြောမပြတတ်အောင်ပါ၊ ပြန်ချင်လိုက်တာဆိုတဲ့ စိတ်ကူးတွေတော့ မဖြစ်လိုက်ပါနဲ့ဦး သမီးရယ်.. နော် .."

ဒေါ်ချစ်ဖူးငုံ စိတ်တွေ နှင်းဆီ ထံမှာ ပြောင်းလဲရောက်ရှိကာ စောစောက အညှိုးရောင်သမ်းခဲ့သည့်မျက်နှာမှာ ကြည်စင် ဝင်းပလာခဲ့ တုန်း ...

"ဪ .. ဟုတ်တယ် မဟေသီ .. ကိုယ်ပါ"





"... ... ... ..."

"အနုလား .."

အမှတ်မထင် ဖုန်းပြောလိုက်သည့် ချစ်သူ အသံကြောင့် ဒေါ်ချစ်ဖူးငုံ မျက်နှာပျက်သွား၏။ မျက်ဝန်းတွေက သားဖြစ်သူဆီ တန်းခနဲ ရောက်၏။

ပြုံးပြရင်း တောင်းပန်သလိုကြည့်ကာ ချက်ချင်း ထွက်သွားသည့် သားရဲ့ကျောပြင်ကို ငေးနေခဲ့သည်။

ငေးနေရင်း မတ်မတ်ခန့်ခန့် ထိုင်နေသော ကိုယ်က ကျောမှီမှာ ငြည်းလေးစွာ မှီကျသွားလျက် ...

"မဟေသီ ဆိုတာ သားကြီးရဲ့ချစ်သူပေါ့၊ 'နှင်းမဟေသီ' တဲ့၊ မာနကြီးတယ်၊ စကားပြောပြတ်တယ်ဆိုတဲ့ ဂုဏ်ထူးတွေနဲ့၊ ပြီးတော့ အရမ်းဆော်တယ်"

ဒေါ်ချစ်ဖူးငုံ သည် နှင်းဆီ ကို ပြောပြနေတာလား၊ တစ်ယောက်တည်း ရေရွတ်နေတာလား မသိဘဲ ...

"သားကို ချစ်နေတဲ့စိတ်လေးတစ်ခုကလွဲရင် နှုးညံ့မှု အင်မတန်နည်းတဲ့ မိန်းကလေး"

"ဒါ .. ဒါဆို အဲဒီ မမနဲ့ အကြီးနဲ့ ရင်းနှီးပြီးသားပေါ့နော်"

"မရင်းနှီးပါဘူး သမီးရယ် .. တစ်ခါပဲ ဆုံပြီး နှာရိုက်လောက်အောင် စကားပြောဖူးတာပါ၊ ဒါပေမယ့် သူ့ရဲ့ သတင်းတွေကတော့ ..."

"စောစောက ပြောသလို မာနကြီးတာတွေများဟင်"

"ဟုတ်တယ် .. မာနကြီးလောက်အောင်လည်း ချမ်းသာကြတာကိုး၊ ဘာပဲဖြစ်ဖြစ် အန်တီ့ဘက်ကလည်း သူတို့ထက် မသာရင်တောင် မနိမ့်ပါဘူး၊ စိန်တောင်ချင်း တူပေမယ့် နေရောင်ထိုးနေတဲ့ စိန်တောင်လို သူတို့တွေမှာ မော်ကြွားမှုတွေ၊ ပြိုင်ဆိုင်မှုတွေ၊ ပြီးတော့ အတိုက်



www.burmeseclassic.com

www.burmeseclassic.com



အခံစိတ်တွေ ရှိတယ်၊ သူနဲ့ လက်ထပ်လိုက်တာနဲ့ သားကြီးက နိုင်ငံခြားပါသွားမှာ သေချာနေလို့ အန်တီက ရင်မောနေသလို သူတို့ဘက်ကကျတော့ သားကြီးရဲ့လုပ်ရည်ကိုင်ရည်ကို အထင်မြင်သေးကြတယ်"

"ကိုကြီးက ဗိသုကာပညာရှင်ပဲ၊ ဒီလောက်တော်တဲ့ဟာကို ..."

"သူတို့က မြန်မာပြည်မှာပဲ ဘွဲ့ယူမယ်ဆိုလည်း နောက်ထပ်နိုင်ငံခြားမှာ ဘွဲ့တွေ သွားထပ်ယူ၊ အမြဲမဟုတ်ရင်တောင် ဟိုမှာ ငွေစုနိုင်တဲ့ကာလတစ်ခုအထိ အလုပ်လုပ်၊ အဲဒီလို ဖြစ်စေချင်တာ၊ သူတို့အားလုံးလည်း ဒီလိုလူတွေပဲလေ၊ ပညာတတ်တဲ့လူတွေက အတိုင်းထက်အလွန်ဖြစ်အောင် ကြိုးစားကြတယ်၊ စီးပွားရေးလုပ်တဲ့လူတွေကျတော့လည်း ထိပ်ဆုံးရဲ့အပေါ်မှာ ရပ်တည်နိုင်ဖို့ပေါ့"

"ဒါဆို လက်ထပ်ဖို့က မသေချာသေးဘူးပေါ့နော်"

ဒေါ်ချစ်ဖူးငုံ အသံတိတ်သွားသည်။ တော်တော်လေးကြာမှ ...

"သေချာမှာပါ၊ သူတို့ဘက်က နှင်းမဟေသီ ရဲ့ သဘောကျ ဆုံးဖြတ်ခွင့် ပြုလိုက်တယ်တဲ့"

"အကြီးကရော ..."

ဒေါ်ချစ်ဖူးငုံ က နှင်းဆီ မျက်နှာလေးကို ပြန်ကြည့်ပြီး အင်အားမဲ့သည့်အပြုံးတို့ဖြင့် ...

"သဘောမတူစရာမှ မရှိတာ သမီးရယ် .. ဘွဲ့တွေယူထားတာ သားထက်တောင် ပိုသေးတယ်၊ ဒီးတော့ လှတယ်၊ သိက္ခာရှိတယ်၊ အသိုင်းအဝိုင်း ဂုဏ်ကြီးတယ်၊ ဒီ့ထက် ပြည့်စုံတာတောင် ဒီလောက်မပြည့်စုံနိုင်ဘူး"

ကောင်းတာတွေကို ရွတ်ပြရင်း ပြုံးမဲ့မဲ့ဖြစ်သွားလျက် ...

"သားကြီးကို အန်တီ့ရင်ခွင်ထဲက ဆွဲထုတ်မသွားဘူး ဆိုရင်ပေါ့ကွယ်"





နှင်းဆီ နားလည်သွားသည်။

ဒေါ်ချစ်ဖူးငုံ ရင်ထဲမှာ အမြစ်တွယ်လာခဲ့သော အထီးကျန်ဆန်ခဲ့သည့်ဝေဒနာဟာ ခင်ပွန်းဖြစ်သူထံမှ ဥပေက္ခာတရားများကစ၍ သားတွေ မွေးဖွားခဲ့သည့်အဆုံးထိ ...။

ထို့ကြောင့် စိတ်ထဲမှာ ဘယ်လိုခံစားလာမှန်း မသိသော စေတနာက ဒေါ်ချစ်ဖူးငုံ ကို စိတ်ချမ်းသာစေချင်တာပဲ ဖြစ်လာခဲ့သည်။

အမြဲတမ်း ပေါ့ပေါ့ပါးပါး နေတတ်ခဲ့သော ရင်ထဲမှာ လူတွေရဲ့ မေတ္တာတရားအကြောင်းတွေကို စိတ်ဝင်စားသလိုလို ဒါမှမဟုတ် ...

ဒီအိမ်ကြီးထဲက ရင်ခုန်သံတွေ အကြောင်းလား ...၊

သူမ ရင်ထဲမှာ ပေါ့ပါးမှုတွေ ပျောက်ဆုံးသွားခဲ့တာကတော့ သေချာ၏။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၁၉]

နှင်းဆီ ကို ဆေးမေးပွဲ ပြန်ဖြေဖြစ်အောင် ချစ်သူ က အပြင်းအထန် ကြိုးစားပေးသည်။ မဖြစ်တော့ပါဘူးလို့ ပြောတာလည်း မရ ...။

သူ့စိတ်ကူးက နှင်းဆီ ကို ချက်ချင်း သောပြန်မသွားစေချင်တာ ဖြစ်ကာ ပညာတော်သူလေးမို့ ဘွဲ့ရပညာတတ်လေးတော့ ဖြစ်စေချင်တာမျိုး...၊

ထို့ပြင် ကွယ်ရာမှာ ပြောနေကြတာပေမယ့် နှင်းဆီ က အမှတ်မထင် ကြားခဲ့ရတာက ...

"အမွေစားအမွေခံ မွေးစားဖို့ဆိုတာ မေမေ့ဘက်က လက်တွန့်စရာ မရှိဘူး သား၊ နှင်းဆီ က အပြောအဆိုမတတ်တာလေးတွေ ရှိပေမယ့် ဖြူစင်တဲ့ မိန်းကလေး၊ အိမ်မှုဗာဟီရလည်း နိုင်နင်းတယ်၊ ဒါပေမယ့် သူ့ဆန္ဒက ရှိသေးတယ်၊ နောက် ဆန္ဒတစ်ခုကို မေမေ သိချင်တာက သားက မေမေ့ကို ခွဲထွက်သွားတော့မယ်လို့ တကယ် ဆုံးဖြတ်ထားတဲ့အတွက် နှင်းဆီ ကို မေမေ့နားမှာ အမြဲရှိနေအောင် ဖန်တီးနေတာလား၊ အဲဒါ ဖြေပါဦး"





"မဟုတ်ပါဘူး မေမေ .. ဖေဖေ ထွက်သွားကတည်းက ကျွန်တော်တို့နေရာမှာ သမီးမိန်းကလေးသာ မွေးခဲ့ရင် တိုးတိုးဖော်ရမှာလို့ ပတ်ဝန်းကျင်က ပြောတဲ့စကားတွေကို နားမဆံ့ခဲ့တာ၊ ညီလေးကလည်း ငယ်ငယ်ပီပီ လွတ်လပ်ချင်တယ်၊ ကျွန်တော်တို့ညီအစ်ကို အပြင်ကို ထွက်နေတိုင်း မေမေ့ကို သတိရရင် အဲဒီလို စေတနာတွေ ရှိခဲ့တာတို့အရင်ကတည်းကပါ၊ ယုံပါ မေမေရယ် .. ပြီးတော့ နှင်းဆီ ကို ကျွန်တော် ညီမလေးတစ်ယောက် ကောက်ရသလိုကို ချစ်မိတာ၊ ဘကြီးအောင်း တို့နဲ့ပတ်သက်တဲ့သူမို့ ဘာမှလည်း စိတ်မချစရာမရှိဘူးလေ.."

"နောက်ပြီး အချိန်မရွေး ထပြန်သွားနိုင်တဲ့လူကို မပြန်နိုင်အောင် ချုပ်ယူဖို့က ဒါပဲရှိတာ"

"အင်း .. မေမေ ကြိုးစားကြည့်ပါ့မယ်၊ ဒီလိုမဟုတ်ဘဲ သားငယ်နဲ့ သဘောကျသွားကြတာဆိုရင်လည်း ကောင်းသား .."

"အဲဒါတော့ ဖြစ်လာမှာ မဟုတ်ဘူး မေမေ၊ မျှော်လည်း မမျှော်လင့်နဲ့၊ ဖြစ်သွားမှာစိုးနေတယ်ဆိုရင်တောင် မပူနဲ့၊ ညီက အရမ်း အလှကြိုက်တာ၊ သူ့အားမှာလည်း ဒိတ်ဒိတ်ကျဲတွေချည်းပဲ၊ သူကိုယ်တိုင်ကလည်း ကြေးက ထူ၊ အသန့်ကလည်း ကြိုက်၊ မေမေ့သမီးလေးဖြစ်ဖို့ပဲ ကြိုးစားရအောင်ပါ"တဲ့ ...။

အစကတည်းက ဒီလူ ချောလိုက်တာဆိုပြီး ငေးတော့ ငေးခဲ့ဖူးပေမယ့် မတူညီတဲ့အခြေခံသဘာဝတွေကို ရင်ထဲမှာ ခံစားမိနေလို့ ထင်သည်။

ချစ်သောသူ ဆိုတဲ့လူကို သူမ စိတ်ကူးထဲထိ ဆွဲမသွင်းခဲ့ဘူးပါ။

ဒုတိယနှစ် ဆက်ဖြေဖို့ လက်ခံခဲ့တဲ့အထိ ဖြစ်သွားတာက ရန်ကုန်မှာ နေရသည့်အတွက် ရွာကို အထူးတလည် လွမ်းဆွေးခြင်းမဖြစ်မိခြင်းနှင့် ဒေါ်ချစ်ဖူးငုံ အပေါ်မှာ တကယ့် အဒေါ်သားရင်းလို ခင်မင်ခဲ့၍



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

ကျောင်းက ပြန်လာပြီးမှ ဒါတွေကို ဘာဖြစ်လို့ တွေးနေမိမှန်း ကိုယ့်ကိုယ်ကိုယ် မသိဘဲ ရေချိုးနေသည့်အဖြစ်ကိုတောင် မေ့နေခဲ့၏။

"ခေါက် .. ခေါက် .."

"ဟင်!... ဘယ်သူလဲ .."

"ငါရယ် .. မင်း မပြီးသေးဘူးလား"

ချစ်သော အသံက စိတ်မရှည်သံ ...၊

"ပြီးတော့မယ်၊ ခဏလေး .."

"ခဏလေးဆိုလည်း ခု ထွက်ခဲ့ပေါ့၊ ရေချိုးခန်းထဲ ဝင်သွားတာ ဒီမှာ စောင့်နေရတဲ့သူ အအေးပတ်တော့မယ်"

"အပေါ်ထပ်မှာ သွားတက်ချိုးပါလား"

"အပေါ်မှာ ရေပူမရလို့၊ စကားများလိုက်တာကွာ.."

အထဲနဲ့အပြင် စကားတွေများနေရကာ နှင်းဆီ တဘက်လေး ခြုံပြီး တံခါးဖွင့်လိုက်တာနှင့် သူက ချက်ချင်း ဝင်ပစ်လိုက်၏။

"အို .. ဘယ်လိုဖြစ်နေတာလဲ"

လူ အပြင်ထွက်အောင် မစောင့်ဘဲ မှုန်ကုတ်ကုတ်မျက်နှာနှင့် တိုးတိုက်ဝင်ပြီးမှ တံခါးပိတ်ဖို့ ပြန်လှည့်ကာ ...

"သွားစရာ ရှိနေတယ်၊ ဘာဖြစ်နေတာ ထင်လို့လဲ"

နှင်းဆီ နှုတ်ခမ်းလေးကိုက်၍ ပြေကျသွားသည့် တဘက်ကို ပခုံးပေါ် ပြန်ဆွဲတင်သည်။ ပြီးတော့ အားမနာတတ်သည့်မျက်စောင်းက အကြောင်းသုံးပါးမရွေး ဖြစ်ခဲ့ရင်း ...

"သွား .. သွား .. ဘာဖြစ်နေတယ်မှ မထင်ဘူး၊ အရင်လိုလွန်းလို့ ရေချိုးခန်းထဲမှာ ဆပ်ပြာရည်နဲ့ ချော်လဲဦးမယ်"

ဂျိမ်းခနဲ တံခါးပိတ်လိုက်ပြီး ပြုံးမိသည်။





စေတနာရှိလို့ သတိပေးသွားတာမဟုတ်မှန်း နားလည်သော ကြောင့် မပြီးနိုင်သည့်အပြုံးက ခြေထောက်တွေကို သတိပေးဖို့ မေ့လေသည်။

"ဟာ!.. အား ..."

ရှောခနဲ ခြေထောက်မှာ ကုတ်အားမဲ့သွားမှန်း သိလိုက်သော်လည်း ခြေကားယား လက်ကားယား ဖြစ်သွားသည်မှလွဲ၍ ဘယ်ကိုမှ ဆွဲချိန်မရလိုက် ...။

ဘာနဲ့မှ မတိုက်မိဘဲ ကြွေပြားပေါ်မှာပဲ ပက်လက်ကြီးလဲကာ ခေါင်းထဲမှာ မီးပွင့်သွား၏။

ထိုနှင်းဆီ ...

ကောင်စုတ်မလေး .. တွေ့မယ် ...။



www.burmeseclassic.com

## အခန်း [၂၀]

"ညလေးက စိတ်တိုလို့ ပြောလိုက်တာပါ၊ ကျိန်တာမှ မဟုတ်တာ"

မျက်ခုံးကြီးတွေ တွန့်ကုတ်နေအောင် ကြည့်သည့် မျက်လုံးတွေက မျက်တောင်ခတ်သလို ပိတ်ပြီးမှ လွဲလိုက်တော့ မျက်စောင်းထိုးတာနှင့် တူ၏။

ထိုအခါ ယောက်ျားတန်မယ့် မျက်စောင်းထိုးရလားဆိုသည့် ဒေါသပိစိကွေးလေးနှင့် နှင်းဆီ နှာခေါင်းလေးရှုံ့သွားပြီး မျက်စောင်းပြန်ထိုး၏။

မျက်စောင်းနှစ်စင်း ထိပ်တိုက်မဆုံဘဲ ပစ်ခတ် တိုက်ခိုက်နေကြတာကို မြင်ကာ ချစ်သူ က ပြုံးသည်။

ဒေါ်ချစ်ဖူးငုံ ကတော့ အစကတည်းကိုက နှင်းဆီ အဲဒီလိုစိတ်နဲ့ မပြောဘူးဆိုတာ ယုံပြီးသားမို့ နူးညံ့နေသည့်မျက်နှာက ပြုံးလို့သာ။

"မင်းကလည်း ကလေးဆိုးကြီး လုပ်မနေစမ်းပါနဲ့ ညီရာ .. ကိုယ့်ဟာကိုယ် ဂရုမစိုက်လို့ ဖြစ်တာကို"





"ဂရုစိုက်တာ မစိုက်တာတွေကို ဘာမှမစရသေးဘူး၊ သူ ပြောပြီး လှည့်ထွက်သွားတာနဲ့ ညီ ခေါင်းကွဲတာ .."

"ဟုတ်တယ် .. အဲဒီလောက်တောင် ကျွန်မက အခွင်းထက်နေရင် ခေါင်းကို လေးငါးချက်လောက် ချုပ်ရအောင် ကွဲပါစေလို့ တစ်ခါတည်း အော်ပစ်ခဲ့မှာ .."

"ဘာ!..."

"ပြော် .. သမီးရယ် .. အဲဒီလို မပြောရဘူး"

လွှတ်ခနဲ ပြောထဲတ်သည့်အကျင့်ကြောင့် ပြောပြီးမှ ဒေါ်ချစ်ဖူးငုံတို့ကို သတိရသည်။ ချစ်သူ က ပေါ့ပါးစေလိုသည့် ရယ်မြူးရိပ်များနှင့်...

"ကဲပါ .. တော်ပါပြီ၊ စိတ်ထဲက ပါကြတာလည်း မဟုတ်ဘဲနဲ့"

ပြောပြီး နှင်းဆီ ခေါင်းလေးကို လှမ်းပုတ်၍ ...

"ညီမလေးက နောက်ဆိုရင် ကိုကြီးကို ကိုကြီးလို့ခေါ်တော့ ညှိုကို ကိုလေးလို့ ခေါ်ရမှာ၊ မောင်နှမတွေလေ .. ရန်မဖြစ်ရဘူး၊ ငယ်တဲ့သူဆိုတာ ကြီးတဲ့လူကို လေးစားရတယ်၊ ပြီးတော့ မေမေက ညီမလေးကို အမွေစားအမွေခံသမီးအဖြစ် မွေးစားဖို့ ဘကြီးသောင်း ဆီမှာ တောင်းယူတော့မှာ၊ အဲဒါတွေလည်း သိသားနဲ့ .."

ဟွန့် .. ချစ်သော မျက်နှာမဲ့ပစ်၏။ အသံမထွက်ပေမယ့် နှုတ်ခမ်းမှာ တွန့်တက်သွားသဖြင့် မြည်သံထက် ဆိုး၏။ ဒါကို လှမ်းမြင်ကာ အလိပ်လိုက်တက်လာသည့် ဒေါသတွေက လူကြီးတွေမျက်နှာကြောင့် လျှော့ပေါ့မှာပဲ အစိုင်အခဲပြုကာ ပြန်လည် မျိုချရခြင်းသို့ ရောက်၏။

ကိုယ့်သားပုံစံနဲ့ နှင်းဆီ မျက်နှာလေးကိုကြည့်ကာ ဒေါ်ချစ်ဖူးငုံလည်း နှုတ်ခမ်းတွေ ပြုံးယောင်သမ်းလာခဲ့သည်။

မတည့်ကြတဲ့အခါဖြစ်ဖြစ် ရယ်မော ကြည်စင်နေတာဖြစ်စေ



www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီ ကြောင့် ဒီအိမ်မှာ စိုပြည်လာခဲ့ရတာ ဖြစ်သည်။ ပြီးတော့ ချစ်ဖို့ကောင်းတာက နှင်းဆီ သည် စိတ်ကောက်တတ်သည့်မိန်းကလေး မဟုတ်ပေ..။

"ဟုတ်တယ်နော် သမီး .. သားငယ်နဲ့သမီး အသက်တော့ သိပ်မကွာလှပါဘူး၊ ဒါပေမယ့် ကိုလေးလို့ ခေါ်ရမယ်၊ အန်တီတို့က အမိန့်နဲ့ ခိုင်းနေတာ မဟုတ်ဘူး၊ သမီးလေးကို မိသားစုဝင် ဖြစ်စေချင်လို့"

နှင်းဆီ ခေါင်းညိတ်ကာ 'ဟုတ်ကဲ့'ဆိုသည့် အသံတောင် မပါနိုင်..၊ သူမ မြို့မှာလည်း နေချင်သည်၊ သူ့ဋွေးတွေက အမွေစားအမွေခံ မွေးစားမယ်ဆိုတာလည်း မကျေနပ်ပုံမှ မရှိတာ ..။

ဒီမှာနေဖြစ်ဖို့က သေချာတော့ သေချာနေသည်။ ချစ်သော ဆိုတဲ့ လူကို အစ်ကိုစာရင်းသွင်းပြီး လေးစားဖို့သည်သာ ..။

"သားငယ်ကလည်း ကိုယ့်ညီမလေးလို သဘောထားရမှာလေ၊ ကိုယ်က အကြီးဖြစ်ပြီး ငယ်တဲ့လူ ခေါ်သထွက်ပြီး မလေးမစား မဖွယ်မရာတွေ ပြောလာအောင် မနေရဘူး၊ အပြောအဆိုကအစ ဆင်ခြင်ရမယ်"

"ဆင်ခြင်ရအောင် ပြောဖို့ဆိုဖို့ ဘာအကန့်မှ မရှိဘူး"

"တစ်အိမ်တည်း နေကြတဲ့ဟာ မရှိဘဲ နေမလား သားရဲ့၊ ရှိလို့ပဲ ခု ဖြစ်ကြပြီ"

နှစ်ယောက် မျက်လုံးချင်းဆုံသွားပြန်သည်။ ဝင်းခနဲ လက်ခနဲ လက်နက်ရောင်တွေ ပြိုးပြက်သွားပြီးမှ ဘာမှမဟုတ်လိုက်ရဘဲ မျက်ဆံတွေ ပြန်လွှဲကြ၏။ နှင်းဆီ သူ့အတွက် ယူလာပေးထားသည့် ဆေးနှင့် ကော်ဖီကို လှမ်းကြည့်ကာ 'မသောက်နဲ့တော့'လို့ ပြောပြီး ပြန်ယူသွားလိုက်ချင်သည့် မခံချင်စိတ်တွေ ဖြစ်လာ၏။

နေရာတကာ ထင်သလို ပြော .. လွတ်လပ်သလို နေလာခဲ့သည့် အကျင့်က ထိန်းရချုပ်ရ လုပ်လာသည့်အခါမှာ တော်တော် ဒုက္ခပေး





သေသည်။ 'သူများ ဒီအိမ်မှာ မနေနိုင်ပါဘူး'ဆိုတုန်းကတော့ မပြန်ပါ လို့ မျက်နှာပြောင်တိုက်ပြီး လာပြောတာ ဘယ်သူလဲ ..။

ခုကျတော့ ဘယ်တုန်းကမှ မသင့်မြတ်ခဲ့ဘူးသည့် ခွေးနဲ့ ကြောင် .. သူပဲ တတ်နိုင်လွန်းသည်။ နောက်ထပ် မျက်စောင်းတစ်စင်း ခွင်းဖို့ စက္ကန့်ပက်လောက်အလို ...

"သမီး မဟေသီ ဒီအပတ်ထဲ လာမှာဆို .."

ဒေါ်ချစ်ဖူးငုံ က တခြားအကြောင်းအရာတစ်ခုပြောရင်း ချစ်သော တို့အခန်းထဲက အပစ်အခတ်တွေကို ရပ်စဲစေလိုက်၏။

နှင်းဆီ က ကော်ဖီတွေ အေးကုန်မှာစိုးကာ စိတ်က မပြေနိုင်ပေမယ့် လက်ကတော့ ဆေးနဲ့ ကော်ဖီကိုပြန်ယူပြီး သူ့လက်ထဲ ရောက်အောင် ထည့်သည်။ ယူတဲ့လူကလည်း ပေးတာကို အရင်မယူဘဲ ပေးသူကို မော့ကြည့်လိုက်သေးသည်။

'မကြည့်နဲ့ စေတနာကို မရှိတာ'ဆိုတဲ့ စကားမျိုး မျက်လုံးထဲ ကည့်၍ ပြူးပြလိုက်ကာ အသံတိတ် ကြေညာခြင်းနှင့်၊ 'သိတယ် .. အမြဲတမ်းကို ခိုင်းနေဦးမှာ'ဆိုသော မဲ့ပြုံးတို့ လျှပ်စီးကြောင်းတွေလို ဖြတ်ပြေးသွားကြသည်။ လူကြီးတွေတော့ သိတာ မသိတာ မသိ ..။

"သူ မလာဖြစ်ဘူးလို့ အီးမေးလ် ပို့ထားတယ် မေမေ၊ နောက်မှ ချိန်းမယ်တဲ့၊ ဟိုမှာ ကိစ္စတွေ မဖြတ်နိုင်သေးလို့ ဖြစ်မယ်"

ချစ်သူ စကားပြောရင်း ငုံ့ကြည့်လိုက်တော့ ခေါသမကင်းစွာ ကြည့်နေကြသည့်နှစ်ယောက်ကို သတိထားမိပြီး ပြုံးမိသည်။ လက်ကတော့ ပေးယူ ချိတ်ဆက်လျက် ..၊ မျက်လုံးချင်း စစ်ခင်းနေကြ၏။

ကောင်မလေး ချစ်ဖို့ ကောင်းတာ အဲဒါလေးတွေ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၂၁]

"သမီး လိမ်လိမ်မာမာ နေနော် .. ဟိုတုန်းကတော့ သိကြတာ
ပေါ့၊ အခုဆိုရင် ကိုယ့်မိဘ ဖြစ်သွားပြီ၊ ဒီအိမ်မှာ သမီးထက်ငယ်တဲ့သူ
လည်း မရှိဘူး၊ အားလုံးကို ကိုယ့်မိဘ၊ အစ်ကိုရင်းတွေလို ချစ်ခင်
လေးစားရမယ်"

ညှေ့ခန်းထဲမှာ လူတွေစုံနေတာ ဦးစိုးမိုးသူ ပါ ရှိနေ၏။ ဘဘက
ရွာကနေ သွားခေါ်လာပေးတာမို့ မပြန်ရသေးတာ ဖြစ်သည်။

ထို့ပြင် ဒီနေ့ အမွေစားအမွေခံစာချုပ် ချုပ်ကြမည်ဖြစ်ရာ မိသား
စုံစုံလင်လင် ရှိစေချင်တာ ဒေါ်ချစ်ဖူးငုံ ရဲ့ဆန္ဒ...၊

"သမီးတို့မိသားစုနဲ့ ခုလို ပဋိသန္ဓေဆက်တွေ ရှိနေကြတာကို ကျွန်
ကလည်း ဝမ်းသာလို့မဆုံးပါဘူး၊ တကယ်ဆိုရင် ခုလောက်ထိ မိသား
တွေ ရင်းနှီးနေကြတာ ငါ့သမီးရဲ့ ကျေးဇူးသိတတ်တဲ့ မွန်မြတ်တဲ့စိတ်
ထားလေးကြောင့်ပဲ၊ ငါ့သမီးနဲ့ ဒီသားသမီးတွေ အမြဲတမ်း မကွဲမကွာ
ချမ်းသာပျော်ရွှင်စွာ နေကြရပါစေကွယ်"

ဒီဆုကိုပေးတော့ ဒေါ်ချစ်ဖူးငုံ ကြည်နူးစွာ ပြုံးသည်။





မပြည့်နိုင်ပေမယ့် လိုချင်လှပါ၏။ လူ့ဘဝမှာ ရှင်သန်ခွင့်ရသမျှ
သက်တမ်းကာလလေးမှာ ဤသို့ ပျော်ရွှင်ချင်မိသည်။

"ကဲ .. စာချုပ်စာတမ်းကိစ္စတွေ ပြီးပြီဆိုတော့ ကျွန်တော် ပြန်
တော့မယ်၊ မမ နေရထိုင်ရတာ သက်သောင့်သက်သာ ရှိတယ်မို့လား"

ဦးစိုးမိုးသူ က စိတ်မချမ်းသာစရာတွေကို မကြားလို၊ မမြင်လိုတဲ့
သူ၊ ဒါကြောင့်လည်း ပဲခူးနဲ့ ရန်ကုန် နီးနီးလေးပေမယ့် 'လာပါဦး' လို့
မခေါ်ဘဲ မသွားဖြစ်ခဲ့တာ များ၏။

သူ့မှာ အိမ်ထောင်ကျပြီး သားတစ်ယောက်ပဲ မွေးသည်။ သားက
ဘွဲ့ရ အလုပ်အကိုင်ခွဲပြီးတာနှင့် အိမ်ထောင်ပြု၏။ ပြီးတော့ မိန်းမ
နောက် ပါသွားခဲ့တာ မန္တလေးမှာ ရှိနေကြောင်း ဖုန်းဆက်ဖော်လေး
တော့ ရပါသည်။

သူ့မှာလည်း ရင်နာစရာကိစ္စလေးတချို့နဲ့ပါ။ မိန်းမက သားကို
တွေ့ချင်တိုင်း မန္တလေး သွားသည်။ သွားပြီး ပြန်မလာတိုင်း သူပဲ
လိုက်ခေါ်ခဲ့ရ၏။ ထို့ကြောင့် ဘာများထူးလို့လဲ...၊ သူ့ဘဝကလည်း
အထီးကျန်ပါ..။ မောင်နှမ ပီသစွာ ကံတူအကျိုးပေးဖြစ်ကြတာချင်း
တူရင်တောင် သူ့အဖြစ်က ပိုဆိုးတာ မဟုတ်ဘူးလား၊ ဒါပေမယ့် မမ
လိုတော့ သူ ရင်နင့်အောင် မခံစားခဲ့ဖူးပါ။

ရန်ကုန်ကို လာဖြစ်တိုင်း အစ်မဖြစ်သူကို ဝင်မတွေ့ဖြစ်ရင်တောင်
တူနှစ်ယောက်စလုံးနဲ့တော့ တွေ့ပြီးမှ ပြန်ဖြစ်သည်။

'လေးလေးကို မေမေ ခေါ်နေတယ်' လို့ တူတွေဆီကတစ်ဆင့်
ခေါ်သံကြားပြီဆိုမှ မောင်နှမ ဆုံဖြစ်သည်။ ရောက်ပြီဆိုရင်လည်း မမ
က ပြန်ဆိုမှ ပြန်ရသည်သာ၊ ပြန်ခိုင်းတိုင်းလည်း မမသည် ယခုကဲ့သို့။

"သက်သောင့်သက်သာ ရှိရဲ့လားတွေ၊ ဘာတွေ မေးမနေပါနဲ့
စိုးမိုး ရယ် .. ပြန်မယ်ဆိုလည်း ပြန်ပါ၊ တော်သေးတယ်နော် .. ဒါ



www.burmeseclassic.com

www.burmeseclassic.com



တောင် မိန်းမနဲ့သားက အနားမှာ သိပ်မရှိတတ်လို့၊ အိမ်မှာ ငုံမယ့် ရယ်မယ့်လူရှိရင် ငါ့မောင်လေး မမနားကို လာဖော်တောင် ရပ့်မလား ပဲ"တဲ့ ...။

သူ ပြန်ခါနီးတိုင်း ဤသို့သော အဓိပ္ပာယ်သက်ရောက်စေသည့် စကားမျိုး တစ်ခုမဟုတ် တစ်ခုတော့ ကြားရနေကျ။ သူလည်း ပြုံးနေကျအတိုင်း အစ်မမျက်နှာကို ကြည့်၍ ချော့မော့သလို ပြုံးလိုက်ရပြီး...

"နှစ်ရက်တောင်နေတာ မမကလည်း .. ကျွန်တော် ရောက်လာရင်လည်း ဘယ်မှာ ချက်ချင်း တန်းပြန်လို့လဲ၊ ဘကြီးရော မပြန်သေးဘူးမို့လား၊ ရောက်တုန်း အေးဆေးနေပါဦး"

ဦးရာလူကို စစ်ကူတောင်းတာမျိုး...၊ ဦးဘသောင်း က ဆေးတံကြီးကိုင်၍ ကွမ်းရိုးတက်နေသည့်သွားတန်းကြီးတွေ ပေါ်အောင်ရယ်လျက်...

"အေး .. နေတော့ နေချင်တာပေါ့ကွာ .. ဒါပေမယ့် ဟိုတစ်ခေါက်ကလည်း အေးဆေးနေခဲ့တာပဲလေ၊ နှစ်ခေါက်က သိပ်မကြာဘူးဆိုတော့ ဒီတစ်ခါ ပြန်မှဖြစ်မယ်ကွာ၊ နောက်တော့ မယ်မြ တို့ သားအမိလည်း လာကြဦးမယ် ထင်တယ်"

"နောက်မှလား ဦးလေးရယ် .. မိသားစု တစ်ခါတည်း ထွက်ခဲ့ပြီးတာပဲ"

လူစုံနေတာကို သဘောကျသည့် ဒေါ်ချစ်ဖူးငုံ က အပြစ်တင်ချင်သည့်အသံနှင့် ဝင်ပြော၏။ ဦးဘသောင်း က ဘာကို သဘောကျသွားမှန်း မသိဘဲ ပခုံးကြီးတွေ လှုပ်အောင် ရယ်ကာ ...

"ညည်းက ညည်းအဒေါ်အကြောင်းမှ မသိတာ"

"ဟင်!... ဘာဖြစ်လို့လဲ"

ဦးဘသောင်း က ဧည့်ခန်းမှာ အားလုံးရှိနေကြသည့်လူငယ်တွေကို ရယ်လက်စမျက်နှာနှင့် တစ်ချက်လှမ်းကြည့်ရင်း ...





"သူက အပေါ့အပါးသွားချင်ပြီဆို ထိန်းနိုင်တာ မဟုတ်ဘူး၊ ...နဲ့ ရထားနဲ့သွားပြီဆို ညောင်းအောင် ထိုင်လိုက်ရတာနဲ့ မထိန်းနိုင် သိမ်းနိုင်တွေ ဖြစ်တော့တာ .."

"ဟုတ်လား .."

မေးလိုက်ရင်း ဒေါ်ချစ်ဖူးငုံ မျက်နှာမှာ ပြုံးယောင်သမ်းသွား၏။

"ဟုတ်ပဗျာ .. သူ့ကြောင့် ကျုပ်မှာ အရှက်ကွဲပေါင်းတွေ များလှ ...၊ အဲဒါကြောင့် သူ့အကြောင်း သူသိလို့ တစ်မိုင် နှစ်မိုင်ထက် ပို ...တဲ့ခရီးကို လှည်းနဲ့တောင် မသွားဘူး"

အားလုံးပဲ ပြုံးစိစိတွေ ဖြစ်ကုန်ကြ၏။

"သမီးကြီး စပယ် ကျတော့ လူကြောက်တတ်တယ်၊ လူထူထူရှိပြီ ... ခြေလှမ်းမှားရော၊ စိတ်ကျဉ်းကျပ်လို့ပါဆိုပြီး ရွာမှာတောင် အိမ်ပေါ် ... ခြံထဲကလွဲပြီး အပြင်ကို တစ်ထွာတစ်ညှိ မထွက်ဘူး"

"တော်ကြာ .. အိမ်တွင်းပုန်းလွန်ပြီး အပျိုကြီး ဖြစ်နေဦးမယ်၊ ...ကြီးကလည်း .."

ဦးစိုးမိုးသူ က ဝင်နောက်တော့လည်း ဘကြီးသောင်း က စိတ် ...ိုးပေ ...၊

"မတတ်နိုင်ဘူးကွာ .. ကျုပ်တို့ရဲ့မေတ္တာတွေနဲ့ သူ့မိဘများ ထား ...ခဲ့တဲ့ အမွေအနှစ်တွေဆို ဒီတိုင်းနေပြီး အေးဆေး ထိုင်စားသွားနိုင်ပါ ...ယ်၊ ယောက်ျားမရတော့လည်း ကျုပ်တို့သမီးကို ကျုပ်တို့ တစ်သက် ... ချစ်ရတာပေါ့"

"ဘယ်ဟုတ်မလဲ ဘကြီးရဲ့ .. ယောက်ျားယူတာ စားစရာမရှိလို့ ...ကြတာမှ မဟုတ်တာ"

"ကဲ .. စိုးမိုး ရေ .. လူကြီးကို မလေးမစား ဘာတွေ ပြောနေ ...လဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ချစ်ဖူးငုံ တားဆီးကာမှ ဦးစိုးမိုးသူ မျက်နှာက လူငယ်လေး
တွေလို အပြုံးစစနှင့် ...

"စေတနာနဲ့ အကြံပေးတာပါ၊ ဒီမှာ .."

ပြောလက်စသည် နှင်းဆီ မျက်နှာဆီ တန်းခနဲ ရောက်သွားလျက်

"အပျိုကြီး မလုပ်နဲ့နော် ..၊ လူကြီးသူမ ဆုံးမစကားတွေဆိုတာ
မဖြစ်သင့်တာ မဖြစ်ရအောင် တားဆီး သတိပေးတာမျိုးပဲ၊ အိမ်ထော
ပြုကြတိုင်း ဒုက္ခတွေ့ကြတာ မဟုတ်ဘူး"

"ဟဲ့ .. စိုးမိုး ရယ် .."

"ကလေးတွေ ချင့်ချိန်လို့ရအောင် ပြောပြတာပါ"

အစ်မဖြစ်သူကို လက်ကာပြလိုက်ပြီး နှင်းဆီ မျက်နှာကိုပဲ ကြည့်
ကာ ...

"တကယ် ပြောနေတာနော် .. မှတ်ထား၊ ညည်း အခု ငါ့ရွ
ဖြစ်သွားပြီ၊ တာဝန်သိသိနဲ့ လမ်းပြနေတာ"

"ဟုတ်တယ် ညီမလေး .. သူတော်ကောင်းစကား ကြားနာ
ခဲတယ်၊ သေချာ နားထောင်လိုက် .."

ချစ်သူ ကပါ ရယ်ရင်း လှမ်းနှောက်၏။ နှင်းဆီ က စည်းတ
ထားသည့် ဆံပင်တစ်ဖက်ကို ရင်ဘတ်ရှေ့ဆွဲယူလိုက်ရင်း ရယ်
"မင်း အသာနေပါ၊ ဒါမျိုးက ရှေ့ကလူ သွားတဲ့အတိုင်း နော
လူ လိုက်တတ်လို့ သတိပေးနေတာ၊ ညည်းအစ်မ အပျိုကြီးဖြစ်သွ
လည်း အဲဒီအတိုင်းနေဖို့တော့ စိတ်မကူးလိုက်နဲ့၊ လူပျိုကြီး အပျို
ဘဝနဲ့ အိမ်ထောင်ရှိတဲ့လူတွေရဲ့ဘဝက ဘာနဲ့တူသလဲဆိုတော့ ပြ
ကောင်းမွန်နေတဲ့ ဟင်းတစ်ခွက်နဲ့ လူမမာစာဟင်းလိုပဲ၊ လူမမာ
ဆိုတာက ဟိုဟာမပါ ဒီဟာမပါ၊ အရောင်မရှိ၊ အဆင်းမရှိ၊ ပြ
တဲ့လူလည်း စိတ်မဝင်စား၊ မျိုချနေရတဲ့လူရော မေးကြည့်ပါလာ





ာင်းရဲ့လားလို့ .."

"သူ ပြောမှပဲ အပျိုကြီး လူကြီးတွေလုပ်ပြီး သန့်သန့်စင်စင်နေတဲ့
တွေ ဖင်ဆောင့် ကျုမ်းထိုး ငိုကြတော့မယ်"

"မမ မသိလို့ပါ၊ ကွယ်ရာမှာ ငိုချင် ငိုနေကြမှာ၊ လူရှေ့မှာတော့
င်သူသားမွေး၊ မယားကျွေးမှု၊ သားကျွေးမှုတွေကို စိတ်ကုန်သလိုလို
လိုလိုပေါ့"

"အဲဒါဆို လေးလေး ပြောတာ အားလုံး မမှန်ဘူး"

"ဟင်!..."

"မမှန်ဘူး ဟုတ်လား"

တစ်ယောက်ကို တားဆီးပိတ်ပင်မနိုင်တုန်း နှင်းဆီ ကောက်ခနဲ
ပြောလိုက်တော့ သူမထံ အာရုံတွေရောက်ကုန်ကြ၏။ ဦးဘသောင်း
တော့ ဆံပင်တွေကို ဖိပွတ်လျက် ...

"ငါ့သမီး ပါလာရင်တော့ .. အင်း ..."

တစ်ယောက်တည်း ခပ်ငုံ့ငုံ့ ညည်းညူသလို ပြောလိုက်တာကို
ိမထားမိကြ ..။

"ပြောပါဦး .. ဘာမမှန်တာလဲ"

"မမှန်ဘူးလေ .. ယောကျ်ားတွေက သားကျွေးမှု မယားကျွေးမှု
စိတ်ကုန်ကြတာမှ မဟုတ်တာ၊ ရှာဖွေမကျွေးချင်တာ..၊ မျက်စိ
များ လှတပတလေးတွေမြင်ရင် ကြည့်လိုက်တာမှ တစ်ကိုယ်လုံး
းစိပ်တိုက်တာထက်တောင် စွေစပ်သေးတယ်၊ အဲဒါ သားစိတ်
စိတ်ကုန်တာ ဖြစ်နိုင်မလား .."

"ဟောတော် .."

"သမီးရေ .."

လူကြီးနှစ်ယောက်ထံမှ သံပြိုင်ထွက်လာတော့ အားတက်သရော



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်သည့် နှင်းဆီ အသံလေး အနည်းငယ် ပျော့ကျသွား၏၊ သို့သော် ...

"ပေါ်လွင်အောင် ပြောပြတာပါ၊ ဘဘကလည်း ဒါလေး ပြော တာကို .."

နည်းနည်း အထွန့်တက်လိုက်ပြီး ဦးစိုးမိုးသူ ဘက် ပြန်လှည့်၍—

"လူပျိုကြီးလက်မှတ်နဲ့ နာမည်ကောင်းယူပြီး သူများသားသမီး ကို တင့်တောင့်တင့်တယ် ရှာဖွေမကျွေးချင်ဘဲ အချောင်လိုချင်တာ"

"အို .. သမီးရယ် .. ဒီလို မပြောရဘူးလေ"

"ဒီမိန်းကလေး ကျုပ် စိတ်မချတာ အဲဒါပေါ့၊ အပြောအဆို လုံး မတတ်ဘူး"

"ဘာဖြစ်လဲ မမရယ် .. သူ ပြောနေတာ အမှန်တွေပါ"

ဦးစိုးမိုးသူ က ရယ်တောင် ရယ်နေသေးသည်။ ပြီးမှ ...

"ဒါပေမယ့် တကယ်ကို မွေးလာကတည်းက ကိုယ့်အာရုံနဲ့ကိုယ် ပျော်မွေ့ပြီး ဒီစိတ်မရှိခဲ့တဲ့လူတွေလည်း ရှိတာပဲ၊ ယောကျ်ားရော - မိန်းမရောလေ .."

"ဟုတ်တော့ ဟုတ်တယ်၊ ဟုတ်ပေမယ့် ဒါက ရာခိုင်နှုန်း အနည်းဆုံး ခြွင်းချက်ပါ၊ ယောကျ်ားလေးလူပျိုကြီးတွေ မိန်းမအပျိုကြီး တွေထက် ပိုမုန်းဖို့ကောင်းတာတော့ အတိအကျ မှန်တယ်"

"ဘာဖြစ်လို့လဲ .."

"သမီး ခုနက ပြောပြီးပြီလေ၊ အပျိုကြီးတွေက ဘာကြောင့် အပျိုကြီးဖြစ်ဖြစ် စိတ်ထဲမှာ ဘာရှိနေနေ ထိန်းချုပ်ရတယ် .. မျိုးသိပ် တယ်၊ စောင့်ထိန်းနိုင်တဲ့သိက္ခာတရားနဲ့ ကျက်သရေက ရှိပြီးသား လူပျိုကြီးတွေ ကျတော့ ခုနစ်ဆယ်ရာခိုင်နှုန်းလောက်က မျက်လုံးကြီး တဝင်းဝင်းနဲ့ မိန်းမတစ်ယောက်ကို မျက်လုံးနဲ့ ဖမ်းစားပြီး စိတ်





လိုသလို ဖြစ်ပျက်ရှုကြတာ .."

"ဘာလဲ .. လူပျိုကြီးနဲ့ အပျိုကြီး ဘယ်သူ ပိုမြတ်သလဲ ခေါင်းစဉ် နဲ့ စကားနပမ်း လုပ်ချင်တာလား"

ချစ်သော မေးလိုက်တာက ဝေါက်ဆတ်ဆတ် မျက်နှာက မကြည်၊ နှင်းဆီ က ဆတ်ခနဲ လှည့်ကြည့်လိုက်ပေမယ့် ဂရုစိုက်ပုံ မရှိဘဲ ...

"လုပ်လေ .. ညလေးက စကားနပမ်းပွဲ လုပ်နေတာတော့ မဟုတ် ဘူး၊ ဖြစ်ချင်ရင်လည်း ရတယ်၊ ဒီက သက်သေသာကေပါ ပေးလိုက်ဦး မယ်"

ချစ်သူ နဲ့ ဦးစိုးမိုးသူ က ရယ်နေကြကာ ...

"ဘာ သက်သေတွေလဲ .. ပြောပါဦး"

ချစ်သူ စကားထောက်ပေးလိုက်တော့ မကျေနပ်သည့် ချစ်သော ရဲ့မျက်လုံးတွေ သူ့ဆီ ရောက်လာသည်။ ချစ်သူ က မသိသလို နေ၏။

"ညလေးတို့ရွာက လူပျိုကြီး ဦးတိုက်မောင်း လေ .. သူက အသက် လေးဆယ်လောက်ရှိပြီ၊ ရွာထဲမှာ လူရှိသေ ရှင်ရှိသေနဲ့ လုပ်စားလာပြီး နောက်ပိုင်းကျတော့ သူများမိန်းမနဲ့ အသံတွေကြားလာရတာ အားလုံး အံ့ဩကုန်တာပေါ့၊ ဟိုမိန်းမကိုလည်း သူ့ယောကျ်ားက ရိုက်လိုက်တာ၊ မိန်းမဖြစ်ပြီး ဟိုလူကို 'နင်ကပဲ ပေးကမ်း ရင်းနှီးနေသေးတယ်' ဘာ ညာနဲ့ .."

"ကဲ .. သမီး အဲဒါတွေ ညည်း မပြောရဘူးလေ"

"ဟုတ်ကဲ့ပါ ဘဘရဲ့ .."

ဆိုပြီး နှင်းဆီ က အသံလေး ပိုတိုးသွားတာပဲရှိကာ ...

"အဲဒီလို ဘယ်ဘက်က တစ်ဆုပ်ကြီး၊ ညာဘက်က တစ်လှည်းဝင် ဖယ့်နည်းတွေ သုံးပြီး လူပျိုကြီးအမည်ခံနဲ့ သက်သောင့်သက်သာ နေနေတာ၊ နောက်ထပ် ရှိသေးတယ် သိလား .. ဘဘ ဆူနေလို့ မပြော



www.burmeseclassic.com

www.burmeseclassic.com



"တော့ဘူး .."

ချစ်သူ က ရယ်ကာ တအံ့တသြကြည့်နေသည့် ဒေါ်ချစ်ဖူးငုံ ဆီကိုလည်း အကဲခတ်သလို ကြည့်လိုက်ရင်း ...

"ရှိတဲ့လူတွေ ရှိတာပါကွာ၊ လူပျိုကြီးတိုင်းတော့ မဟုတ်ပါဘူး၊ တချို့ဆိုရင် ယောက်ျားရော မိန်းမရော နားမလည်ဘူး၊ ဘုဘောက်ကျ ပြီး အရမ်းရိုင်းတဲ့လူတွေတောင် ရှိသေးတာ"

"ရှိတယ်လေ .. ညလေးက ရာနှုန်းပြည့် ဒီတိုင်းပဲလို့ ပြောလို့ လား"

ချစ်သော မဲ့လိုက်တာကို နှင်းဆီ က လှမ်းမြင်သည်။ ထို့ကြောင့် ...

"ညလေးက ယောက်ျားထု၊ မိန်းမထုဆိုတာတွေနဲ့ မျိုးချစ်စိတ် ဓာတ်တွေ ပြနေတာ မဟုတ်ဘူး၊ မြင်ဖူး ကြားဖူးတာတွေက ဒီလိုချည်း ပဲမို့လို့ ကိုယ့်ဖာသာ ကြည့်မရတာကိုပဲ ပြောတာ"

"ဒါပေမယ့် ညည်းအစ်ကိုတွေက ယောက်ျားတွေလေ၊ လူပျိုကြီး တွေ ဖြစ်ကုန်ရင် ဘယ်လိုလုပ်မလဲ.."

"မဖြစ်ပါဘူး .. ဖြစ်ကုန်ရင်လည်း အဲဒီလိုလူမျိုးတွေ လုံးဝ မဟုတ်ဘူး၊ ညလေးနဲ့ အတူတူနေကြတဲ့ဟာ မသိဘဲနေမလား၊ အဲဒါ ကြောင့် ပြောတာလေ၊ ညလေးက မိန်းမတွေပဲ ကောင်းတယ်ဆိုတဲ့ဝါဒ နဲ့ တစ်ဖက်သတ်ပြောနေတာ မဟုတ်ပါဘူးဆို၊ ကောင်းတဲ့လူကို မြင် ရရင်လည်း ကောင်းတယ်ပေါ့"

ဒေါ်ချစ်ဖူးငုံ က ခပ်သဲ့သဲ့ရယ်ကာ ...

"ငါ့သမီးကတော့ တကယ့်ကို အိမ်ဆည်းလည်းလေးပဲကွယ်၊ ပြောချင်ပြီဆို မပြီးပြီးအောင် ပြောတယ်၊ ပြောတာကိုလည်း ပြန်ရှင်း တယ်၊ အသံလေးကို စီနေတာပဲ"

စိတ်တာ မဟုတ်ဘူး .. ဆူနေတာ..၊





ချစ်သော ဒဏ်ရာမပျောက်တပျောက် ခေါင်းကို တစ်ချက်ပွတ် ရင်း ဟိုဘက်လှည့် မဲ့သည်။ ဒေါ်ချစ်ဖူးငုံ နားမလည်လို့ မဟုတ်ပါ။ ဆိုပြင် နှင်းဆီ ၏ အရိုးခံစိတ်ရင်းလေးမှာ ဘယ်လို အစွန်းထင်းတွေ ရှိလာခဲ့သည်ကိုပါ လှမ်းမြင်မိတာမို့ စကားလုံးတွေ ရှင်းသလိုရှိပေမယ့် နားလည်နိုင်ခဲ့ခြင်း ဖြစ်သည်။

ဒီမိန်းမငယ်လေးဟာ ကျောက်ရိုင်းတုံးလေးလိုပါ၊ ဒါမှမဟုတ် အဖိုးတန် ကုန်စည်တွေအပြည့်နှင့် ပင်လယ်ထဲမှာ မောင်းသူမဲ့ မျောချင် ရာ မျောနေသော သင်္ဘောတစ်စင်းနှင့် တူနေသည်လား ..။

သူမလေးကို သေချာ ပြောပြ တည့်မတ်ပေးနိုင်မည်ဆိုလျှင် ...

"ညည်း နားငြီးခံနိုင်ပါ့မလား မချစ် ရယ် .. ငါတော့ ရင်လေးမိ သေးတယ်"

ဒေါ်ချစ်ဖူးငုံ စိတ်ကူးနေတုန်းမှာ ဦးဘသောင်း ၏ ရုတ်ကမအေး သံကြီး ထွက်ပေါ်လာသည်။ စိတ်ချဖွယ်ရာ အမျိုးမျိုးသော အကြောင်း များနှင့် ကိုယ့်သမီးကလည်း ကျေနပ်ပါသည်ဆိုလို့သာ ဒီမိသားစုထဲကို အပြီးအပိုင် ဝကွက်အပ်လိုက်ခြင်း ဖြစ်သည်။

စိတ်ကတော့ မဖြောင့်နိုင်ပါ၊ သူ့အမေ မယ်မြ ကဆို သူ ထွက် သွားတဲ့အချိန်ထိ 'ဖြစ်ပါ့မလား ကိုသောင်း ရယ်..' လို့ ပြောနေတုန်း..။

နှင်းဆီ ဟာ မိဘတွေ ရှိစဉ်ကလည်း မိဘတွေလက်ထဲမှာ အငယ် ဆုံး၊ အချစ်ဆုံး ..။ သူတို့လက်ထဲ ရောက်လာတော့လည်း စကားတတ် တာလေးကိုပဲ သူတို့မှာ ချစ်လွန်းလို့ ပြောချင်တာ ပြော နားဝင်ချိုနေခဲ့ ကြသည်။ မထင်မှတ်ဘဲ တစိမ်းတွေလက်ထဲ ရောက်တော့မယ်ဆိုမှ...

"မပူပါနဲ့တော့ ဦးလေးရယ် .. သမီးက သမီးရဲ့သမီးလေး ဖြစ် သွားပြီ၊ ဒါ ကလေးကစားသလို လုပ်ခဲ့ကြတာလည်း မဟုတ်ဘူး၊ တော် ရဲ့ မေတ္တာမျိုးနဲ့ ဖြစ်နိုင်ပါ့မလား .."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် .. ဘကြီး မပူပါနဲ့၊ မမအတွက် သမီးလေး တစ်ယောက် ရသွားတယ်ဆိုပြီး ကျွန်တော်တို့အားလုံး ကျေနပ် ဝမ်းသာနေကြတာပါ"

"ကျွန်တော်က နှင်းဆီ နဲ့ ရင်းနှီးပြီးကတည်းက ငါ့ညီမလေးဆိုကောင်းမှာပဲလို့ တွေးမိခဲ့တဲ့သူနော်၊ အခု အပိုင်ရပြီဆိုတော့ ဘကြီးသောင်း စိတ်ပူနေလည်း ပြန်ရမှာ မဟုတ်ဘူး"

တစ်ယောက်တစ်ခွန်း စိတ်ချမ်းသာစေမယ့် စကားတွေမဲ ပြောကြသည်။ နှင်းဆီ ကို တကယ် ချစ်ခင်ကြမှန်းလည်း သိသာပါ၏။

ဘာမှမပြောဘဲ မျက်နှာ ဟိုလွှဲဒီလွှဲနှင့် အသံတိတ်နေတာက ချစ်သော ..၊

"သားငယ်က ရေချိုးခန်းထဲမှာ ချော်လဲပြီး ဒဏ်ရာရထားတာလေ ဦးရဲ့၊ ခုမှ သက်သာကာစပဲ ရှိသေးတာ၊ အဖွန်း .. သူတို့မောင်နှမ အချေအတင်တွေပြောပြီး ဖြစ်ကြတာ"

"ဟော!... ဟုတ်လား"

ဦးဘသောင်း မသိမသာ မျက်လုံးရောက်သွားတာကို သတိထားမိပြီး ဒေါ်ချစ်ဖူးငုံ က ရှင်းပြ၏။ ထိုအခါကျမှ ဦးစိုးမိုးသူ ကလည်း သိကာ တဟားဟား ရယ်လေသည်။

ချစ်သော မျက်နှာကြီး ဦးဘသောင်း ရှေ့မှာ ရှုံ့တွမသွားမိအောင် ထိန်းချုပ်မရဖြစ်လာရင်း အနီရောင် ရင့်လာ၏။

ပြုံးနေသည့်မျက်နှာတွေ .. ရယ်သံတချို့၏ အောက်မှာ ကိုယ်က ကလေးဆိုးကြီးတစ်ယောက်လို ..။ ရှက်လာလေ .. ဒေါသဖြစ်လေ—

ငနှာမလေး .. သူ့ကြောင့် ..၊





## အခန်း [၂၂]

သီချင်းဆုံးသွားပေမယ့် သံစဉ်တွေ မကုန်သေးသည်မို့ ကကွက်ဆွဲကလည်း မပြီးသေးပေ..၊

ခန်းမတစ်ခုလုံး ပြည့်နေသည့် ပရိသတ်၏ အားပေးမှုက သံစဉ်ဆွဲပါ ပြီးဆုံး ရပ်နားသွားတဲ့အထိ သောင်းသောင်းဖျဖျ ဆူညံနေဆဲ...

"ကိုကိုချစ် .."

"ချစ်သောသူ .."

"အရမ်း ကြည့်ကောင်းတာပဲ၊ တို့က အမာခံပရိသတ်နော်၊ မှတ်ထားပေး .. 'မုန်း' တဲ့"

သီချင်းတစ်ပုဒ်အဆုံးမှာ အဆိုတော်ထံမှာ ပရိသတ်နည်းကာ ချစ်သော ၏ခြေလှမ်းများအတိုင်း စုဝေး လိုက်ပါသွားကြသည့် မိန်းမငယ်လေးတချို့က ကားနားထိ ..။ အားလုံးကို ပြန်လည် နှုတ်ဆက်ရင်း သူငယ်ချင်းများနှင့် ကျန်ရစ်သည့်အချိန်မှာ သူ့လက်ထဲတွင် ပန်းစည်းဆွဲ၊ ပို့စကတ်ဒ်လေးတွေ စုပုံထပ်လျက် ...

"ပေး .. ကားထဲ ထည့်လိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



သဝဏ် က အမြင်မတော်သလို လက်ပြောင်းယူလိုက်ပြီး ချစ်သော ရဲ့ကားနောက်ခန်းထဲမှာ ပန်းစည်းနဲ့ ပို့စကတ်ဒ်တွေကို သေချာ ထည့်ပေးလိုက်၏။ တခြား နှစ်ယောက်က ပွဲပြီးတာနှင့် ခွဲထွက်သွားနေကျအတိုင်း ခုလည်း သူတို့သုံးယောက်ပဲ ကျန်ရစ်ခဲ့ကြသည်။

"မင်း မပြန်သေးဘူးမို့လား ချစ်သော .."

"ဘာဖြစ်လို့လဲ"

"ဒီကောင် သူ့ကောင်မလေးနဲ့ ကျိုင်နေတယ်ကွ..၊ နည်းနည်းပါးပါး ရေခဲရောပေးလိုက်ရအောင်၊ 'Kiss Me'မှာ ခဏ သွားထိုင်ရအောင်"

"လုပ်လေ .."

သုံးယောက် ကားနှစ်စီးနှင့် သီချင်းသံတွေ နားကနေ ထွက်လာခဲ့ကြသည်။ ည ကိုးနာရီရှိနေပြီမို့ လမ်းပေါ်မှာ ကားတွေတောင် ခပ်ကျဲကျဲဖြစ်သွားပြီ ဖြစ်၏။ သူတို့ kiss me ကိုရောက်တော့ ထိုင်နေကျလေ့ကားထိပ်စားပွဲမှာပဲ ထိုင်သည်။

မီးရောင်ပျပျ ရှိသော်လည်း အတွင်းမီးရောင်နှင့် လွတ်နေသဖြင့် ပိုလွတ်လပ်၏။ အထူးသဖြင့် စတွေ့ချိန်ပေါ်က ဆင်းလာကြတာမို့ သူတို့ပုံစံတွေက ထင်သလို ခြေလှမ်းကျဲလို့ မကောင်းသည့်အခြေအနေ..။

"မျက်နှာကတော့ ရာသီဥတု မဆိုးပါဘူး၊ ဘာဖြစ်လို့လဲ .."

ချစ်သော က စမေးလိုက်တော့ စားစရာ မှာသည့် လင်းထွန်း မျက်နှာ ချက်ချင်း လှည့်လာ၏။ သူ့အတွက်နဲ့ ချစ်သော တို့ ဒီထိထွက်လာကြတာမှန်း ခုမှ သိသည့်ပုံစံနှင့် ...

"ငါလား .."

"ဟုတ်တယ် .."

ဒီတော့မှ သဝဏ် ပြောထားတာမှန်း သိလိုက်ပြီး တစ်ချက် လှည့်ကြည့်၍ ...





"မလွယ်ပါဘူးကွာ .. ဒီလိုနဲ့ပဲ ပြီးသွားကြမှာပါ"

သူက သူ့ကားသူမောင်းကာ သဝဏ် ကတော့ သူနဲ့ပါလာတတ်သေမယ့် ချစ်သော နဲ့ဆုံတာနှင့် ချစ်သော ရဲ့ကားပေါ် ရောက်သွားတာမို့ ကားပေါ်မှာ ပြောဖြစ်ဆိုဖြစ်တာရှိလျှင် လင်းထွန်း သိဝ်မပါ ..။

"ဘာပြီးမှာလဲ .. မင်းက ပြီးနိုင်လို့လား"

ချစ်သော ထပ်မေးတော့ လင်းထွန်း အသံတိတ်နေ၏။ ပြီးမှ...

"အနိုင်ယူလွန်းတယ်ကွာ .. အရှုံးပေးနေနိုင်ပေမယ့် သူ ငါ့ရှေ့က နေ ပျောက်ကွယ်သွားတိုင်း နာကျင်ပြီး ကျန်ခဲ့တဲ့ ရင်ဘတ်ထဲမှာ ဘယ်နေရာမှာမှ အကောင်းတိုင်း မကျန်တော့ဘူး၊ တကယ့် ချစ်ခြင်းမေတ္တာဆိုတာ ကောင်းတာလိုချင်ရင် ပေးဆပ်ကြတယ်၊ ရယူကြတယ်၊ လူကြီးတွေ ကလေးကို ဆုံးမသလိုပေါ့၊ လိမ္မာအောင် ရိုက်နှက်ဆုံးမလိုက်ပေမယ့် အငိုတိတ်အောင် ပြန်ချော့ကြတယ်၊ ငါ့အတွက် သူ ငိုစေခဲ့တာပဲ ရှိတယ်၊ အငိုတိတ်အောင် ဘာမှပြန်မလာခဲ့ဘူး၊ အရှိန်ပြင်းတဲ့ ရေတံခွန်ကြီးရဲ့ အောက်ကနေ ရေသွားခံရင် အဲဒီအိုး ရေပြည့်မှာ မဟုတ်ဘူးကွ၊ ဒါပေမယ့် တစ်ပေါက်ချင်း တစ်စက်ချင်း ကျနေတဲ့ ရေပေါက်အောက်က ရေအိုး ဆိုရင်တော့ ငြိမ်ငြိမ်သက်သက် မဖိတ်မစင်နဲ့ ပြည့်သွားမှာပဲ၊ ငါ အခု ညင်သာစွာ ပြိုလဲခြင်းကို နားလည်သွားတာ .."

"ကောင်းတယ် .. မင်းကိုယ်တိုင် အဲဒီလို ဖြစ်လာဖို့ပဲ လိုတာ"

ချစ်သော ပြောတော့ သဝဏ် က အံ့သြသလို ကြည့်၏။ လင်းထွန်း က သူမနဲ့အိမ်နီးချင်း ငယ်သူငယ်ချင်းချစ်သူ ဖြစ်သည်။ အနိုင်ယူသာခဲ့တာက မနေ့တစ်နေ့ကမှ စခဲ့တာ မဟုတ်ပေ..၊ ဒီကောင် သည်းခံနေရတယ်ဆိုတာလည်း ရက်ပိုင်း၊ လပိုင်းကလေးမှ မဟုတ်ခဲ့ဘဲ..။

"မင်း ထောက်ခံတာ စောလွန်းတယ်နော် ချစ်သော..၊ ဒီကောင် အခုရောက် ခလုတ်တိုက်လို့ ခြေမကွဲသွားတာမျိုး မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မပြောနဲ့ သဝထ်.. ငါကိုယ်ငါ ပြတ်သားနိုင်အောင် ကြိုးစားနေတုန်းမို့လို့ မင်းတို့ပြောတိုင်း မြစ်စိပုံး ဖြစ်နေခဲ့တာပါ၊ ငါ အခု ဆုံးဖြတ်ပြီးပြီ"

"အိုခေ .."

ချစ်သော က ဝိုင်ပုလင်းကို ဖန်ခွက်ထဲမှာ လျှံကုန်အောင် လောင်းချလိုက်ပြီးမှ လင်းထွန်း မျက်နှာရှေ့ကို မြှောက်လိုက်ကာ ...

"ယော်ကျာ်းကတိနော် .. တည်စေ"

ယုံလိုက်ပြီဆိုသည့် အပြအမူမျိုး ဝိုင်ကို ဒီတိုင်း မော့ပစ်လိုက်သည်။ လင်းထွန်း က ပြုံး၍ သဝထ် ကိုပါ ထည့်ပေးပြီး သုံးယောက်စလုံး ရယ်ရယ်မောမောတွေ ဖြစ်သွားကြ၏။

"မင်း သိပ်မလုပ်နဲ့လေ၊ မယ်တော်ကြီး သိသွားဦးမယ်"

"ရပါတယ် .. ရှိုးပွဲတွေ သွားတဲ့ညဆို မေမေနဲ့ ငါ မဆုံဖြစ်ပါဘူး ကိုချစ် က နားလည်တယ်၊ 'မကောင်းရာ ကောင်းကြောင်းတော့ လုပ်ပေး မလွှန်စေနဲ့' တဲ့၊ ဒါပဲ .."

"အန်တီလည်း ရိပ်မိမှာပဲ ထင်တယ်၊ သားတွေ မွေးထားတာ ကင်းတော့ကင်းမှာ မဟုတ်ဘူးဆိုပြီး နားလည်ပေးထားတာနေမှာ -

ချစ်သော က ပြုံးနေပြီး ဘာမှမပြော..၊ သဝထ် နဲ့ လင်းထွန်း တို့မှာ သူ့လို မိဘနဲ့အနီးကပ်နေကြတာ မဟုတ်တော့ တစ်ခါတလေ သောက်စားမိတာလောက်က ပြဿနာ မရှိပေ..၊

ချစ်သော ကသာ 'ငါ ဒီနေ့ သောက်လို့မရဘူး' လို့ ပြောပြီး ရှောင်ရှားတတ်တာတွေ ရှိခဲ့တာဖြစ်၏။

"ချစ်သော .. မင်း Black Line က ကမ်းလှမ်းတာကို လက်ခံလိုက်သလား .."

ချစ်သော က ခေါင်းခါပြီး ပုစွန်ရေညှိတစ်ဖတ်ကို တူနဲ့ညှပ်ယူ၏

"မင်းကို သုံးလလောက်ပဲ သူ့အဖွဲ့နဲ့ နေပေးဖို့ ပြောတာဆို -





"ဟုတ်တယ် .. ဘာလုပ်ရမှာလဲ၊ ဖက်ရှင်တွေ၊ အကတွေ သင်တန်းပေးရအောင် ငါက သင်တန်းဆရာမှ မဟုတ်တာ"

"ဒါပေမယ့် မင်းက နာမည်ကြီးနေတာကိုး"

"ကြီးအောင် လုပ်နေတာ မဟုတ်ဘူး၊ ဝါသနာပါလို့ ကတာ"

"တော်သေးတယ်နော်၊ မင်းရဲ့ဝါသနာကို ကိုကြီးနဲ့ အန်တီတို့က နားလည်ကြလို့"

"ကိုကြီးက ငယ်ငယ်ကတည်းက ငါ့ကို အလိုလိုက်ခဲ့တဲ့အကျင့်ဘူ၊ မေမေကတော့ သူ့သားတွေ သူ့နားမှာရှိနေကြတာနဲ့ပဲ ကျေနပ်နေတာ၊ ဘာမှ စင်းကျပ် ချုပ်ကိုင်မထားဘူး"

"မွေးစားတယ်ဆိုတဲ့ ကောင်မလေးက မင်းတို့ဆွေမျိုးလား"

ရေညှိကို ပါးစောင်တစ်ဖက်မှာ ထည့်ဝါးရင်း ခေါင်းခါလိုက်သည်။ မျက်လုံးကတော့ လေကားကနေ တက်လာပြီး အနားက ကပ်လျှောက်သွားကြသည့် စုံတွဲဆီမှာ ..။ ကောင်လေးဆီကို မဟုတ်ဘဲ ကောင်မလေးထံမှာမို့ သဝထ် က ဖန်ခွက်ချင်း လှမ်းတို့လိုက်ကာ...

"ကဲ .. မျက်လုံးကို ဒုက္ခပေးမနေစမ်းပါနဲ့၊ ဟုတ်တာလည်း မဟုတ်ဘဲနဲ့ .."

"အေးလေ .. သူများက 'ဟုတ်ချင်ပါပြီ' ဆိုရင် 'ဟင့်အင်း' လုပ်ချင်လို့ .."

ချစ်သော သူတို့ဘက်ကို မျက်နှာပြန်လှည့်လာကာ ...

"မင်းတို့လည်း အဲဒါပြောဖို့ဆို နောက်မကျဘူးနော်"

"မင်းက အထာကျလို့လား"

ပြောနေကြရင်း စကားတွေ အမြီးအမောက် လွဲကုန်ပြီးမှ ...

"အဲဒါတွေ ထားလိုက်စမ်းပါ၊ ဘာမှမတော်ဘူးဆိုတော့ မင်းအမေက မင်းနဲ့များ ..."



www.burmeseclassic.com

www.burmeseclassic.com



"လင်းထွန်း .."

"ဟင်!..."

"ပြန်ပြင်ပြော .."

"မသိလို့ မေးတာလေကွာ..၊ ဟိုနေ့က မင်္ဂလာဈေးမှာ တွေ့လိုက်တယ်၊ မင်းတို့ကားမှန်းသိလို့ သေချာ လိုက်ကြည့်မိတာပါ၊ အန်တီက လည်း အပြင်မထွက်စဖူး ထွက်လာတယ်လေ၊ ကောင်မလေးက ဆံပင်ရှည်လေးနဲ့ မဆိုးပါဘူး"

"ဘာ မဆိုးတာလဲ .."

"မင်းက အရင် မဆိုးခဲ့တာပါ ချစ်သော ရ ..၊ တောက ပြန်လာကာစတုန်းက ဒီကောင်မလေးအကြောင်း မင်းပါးစပ်ထဲမှာ ပါလာတယ်၊ ကောင်မလေး ရောက်လာတော့ ရောက်လာတဲ့အကြောင်း ပြောပြီး ရယ်နေသေးတယ်၊ ခုမှ ဘာဖြစ်တာလဲ .."

"အေးလေ .. ခေါင်းလေးကွဲရုံ ကွဲသွားတာများ အနာကြီး ဆယ်လုံးလောက် စုပြုံ ပြည်တည်တာ ကျနေတာပဲ"

သူ စိတ်ထဲရှိတိုင်း ဖွင့်ပြောတတ်တာမို့ နှင်းဆီ နဲ့ ပတ်သက်တာ တော်တော်များများကို လင်းထွန်း တို့ သိနေကြခြင်း ဖြစ်သည်။

ကိုယ် ပြောတုန်းကတော့ ပြောလို့ကောင်းနေခဲ့ပြီး သူတို့ ပြန်ပြောလာတော့ ခေါက်နန်ချင်၏။

"အဲဒီကောင်မလေး အချိုးမပြေဘူး"

ဟု ထပ်ပြောမိမှ ပိုဆိုး၏။

"ဟုတ်တယ် .. အချိုးမပြေမယ့်ရုပ်လေးပဲ၊ မျက်လုံးလေးတွေက စူးရဲပြီး နှုတ်ခမ်းသေးသေးလေးက ပါးသေးတယ်၊ မေးရိုးကားသလိုလေးဆိုတော့ ပိုသိသာတာပေါ့၊ ဒါပေမယ့် ချစ်စရာလေးပါ"

"ကိုယ့်ညီမ ဖြစ်နေပြီဆိုတော့လည်း မတည့်အောင် မနေပါနဲ့





ကွာ၊ အန်တီကြည့်ရတာ တော်တော် ချစ်နေတဲ့ပုံ .."

နှစ်ယောက်စလုံး ပြောနေကြကာမှ သူ့မျက်နှာမကြည်မလင်နှင့်...

"ချစ်တာတော့ မပြောနဲ့၊ အဲဒီ အရိုင်းအစိုင်းလေးကို အချိန်ပြည့်ကို ပုံသွင်းနေတာ"

တရားပွဲပါသည့် စာအုပ်တွေ ဖတ်ခိုင်း၊ ဘုရားဓာတ်တော်ကြီးတွေ ဖတ်ခိုင်းတော့ဖတ်ခိုင်းပြီး မေမေပဲ ရှင်းပြ ဆွဲခေါင်နေရတာတွေ..၊ အိမ်မှာ မမြင်ချင် မကြားချင်မှ အဆုံး..၊ ဒီကြားထဲ ကိုချစ် က ထိပ်ပုတ် ခေါင်းခေါက်နှင့် ဝင်ပြော၊ ဝင်သင်..။

"သမီးရယ် .. ယဉ်ကျေးမှုဆိုတာ စိတ်ဓာတ်ဖွံ့စည်းမှုအပေါ်မှာ အလွှမ်းမိုးနိုင်ဆုံးပဲလေ၊ မိန်းကလေးဖြစ်ဖြစ် .. ယောကျာ်းလေးဖြစ်ဖြစ် ယဉ်ကျေးမှ လိမ္မာတာ၊ သမီး ဘယ်လိုပဲ သိတတ်နားလည်ပါတယ် ပြောပြော ယဉ်ကျေးမှု မရှိပါလားလို့ လူဘုံအလယ်မှာ ပေါ်လွင် ထင်ရှားသွားခဲ့ရင် ဘယ်သူက အထင်ကြီး လေးစားမှာလဲ၊ ဥပမာ သူ့လင်လို့ ပြောချလိုက်တာနဲ့ သူ့ခင်ပွန်းဆိုတာ ဘယ်ဟာက သိမ်မွေ့မှု ရှိသလဲ၊ သူ့အမျိုးသား၊ သူ့အမျိုးသမီးလို့ ပြောရင်ရော မကောင်းဘူးလား.."

"စကားကျွံရင် နှုတ်လို့ မရဘူး၊ ကိုယ့်ပါးစပ်က လွှတ်ခနဲ ထွက်သွားတဲ့စကားတစ်ခွန်းကိုမှ မထိန်းသိမ်းနိုင်ဘူးဆိုရင် စကားနောက်ဘရားပါ ဆိုတဲ့အတိုင်း သမီး လုပ်သမျှ ကောင်းဖို့ မရှိတော့ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သမီးရဲ့စကားလုံးတွေက သိမ်မွေ့မှု နည်းနေတယ်၊ အထူးသဖြင့် နူးညံ့ချိုသာသောစကားဆိုတာ မိန်းကလေးက ပိုနားလည်ရမှာလေ၊ ကြမ်းတမ်းတဲ့စကားကို သမီး လွှတ်ခနဲ ပြောပြီးမှ ဘွန်မ ဒီလို မရိုင်းပါဘူး၊ ယောင်သွားလို့ပါ လို့ ဘယ်လိုရှင်းရှင်း မရတော့ဘူး၊ သတိထားရမှာက ဆင်ခြင်တုံကင်းမဲ့တဲ့စကားမျိုး လွှတ်ခနဲ မပြောမိဖို့ပဲ .."



www.burmeseclassic.com

www.burmeseclassic.com



ဒီစကားတွေနဲ့ နေ့စဉ် လမ်းပြဆုံးမရင်း မေမေတို့လည်း ခ တလော ကျန်းမာရေးတွေ ကောင်းနေလိုက်တာ၊ အမြဲတမ်း ကြည်လင် နေသလိုပင်…။ သူ့ကိုယ်သူတော့ ဟုတ်လှပြီထင်နေခဲ့သော မယ်မင်းကြီး မ…၊ မေမေ ပြောပြနေတာတွေကို မကြားဘူးခဲ့သလို မျက်လုံးလေး ပေကလက် ပေကလက်နှင့် …

"ကိုချစ်ကလည်း လက်ထပ်တော့မှာဆိုပြီး ဘာဖြစ်သွားတာလဲ"

သူ့တို့ချည်း မေးခွန်းတွေ ထုတ်လာတော့ ချစ်သော မှုန်ကုတ် ကုတ် ဖြစ်သွား၏။

"တစ်ယောက်ဘည်း ထပ်ချင်တိုင်း ထပ်လို့ မရလို့ပေါ့"

"ဟိုတစ်ယောက် ပြန်မလာသေးတာလား၊ သိချင်လို့ပါကွာ …"

"မသိချင်နဲ့ …၊ ငါတောင် စိတ်မဝင်စားဘူး"

"မင်းဟာ မရိုးလောင်းကို မကြည်ဘူးလား"

"စိတ်ကို မဝင်စားဘူး"

"မင်းနဲ့ နှစ်သက်ခင် ကရော ဘယ်တော့လဲ …"

ရောက်သွားပြန်ပြီ ကိုယ့်နှလုံးသားအရေးထဲကို …၊

သူ့မျက်နှာ ဖြစ်သွားတာကို သဘောပေါက်ကာ သဝဏ် က စီးကရက်မီးညှိသလို အလုပ်ရှာလိုက်ရင်း ပြုံးစိစိနှင့် …

"မင်း အဲဒီတစ်ယောက်ကိုတော့ စိတ်ဝင်စားတယ်မို့လား၊ ဟိုက လည်း မာနခဲလေ"

မငြင်းဖြစ်တာကတော့ သေချာပါ၏။ သူလည်း စီးကရက် မီးညှိ ရင်း နှစ်သက်ခင် မျက်နှာလေးကို မြင်ယောင်သွားသည်။

သူမက ကြော်ငြာ၊ ဗီဒီယိုလောကထဲကို ထဲထဲဝင်ဝင် ရောက် ကြိုးစားနေသူဖြစ်ကာ မိဘတွေက စိန်တိုက်ပိုင်ရှင် …၊ စိန်ထည် ကြော်ငြာတွေမှာ သူမကိုယ်တိုင် သရုပ်ဆောင်ကာ ကြော်ငြာဘုတ်ကြီး





တွေမှာလည်း သူမပဲ ဖြစ်၏။ အလှကြိုက်သည့် သူ့မျက်လုံးထဲမှာ နှစ်သက်ခင် လောက် လှပပြီး ဆွဲဆောင်မှုရှိသည့် မိန်းမမျိုး အတော်ရှား ပါးနေခဲ့သဖြင့် ရင်ထဲမှာ ရှိနေတာက သေချာပါ၏။

ရိုက်ကွင်းကို သူ တစ်ခါလိုက်သွားဖူးသည်။ ရှိုးပွဲတွေမှာ မကြာ ခဏ ဆုံဖူး၏။ ထို့ကြောင့် တစ်ယောက်နဲ့တစ်ယောက် ရင်းနှီးနေကြကာ မျက်လုံးချင်းတော့ နားလည်နေကြပြီ ဖြစ်သည်။

ဘာဖြစ်လို့ မပြောဖြစ်သလဲဆိုလျှင် သူမ မာနကြီးနေတာကို သိ ထားသည့် ကိုယ့်ရင်ထဲကို သူမအတွက် အလိုက်အထိုက် နားလည်ပေး ဖို့တွေ တကယ်ရှိနေရဲ့လားဆိုတာ သေချာအောင် ဆန်းစစ်နေခဲ့သည်မို့…

"မင်း ဖွင့်ပြောရင် သူ ပြန်ကြိုက်မယ်လို့ ငါ ထင်တယ်၊ နည်း နည်း ရှေ့တိုးကြည့်ပါလား …"

သဝဏ် က တကယ် ဖြစ်စေချင်တာလား၊ သွေးတိုးစမ်းတာလား မသိ …။ သူ ခေါင်းခါလိုက်သည်။

"ဖွင့်ပြောဖို့က ကြိုးစားနေဖို့ မလိုဘူး၊ ပြောချင်လာရင် ပြောဖြစ် သွားမှာပဲ"

လုပ်ပြီ …၊ သဝဏ် နှုတ်ခမ်း မသိမသာ ရွဲ့သွားတော့ လင်းထွန်း က ရယ်သည်။

"မင်း နာမည်ကျော်သလို သူကလည်း အလှပဂေးပဲနော်၊ သိပ် မစဉ်းစားနဲ့ …"

ထပ်ပြောကြည့်တော့လည်း ချစ်သော က မလှုပ် …၊

ကြိုက်တော့ ကြိုက်နေတာ သိသိကြီးနှင့် …။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၂၃]

အိမ်ထဲထိ တိတ်တိတ်ဆိတ်ဆိတ် ဝင်သွားနိုင်ပြီးမှ ရေအိမ်ဝင်ဖို့ လုပ်တော့ အထဲက ထွက်လာသည့် နှင်းဆီ နှင့် ဘွားခနဲ ရင်ဘတ်ချင်း ကပ်မိ၏။

"အမလေး .. လန့်လိုက်တာ"

နှင်းဆီ သည် တော်တော်လန့်သွားသလို ရင်ဘတ်လေး ဖိလျက်—

"ညဘက်ကြီး အခန်းရှေ့မှာ မားမားကြီးရပ်ပြီး အသံလေး ဘာလေး မပေးဘူး"

"အံမာ .. ဆံပင်တွေ ဖို့ရိုးဖားလျားနဲ့ ငါ လန့်အော်ဖို့ ထားဦး"

"ဟင်!... အနံ့ .. အနံ့ရတယ် ..၊ ကိုလေး အရက်တွေသောက်—"

နှင်းဆီ စကားမဆုံးခင် ချစ်သော က ခေါင်းနဲ့ နှုတ်ခမ်းလေးကို လက်နှစ်ဖက်နဲ့ ဆွဲယူ ဖိကပ်ပစ်လိုက်ကာ ...

"တိတ်တိတ်နေစမ်းပါ .. ဘယ်နေရာဖြစ်ဖြစ် အရိပ်သုံးပါး နား မလည်ဘူး"

"ဟင့် .. အား .."





ပါးစပ်မှာ ဖိပိတ်ထားသည့်လက်ကို နှင်းဆီ က မရမက ဖယ်ချပစ်လိုက်သည်။ အပြောခံလိုက်ရတာရော အသက်ရှူကျပ်သွားတာကိုရော ဒေါသတွေ စုလို့မို့ဖြစ်သွားလျက် ...

"အရက်သောက်လာတဲ့လူကို အရိပ်သုံးပါးကြည့်ပြီး ပြောဆိုပါလို့ မေချစ် က သင်မပေးဘူး"

အကြီးလို့ ခေါ်သံကြီးကနေ 'မေချစ်' ဖြစ်သွားတာကို သတိထားမိလိုက်သည်။ ဒါပေမယ့် သူ့ကိုကျတော့ ...

"ကိုလေး က အဲဒီလိုပဲ သောက်ပြီးမှ ပြန်ပြန်လာတာလား"

"ငါ့ဟာငါ ဘာလုပ်လုပ် .. ဖယ်ပေး .. ရှေ့က .."

"ရှင့်ကိုလည်း မေးချင်လွန်းလို့ မဟုတ်ပါဘူး ..၊ မေချစ် ကို ကြက်ပြောရင် သေချာချင်လို့"

"ဘာ!..."

ကိုလေး လို့တော့ ခေါ်ပြီး ကိုလေးဖြစ်လိုက် 'ရှင်' ဖြစ်သွားလိုက်..၊ ပြောတဲ့စကားတိုင်းမှာလည်း ရိုသေသမှုလေးများ နမ်းစေ့တစ်လုံးစာ ဆောင် မပါ ..။

"ထိုနှင်းဆီ .."

"ဘာလဲ .."

"နင် ငါ့ကို ကိုလေးလို့ မခေါ်နဲ့"

"မေချစ် ခေါ်ခိုင်းလို့ ခေါ်တာ"

"မခေါ်နဲ့ .. မေမေ ခေါ်ခိုင်းရင် မေမေ့ရှေ့မှာပဲ ခေါ် .."

ချစ်သော ဒေါသတွေ ထွက်နေသည်။ လူက ခပ်ထွေထွေ ဖြစ်နေပြီ၊ ရေအိမ်ဝင်ပြီးမှ နားရမှာကို နားရသည့်အဖြစ်ကို မရောက်နိုင်။ မေမေ ကောင်းကျပ်ဘူးဆိုပေမယ့် သိသာသိစေ မမြင်စေနဲ့ ဆိုတဲ့အတိုင်း ကိုယ့် အသိနဲ့ကိုယ် ရှောင်ရှားဖို့က အကွက်ရှေ့ပြီးသား ..၊



www.burmeseclassic.com

www.burmeseclassic.com



သင်း က လူကို တည့်တည့်ကြည့်ပြီး တိုင်ပြောမယ် ဘာမယ်နဲ့ မလေးမစား ကြေညာနေသည်။

မေမေ သိသွားမှာစိုးတာထက် လူကို 'ရှင်'လုံးကြီးသုံးပြီး တခမ်းတနား စော်ကားနေတာကို မခံနိုင် ...။

"ကိုလေးလို့ခေါ်ပြီး ပြောချင်ရာပြောတာပဲ ...၊ ကြားရတာ နားခါးတယ်"

"နားဝင်ချိုအောင် ပြောစေချင်ရင် ညလေး မေးဘာကို ကောင်းကောင်း ဖြေပါလား"

"မဖြေနိုင်ဘူး ... ချိုအောင်လည်း မပြောနဲ့ ...၊ ခါးတာလည်း စိတ်ငစားဘူး၊ ဖယ် ..."

"အား!.."

စိတ်ပေါက်ပေါက်နှင့် ပခုံးနှစ်ဖက်က ကိုင်ကာ ဆွဲထုတ်ပစ်လိုက်တာ ဖြစ်သည်။ မေ့သွားတာက သူ့ မျိုချလာတာတွေကြောင့် လူကယိုင်ချင်နေ၏။ နှင်းဆီ ကို ဆွဲယူလိုက်တာနှင့် လူကယိုင်ကာ ထပ်လျက်သားပုံနှင့် တံခါးပေါ် ပစ်ကျသွား၏။

လူပိသွားသည့်တံခါးက နံရံနှင့် ထပ်ဆင့်ပြေးရိုက်ကာ တံခါးနှင့်လူကြားမှာ ညပ်သွားသော နှင်းဆီ အော်သံလေး ထွက်လာသည်။

"ဆောရီး ... ကျွတ်!.."

ဆောရီးပြောပြီး နှင်းဆီ ကိုယ်လေးကို လွှတ်သည်။ မူးဝေလာသည့်ခေါင်းကို ခါထုတ်ပစ်ရင်း ရင်ဘတ်နှစ်ခု ထပ်ကပ်နေတာကိုနာဖို့ ကြိုးစားပေမယ့် ကွာသွားလိုက် ပြန်ကပ်မိလိုက် ...

"ဖယ်ပေးစမ်းပါ"

နှင်းဆီ ကြောင်နေရာကနေ သူ့ကိုတွန်းဖယ်ပစ်ကာ နေရာမှ ပြေးထွက်လာခဲ့၏။





ရင်တွေ တဒိတ်ဒိတ်ခုန်ကာ တိတ်ဆိတ်နေသည့်အိမ်ကြီးက တိတ်နေတာ မဟုတ်ဘဲ လူစုံတက်စုံရှိနေလျက် ကိုယ့်ကိုပဲ ဝိုင်းကြည့်နေကြသလိုလို ...၊

ထို့ပြင် ချစ်သော ၏အရိပ်က အာရုံထဲမှာ ကပ်ငြိပါလာခဲ့၏။ အဖြူရောင်သမ်းနေသော မိုးပြာဖျော့ဖျော့ အပြောင်သား ရှပ်လက်ရှည်နှင့် မိုးပြာရောင် ချိုင်းပြတ်ခါးတို အပေါ်ထပ်အင်္ကျီကို ဝတ်ထားသည်။ ဘောင်းဘီရှည်က နက်ပြာလား ... အနက်လား မသိ။ ဖြူဝင်းနေသည့် မျက်နှာချောချောသည် အဖျားတွေ တွန့်ကောက်နေသည့် ဂုတ်ထောက်ဆံပင်တွေကြောင့် ကြည့်ကောင်းနေ၏။

ချစ်သော ကို မြင်လိုက်ရတိုင်း ငါးစက္ကန့်လောက်တော့ အသက်ရှူရပ်သွားခဲ့သည် ထင်၏။

အစကတော့ အမှတ်တမဲ့ပါ...၊ ခုတော့ ...

နှင်းဆီ အိပ်ရာထဲမှာ အသာလေးလှဲလိုက်ရင်း ထိတ်လန့်လာမိ၏။ ဘာတွေ တွေးနေမိတာလဲ ...။

{ပဲ။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၂၄]

"တင်း .. တောင် .."

ဘဲလ်သံကြောင့် နှင်းဆီ ဖုန်သုတ်နေရင်း အိမ်ရှေ့ကို လှမ်းကြည့်လိုက်မိသည်။ ဒေါ်ပု က တံခါးသွားဖွင့်နေလျက် ခဏကြာတော့ စည်းချင်းညီသော ဒေါက်ဖိနပ်သံကို ကြားလိုက်ရ၏။ သိပ်မကြာလိုက်ခင် ပုံရိပ်တစ်ခုကိုပါ မြင်လိုက်ရသည်။

အရပ်မြင့်မြင့် ကိုယ်ဟန်သွယ်သွယ်မှာ ဘောင်းဘီရှည် ပွပွ၊ ကုတ်အင်္ကျီအနက်နဲ့ ဖြစ်၏။ ပခုံးသာသာရှိသော ဆံပင်တို့သည် ဆံပင်ရှင်းကနေ တွန့်တက်လျက် အဖျားထိ တစ်နေရာမှာမှ အဖြောင့်မပါ။ ပြီးတော့ သိသာစွာ ခွက်သွယ်နေသော မေးဖျားနှင့် မျက်နှာက ရှည်ရှင်းသည်။ ခြုံငုံကြည့်လိုက်တာနှင့် မြန်မာမှ ဟုတ်ရဲ့လားလို့ ထင်စရာမျက်နှာမျိုး ဖြစ်၏။

နှင်းဆီ သေချာကြည့်နေတော့ သူမကလည်း ခြေစုံရပ်ကာ ပခုံးလွယ်ထားသည့် စလင်းဘက်ခ်ကို လျှောချပြီး လက်မှာ တန်းလန်းကိုင်လိုက်၏။





ထိုအခါကျမှ ငေးနေမိသည့် ကိုယ့်ကိုယ်ကိုယ် နှင်းဆီ သတိရကာ...

"အိမ်ထဲကို ဖိနပ်မစီးပါနဲ့နော် ..၊ အပြင်မှာပဲ ချွတ်ခဲ့ပါ"

သူမ နှုတ်ခမ်းမှာ လွန့်ခနဲ မဲ့ပြုံးတစ်ချက် ထင်လျက် ...

"မင်း တို့ကို ဒီလောက် ပိုက်စိပ်တိုက်ကြည့်နေပြီး မမြင်ဘူးထင်တယ်၊ မျက်လုံးက မကောင်းဘူးလား"

"ရှင်!.."

သူမက နှင်းဆီ ကို အထင်မြင်သေးသလို ခြေဆုံးခေါင်းဆုံးပြန်ကြည့်၍ ..

"ဖိနပ်ချွတ်မှာ ဖြုတ်ချထားခဲ့လို့ရတဲ့ ဖိနပ်မျိုးလား ..၊ မမြင်ဘူးရင်လည်း ကြည့် .."

ခြေထောက်တစ်ဖက်ကို တမင်ချဲ့ထုတ်လိုက်ပြီး ပြသည်။ ကြည့်သည်း ကြည့်လိုက်မိပါ၏။ ဒါပေမယ့် နှင်းဆီ မျက်လုံးထဲမှာ အနက်ရောင် ရှူးဖိနပ်ပုံ ဒေါက်မြင့်ခပ်ဆန်းဆန်းပဲဖြစ်ကာ ဖိနပ်က ဖိနပ်ပါပဲ။ ချွတ်ရ လွယ်တာ မလွယ်တာတွေ မသိ ..။

ဧည့်သည်ဖြစ်နေပြီး ပိုင်စိုးပိုင်နင်း အပြောခံလိုက်ရတာကိုလည်း ဒေါသဖြစ်ဖို့ သတိရသွားပြီဖြစ်လျက် ...

"ဘယ်လို ဖိနပ်မျိုးပဲဖြစ်ဖြစ် အိမ်ထဲကို မစီးရပါဘူး ..၊ ဧည့်သည်ဆိုတော့ အမှတ်တမဲ့ ဝင်လာမိတာဆိုရင်လည်း အခု သွားချွတ်ပေးပါ"

"မင်းက အလာကြီးပါလား ..၊ သခင်အားရအောင် ဝတ္တရားကျေပြေတာဆိုရင်တောင် မင်းလိုပြောရဲတဲ့ အိမ်ဖော်မျိုး ဒီတစ်ခါပဲ တွေ့ဖူးသေးတယ်"

"ဘာ!.."

"ဖားလည်း ဖားပေါ့ .. လာတဲ့ဧည့်သည် ဘယ်လိုအဆင့်အတန်း



www.burmeseclassic.com

www.burmeseclassic.com



လဲဆိုတာ ကြည့်ဖို့လည်း မမေ့နဲ့၊ မင်း မျက်နှာမရ ခြေကျောက်
ဖြစ်မှာ..."

"ဒီမှာ ..."

"မင်း ပါးစပ်ကိုပိတ်ပြီး ဒီမှာ သေချာကြည့် .. တို့ဖိနပ်က မင်း
မျက်နှာထက် သန့်တယ်"

"တောက်!.. ရှင်ကစပြီး မိုက်ရိုင်းတာနော် ...၊ နှင်းဆီ တို့
စော်ကားတယ်ထင်ရင် သည်းခံလိုက်တာ ရာဇဝင်မရှိဘူး .. ခုချက်ချင်း
အိမ်ထဲက ထွက်သွားမလား .. ကျွန်မ ကန်ထုတ်ရမလား"

"ဘာ!..."

သူမ အသံသည် လက်နက်တစ်စုံတရာနှင့် ထိခိုက်မိသွားသည်
နှုးရှလျက် ...

"မင်း!..."

"ဟာ!.. မဟောသီ .."

အခြေအနေတစ်ခုထဲသို့ ချစ်သူ ၏ ပျာယိပျာယာခေါ်သံက လွှမ်း
မိုးသွားခဲ့ပြီး...

"နေဦး .. နေဦး .."

ချစ်သူ အထိတ်တလန့် တုံ့ခနဲ ရပ်သွားပြီးမှ အပြေးတစ်ပိုင်း ဆက်
လျှောက်လာကာ ...

"နှင်းဆီ ဘာတွေပြောလိုက်တာလဲ ...၊ သူက ကိုကြီးရဲ့ရှင်း
မဟောသီ .."

"ဟင်!..."

နှင်းဆီ မျက်နှာပေါ်က ဇဝေဇဝါ ထိတ်လန့်ခြင်းတွေ အတိအကျ
ဂိတ်ဆုံးသွား၏။ နီရဲစူးရှနေသည့် မဟောသီ မျက်နှာကို မျက်လုံးအပြူး
သားနှင့် ကြည့်လိုက်မိကာ ဖျတ်ခနဲ ခေါင်းငုံ့ပစ်မိသည်။





"ငါ့ညီမကတော့ကွာ .. နားရင်းအုပ်ခံရတော့မယ်၊ မဟောသီ သူ
က မေမေ မွေးစားလိုက်တဲ့ အငယ်ဆုံးသမီး .. မောင်တို့ ညီမလေးပေါ့၊
သူ့အစား မောင် တောင်းပန်ပါတယ်ကွာ ..၊ အပြောအဆို မတတ်လို့ပါ"

လက်မခံသည့်အပြင် မဟောသီ က ခေါင်းခါနေရင်း အံကြိတ်၏။
နှင်းဆီ မျက်နှာငယ်လေးနဲ့ မော့လာကာ ...

"ညလေး မသိလို့ပါ .. တောင်းပန်ပါတယ် မမရယ် .. မမ
ကျေနပ်တဲ့အထိပါနော်၊ ညလေးကို ခွင့်လွှတ်ပါ"

မဟောသီ မျက်နှာ အရောင်ပြောင်းသွားသည်။ ပြီးတော့ လက်
တစ်ဖက်မှာကိုင်ထားသည့် ချစ်သူ လက်ကို ဖယ်ချပစ်လိုက်တာ...

"တို့ ဖိနပ်ကို လာချွတ်ပေး .."

နှင်းဆီ မျက်တောင်လေးခတ်၍ ငိုင်သွား၏။ ချစ်သူ မျက်နှာပျက်
သွားပြီး ဘာပြောရမှန်းလည်း မသိ ...၊

"ဟုတ်ကဲ့ ... မမ"

ဆိုဖာတွေဆီ ဆက်လျှောက်သွားသည့် မဟောသီ နောက်ကို
နှင်းဆီ ခေါင်းလေးညိတ်၍ ပါသွားသည်။

ပြီးတော့ ခြေချင်းချိတ် ထိုင်လိုက်သည့် ခြေထောက်တွေရှေ့မှာ
ဒူတုတ်လေး ထိုင်ချလိုက်ပြီး ပါးဖြင်နှစ်ဖက်ဘေးကနေ ပြုဆင်းလာ
သည့် ဆံပင်တွေကို နားနှစ်ဖက်ကြားမှာ ဘယ်ပြန်ညာပြန် ညှပ်ပစ်လိုက်၏။

"မဟုတ်ဘူးလေ မဟောသီ ရဲ့ .. မောင် တောင်းပန်နေတာကို
ကျေနပ်လိုက်ပါကွာ၊ ဟိုလေ .. မေမေ မြင်သွားရင်လည်း .."

"သူ တောင်းပန်ပေမယ့် မဟောသီ ကျေနပ်ဖို့ မလွယ်လို့ ကျေနပ်
နိုင်အောင် စဉ်းစားပေးလိုက်တာပါ ..၊ မလုပ်ချင် မလုပ်နဲ့ပေါ့"

ချစ်သူ ပြေးလွှားရောက်လာပြီး တားပေမယ့် မဟောသီ က ငြင်း
နေ၏။



www.burmeseclassic.com

"ရပါတယ် ကိုကြီး ကလည်း မေချစ် အိပ်နေပါတယ်၊ ကိုကြီး ချစ်သူမှန်း မသိလို့ ညလေး အရမ်းကို ရိုင်းခဲ့မိတယ်၊ မမကို ကျေကျေနပ်နပ် တောင်းပန်တာပါ၊ မမ ခြေထောက်လေး နည်းနည်း လွှဲပေးနော်"

ချစ်သူ ရင်ထဲမှာ ပွလောင်နေ၏။ တစ်ဖက်က အသည်းနင့်အောင် ချစ်ရတဲ့ ချစ်သူ .. ဒီဘက်မှာက မေမေနဲ့ ကိုယ့်မိသားစု ...၊

သူမ ဒီနေ့ရောက်လာလိမ့်မယ်လို့ အနည်းငယ်မျှ မထင်ခဲ့သလို ရောက်ရောက်ချင်း ဆောက်နဲ့ထွင်းတာမျိုး ကိုယ့်အိမ်မှာ မဖြစ်သင့်သည့်ကိစ္စ၊ ဒါပေမယ့် ဖြစ်ခဲ့ပြီ ဖြစ်၏။

စတ်စတ်ကျဲ မီးခဲမလေးက ဘာဖြစ်လို့ ပြားပြားဝပ်နေတာလဲ ဒါကြောင့် ပြဿနာက ငြိမ်းချမ်းသွားဖို့ ရှိပေမယ့် မေမေ သိသွားလျှင် မလွယ်...။

စိုးရိမ်စိတ်နှင့် မျက်လုံးတွေက အိမ်ထဲကို ဖျတ်ခနဲ ဝေ့၏။

ဒီလို ရက်ရက်စက်စက် အပြစ်ပေးရသလားဆိုပြီးတော့လည်း ကိုယ့်ချစ်သူကို ခရီးရောက်မဆိုက် အပြစ်မတင်ရက်ဘဲ ရှိလျက် -

ဒီပြဿနာ ဒီနေရာမှာတင် ပြီးဆုံး ပျောက်ပျက်သွားပါစေ-။





## အခန်း [၂၅]

"မမ ခရီးပန်းလာလို့ အိပ်နေတယ် မေချစ် ရဲ့ .. မမက အရမ်းလှ ...ပဲ သိလား၊ မျက်နှာသွယ်သွယ်လေးနဲ့ ခန့်လည်း ခန့်တယ်"

ရေချိုးခန်းထဲကနေ မျက်နှာသုတ်ရင်း ထွက်လာသည့် မဟောသီ ...လှမ်းတွေက စကားသံတွေကြောင့် တုံ့နှေးသွား၏။ ဆက်လက် ...ားနေရသည့်စကားတွေကြောင့် နောက်ထပ်ပိုနီးအောင် လျှောက် ...မိလျှင် ...

"သားကြီးကိုတောင် ကြိုပြောမထားဘူး ထင်တယ်၊ သားနဲ့ ...န်းတွေ့သွားလား"

"တွေ့တယ် .. မမ အိပ်ခန်းထဲဝင်သွားမှ ကိုကြီး အပြင်ထွက်သွား ..."

"သမီးနဲ့ စကားပြောဖြစ်သေးလား"

"ပြောဖြစ်တယ် မေချစ် .. ဆံပင်တွေ အပေါ် နည်းနည်းသပ်တင် ...မယ်နော် ...၊ သနပ်ခါးတွေ ပေကုန်မှာစိုးလို့"

"အေး .. အေး လုပ် .. သမီး၊ မေမေ မေးတာ ဖြေပါဦး .. သမီး ... စကားပြောတာ အဆင်ပြေရဲ့လား"

www.burmeseclassic.com



"ဘာ မပြေစရာရှိလို့လည်း မေချစ် ရဲ့ .. သမီးကတောင် ဘယ်သူမှန်း မသိဘဲ ရှိင်းလိုက်မိသေးတယ်"

"ဟင်!..."

"ဟိုလေ .. မမက သဘောကောင်းပါတယ်၊ ကိုကြီး ထွက်လာတော့ အားလုံး ပြေပြေလည်လည်ပဲ"

ဒေါ်ချစ်ဖူးငုံ အသံတိတ်သွားတာ ကောင်မလေး ပြောတာကို မယုံလို့ ဖြစ်လိမ့်မည်။ နားထောင်နေရာမှ ခွာလိုက်ပြီး စေ့ထားသည့် တံခါးကနေ ဖြတ်လျှောက်ရင်း လှမ်းကြည့်လိုက်တော့ ခုတင်ပေါ်မှာ ဒေါ်ချစ်ဖူးငုံ ကို နှင်းဆီ ဆိုတဲ့ ကောင်မလေး သနပ်ခါးလိမ်းပေးနေ၏။ ဂျော့တွေ လက်တွေပါ လိမ်းပေးရင်း နှိပ်နယ်ပေးနေပုံလည်း ပေါ်၏။

ဒီကောင်မလေး ဘယ်ကလဲ .. အမွေစားအမွေခံ မွေးလိုက်တဲ့ အထိ ဘယ်လိုပတ်သက်နေလို့လဲ..။ ခြေလှမ်းတွေတိုင်း အတွေးတွေ ရှုပ်ထွေးပါလာကာ ကိုယ့်အိပ်ခန်းထဲ ပြန်ရောက်လာတဲ့အထိပင်..

ဖြစ်ခဲ့ကြတဲ့ပြဿနာမှာ သူရိုင်းကိုယ်ရိုင်း ဖြစ်ခဲ့ကြတာ။ အခု သတ်မှာ ကိုယ်က အနိုင်နဲ့ပိုင်းလိုက်တာ ဖြစ်သည်။ ဒီအိမ်မှာ စကား ကြာကြာ ပြောဖြစ်တုန်း ထိုင်တာ၊ ထတာ၊ စားသောက် ပြောဆိုတာ တွေအပေါ် မျက်တောင်မခတ် အကဲခတ်ကြည့်နေခဲ့သည့် ဒေါ်ချစ်ဖူး အကြည့်တွေထဲမှာ သူမက နိုင်ငံမှားပြီး ရောက်လာတဲ့သူ ..။

မြန်မာ့ယဉ်ကျေးမှုဆိုသော ပေတံကြီးနှင့် ဘယ်နေရာမှာမှ စံ တိုင်းမကျနိုင်ဘဲ သက်ပြင်းတွေ ကြိတ်ချနေခဲ့သူဟာ သူမကို သဘော ကောင်းပါသည်လို့ တစ်ယောက်ကပြောတော့ ယုံဖို့ ခက်နေနိုင်သည်။ ဒီကောင်မလေးကရော ဘယ်လိုပညာတွေ သုံးနေတာလဲ ..။

မြင်မြင်ချင်းပဲ ရှုးခနဲ ဒိုင်းခနဲ နဂါးမှန်းသိအောင် အား ထောင် ပြသည်။ ချက်ချင်း ခြေသုတ်ပုဆိုး မြေစွယ်ကျိုးလို ပြန်ပြ





၏။ ဒါ ဟန်ဆောင်မျိုးသိပ်လိုက်တာဆိုရင်တောင် ကွယ်ရာထိတော့ ပါသွားမှာ မဟုတ်ပေ..၊

"ဒေါက် .. ဒေါက် .."

"ဘယ်သူလဲ"

ခေါင်းတစ်ဖက်စောင်း၍ ဆံပင်ဖျားတွေကို ရေသုတ်နေရင်း တံခါး ခေါက်သံကြောင့် တည့်မတ်ပြီးသား ဖြစ်သွားကာ ...

"မောင်လား .."

"မဟုတ်ပါဘူးကွယ် .. ဒေါ်ပု ပါ ..၊ သမီး ဒီညစာ ဘာလေးများ စားချင်သလဲလို့ .."

"ဘာဖြစ်ဖြစ် ဖြစ်တယ်၊ သန့်သန့်ရှင်းရှင်းနဲ့ အန္တရာယ်ကင်းတဲ့ စရာဆို ပြီးရော .."

တဘက်ကို တန်းမှာဖြန့်တင်လိုက်ပြီး တံခါးအပြင်ကို ခပ်ပြတ် ပြတ်ပဲ ပြောလိုက်သည်။ မာနကြီးတယ်၊ ကြီးကျယ်တယ် ဘယ်သူ ဘယ်လို ထင်ထင်..။

ဒီအိမ်မှာ ထမင်းချက်တာရော ဝေယျာဝစ္စလုပ်တာရော ဒီမိန်းမ ကြီးတစ်ယောက်တည်းပဲ ထင်သည်။ မိန်းမဖြစ်ရတဲ့ကြားထဲ အသက် လည်း ကြီးနေပြီ၊ ဒီအသက်အရွယ် ဒီပုံစံနဲ့ ကိုင်တာတွယ်တာက သန့်ရှင်းနိုင်ပါ့မလား ..၊ အသက်ကြီးတဲ့လူဆိုတာ လေးလေးဖင့်ဖင့် ချတုံ့နှင့် ထိုင်မလွှယ် ထမလွှယ် ..။

ငယ်တဲ့သူတစ်ယောက်ကျတော့လည်း သမီးအရင်းအဖြစ် အမွေ အမွေခံ မွေးထားတဲ့သူဖြစ်နေသည်။ တကယ်ဆို 'ချစ်စံအိမ်' မိသားစု ရဲ့ အရှိန်အဝါက သေးသေးနုပ်နုပ် မဟုတ်ခဲ့ဘဲ..၊ ဒီလိုအိမ်မှာ ခြွေရံ ပင်း ဒီလောက်လေးနဲ့ ခြောက်သွေ့နေတာ အံ့ဩ ဖြစ်နေ၏။

ချစ်တဲ့သူကို မစွန့်လွှတ်နိုင်လွန်းလို့သာ မိဘ အသိုင်းအဝိုင်းတွေ



www.burmeseclassic.com

www.burmeseclassic.com



ကို ဆန့်ကျင်ပြီး မြန်မာပြည်ကို ရောက်အောင် ပြန်လာခဲ့ရသည်။ ဒီလူတွေ အားလုံးအပေါ်မှာ သူမ ဘယ်တုန်းကမှ စိတ်တိုင်းကျခဲ့တာ မဟုတ်။

ကိုယ့်အိတ်ကိုဖွင့်ကာ အနီရောင်ရင့်ရင့်ဝတ်စုံကို တမင် ဝတ်လိုက်သည်။ ဝတ်စုံက ရင်ညွန့်ထိ ဟိုက်ချထားလျက် ပခုံးစွန်းပေါ်သည့် လက်ပြတ်မို့ ရိုင်းနေဆဲမယ့် ပါးလျှသော အနီရောင်ပဝါစလေးနှင့် လည်တိုင်မှာ ဖွဖွရှုရှုလေး စည်းသည်။

ပြန်ကျလာသည့် အနားစလေးတွေက ရွှေရင်မို့မို့မှာ ကာကွယ်ထားသလိုဖြစ်တော့ ကြည့်ပျော်ရှုပျော်တော့ ရှိမှာပါ ...။ ကိုယ့်ပုံစံကို မှန်ထဲ ပြန်ကြည့်ပြီး ပြုံးမိသည်။ ဂရုမစိုက်တာကို သိအောင် အနီရောင်နဲ့ ဒီပုံစံကို တမင်တကာ ရွေးဝတ်လိုက်တာ ...။

တစ်နေကုန် မတွေ့ရသေးသည့် မောင့်မေမေကို ဒီည ဒင်နာမှာတော့ တွေ့ရမှာပဲ ဖြစ်၏။ သူ ကိုယ့်အပေါ် အလိုမကျတာတွေ ဘယ်လိုဝတ်သည်၊ ဘယ်လို နေသည်။ ဘာမျက်လုံးနဲ့ကြည့်ကြည့် ဘယ်သောအခါမှ ဂရုစိုက်မှာ မဟုတ်ဘူးဆိုတာကို သိစေချင်သည်။

ကိုယ့်ဖာသာ ဆက်တင်လိပ်ထားသည့် ဆံပင်အတွန့်လေးကို လက်တစ်ဖက်နဲ့ ဖွဖွထိကိုင်ရင်း အပြင်ကို ထွက်လာခဲ့၏။ အဆောင်ဆောင် အခန်းခန်းနှင့် လမ်းဆုံတွေ၊ စင်္ကြံလမ်းကွေ့တွေပါ ဖွဲ့စည်းထားသော အိမ်ကြီးတစ်ခုလုံးမှာ ဘယ်သူ့ကိုမှ မတွေ့။

တစ်ခု သတိထားမိတာက ကြမ်းခင်း နံရံအားလုံးနှင့် ပရိဘောဂတွေမှာ ဖုန်တစ်စက်မှ မရှိဘဲ ဖိတ်ဖိတ်လက်နေသည်။ တစ်အိမ်လုံး၏ Decoration ကလည်း ရာဇဝင်ထဲ ဝင်လိုက်ရသလို နန်းဆန် ထည်ဝါနေတာမျိုး ...။ သူမ ဟိုဒီ မျက်လုံးကစားရင်း ဆက်လျှောက်လာခဲ့တော့ ထမင်းစားခန်းနားနီးတာနှင့် စကားသံတွေကို မသဲမကွဲ ကြားလာသည်။ ထပ်နီးသွားတော့ ပို၍ သဲကွဲ ပီပြင်လာခဲ့ပြီး...





"ခရီးပမ်းလာတဲ့လူကို အဆီအဆိမ့်တွေချည်း ကျွေးလို့ သူ ခံတွင်းတွေ့ပါ့မလား ဒေါ်ကြီးပု ရယ် .. တရုတ်စာ၊ ဂျပန်စာ၊ ဘာတွေဖြစ်ဖြစ်ကောင်းတဲ့ အစားအစာက ဝယ်စားလို့ရတဲ့ဥစ္စာ၊ မြန်မာနိုင်ငံရောက်တုန်း အိမ်ထမင်းဟင်း ရိုးရိုးလေးကိုပဲ ဆန်းပြားအောင် ချက်ပေးရမှာ .."

"ဘယ်လို ဆန်းပြားရမှာလဲ သမီးရယ်၊ တော်ကြာ .. ဒါတွေစားကျင့်မရှိလို့ မစားချင်ပါဘူးဆိုပြီး ငေါက်ခနဲ ထထွက်သွားရင် ဘယ်လိုလုပ်မလဲ"

"မထပါဘူး ဒေါ်ကြီးပု ရဲ့.. မမလည်း မြန်မာစစ်စစ်ပဲဟာ၊ ဖွယ်ဖွယ်ရာရာ စီစဥ်ချက်ပြုတ်ထားတာမြင်ရင် စားချင်စိတ် ဖြစ်သွားမှာပါ"

"သမီးက သမီးအမေကို ဆေးသနပ်ခါး လိမ်းပေးနေတာမို့လား..။ ညသည်အတွက် ဒေါ်ကြီးပု ကောင်းအောင် ပြန်လုပ်ပါ့မယ်၊ မမကြီးအားမှာပဲ သွားနေလိုက်ပါ"

"မေချစ် ရဲ့ ဝေယျာဝစ္စ အားလုံး ပြီးသွားပြီ..၊ သမီး မီးဖိုချောင်မှာ သွားကူမလို့ဆိုတာလည်း ပြောပြီးသား၊ နေဦး .. အဲ .. ဒီပုစွန်တုပ်တွေကို ဒီတိုင်း ဆီပြန်မချက်လိုက်နဲ့ .. အချို၊ အချဥ်၊ အစပ်လေးနဲ့ အနေတော်လိမ်းပြီး ဆီလေး ပါးပါးသုတ် .. အဲဒါကို ကင်လိုက် .."

"အင်း .. ပြီးတော့ကော .."

"ဂက်စ်မီးဖိုနဲ့ မဟုတ်ဘူးနော် ..၊ ရိုးရိုးမီးသွေးဖိုမှာလေ မီးညွန့်တွေပေါ်မှာ ထိုးမခံဘဲနဲ့ မီးတောက်ထဲကို ခြောက်ပတ် ခုနစ်ပတ်လောက်လှန်လှော ဖြတ်ကူးပေးလိုက်"

"ကျက်ပါ့မလား သမီးရဲ့"

"ကျက်တယ် .. ၊ ပုစွန်ဆီတွေ မီးထဲမကျအောင် လှန်ပေးတဲ့အတတ်က လျှင်ရတယ်"

"ဟုတ်ပါပြီ .. ဆီတွေပါတယ်ဆိုတော့ ဘာထူးလို့လဲ သမီးရယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဆီလေးနည်းနည်းနဲ့ အိုးကင်းမှုအစ်ပေးလိုက်ရင်ရော ..''

''အိုးကင်းထဲမှာ ပုစွန်ဆီတွေ ကျန်ခဲ့မှာပေါ့ ဒေါ်ကြီးပု ရဲ့ .. နယ်ဖတ်ထားသမျှ အရသာတွေလည်း အားလုံး ကုန်မှာ၊ ဆီထည့်ပြီး ကင်တာက ဒီတိုင်း မီးဖုတ်နံ့ကြီးကို တချို့က သော့်နံ့လို့ထင်ပြီး မကြိုက်ဘူး၊ မည်းသွားတဲ့နေရာတွေမှာ ဆီမပါတော့ ချိုးတူးပြီး ကြွေကျကုန်မယ်လေ ..''

''ဟုတ်ပြီ .. ရပြီ .. ပြီးတော့ကော ..''

''ဝက်သားကို သရက်သီးသနပ်လေး ထည့်ပြီးမှ ပေါင်းပါ .. မွှေးလည်း မွှေးတယ် .. အချဉ်လေးနဲ့ဆိုတော့ အအီပြေတာပေါ့''

''သရက်သီးသနပ်နဲ့လား .. မှုစ်ချဉ်လေးနဲ့ဆိုရင်ရော ..''

''ပေါင်းတာက မှုစ်ချဉ်နဲ့ မကောင်းဘူးလေ၊ ချက်တာတောင်မှ သူက အနံ့ရှိတယ်၊ ဟင်းတွေထဲမှာ သူနဲ့မတည့်တာ ပါရင်လည်း အန္တရာယ် ရှိသေးတယ်၊ လုပ်ပါ ဒေါ်ကြီးပု ရဲ့ .. သမီး ပြောသလိုလေး လုပ်ကြည့်လိုက်ပါ''

''ဒေါ်ကြီးက ချဉ်ဟင်းလည်း ချက်ဦးမှာ''

''မချက်နဲ့တော့ .. မုန်လာဥပါးပါးလှီးပြီး ငါးရံ့ခေါင်းနဲ့ ဟင်းချိုအကြည်လေး ချက်လိုက်ရင် ပြီးပြီ .. ငါးခေါင်းကို ငံပြာရည်နဲ့ ရေလေးနည်းနည်းပဲထည့်ပြီး အရင်ပြုတ်လိုက်နော်၊ ရေခန်းမှ အညှီပျောက်မှာ''

''အေးပါ .. အေးပါ .. အားလုံးသိပြီ၊ လိုနေရင်လည်း လာမေးပါ့မယ်၊ သမီး ဒီထဲမှာ ပြီးတဲ့အထိတော့ မနေပါနဲ့''

''ဘာဖြစ်လို့လဲ ..''

''မမကြီးက မှာထားတယ်၊ သမီးကို မချက်ပြုတ်ပါစေနဲ့တဲ့ မမကြီး ကြည့်ရတာ သမီးကို သူ့သမီးလေးအဖြစ် အပိုင်ရပြီမှ သည်းသည်းကို လှုပ်နေတာပဲ''





''သမီးလည်း သိပါတယ်၊ မေချစ် က သမီးမိန်းကလေး သိပ်လိုချင်တာ၊ ကိုကြီးတို့ ကိုလေးတို့ မိန်းမရသွားရင်တော့ သမီးတွေ ရလာမှာပေါ့နော်''

''အင်း .. ဒေါ်ကြီးပု အထင် ပြောရရင်တော့ မမကြီးက သမီးလိုချင်နေတာပါ၊ ချွေးမလိုချင်တာတော့ မဟုတ်လောက်ဘူး .. ဘာဖြစ်လို့လဲဆိုတော့ ...''

''ပြောလေ .. ဘာဖြစ်လို့လဲ ..''

''သမီး ပြောသလိုမျိုး သားတွေ အိမ်ထောင်ပြုလိုက်ရင် သမီးရမှာပဲလို့ တစ်ခါမှ စကားထဲမှာ ထည့်မပြောဖူးဘူး''

နားထဲမှာ ပြည့်သိပ်လာသည့် စကားတွေထဲမှာ ဒီစကားကြောင့် မဟေသီ ငြိမ်သက်စွာ ရပ်တန့်နေနိုင်စွမ်း မရှိတော့ဘဲ ထမင်းစားခန်းထဲကို လှမ်းဝင်လာခဲ့၏။

''သူ မပြောတာလည်း အမှန်တရားပဲ ဒေါ်ပု ရဲ့..''

''ဟင်!...''

လှမ်းကြည့်လိုက်သည့် ဒေါ်ပု မျက်နှာမှာ အထိတ်တလန့်ဖြစ်သွားခြင်းကြောင့် သွေးဆုတ် ဖြူဖျော့သွား၏။ နှင်းဆီ ကတော့ ခဏလေးပဲ ခပ်အမ်းအမ်းဖြစ်သွားကာ ...

''မမ .. ထမင်းဆာပြီလား''

''မဟုတ်ဘူး .. ထမင်းဆာလို့ဆိုပြီး မီးဖိုချောင်ထဲ ဝင်လာရအောင် တို့က ဒီအိမ်က မိသားစုဝင်မှ မဟုတ်ဘဲ .. နောက်ပြီး စားစရာကို နေရာတကာမှာ စားတတ်တဲ့အကျင့် တို့မှာ မရှိဘူး''

နှင်းဆီ မျက်နှာလေး ပျက်သွားပေမယ့် ချက်ချင်း ပြုံးသည်။

''သိပါတယ် မမရဲ့ .. မမ ဘယ်လို ကြိုက်တတ်တာ၊ မကြိုက်တတ်တာတွေ ကိုကြီး စကားထဲမှာ ခဏခဏ ပါတတ်လို့ သိလား



www.burmeseclassic.com

www.burmeseclassic.com



မှတ်မိနေပါပြီ''

မဟေသီ မျက်မှောင်ကုတ်သွားသည်။ မောင်နဲ့ သူမကြားမှာ အချစ်တစ်ခုသာ အမြစ်တွယ်ခဲ့တာပါ။ တစ်ယောက်ရဲ့အကြိုက်ကို တစ်ယောက်က ဂရုစိုက် ယုယနေလောက်တဲ့အထိ ကြင်နာဖို့အတွက် ဘယ်မှာလဲ လိုလောက်တဲ့အချိန်...။

တွေ့ကြပြီဆို မိဘတွေရဲ့ အခြေခံ အယူအဆတွေ ကွဲလွဲကြတဲ့ အကြောင်းတွေ ပြော၊ စိတ်တွေ ညစ်၊ ဘယ်လိုရှေ့ဆက် .. ဘယ်လိုချစ်မလဲဆိုတာတွေ တိုင်ပင်၊ ဒါရှိခဲ့တာ။ အချစ်ကြောင့် ချစ်လို့တွေ့နေကြတာပေမယ့် ယုယကြင်နာခဲ့ကြတာတွေ ရှိခဲ့ရင်တောင် 'သူ ဂရုစိုက်ခဲ့တဲ့ အမှတ်တရ' ဆိုတာမျိုးတွေ မရှိခဲ့တာ သေချာသည်။

သူမ နှုတ်ခမ်းမှာ လှောင်ပြုံးတစ်ချက် ထင်သွားကာ ...

''တို့ လူကဲခတ် မညံ့ဘူးဆိုရင်တော့ မင်းက တော်တော် အံ့သြ ချီးမွမ်းဖို့ကောင်းနေပြီ နှင်းဆီ ..''

''ရှင်!... ဘာဖြစ်လို့လဲ ..''

''ဟွန်း ..''

မဟေသီ က ချက်ချင်းပြန်မဖြေဘဲ စားပွဲနားထိ ဆက်လျှောက်လာပြီး စားပွဲမှာ ကပ်ထားသည့် ခုံခြေထောက်ကို သူမခြေထောက်နဲ့ တိုက်ရွှေ့လိုက်၏။

ထိုအခါ စားပွဲစွန်းမှာတင်ထားသည့် ကိုင်းတပ်ကော်ဖီလုံအစောက်လေးက ကုလားထိုင်ကျောမှီနှင့်ငြိ၍ တစ်ပတ်လည်ထွက်သွား၏။ ပြီးတော့ သေားက ရှာလကာရည်တွေထည့်ထားသည့် ဖန်ခွက်လေးကို တိုက်ချပစ်လိုက်သလို ဖြစ်သွားသည်။

ဖန်ခွက်လဲသွားကာ ရှာလကာရည်တွေ စားပွဲပေါ်ကနေ ကြမ်းပေါ်ထိ စီးဆင်းသွားခဲ့လျှက် ကွဲတာရှုတာတွေတော့ မဖြစ်လိုက်ပေ။





ဒါပေမယ့် ဖန်ခွက်ကျကွဲသွားမှာစိုးသည့် မြန်းခနဲ စိတ်နှင့် နှင်းဆီတို့ မျက်လုံးတွေ ပြူးကုန်ကြ၏။ မဟေသီ ကတော့ မျက်ဝန်းလေး တစ်ချက် စွေကြည့်ပြီး ဘာမှဖြစ်မသွားသလို လက်ပိုက်သည်။ ပြီးတော့ သူမ ရွှေ့ဖယ်လိုက်သည့် စားပွဲစွန်းလေးမှာ တင်ပါးလွှဲ ခပ်နွဲ့နွဲ့ကပ်မှီ၍...

''မင်းကို အံ့သြရတဲ့အကြောင်း တို့ ဆက်ပြောရမလား ..''

နှင်းဆီ သတိစင်လာကာ မငြိမ်မသက် လှုပ်နေဆဲ ဖန်ခွက်ကို ကပျာကယာ ကောက်ယူထားလိုက်ပြီး...

''ဟုတ် .. ပြောပါ မမ''

လက်တစ်ဖက်က လက်သုတ်ပဝါကို လှမ်းယူပြီးဖြစ်ကာ ဖိတ်စင်စီးရှိနေသော ရှာလကာရည်တွေပေါ် သာသာလေးတင်၍ စုတ်ယူရင်း ခေါင်းလည်း ညိတ်နိုင်သေး၏။

''ဟွန်း .. အဲဒါတွေကို ပြောချင်တာ ..''

မဟေသီ က နှင်းဆီ ဖယ်ဆက်သလို လှုပ်ရှားသွားသည့် ခေါင်း၊ ခါး၊ ခြေ၊ လက်တို့ကို စိုက်ကြည့်နေပြီး ...

''မင်းရင်ထဲမှာ သံချိတ်တွေ အထုပ်လိုက် မျိုထားသလား၊ အမုန်းအမျက်တွေ အဆိပ်သင့်ပြီး သူ့ကို အရည်ပျော်အောင် တစ်ခါတည်း ဖျက်ထုတ်တော့မလား၊ ဘာကိုမှ အကဲခတ်မရလောက်အောင် ပြုံးသည်း ပြုံးနိုင်တယ် .. မျိုလည်း မျိုသိပ်နိုင်လွန်းတယ်''

နှင်းဆီ က သူမ ပြောလိုက်တာကို ဘယ်လို ပြန်ရှင်းပြရမလဲလို့ အားလိုက်သလို မျက်တောင်နှစ်ချက်လောက် ခတ်သည်။ ပြီးမှ ပြုံးကာ...

''မျိုထားတာတွေရှိရင်လည်း ဗိုက်ထဲမှာ နေမှာပေါ့ မမရဲ့၊ ရင်ဘတ်ထဲမှာ နှလုံးသားပဲ ရှိတာပေါ့''

ကိုယ်ပြောသည့်စကားကို အပြောင်အပြက် လုပ်ပစ်လိုက်သလို မိန်းမကာ မဟေသီ မဲ့ပြုံးတွေ ဖျတ်ခနဲ ပျောက်ကွယ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"မမက မမ ဝင်လာတုန်းက ရှိင်းရှိင်းစိုင်းစိုင်းပြောခဲ့ပြီး အခု ပြုံးရယ် ဖော်ရွေနေလို့ ဒီလိုပြောတာမို့လား၊ အဲဒါ မမ ညလေးအကြောင်း မသိသေးလို့ .."

သူမ တွေးလိုက်တာကို ရှင်းပြသလို ပြောလာသဖြင့် မယောသီ နားထောင်နေလိုက်သည်။

"ညလေးက စိတ်ထဲမှာရှိတာကို မျိုသိပ်ထားနိုင်စွမ်း ရှိကို မရှိ တာ..၊ အဲဒါကြောင့် ရှိင်းတယ် ရှာတယ် ဘာညာတွေ ညလေး အမြဲ တမ်း အပြောခံရတယ်၊ မမလိုလူကို မဆင်မခြင် ဆီးပြီး မိုက်ရိုင်းလိုက် မိတာ ကြည့်ပါလား .."

"အဲဒါ မင်း မှန်တယ်လို့ မထင်ဘူးလား ..၊ တို့လည်း မယဉ်ကျေး တတ်တဲ့လူပဲ"

"ရှိင်းကြတာချင်း တူရင်တောင် မမလိုလူကို ညလေးအနေနဲ့ တုပြိုင် ပြောသင့်ပါ့မလား .. မဆင်ခြင်တတ်တာ အဲဒါပါ၊ တကယ် တော့ မမကို ကြည့်လိုက်တာနဲ့ မမမျက်နှာ မမရဲ့မျက်ဝန်းတွေမှာ မမ ရပ်တည်နေတဲ့ အသိုင်းအဝိုင်းဂုဏ်၊ ပညာဂုဏ်၊ အဆင့်အတန်း တွေကို အများကြီး မြင်နေရတာ"

ခြောက်ပင့်နေငကလား .. တကယ့်စိတ်နဲ့လား .. ဘဝမှန်းမသိ သေးပေမယ့် မျက်နှာထားရ ခက်လာတာတော့ အမှန်ပင်။ ကိုယ့်အော မှာ တိုးရပ်ကာ မျက်နှာကို သေချာကြည့်ပြီး ပြောနေသည့် နှင်းဆီ ရဲ့မျက်ဝန်းတွေမှာလည်း လှိုက်လှဲနွေးထွေးခြင်းတွေ ရှိနေ၏။ ဒီည မဟုတ်ရင်လည်း သူမက အမြှောက်ကြိုက်နေတာလား ..။

"မမကို ကိုကြီးက အရမ်းချစ်ဘာ သိလား ..၊ အဲဒါကြောင့်လည်း ညလေး မိုက်မိုက်ရိုင်းရိုင်း ဆီးကြိုလိုက်မိတာကို နောင်တရနေမှာ

နှင်းဆီ ပြောသမျှကို စိတ်ဝင်စားနေပေမယ့် မယောသီ မျက်နှာ





ကုတ် မပြေနိုင် ..။

"မမ လာမယ်လို့ ကြားကတည်းက ကိုကြီးက အရမ်းတက်ကြွ နေတာ..။ မမက သူ့ကိုချစ်လွန်းလို့ မြန်မာပြည်ကို တစ်ယောက်တည်း ပြန်လာမှာတဲ့၊ အဲဒါကြောင့် ညလေး စိတ်ထဲမှာ ဆုံးဖြတ်ထားတာ .. မမနဲ့ ကိုကြီး ပြန်ဆုံကြရင် ဘယ်တော့မှ ပြန်မကွဲအောင် .. မမ ဒီအိမ် ကို ရောက်လာရင်လည်း ဘာစိတ်အနှောင့်အယှက်မှ မဖြစ်ရအောင်ပေါ့ နော် .. ညလေးဘက်က အတတ်နိုင်ဆုံး ကြိုးစားမယ်လို့ .."

ခနဲ့မိ ရွဲ့မိတာလား တကယ် ပြုံးချင်သွားတာလား မသိ၊ မယောသီ ကိုယ့်ကိုယ်ကိုယ် မသိလိုက်ခင် လှစ်ခနဲ ပြုံးမိ၏။

"မမက ကိုကြီး တစ်မျက်နှာတည်းနဲ့ ခရီးဝေးက ရောက်လာရ တာဆိုတော့ ဒီအိမ်သားတွေအပေါ်မှာ စိတ်ကျေနပ်မှုမရှိရင် ဘာ အကြောင်းနဲ့ဖြစ်ဖြစ် အိမ်ရှင်အပြစ်ပါပဲ ..၊ ညလေးလေ ရုတ်တရက် မမ ဖြစ်မယ်မှန်း မတွေးလိုက်မိတာရယ် .. မဆင်ခြင်တတ်တဲ့ အကျင့် ရယ်ကြောင့် မမနဲ့ အဆင်မပြေမှုတွေ ဖြစ်ရတာပါ၊ ထပ်တောင်းပန်ပါ တယ် .. ခွင့်လွှတ်ပါနော်၊ ဟို .. ခွင့်လွှတ်စေချင်တာက ညလေးကို ချက်ချင်း ဖော်ရွေရင်းနှီးခွင့် မပြုနိုင်ရင်တောင် ညလေး ပြုစု လုပ်ကိုင် ထားတာတွေကို မမ ကြည်ကြည်ဖြူဖြူ လက်ခံပေးဖို့ပါ"

"အဲဒီ စေတနာတွေလည်း အံ့သြဖို့ကောင်းအောင် လွန်နေပြီထင် တယ်၊ ဒီအိမ်သားတွေအတွက် မင်းက တို့ကို အဆင်ပြေဖို့ ကြိုးစားတာ ဆိုရင် သဘာဝမကျဘူးနော်၊ မင်းက သူတို့နဲ့ ဘာမှမတော်တဲ့ သူစိမ်း.."

ဘယ်လိုပြောလို့မှ အကောင်းမြင်မှာ မဟုတ်သည့် မယောသီ စကားတွေကို ကြားနေရကာ ဟင်းအိုးမွှေနေသည့် ဒေါ်ပု စိတ်ဆင်းရဲ ကြီးမှာ ဖြစ်နေခဲ့၏။ တောင်းပန်သည့်လူကလည်း ရွံ့မလျော့ အပြစ် မြင်..၊ အပြစ်တင်ဖို့သာ စကားလမ်းကြောင်း ခင်းနေသူကလည်း



www.burmeseclassic.com

www.burmeseclassic.com



သူ ဦးတည်ထားသည့်အတိုင်း မယိမ်းမယိုင် တည့်တည့်ရှေ့ဆက်၏။

နှင်းဆီ ၏ သက်ပြင်းချသံလေးကို ကြားလိုက်ရကာ...

"အဆွေခင်ပွန်းကောင်းဆိုတာ တစ်ခါတလေမှာ သွေးသားဆွေမျိုး ဆိုတာတွေထက် ပိုပြီး လိုအပ်လာတတ်ပါတယ် မမရယ် .. 'ကျွန်ယုံ တစ်ဖက်ကန်း သားသမီးယုံ စုံလုံးကန်း' ဆိုတဲ့ ရှေးစာဆိုတွေ ရှိခဲ့ဖူးတယ်၊ အဆွေခင်ပွန်းကောင်းတို့ရဲ့ ဂုဏ်သတ္တိတွေမှာ ခြွင်းချက်မရှိခဲ့သေးဘူး၊ ဥပမာတွေ အများကြီးတော့ ညလေး မပေးတတ်ပါဘူး၊ ဒါပေမယ့် မမနဲ့ ကိုကြီးတို့တောင်မှ မိဘမွေးချင်းဆိုတဲ့ သွေးသားတွေကို စွန့်ခွာပြီး တစ်သက်လုံး အတူပေါင်းသွားကြဖို့ ဆုံးဖြတ်ချက်တွေ ဖြစ်လာတယ်လေ .. အဲဒါ သွေးသားမတော်စပ်ကြတဲ့ သူစိမ်းတွေချင်း ချစ်ကြတာ မဟုတ်ဘူးလား၊ ချစ်သူလို့မဟုတ်ဘဲ တခြားသော တွယ်တာမှုတွေနဲ့ ချည်နှောင်ပြီး ချစ်ခင်နေကြတဲ့ သူစိမ်းတွေကို အပိုတွေပါလို့ ပြောမယ်ဆိုရင် ရက်စက်ရာ ကျပါတယ် မမရယ် .."

နှင်းဆီ ကို ကြည့်နေသည့် မဟေသီ မျက်ဝန်းတွေမှာ အရောင်တွေ ပြောင်းနေခဲ့၏။ ပြီးတော့ ပြုံးလိုက်သည့် နှုတ်ခမ်းတို့မှာ မသိသာသော်လည်း အကြည့်တွေမှာ ရယ်မြူးရိပ်တို့ဖြစ်လျက် ...

"ဆက်ပြောပါဦး ..၊ ဒီကမိသားစုနဲ့ ပတ်သက်နေတဲ့အတွက် တို့အပေါ်မှာ မင်း ဘယ်လောက်ထိ မျိုးသိပ် သည်းခံသွားမှာလဲ"

"မျိုးသိပ်မှာ မဟုတ်ပါဘူး .. ကျေနပ်ကြည်ဖြူစွာနဲ့ပါ၊ မမ မျက်နှာပေါ်မှာ ညလေးအတွက် ရင်နှီးခင်မင်တဲ့ အပြုံးမျိုး မရမချင်း –"

"အဟွန်း .."

မဟေသီ က သွားတွေပေါ်အောင် ရယ်လိုက်ပြီး လက်မိုက်[illegible]သည်။ ပြီးတော့ မတ်မတ်လေး ပြန်ရပ်ကာ ...

"ဒီအိမ်မှာ မင်းပဲ စိတ်ဝင်စားဖို့ ကောင်းတယ်"





"မမ .."

မဟေသီ ပြန်ထွက်သွားသည်နှင့် နှင်းဆီ က လှမ်းခေါ်၏။ သူမ ပြန်ငုံ့ကြည့်ကာမှ ...

"လောလောဆယ် ညီမလေးလို မဟုတ်ရင်တောင် ကိုယ့်ယောက်မ ဆောင်းလေးလို ရင်းနှီးကြည့်ပါလားဟင် ..၊ မမ ထင်နေသလို ညလေးက သံချွန်တွေ အထုပ်လိုက်မျိုးပြီး ဟန်ဆောင်ဖော်ရွေနေတာမျိုး မ ခံစားမိလာတဲ့နေ့ အားမနာတမ်း ဖြတ်ချပစ်ခဲ့ပါ"

ငုံ့စောင်းကြည့်နေရာကနေ မဟေသီ က တည့်တည့် ပြန်လှည့်ကြည့်ကာ ..

"ဒီကိစ္စက မင်းအတွက် အဲသလောက် အရေးပါနေသလား"

"ပါတယ် မမ .. ဒီမိသားစုမှာ ညလေးက နောက်လူပါ..၊ ပိုမှန်အောင်ပြောရရင် ချောသွားနေတဲ့ လည်ပတ်မှုတစ်ခုဟာ ညလေးရဲ့ ရှိင်းစိုင်းမှုကြောင့် ပ်တန့်ပြိုကွဲသွားမှာ မလိုချင်ဘူး၊ ညလေးရဲ့ကျေးဇူးရှင်တွေကို စိတ်ချမ်းသာအောင်းရဲစေချင်လို့ပါ"

"ဟွန်း .. အားလုံး ဒီမှာပဲ ပြီးသွားပြီလို့ ထားလိုက်တော့"

လှည့်ထွက်လာခဲ့ပေမယ့် 'ဟယ်' ခနဲ ဝမ်းသာအားရ ဖြစ်သွားသည့် နှင်းဆီ မျက်ဝန်းလေးတွေကို မြင်ယောင်နေသေးသည်။

သူမလေး ဘာမှ မသိသေးတာလား .. မသိချင်ယောင် ဆောင်တာလား ..၊ ဒီမိသားစုထဲမှာ မဟေသီ ဆိုသည့်နာမည် ကြားတာနှင့် မျက်နှာပျက်သွားမည့်သူ ရှိနေသည်။ ကိုယ်က မိသားစုဝင်ဖြစ်ဖို့ ရောက်လာတာ မဟုတ်သလို ကိုယ့်ကိုလည်း အလိုမရှိနေတဲ့ သူ ..။

ထိုသူဟာ မောင့်မေမေ ဒေါ်ချစ်ဖူးငုံ ပဲ ဖြစ်သည်။ ထို့ပြင်... မိန်းကလေးတစ်ယောက်ကို အမွေစားအမွေခံ မွေးစားလိုက်သည့် အကြောင်းက သူမ မြန်မာပြည်ကို ခြေချမိတာနှင့် ကြားရသည့်သတင်း။



www.burmeseclassic.com

ဒီကိုလာမယ်ဆိုတာ နေ့ရက်အတိအကျ အသိမပေးခဲ့ပေမယ့် လာမယ့်အကြောင်းက သေချာခဲ့ပြီးသား ဖြစ်သည်။ မောင်နဲ့ လက်ထပ် ဖြစ်မှာပဲဆိုတာ သိလျက်နှင့် ဒီကာလမတိုင်မီ သမီး မွေးစားပစ်လိုက် တာက ကိုယ့်ကို စော်ကားလိုက်ခြင်းသာ ...။

ချွေးမကို သမီးလို သဘောမထားနိုင်ဘူးလို့ စစ်အေးကြေညာခြင်း လား.. ဒါမှမဟုတ် ညီအစ်ကိုနှစ်ယောက်တည်း နှင့်လောက်အောင် ရှိ အမွေတွေကို သုံးပုံဖြစ်အောင် တမင်လုပ်ပစ်လိုက်သည်လား..၊ ရော ရောက်ချင်းမှာပဲ ဒီသတင်းပေးသည့် သူငယ်ချင်းက ပြောသေးသည်

"နင် စဉ်းစားကြည့်လေ .. အမွေတွေက သုံးပုံဖြစ်သွားပေမယ့် အကယ်၍ ချစ်သောသူ နဲ့ ဒီကောင်မလေး ညားသွားရင် ဘယ်လိုဖြစ် သွားမလဲ" တဲ့ ...။

ချစ်ကြတာက ငွေကြေးစည်းစိမ် အဓိက မဟုတ်ခဲ့ပေမယ့် တ ဖက်လူက အဓိက လုပ်လာပြီဆိုရင်တော့ ဒါကို သာမည သဘောမထား နိုင် ...၊ မောင်ကိုယ်တိုင်က ကိုယ့်အပေါ် အလေးမထားသလို ဒီကိစ္စ ရောင့်ရှက်ပီတိနေခဲ့တာမို့ စိတ်ထဲမှာမပြေချင်။ ကိုယ်သာ ဒီမိသားစု ဖြစ်လာမယ့်လူ၊ ဒီလိုပဲ သတ်မှတ် အလေးထားခဲ့ရင် မောင် ဒီလိုနေသ သလား ...။

ဒီအိမ်ကို ဝင်လာလာချင်း ပြေလည်ဖို့ မကြိုးစားချင်လော အောင် စိတ်ထဲမှာ မရှင်းလင်းနဲ့တာ ဆိုကိစ္စကြောင့် ...။ ခုတော့ ခံလိုက်ရသည့် ကျောက်တုံးတစ်တုံး၏ အပိုင်းအစတွေလို ကွဲ ပျက်ယွင်းသွားခဲ့ပေမယ့် ပျောက်ပျက်သွားတာလည်း မဟုတ်..

ဒါ .. ဟို စကားတောင်းစားမလေးကြောင့်လား ...၊





## အခန်း [ ၂၆ ]

"သမီးငယ် .. တစ်ခါတည်း ဝင်စားလေ .."

"ဟုတ်သားပဲကွ၊ လာ .. ဝင်စား"

"ညလေး မဆာသေးလို့ပါ ကိုကြီးရဲ့.. ခုလို မိသားစုတွေ စုံစုံ လင်လင် စားဖြစ်ကြတာလည်း သိပ်မရှိတော့ အရမ်းကြည်နူးဖို့ကောင်း တာပဲ..၊ မမရှိနေလို့ ပိုပြည့်စုံနေတာ ထင်တယ်၊ မမ လိုတာရှိရင် ညလေးကို ပြောနော် .. ဟိုနားမှာ ရှိနေမယ် သိလား"

မယောသီ က ခေါင်းညိတ်ပေမယ့် အပြုံးအရယ်မဲ့သည့် မျက်နှာနှင့် ဖြစ်သည်။ ဒေါ်ချစ်မွှားငုံ က လက်လှမ်းမီသည့် ပုစွန်တုပ်ချဉ်စပ်အသုပ်ကို ယူကာ ဇွန်းကန်ကိုင်ပြီး မယောသီ ဆီ လှမ်းပေးလိုက်ရင်း ပြုံး၍ ...

"ဟုတ်တယ် သမီး .. အားရပါးရ စား၊ ရော .. သမီးညီမ ပုစွန် ချဉ်စပ်သုပ်တာ သိပ်စားကောင်းတာ .. မြည်းကြည့်ပါဦး"

ကြားထဲက ချစ်သူ က ယူလိုက်ပြီး မယောသီ ဘေးမှာ ချပေး လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် အန်တီ .. မဟေသီ ဘာနဲ့ဖြစ်ဖြစ် စားတတ်ပါတယ် သိပ်များများလည်း မစားနိုင်တော့ ကြိုက်တာ မကြိုက်တာ သိပ်မ ပါဘူး"

"ကောင်းတယ် သမီး .. ဒီအိမ်မှာတော့ သားနှစ်ယောက် အကြိုက်တစ်မျိုးစီ .. ဘယ်သူ့အကြိုက်ဖြစ်ဖြစ် အကုန်လိုက်လုပ် နေတာက သမီးငယ်ပဲ..၊ သမီးအကြိုက်ကိုလည်း အခု သူ လေ့လာ တယ် သိလား၊ သမီး စိတ်တိုင်းမကျလည်း ခဏပဲနေမှာ"

"ကိုချစ် .. ညီ့ကို ဟင်းထည့်ပေးဦး"

စကားတွေ ဆက်စပ်မိနေကြတုန်း ချစ်သော ထံမှ တောင်းဆို ကြောင့် ချစ်သူ ပျာပျာသလဲ ဖြစ်သွား၏။

"ဆောရီး .. ဆောရီး ကိုယ့်ညီကို ဟင်းတစ်မျိုးမျိုးတော့ ခပ်ထ ပေးနေကျ .. မေ့နေလို့"

"သားငယ်က လုပ်ပြီ"

မဟေသီ ပြုံးလိုက်တာကိုမြင်ပြီး ဒေါ်ချစ်ဖွေးငုံ က ဖာထေးသ မျက်နှာချိုချိုနှင့် ...

"ကိုယ့်မရီးလောင်းက အနားရောက်နေပြီနော်၊ အစ်ကိုကို အ လိုချင်တာတွေ ဆင်ခြင်ရတော့မယ်"

"ဘာမှ အနိုင်လိုချင်တာ မဟုတ်ဘူး၊ အကျင့်ပါနေလို့"

ချစ်သော က နွဲ့ဆိုးဆိုးချင်သည့်အသံမျိုးနှင့် မဟုတ်ဘဲ ပြော ရယ်ကာ ...

"ဟိုတယ်လိမ်မှာ သားတို့ ထမင်းစားကြဖူးပါတယ်၊ အဲဒီကတ က မနှင်း သားအကျင့်ကို သိနေပြီးသား"

အားလုံးက မဟေသီ လို့ ခေါ်ပေမယ့် ချစ်သော ကတော့ 'မ လို့ပဲ ခေါ်၏။





မဟေသီ က အသင့်ရှိသည့် ဖန်ခွက်ထဲကရေကို သောက်လိုက် ချစ်သော ပြောတာကို ခေါင်းညိတ်ထောက်ခံသည်။

"ဟုတ်ပါတယ် .. သိပါတယ်၊ ညီအစ်ကို ညီအစ်မ နှစ်ယောက် ည်းရှိတဲ့လူတွေဆို ဒီလိုရှိတတ်ကြတာပဲ၊ သူ့အစ်ကိုကို ချစ်လို့ဖြစ် ပါ"

"သတ်ယ် ရိုက်တ်"

ချစ်သော က ခပ်တိုးတိုး ထောက်ခံနေသေးသည်။ ဟိုးငယ်ငယ် တည်းက ထမင်းဝိုင်းထိုင်ပြီဆို ကြေးများချင်သည့်အကျင့်လေး ရှေ့ န်းတင်ကာ နှာခေါင်းလေး ရှုံ့ပွပွနှင့် ဇွန်းကိုင်ထားပြီးတော့လည်း ယ်ဟင်းကိုမှ မနှိုက် ..။

မေမေကတော့ 'သားငယ် ဘာလိုနေလို့လဲ' လို့ မေးတတ်ကာ ချစ် က ပါးစပ်ကမေးရင်း လက်က ပါတဲ့သူ ..။

"မကြိုက်တာ မပါဘူးမို့လား .. ဘာစားရမှန်းမသိရင် တစ်မျိုးကို ရင်စားလိုက် .. ခံတွင်းထဲမှာ လိုအပ်တာ ပေါ်လာလိမ့်မယ်၊ ရော့.. လေး စားကြည့် .. အရမ်းကောင်းတာ"

စသဖြင့် သူ ကောင်းသည်ထင်သည့်ဟင်းကို ကိုယ့်ပန်းကန်ထဲ မ်းထည့်ပေး၏။ ဒီလိုနေ့တွေ များလာတော့ ထမင်းဝိုင်းမှာ သူ ထိုင် ဆိုတာနှင့် ...

"ရော့ .. ညီလေး၊ ဒီဟင်းလေး စားကြည့် .. အချဉ်ဆီပြန်လေးဆို တော့ အရသာစုံတယ်"

ဆိုတာမျိုး ..၊

တစ်မျိုးမျိုးသော နည်းများနှင့် ကိုယ်ထိုင်တာနဲ့ ဟင်းထည့်ပေး သည့်အကျင့်ကို ကိုချစ် ပဲ လုပ်ခဲ့တာ။ ဒါကြောင့် သူလည်း ဇွန်း ရင်း ကိုင်လျက် ငုတ်တုတ်ထိုင်စောင့်တတ်သောအကျင့်က



www.burmeseclassic.com

www.burmeseclassic.com



နေပြီ ဖြစ်၏။

"စားလို့ကောင်းရဲ့လား သမီး၊ ရေပြောင်း မြေပြောင်းဆိုတော့ အားလုံး အဆင်မှပြေပါ့မလားလို့"

"ဟုတ်ကဲ့ .. ပြေပါတယ်"

မဟောသီ မျက်နှာထားတည်တည်လေး ဖြစ်နေတာကို ဒေါ်ချစ်ဖူးငုံ သတိထားမိသည်။ သားကြီးကိုတော့ သတိမထားမိစေချင်ပါ။ အမေနဲ့ ချစ်သူကြားမှာ အနေမခက်စေချင် ..။

သူမ ရောက်လာပြီဆိုကတည်းက သဘာဝတရားရဲ့ စီရင် ဆုံးဖြတ်မှုကိုပဲ ကျေနပ်နာခံဖို့ စိတ်ထဲမှာ ဆုံးဖြတ်ပြီးသား။ ဆုံးဖြတ်ပြီးလို့လည်း ဟိုအရင်ကထက် အများကြီး သက်သာရာရနေပါပြီ။

ဒါမှမဟုတ် အနားမှာ သာလိကာလေးလို စကားတွေ ပြောနေတတ်ပြီး သွက်လက်ချက်ချာသည့် နှင်းဆီ ဆိုသော သမီးလေးကြောင့် ဖြေသာနိုင်ခဲ့သည်ဆိုလည်း မှန်သည်။ အချိန်တန်ရင် ခွဲထွက်သွားကြမှာ ပါပဲ။

ဒါကြောင့် ချွေးမဖြစ်လာတဲ့အခါ သမီးလေးလို နားလည် သည်းခံသွားဖို့၊ သားကို ရေခြားမြေခြားဆီ ဆွဲထုတ်ခေါ်ယူသွားမည်ဆိုရင်လည်း...

"မနှင်း က မင်္ဂလာကိစ္စနဲ့ လာတာဆိုတော့ လက်ထပ်ပြီးမှ ပြန်မှာလား .. ဟိုမှာ လက်ထပ်ဖို့ လာတိုင်ပင်တာလား၊ လူကြီးတွေကရော .."

အဓိကမေးခွန်းကို ဒေါ်ချစ်ဖူးငုံ မမေးလိုက်ရဘဲ ချစ်သော ဧည့်သည်ကို မေး၏။ ခဏတော့ လှုပ်ရှားမှုတွေ တုံ့ခနဲ ရပ်တန့်သွားသလိုပင်ပြီးမှ ...

"ဘာတဲ့ စပြောရမှန်းတောင် မသိဘူး"





မဟောသီ ပြောလိုက်ပြီး ရေသောက်သည်။ ပြီးတော့ ထမင်းပန်းကန်ကို ရှေ့နည်းနည်း တွန်းရွှေ့လိုက်တာ တစ်သျှူးနှင့် နှုတ်ခမ်းမှာ သုတ်လေး ကပ်၏။

"ထမင်းစားတုန်း စကားပြောတာ အန်တီ ကြိုက်ရဲ့လား မသိဘူး"

"သြော် .. မကြိုက်စရာလား သမီးရယ် .. အန်တီတို့က မြန်မာလူမျိုးတွေပါ ..၊ မိသားစုထမင်းဝိုင်းရဲ့ နွေးထွေးခြင်းက အဲဒါပဲ"

မြန်မာလူမျိုးတွေ ဆိုသည့် စကားကြောင့် မဟောသီ မျက်ခုံးလေး တွန့်ခနဲ လှုပ်ခတ်သွား၏။ ဒီလိုထမင်းဝိုင်းမှာပဲ ဤသို့သော အဓိပ္ပာယ်နှင့် ဆင်တူသည့်စကားမျိုး ကြားခဲ့ဖူးသည် ထင်၏။ တိုက်ဆိုင်တာတော့ ဖြစ်နိုင်..။

"ပြောပါ သမီးရယ် .. ဘာများလဲ ဟင်၊ သမီးနဲ့ သမီးရဲ့မိဘတွေ ဘယ်လိုတိုင်ပင်ခဲ့သလဲ .. အန်တီ့ကို အားမနာပါနဲ့..၊ သားရှင်ဆိုတာ မင်္ဂလာကလေးရှင် စိတ်တိုင်းကျ ဦးဆောင် ဖြည့်ဆည်းပေးရမယ့် တာဝန်ရှိပါတယ်၊ သမီးတို့က ချမြင်ခုကြိုက် ငြိတွယ်ခဲ့ကြတာလည်း မဟုတ်ဘူး၊ တစ်ယောက်နဲ့တစ်ယောက် အနစ်နာခံမှုတွေ ရှိကြတာ အန်တီ သိတယ်၊ ဥပမာ .. အခု သမီးရောက်လာပေမယ့် ဒီကိုရောက်အောင် လာဖို့ သမီး ရင်ဆိုင်ခဲ့ရမှာတွေ သားကိုချစ်တဲ့စိတ်နဲ့ သမီး ရဲရဲဝံ့ဝံ့ ဆုံးဖြတ်ဖို့ ရှိထားခဲ့တာတွေပေါ့"

ဒေါ်ချစ်ဖူးငုံ က စကားပြောသည့်နေရာမှာလည်း နူးညံ့သူပါ။ မဟောသီ မျက်လုံးတွေ ရှုပ်ထွေးသည့်အကြည့်များနှင့် ခဏငေးနေခဲ့၏။

မောင့်မေမေ တကယ့်ကို နူးညံ့တဲ့စိတ်ထားနဲ့ အမှန်အတိုင်း ဖွင့်ချနေတာလား .. သို့မဟုတ် ကိုယ့်အပေါ် ခါစ်စုံတရားသော စကားလုံးတွေနဲ့ ပစ်ပေါက်ဖို့ အစပျိုးခြင်းလား..၊ အကယ်၍ မလိုလားတာတွေကို ပြောခဲ့ရင်တော့ သူမရင်ထဲမှာ နိဒါန်းတွေ စာကိုယ်တွေ မပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



"သားနဲ့ လက်မထပ်ရသေးပေမယ့် သမီးကို အန်တီ့သမီးလေးလို သဘောထားလိုက်ပြီးပြီ..၊ လှူငယ်တွေအပေါ်မှာလည်း နားလည်ပြီး သွားပါ"

"ဟုတ်ကဲ့ .. မဟေသီ ရောက်မှ မောင်နဲ့တိုင်ပင်ဖို့ တစ်ကွက်ချန် ခဲ့ပါတယ် ..၊ မာမီတို့ကတော့ ..."

ဆက်မပြောသေးဘဲ နားသွားတော့ မျက်နှာလေးပါ ပို၍တည်သွား သလိုရှိလျက် ...

"မဟေသီ တို့ တစ်ဆွေတစ်မျိုးလုံးလိုလို မြန်မာပြည်မှာ မရှိ တော့ ဒီမှာ လက်ထပ်ခဲ့မယ်ဆိုရင်တောင် ပြီးတာနဲ့ ပြန်လာရမယ်လို့ မှာလိုက်တာ"

ချစ်သူ နဲ့ ဒေါ်ချစ်ဖူးငုံ မျက်လုံးချင်း ဆုံသွား၏။ နှစ်သိမ့်အားနာ ပေမယ့် 'ခွင့်လွှတ်ပါ မေမေ' လို့ တောင်းပန်နေသော မျက်ဝန်းတွေကို ဒေါ်ချစ်ဖူးငုံ ကြာကြာ မဆုံစည်းချင် ..။

ထို့ကြောင့် ရောင့်ရဲနိုင်သည့်အပြုံးနှင့် မျက်တောင်ခတ်ရင်း ခေါင်း ညိတ်လိုက်သည်။

"အေးပေါ့ .. အေးပေါ့၊ မိဘက တစ်ပြည်ရပ်ခြားကနေ ဘယ် စိတ်ချမလဲ..၊ အန်တီ့မှာ သမီးမမွေးခဲ့ပေမယ့် သမီးရှင်ဘက်က နားလည် ပေးနိုင်ပါတယ်၊ သမီးနဲ့သားတို့ မေတ္တာခိုင်မြဲကြတယ်ဆိုတာလည်း အန်တီ ယုံတယ်၊ အေးဆေး ဆွေးနွေးကြနော်..၊ သားကြီးလည်း မေမေ ကျန်းမာရေးတွေ ဘာတွေကြောင့် နောက်ဆံမတင်းပါနဲ့၊ အခု မေမေ မှာ သားတစ်ယောက် သမီးတစ်ယောက် ကျန်သေးတယ်"

ဒေါ်ချစ်ဖူးငုံ က ထမင်းလက်စသတ်လိုက်ရင်း သွားတွေပေါ်အောင် ပြုံးပြသည်။

"သားကြီးက သမီးဆန္ဒအတိုင်း လိုက်လျောမှာပါ၊ အန်တီလည်း





အဲဒါကို ကြိုသိနေလို့ သမီးလေးတစ်ယောက်ကို မြန်မြန်ဆန်ဆန်ကြီး သိမ်းပိုက်ထားလိုက်ရတာ .. တစ်ယောက်လျော့သွားလည်း နှစ်ယောက် က နှစ်ယောက်ပဲ ဖြစ်နေတော့ လွမ်းရ သက်သာအောင်လို့"

ပြောပြီး ပေါ့ပါးသည့်အပြုံးနှင့် လှူငယ်တွေကို ဝေ့ကြည့်သည်။

ချစ်သော က ဒီမေးခွန်းကို စမေးလိုက်သူဖြစ်သော်လည်း ထမင်း စားနေသည့်မျက်နှာကို စိတ်ဝင်စားလာသည့်ပုံနှင့် တစ်ချက်မှ မမော့..။

"သားတို့ သမီးတို့ အေးဆေးဆွေးနွေးကြ .. အန်တီက ထမင်းစား ပြီးရင် ဒီလို ကြာကြာထိုင်နေလို့ မရလို့နော်"

လှူငယ်တွေ အနေခက်မှာစိုးလို့ ကိုယ်ပဲ ဦးဆုံးထွက်လာခဲ့သည်။

နှင်းဆီ က အနားရောက်လာပြီး လက်မောင်းကို ကိုင်၍ ဖေးမ သည်။ ဒေါ်ချစ်ဖူးငုံ နှုတ်ခမ်းမှာ ကြည်နူးပေမယ့် မလတ်ဆတ်သည့် အပြုံးယဲ့ယဲ့လေး ဖြစ်သွား၏။

မိခင်ဖြစ်သူ ပြုံးနေတာကို ချစ်သူ နားလည်စွာ လိုက်ကြည့်နေမိ ပြီး သက်ပြင်းခိုးတစ်ချက်နှင့် ထမင်းကို လက်စသတ်၏။

"ကိုယ်တို့ အရင်ထသွားရင် ညီ ကျန်ခဲ့လို့ ဖြစ်လား"

စိတ်ကောက်တာ မဟုတ်ဘဲ စကားနာထိုးပြီး မဲ့တတ်သည့် ကိုယ့် ညီရဲ့အကျင့်ကို သိပြီးသားမို့ မေးရသေးသည်။ ချစ်သော က ခေါင်းညိတ် ပြီ—

"ကိုယ့်ဖာသာ သွားပါ..၊ ဦးစားပေးနေကျလိုလို ချစ်နေတာလိုလိုနဲ့ ညီက ဆိုးနွဲ့နေတဲ့ အခြောက် ဖြစ်နေပြီ"

ချစ်သူ က ရယ်လိုက်ပြီး မတ်တပ်ရပ်ကာ မဟေသီ လက်လေး တစ်ဖက်ကို ဆုပ်ကိုင်ထားလိုက်၏။

"တွေ့လား မဟေသီ.. ပြောတော့မကြိုက်ဘူး၊ အဲဒါ ချစ်သော့်"

"ကိုချစ် .."



www.burmeseclassic.com

www.burmeseclassic.com



မှုန်ကုတ်ကုတ်ဖြစ်သွားသည့် မျက်နှာ အနီရောင်သမ်းလာတာကို ကြည့်ပြီး ချစ်သူ က ချစ်စနိုး ရယ်လို့မဆုံး..၊ သူ ရယ်လေ ချစ်သော မျက်ခုံးကြီး တုတ်ကွေးလာလေဖြစ်မှ အပြင်ကို ထွက်ခဲ့ကြ၏။ နှင်းဆီ ကတော့ ခေါ်ပု မအားသေးလို့ သူမပဲ သိမ်းဆည်းပေးဖို့ ပြန်ဝင်လာတာ ဖြစ်ကာ ...

"ဪ .. ပြီးကုန်ပြီ မှတ်တာ"

ချစ်သော ကို မြင်တော့ စကားသံလေးတစ်ရပ် ထွက်လာသည်။ အထဲကို ဆက်ဝင်လာပြီး အိုးခွက်ပန်းကန်တွေ သိမ်းဆည်းနေမှန်းလည်း သိပေမယ့် ချစ်သော က လှည့်မကြည့်။

အနားကိုရောက်လာကာ စားပွဲပေါ်က ဟင်းဝန်းကန်တွေကို ဖျိုးဖျိုးဖျတ်ဖျတ် ကောက်သိမ်းသွားကာမှ ...

"ဟာ!... အဲဒါ ဘာလုပ်တာလဲ"

"ဘာဖြစ်လို့လဲ .. သိမ်းတာလေ"

ဟင်းပန်းကန်တွေကို လက်နှစ်ဖက်စလုံးမှာ ကိုင်ချက်သားနှင့် ပြန်လှည့်ကြည့်လိုက်တော့ အမြင့်မှာ တင်စည်းထားသည့် ဆံပင် နှစ်ဖက်က ပလုတ်တုတ်လို အဖျားစတွေ လွဲယမ်းသွား၏။ ကြည့်ရဆိုး လိုက်သည့်မျက်နှာ ..၊ စိတ်တိုရသည့်ထဲ အဲဒီ ဆံပင်တယမ်းယမ်းနဲ့ပုံက ပိုတိုးစေ၏။

"ဒီမှာ စားသောက်နေတာ မမြင်ဘူးလား"

"မြင်တယ်လေ .. ကိုလေး ပြီးနေပြီဥစ္စာ"

"ဘာပြီးတာလဲ .. ဒီမှာ .."

ထမင်းတစ်ဇွန်းစာလောက် ကြက်သားတစ်တုံးနှင့် ပန်းကန်ကို လက်ခုံနဲ့ ကပ်ထိပြလိုက်ပြီး အလွန်အမင်း ချဉ်တူးနေသည့်အကြည့် များနှင့် ...





"မင်းကို မေမေ ဘာတွေ သဘောကျနေလဲ မသိဘူး၊ မီးဖိုချောင် ခင်တဲ့ပုံစံက ဆံပင်က ဖိုးရိုးဖားရား .."

"မဖားရားပါဘူး..၊ အမြဲတမ်း စည်းထားတာ"

"အတူတူပဲ .. ရှည်တာကိုက ရှုပ်နေတာ၊ အရင်းကနေ ကပ်ဖြတ် ချလိုက်"

"အံမယ် .. ဘာလို့ ဖြတ်ရမှာလဲ၊ ကိုလေးကိုက နေရာတကာ ကဲ့ရဲ့ချင်တဲ့ မျက်လုံးနဲ့ပဲ ကြည့်နေတာ"

ပြောပြီး ပြန်လှည့်သွားတော့လည်း ဆံပင်ဖျားတွေက ပလုတ် တုတ်လက်တံတွေလို ပုတ်ခတ်ဝှေ့ဝဲသွားသေးသည်။ ကြည့်မကောင်း တာကိုပဲ ဘေစင်မှာ ပန်းကန်တွေ သွားထားသည့်ကျောပြင်ကို တစ်စ တစ်ဆုံး ကြည့်နေမိသည်။ မကျေနပ်သည့် စိတ်နဲ့ပါ..။

ပြောလိုက်ပြီဆို ညလေးတွေ ရှုပ်ယှက်ခတ်အောင် ပါသည်။ အမှာတုန်းကလည်း ကြားနေရသည်။ မမကြီးလို့ ခေါ်တာကို ကြာ ကြာခေါ်လာတော့ အမြန်နှုန်းနဲ့ ပြောင်းလဲသွားကာ မမကြီးသံ မထွက် တော့ဘဲ မားကြီးလို့ ခေါ်နေတာနဲ့ တူ၏။

ညလေးဆိုတာ ညီမလေးက ဆင်းသက်လာတာမှန်းလည်း အစ ကတည်းက သိသည်။ ဒါပေမယ့် ကြာလာလေ နားဝင်မချိုဘဲ ဖြစ်လာလေ။

ထိုကျောပြင်ကနေ အကြည့်ကိုခွာပြီး မျက်လုံးက ကိုယ့်ထမင်း ပန်းကန်ဆီ ပြန်ရောက်လာသည်။ တကယ်က ထမင်းစားလို့ ပြီးနေပါ ပြီ၊ ဒါပေမယ့် ကိုယ်ပြီးနေတာ ကိုယ့်ဟာကိုယ်တောင် အတည်မပြုရ သေး..၊ စားသောက်နေတုန်း ဟင်းပန်းကန်တွေ သိမ်းတာ ဘယ်လောက် ရိုင်းရာကျလဲ။ တွေးနေသည့်စိတ်ကူးကို နှင်းဆီ ရဲ့စကားသံတွေက ထပ် ဆောင်း အားဖြည့်ပေးလိုက်သလိုရှိကာ...

"ညလေးက လှမ်းကြည့်ပြီးသား .. ပြီးနေမှန်းသိလို့ သိမ်းတာ၊



www.burmeseclassic.com

www.burmeseclassic.com



သူ့ဖာသာ လူကိုကြည့်မရတိုင်း ပြီးတာကို မပြီးဘူးပြော .. ဆံပင်ရှည်တဲ့အကြောင်း ပါလိုပါ ..''

"ဘာလဲ ..၊ ဘာတွေ ပွစိပွစိနဲ့ ဆီမန်းမန်းနေတာလဲ''

"ဆီမန်းမန်းနေတာလောက်ဆို ကိုလေး ကြားရပါ့မလား၊ တမင်ကြားအောင် ပြောနေတာ .. နှင်းဆီ တို့က ကွယ်ရာကျမှ လက်သီးပုန်းထောင်ပြတာမျိုး ဝါသနာမပါဘူး''

"သိတယ် .. ခင်ဗျားအကြောင်း ..''

"ဟုတ်တယ် .. ညလေးအကြောင်း ကိုလေးထက် ဘယ်သူမှ ပိုမသိဘူး''

"ဘာ!...''

"ဟုတ်တယ်လေ .. ကိုလေးပဲ လိုက်ကြည့်ပြောနေတာ''

"ထိုနှင်းဆီ ..''

နေရာမှ ဆတ်ခနဲ ထရပ်လိုက်သဖြင့် ထိုင်နေသည့်ခုံကိုပါ ကန်ထုတ်ပြီးသားဖြစ်ကာ အသံတွေ ထွက်ကုန်၏။ နှင်းဆီ က လှည့်ကြည့်ပြီးမှ သူ့ဘက်ကို တစ်ကိုယ်လုံး လှည့်ရပ်လိုက်ပြီး ...

"ဟိုနေ့ကလည်း ကိုလေး မီးဖိုထဲဝင်လာတာနဲ့ သနပ်ခါးတွေပေါ်မှာ ချွေးစီးကြောင်း ထင်နေတာကို ရှုသလေး ရှာသလေး ..၊ အဲဒီနေ့ကတည်းက ညလေး သနပ်ခါးကို ဆွေခန်းမျိုးခန်း ဖြတ်လိုက်ရတယ်''

"အပိုတွေ ပြောမနေနဲ့..၊ မင်း ရွာမှာတုန်းက အမြဲလိမ်းနေသလား''

"လိမ်းတဲ့အခါ လိမ်းတာပဲလေ၊ အဲဒါ ပြောတာပေါ့ .. ကိုလေးက ရွာမှာတည်းက ညလေးကို ...''

"ငါ နားရင်းအုပ်မိတော့မယ်''

"မျက်မှန်းကျိုးနေတာလို့ ပြောမလို့ပါ''

နှုတ်ခမ်းလေး စူပွပွနှင့် ဆောစင်ဘက် ပြန်လှည့်သွားသည်။ အသံ





တိုးသွားသည့် စကားလုံးတွေကို ဟိုဘက်မျက်နှာထိ သယ်ဆောင်သွားမှာလည်း သေချာ၏။

ချစ်သော မခံချိမခံသာ ကျန်ရစ်ခဲ့ရင်း ဘယ်လိုသောင်းကျန်းရမလဲဆိုတာ စကားလုံးက ချက်ချင်း မတွေ့ ..၊

"ဒီလောက်ထိ မေတ္တာမရှိနေတာများ ညလေး ပြန်မယ်ဆိုတုန်းက ဘာဖြစ်လို့ လာတားနေသေးလဲ၊ ဟွန်း .. ထင်ကို မထင်ရဘူး''

ထွက်လာပြန်ပြီ ဒီအသံ ..၊ ဒီတစ်ခါ ချစ်သော နှင်းဆီ ပခုံးသားထိ တိုးကပ်လျက် ရှိသွားကာ ...

"မင်းကို မေတ္တာရှိလွန်းလို့ လာတားတယ်များ ထင်နေလို့လား..၊ မျက်နှာလေး မော့ပါဦး .. မေတ္တာထားဖို့ ကောင်းမကောင်း ..''

နှင်းဆီ က မေ့ဖျားလေးပင့်၍ တကယ်မော့ကြည့်သည်၊ ပြီးတော့ မျက်စောင်းထိုးပြီးမှ ပြန်ငုံ့သွားကာ ...

"မေတ္တာထားကြတာ ကောင်းမကောင်း စမ်းသပ်ပြီးမှ ထားကြတာလား ..၊ စေတနာ မေတ္တာဆိုတာ ဖြူစင်တယ် သိလား .. လူဖြစ်ဖြစ်၊ ခွေး၊ ကြောင်၊ ဝက်၊ တိရစ္ဆာန်တွေအပေါ်မှာ ထားတာလည်း မေတ္တာပဲ၊ ဒါလေး ပြောမိတာကို နာနေလိုက်တာ၊ ကိုလေးတို့လည်း ညလေးကို ချစ်နေ ကြိုက်နေပါတယ်လို့ ဘယ်သူမှ မပြောဘူး''

"ထိုနှင်းဆီ ..''

"အား!...''

ပခုံးချင်းတိုက် ခေါ်လိုက်သဖြင့် နှင်းဆီ ကိုင်ထားသည့် ပန်းကန်လေး ဆောစင်ထဲ ပြန်လွတ်ကျကာ လူကလည်း ဘေးတိုက်လေး ယိုင်အွက်သွား၏။

"ကိုလေး နော် ..၊ ညလေး က ကိုယ့်ကို ထိပါးလာရင် ခံတတ်တာ မဟုတ်ဘူး''



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းနည်းသွားပေမယ့် ဒေါသက ပိုကဲနေသဖြင့် နှင်းဆီ ပြန်အော်မိသည်။ ကိုယ့်အပေါ် တစ်ခါမှ နွေးထွေးစွာ မပြောဆိုခဲ့ဘူးသော်လည်း ချစ်သော ကို သူမ ခင်ပါသည်။

ဒီအိမ်မှာ သူက အငယ်ဆုံးမို့ ဆိုးခဲ့သလို ကိုယ်ကရော လိမ္မာတဲ့သူမို့လို့လား ..၊ ဒါပေမယ့် ချစ်သော နှင့် ပတ်သက်ခဲ့တိုင်း ကိုယ့်ကိုယ်ကိုယ် သတိမထားလိုက်မိခင် သည်းခံစိတ်က ပုန်းလျှိုးကွယ်လျှိုး ထွက်လာတတ်ခဲ့သည်။

တစ်ဖက်သတ် သည်းခံ ပေးဆပ်နေချင်တာတော့ မဟုတ်ပေမယ့် ကိုယ့်စိတ်ရင်းနဲ့အတိုင်း မဆက်ဆံဘဲ သံယောဇဉ် တစ်စိတ်တစ်ဒေသနှင့် သည်းခံထားခဲ့ဖူးတာ နှင်းဆီ ရာဇဝင်မှာ ချစ်သော တစ်ယောက်သာ..။

သို့ကျတော့ ...

"သည်းမခံတတ်ရင် သည်းခံစရာတွေ ဖြစ်မလာအောင် ခင်မျာပါးစပ်ကို ဆင်ခြင်"တဲ့ ..။





အခန်း [၂၇]

"ဆင်ခြင်နိုင်းရအောင် ဒီကောင်မလေး ဒီလိုပဲ ပြောဆိုတတ်တာ သူ သိပြီးသားပဲ မေမေ..၊ ရှာက ပြန်လာတုန်းကဆို သူပဲ အဲဒါလေး ပြောဆိုပုံလေးကို သဘောကျသလိုလို ဘာလိုလို.."

"သဘောကျတယ်တော့ ဖြစ်နိုင်ပါ့မလား သားရယ် .. သားငယ် အကြောင်း သား သိသားနဲ့"

"သိပါတယ် .. မေမေ့ကို ပြောပြတာပါ၊ နှင်းဆီ ရောက်လာကာစ ဒီလောက် မဟုတ်သေးဘူး၊ ခုမှ ..."

"အဲဒါကို မေမေ ပြောချင်တာ..၊ သမီးက အပြောမတတ်ဘူး၊ ပြောပြီးတာကို မှားမှန်းသိရင်လည်း သည်းခံနေတဲ့သူဆိုရင် တောင်းပန်ဦးမယ်၊ အပြစ်ထောက်ပြီး တိုက်ရိုက်ပြောလာရင် သူက မနိုင်နိုင်အောင် ပြန်ပြောတတ်တယ်လေ၊ သားငယ်က ဒါကို မကြိုက်ဘူး၊ အမေ ဘယ်သူ့ကို ဘာပြောရမလဲ"

"ကိုယ့်လူကိုပဲ ဝိပြော ဝိဆူရမှာပေါ့..၊ နှင်းဆီ က အပြီးအပိုင် မှားသွားလိုက်တာပေမယ့် ညီက မေမေ့သား .. ဟိုက သူစိမ်း"



www.burmeseclassic.com

www.burmeseclassic.com



သားအမိနှစ်ယောက် စကားပြောနေကြတုန်း မဟေသီ အပြင်က ပြန်ရောက်လာတာ မြင်တော့ အာရုံပြောင်းသွားကြ၏။

"အဆင်ပြေခဲ့ရဲ့လား သမီး"

"ဟုတ်ကဲ့ .. ပြေပါတယ်"

ဘယ်လိုပြေတာလဲလို့ မမေးဖြစ်သော်လည်း မဟေသီ သူမတို့ရှေ့မှာ ဝင်ထိုင်လိုက်တဲ့အထိ မျက်နှာကိုပဲ စူးစိုက် ငုံ့လင့်နေခဲ့မိသည်။

ချစ်သူ က တစ်ယောက်ခုံမှာ ထိုင်နေရာက ထသွားကာ မဟေသီ့ဘေးမှာ ပြောင်းထိုင်လိုက်၏။ မဟေသီ က ချစ်သူ ကို ငုံ့ကြည့်၍ ...

"မာမီတို့က အမြန်ဆုံးလက်ထပ်ပြီး ပြန်လာကြမှာပဲလို့ထင်နေတာ"

"ဟင်!... အဲဒါ ဘာပြန်ပြောခဲ့လဲ"

"မဟေသီ လက်မထပ်ချင်သေးဘူးလေ.. အဲဒီအတိုင်း ပြောလိုက်တယ်"

ချစ်သူ ကို ပြောပြီးမှ ဒေါ်ချစ်ဖူးငုံ ဘက် ပြန်လှည့်ကာ ...

"မောင်ကတော့ လက်ထပ်ပြီးရင် မဟေသီ နဲ့လိုက်မယ်လို့ ပြောပြီးသားပါ"

သားအမိချင်း အနေခက်စေမယ့် စကားမျိုးကို မဟေသီ က ဘာမှ မဟုတ်သည့်ပုံစံနှင့် ပြောချသွား၏။ ဒေါ်ချစ်ဖူးငုံ သည် နားလည်ပေးနိုင်ဖို့ ကြိုးစားထားသည့်အတိုင်း ထိုစကားအတွက် ဘာမှမထူးခြားသည့်ပုံ ပြုံးသည်။ ချစ်သူ ထံသို့ မရောက်သောအကြည့်တစ်ချက် ဝေ့သွား...

"အေးပေါ့ကွယ် ..၊ ယောက်ျားလေးဆိုတာ မိန်းကလေးကို ...နိုင်ဆုံး လိုက်လျောချင်ကြတာပဲ၊ လူငယ်တွေကို အန်တီ နားလည်...နိုင်ပါတယ်"

ဒါပေါ့ ..၊ အန်တီ မလိုလားတဲ့ မိန်းမအတွက် ဒါလောက်ပဲ... အစီအစဉ်တွေကို အန်တီ ခွဲခြား သတ်မှတ်ထားပြီးပြီပဲ..။ နှုတ်...





သည် ထင်ရသည့် ဒေါ်ချစ်ဖူးငုံ မျက်နှာကို စူးခနဲကြည့်ကာ မဟေသီ့ရင်ထဲမှာ အသံတိတ်စကားတွေ ဖြစ်နေခဲ့၏။ မုန်းနေတာတော့ မဟုတ်ပေမယ့် ရင်ထဲမှာ ဒီအဖြစ်ကို မပြေပျောက်နိုင် ..။

ပစ္စည်းမက်တာ မမက်တာထက် ဝေစုနဲ့ ခွဲဝေယူရတော့မယ်ဆိုရင်တော့ အညီအမျှပေါ့။ ဒေါ်ချစ်ဖူးငုံ ကြိတ်ကြံစည်ထားလိုက်ပုံကသိသာလွန်း၏။ ထို့ကြောင့် နားလည်ထားနိုင်တယ်ဆိုသည့်စကားကရယ်စရာ..။

မဟေသီ က မျက်နှာလွှဲသလိုလေး ဖြစ်သွားရင်း ပြုံးကာ ...

"ဒါပေမယ့် မဟေသီ အဲဒီလိုတော့ ချက်ချင်း မလုပ်ချင်ပါဘူး၊ မောင်က လိုက်မယ်ဆိုပေမယ့် အန်တီ ကျန်းမာရေး ခုလိုဖြစ်နေတုန်း လိုက်လာခဲ့ရင်တောင် သူ စိတ်ဖြောင့်မှာ မဟုတ်ဘူး၊ အန်တီ့ကို ရင်ခွဲသလိုကြီး ဖြစ်သွားရင်လည်း ဒီမိသားစုမှာ မဟေသီ အမြဲတမ်း မျက်နှာပူနေရတော့မှာ ..၊ အဲဒါကြောင့် အန်တီလည်း ခံနိုင်ရည်ရှိသွားမယ်၊ မောင်လည်း မဟေသီ့ အပေါ် အမြင်ကြည်ကြည်နဲ့ နေခင်ရေး စိတ်အေးရအောင် မဟေသီ ဒီမှာ နေဦးမယ်"

"ဟင်!... ဘယ်လို .."

ဒေါ်ချစ်ဖူးငုံ ကိုယ့်ကိုယ်ကိုယ် နားကြားမှားသွားသလိုပင်..။

မြန်မာပြည်မှာ မဟေသီ့ အတွက် ဆွေမျိုးရင်းချာ သိပ်မရှိပေ။

ရောက်လာကတည်းကလည်း ဒီကိုပဲရောက်လာပြီး ဒီမှာပဲနေတာ...သည်။ အားလုံးနဲ့လည်း ရင်းနှီးဖော်ရွေတာ မဟုတ်တော့ အမြန်ဆုံး...နိုင်ဖို့သာ လှုပ်ရှားမှာလို့ထင်ပြီး တရားနဲ့ဖြေရင်း မျက်ရည်လည်ခဲ့...သည်။ ခု ဒီလိုမဟုတ်ဘူးဆိုတာက ဘယ်လိုအခြေအနေပေါ်မှာ ပြောင်း...သွားတာလဲ..။

"သမီး .. ဟို .. သမီး ပြောတဲ့ အစီအစဉ်ဟာ အန်တီ ကျန်းမာရေး



www.burmeseclassic.com

www.burmeseclassic.com



ကောင်းလာတဲ့အထိ ဒီမှာ ...''

''အဲဒီလိုလည်း မသတ်မှတ်ရသေးပါဘူး၊ လောလောဆယ် မောင့်ကို စိတ်မညစ်စေချင်တာ တစ်ခုပဲ..၊ ဒီမှာ အတူတူနေတာပဲဖြစ် ဖြစ် .. မဟေသီ တို့ ဟိုမှာနေကြတာဖြစ်ဖြစ် ဒီကလူတွေနဲ့ မိသားစုပဲ လေ၊ ဘယ်သူက ဘယ်သူ့ကို ငြိုငြင်တာမှ မကောင်းဘူးမို့လား''

'ဒီလိုလေးတော့ တွေးပေးရှာသား' လို့ နားလည်လိုက်ရင်း ခေါ်ချစ် ဖူးငုံ ဝမ်းသာလွန်းလို့ ခေါင်း တွင်တွင်ညိတ်မိသည်။

''သား ဘယ်လိုဆုံးဖြတ်ဖြတ် အန်တီက မငြိုငြင်ပါဘူး သမီးရယ် ဒါပေမယ့်လေ သမီး ခုလို နားလည်ပေးတဲ့အတွက် အရမ်းကို ဝမ်းသာ တယ်၊ သမီး စိတ်ချမ်းသာသလို နေပါ၊ ဘာဖြစ်ဖြစ် ပွင့်ပွင့်လင်းလင်းပြော နော်..၊ သားငယ်ကလည်း သမီးနဲ့ ရင်းနှီးပြီးသားဆိုတော့ သမီး နှင်းဆီ အပြောအဆိုမတတ်တာလေးတစ်ခုကိုပဲ ကြိုတင်ပြီး တောင်းပန်ချင်တယ်''

''ရပါတယ် အန်တီ..၊ အကျင့်ဆိုတာ ပျောက်ဖို့လွယ်တာ မဟုတ်ဘဲ၊ မဟေသီ လည်း အဲလို ကြက်ခေါင်းဆိတ် မခံတတ်တဲ့ အကျင့် ရှိတယ်၊ ဆွဲငင်တဲ့သဘာဝ မဟုတ်ရင် တွန်းကန်ကြမှာပဲ-အဲဒီအတွက်တော့ မပူပါနဲ့''

ခေါ်ချစ်ဖူးငုံ ရယ်နေရင်း မျက်ဝန်းတွေ လှုပ်ရှားသွား၏။ သူ ရောက်လာကာစနေ့က နှင်းဆီ နဲ့ ပြဿနာဖြစ်ခဲ့သည်ဆိုတာ ကြားသ ကြားလိုက်ရသည်။ ဘယ်လို ဖြစ်ပျက်သွားသည်အထိ ဘယ်သူက သေချာ မပြောခဲ့ပါ။ သေးသေးကွေးကွေး ပြဿနာ ဟုတ်ရဲ့လား-

နှင်းဆီ ကတော့ ရယ်မောမပျက် ပြောမဆုံးဖြစ်နေသည့် စကား တွေထဲမှာ မဟေသီ နဲ့ ပတ်သက်သမျှ မကောင်းသည့် အတင်းအဖျင်း ဘာတစ်ခုမှ မပါ။ ချစ်သူ က မိခင်ဖြစ်သူ ဘာတွေးသွားမှန်းသိ မဟေသီ လက်ကလေးကိုဆွဲ၍ ခြံထဲ ဆင်းခေါ်လာခဲ့ရင်း...





''ဒီမှာ ကြာကြာနေဖို့ ဆုံးဖြတ်လိုက်တာ တကယ် မောင့်အတွက် လား မဟေသီ''

''မောင်က ဘယ်လိုထင်လို့လဲ''

''မောင် မျှော်လင့်မိခဲ့ပေမယ့် မတောင့်တရဲတဲ့ အခြေအနေလေ၊ အဲဒါကြောင့် အံ့သြတာ .. ဝမ်းလည်းသာတယ်၊ မဟေသီ နဲ့ မောင် လွန်ဆွဲနေကြတဲ့ ပြဿနာတစ်ခုမှာ မဟေသီ က မောင့်ဆီကိုပဲ ဆင်း လာခဲ့ရတာဆိုတော့ မထမ တစ်ထစ်ကို မဟေသီ ဘက်က လျှော့ခဲ့တာ၊ နောက်ထပ်ပြီး ခုလို ..''

''ခုလို ဆုံးဖြတ်လိုက်တာ မဟေသီ သဘောကောင်းလွန်းလို့ မဟုတ်ပါဘူး၊ မောင်တို့မိသားစုနဲ့ ပတ်သက်တဲ့ မသေချာတာတစ်ခုကို သေချာ သိချင်တာရယ်၊ မောင့်ဆီမှာလာပြီး မဟေသီ က လက်ထပ်ရ တာပေမယ့် ပြီးတာနဲ့ မောင် မဟေသီ နောက် လိုက်ခဲ့ရမှာလေ၊ မညီမျှ တာ ဘာမှမရှိဘူး..၊ အဲဒါကြောင့် လောလောဆယ် မောင့်အတွက် နဲ့ညှာပေးလိုက်ခြင်းအားဖြင့် မဟေသီ ဘက်က ပေးဆပ်ရတဲ့အထိ မဖြစ်သေးဘူးလို့ ယူဆလို့ပါ''

နှစ်ယောက်အတူ ပခုံးချင်းယှဉ်လျှောက်နေရင်း ချစ်သူ က မဟေသီ လက်ဖဝါးလေးကို ဆုပ်ကိုင်လိုက်သည်။

''မောင့် ကို အရင်လိုပဲ ချစ်သေးတယ်မို့လား ဟင်''

''လုပ်ပြန်ပြီ ..၊ ကိုယ့်မြို့ကိုယ်ဝင်းထဲထိ လိုက်လာတဲ့ မိန်းမကို မေးစရာလား''

မဟေသီ နှုတ်ခမ်းက အပြုံးကို ချစ်သူ သေချာကြည့်နေရင်း ရယ်နိုင်၊ စိတ်ထဲရှိတာကိုလည်း မျိုသိပ်မထားနိုင်သည်မို့ ...

''ပွင့်ပွင့်လင်းလင်း ပြောရရင် မောင် စိုးရိမ်နေတယ် မဟေသီ မောင့်ဘက်က မလိုက်လျှောခဲ့တာကို မင်း မျိုသိပ်ပျောက်ဖျက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာခဲ့ပေမယ့် အဲဒါကြောင့် မောင့်အပေါ်မှာ အမြဲတမ်း မကြည်လင်တဲ့စိတ်တွေ ဖြစ်သွားမှာ ကြောက်တယ်"

"မောင်က အဲဒီလို ထင်သလို မဟောသီ ကလည်း မောင့်ကို မောင့်မိသားစုထဲကနေ ထာဝရအဖြစ် ခွဲထုတ်ခေါ်သွားရမှာကို တကယ်တမ်းကျတော့ ငါ တရားရဲ့လားလို့ တွေးမိနေတာပါ၊ မိဘ အသိုင်းအဝိုင်းဆိုတာကတော့ ပြိုင်ပြီဆိုရင် နိုင်ချင်ကြတာလေ..၊ ဒီမှာ မဟောသီ တစ်ကောင်ကြွက်အဖြစ် သူများမိသားစုထဲမှာ နစ်မြုပ်နေမှာကို စိုးရိမ်တာလည်း ပါမှာပေါ့၊ အားလုံးက ကောက်ကွေ့မှု ကင်းပါတယ်၊ ရှိခဲ့ရင်လည်း .."

မဟောသီ က အပြုံးမပျက်ဘဲ စကားရပ်ပစ်သည်။ ချစ်သူ က ခါးလေးကိုဖက်လိုက်တော့ ဖယ်ချပစ်လိုက်ပြီး ခုံတန်းလေးမှာ ထိုင်ကာ–

"တွေးနေရတာကို မဟောသီ မုန်းတယ်၊ ရှုပ်ထွေးလာပြီဆိုရင် လက်တွေ့ သိရအောင် ကြိုးစားချင်တာ၊ ဒီမှာနေဦးမယ်လို့ ဆုံးဖြတ်ချက် ဖြစ်သွားရတဲ့ တခြားအကြောင်း တစ်ခုပေါ့"

ချစ်သူ မျက်မှောင်ကုတ်သွားမိသည်။ မဟောသီ ဘာကို ရည်ရွယ်ပြီး ပြောနေတာလဲ..၊ ထိုမျက်လုံးတွေကို ဖျတ်ခနဲ မျက်လွှာပင့်ကြည့်လိုက်တာနှင့် မဟောသီ သိသည်။

စိတ်ထဲမှာ အချစ်က ခဏတဖြုတ် ငုပ်လျှိုးနေလျက် မကျေလည်နိုင်သည့် ရှုပ်ထွေးမှု သံသယတွေသာ ရစ်ပတ်အုံ့ဖွဲ့နေကြသည်။

ထိုနှင်းဆီ ဆိုသော မိန်းကလေးကို မွေးစားပစ်လိုက်တာ ဘာသဘောလဲ..။





## အခန်း (၂၈)

"ကဲ .. ဆင်းတော့ .."

"ဆင်းရမယ် .."

နှင်းဆီ မျက်နှာလေး ငယ်သွားကာ ကိုယ့်စကားနဲ့ကိုယ် ခေါင်းခါလို့လည်း မဖြစ်တာမို့ ကားထဲကနေ ဟိုဒီလိုက်ကြည့်နေမိလျက်...

"ကားမှတ်တိုင်က ဘယ်နားမှာလဲ"

"ဒီကကွေ့လိုက်ရင် ဟိုဘက်မှာ လူစုစု ရပ်နေကြတာ အဲဒါ မှတ်တိုင်ပဲ..၊ ကဲ .. ဆင်းကွာ"

"ခဏ နေပါဦး၊ ဒီက သူ မပို့ချင်မှန်းသိလို့ လမ်းမှာပဲ ဆင်းနေခဲ့မယ်လို့ ပြောခဲ့ရတာ၊ ကိုလေးအကြိုက် လိုက်ပြောတာ မဟုတ်ဘူး သိလား၊ အချီအချတွေဖြစ်နေရင် မေချစ် စိတ်ဆင်းရဲမှာစိုးလို့"

ကျူရှင်တက်ရမယ့်အိမ်က ဘယ်အိမ်မှန်း မသိလို့ လိပ်စာအတိုင်းသားငယ် လိုက်ပို့လိုက်ဆိုပြီး မေချစ် က တာဝန်ပေးသည်။

ချစ်သော က ခေါင်းခါတာ ဖျပ်ဖျပ်လူး။



www.burmeseclassic.com

www.burmeseclassic.com



"သား .. ဒီနေ့ ရီဟာဆယ် အရေးကြီးတယ်၊ ခုပဲ အပြင်ထွက်တော့မလို့"

ဆိုကာ လက်ပတ် ပတ်နေသည့်လက်က မပြီးသေးဘဲ ကားသော့ လှမ်းဖြုတ်သည်။ အဆင်သင့်ဖြစ်နေသော နှင်းဆီ ကလည်း အပြင်ရောက်လာပြီမို့ မေချစ် က သူ့ကို သွားခွင့်မပေးခဲ့ပေ..။

"သားရဲ့ ရီဟာဆယ်လုပ်ဖို့ကိစ္စက ကိုယ့်ရဲ့ ကိုယ်ပိုင်အချိန်ပဲ ကွယ်၊ သမီးက ဒီနေ့မှ ပထမဆုံးတက်ရမှာ..၊ ဘယ်လမ်းမှန်း မသိ .. ဘယ်အိမ်မှန်း မသိ ဖြစ်နေမှာပေါ့၊ လိုက်ပို့လိုက်ပါ"

"ဟာ!... မဖြစ်ပါဘူးဆို မေမေရာ..၊ တကယ့်ကို ရှော့အကြီးကြီးပဲ အဲဒါ .."

လက်ခါ ခေါင်းခါနှင့် လှည့်ထွက်သွားတော့ မေချစ် မျက်နှာမကောင်းစွာ ကျန်ခဲ့သည်။ ပြီးတော့ နှင်းဆီ ကို သနားကြင်နာသလို ကြည့်ကာ နောက်ထပ် မရမကပို့ခိုင်းဖို့ ဆုံးဖြတ်လိုက်သည့်ပုံစံနှင့် သူ့နောက်လိုက်ဖို့ ပြင်၏။

နှင်းဆီ မေချစ် ထက် ဦးအောင်သွားကာ သူ့ကို ကပ်ပြောလိုက်တာဖြစ်သည်။ "ပို့မယ်လို့ပဲ ပြောလိုက်ပါ.. လမ်းကျရင် ညလေး ဆင်းနေခဲ့မယ်" လို့..။

"ကဲ .. စကားတွေ ခင်းမနေနဲ့..၊ မင်းဖာသာ ဘယ်သူ့ကြောင့်ဖြစ်ဖြစ် ပြောထားတဲ့အတိုင်း အခု ဆင်းပါတော့"

နှင်းဆီ ဆင်းဖို့ရာ ဖင့်နွှေးတွေဝေနေဆဲ သူ့အသံကို ထပ်ကြားလိုက်တော့ မာနနှင့် ဆတ်ခနဲ လှည့်ကြည့်မိသည်။

"ဆင်းမှယ် ..၊ ကျူရှင်အိမ်ကို ရှာမတွေ့လို့ကတော့ ကိုလေး လမ်းမှာ ချထားခဲ့တာလို့ မေချစ်ကို ဖုန်းဆက်တိုင်ပြီးသားပဲ"

ကားပေါ်က ခေတ်ရ်အောင့်ဆင်းကာ တံခါးကို ဂျိမ်းခနဲ ပိတ်ခ





လိုက်သည်။ နှင်းဆီ ဆင်းပြီးတာနှင့် ကားကလည်း မောင်းထွက်ပြီးသား..။

လမ်းဘေးနား ပြန်ကပ်ရပ်ရင်း ထဘီအနားစက လွင့် .. ဆံပင်တွေ လွင့်နှင့် လက်နှစ်ဖက်စလုံး လှုပ်ရှားနေရသော နှင်းဆီ ကို နောက်ကြည့်မှန်ထဲမှာ မြင်နေရသည်။ ချစ်သော ပြုံးလိုက်မိ၏။

သူမ ရဲ့ပုံရိပ်လေး ကွယ်ပျောက်ကျန်ရစ်တဲ့အထိ မျက်လုံးထဲမှာ ပျောက်နိုင်..။ ဖိုးဝရုပ်တွေလို ဆံပင်နှစ်ဖက်စည်း တိုးလို့တွဲလောင်းနှင့် တစ်ခါတလေပဲ လိမ်းတတ်သည့် သနပ်ခါးက အပြင်ထွက်ရင်တော့ မပါတတ်ပေ။ ဒါပေမယ့် ဘာမှလည်း လိမ်းမထားတော့ ဖြူဝင်းဝင်း မျက်နှာက အဆီပြန်လာတာနှင့် ကြည့်မကောင်းရှုမကောင်းဖြစ်ပြီ..။

ဝတ်လာတာက မိုးပြာရောင် ရှန်းရှန်းဖက်ဖက် ထဘီကြီး တလွင့်လွင့်နှင့် စပို့ရှပ်လေးဝတ်ထားသဖြင့် ဗိုက်က ပူသေးသည်။ ဘယ်နေ့ရာကိုမှ အတူတွဲခေါ်သွားချင်စရာ မရှိ။

နှင်းဆီ ကို သူ ခင်မင်စိတ် ဖြစ်ခဲ့ဖူးသည်။ ဒါက ခဏတွေ့ ခဏပျောက်စိတ်နဲ့ ဖြစ်သည်။ အမြဲတမ်း မျက်နှာချင်းဆိုင်နေရတော့ သူမပုံစံတိုင်းက ခင်မင်နှစ်လိုဖွယ် ဘာရှိလို့လဲ။ ဒီကြားထဲ ကိုလေးလို့ခေါ်ပြီး ပြန်ခံပြောလိုက်တာ .. သူကပဲ ဆရာကြီး။

ရုတ်တရက် ခေါင်းထဲက မပျောက်သော နှင်းဆီ အကြောင်းကို တွေးရင်း သင်ဇာ တို့ အိမ်ရှေ့မှာ ကားရပ်လိုက်သည်။

ဒီမှာ အားလုံး ချိန်းထားကြတာမို့ ကားပေါ်ကဆင်း၍ နာရီ မော့ကြည့်မိသေးသည်။

ထိုစဉ် မျက်လုံးတွေက နောက်ခန်းထဲကို အလိုလို ရောက်သွားမိသည်။

"ဟာ!... အဲဒါ ကျိုင် .."

ဟာ..ခနဲ ဖြစ်ကာ ကိုယ့်နဖူး ကိုယ်ပြန်ရိုက်မိ၏။ နောက်ခန်းထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာ နှင်းဆီ ရဲ့ လက်ကိုင်အိတ်လေးက ငြိမ်သက်စွာ..။

"တောက်!..."

နောက်ဆက်တွဲဖြစ်လာသည့် ဒေါသနှင့် တက်ခေါက်ကာ အိတ်ကို နောက်တခါးဖွင့်၍ ကောက်ယူလိုက်မိသည်။ အထဲမှာ ဖုန်းရယ် ပိုက်ဆံတွေရယ်..။

"ရှော့ .. အိတ်လေးနဲ့ မေမေ အဆင်သင့် လုပ်ခိုင်းထားတာ၊ ဖုန်းက သမီး ကိုကြီးကို ပို့နေ့ကတည်းက ရှာခိုင်းထားတာလေ၊ သမီးအတွက် မေမေက ဒီလိုပြောင့်စေ့အောင် စီစဉ်ပေးနေရတာကိုပဲ ကြည်နူးနေရတာ..၊ သမီးလေးတစ်ယောက်အတွက် မေမေ အခု ပူပင်တတ်နေပြီ"

အပြင်မထွက်ခင်လေးမှာပဲ မေမေ ပြောနေတာကို သူကိုယ်တိုင် ကြားခဲ့သည်။

"သမီးကို ညတုန်းက သမီးရဲ့ကိုကြီး ဖုန်းကိုင်တတ်အောင် သင်ပြပေးနေတယ်မို့လား၊ အဲဒါ ဒီမနက် ဖုန်းပေးကိုင်ဖို့လေ .. မျက်လုံးလေး ပြူးကြည့်မနေနဲ့၊ အဲဒါကို အမြဲဘမ်း ကိုယ်နဲ့မကွာထား၊ အရေးလိုအပ်တာ" တဲ့ ..။

မေမေ မှာလိုက်တာကို ဒီလို ပစ်စလက်ခတ် မေ့ထားခဲ့ခြင်းဖြင့် လေးစားနာခံပြလိုက်တာပေါ့ ..၊ အိတ်ကို ပြန်ပိတ်ကာ နောက်ထပ် တက်ခေါက်မိပြန်သည်။

ပိုက်ဆံမပါ ဖုန်းပါဘဲ မြို့ထဲမှာ ဘယ်လိုသွားလာမလဲ ..၊ သူ ကားထဲ ပြန်ဝင်ထိုင်ကာ ဖုန်းဖွင့်လိုက်ပြီး ...

"သဝဏ် ငါ မလာနိုင်တော့ဘူး ..၊ မင်းပဲ ကြည့်လုပ်လိုက်တော့"

"ဘယ်လိုဖြစ်တာလဲ ချစ်သော ရာ..၊ ငါ ခုပဲ ကျန်တဲ့တစ်ယောက် ကို ဖုန်းဆက်ခေါ်လိုက်သေးတယ်၊ သွားစရာရှိလို့ဆိုရင် သွားလေ .. ငါတို့ စောင့်မှာပေါ့"





"မဟုတ်ဘူး .. ငါ လာနိုင်မှာ မဟုတ်လို့၊ ဒီနေ့ ဆောရီးကွာ"

ကားကို နောက်ပြန်လှည့်ခဲ့ရင်း နှင်းဆီ ရှုတ်ဖတ်ပြနေခဲ့သော ကျူရှင်အိမ်လိပ်စာကို ခေါင်းပူအောင် စဉ်းစားနေရသည်။ သူ ချထားခဲ့သည့်နေရာနှင့် ကားမှတ်တိုင် သုံးခုလောက်ပဲဆိုလျှင် ခုလောက်ဆို ရောက်သွားပြီလား .. ပိုက်ဆံမပါမှန်းသိပြီး မှတ်တိုင်နားမှာပဲ ငုတ်တုတ်ထိုင်နေပြီလား ..။

ထိုနေရာကိုပဲ ဦးတည်မောင်းခဲ့ပြီး မျက်လုံးတွေကို တစ်ချက်လေးမှ အလွတ်မပေးဘဲ ဒုက္ခကို စုတ်ချက်တင်နေရသည်။

ကားက ဘီးလိမ့်ရုံသာသာ သွားနေသလို ဖြစ်လာခဲ့လျက် တစ်နေရာအရောက်မှာ မျက်လုံးထောင့်က ဖြတ်တိုက်သွားသည့်အရိပ်ကြောင့် စိတ်ထဲမှာ ထင့်သွားသည်။

ကားကို လမ်းဘေးကပ်ချတာ မှန်ချပြီး ခေါင်းထွက်ကြည့်လိုက်တော့ နှင်းဆီ ကို မြင်လိုက်ရတာ တက္ကစီတစ်စီးပေါ်မှာ ...

မောင်းသည့်လူက အသက်လေးဆယ်နီးပါးလောက်ရှိကာ သူ့ဆားမှာ သူ့အရွယ်လောက်ပဲရှိသော လူတစ်ယောက်နှင့် ..၊ ကားငှားဖို့ ဘားလိုက်ကတည်းက ကားထဲမှာ လူပိုပါလာတာကို မြင်သည်။ ဒါပေမယ့် တစ်စီးမှ တားမရတော့ ရပ်လာသည့်ကားကို လက်လွှတ်မခံချင်တာမို့ ဈေးမေးပြီး တန်းတက်ခဲ့မိသည်။

ကျူရှင်ချိန် နောက်ကျနေပြီဆိုတာပဲ တွေးမိကာ လွယ်ထားသည့် အိတ်ကိုလည်း နှိုက်မကြည့်မိ။ ကားရပ်လိုက်ကာမှ ...

"ညီမပြောတာ ဒီလမ်းပဲ .. အထဲဝင်ပေးလို့တော့ မရဘူး၊ ဒီလမ်းက တစ်လမ်းမောင်း ဘက်ခ် ပြန်ဆုတ်လို့ မရဘူး"

"ဟုတ်ကဲ့" လို့ပြောလိုက်ကာ ဝမ်းသာအားရနှင့် ပိုက်ဆံအိတ်ကို သတိရ စမ်းကြည့်မိလျှင် ...



www.burmeseclassic.com

www.burmeseclassic.com



"ဟင်!... ဒုက္ခပဲ .."

နှင်းဆီ ဤသို့ အဖြစ်ဆိုးသွားခဲ့တာ ဖြစ်သည်။ ချက်ချင်း သတိရလိုက်တာက မေချစ် ပေးလိုက်သည့်အိတ်ကို လွယ်အိတ်ထဲ မထည့်ဘဲ ကားထဲဝင်ထိုင်ပြီးတာနှင့် ဘေးမှာ ဒီအတိုင်း ချထားလိုက်ခြင်း ..။

"ဘာဖြစ်လို့လဲ"

"ဟို .. ဟို .. ကျွန်မ ..."

နှင်းဆီ ရုတ်တရက် ဘာဖြေရမှန်းလည်း မသိ။ သို့သော် .. အိတ်ထဲမှာ လက်ထည့်စမ်းကာ မျက်စိမျက်နှာပျက်တာကို ရှေ့ခန်းကလူတွေ သဘောပေါက်သွားကြ၏။

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ခဏတိတ်သွားကာ—

"ပိုက်ဆံ မပါလို့လား"

"ပါတယ် ..၊ ပိုက်ဆံအိတ်က ကားထဲမှာ မေ့ကျန်ခဲ့တာ"

"ဘယ်ကားလဲ"

"အိမ်က ကားပါ .. တကယ်ပြောတာပါရှင်၊ ကျွန်မ ပိုက်ဆံအိတ် ကျန်ခဲ့တာပါ"

"အဲဒီတော့ ဘာလုပ်ရမှာလဲ..၊ ညည်း ပိုက်ဆံအိတ် ဘယ်မှာ ကျန်ခဲ့ကျန်ခဲ့ အခု ကားခမပေးဘဲနဲ့တော့ ဆင်းသွားလို့ မရဘူးနော်"

"အို!... ဘာလုပ်တာလဲ၊ ခု ရပ်နော် .."

တမင် ခြောက်လှန့်ပြတာမျိုး..၊ ကားက ထွက်တော့မလို ဘီးလှိမ့်ပြီးမှ ပြန်ရပ်သွားသည်။ ရှေ့က လူနှစ်ယောက်စလုံး လက်တစ်ဖက်စီ ထောက်၍ နောက်ခန်းကို ကျကျနန လှည့်ကြည့်လာကြပြီး ...

"ပုံစံက တောပုံပေါက်နေသားနဲ့ မြို့ကတက္ကစီသမားတွေကို အရှုံ ထည့်ချင်တာလား"

"အချဉ်မဟုတ်မှန်း သိအောင် ပြလိုက်ပေါ့ ကိုတင်ရာ .. ဆင်းလိုက်"





"အို .. မလုပ်ပါနဲ့၊ ကျွန်မမှာ နားကပ်ပါတယ် .. အဲဒါ ယူသွား၊ ရှင့်လိပ်စာပဲ ပေးခဲ့"

"ဘာလုပ်ဖို့လဲ"

နှင်းဆီ က နားကပ်ငုံဖြုတ်ရင်း စိတ်မရှည်သလို မော့ကြည့်လျက်...

"ကျွန်မ နားကပ်က စိန်နားကပ်ရှင့် ..၊ နှစ်ဖက်ကို ဆယ့်ငါးသိန်းကျော်တယ်"

"ဘယ်လောက်ကျော်ကျော် ဒါနဲ့ ကားခရှင်းရင် ဒါတန်ဖိုးကအားခပဲ"

မျက်နှာမှာ လောဘရောင်တွေတက်လျက် မောင်းထွက်ဖို့ လက်အပြင်ပြင်နဲ့ ဟန်ရေးပြနေသေးသည်။

နှင်းဆီ ဒေါသထွက်သွားကာ နားကပ်တစ်ဖက်တည်းကို ပေးလိုက်ဖို့ ဆုပ်ကိုင်ထားပြီးမှ ...

"လိပ်စာမပြောလဲ နေပေါ့၊ ရှင့်ရဲ့ရှေ့က ဓာတ်ပုံနဲ့တကွ အားလုံး ကျွန်မ မှတ်ပြီးပြီ၊ ကားနံပါတ်ပါ မှတ်လိုက်ရင် ပြီးပြီ"

ဘာတွေလျှို့ဝှက်ထားနိုင်သည်လဲတော့ မသိ။ ကားသမားက ပြုံးနှင့် လက်ဝါးဖြန့်သည်။ နှင်းဆီ က မပေးသေးဘဲ စိုက်ကြည့်နေစဉ်အားမှ ကားတစ်စီးရပ်လျက် ...

"ကိုလေး .."

နှင်းဆီ ဝမ်းသာအားရဖြစ်သွားပြီး ကားထဲက အပြေးတစ်ပိုင်း ဆင်းလိုက်သည်။

"ညလေး အိတ်ကျန်ခဲ့လို့ .. အခု ပြဿနာတက်နေတာ၊ အိတ်ရှေ့ ... "



www.burmeseclassic.com

ပြဿနာသည် ထိုမျှနှင့်ပြီးမသွားဘဲ သူမကို ကျူရှင်အိမ်ထဲ လိုက်ပို့ပေးခဲ့ရသည်။ ပြန်ထွက်လာကာမှ ကားဘီးမှ လေလျှော့နေသဖြင့် ကိုယ့်ကိုယ်ကိုယ် ကျိန်ဆဲမိ၏။

ကားဘီးလဲနေတုန်း လမ်းထဲက ပြန်ထွက်လာသည့် နှင်းဆီ နှင်း ရေစက်ပြန်ဆုံ၏။

"ကိုလေး .. ကားဘီးပေါက်နေတာလား"

"ဟုတ်တယ် ..၊ မင်းက ဘာလို့ ပြန်ထွက်လာတာလဲ"

"ကျူရှင်က ငါးရက်နေ့မှ စမှာတဲ့"

ပြဿနာတုံးလေးကို ကားပေါ်ပြန်တင်ပြီး အိမ်အရောက် ပို့ခဲ့ သည့်အခါ ...

"နောက် ဘယ်တော့မှ မင်း ငါနဲ့ မလိုက်နဲ့"

လို့ အပြတ်အသတ် ကြိမ်းမောင်းပစ်မိ၏။ သို့သော် ...

"လိုက်စရာရှိရင်တော့ လိုက်ရမှာပဲ"

ဟု ကြောက်ရွံ့စွာ နာခံလေသည်။





## အခန်း [၂၉]

စာမေးပွဲနားနီးတော့ စာတွေကျက်ရင်း သူများအိမ်မှာမို့ အအိပ်အနေ သတိထားနေရတာတွေအတွက်ပါ လေ့ကျင့်ပြီးသား ဖြစ်နေခဲ့၏။

ညညဆို ဇီးထုပ်တွေစား .. လက်ဖက်သုပ်တွေစားနှင့် မအိပ်ချင်ယောင် တမင်တကာ ကြိုးစားလေ့ကျင့်နေရတာတွေက ခုဆို အဆင်ပြေနေပြီ ဖြစ်သည်။

စာတွေလည်း တော်တော်ပိုင်နေပြီဖြစ်ကာ အိပ်လိုက်ရင် တုံးခနဲ လှဲချလိုက်တာနဲ့ ပျော်၊ နည်းနည်းလေး အိပ်ပျက် ပင်ပန်းလိုက်တာနှင့် ယောင်ပြီး ထ ထ သွားတတ်တာတွေပါ အကျင့်ပျောက်သလောက် ဖြစ်နေခဲ့ပြီ..။

နာရီမော့ကြည့်ပြီး စာအုပ်တွေကို စုထပ်ကာ စားပွဲပေါ်မှာ သေချာ စီထားလိုက်သည်။ စားသောက်ထားသည့် မုန့်ထုပ်အိတ်ခွံတွေကို တစ်ဖက်က စုကောက်ပြီး တစ်ဖက်က လက်ဖက်သုပ်ပန်းကန်ကို ကိုင်လိုက်၏။

အခန်းတံခါး၀ အကွင်းဘက်မှာ အမိုက်ခြင်းလေးရှိသဖြင့် အမှိုက်ကို ခြင်းထဲထည့်ခဲ့၍ ပန်းကန်ကို ထမင်းစားခန်းမှာ ဆေးကြောပြီး ပြန်သိမ်းဖို့ ထွက်လာခဲ့သည်။

www.burmeseclassic.com



ည၌တစ်နာရီကျော်နေပြီမို့ တစ်အိမ်လုံးသည် ကိုယ့်အသက်ရှူသံကို ပြန်ကြားရလောက်အောင် တိတ်ဆိတ်နေခဲ့၏။ နှင်းဆီ မြေသံမှု နှင့် မီးဖိုခန်းထဲမှာ ပန်းကန်ကို အသံမထွက်အောင် သေချာဆေးသည်။ လက်ကိုပါ ဆပ်ပြာနှင့် ဆေးကြောပြီးမှ ရေချိုးခန်းထဲ ပြန်ဝင်ခဲ့၏။ အိပ်ရာဝင် မျက်နှာသစ် သွားတိုက်လုပ်ဖို့ ဘယ်အချိန်ဖြစ်ဖြစ် သူမ မပျက်ကွက်ခဲ့ပေ။ ဒီနေ့ကျတော့ မအိပ်ချင်သေးသည်မို့ ပို၍ အေးအေး လုပ်နေမိခဲ့သည်။

သို့သော် ကိုယ့်အိပ်ခန်းဆီသို့ ပြန်လာကာမှ နားထဲမှာ ပုံမှန်မဟုတ်သည့် အသံတစ်ခုကို ကြားလိုက်ရသဖြင့် လှမ်းနေသည့် ခြေထောက်တွေ တုံ့ခနဲ ရပ်တန့်သွား၏။

"ဟား .. အင်း .."

ညည်းသူသံလား .. ဘာသံလဲ ...၊

စိတ်ထဲမှာ ထိတ်လန့်စိတ်တွေ ဖြစ်လာကာ ကမန်းကတန်း ရှေ့ ဆက်ဖို့ ပြင်လိုက်လျှင် ...

"ဒုန်း .."

နှင်းဆီ တုံ့ခနဲ ရပ်သွားပြန်၏။ ဒါ ဘယ်အခန်းကလဲ ...၊ အား စိုက်လိုက်တာနှင့် ညည်းသူနေသံရော တွန်းတိုက်ရွှေ့လျားသံတွေ ထွက်ပေါ်နေသော အခန်းဆီ မျက်လုံးက အလိုလို ရောက်သွား၏

"မဟောသီ အိပ်ခန်း"

အပေါ်ထပ်မှာ နေရာပေးတော့ မနေဘဲ ပြတင်းသုံးပေါက်ပါ သည့် စကြိုလမ်းဆုံထိပ်က အလယ်ခန်းကိုပဲ သူမ ရွေးခဲ့သည်။

ဒီအခန်းထဲမှာ အရင်က မေချစ် တို့လင်မယား အိပ်ကြတာဟု ပြောသည်။ ထို့ပြင် မိသားစုနှင့်သက်ဆိုင်သော အိမ်ထောင်ဦးပစ္စည်း အမှတ်တရတွေကအစ အားလုံး စနစ်တကျ သိမ်းဆည်းထားခဲ့၏





ဒါပေမယ့် မဟောသီ လက်ညှိုးထိုးလိုက်တာနှင့် မေချစ် က အားလုံး ပြည့်ဆည်းပေးခဲ့သည်မို့ ခုတော့ သူမ အိပ်ခန်းပဲဖြစ်၏။

နှင်းဆီ အခန်းဆီ တိုးကပ်လာခဲ့ရင်း ထိတ်လန့်စိတ်နှင့် ဟိုတွေးမိ ဒီတွေးမိ ...။

"အား!... ဟင်း .."

"ခွမ်း.."

ဖန်ခွက်ကွဲသံနှင့် ညည်းသံကြောင့် နှင်းဆီ မျက်လုံးပြူးသွား၏။ သေချာသည် ဒါ မမ အသံပါ။

"ဒေါက် .. ဒေါက်"

"မမ .. မမ .. ဘာဖြစ်လို့လဲဟင်"

ဝေဒနာတစ်ရပ်ကို ပြင်းထန်စွာ ခံစားနေရမှန်း သိလိုက်သဖြင့် တံခါးခေါက်၍ အသံအုပ်နှင့် ခေါ်ကြည့်သည်။ အထဲက အသံတွေ ဘော ဆိုသွားကာ ...

"ကလစ် .."

တံခါးလော့ခ် ဖြုတ်လိုက်သံနှင့်အတူ ..

"ဟင်!... မမ .."

နှင်းဆီ တံခါးကို တွန်းလိုက်တော့ ဒီဘက် တံခါးဘောင်အတွင်း မှာ ခွေခွေလေး လဲကျသွားသည့် မဟောသီ က အရုပ်ကြိုးပြတ် ...။

"မမ .. မမ .. ဘာဖြစ်လို့လဲဟင်"

နိုးရိမ်တကြီး ပွေ့ထူလိုက်မိသည်။ မဟောသီ က နှင်းဆီ လက်တွေ ကို တွန်းချကာ တံခါးပြန်ပိတ်ဖို့ လက်ညှိုးညွှန်သည်။ နှင်းဆီ ခေါင်း ညိတ်ကာ တံခါး သပိတ်လိုက်၏။ မဟောသီ သည် မျက်နှာတစ်ပြင်လုံး ချွေးဒီးဒီးကျလျက် အသက်ရှူမဝသလို နှုတ်ခမ်းတွေဟ၍ ရင်ဘတ် ကြီး မောက်ကြွနေအောင် အသက်ရှူနေသည်။



www.burmeseclassic.com

www.burmeseclassic.com



စကားပြောဖို့ ကြိုးစားနေမှန်း သိပေမယ့် နားစိုက်ထောင်ဖို့လည်း ကြိုးစားသော်လည်း သူမထံမှ အသံထွက်မလာဘဲ ဟား .. ဟင်း .. စသော ညည်းသံသာ ထွက်နေကာ ...

"မမ ဘာဖြစ်နေတာလဲ ဟင် ..၊ ရင်ကျပ်နေတာလား .. အသက်ရှူ မဝလို့လား .."

မေးလိုက် ပြတင်းပေါက်တံခါးတွေ ပြေးဖွင့်လိုက် ..၊ ပြီးတော့ မဟေသီ ကို တွဲထူကာ မွေ့ရာပေါ် ပြန်တင်ဖို့ ကြိုးစားရသည်။

ဘာမေးမေး မဖြေနိုင်တာကို စိတ်မကောင်းဖြစ်ရရင်း ကိုယ့်အတွေးနဲ့ ကိုယ် ပခုံးက နှိပ် ကျောကနှိပ်နှင့် လက်ဖဝါးလေးတွေကို ဖြန့်ကာ အလယ်ဆုံ့ခွက်ထဲကို လက်မနဲ့ သာသာလေး ဖိချေ နှိပ်ပေးမိသည်။

"မမ .. ခဏနေဦးနော်"

မဟေသီ လှမ်းဆွဲဘားနေတာကိုလည်း မသိလိုက်ဘဲ မီးဖိုထဲ ပြေးဝင်လာကာ ကြက်သွန်နီကို ထိပ်ဝနှစ်ဖက်လှီးပစ်လိုက်ပြီး ပြန်ပြေး လာခဲ့၏။

တောမှာတော့ ဒါတွေပဲ ဆေးမြီးတို..။ အသက်ကယ်ဆေးဆိုလည်း ဒါပဲ ဖြစ်၏။ အခန်းထဲပြန်ဝင်ကာ တံခါးပြန်ပိတ်ပြီး လှည့်လိုက်တော့ မဟေသီ က မွေ့ရာပေါ်မှာ မဟုတ်ဘဲ စားပွဲနံဘေးမှာ သူမ လွယ်နေကျ ဘေးလွယ်အိတ်အနက်ကို ကိုင်ထားလျက် ခွေလဲနေ၏။

"မမ .. ခဏလေးနော်"

တစ်ယောက်တည်း ပျာယာခတ်ကာ မဟေသီ ဘာအလိုရှိ[illegible] သလဲဆိုတာ သတိမထားမိဘဲ ကြက်သွန်နီကို နှာခေါင်းဝ ယ်ထိပ်မှာ ထိပ်[illegible] ကပ်ပြီး မှုတ်ပေးမိ၏။ မဟေသီ သည် ဖမ်းလို့မမိအောင် ပျာနေသည့် နှင်းဆီ ပြုသမျှ နေနေခဲ့ရင်း ...

"မမ ဘယ်လိုနေလဲ"





လို့ မျက်နှာရှေ့မှာ ငုံ့မေးလာတာမှ ...

"ဒါ .. ဒီထဲမှာ .. အား .."

"ဟင်!.. ဒီထဲမှာ ဘာရှိလို့လဲ၊ ဘာယူပေးရမှာလဲ"

ခုမှ မဟေသီ ဖိဆုပ်ဖက်တွယ်ထားသည့်အိတ်ကို သတိထားမိပြီး [illegible]ချာကြည့်မိသည်။ အိတ်လေးက ဇစ်ပိတ်ထားလျက် သော့ခတ် [illegible]က်သား..။ အိတ်ကိုဖွင့်ခိုင်းတာမျိုး လက်နဲ့သာပြလျက် မဟေသီ ဘာမှ ပြောနိုင်ပြန်..၊ နှင်းဆီ သော့ကိုဖွင့်ဖို့ လှည့်ပတ်ကြိုးစားပေမယ့် မရ။

"ဒီအိတ်တွေက ကုတ်ဒ်နဲ့ ဖွင့်ရတာမို့လား မမ ..၊ ကုတ်ဒ်နံပါတ် [illegible]ပြောလေ .."

မဟေသီ ခေါင်းညိတ်၍ ခေါင်းပြန်ခါသည်။ ပြီးတော့ နှုတ်ခမ်းတွေ [illegible]၍ တုန်လှုပ်လာခဲ့၏။ သူမ နှုတ်ခမ်းသားလေးတွေ ဖွေးဆုတ် [illegible]နေပြီ ဖြစ်သည်။ ဒီအိတ်ထဲမှာ သူမအတွက် အသက်ကယ်ဆေး [illegible]နေမည်မှန်း တွေးလိုက်မိကာ ...

"ညလေး အိတ်ကို ဖျက်ပစ်လိုက်မယ်နော် .. မမ"

ခွင့်တောင်းလိုက်တော့ မဟေသီ ခေါင်းညိတ်သည်။ အိတ်ကို [illegible]ကနေ မားပါးလေးနဲ့ ခြစ်ချကာ အလွယ်တကူမပျက်တော့ ကတ် [illegible]ကြေးနဲ့ ထိုးကိုက်ကြည့်၏။ မဟေသီ့ အခြေအနေက ဆိုးသထက်ဆိုး [illegible]ကာ အိတ်က ပုံပျက်ပန်းပျက်ဖြစ်လာမှ ဖျက်လို့ ရခဲ့၏။

"မမ .. ဘာယူရမှာလဲ ဟင် ..၊ ဆေးဘူးလား"

အထဲမှာ အိတ်တွေ အထပ်ထပ် ..။ ဇစ်တွေ အထပ်ထပ်ကို ဖွင့်ရှာ [illegible]ကာမှ ဆေးဘူးတစ်ဘူးကို တွေ့သည်။ ဘာဆေးလဲဆိုတာ စာ [illegible]ာတွေလည်း ဖတ်ချိန်မရဘဲ မဟေသီ့ လက်ထဲ ထည့်ပေးလိုက်၏။

မဟေသီ သည် ဆေးဘူးကို ပါးစပ်ထဲဝင်မတတ် ထိုးထည့်ကာ [illegible] ရှူရှိုက်နေ၏။ နှင်းဆီ မျက်လုံးတွေ ပြူးနေဆဲနှင့် ဒူးထောက်လျက်



www.burmeseclassic.com

www.burmeseclassic.com



လေး ထိုင်ကြည့်နေမိသည်။

ဆေး ဒီထဲမှာ ရှိနေတာကို သိလျှက်နှင့် မယူနိုင်တော့တာလား၊ ဒါမှမဟုတ် သော့က မပွင့်ဘဲ ပွင့်တဲ့အထိလည်း မကြိုးစားနိုင်တော့ဘဲ တစ်ယောက်တည်း လှူးလှိမ့်ခံနေရသည်လား ..။

သူမ ကိုယ်တိုင် လူမမာ ဘာကိုလိုချင်နေမှန်း မသိဘဲ သူမ ဒီ အိတ်ကိုပဲ ဖက်တွယ်ပြီး တစ်ခုခုပြောချင်နေမှန်း သိလျက်နှင့် မီးဖို ချောင်ကို ပြေးလိုက်၊ နို့ပ်နယ်ပေးမိလိုက် ဒီလောက်ထိ ပျာယာခတ်သွား ခဲ့သော ကိုယ့်ကိုယ်ကိုယ်လည်း ဒေါသဖြစ်မိပါ၏။

အကယ်၍သာ မဟေသီ ဒီဆေး အချိန်မီမရလို့ သေဆုံးခဲ့ပါလျှင်..

"မမ .."

အနားကပ်ခေါ်ရင်း ချွေးတွေရွှဲလျက် မှိန်းကျနေသည့် မျက်နှာ လေးကို တယုတယ ချွေးသုတ်ပေးမိ၏။

"ညလေး တောင်းပန်ပါတယ်နော် .. မမကို စိုးရိမ်လွန်ပြီး ဘာလုပ် ရမှန်းမသိ ဖြစ်သွားလို့ပါ၊ ညလေးကြောင့် မမ ကံကြီးလို့ မသေတာ"

ပြောနေရင်း မျက်ရည်တွေ လည်လာသည်။ မဟေသီ က မှေး ဖျော့သည့်မျက်ဝန်းများနှင့် သူမ ကိုကြည့်နေပြီး ဘာမှမပြောနိုင် ..။

ဝေဒနာ သက်သာသွားပေမယ့် မချိမဆန့် ခံစားလိုက်ရသည့် ရုပ်ကြွင်းက အဝတ်လျှော်စက်ထဲက ထွက်လာသည့် အဝတ်စတွေလို ပင်။ မျက်ရည်ဝေ့နေသည့် မျက်နှာလေးကို ငေးကြည့်ရင်း ပြောချင် သည့်စကားတွေ နှုတ်ဖျားမှာ အပြည့်အသိပ် ဖြစ်လာသည်။

ဒါပေမယ့် ပြောလည်း မပြောနိုင် .. ပြောချင်စိတ်လည်း မရှိ.. ထို့ကြောင့် နှင်းဆီ ရဲ့လက်ဖဝါးလေးတစ်ဖက်ကို လှမ်းကိုင်လိုက် သည်။ အားနည်းသည့် ခပ်ယှဲ့ယှဲ့အပြုံးက နွမ်းနေပေမယ့် လန်းနေခဲ့၏။

"မမ .. သက်သာသွားပြီလား ဟင်"





သူမ ကိုင်ထားသည့် လက်ပေါ်ကနေ ထပ်ဆုပ်ကိုင်ကာ နှင်းဆီ ရှေ့ထပ်ဘိုး၍ မေးသည်။ မေးနေရင်း တန်းပေါ်က တဘက်လေး ယူ၍ မဟေသီ လည်ပင်းနဲ့ မေးဖျားလေးတွေ နဖူးဆံစပ်လေးတွေကို ချွေးသုတ်ပေး၏။

"ခုတင်ပေါ်မှာ သက်သက်သာသာ လှဲနေရအောင် ..၊ ညလေးကို ..လေ"

မဟေသီ က နှင်းဆီ ထူပေးတဲ့အတိုင်း မှီနွဲ့ပါလာပေမယ့် အိပ်ရာ ..ါမှာ မလှဲပါ ..။

"ညလေး ဘာလုပ်ပေးရမလဲ ဟင် ..၊ ကိုကြီးကို သွားပြောပေးရ ..ား"

"ဟင့်အင်း .."

ပျာပျာသလဲ ခေါင်းခါ၍ ငြင်းလိုက်သံလေးပါ ထွက်လာသည်။

"မပြောလိုက်နဲ့ .."

လို့ ခပ်သဲ့သဲ့ ထပ်ပြောကာ ...

"မင်း .. ပြန်တော့ .."

"မမ ရရဲ့လား ဟင်"

"အင်း .."

မဟေသီ က ခေါင်းညိတ် ခေါင်းခါပဲ လုပ်နေလျက် နှင်းဆီ ..လို့ လှည့်လိုက်မှ လက်ကို ပြန်ဆွဲထား၍ ...

"အရမ်းကို ကျေးဇူးတင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၃၀]

"နေဦး .. အဲဒါက မမ အတွက် လုပ်ထားတာ"

ခုံဆွဲယိုင်ပြီးရုံပဲ ရှိသေးသည်။ လက်လည်း မလှမ်းရသေး .. ဘယ်ဟာစားမယ်ဆိုသည့် စိတ်ကူးလည်း မဖြစ်ရသေးပါ။ ရှေ့တည့်တည့်မှာရှိသည့် ဘယ်လိုစီရင်ထားမှန်း မသိဘဲ နီရဲနေသော ပေါင်မုန့်ပန်းကန်ကို ဖျတ်ခနဲ ဆွဲယူသွားသည်။

ကိုယ်ကပဲ ဒါကိုစားချင်လွန်းလို့ အငမ်းမရ ထိုင်လိုက်တာလိုလို–

"ဆောရီးနော် .. ကိုလေးအတွက် ပေါင်မုန့်မီးကင်က ဒီမှာ၊ ဒီမှာထောပတ် နို့စိမ်း"

သူပဲ တောင်းပန်ပြီး တစ်ခုပြီးတစ်ခု လာချပေး၏။ ချပေးသမျှလိုက်ကြည့်နေသည့် ချစ်သော မျက်နှာ နီမြန်းမြန်း ဖြစ်လာတာနှင်းဆီ က ပြုံးတီပြုံးကြောင် ပြန်ကြည့်သေးသည်။ ပြီးတော့ –

"ဘာလို့သေးလို့လဲ"

"စောစောကဟာ လိုနေတယ်၊ အဲဒါ ပြန်ချ"

"ဟင်!..."





"စောစောက သိမ်းသွားတဲ့ဟာ"

"အို .. အဲဒါ မမအတွက်ပါဆိုမှ .."

"သူ့အတွက်ဆို သူ မလာသေးဘူး..၊ အခု ချ .."

"မချနိုင်ပါဘူး ..၊ အဲဒါက အစားပြန်လုပ်လည်း မြန်မြန်ဆန်ဆန်ပြီးသွားမှာ မဟုတ်ဘူး"

"ဘာ!..."

ချစ်သော ရဲ့ 'ဘာ..' အသံကြီး ဟိန်းသွား၏။ ဒေါ်ပု ဘာမှလည်းပြောစရာမရှိဘဲ ဒီနှစ်ယောက်ဆုံတိုင်း ဒီလိုဖြစ်တာကြောင့် မသိမသာရှောင်ထွက်သွား၏။ နှင်းဆီ က မျက်နှာတစ်စက်လေးမှ မပျက် ..။

"ကိုလေးက ကလေးဆိုးကြီး လုပ်နေတာ..၊ မနက် ဘရိတ်ဖက်စ်ကို ဒီလိုပဲ တစ်ယောက်တစ်မျိုး အကြိုက်တွေ လုပ်ပေးနေကျဟာ"

"လုပ်ပေးနေကျဆိုလည်း သူ လာမှ ချကျွေးဖို့ သိမ်းထားပါလား၊ ငါ ထိုင်လိုက်ကာမှ ကောက်သိမ်းပစ်ရအောင် ငါက အငတ်လား .."

"မငတ်ရင်လည်း တောင်းမစားနဲ့ပေါ့၊ သူ့ပဲ ပြန်တောင်းနေပြီးဆော့"

"ထိုနှင်းဆီ .."

"သား .."

"ဟော့ .. ညီလေး"

စားပွဲကို လက်နှစ်ဖက်နဲ့ စုံပုတ်၍ ပါးစပ်ပြဲသလောက် အော်ပစ်သည်။ မေမေနဲ့ ကိုချစ် ရောက်လာတော့ ပိုဆိုးကုန်၏။

"ကိုယ်က အစ်ကိုတစ်ယောက်လုပ်နေပြီးတော့ ညီရာ ..၊ အငယ်ဆိုးလို မဆိုးနဲ့တော့လေ"

"အေးလေ .. သားငယ်၊ ကိုယ့် ညီမလေးကို .."

"ညီမလေး .. ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်ချင်တာ ရင်ထဲမှာ ကလီကလီ ဖြစ်နေ၏။ ဘာပဲပြော ပြောမိ ကိုယ်ပဲ အလွန်ဖြစ်နေလွန်းလို့ ထိန်းချုပ်နေရသည်။

"ကိုယ်က အကြီးဖြစ်ပြီးတော့ .."

"ယောက်ျားဖြစ်ပြီး ညီရာ .."

စသဖြင့် သူသာ ကလေးဆိုးကြီး ဖြစ်နေရသဖြင့် တော်ရုံ မျိုသိပ်ထားလိုက်ရတာတွေ အများကြီး ..။

"အခု ဘာတွေဖြစ်နေကြတာလဲ ပြောပါဦး"

ဒေါ်ချစ်မှူးငုံ မေးလိုက်တော့ ဖြေရမယ့်တာဝန်က ကိုယ့်ဆီ လာသဖြင့် နှင်းဆီ ထိတ်သွား၏။

ညက မဟေသီ ဝေဒနာ ခံစားနေရတာကို မြင်လိုက်ရပြီး မိုးမလင်း ခင်တည်းက သူမရဲ့ဝေဒနာနှင့် သင့်တင့်မည့် စားစရာတွေပဲ တစ်မျိုး တစ်မျိုး ရှာကြံချက်ပြုတ်ကျွေးဖို့ စဉ်းစားထားတာ..။

သို့သော် .. "မမနဲ့ တည့်မယ့် စားစရာ တမင်စီစဉ်ထားတာ ပါ" လို့ ဘယ်လိုလုပ် ပြောမလဲ ..၊ မပြောရဘူးလို့ မဟေသီ သေချာ တားဆီးထားခဲ့တာ။ ဒီတိုင်းနေလိုက်ရင်လည်း ကိုလေး ထွက်နေတာ ကိုယ့်တာဝန်လုံးလုံး ဖြစ်တော့မည်။ ထိုစဉ် ...

"မေးမနေပါနဲ့ မေမေရာ..၊ အဲဒါ သည်းမခံတတ်တဲ့သူရော မတတ်သူမှာရော နှစ်ယောက်စလုံး အပြစ်ရှိတယ်"

ချစ်သူ က ဒေါ်ချစ်မှူးငုံ အတွက် ထိုင်ခုံပေးပြီးမှ သူ့အတွက် ထိုင်သည်။

"မေမေ့ သမီးလေးကိုလည်း အပြောအဆို မတတ်တာပါ ဒီအတိုင်း သိပ်အလိုလိုက်မထားနဲ့ ..၊ ကြာရင် ဒီနှစ်ယောက် သ ဖို့ ပိုဝေးလိမ့်မယ်"

"ဘယ်တော့မှ မတည့်လေ ကောင်းလေ"





ချစ်သော ထံမှ မတိုးမကျယ် အသံထွက်လာ၏။ ချစ်သူ က ထုံးစံ အတိုင်း ဖာထေးသည့် ချစ်စနိုးအပြုံးနှင့် နှင်းဆီ ကို ကြည့်ကာ ...

"ညည်းက ကိုယ့်အစ်ကို ကို ချစ်ခင်အောင် ကြိုးစားရမှာလေ၊ အငယ်ဆိုတာ ကြီးတဲ့သူကို ပြန်ခံမပြောရဘူး"

"ညလေး မပြောပါဘူး၊ သူက ပြောချင်အောင် စ,စလာတာ"

"ဟော .. တွေ့လား"

"ကဲ .. ကဲ တော်ကြတော့၊ သမီးငယ် လာထိုင် .. လက်ဖက်ရည် သောက်"

"မသောက်သေးဘူး မေချစ် ..၊ သမီးက နောက်မှ အေးဆေး စားနေကျ"

ပြောပြီးတာနှင့် လက်ဖက်ရည်ပွဲနဲ့ မုန့်တွေ စုံအောင်ချထားပေး ပြီး နှင်းဆီ က ထွက်သွားသည်။ ချစ်သော က ပန်းကန်လုံးထဲကို လက်ဖက်ရည် ထည့်နေရင်း လည်ပင်းလိမ်ကြည့်ကာ ...

"ဒီလိုပဲ ဖြစ်မှာပေါ့ .. ခွေးဖြူ လူတောမတိုး"

"ဟာ!.."

"သားငယ် ..၊ ဩော် .. ခက်တော့တာပဲ၊ နှင်းဆီ က ကိုယ့်သမီး လေး ဖြစ်လာလို့သာ ပြောသာဆိုသာ ရှိနေရတယ်၊ သား ဆက်ဆံပုံက တစိမ်းတွေသာဆို ဘယ်လောက် မျက်နှာပူဖို့ကောင်းလဲ"

"တစိမ်းတွေပဲဟာ"

"ညီနော် .. ကလေးဆန်တယ်ပြောရင် မကြိုက်ဘူး ..၊ လူက ကျားကိုးစီး စားမကုန်ဘူး .. စိတ်က ဖြုတ်မျက်ရည်လောက်နဲ့"

"ဖြုတ်မျက်ရည်လည်း မြင်ဖူးလိုက်တာပဲလား"

ချစ်သော ပြန်မေးတော့မှ ချစ်သူ ပြုံးတုံ့တုံ့ ဖြစ်သွားကာ

"ဟုတ်တယ် .. မင်း အဲဒီအတိုင်းပဲ နှင်းဆီ ကို ကိုယ့်ညီမလေးလို



www.burmeseclassic.com

www.burmeseclassic.com



သဘောထားပြီး ကြည့်လိုက်ပါ၊ ဘယ်လောက် ချစ်ဖို့ကောင်းလဲ"

"ကိုချစ် ပဲ ချစ်..၊ ညီ မချစ်ဘူး"

"မင်းကို ညီမလေးက ခင်တဲ့ပုံပါကွာ၊ သူ့ စကားအကြောင်း လိုက်ပြောလည်း မင်းဘက်က ကောင်းတာ မရှိခဲ့ပါဘူး၊ ဟိုတစ်ပတ် ကျူရှင်ကို သွားတုန်းက လမ်းမဘေးမှာ မင်း ဒီတိုင်း တစ်ယောက် တည်း ချထားပစ်ခဲ့တာတောင် ပြန်မပြောဘဲနေတာ နည်းတဲ့ သံယော ဇဉ်လား"

လက်ဖက်ရည်နဲ့ မျောချလိုက်သည့် ပေါင်မုန့်က လည်ချောင်းဝ မှာပဲ တိုးလိုးတစ်လစ် နင်၏။ လှည့်ကြည့်တော့ ကိုချစ် မျက်နှာက သူခိုးဖမ်းသည့် ခပ်မိန့်မိန့်အပြုံးနှင့် ...

မေမေ ကလည်း သိထားပြီးသည့် မျက်နှာနှင့်သာ...

"မပြောဘဲနဲ့ ကိုချစ် တို့ ဘယ်လိုလုပ် သိလဲ"

"သိချင်လို့ သိနေတယ်ပဲ မှတ်ထားလိုက် ညီရာ .. ညီမလေး မပြောဘူးဆိုတာက တကယ် .."

ဘာကြောင့် သိသွားတာလဲဆိုတာကို သိချင်ပေမယ့် ထပ်မမေး ဖြစ်တော့ပါ။ ဒါကို သိသွားလို့လည်း ပြဿနာမရှိပေမယ့် ကလေးဆန် ဆန် အပြုအမူမျိုး ဖြစ်ခဲ့တာမို့ ကလေးဆန်သည်လို့ အပြောမခံချင် တော့၊ မသိစေချင် ..။

"နောက်ကို ဒါမျိုးမလုပ်ပါနဲ့ ညီလေးရာ .. ညီလေးတို့ အိမ်ထောင် တွေ မကျမချင်း တစ်အိမ်တည်း အတူနေသွားရမှာ .."

ပြောပြီးမှ ကိုယ်ကတော့ ခွဲထွက်သွားတော့မှာကို ကြေညာလိုက် သလို ဖြစ်သွားမှန်းသိကာ ချစ်သူ ကမန်းကတန်း ဘရိတ်အုပ်[illegible] ကြည့်လိုက်တော့ မေမေက ကြည်ဖြူသည့် အပြုံးမျက်နှာနှင့်...

"ဟုတ်တယ် သား ..၊ သားတို့ မသင့်မြတ်ရင် မေမေက ဘယ်[illegible]





စိတ်ချမ်းသာမှာလဲ၊ သားကြီးက လက်ထပ်ပြီးတာနဲ့ သမီးနဲ့ လိုက်သွား မှာ .. သားငယ်နဲ့ မေမေတို့အတွက် သိုက်သိုက်ဝန်းဝန်းလေးအကိုင်း ကျန်ခဲ့ရအောင် သမီးလေးကို မေမေ မွေးခဲ့တာ၊ ချစ်ချစ်ခင်ခင် နေပါ သားရယ် .."

ချစ်ခင်စရာ ရှိလို့လားဆိုသည့် မေးခွန်းက ဖြစ်သွားသေးသည်။ ပါးစပ်ကတော့ မပြောဖြစ်ပါ ..။

"သမီးကို သွားနှိုးပါလား သားကြီးရဲ့ ..၊ ခေါင်းမကြည်လို့ဆိုတာ ပေါ့ပေါ့ပါးပါးမှ ဟုတ်ရဲ့လား..၊ တစ်ယောက်တည်း အခန်းထဲမှာ ဖျား နာနေမှဖြင့် .."

စကားက ပြောနေရင်း မပြောသို့ ဆီ ရောက်သွားပြန်သည်။ ချစ်သူ က ခေါင်းညိတ်လိုက်ကာ...

"ကျွန်တော် ဝင်ကြည့်ခဲ့ပါတယ် ..၊ ညက ညဉ့်နက်မှ အိပ်ပျော်လို့ တဲ့ .. အိပ်ရေးဝမှ ထလာမယ်လို့ သေချာပြောလိုက်လို့ပါ"

"ဩော် .. ဂရုစိုက်နော် သား၊ ကိုယ့်မျက်နှာကို ထိစ်ရှာထင်ပြီး သူ့ခမျာ လိုက်လာရှာတာ .. မေမေတို့အတွက်လည်း ထည့်တွက်ပေး နေသေးတယ်၊ မာနကြီးပေမယ့် စိတ်ထားလေး ကောင်းရှာပါတယ်..၊ အမေလေ သူ့ကို တစ်မျိုးထင်ခဲ့ဖူးတာတောင် မေမေ့သားနဲ့ မေမေ့ကို ခွဲရက်ဘူးဆိုတဲ့ စကားလေးတစ်ခွန်းနဲ့တင် သူ့ရဲ့သဘောကို နားလည် ခဲ့တယ်၊ သားကို သူခေါ်သွားမယ်ဆိုလည်း မေမေ ကြည်ဖြူနိုင်ပါပြီ"

"ကဲပါ မေမေရာ .. မနက်စာ စားကြတုန်း ပျော်ရွှင်ချမ်းမြေ့ ကြတာ ကောင်းပါတယ်၊ ညီနဲ့ ညီမလေး ရန်ဖြစ်နေကြတာ ဘယ် လောက် စိတ်ချမ်းသာစရာ ကောင်းလဲ"

မကျေနပ်သည့်မျက်လုံးကြီး ဒိုင်းခနဲရောက်လာတော့ ချစ်သူ က ညီဖြစ်သူကို ရယ်ကျဲကျဲကြည့်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် .. မင်းတို့ရန်ဖြစ်နေကြတာ ဒေါသတွေနဲ့ တိုက်ခိုက်နေကြတာ မဟုတ်ဘူး၊ ပန်းတွေနဲ့ပေါက်ပြီး နာလို့ရန်ဖြစ်နေကြသလို ချစ်ဖို့ ကောင်းတယ်ကွ .. ကိုကြီး ထင်ပါတယ်၊ မကြာခင် မင်းတို့နှစ်ယောက် .."

"တည့်ဖို့ မရှိဘူး .. ယောကျာ်း မထုတ်နဲ့"

"စောပါသေးတယ် ညီရာ"

"ဟွန်း .."

ချစ်သော က စားနေတာကို လက်စသတ်၍ ထဖို့ပြင်ရင်း—

"ဒီးကွက်မျက်လုံး ဖိုးဝရုပ်လို နပမ်း ဝံနဲ့"

"မင်းပဲ စိတ်ဝင်စားဖို့ ကောင်းလွန်းလို့ဆို .."

"ရူးလို့ပြောတာ"

"ဒါတော့ ဝန်ခံသားပဲ .. ကိုယ့်ကိုယ်ကိုယ် သိရင်လည်း သွားတော့နော် ..၊ ဆေး မှန်မှန်စား"

ကိုချစ် ရယ်သံတွေ နောက်မှာ ကျန်ရစ်ခဲ့သည်။

သူ့နှုတ်ခမ်းမှာ ပါလာတာက မဲ့ပြုံး ..၊ ဟုတ်ပါသည် .. ဒီတုန်းက သူ့ ဘာတွေ ဆေးစားမှားခဲ့မှန်း မသိ ..။

ကြည့်ပါလား .. ဘယ်အချိန်ကြည့်ကြည့် ဖိုးဝရုပ်လို တို့လို့ပြုံးပြုံးပြဲပြဲ ..။





## အခန်း (၃၁)

တောသူပီပီ မြို့သူမြို့သားတွေအတွက် စေ့စပ်ပွဲဆိုတာ ဒီလောက်ထိ ကြီးကျယ်ခမ်းနားနေရသလားလို့ တွေးလိုက်မိသေးသည်။

မဟေသီ က ရန်ကုန်မှာ ဆွေမျိုးရင်းချာ သိပ်မရှိဘူးဆိုပေမယ့် နိုင်ငံခြားက မိဘများ၏ လွှဲအပ်ခန့်ထားသူများရာထူးနှင့် စေ့စပ်ပွဲအတွက် ရောက်လာကြတာ လူစုံတက်စုံ ..၊

တချို့ လင်မယားစုံတွဲတွေက တာချီလိတ်ကနေ လာကြတာမို့ အိမ်မှာပဲ ညအိပ်ကြသည်။

စေ့စပ်ပွဲအတွက် နှစ်ရက်ကြိုပြီး ပြင်ဆင်တာတောင် တကယ် စေ့စပ်တဲ့နေ့မှာပဲ ရှုပ်လိုက်တဲ့အလုပ်က အသက်ရှူရတာကိုပဲ စိတ်ရှုပ်ချင် ..။

"သမီးကို အန်တီယု တို့ နားကိုမလည်တော့ဘူးကွယ်၊ စေ့စပ်ထားတယ်ဆိုတာက လက်မထပ်သေးဘူးဆိုတဲ့ သဘောလား ..၊ အန်တီတို့ကတော့ သမီး လက်ထပ်ပြီးတာနဲ့ ပြန်မှာလို့ သိထားတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် .. ညည်းအမေရဲ့စကား ကြားရတာလည်း မတတ်သာလို့ လိုက်လျောနေတဲ့ပုံပဲ၊ မိဘကို ဆန့်ကျင်ပြီးတော့ ဒီထိ လာနိုင်ရင်ပဲ တော်ရောပေါ့ကွယ်၊ ကိစ္စ မြန်မြန်ဖြတ်ပြီး ပြန်ဖို့သင့်တယ်"

ဆွေမျိုးဆိုတာတွေက တိုးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်မျိုး ဝေဖန်ကြသည်။ မဟေသီ က သိပ်များများတော့ ဖြေရှင်းတာ မတွေ့ပါ။

"ကိစ္စ မြန်မြန်ဖြတ် ဆိုတာက ဒါက အိမ်ထောင်ရေးလေ၊ သူ့ဘက် ကိုယ့်ဘက် ရှိတယ်၊ ကိုယ်ပိုင်စီးပွားရေးတစ်ခုအတွက် Plan ချကြည့်လိုက်တာလောက်တော့ မလွယ်နိုင်ဘူး၊ ဟိုမှာတုန်းက စိတ်လိုက်မာန်ပါ စိတ်ကူးတွေနဲ့ ရည်ရွယ်ခဲ့တာ ရှိပေမယ့် လက်တွေ့မှာ မဖြစ်နိုင် မရနိုင်တာတွေ ရှိတယ်၊ မဟေသီ က ကလေးမှ မဟုတ်တာ၊ မာမီတို့ ဖြစ်ဖြစ် အန်တီတို့တွေပဲဖြစ်ဖြစ် မဟေသီ အတွက် စိတ်မပူပါနဲ့" တဲ့၊

ပြန်ပြောလိုက်တာ ဒါပဲ ဖြစ်သည်။

မဟေသီ သည် မာနကြီးသလောက် အေးဆေးတည်ငြိမ်လွန်းကာ သူမကို အကဲခတ်နိုင်ဖို့ သိပ်မလွယ်သည့် မိန်းမတစ်ယောက်ပင်။

ထိုထဲမှာ နှင်းဆီ ဆိုသည့်မိန်းကလေးအပေါ်မှာ သိသာစွာ ပြောင်းလဲသွားသည့် သူမ နှုတ်ခမ်းက အပြုံးက အံ့ဩစရာ ဖြစ်၏။

"အရမ်းပင်ပန်းနေပြီလား နှင်းဆီ"

"ဟင်!... မမ .."

ညှိခံပွဲအတွက် အော်ဒါရောက်လာသည့် ကိတ်မုန့်တွေကို ဆေးသေတ္တာထဲမှာ စီစဉ်ထည့်နေတုန်း အနားရောက်လာတော့ ခြေထောက် အစုံကိုပဲ ငုံ့ကြည့်ဖြစ်သည်။

ပြီးမှ ထရပ်လိုက်ပြီး ရေခဲသေတ္တာ ပြန်ပိတ်ကာ ...

"မပင်ပန်းပါဘူး မမရဲ့ .. မမက စေ့စပ်ထားပြီးရင်လည်း ဒီမှာ နေဦးမှာဆိုတော့ အဲဒါတွေးပြီး ပျော်နေတာက ပိုပါတယ်"





ပျော်နေသည်ပြောသော နှင်းဆီ ရဲ့ နဖူးဆံစပ်က ချွေးစလေးတွေ ကိုကြည့်၍ မဟေသီ က ပြုံးလိုက်၏။

"တို့က ဟိုတယ်လ်မှာ မလုပ်ဘူး ငြင်းလိုက်လို့ မင်း ပင်ပန်းသွားတာ၊ အိမ်မှာဆိုတော့ .."

"မဟုတ်တာ မမကလည်း .. အိမ်မှာလုပ်တာက ပိုကောင်းတာပါ၊ ညလေးတို့ တောမှာဆို အလှူ.. မင်္ဂလာဆောင် တစ်ခုခုရှိရင် ဒီ့ထက် တောင် အလုပ်ရှုပ် လူများသေးတယ်၊ အဲဒီအိမ်မှာ ရွာလုံးကျွတ် ဝိုင်းကူ ကြတာလေ၊ ဒါကို ပင်ပန်းတယ် မခေါ်ပါဘူး၊ ပျော်ဖို့ ကောင်းတာ"

"ဟုတ်ပါပြီ၊ ကဲ .. အခု ရေသွားချိုးပြီး နားလိုက်တော့၊ နေ့ရော ညရောဆို ဘယ်ခံနိုင်မလဲ"

"ရပါတယ် မမရဲ့ .. မမ နေ့လယ် အဆာပြေ ဘာစားလိုက်လဲ ဟင်၊ ညလေး မမအတွက် လုပ်ထားတာ တွေ့လား ..၊ ဒေါ်ကြီးပု ထုတ်ပေးရဲ့လား .."

"ပေါင်မုန့်ကို ပျားရည်လေးနဲ့ လိမ်းပြီး မီးကင်တာလား"

"ဟုတ် .."

"အဲဒါ နို့စိမ်းလေးဆမ်းလိုက်တော့ အနံ့ ပျောက်သွားတယ်နော်၊ တို့က ပျားရည်နံ့ကို မကြိုက်ဘူး၊ အခု မင်း လုပ်ပေးထားတာလေးကို တော့ ကြိုက်သွားတယ်၊ အဲဒါကြောင့် မနက်စာ နေ့ခင်း အဆာပြေ တစ်ချိန်ချိန်တော့ အဲဒါလေးကိုပဲ စားဖြစ်တယ်၊ တို့အတွက် စီစဉ်ရေး ဒီမှာ ဝင်လုပ်ရနဲ့ မင်း ပင်ပန်းနေပါပြီ"

"မမ ကြိုက်တယ်ဆိုလို့ နောက်ထပ် လုပ်ကျွေးဖို့ ရည်ရွယ်ချက် ဆွတောင် ဖြစ်နေပြီ ဒီမှာ"

နှင်းဆီ က ပြောပြီး ရယ်သည်။ အမြဲတမ်း ရှင်းသန့် ကြွရွနေ အောင် လှသည့် အဖြူရောင်ဝတ်စုံနှင့် မဟေသီ ကိုလည်း အကြောကြီး



www.burmeseclassic.com

www.burmeseclassic.com



အားကျသလိုကြည့်ကာ ...

"မမက ဟိုလိုဖြစ်တတ်တော့ အဆီအဆိမ့်တွေ ရှောင်သင့်တယ် ထင်လို့ပါ၊ သကြားတွေ၊ နို့ဆီတွေလည်း မကောင်းဘူးလေ"

"တို့အတွက် စီစဉ်နေရပေမယ့် လူသိလည်း မခံရဲတော့ ချစ်သောနဲ့ ခဏခဏ ရန်ဖြစ်နေရတာတွေလည်း ရှိလာရော့မို့လား"

မဟောသီ လည်း ကြားထားတာတွေ ရှိနေပြီထင်သည်။ နှင်းဆီက ခေါင်းခါ၍ ...

"ကိုလေးနဲ့ ညလေးက ဒီလိုပါပဲ၊ ပြီးတော့ ဘာမှလည်း မဟုတ်ဘူး"

"နှင်းဆီ .."

"ရှင် .."

မဟောသီ က ရေခဲသေတ္တာကြီးနားကနေ လျှောက်ထွက်သွားကာ ရှိုးကေ့စ်ဘေးမှာ လက်ပိုက်လိုက်ပြီးမှ နှင်းဆီ ဘက်ကို ပြန်လှည့်ရပ်၍...

"တို့ကို မင်း တကယ်ခင်တယ်ဆိုတာ အခု လက်ခံသွားပါပြီ၊ ဒါပေမယ့် မယုံနိုင်ဘူး၊ ဒီလောက်ထိ ဖြစ်လောက်စရာမရှိဘူးလို့ ထင်နေတယ်"

"မမရယ် .. ညလေးတို့ အားလုံးက အတိတ်က လာတဲ့လူတွေပါ၊ ဒီဘဝမှာ ကံအကျိုးပေး မတူညီကြတာလည်း ကံအကြောင်းတွေပဲ၊ လူတွေက 'အဟောင်းစားတွေ' လို့ ဆိုထားတာလည်း ရှိတယ်မို့လား၊ ညလေး ပြောရင် မမ ပိုပြီး အံ့သြသွားဦးမှာ၊ ညလေး ရဲ့အစ်မအရင်း မကြီး စပယ်ဖြူ ကိုတောင် မမကို ဂရုစိုက် ပြုစုပေးချင်နေတဲ့ စေတနာမျိုးနဲ့ တစ်ခါမှ မကူညီခဲ့ဖူးဘူး၊ ကိုယ်ကယ်လို့ပဲထင်ထင် ညလေး စိတ်ထဲမှာ ခံစားမိတဲ့အတိုင်း ပြောတာ အဲဒါ ဘာဖြစ်လို့လဲလို့ တွေးကြည့်





တော့ မကြီးက အရမ်း အေးဆေးတယ်၊ စကား အရမ်းနည်းတယ်၊ ဘာစကားပြောပြော ဒေါသ မောဟ မပါသလောက်ပါပဲ၊ အံ့သြလောက်အောင် ငြောင့်ရဲ့နိုင်တဲ့သူလို့ ပြောရမလား .."

နှစ်ယောက် စကားပြောရင်း ထိုနေရာမှာပဲ အတူရပ်နေမိကြသည်။

"သူက အဲဒီလို စရိုက်နဲ့ လူ၊ ညလေးက လှုပ်လှုပ်ရှားရှား ဗွန်းဗား သွားလာနေချင်တာ၊ လွတ်လပ်တာကိုမှ ဘဝလို့ ထင်ခဲ့တာ၊ လုံးဝ တွေ့တဲ့ စရိုက်တွေပေါ့နော်၊ အဲဒါကြောင့် ညီအစ်မပေမယ့် တစ်နေကုန် နေတာတောင် တစ်နာရီပြည့်အောင် စိတ်လိုလက်ရ စကားထိုင်မပြောဖူးဘူး၊ မမကျတော့ ညလေးနဲ့ မျက်နှာချင်းဆိုင်မိလိုက်တာနဲ့ ဒိုင်းခနဲ မီးပွင့်သွားတာ၊ အရမ်း စိတ်ဝင်စားဖို့ ကောင်းတာပဲ၊ ပြီးတော့လေ မချစ် က ကိုကြီးနဲ့ ဥမကွဲသိုက်မပျက် သိပ်နေချင်တာ သိလား ..၊ အမှန်အတိုင်း ဝန်ခံရရင် မမကို ဒီအိမ်မှာပျော်ပြီး နိုင်ငံခြား ပြန်မသွားနိုင်တဲ့အထိ ညလေး ဘယ်လိုပုံစံမျိုးနဲ့ဖြစ်ဖြစ် စည်းရုံးချင်ခဲ့တာ"

နှင်းဆီ မျက်နှာလေးကို စိုက်ကြည့်နေသည့် မဟောသီ နှုတ်ခမ်းတွေက တင်းတင်းစေ့နေသည်။ မျက်ဝန်းတွေက တည်ငြိမ်နေ၏။ ဒါပေမယ့် သူမ ဘာမှ ဝင်မမေးခဲ့ပေ ..။

"တကယ်တော့ ညလေး ကလေးဆန်တာပါ၊ မမနဲ့ ကိုကြီးတို့ရဲ့ ရည်ရွယ်ချက်တွေက ဆောင်းအိပ်မက်တွေမှ မဟုတ်တာနော်၊ ညလေးသည်း အဲဒီလောက်ထိ မစွမ်းဆောင်နိုင်ပါဘူး၊ မမရဲ့ ယုံကြည်မှုကိုတောင် မနည်း ကြိုးစားနေရတာ"

"အဲဒီလို ကြိုးစားတာကရော ဘာအတွက်လဲ ..၊ တို့က မင်း ဖြစ်စေချင်သလို ဒီမှာ မနေဘူးဆိုတာ သေချာပြီးသား"

"မသိဘူး မမ၊ အဲဒါ ညလေး မရှင်းပြတတ်ဘူး၊ ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



မမကို အထင်ကြီးတယ်၊ ဒီမိသားစုနဲ့ မသက်ဆိုင်ဘဲ တကယ် ခင်သွားမိတာလည်း ကိုယ့်ကိုယ်ကိုယ် သိနေတယ်၊ ညလေးရဲ့ မဟုတ်မခံစိတ်တွေကြောင့် ငါ သတ္တိမကြောင်ဘူးဆိုတဲ့ မာနတွေဟာ မမရဲ့ရှေ့မှာ ဘာမှမဟုတ်တော့သလိုပဲ၊ လေးစားထိုက်သူမို့လို့ လေးစားတာပါ၊ မမကို ညလေး အထင်ကြီး လေးစားပြီး ချစ်သွားတာ၊ အဲဒါတွေက စိတ်ဝင်စားနေတာက စခဲ့တာ ထင်တယ်၊ ဘာပဲဖြစ်ဖြစ် ဟိုအစက မေချစ် ကို သနားလို့ ရည်ရွယ်ချက်တွေ ဖြစ်လာခဲ့တာ၊ အခု ဘာနဲ့မှ မဆိုင်တဲ့ ညလေး ရင်ထဲက ချစ်ခင်နေတာ၊ မမ ယုံအောင် ဘယ်လို ပြောရမှန်းတောင် မသိဘူး"

နှင်းဆီ က အလေးအနက် စကားတွေပြောနေရင်း စည်းချထားသည့် ဆံပင်လေးကို တစ်ချက်သပ်၍ ရယ်သည်။ ဒီတော့မှ မဟေသီ က လက်ပိုက်လေး ဖြည်ပြီး ရယ်ကာ ...

"မင်းကို ယုံပါတယ်၊ မေတ္တာဆိုတာကတော့ ကိုယ်ကပေးတိုင်း ပြန်ရတတ်တာ မဟုတ်ဘူး"

"ညလေး သိပါတယ်၊ မမက ပြန်ခင်ခင် မခင်ခင် ခုလို ရင်းနှီးခွင့် ရလာတာကိုပဲ ကျေနပ်နေပါပြီ"

"ဘာတွေ ကျေနပ်နေကြတာလဲ"

ချစ်သူ က သူတို့နားကို လျှောက်ဝင်လာရင်း နှစ်ယောက်စလုံးရဲ့ မျက်နှာတွေကို ကြည့်သည်။ ပြီးတော့ ဘောင်းဘီအိတ်ထဲ လက်တွေ ထည့်ထားလိုက်ပြီး မဟေသီ ဘေးမှာ ရပ်၍ ...

"ညီမလေးကို မေမေ ခေါ်နေတယ်"

"ရှင် .. ဟုတ်ကဲ့"

"လက်တွေ ပေနေရင် ဆေးကြောသွား၊ လက်ဝတ်လက်စား ဘေး ဝတ်မလို့ ထင်တယ်"





ခေါင်းငုံ့ထွက်သွားပြီးမှ နှင်းဆီ ခြေလှမ်းတုံ့သွား၏။

သို့သော် မဟေသီ လက်ကို ကိုင်လိုက်သည့် ချစ်သူ၏ လှုပ်ရှားမှုကို မျက်လုံးထောင့်မှာ မြင်လိုက်သဖြင့် ပြန်မလှည့်တော့ဘဲ ထွက်လာခဲ့မိသည်။

ဒီအချိန်ဆို နေ့လယ် အဆာပြေ မုန့်တစ်ခုခုနဲ့ ကော်ဖီပန်းကန် ကိုင်လျက် ဒါမှမဟုတ် ပန်းသီးတစ်လုံးကို ဒီတိုင်း ကိုက်ဝါးလျက်ဖြစ်ဖြစ် မေချစ် နားမှာ ကိုလေး ရှိနေတတ်သည်။

ဘာတွေ စောင်းချိတ် မဲ့ရွဲ့ဦးမည် မသိ ...၊

ဒီလူဟာ ကိုကြီးနဲ့တော့ တခြားစီ ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၂)

မြဲထဲမှာ စီစဉ်ခဲ့တုန်းက အရင်းနှီးဆုံး မိတ်ဆွေ အနည်းအကျဉ်းနှင့် အလှပန်းပြည့်စုံမှုကို ဦးစားပေးမှာမို့ စားပွဲဝိုင်း နှစ်ဆယ်ခန့်သာ…

ဝိုင်းတွေကို ခပ်ကျဲကျဲ ခင်းမည်၊ ပန်းပင်၊ မီးပုံး၊ မီးလုံးတွေကို အလှဆုံး ပြင်ဆင်ကာ ခရစ္စမတ်သစ်ပင်တွေလို သစ်ပင်အဟုတွေမှာ မီးလုံးအပြာရောင်လေးတွေချည်း ခပ်ကျဲကျဲ ဆင်ထားဖို့…၊

ညစာစားပွဲ စပြီဆိုတော့လည်း စားပွဲကျဲကျဲနှင့် အလှဆုံးပါပဲ။ ဒါပေမယ့် ပွဲက ထင်တာထက်ပိုပြီး လူတွေ စည်နေသည်။ ဒီဘက်မှာ စားပွဲကျဲနှင့်ဟိုဘက်မှာ စားပွဲကျပ်ကျပ်၊ ငါးလုံးလောက် ထပ်ကပ်ထားရ…

ချစ်သော နှင့် သူငယ်ချင်းတွေအဖွဲ့ ဖြစ်သည်။ ထို့ကြောင့် အားလုံး ဝိုင်းပြီး ပင်ပန်းသွားကြ၏။

"သားငယ်ရယ် … ညသည်တွေက မေးကုန်ကြပြီ၊ ဘယ်သား ရေစပ်တာလဲတဲ့"

ဒေါ်ချစ်ဖူးငုံ အမြင်မတော်တော့ အနားကပ် ပြောမိသည်။ ချစ်သော က သဘောတွေကျပြီး ရယ်လို့မဆုံး …။





လူငယ်တွေ သဘာဝကို နားလည်ပေးတတ်လို့ 'ကချင်တယ်ဆိုလည်း က'၊ 'ဆိုချင်တယ်ဆိုလည်း ဆို' ကိုယ်ကျင့်တရားတော့ မပျက်အောင်ထိန်းဖို့ သတိပေးခဲ့ပြီး ခွင့်ပြုထားခဲ့သည်။

ဒါက မမြင်ကွယ်ရာမှာ ပျော်ပါးကြ၊ ရင်းနှီးကြတဲ့ကိစ္စ …၊ ခုကျတော့ မျက်စိရှေ့မှာ မိန်းကလေးတချို့က ဘောင်းဘီအနက်ကျပ်ကျပ်ပြောင်ပြောင်တွေနှင့် အပေါ်က ဂျာကင်တွေနှသည်း ဝတ်ထားသည်။

ဒါပေမယ့် အတွင်းခံအကျီ စပို့ရှပ် လည်ဟိုက်တိုနံ့နံ့က ဟိုမမှီ ဒီမမှီ။ ချက်ပြုတ်ဆိုသည့် ဘောင်းဘီက ခြေဖျားထိ ရှည်ထားပေမယ့် ခါးမှာကျတော့ ချိတ်မိရုံလေးပဲရှိတာ၊ လျှောကျသွားတော့မယ့်အတိုင်း…။

ကကြနန်ကြတော့ လက်တွေမြှောက်တိုင်း ကိုယ်ခန္ဓာ အသားဝင်းကလေးတွေက မွှေးခနဲ ဝင်းခနဲ ပြီးပြက်လက်နေကြသည်။

နိုင်ငံခြားမှာ အနေများသည်၊ နိုင်ငံရပ်ခြားမှာ ပျော်ပါသည်ဆိုသော နှင်းမဟေသီ လို မိန်းကလေးတောင်မှ သူမကိုယ်တိုင် သတို့သမီးလောင်းဖြစ်နေလျက်နှင့် ဝတ်စားပြင်ဆင်ထားတာက သရုပ်မပျက်။

ဒေါ်ချစ်ဖူးငုံ သားငယ်ကို မလှမ်းမကမ်းကနေ မကြာခဏ ကြည့်နေမိရင်း သက်ပြင်းတွေပဲ ချနေမိသည်။ ပြောတော့ ပြောကြပါသည်။

"မမချစ် သားလေးက မင်းသား မလုပ်ဘူးလား၊ အရမ်းချောတာပဲ" တဲ့ …။

"အန်တီ သမီးတို့ကို ကိုချစ်သောသူ နဲ့ မိတ်ဆက်ပေးပါလားဆင်" ဆိုတာမျိုးတွေ …၊ ဒါကို မျက်နှာပွင့်တယ် ခေါ်သည်လား …။

ကိုယ့်မှာတော့ စိတ်ပျက်ဖွယ်တွေပါ၊ ချစ်သူ က အနားကပ်လာပြီး တိုးတိုးလေး အားပေးနေသေးသည်။

"စိတ်ပူမနေပါနဲ့၊ အဲဒီ အချောအလှလေးတွေကို မေမေ့သားငယ် စိတ်မဝင်စားပါဘူး၊ အနည်းဆုံး best frind လောက်ပဲ" တဲ့ …။



www.burmeseclassic.com

www.burmeseclassic.com



မပူဘဲ နေပါ့မလား၊ ကနေကြတာကိုက သားငယ်နားမှာ ပွတ်သီးပွတ်သပ် မွှေ့ဖက်မိတာတွေက ခဏခဏ ..။

"မေချစ် .."

"ဟော .. ဟင်!... သမီးငယ်၊ ဘာဖြစ်လို့လဲ ခေါင်းမူးနေလား"

ဟန်မဆောင်နိုင်အောင် မဲ့နေသည့် နှင်းဆီ မျက်နှာလေးက ဝတ်ထားရသည့် ဂါဝန်လေးကြောင့် စိတ်ကျဉ်းကျပ်နေပုံလည်းပေါ်ကာ ပခုံးပွတ်လိုက်၊ လည်ပင်းကုတ်လိုက်နှင့် ...

"မူးတော့ မမူးပါဘူး၊ ဒါပေမယ့် ဟိုလေ သမီး ခဏဝင်နားချင်လို့.."

"အေးလေ ဝင်နားလိုက် သမီး၊ သွား .. သွား .. အထဲမှာလည်း နှစ်ရက်လုံးလုံး သိပ်မနားရဘူး၊ ညှော်ခံပွဲကျတော့လည်း မေမေက ပြီးတဲ့အထိ နေခိုင်းထားတာကိုး.."

"ရပါတယ်၊ အခု ခဏလေး နားလိုက်ရင် ရပါပြီ၊ သွားမယ်နော်"

နှင်းဆီ မှာ ကိုကြီးတို့စုံတွဲကိုပါ ခွင့်တောင်းရသေးသည်။ မေချစ်က ဒီပွဲမှာ သမီးအငယ်ဆုံးအဖြစ် မိတ်ဆွေရင်းတွေနဲ့ မိတ်ဆက်ပေးမည်ဆိုလို့ ဝတ်ပါဆိုတဲ့အတိုင်း ဝတ်လာရသည်။

ဆင်ထားတဲ့အတိုင်း ကိုယ်မှာ လက်ဝတ်လက်စားတွေက ပြိုးပြက်လက်နေသည်။ ဒီလိုကြီးတော့ လူတွေဝိုင်းကြည့်ကြတာကို မခံချင်...

မေချစ် ရဲ့သမီးအဖြစ် အလွယ်တကူ လက်ခံခဲ့မိတာဟာ စည်းမိမ်ပိုင်ဆိုင်မှုတွေကြောင့်သက်သက်တော့ မဟုတ်ဘူးဆိုတာ ကိုယ့်ကိုယ်ကိုယ် လိပ်ပြာလုံသည်။

သို့လော သို့လောတွေနှင့် အမျိုးမျိုးသော အကြည့်တွေကြားမှာ ပင်ပန်းခဲ့တာတွေက ပိုပြီးနှိပ်စက်လာသလိုရှိခဲ့ပြီး အိပ်ရာထဲကို စောစောစီးစီး ရောက်ခဲ့ခြင်းသာ အဖတ်တင်၏။





ခေါင်းလှဲချလိုက်တာနှင့် ခဏလေး နားပါရစေလို့ ပြောခဲ့တာကို မေ့သွားခဲ့သည်။ ပါးစပ်က ရွတ်ဆိုနေသည့် သမ္ဗုဒ္ဓေမဆုံးခင် သူမ ခေါင်းထဲမှာ စေ့စပ်ညှော်ခံပွဲကြီးတစ်ခုလုံးလည်း ပျောက်၏။

အိပ်မက်ထဲမှာ ဂါဝန်လေးကားကား ပါးကွက်ဝိုင်းဝိုင်း ကြက်တောင်စည်းလေးနှင့် နှင်းဆီ သည် ဘဘရဲ့ ဆေးတံကြီးကို တုတ်တစ်ချောင်းလို ကိုင်ကာ ပြေးလွှားနေကြသည့် ပိုးဟပ်တွေကို အတင်းလိုက်ထုနေ၏။

"အငယ်မ ဆေးတံကို ချထားလိုက်လေ"

မကြီး အသံလား .. အဘွား အသံလား ...၊

ဒါပေမယ့် အပြာရောင် ပုဆိုးကွက်ကျဲကြီး 'မ' လျက် တလွှားလွှား ပြေးလိုက်နေတာက ဘဘ ဖြစ်သည်။

ပိုးဟပ်တွေနောက် မလိုက်နိုင်တော့ဘဲ ဆေးတံကိုပစ်ချကာ နှင်းဆီ အိပ်ရာထဲ ပြေးဝင်၍ စောင်ခြုံထဲမှာ ခြေဖျားလက်ဖျားတွေပါ ပေါ်အောင် ကွေးလိုက်၏။

သို့သော် ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၃၃]

"နှင်းဆီ .. ဟိတ် .. ထိုနှင်းဆီ .. ထစမ်း .."

"ဟင်!..."

ခေါ်နေသံကို ကြားသည်။ မျက်လုံးတွေကို ဖွင့်လို့မရ ..။

"တောက် .."

"ဖြန်း .."

"အား ..."

မျက်နှာပေါ်ကို ရေတွေ အေးခနဲ ပြေးစင်လာကာမှ အသိတရား တွေ ကိုယ်မှာ ကပ်ကာ ကိုလေး ခေါ်သံကြီး တက်ခေါက်နေတာကို ခွဲခြားမိလာ၏။

"ထိုနှင်းဆီ .."

"ဟင်!..."

အိပ်ရာထဲကနေ ငုတ်တုတ်ထထိုင်ကာ ကျိန်းနေသေးသည့် မျက် လုံးတွေကို ပွတ်သပ်ပစ်မိသည်။ ပွတ်နေမိရင်း မျက်လုံးက မပွင့်သေး ဘဲ ကိုလေး က ငါ့အိပ်ခန်းထဲထိ ဘာလို့ ဝင်နိုင်တာလဲလို့ တွေးမိသည်။





မျက်နှာက လက်တွေ ဖျတ်ခနဲ ရွေ့သွားသည်။ ရီဝေဝေ မျက်လုံးတွေက ပြူးတူးပြူးတဲရာထူးနှင့် အတိအကျ ရပ်တည်ကာ ...

"ကိုလေး က ညလေး အိပ်ခန်းထဲ ဘာဝင်လုပ်တာလဲ"

"ဘာ!..."

စိတ်ရှိလက်ရှိ အော်ပစ်လိုက်ပြီးမှ သူမရှေ့မှာ ရွေ့ခနဲ ဝင်ထိုင်ကာ ပခုံးနှစ်ဖက်ကို မညှာမတာ ဆွဲခါပစ်၍ ...

"မနိုးသေးဘူးလား ..၊ မျက်လုံးတွေ ပြူးပြဲနေပြီး မမြင်ဘူးလား၊ သေချာကြည့် .. ဒါ ဘယ်သူ့အိပ်ခန်းလဲ .."

"ဟင်!..."

"ကြည့် .. မသိသေးဘူးဆိုရင် မနိုးသေးဘူးလို့ သတ်မှတ်ပြီး ဆက်မနိုးတော့ဘူး၊ ခေါင်းကနေ ဓာတ်ဆီပုံးလိုက် ဖြိုးလောင်းပြီး မီးရှို့ ပေးလိုက်မယ်"

"ကိုလေး .."

တကယ် ထရပ်လိုက်တော့ နှင်းဆီ သေလုမျောပါး လိုက်ဆွဲကာ...

"ညလေး .. ညလေး ဒီထဲကို ဘယ်တုန်းက ရောက်နေတာလဲဟင်"

"ဘယ်လိုလုပ် သိမှာလဲ ..၊ ငါ ထသွားတုန်းက သိရင်လည်း ဟုတ်သေးတယ်၊ အခု အပြင်မှာ မေမေတို့ရော ဧည့်သည်တွေရော သူတွေ စုံနေပြီ၊ တောက် .."

ချစ်သော ပုံစံက ရေချိုးခန်းထဲက ထွက်လာကာစ မျက်နှာမှုန်မှုန်၊ ဆိုးကွက်စိပ်နှင့်ဖြစ်ကာ အကျီမပါ ..။

ဒေါကန်နေရင်း ချိုင်းပြတ်စွတ်ကျယ်တစ်ထည် ကောက်စွပ်ပစ် လိုက်မိသည်။ အိပ်ရာထဲက ထသွားပြီး ရေချိုးခန်းဝင်တဲ့အထိ ကိုယ့်ခဲ့ ဟားကို ငဲ့လည်းမကြည့်မိ၊ သတိလည်း မထားမိဘဲ လူတစ်ယောက်လုံး ဆောင်ခြုံထဲ ဝင်ခွေနေတာကို မသိတဲ့အထိ သူကလည်း ဘူ ..၊



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုယ်ကိုယ် ဒေါသထွက်ရင်း အိပ်ရာပေါ်မှာ ငုတ်တုတ်မေ့နေဆဲ နှင်းဆီ ကို လက်တစ်ဖက် ဆွဲချုပ်လိုက်ပြီး ...

"သွား .. မြန်မြန်ထွက်သွား .. ဘယ်သူမှ မမြင်စေနဲ့၊ လူတွေသိကုန်ရင် ကိုယ့်ပြဿနာ ကိုယ်ရှင်း ..၊ ဒါပဲ"

"အို .. ဘာဖြစ်လို့ အတင်းတွန်းနေတာလဲ"

"မတွန်းလို့ ရမလား၊ မင်းနဲ့ငါ ဒီထဲမှာ အတူရှိနေတာ မြင်သွားကြရင် ဘာတွေ ဖြစ်ကုန်မလဲ"

"ညလေး ဒီထဲက ထွက်သွားတာ တစ်ယောက်ယောက် မြင်သွားရင်ရော ပြဿနာဖြစ်မှာပဲ မဟုတ်ဘူးလား၊ သူ အရင် နိုးနေပြီးတော့ သူများကို မနိုးဘဲနဲ့ .."

"ဘာ!... ဘာ .. ပြောတယ်"

သူ့ကို တမင်တကာ မနိုးဘဲ ကြည့်နေတယ်များ မှတ်လို့လား..။ စိတ်တိုတိုနှင့် ပခုံးနှစ်ဖက်ကို ဆွဲလှည့် ခါပစ်မိပြန်သည်။

ဒီတစ်ခါ နှင်းဆီ ကလည်း ငြိမ်ငြိမ်လေး ငေးမနေတော့ဘဲ အတင်းပြန်ခါချလျက်...

"ဟုတ်တယ် .. ညလေး အဲဒီလိုဖြစ်တတ်တာ ကိုလေး သိသားနဲ့ မတော်တဆ ဖြစ်တာကို လူကိုချည်း ဖိဆူနေတာ"

"ဟ!.. မတော်တဆ ဖြစ်ရမယ့်ကိစ္စလား၊ ကျုတ်!.. ငါ ကန်ထုတ် ပစ်လိုက်ရရင် မြံပြင်ထိ ရောက်သွားတော့မယ်"

ဒီစကားကိုတော့ ရင်ထဲမှာ နာသွားသည်။ လူတွေသိလို့ ပြဿနာတက်ကုန်ရင် ကိုယ်က မိန်းကလေး ..၊ သူ ဒီလောက်ထိ ပေါက်ကွဲနေစရာလား ..။

"သွားမယ် .."

"ဟေ့ .."





သွားမယ်ဆိုတော့လည်း ချစ်သော ကမန်းကတန်း ပြန်ဆွဲထား၏။ မနက် ခုနစ်နာရီခွဲနေပြီ၊ အပြင်မှာ ဆည့်သည်တွေနှင့်...

"ဖယ်ပေးစမ်းပါ"

"တောင်းပန်မှ ပြောင်းဆန်နေတယ်၊ တိတ်တိတ်နေစမ်း"

"ဘာမှမထူးဘူး၊ ကြာလေ ပိုဆိုးလေဖြစ်မှာ .. ဖယ် .."

"ခဏနေဦး၊ အခြေအနေ ကြည့်ရဦးမှာ"

နှင်းဆီ တံခါးဘုကို ဆုပ်ကိုင်မိပြီးဖြစ်ကာ ချစ်သော က ပခုံးနှစ်ဖက်ကို နောက်ကနေ ပြန်ဆွဲလိုက်တော့ လူက ပြန်ပါလာပေမယ့် တံခါးက ပွင့်သွား၏။

"ဟာ!..."

"ချစ်သော .."

"သားငယ် .."

ဒေါ်ချစ်ဖူးငုံ က သားငယ်ကို နှိုးနေကျအတိုင်း နှိုးမလို့ လာတာဖြစ်ကာ မဟေသီ နဲ့ သူမရဲ့ညီမဝမ်းကွဲနှစ်ယောက်တို့က အိမ်နောက်ဖေးဘက်က အတူလျှောက်လာကြတာ ဖြစ်သည်။

တိုက်ဆိုင်စွာ ဒီအခန်းရှေ့လေးတွင် ဆုံစည်းမိကြပြီး အခန်းထဲမှာ အင်္ကျီမပါသည့် ချစ်သော ရင်ခွင်ထဲမှာ နှင်းဆီ ကျောပြင်လေး ကပ်လျက် နှစ်ယောက် ဖက်ထားလျက်သား။

မွေ့ရာပေါ်ကနေ တန်းလန်းကျနေသည့် စောင်နှင့် ဖက်လုံးက ကြမ်းပြင်ပေါ်မှာ ဦးစိုက်ထောင်နေ၏။

"မေမေ .."

"သားငယ် .. မင်း .. မင်းတို့ .."

"မဟုတ်ဘူး မေမေ .. သူ .. သူ .. ညက ယောင်ပြီး လမ်းလျှောက်လာတာ"



www.burmeseclassic.com

"ဘာ!.."

"သူ့ အဲဒီလို ယောင်တတ်တယ်၊ ပြောလိုက်လေ .."

"ဟုတ်ပါတယ် .. ဟုတ်ပါတယ် မေချစ် ရယ် .. သမီး .."

"တော်စမ်း .."

"တော်လို့မရဘူး မေမေ၊ မဟုတ်ဘူး .. မနှင်း အထင်မလွဲနဲ့နော် ကျွန်တော် တကယ် အမှန်ပြောတာ .."

နှင်းမဟေသီ မျက်လုံးတွေက အိပ်ရာထသည့်ပုံစံ၊ အိပ်ထားသည့် မျက်နှာနှင့် နှင်းဆီ ကိုလည်း ကြည့်သည်။ အသည်းအသန် လက်ကာ ငြင်းနေသည့် ချစ်သော ကိုလည်း ကြည့်၏။

ပြီးတော့ မျက်လုံးချင်းဆုံသွားသည့် ဒေါ်ချစ်ဖူးငုံ ကိုတော့ ရောင် ရိပ်တွေ ထင်နေသည့် အမိပွာယ်တို့နှင့်...

"လမ်းကြောင်းမှားလာတာပါဆိုတော့လည်း ယာဉ်စည်းကမ်း တွေအတိုင်း နှိုင်းယှဉ်ပြောရမှာပဲ၊ ဖြစ်စဉ်ကို ကြည့်လို့မရဘူး ချစ်သော စည်းကမ်းအတိုင်းပဲ ဖြစ်ရမှာ"

"ဟာဗျာ .. ဘာဆိုင်လို့လဲ"

"အန်တီလည်း ဒီတိုင်းပဲ စီစဉ်ပေးဖို့ ဆုံးဖြတ်ပြီး ဖြစ်နေမှာပါ"

ပြောပြီးတာနှင့် ရှေ့ကသွားနှင့်ကြသည့် ညီမတွေ နောက်က ညင်သာစွာ လျှောက်လိုက်သွား၏။

သူမ ဘယ်လိုအဓိပ္ပာယ်တွေနဲ့ ရိသွားခဲ့မှန်း ဘယ်သူမှ သ မထားမိလိုက်ပေ..။

မျက်နှာပူ အရှက်ရသွားခဲ့သော ဒေါ်ချစ်ဖူးငုံ သည် ပတ်ဝန်းကျ ကိုပါ ထားရစ်ခဲ့ပြီး ထွက်ပြေးချင်စိတ်တွေ ဖြစ်နေသဖြင့် သူမ မျက်နှ ကိုလည်း ဂရုမပြုမိ ..။

"မိုက်လိုက်ကြတာ .."





နှုတ်မှ တိုးတိတ်စွာ ရေရွတ်မိသည်။ အသံအားဖြင့် တိုးလျှသော် လည်း ရင်ထဲက တုန်ခါမှုအားကြောင့် ခေါင်းတွေပါ မူးနောက်လာ၏။

မနေ့ညကမှ အမွှေစားအမွှေခံ မွေးလိုက်ပါသည်လို့ပြောပြီး အားလုံးနဲ့ မိတ်ဆက်ပေးထားခဲ့သည်။

ဒီမနက်မှာ ချွေးမ ဖြစ်သွားခဲ့၏။

"မိုက်လိုက်တဲ့ ကလေးတွေ .."

လို့ အထပ်ထပ် ပြောမိစဉ် ...

"မဟုတ်ဘူး မေချစ် .. သမီး အဲဒီလို မိန်းကလေး မဟုတ်ဘူး"

"မေမေ့ကို သား ရှင်းပြမယ်"

တော်ပါပြီ .. နေပါတော့ ..။

ဒေါ်ချစ်ဖူးငုံ ခေါင်းတွင်တွင်ယမ်းရင်း မျက်နှာငုံ့ကျသွားစဉ် အနားမှာ ချစ်သူ နှင့်အတူ လူတချို့ ရောက်လာတာကို သိလိုက်သည်။

တကယ်တမ်းကျတော့ အိပ်မက်တွေနဲ့ လက်တွေ့က တခြားစီ..။



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၃၄]

ပန်းခြံထဲမှာ အေးဆေး လေညင်းခံနေသည်လို့ ထင်စရာရှိပေမယ့် မပေါ်သို့ ရင်ထဲမှာ ရှုပ်ထွေးခြင်းများနှင့် ပူလောင်နေခဲ့၏။

ဒေါ်ချစ်ဖူးငုံ အပေါ်မှာ သူမ လေးစားသမှု ရှိသည်၊ သံသယ တွေးမိတိုင်းလည်း အမြစ်တွယ်မနေအောင် ဖျောက်ဖျက်ဖို့ ကြိုးစားခဲ့

ဒီအိမ်မှာ ဘာတွေဖြစ်နေနေ ကိုယ်က ချစ်သူ ကိုမှ မပြတ်နိုင် တာ။ ဒါကို ပြောင်ပြောင်တင်းတင်း ဖွင့်ဟပြောမိရင်လည်း အမွေ ကို မက်နေသည်လို့ ထင်ခံရမှာ စိုး၏။

ဤသို့ရှိခဲ့ရင်း ဒီသံသယက ရင်ထဲမှာ ပေါ်လိုက် ပျောက်လိုက် သာ..၊ ခုတော့ ချစ်သော နဲ့ နှင်းဆီ ညားကြတော့မည်။

စေ့စပ်ခဲ့တာက အစ်ကို ..၊ တကယ် လက်ထပ်တော့က ညီ –

လောလောဆယ် လက်မထပ်သေးဘူးဆိုသည့် ဆုံးဖြတ်ချက် သူမသဘောအတိုင်း ချစ်သူ နဲ့ သူမ လက်ထပ်ဖို့က နေ့စွဲမရှိသေး

လူသိရှင်ကြား ဖြစ်သွားသဖြင့် လက်ထပ်ပေးရတော့မည် ကြောင့် ချစ်သော တို့ရဲ့မင်္ဂလာရက်က မဖြစ်မနေ သတ်မှတ်ရတော့





ဒေါ်ချစ်ဖူးငုံ ဟန်ဆောင်ကောင်းနေတာလား၊ မဟုတ်ရင် တကယ် သား..၊ အားလုံးက တကယ်ပဲ ဆိုးဝါးစွာ တိုက်ဆိုင်နေခြင်းလား..။

ပန်းတွေကိုငေးရင်း မျက်ဝန်းထဲမှာ ပန်းတွေမရှိဘဲ မျက်နှာတွေ တစ်ခုပြီးတစ်ခု ပေါ်လာနေကြသည်။

"မနှင်း ရဲ့ ယောက္ခမလောင်းကိုတော့ နားကို မလည်တော့ဘူး၊ ကိုယ့်မှာသားတွေရှိရက်နဲ့ မကြာခင်မှာ ဒီသားတွေက သားတွေ သမီး တွေ ထပ်မွေးလာဦးမှာကို မတွေးမိတာကျနေတာပဲ၊ အမွေစားအမွေခံ ဘက်မွေးစားလို မွေးစား၊ လက်ထပ်ပေးလို ပေး၊ ကောင်လေးက လိုက်တာ မင်းသားတွေ လိုက်မှီမှာ မဟုတ်ဘူး၊ ကောင်မလေးက ဒ်လည်း မလှဘူး"

"မလှပေမယ့် နှုတ်ခမ်းပါးလျှာပါးနဲ့ လည်မယ့်ပုံလေးပါ၊ ဒေါ်ချစ် က ကြင်နာတတ်တဲ့ပုံဆိုတော့ ဒီလိုလည်တာနဲ့တွေ့တော့ ဝါမှာပေါ့"

ဒီမှာ ညအိပ်နေသွားကြတဲ့ ဆွေမျိုးတွေထဲက ဆေဖန်ပြောဆိုသွား ကြတာတွေ သတိရမိသေးသည်။

သူမ စိတ်ထဲမှာ မကျေလည်ပေမယ့် ဒီအဖြစ်တွေမှာ ကောက် မှု မရှိနိုင်ဘူးလို့ပဲ တွေးမိနေသည်။ ချစ်သော ထံမှာ နှင်းဆီ အပေါ် သားရိပ် တစ်စက်လေးမှ မတွေ့ရသလို နှင်းဆီ ကလည်း ချစ်သော ချစ်သူ လောက်တောင် ရင်းနှီးဖော်ရွေတဲ့သူ မဟုတ် ..။

ဒီနှစ်ယောက်ကို လက်ထပ်ပေးဖို့ စိတ်ကူးရှိထားရင်တောင် ခု ဖြစ် သည့်အဖြစ်ကတော့ အမှတ်မထင် မှားယွင်းမှုသာ ဖြစ်နိုင်နေရာ..။

"မှားတယ်ဆိုတာ ဘယ်လိုမှားတာပဲဖြစ်ဖြစ် ကျူးလွန်မိသူမှာ တာပဲ သား ..၊ အခု အမှားကတော့ ပြန်လည် ပြုပြင်ဖို့ မလွယ် မှားပဲ"

"အဲဒါကို ကျွန်တော်တို့ နားလည်နေကြပဲ မေမေ၊ ကိုယ့်စိတ်ကို



www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာအောင် မွေးမြူလိုက်ပါ၊ နောက်ပြီး နှင်းဆီ ကို မေမေ ကိုယ့်သမီးလေးလို သဘောထားနိုင်လို့တောင် အမွေစားအမွေခံ မွေးစားခဲ့ပြီးပြီ၊ အဲဒီအတွက်ရော မေမေ စိတ်ချမ်းသာသလို လုပ်ပါစေဆိုပြီး ကျွန်တော်တို့ ဘာများ ပြောခဲ့လို့လဲ ..”

စကားသံတွေက နီးလာပြီမို့ ကိုယ့်ဘက်ကို လျှောက်လာကြတာမှန်း သိလိုက်သည်။ ထထွက်သွားဖို့ စိတ်ကူးမိလိုက်သော်လည်း ကိုယ်ရှိတဲ့နေရာ သူတို့ လာတာပဲမို့ မဟေသီ ဒီတိုင်းပဲ ဆက်ထိုင်နေလိုက်သည်။ နီးကပ်လာသည့် စကားသံတို့က တစ်နေရာမှာ ရပ်တန့်သွားသလို ကြားနေရလျက်နှင့် ဆက်တိုးမလာတော့ဘဲ ...

“ဟုတ်တယ် .. သမီးလေးလို မေမေ ချစ်တယ်၊ မေမေ့ကိုသူလည်း မိခင်ရင်းလို ပြုစုပေးနေတာပါ၊ ဒါပေမယ့် မေမေလေ .. မေမေ့ရဲ့ မိခင်မေတ္တာတွေရော .. မေမေ့ရဲ့ စည်းစိမ်တချို့ကိုရော ပေးကြည်ဖြူနိုင်တယ်၊ မေမေ့သားလေးကို မပေးချင်ဘူး”

“မေမေရယ် ..”

“အဲဒါ မေမေ မတရားဘူး၊ မေမေ့စကားတွေကြောင့် နှင်းဆီလေး အရမ်း နစ်နာပါတယ်၊ ဒါပေမယ့် ..”

“မေမေရယ် .. ပြောကြကြေးဆို မေမေ ခွဲစိတ်ပစ်လိုက်တဲ့ မှန်နှစ်ခြမ်းက တစ်ခုလုံး ပြန်ဖြစ်သွားတာပဲ၊ မေမေ လိုချင်တဲ့ သမီးလည်း နောက်ထပ် တစ်စုံတစ်ယောက်နောက်ကို မပါတော့ဘူး”

“မဟုတ်ဘူး .. မေမေ ဖြစ်စေချင်တာက မှန်တစ်ခုလုံး ပြန်ဖြစ်ဖို့ မဟုတ်ဘူး၊ အဲဒီမှန်ပေါ်မှာ နတ်သြဘာတွေ နောက်ထပ်လောင်းပြီး ပြည့်စုံထွက်တဲ့အရသာမျိုး ဖန်ဆင်းချင်တာ ..”

“ဒါဆိုရင် မေမေ့သားနဲ့ နှင်းဆီ ကို မေမေ လုံးဝ သဘောမတူဘူးပေါ့၊ ပေးစားမှဖြစ်တော့မှာကို ဘယ်လိုလုပ်ကြမှာလဲ”





“ပေးစားရမှာပါ၊ မေမေလည်း ဗုဒ္ဓဘာသာ မြန်မာမိန်းမတစ်ယောက်ပဲ၊ နှင်းဆီ ကိုလည်း မေမေ ချစ်တယ်၊ ဘာပဲဖြစ်ဖြစ် ကျေနပ်နိုင်အောင် မေမေ ကြိုးစားပါ့မယ်”

“လက်ထပ်ပေးလိုက်ပါ မေမေ၊ ဘကြီးသောင်း တို့ ရောက်လာရင် မေမေ့ဘက်က နွေးထွေးမှုတွေ တစ်စက်လေးမှ မလျှော့ပါစေနဲ့နော်၊ သူတို့က ရိုးသားကြတဲ့ တောသူတောင်သားတွေပါ”

“သားတို့ လက်ထပ်ဖို့ကိစ္စကို ဘယ်လိုလုပ်မလဲ သား ..၊ မေမေက မဟေသီ ပြောလာတဲ့အချိန်မှာ သူ့စိတ်တိုင်းကျ နေ့ညမဆိုင်း စီစဉ်ပေးမယ်လို့ အားခဲထားတာ၊ တစ်နှစ်တည်း နှစ်မင်္ဂလာ မပြုရဘူးဆိုတော့...”

“အခြေအနေတွေ ဒီလိုဖြစ်လာတာကို သူ နားလည်ပေးနိုင်မှာပါ၊ ကျွန်တော်လည်း ရှင်းပြမှာပါ မေမေ၊ အဲဒါကို သိပ်စိတ်မပူပါနဲ့၊ အခု ကျွန်တော်တို့က လက်ထပ်ပေးတော့မယ်လို့ အတိအကျ စီစဉ်တော့မယ်ဆိုရင် ညီ လက်ခံပါ့မလား၊ စိတ်ပူရမှာက အဲဒါပဲ”

“မေမေ စိတ်မကောင်းဖြစ်နေရတာလဲ အဲဒါပဲ သား၊ သားကို မဟေသီ ဘယ်လောက်ထိ ချစ်တယ်ဆိုတာ ပြောပြနေဖို့မလိုအောင် ပြည့်စုံသွားပြီ၊ အဲဒီမေတ္တာစိတ်လေးတစ်ခုနဲ့ပဲ သူ့ကို မေမေ ဘာဖြစ်ဖြစ် ပေးနိုင်တယ်၊ သည်းခံနိုင်တယ်၊ သမီးလေးလို ချစ်မိသွားတယ်ဆိုတာလည်း မှန်သောစကားပါ၊ ဒါကြောင့် သားရဲ့အိမ်ထောင်ရေးကို မေမေ တွေးမိခဲ့သလောက် လက်တွေ့မှာ ငြိုငြင်စိတ် လုံးဝမဖြစ်ဘဲ စိတ်ချမ်းသာသွားခဲ့တယ်၊ သားငယ်နဲ့ နှင်းဆီ ကျတော့ ဘယ်သူက ဘယ်သူ့အပေါ်အာ့ မေတ္တာမရှိကြဘူး၊ သားငယ်က မာနကြီးတယ်၊ နှင်းဆီ က ဘယ်သူ့ပီပီ သည်းမခံတတ်ဘူး”

“ဒါတွေကတော့ ...”



www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ် မေမေ့သားတွေကို အရမ်းချစ်ကြတဲ့ ဇနီးကောင်းလေးတွေနဲ့ပဲ လက်တွဲဖော် ဖြစ်စေချင်တာ၊ နောက်ပြီးတော့ သားရယ်-သားငယ်လေးကိုတော့ ဒီလို ချက်ချင်းကြီး လက်ထပ်ဖြစ်သွားနိုင်တယ်လို့ လုံးဝ ထင်မထားခဲ့ဘူးလေ"

ဒေါ်ချစ်ဖူးငုံ စကားတွေ ပြောသမျှ သူ့သားငယ်လေးကို မပေးနိုင်တာတွေချည်း ဖြစ်နေ၏။ မဟေသီ နေရာမှ အသာလေး ထရပ်လိုက်ကာ သားအမိ စကားပြောနေကြသည့်နေရာကို သေချာ ကြည့်လိုက်မိသည်။ ကျောက်ခက်ပင်အုပ်တွေရဲ့ ဟိုဘက်မှာ လူရိပ်တွေပဲ မြင်ရ၏။

သူမ ထိုဘက်ကိုမသွားတော့ဘဲ ရှောင်ထွက်သွားခဲ့တဲ့အထိ ချစ်သူတို့ မသိလိုက်ကြပေ ...။

အားလုံးအတွက် အကြီးမားဆုံးလို့ ထင်ခဲ့ကြသည့် ပြဿနာတစ်ရပ်က ဘာမှမဟုတ်တော့သလို ဖြစ်သွားခဲ့ပြီး မထင်မှတ်သည့် လေပွေလေး ဝှေ့တိုက်သွားသဖြင့် ပင်ယံထက်က ပန်းပွင့်လေးတွေ တဖြုတ်ဖြုတ် ကြွေဆင်းသွားခဲ့သလိုမျိုး ...။

သက်ဆင်းခဲ့ကြတာချင်း တူရင်တောင် ကြွေလွင့်ခဲ့ရတာထက် ခြွေယူလိုက်တာဆိုရင် ပိုမကောင်းဘူးလား ...၊

တကယ်ဆိုရင် ညားဖို့က အဓိကမဟုတ်၊ ချစ်ဖို့သာ လိုတာပါ-





အခန်း [၃၅]

ဒီလောက်ထိတောင် ယောင်တတ်တဲ့သူ ရှိသလား ...၊ ကိုယ့်ရဲ့ ကောင်ကိုယ်တိုင်က ထောက်ခံနေသည်။

ဦးဘသောင်း က မျက်နှာငယ် အရှက်ရနေသော အုံ့မှိုင်းသည့် တော်ဝန်းများကို ခပ်စင်းစင်းချပြီး ရှင်းပြနေ၏။

ဒေါ်ချစ်ဖူးငုံ ခေါင်းတညိတ်ညိတ် ဖြစ်သွားရတော့သည်။ ထိုညက မဟုတ်ဘူး မေမေ၊ သူ ဒီလိုပဲ ယောင်ယောင်ပြီး လမ်းထလျှောက်တတ်တာ' လို့ သားငယ် ရှင်းပြနေတာကို ငြင်းဆန်ချင်လို့ပဲလို့ ထင်ခဲ့၏။

"သူ့ကိုကျုမှ ဘွဲ့ရအောင် မတက်နိုင်းတော့တာ အဲဒါကြောင့်ပါ၊ ခါတစ်ခါမှ ဖြစ်တတ်ပေမယ့် အထိန်းအကွပ်မရှိတဲ့ တစ်ရပ်တစ်မှာ စိတ်မချဘူးလေ၊ ဒီမှာ နေခဲ့မယ်ဆိုတော့လည်း သူ့အစ်မနဲ့ သွားလုပ်သူက ကျုပ်ကို အပြစ်တင်ကြတယ်"

ဦးဘသောင်း က အားလုံးရဲ့ရှေ့မှာပဲ ပြောပြနေတာ ဖြစ်သည်။ ယ့် နှင်းဆီ နဲ့ ချစ်သော တို့ မရှိကြပါ။

ယ်ဖြူ ဆိုသည့် မိန်းကလေးကတော့ အကျီရင်စေ့ နှံသာရောင် ည်လေးနှင့် ဆံပင်တွေကို ကျစ်ဆံမြီးတစ်ဖက်တည်း ကျစ်ချ



www.burmeseclassic.com

www.burmeseclassic.com



ထား၏။ ပါးကွက်လေးတွေ တင်ထားတော့ တောသူပုံစံ ရှင်းရှင်းလေးပဲ ဖြစ်သည်။

ရောက်လာကာစက ညီမဖြစ်သူနှင့် စကားတွေ ပြောလိုက်၊ တိုးတိုးကြိတ်ကြိတ် မေးမြန်းနေလိုက်နှင့် ခုကျတော့ မျက်ဝန်းလေးတွေက အစ ငြိမ်သက်လျက်။ လူကြီးတွေစကားထဲမှာ တစ်ခွန်းတစ်ပါဒမှ ဝင်မပါ ...။

မယောသီ ကတော့ ညှော်သည်မကာ မီသားစုမကျမို့ ပွဲကြည့်ပရိသတ် လုပ်နေတာဖြစ်ကာ အားလုံးကို အကဲခတ်သည့်အကြည့်များနှင့် ရှိနေခဲ့၏။

“လေးနှစ်သမီးလောက်ထိ ဒီကလေး ဒီလိုမဖြစ်သေးဘူး၊ သူတို့ မိဘတွေရှိစဉ်ကတည်းက ကျုပ်တို့ပဲ ထိန်းကျောင်းနေခဲ့တာပါ၊ အားလုံးကို သိတယ်၊ နောက်ပိုင်း ရွာထိပ်နတ်စင်က မကျေနပ်တဲ့လူဆိုရင် ပြုစားဘယ်ဘာညာနဲ့ သတင်းကြီးပြီး ရွာထဲမှာ လူသတ်မှုတွေဖြစ်လိုက်၊ ကိုယ့်ကိုယ်ကိုယ် ကြိုးဆွဲချသေတာတွေ ဖြစ်လိုက်နဲ့ အနိဋ္ဌာရုံ မြင်ကွင်းတွေကို ဆိုးဆိုးဝါးဝါးမြင်ပြီး ည ည လန့်အော်တာကနေ ယောင်တတ်သွားတာ၊ သူက နေ့ဆိုရင် လူကြီးသွားသမျှ လိုက်တယ် ဘာမဆို ကိုယ်တိုင်မြင်ရမှ၊ ကိုယ်တိုင် ကြည့်ရမှ၊ ကြည့်ရုံနဲ့ လန့်တာ အော်တာ ဘယ်တော့မှ မဖြစ်ဘူး၊ သူ ကြောက်တတ်ပါလားဆိုတာကို သိရတာ ညကျမှ ..”

“မကြာခဏ မဖြစ်လို့ပေါ့ ဦးလေးရယ် .. မိန်းကလေးတစ်ယောက်အတွက် ဘယ်လောက် အန္တရာယ်ကြီးလိုက်သလဲ”

“ဟုတ်တယ် .. တစ်နှစ်နေလို့ တစ်ခါလောက် ဖြစ်ခဲတယ်၊ ခုချိန်ထိလည်း ဘာမှ ဆိုးဆိုးဝါးဝါး မဖြစ်ခဲ့သေးဘူး”

“ဒါပေမယ့် ဘကြီးသောင်း ရဲ့သမီး ရွာမှာလည်း ချစ်သော





အိပ်ခန်းထဲ ရောက်ဖူးသေးတယ်နော်၊ သူတို့နှစ်ယောက်က ဖူးစာကို ဆုံချင်နေတာ”

ပြောထားလို့ သိရပြီးပြီမို့ ဒေါ်ချစ်ဖူးငုံ သက်ပြင်းချနေမိသည်။ လူကြီးတွေ ဆုံနေကြတုန်း လက်ထပ်ပေးကြမည်ဆိုတော့ ဦးဘသောင်းက သဘောမတူ ...။

စပယ်ဖြူ ကလည်း သူ့ညီမလက်ကို ဆွဲ၍ ...

“ဟုတ်ပါတယ် .. သမီးတို့ လိုက်လာတာ ညီမလေးကို ပြန်ခေါ်သွားဖို့ပါ၊ ဒီလိုအဖြစ်က ရွာမှာလည်း ဖြစ်ခဲ့ဖူးတယ်၊ သူ့ရဲ့ ယောင်တတ်တဲ့အကျင့်ကို အားလုံးလည်း နားလည်သွားပြီဆိုတော့ ..”

“ဟာ!... ဒီလို ဘယ်ဟုတ်မလဲ”

ဦးစိုးမိုးသူ နဲ့ ချစ်သူ တို့က ကန့်ကွက်ကြပြီး...

“ဟိုမှာက နှင်းဆီ က သူ့အိမ်ကို သူပြန်တာ၊ ကျွန်တော်တို့က သူ့အိပ်ခန်းထဲမှာ ရှိနေကြတာကိုး၊ ပြီးတော့ သူ့နောက်က ဘကြီးသောင်း တို့ တန်းပါလာတာလေ”

“ဟုတ်ပါတယ် .. ပုံစံ အနေအထားချင်းက ကွာမှာပါ၊ ဒီက ညီမလည်း စိတ်အေးအေးထားပါ၊ နှင်းဆီ က တခြားလူမှ မဟုတ်တာ၊ ကျွန်တော်တို့ညီမ .. မေမေ့သမီးပါပဲ၊ သားနဲ့ လက်ထပ်ပေးလိုက်တဲ့ အတွက် သွေးသားမတော်စပ်တဲ့လူချင်း၊ ဘာမှ ထူးခြားပြောင်းလဲသွားဖို့မှ မရှိတာ”

“မဟုတ်ဘူး .. အမွေစားအမွေခံဆိုတာတွေလည်း ဘာမှ မလုပ်ခဲ့ဘူးပဲ ထားလိုက်ပါရှင်၊ ကျွန်မတို့ ညီအစ်မမှာ မချမ်းသာပေမယ့် မိဘလက်ငုပ်လက်ရင်း လုပ်ငန်းအိမ်ယာနဲ့ အမွေအနှစ်တော့ ပိုင်နိုင်ပါတယ်၊ နှင်းဆီ ကို ပြန်ပေးပါ”

စပယ်ဖြူ က မျက်နှာတည်တည်လေးနှင့် ဖွတ်တိုးပြောနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ရောက်ကတည်းက အကဲခတ်မိသည်။ နှင်းဆီ ကလည်း ဝန်ခံ၏။

ချစ်သော က လက်မထပ်နိုင်ပါဘူးလို့ ခါးခါးသီးသီး ငြင်းခဲ့တဲ့ အကြောင်း ..၊ ထို့ပြင် အခု လက်ထပ်ရက် သတ်မှတ်ကြဖို့ လူကြီးချင်း စကားပြောဖို့အချိန်ထိ အပြင်မှာချည်းပဲ ထွက်နေတာ အိမ်ပြန်ကပ်တယ်လို့ မရှိဘူး တဲ့ ..။

"ဒီလို မချစ် .. ကျုပ်တို့ မိသားစုတွေလို နေကြတာဆိုတော့ ပွင့်ပွင့်လင်းလင်းပဲ ပြောရအောင်"

ဦးဘဆောင်း က သမ္မမြေးရဲ့ စကားထဲကို ဝင်ပါလာကာ...

"အစက ဒီမှာ နေပါစေ၊ မွေးစားမယ်ဆိုလည်း ရှိပါစေလို့ ထားခဲ့တယ်၊ အဲဒါက ညည်းအတွက် သမီးမိန်းကလေးလို အဖော်ကောင်း အဖြစ် ရှိနေပေးစေချင်လို့ပါ၊ ခုလိုဖြစ်ကုန်ကြဖို့မှ မဟုတ်ဘဲ၊ အားလုံး ပြောင်းလဲသွားတဲ့အတွက် တို့မိသားစုချင်းမှာ နှစ်နာမှုတွေ၊ ဆုံးရှုံးမှုတွေ ထွက်မနေပါနဲ့၊ ကျုပ်တို့လည်း မတွက်ဘူး၊ လူငယ်ချင်း တကယ် မှားယွင်းကြတာ မဟုတ်တဲ့အတွက် .."

"နေဦး .. နေပါဦး ဦးလေးရယ် .. နားထောင်နေရတာ မကောင်း လိုက်တာ၊ သမီးရဲ့သားနဲ့ နှင်းဆီ ကို ဘယ်လိုမှ သဘောမတူနိုင်လို့ ခုလို ငြင်းနေကြတာလား၊ အဲဒါလေးပဲ ဖြေပါ"

"မဟုတ်ဘူး .. အဲဒါနဲ့ မဆိုင်ဘူး၊ သူတို့ချင်း မေတ္တာမရှိကြဘဲ ရေရှည်မှာ အခက်တွေ့မှာ စိုးတယ်"

"သုံးနှစ်သုံးမိုး လေ့လာ သုံးသပ်ပြီးမှ ဆုံးဖြတ် လက်ထပ်ကြတာ တောင် အိမ်ထောင်ရေးတစ်ခုမှာ ဘယ်လိုမှ စင်းလုံးချော ရမလာနိုင်ဘူး ဦးရဲ့၊ တစ်မိသားနဲ့ တစ်မိသား ပေါင်းဖက်ကြတာမှာ အခက်တွေ့ကြ တာပါပဲ၊ တစ်ခု နှစ်ခု မကဘူး အခက်အခဲတွေ အများကြီးကို ဖြတ် သန်းကြရမှာ၊ ဒီလိုနည်းတွေနဲ့တော့ အကြောင်းမပြပါနဲ့ ဦးလေးရယ်..





သမီးလည်း ကိုယ့်သားလေးကို ယေ်ဘေးတယ်လို့ ထင်နေဆဲပါ၊ ဒါပေ မယ့် ဒီကိစ္စဟာ သံယောဇဉ်တွေ၊ လူမှုရေးတွေနဲ့ လုံးထွေး ဖျောက်ဖျက် ပစ်လို့ရမယ့်ကိစ္စ မဟုတ်ဘူး၊ သမီးနဲ့ ဦးလေးတို့ပဲ နှစ်ဦးကြိုတ်ပြီး ဖျက်လို ဖျက် .. ပြင်လို ပြင် လုပ်လို့လည်း မရဘူး၊ လူတွေလည်း သိ ကုန်ကြပြီ၊ ဒါကို သမီးတို့ ဝတ္တရားရှိတဲ့အတိုင်း ဆောင်ရွက်မပေးရင် လူကြီးတွေက ဘာတွေ ဖြစ်သွားမလဲ .."

ဒေါ်ချစ်ဖွားငုံ သည် စကားတွေ အများကြီး ပြောနေပြီးမှ စပယ်ဖြူ နှင့် လက်ချင်းထပ်ဆုပ်၍ ငြိမ်သက်နေသည့် နှင်းဆီ ကို လှမ်းကြည့်သည်။

"သမီးကိုယ်တိုင်က သားငယ်ကို ဘယ်လိုမှ လက်မခံချင်တာ လားဟင်၊ ဒီကိစ္စကြောင့် ဒီအိမ်မှာကိုပဲ မနေချင်တော့တာလား"

နှင်းဆီ ပါးစပ်ပြင်လိုက်ပြီးမှ ပြန်ပိတ်သည်။

အလွယ်တကူ ပြီးစီးသွားမည် ထင်ခဲ့သော လက်ထပ်ပွဲသည် အတိုက်အခံ၊ အချေအတင်တွေနှင့် ဖြစ်ခဲ့ရင်း အောင်မြင်စွာ ပြီးဆုံးသွား ခဲ့သည့်အချိန်၌..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၃၆]

"ငုတ်တုတ်ထိုင်ပြီး ဘာလုပ်နေတာလဲ .. မင်းက .."

တံခါးပွင့်သွားခြင်း၊ လူရိပ်ပေါ်လာခြင်းနှင့် အသံက ဆက်တိုက်ကြီးမို့ နှစ်ယောက်အိပ် မွေ့ရာကြီးရဲ့ဘေးက ကြမ်းပေါ်မှာ ကိုယ့်ဒူးကိုယ်ပိုက်၍ ငုတ်တုတ်ငိုက်နေသည့် နှင်းဆီ ဆတ်ခနဲ မတ်သွား၏။

နာရီဆီ မျက်လုံး အရင်ရောက်သွားတော့ ည ဆယ့်တစ်နာရီ-နောက်ယပ် နာ... ...ဲ ဝင်လာတာက အရက်နံ့ ..။

"ကိုလေး အရက်တွေ သောက်လာတယ်"

"ဟုတ်တော့ ဘာဖြစ်လဲ"

ဟုဆိုကာ မွေ့ရာစွန်းမှာ ပက်လက်လဲတော့မတတ် အိခနဲ ထိုင်ချလိုက်၏။

"သူများတွေလို ရင်ခုန်သံတွေနဲ့ ဘချလာနိုက်တွေ ဘာတွေ ဆီးယားစ် လုပ်လာတာ မဟုတ်ဘူးနော်၊ စိတ်ကူးတွေ ခလုတ်တိုက်မနေနဲ့ စိတ်ညစ်လွန်းလို့ အမူလုံးကြီးကို ရေဖျော်ချလာတာ"

"ဩော် .. ဘယ်သူကရော ပျော်လွန်းလို့လဲ"





"သိဘူးလေ .. မင်းက ပျော်ချင် ပျော်နေမှာပေါ့"

နှင်းဆီ မျက်လုံးတွေ ကျယ်သွားကာ ငုတ်တုတ်ကနေ ထရပ်လိုက်မိ၏။ ပြီးတော့ တော်တော်ကြီး သောက်လာတာမှန်း သိသာအောင် နီရဲနေသည့် မျက်နှာနှင့် မျက်တောင်ဖျားတွေ မှေးစင်းနေတာကို ငုံ့မိုးကြည့်၍ ...

"ကိုလေး အဲဒီလောက်တောင် ကိုယ့်ကိုယ်ကိုယ် အထင်ကြီးနေသလား၊ ကိုလေးနဲ့ လက်ထပ်လိုက်တာကို ပျော်နေရအောင် ကိုယ့်ကိုယ်ကိုယ် ဘာလဲဆိုတာ ပြန်ကြည့်ဦး"

"ငါက ဘာလဲ .. ဟုတ်လား .. ဟွန်း .. နတ်သမီးတွေ တစ်ဖက်လေးငါးရာနဲ့ စံတော်မူနေနိုင်တဲ့ လူ့ပြည်က ရွှေမင်းသား .."

ကိုယ့်စကားကို သဘောကျပြီး ချစ်သော က ရယ်နေသည်။ မွေ့ရာပေါ်ကို လက်နှစ်ဖက် နောက်ပြန်ထောက်၍ ကိုယ်ကို လျော့ရိလျော့ရဲ လှန်ချထားလျက် ...

"နတ်သမီး တစ်ထောင်ထဲမှာရော .. ခြေသုတ်ပုဆိုးလို ပြုစုပေးနေတဲ့ မောင်းမခြွေရံတွေထဲရော မင်း လုံးဝ မပါဘူးနော်၊ အဲဒါ သေချာတယ်"

"သေချာတယ်လေ .. ဘယ်ပါမလဲ ကျွန်မက ရှင့်ထက်မြင့်တဲ့ အထက်ဘုံမှာ မိန့်မိန့်ကြီး ခံစားနေတာတိုး၊ ယောကျ်ား မတန်မယ့် အလှတွေပြင်၊ မိန်းကလေးတွေကို ဖမ်းစား၊ အသည်းခွဲနေတဲ့ ရှင့်ထက် ငယ်စဉ်တောင်ကျေးအရွယ်ကတည်းက ဘာဘနဲ့အတူ ဆေးလိုက်ကုရင်း အသက်ကယ်ပေးနေတဲ့ ကျွန်မက ပိုမြတ်တယ်"

ချစ်သော သောက်လာတာတွေတောင် အမြန်ဆုံးနှုန်းနှင့် ထိုးဆင်းကျသွားသလား မသိ၊ မူးနေပေမယ့် ပြောနေသမျှကို နားလည်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ထဘီတစ်ချက်ခါလိုက်တာနဲ့ ရှင် အဝီစီထိ တိုက်ရိုက်ပြုတ်ကျသွားမှာ၊ မယုံမရှိနဲ့ .."

"ထိုနှင်းဆီ .. မင်း .. မင်း .. ဒီလောက်တောင် ရိုင်းရလား"

"ရှင့်မိန်းမ ဖြစ်သွားမှ ပိုတိုးလာတာ"

ပြောလိုက်သမျှ ခံပက်နေလိုက်တာ တစ်ခွန်းလေးမှ နောက်ကျကျန်ခဲ့တာ မရှိ ..၊ ထိုနှင်းဆီ ဆိုသည့် သူမကို ကြမ်းပေါက်ကနေ စိတ်ဝင်တစား လိုက်ငုံ့ချောင်းကြည့်မိတာလည်း ရိုင်းပဲ ရိုင်းနိုင်လွန်းလို့ ဖြစ်သည်။

ကိုယ်နဲ့မဆိုင်တုန်းက ချစ်စရာလေးလို့တောင် မြင်မိပါသေး၏။ ထို့ကြောင့် သူပဲ စကားတွေ လိုက်စပြော၊ ရင်းနှီးချင်စိတ်တွေ ဖြစ်လိုဖြစ်..၊ ခုတော့ လည်ပင်းထညှစ်မိဖို့ နီးစပ်နေပါပြီ ..။

"တောက် .. မင်းတော့နော် .. မင်း .."

"ပြောပါ .. 'မင်း'က ဘာဖြစ်နေလို့လဲ"

"မင်း မဖြစ်ဘူး၊ မင်းကြောင့် ငါ လူသတ်ချင်နေတာ၊ ဒီထဲက မြန်မြန် ထွက်သွား"

"ဘာလို့သွားရမှာလဲ၊ ကိုလေး သွား .."

"ငါ မင်းနဲ့ တစ်ခန်းတည်း လုံးဝ မအိပ်ဘူး"

နှင်းဆီ နှုတ်ခမ်းလေး စူသွားသည်။ ပြေးတိုက်တိုင်း မလှုပ်ခဲ့ဘဲ မယုံ ခံနေရသည့် ရင်ဘတ်က သစ်ငုတ်တို မဟုတ် ..။

"ညလေးကလည်း အဲဒါတွေပြောဖို့ စောင့်နေတာပဲ၊ အပြင်မှာ ဘာဘာတို့လည်း ရှိချင်ရှိနေမှာ၊ ဘယ်အခန်းမှလည်း ပြင်ပြီးသား မရှိဘူး"

"အဲဒီတော့ ဘာဖြစ်လဲ .."

"ညည့်ခန်းပဲ အိပ်လို့ရတာ ရှိတယ်၊ ကိုလေး ထွက်အိပ်ပေါ့"

"ဒီမှာ .. အိမ်ထဲ ဝင်လာကတည်းက ဒီအိပ်ခန်းထဲကို ဝင်လာရို့





လုံးဝ အစီအစဉ် မရှိဘူး နားလည်လား ..၊ ကိုချစ် အတင်း တွန်းထည့်လိုက်လို့ ဝင်လာခဲ့တာ၊ ထပ်ထွက်သွားလည်း ထပ်ဝင်ခိုင်းဦးမှာပဲ၊ ဒီတော့ မင်း ထွက်အိပ်"

နှင်းဆီ နားထဲမှာ ခါးသွားသည်။ နှုတ်ခမ်းကို ဖိကိုက်ပစ်လိုက်ရင်း မျက်နှာလေးကိုပါ မော့ပစ်လိုက်မိကာ ...

"မထွက်ဘူး၊ ကိုလေးက မအိပ်ချင်တဲ့သူ၊ ကိုလေးပဲ ထွက် .."

"ဟာ!... ဟိတ် .. ကြည့်စမ်း .."

နှင်းဆီ က ဟိုဘက်ကို ကွေ့ပတ်သွားကာ မွေ့ရာအစွန်းမှာ ဆောင့်ခနဲ ဝင်ထိုင်သည်။ အဆင်သင့် ရှိနေသည့်စောင်ကို လက်နှစ်ဖက်နဲ့ စုံကိုင်၍ ခေါင်းမြီးခြုံပြီးသားပုံစံနှင့် လှဲအိပ်ပစ်လိုက်၏။

မှုးနေသည့် မျက်ခွံလေးလေး ပြန့်ပြန့်တွေ ပြူးပြဲဖြစ်ကုန်ကာ ခြေချထိုင်နေရင်းကနေ နှင်းဆီ ကို လိုက်ကြည့်ပြီး ချစ်သော ကိုယ် တစ်ပတ်လည်သွား၏။

လုပ်ချင်တာလုပ်သွားတော့လည်း 'တ ဟာ.. ဟာ ..'နှင့် သူပဲ ကျန်ခဲ့ရကာ ...

"မင်း တကယ် ဖွတ်ပါလား .. အေး .. ရတယ်၊ အချစ်မပါ ကိုယ်ဗလာနဲ့ မင်းနဲ့ငါ ဒီည ကစားကြတာပေါ့၊ နောက်တော့မှ သံပြာနဲ့ အော်မပြေးနဲ့နော်"

"ဟင်!... ဘာလုပ်တာလဲ၊ ကိုလေးနော် .."

"မင်းပဲ ငါနဲ့အတူတူ နေချင်တာလေ"

"နေချင်လို့ မဟုတ်ဘူး၊ ဒေါ်သဖြစ်လို့ သိလား၊ မရဘူးနော် .. စောင်ကို မဆွဲနဲ့၊ ဖယ်နော် .. ညလေး မမိုက်ရိုင်းချင်ဘူး"

"ငါက မင်းထက် ပိုတာပေါ့"

ချစ်သော က နှင်းဆီ ခြုံထားသည့်စောင်ကို အတင်း ဆွဲခွဲဖယ်



www.burmeseclassic.com

www.burmeseclassic.com



ပစ်ဖို့ ကြိုးစားနေ၏။ နှင်းဆီ အလန့်တကြား ပြန်ဆွဲထားကာ စောင် တစ်ထည်နှင့် လွန်ဆွဲသလို ဖြစ်နေကြသည်။

"ကိုလေး လွှတ်လိုက်နော် ..."

"မင်း လွှတ်လိုက်"

မွေ့ရာစွန်းနှစ်ဖက်မှာ ထိုင်နေမိကြကာ ချစ်သော့ က စောင်ကို အတင်းဆွဲထားပြီး ဓောင်တက်သမားတွေရဲ့လက်လို ရှေ့ကို တစ်ဖက် ချင်း တိုးတက်လာ၏။

အဲဒီလက် ဒီဘက်ထိ ကျူးကျော်လာနိုင်ရင် ဘာတွေ ဖြစ်မလဲ... ဒီစောင် သူ့လက်ထဲ ပါသွားခဲ့ရင်ရော ...၊

နှင်းဆီ တမင်တကာ ရစ်နေသည့် ချစ်သော ကို စိတ်တိုသွား၏၊ ရှုံးဒိုင်းဆို ပေါက်ကွဲလွယ်တတ်သည့်စိတ်ရဲ့နောက်မှာ လက်က တင် ထပ်တည်း ...။

"ဘယ်သူ နိုင်မလဲ ကြည့်လိုက်လေ ...၊ ဆွဲလိုက်စမ်း"

စိန်ခေါ်လိုက်တာနှင့် ချစ်သော က မဲ့ပြုံးပြုံးကာ စောင်ကို ပို၍ အားစိုက်ဆွဲ၏။

"ရော့ .. ယူလိုက် ..."

"ဟာ!..."

အတင်းဆွဲလိုက်ပြီဆိုမှ လွှတ်ချလိုက်သဖြင့် ချစ်သော သူ့အားနှဲ့ သူ ပြန်ပါကာ ခုတင်ပေါ်ကနေ ဇွမ်းပြန်ကျလေသည်။

"ဒုန်း ..."

"အား .. သေပြီ"

စိတ်ကူးထဲမှာထက် ပို၍ ပြင်းထန်သွားမှန်းသိကာ နှင်းဆီ 'ဟင်' ခနဲ ဖြစ်သွား၏။

ခုတင်ဟိုဘက်အစွန်းကနေ ဒီဘက်အောက်ကို လေးဘက်





ထောက်လေး ပြေးလာပြီး ငုံ့ကြည့်လိုက်တော့ ချစ်သော ပက်လက်ကြီး ရှုံ့မဲ့လျက် လက်နှစ်ဖက်နဲ့ ခေါင်းကို ပြန်ဖက်ထား၏။

"ကိုလေး .."

ကိုယ်မှာ ပတ်နေသည့်စောင်ကို ကမန်းကတန်း ခွာချကာ နှင်းဆီ ခုတင်ပေါ်က ဆင်းသည်။ သူ့ကို ထူပေးမလို့ပေမယ့် ချစ်သော ၏ ဒေါသမျက်နှာကြီး နီရဲနေကာ ...

"လာခဲ့ .. အပေအတေမလေး၊ နင့်ကို ပညာပေးမယ်"

"ဟင်!... ဘာလဲ .. ဘာလုပ်တာလဲ၊ ကိုလေးနော် .."

"ဘာ ကိုလေးလဲ .. မခေါ်နဲ့၊ ဟန်ဆောင်ဖန်ဆောင်တွေ"

"မောင့်အင်း"

မျက်နှာက ရှုံ့မဲ့နေပေမယ့် လက်ကောက်ဝတ်ကို ဖမ်းဆုပ်ထား လိုက်တာ ပြုတ်တူနဲ့ ညှပ်ပစ်လိုက်တဲ့အတိုင်း ...၊

ပြီးတော့ လဲကျနေရာကနေ တုန်းထကာ သူ့ခြေထောက်မှာ ငြိနေ သည့်စောင်ကို ခွာချနေစဉ် ...

"ဘာဆိုင်လို့လဲ ...၊ ကိုလေး ကိုယ့်ဒေါသနဲ့ကိုယ် ဖြစ်တာ"

နှင်းဆီ တအား ဆောင့်ရုန်းပစ်လိုက်ပြီး ဖျတ်ခနဲ ထပြေးသည်။ ရှတ်တရက် အခန်းထဲမှာ ဟိုပြေးလိုက် .. ဒီပြေးလိုက် ဖြစ်သွားပြီးမှ တံခါးကို ပြေးဖွင့်လိုက်လျှင် ...

"ဟင်!..."

တံခါးရှေ့မှာ မေချစ် နဲ့ ချစ်သူ တို့က အထဲကိုကြည့်လိုက်၊ နှင်းဆီ ဆီ ပြန်ရောက်လိုက် ...။

"ဘာဖြစ်ကြတာလဲ သမီး"

"ဟို .. ကိုလေး .."

"နှင်းဆီ .."



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်မလေး မဆင်မခြင်တွေ ပြောတော့မှာကို သိလိုက်လို့ အမိအရ လှမ်းအော်တားပေမယ့် မမီလိုက် …။

"သူ့ဟာသူ စောင်နဲ့ လုံးထွေးပါသွားပြီ ကျတာ မေချစ်၊ သမီး ဘာမှမလုပ်ဘူး"

"စောင်နဲ့ ဘာဖြစ်လို့ လုံးထွေးကျတာလဲ၊ ညီ မအိပ်သေးပါဘူး ခုနကမှ ဝင်သွားတာကို"

"ဟုတ်တယ် .. ကိုလေးက ညလေးကို ဟို …"

"ထိုနှင်းဆီ .."

ဒီတစ်ခါ ချစ်သော အနားကို ရောက်လာကာ …

"မင်းကို ငါ ဘာလုပ်သေးလို့လဲ၊ နားရင်းအုပ်လိုက်ရရင် သေဦးမယ်"

လက်ကြီး တကယ်ရွယ်တော့ နှင်းဆီ ဇက်လေးပုသွားပြီး လက်ကာလျက် …

"ကိုလေးနော် .. ကိုလေးပဲ ခုနက .."

"လာပြန်ပြီ၊ ငါ ထိုးမှာနော် .."

"သားငယ် .."

နှင်းဆီ ပါးလေးနားကို ကပ်သွားသည့် လက်သီးဆုပ်ကြီးကို ဒေါ်ချစ်ဖူးငုံ က ဖယ်ချပစ်လိုက်ကာ …

"ဒီနေ့ပဲ လက်ထပ်တယ်၊ ဘယ်လိုဖြစ်နေတာလဲ သားငယ် - မင်း အရက်တွေမူးပြီး ယိမ်းထိုးဝင်လာတာလည်း မေမေ မြင်တယ် မင်္ဂလာပွဲကို အကြောင်းပြုပြီး ယိမ်းထိုးပြန်လာတာမို့ မေမေ ဘာမှ မပြောဘဲ ကြည့်နေခဲ့တာ .."

"သား ပျော်လို့သောက်တာ မဟုတ်ဘူး"

နောက်စေ့မှာ ပွထူနာကျင်နေဆဲ ဒဏ်ရာကို မကိုင်ဘဲလည်း မနေနိုင် …၊ ဒီဒဏ်ရာကြောင့် အရှက်ကွဲရဖို့လည်း ရှိတာမို့ လက်က ရောက်သွားပြီးမှ ပြန်ရုတ်လိုက်ရတာ ခဏခဏ …။





နာနေတာကို မကိုင်ရ၊ မပွတ်ရတော့ နာတာကြီးက နှိပ်စက်နေလျက်၊ ချစ်သော မျက်နှာ ရှိသင့်တာထက် ပို၍ ရှုံ့မဲ့နေ၏။

ချစ်သူကတော့ လက်ပိုက်ပြင်ရပ်ပြီး ပခုံးစောင်းနဲ့ တံခါးမှာမှီကာ ပြုံးစိစိမျက်နှာက ရယ်ချင်တာကို မချိမဆန့် ထိန်းချုပ်နေရသလိုကြီး…။

ချစ်သော မျက်နှာကြီး နီလာလေ ချစ်သူ မျက်နှာကြီး ပြုံးလာလေ…၊ ဒေါ်ချစ်ဖူးငုံ က အခန်းထဲက ဖရိုဖရဲတွေကိုပါ လှမ်းကြည့်ကာ…

"သမီးကလည်း အိမ်ထောင်သည် ဖြစ်သွားပြီနော်၊ ကလေးမဆန်နဲ့တော့၊ အပေါ်ထပ်မှာ သမီးအစ်မနဲ့ ဘဘတို့ ရှိတယ်၊ လူကြီးတွေ စိတ်ဖြောင့်ဖြောင့်နဲ့ ပြန်ပါစေကွယ်"

"ဟုတ်ကဲ့ပါ မေချစ်.. သမီးက ကောင်းကောင်းမွန်မွန် နေတာပါ"

"ခြော် .. ငါကတော့ ဆိုးဆိုးဝါးဝါး နေနေတယ်ပေါ့"

"သားငယ် .."

"အဲဒီကောင်မလေး အရမ်း မုန်းစရာကောင်းတာ"

"ကိုလေးကိုရော ညလေးက ချစ်ခိုင်းနေလို့လား"

"ဒီလိုတွေ ဖြစ်နေကြရင် အခန်းတံခါးပိတ်ပြီး နှစ်ယောက် ဘယ်လိုလုပ် နေကြမလဲ"

"မေမေ သူ့ကို ခေါ်သွား .."

"ဘာပြောတယ်"

"ကိုလေး ထွက်ပေါ့ …၊ ဒီထဲမှာ မနေချင်တာ ကိုလေးပဲ"

"ကြည့်စမ်း .."

ဒေါ်ချစ်ဖူးငုံ ဟိုမျက်နှာကြည့် .. ဒီမျက်နှာကြည့် ဖြစ်သွားတော့ နောက်ဆုံး ချစ်သူ ထံ အကူအညီတောင်းသလို ပြန်မော့ကြည့်ကာ…



www.burmeseclassic.com

www.burmeseclassic.com



“အဲဒါကို ဘယ်လိုလုပ်ကြမလဲ သား ..”

“ဘယ်လိုမှ မလုပ်နဲ့ မေမေ၊ ဒီတိုင်း အထဲမှာပဲ နေပစေ”

ချစ်သူ က မှီနေရာမှ မတ်မတ်ပြင်ရပ်ပြီး ခါးတစ်ဖက်ထောက်၍...

“လူကြီးတွေ မျက်နှာပျက်စရာ ထပ်မလုပ်နဲ့ ညီ၊ ဘယ်သူမှားမှား မင်းက ယောက်ျားလေး၊ အခု အိမ်ထောင်ဦးစီးဆိုလည်း ဟုတ်တယ်”

'ဂျွတ်' ခနဲ အသံခပ်ကြိတ်ကြိတ်နှင့် လက်က နောက်စေ့ကို ရောက်သွားပြီးမှ ဆံပင်ဖွသလိုနှင့် တွဲလွဲပြန်ကျ၏။

အဲဒီ အိမ်ထောင်ဦးစီးဆိုတဲ့ကောင်ကို ခွေးကိုက်သလို ပြန်ကိုက်နေတာကျတော့ မိန်းကလေးမို့ နေပါစေ၊ ဒီလိုလား ...။

ပြောလိုက်ရင်တော့ မကောင်းပဲ ရှိတော့မည်။

ဘယ်ဘဝက ဝဋ်ကြွေးကြောင့်များ လူစင်စစ်နှင့် ခွေးစွယ်ပေါက်နေသည့်မိန်းမမျိုးကို လက်ထပ်ခဲ့ရတာလဲ ...၊ ရှားပါ့..။





## အခန်း (၃၇)

“ဟား!... တကယ် ဘုဖြစ်သွားတာပဲကွ၊ မနေ့ညကဖြစ်တာ ခုထိကျန်နေတယ်ဆိုတော့ နည်းတဲ့အရှိန် မဟုတ်ဘူး၊ အမှန်အတိုင်း ဝန်ခံစမ်းပါ ချစ်သော ရာ..၊ မင်းဖာသာ စောင်ဆွဲရင်း အရှိန်လွန်ကျတာ ဟုတ်ရဲ့လား၊ မင်း ဟိုသင်္ပြုမယ်လုပ်လို့ ဟိုက တအားဆောင့်တွန်းပစ်..”

“သဝဏ် .. စကားကောင်းပြောနေတာ မင်း ပါးစပ်ကို ပိတ်နေလိုက် ..”

“ငါလည်း မင်းရဲ့ မဟာဘုကြီးကိုမြင်လို့ ပြောတာပဲ ..”

“ဒီမှာ တင်းနေတာ”

“သိတယ်လေ .. ခုထိ တင်းပြောင်နေတာကို”

သဝဏ် က နောက်စေ့ကို ထပ်စမ်းမလို့ လက်ကြီးကြွတက်လာသဖြင့် ချစ်သော က ပုတ်ချပစ်လိုက်ပြီး ...

“တကယ် ရွဲ့တဲ့နေရာမှာ လက်လန့်တယ်”

“ရွဲ့တာ ဟုတ်ရဲ့လားကွာ ..၊ အဲဒီကောင်မလေး မင်းကို ကြိတ်နေသလော မဖြစ်နိုင်ဘူးလား”



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ ... တစ်အိမ်လုံး အိပ်ခန်းတွေအများကြီးကို ယောင်ပြီး ထလာတဲ့လူက မင်းအခန်းထဲကိုမှ တန်းတန်းမတ်မတ် ..."

ချစ်သော က မျက်နှာစူပုတ်ပုတ်နှင့် ခေါင်းခါပစ်လိုက်သည်။ နှင်းဆီ တကယ် ယောင်တတ်တာကို ရွာမှာကတည်းက ဦးဆုံး ကြုံခဲ့ဖူးတာလည်း သူပဲ ဖြစ်၏။

ဒါတွေကိုတော့ မပြောဖြစ်ခဲ့ပါ။ လင်းထွန်း နှင့် သဝေထ က သူနဲ့ အနီးကပ်ဆုံးလူတွေ ဖြစ်သလို တခြားသူတို့ထက် ရင်းနှီး ပွင့်လင်းကြသည်ဖြစ်ရာ ...

"မင်းကရော သူ့ကို ခြောက်လှန့်ရုံ ဟန်ရေးပြတာ ဟုတ်ရဲ့လား"

"ဘာ!..."

လင်းထွန်း က ခပ်တိုးတိုးမေးပြီးမှ ပြုံးတုံ့တုံ့မျက်နှာနှင့် ...

"မေးကြည့်တာပါ၊ ဒါမျိုးက မရည်ရွယ်ဘဲ ..."

"ဘာမှဖြစ်ဖို့ မရှိဘူး၊ တစ်နေ့တစ်ခါ မျက်နှာချင်းဆိုင်ရဖို့တောင် ကျားမြီးပြေးဆွဲရမှာထက် ကြောက်တယ်"

"မင်းဟာက ကြောက်နေတာပဲ၊ ကြည့်မရတာ ... မုန်းတာထွေ ဘာမှမပါဘူး"

"မုန်းစရာအကြောင်းမှ မရှိတာ၊ ကြည့်မရတာက မုန်းတာထက် ဆိုးတယ်"

"ငါတော့ မထင်ပါဘူး၊ ဒါမျိုးက ပတ်ဝန်းကျင် အချိန်အခါ ပြောင်းလဲမှုပေါ်မှာ တစ်မျိုးတစ်မည် ဖြစ်သွားနိုင်သေးတယ်"

ချစ်သော က ဘာမှပြန်မပြောတော့ဘဲ ရှမ်းခေါက်ဆွဲကို တူနဲ့ ဆွဲဖွနေ၏။ လင်းထွန်း တို့က ဘူးသီးကြော်ပဲ စားကြကာ အအေး တစ်ဘူးစီနဲ့ ဖြစ်၏။

အင်းလျားကန်၏ရေပြင်မှ တစ်ခါတစ်ခါ လေပူနွေးတွေ ဖ...





ဖျန်းလာသလို တစ်ခါတစ်ခါကျတော့ အေးချမ်းနေခဲ့သည်။

သူကတော့ ရှမ်းခေါက်ဆွဲမွှေရင်း လေပူတစ်ချက်အဝေ့မှာ ရေပြင်မှ ညှီစို့စို့အနံ့မျိုးကို သတိထားမိနေလျက် မြေပဲတွေနဲ့ ဖေးနေသည့် ရှမ်းခေါက်ဆွဲကိုလည်း မကျေနပ်ချင် ...။

ကန်ဘောင်မှာ ခဏခဏ ထိုင်ဖြစ်ပေမယ့် ရေစပ်ထိုင်ခုံတွေကိုပဲ ရွေးတာမို့ ဆိုင်ဆို တစ်ဆိုင်တည်း စွဲမထိုင်ဖြစ်ပေ ...။

ထို့ကြောင့် ဖြစ်မည်၊ ဘယ်လောက်ပဲ ခဏခဏ မှာနေလည်း ရှမ်းခေါက်ဆွဲကို မြေပဲမထည့်ဖို့ ပြောရသည့်ကိစ္စက ကိုယ့်ကိစ္စလို ဖြစ်လာသည်။ ဘယ်လိုမှာနေနေ လာချပြီဆို မြေပဲက ပါချင်ပါမည်။ မပါချင် မပါ။

ထိုအခါ အမြင်ကတ်ပုဒ်မတွေ တပ်ထားသော်လည်း သူမကို ခဏခဏ သတိရ တွေးဖြစ်စေသည့်အကြောင်းတွေကလည်း မပါချင်ဆမယ့် ပါလာတတ်ခဲ့၏။

"အင်းလျားကန်ဘောင်မှာ လမ်းလျှောက်တယ်တဲ့၊ လူမဟာတော့ မသိဘူး၊ ညလေးဆို မေချစ် နဲ့ လူမကွဲအောင် မနည်း လက်ချိတ်ထားရတယ်၊ အပန်းဖြေကြတဲ့ မိသားစုအုပ်စုလေးတွေက နည်းနည်း၊ စုံတွဲတွေချည်းပဲ တိုးမပေါက်ဘူး၊ အေးဆေးထိုင်လို့ကောင်းတဲ့နေရာလည်း ရှိုပါဘူး ကိုကြီးရယ်၊ ရေစပ်မှာ ထိုင်ချင်လို့ ဘူးသီးကြော် ဝင်စားတော့လည်း ညှီစို့စို့ ခပ်နွေးနွေးနဲ့ ..."

အဲဒီမိန်းကလေးဟာ သူမှလွဲ၍ ကောင်းတာ မမြင်တတ်သည့် မျက်လုံးနှင့် သူမ ဘယ်ကပြန်လာလာ ကောင်းလိုက်တာလို့ ချီးမွမ်းတာ မရှိ ...။

"စားသောက်ဆိုင်ဆိုတာ လာသမျှ လူအကြိုက်ကို တစ်မျိုးစီ ... ပြီး စိတ်ကြိုက်လုပ်ပေးနေတာမှ မဟုတ်တာ၊ ဆိုင်ကြီး၊ ဟိုတယ်လိ...



www.burmeseclassic.com

www.burmeseclassic.com



တွေဆို ပိုဆိုးသေးတယ်၊ အဆင်သင့်လေး ထိုင်စားရတာ လွှတ်တလော အဆင်ပြေတယ် ထင်ရပေမယ့် အားလုံးကို ဒီလက်ရာချည်းပဲ လုပ်ပေးနေတဲ့ဥစ္စာ၊ ကိုယ့်စိတ်တိုင်းကျ ဖြစ်ပါ့မလား၊ အလကား အဲဒါ၊ အရသာတွေကို မျိုချနေတာ မဟုတ်ဘူး၊ ပိုက်ဆံတွေ ပြန်မျိုချနေတာ"

သူ့ပဲ အပြောကောင်း ..၊ သူများကို ဝေဖန်ပြရမယ်ဆို ထိုနှင်းဆီတို့ ပြိုင်ဘက်ကင်း၏။

"ချစ်သော .."

"ဟင် .."

"မျက်နှာ မှောင်ပါဦး၊ ရှမ်းခေါက်ဆွဲကို မွှေနှောက်ပြီး ဘာရှာနေတာလဲ"

"မြေပဲတွေ ပါနေလို့ ဒီကောင် .."

သဝဏ် မေးတာကို လင်းထွန်း က ဝင်ဖြေသည်။

"အေး .. ဟုတ်သားပဲ"

သဝဏ် က ပန်းကန်ထဲကို ငုံ့ကြည့်ပြီး ဆိုင်ဘက်ကို အပြစ်တင်သည့်မျက်လုံးတွေ ထပ်ပို့၏။

"ဒီလောက် ခဏ ခဏ စားနေတာတောင် မှတ်မထားဘူး၊ အဲဒါ ဝိတ်တာတွေမှာ တာဝန်ရှိတယ်"

ထိုစဉ် လင်းထွန်း က စားပွဲအောက်ကနေ ချစ်သော ကို ခြေထောက်နဲ့ တို့၍ ...

"လောလောဆယ် မင်းမှာ တာဝန်ရှိလာပြီ ချစ်သော ..၊ ဟိုမှာ နှစ်သက်ခင် လာနေပြီ"

သူ့ကားနောက်မှာ နှစ်သက်ခင် ၏ ကားအနီရဲလေး ရပ်သွားသည်။ ဖွေးဆွတ်နေသည့် အပျော့သားဂါဝန်လက်ပြတ်လေးနှင့် သူမကို ကားပေါ်က ဆင်းလာကတည်းက တခြားဆိုင်တွေမှာရှိသူတွေပါ လှမ်း





ကြည့် ငေးနေကြ၏။

ပခုံးထောက်သာသာ ဆံပင်အဖြောင့် ရွှေအိုရောင်ရှင့်ရှင့်နှင့် ဝင်းစိုနေသည့် အသားရောင်က ညနေခင်းရဲ့အလှနှင့် နင်လား ငါလား ပြိုင်နေသလိုပင် ..။

"တော်တော်လှတယ်နော်၊ မင်း လက်ထပ်တဲ့ကိစ္စ မသိသေးဘူးဆင်တယ်"

"သူ့မျက်လုံးနဲ့ နှုတ်ခမ်းပေါ်က အပြုံးအရ သူ သိတယ် လင်းထွန်း၊ ငါ လောင်းရဲတယ်"

သူမ လျှောက်လာနေတာကိုကြည့်၍ လင်းထွန်း တို့ လောင်းကြေးတွေ ဖြစ်ကုန်၏။ အနားရောက်လာတော့ သူမဖာသာ ခုံဆွဲထိုင်လိုက်ကာ...

"ယူ ဘာဖြစ်လို့ တို့ကို မဖိတ်တာလဲ"

ထိုင်တာနှင့် မေးလိုက်တော့ သဝဏ် က အောင်နိုင်သူအပြုံးနှင့် အအေးလက်ကျန်ကို မော့လိုက်၏။

ချစ်သော မျက်နှာမှာ ခါတိုင်းလို ချစ်ဖွယ်သော မထီတထိ မချိုချဉ်အပြုံးအရယ်တွေ ဆိတ်သုဉ်းနေခဲ့လေသည်။

သူမကို သူ သဘောကျခဲ့သည်။ သဘောကျနေမှန်း သိသာစေသော နားလည်ခြင်းတွေနှင့် အသွားအပြန်တွေလည်း ရှိခဲ့ပြီးပြီ ..။

ဒါပေမယ့် နှစ်သက်ခင် ၏မာနက ဝိစိတွေးလေး မဟုတ်..၊

တစ်ဆိုင်တည်းမှာ အမှတ်တမဲ့ ဆုံတာတောင် မြင်လျက်နှင့် မမြင်သလို နေသည်။ ဒီမှာ ထိုင်ပါ၊ လာပါ ဘယ်တော့မှ စမခေါ်ဘဲ ကိုယ်က သွားနှုတ်ဆက်မှ သိသလိုမျိုး အေးတိအေးစက်အချိုးနှင့် နေခဲ့သောတွေက အမြဲတမ်း ..။

ခုကျမှ တကူးတကကြီး ရောက်လာပြီး ခွင့်မတောင်းဘဲဝင်ထိုင်



www.burmeseclassic.com

www.burmeseclassic.com



ခြင်းသည်။

"ရှုပါဒန်ဓာက ဒီလို တိတ်တိတ်ဆိတ်ဆိတ် လုပ်ပစ်တာ ဘယ်ကောင်းမလဲ၊ ယူ့အစ်ကိုရဲ့ဇွေစပ်ပွဲတောင် သတင်းစာထဲမှာ တွေ့လိုက်သေးတယ်၊ ယူ လက်ထပ်တာ ကြားလိုက်တော့ အရမ်း အံ့သြသွားတယ် သိလား၊ ဘယ်လိုဖြစ်တာလဲ .."

စကားတစ်လုံးကို စိန်စီရွှေချပြီးမှ ပို့လွှတ်သလိုမျိုး အခြေခြကြီးခဲ့သည့် ရွှေမင်းသမီးက တရားရေလွှတ် ပြောနေလျက် မေးခွန်းတွေလည်း ပါနေတာကို ချစ်သော ဒီတိုင်း ငုတ်တုတ်ထိုင် နားထောင်နေလိုက်သည်။

ပြောလို့ပြီးပြီ ထင်မှ ...

"အခု မင်းစိတ်ကြိုက် တစ်နေရာမှာ ကျွေးချင်ပါတယ်၊ မဖိတ်မိတဲ့အတွက် ဆောရီးပါ"

"အဟွန်း .."

ရယ်လိုက်ပုံက တစ်မျိုး၊ ဒါပေမယ့် ကြော်ငြာ ပိုစတာတွေထဲမှာထက် လှနေသည်။

"ဆောရီး မလိုပါဘူး ချစ်သော ရဲ့ .. ကျွေးဖို့လည်း မလိုဘူး အခု၊ယူ လက်ထပ်တာ ဝန်ခံလိုက်တယ်ဆိုတော့ သေချာပြီပေါ့"

"အဲဒီ သေချာခြင်းက မင်းအတွက် လိုအပ်လို့လား"

"လိုအပ်တာပေါ့၊ ယူ့ကိုလည်း အံ့သြလို့လေ၊ ဒါပေမယ့် ထား လိုက်ပါ၊ တို့တွေက မိတ်ဆွေတွေပဲ"

ဒီစကား ဒီထိရောက်မှ ချစ်သူရှိရက်သားနဲ့ သူမကို ပရိုပို့စ်သည် တော့မလို ရင်းနှီးဖို့ ကြိုးစားခဲ့သည့်အဖြစ်အတွက် ရောက်လာခဲ့ မှန်း သိလိုက်ရသည်။

မျက်နှာလှလှလေးမှာ အပြုံးတွေကတော့ ဒီတိုင်း လတ်ဆတ်နေ





ခဲ့လျက်...

"KEN စိန်တိုက်က ကြော်ငြာရိုက်ဖို့ ကမ်းလှမ်းတဲ့ကိစ္စ ဘယ်လိုလဲ..၊ အလုပ်ကိစ္စလေးလည်း သိချင်လို့ပါ"

ချစ်သော က သက်ပြင်းချကာ မစားဖြစ်သည့် မုန့်ပွဲကို ဘေးကို တွန်းထားလိုက်၏။

"ကြော်ငြာတွေကို ဘယ်တုန်းကမှကို စိတ်မဝင်စားခဲ့ဘူး"

"အခု ဝင်စားလိုက်ပါလို့ တို့က ပြောရင်ရော .."

ချစ်သော က စိုက်ကြည့်နေပြီး ပြုံးလိုက်သည်။

"နောက်ထပ် ဆောရီး တစ်ခါ ထပ်ပြောရမှာပဲ၊ ဟိုတုန်းကထက် အခု ပိုပြီး စိတ်တွေ မီးလောင်နေတယ်၊ ပြောရရင် ဖီးလ်ငုပ်နေလို့.."

"အနုပညာဆိုတာ ဖန်ဆင်းခြင်း မဟုတ်ဘူးလား၊ ပေါ်ဖို့၊ ငုပ်ဖို့ဆွကို ဖန်ဆင်းယူရမှာပေါ့၊ ယူနဲ့ တွဲစေချင်နေတဲ့ စိန်တိုက်ပိုင်ရှင်ကလည်း ယူမှ ယူ .."

"သူ့ကို တို့ ငြင်းလိုက်တာပဲ"

"တို့က ရအောင်ပြောမယ်လို့ အာမခံခဲ့တာ၊ ယူ့အပေါ် ဒီလောက်ဆးတော့ လွှမ်းမိုးနိုင်လောက်တယ် ထင်လို့လေ၊ စဉ်းစားကြည့်ပါဦး.. ကိုယ်ရေးကိုယ်တာနဲ့ အနုပညာကို ခွဲခြားထားသင့်မသင့် .."

"ကိုယ်က အနုပညာသမားတစ်ယောက်တော့ မဟုတ်ဘူး နှစ်သက်၊ ဒါပေမယ့် ..."

"မင်း စဉ်းစားဦး ချစ်သော၊ ဟိုတုန်းကလို ကိုယ့်သဘောနဲ့ကိုယ်ဘူးနော်၊ နှင်းဆီ ကျေနပ်ဦးမှ .."

လင်းထွန်း က တည်ကြည်သည့်မျက်နှာမျိုးနှင့် သတိပေးရုံသက်ဝင်ပြောသည်။ တကယ်တော့ နှစ်သက်ခင် အချိုးမပြေတာကိုချင်၍ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဟိုတုန်းကဆို စကားလေး ဟာဟာတောင် အဖက်လုပ်ပြောဖော် မရ၊ ချစ်သော ကို ခေါ်ပြော ရယ်မောနေရင်တောင် ကိုယ့်အုပ်စုတွေ ရောနှောမထိုင်၊ ငဲ့ကြည့်ခဲ့တာ မဟုတ် ..။

ခု ခေတ်စားနေကြသည့် မင်းသား မင်းသမီးတချို့ နာမည်ကျော် ပြီဆို လက်ထပ်သွားကြသော စတိုင်လ်ကြောင့် ချစ်သော နဲ့ တွဲမိနိုင် သည့် ရိုက်ကူးသွားလာခြင်းတွေကို ရှောင်ရှားတာက ရှိသေး၏။

ချစ်သော က အဲဒီလိုလားလို့ တည့်တည့်မေးတော့လည်း ဟုတ် တယ်လို့ တိုက်ရိုက်ပြန်ဖြေ၏။

"ခုတောင်မှ ယူနဲ့ တို့ကို လူသိများနေပြီလေ၊ တို့က လမ်းသ ထွင်ချင်တဲ့သူ၊ လမ်းကြောင်းဟောင်းကို မကြိုက်ဘူး" တဲ့ ..။

ဒီစကားတွေ သူတို့ရှေ့တင် ပြောခဲ့ဖူးတာ ..။

ချစ်သော ကတော့ လင်းထွန်း ဝင်ပါလိုက်သည့် ခံစားချက် အတိအကျ မခံစားပါ ..။ ထိုစကားကြောင့် ကွက်ခနဲ မြင်လိုက်သည် နှင်းဆီ မျက်နှာ..၊ သူကျေနပ်မှ ရှေ့ဆက်ခွင့်ရရ အောင် သူက ဘာမို့လဲ

ဆုံးဖြတ်ချက်သည် အားနာ လွန်ဆွဲနေရာမှ ရုတ်တရက် ခိုင် မာမာကြီး ဖြစ်သွားခဲ့ပြီး...

"အိုခေ .. ညကျ ကိုယ် ဖုန်းဆက်လိုက်မယ်"

"ညကျမှလား .. တို့ ဝင့်လည်ပြီ ထင်တယ်"

"ဘာဖြစ်လို့လဲ"

"အဟွန်း .. ယူ့လိုပဲ မာနကြီးခဲ့တာပေါ့၊ ကိုယ်က မစောင့် တဲ့သူ"

"မစောင့်ရပါဘူး၊ ညကျမှဆိုတာက ကိုယ်တို့ ဆက်ဆွေး ရှိလာမှာတွေအတွက်လေ .."

"ဒီလိုလား .. အိုခေ ... အိုခေ"





နှစ်သက် က သွားလေးတွေပေါ်အောင် ရယ်လျက် အအေးတစ် လုံး လှမ်းမှာသည်။ ပြီးမှ ဆက်၍ ...

"ယူ့စိတ်ထဲမှာ ထူးဆန်းနေမှာပဲနော် .. အခု လာခဲ့တာလေ၊ လက်ထပ်လိုက်တယ်ဆိုတာကို သိချင်တာရယ်၊ သေချာတယ်ဆိုရင် ကြော်ငြာကိစ္စကို ပြောမယ်လို့ ဆုံးဖြတ်ပြီးတော့ သိလား၊ လာရင်းကိစ္စ နှစ်မျိုးစလုံး အောင်မြင်သွားလို့ အရမ်း ကျေနပ်သွားတယ်"

"တို့ လက်ထပ်လိုက်တာကို ဝမ်းသာတယ်လို့ ပြောချင်တာလား"

"အဲဒီလိုတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် ယူ့မှာ ပိုင်ရှင်ရှိသွားပြီဆို တော့ တို့တွေ ဆက်ဆံရေးမှာ အနှောင့်အသွား လွတ်သွားတာပေါ့၊ ယူ့ကို ဟိုတုန်းတည်းက တို့ ခင်ပါတယ်၊ မလိုချင်တာက မမြင်မစမ်း ဝေဖန်တာတွေပဲ.."

"ဝေဖန်ကြတာကို ဂရုမစိုက်တာလား ဒါမှမဟုတ် ဒီလို တွဲဖြစ် ကြရင် လက်ထပ်ဖြစ်သွားတာပဲလို့ စွဲနေတာကြောင့်လား"

"မသိဘူး ချစ်သော၊ တို့စိတ်ထဲမှာ အဲဒီလို နီးစပ်တိုင်း ဖြစ်သွား တတ်တဲ့ အခြေအနေတွေကို မုန်းတယ်၊ လက်ကို မခံချင်တာ သိလား၊ အနုပညာရယ်၊ ဝါသနာရယ်ကို သီးသန့်လေးပဲ ထားချင်တာ၊ တို့ရဲ့ ကာရိုက်တာ၊ တို့ အပြောအဆိုတွေမှာ ယူ တစ်မျိုးထင်စရာ ဖြစ်နေခဲ့ ရင် ဆောရီးပဲ"

"မထင်တော့ဘူးပဲ ထားလိုက်ပါ"

"အဟွန်း .. ဒါဆို အားလုံး အိုခေသွားပြီပေါ့"

ခေါင်းညိတ်လိုက်ရပေမယ့် ရင်ထဲမှာတော့ တစ်စုံတစ်ခု ကျန်ရစ် သလိုလို ..။ ဘာနဲ့ ပတ်သက်နေမှန်းတော့ မသိ ..။



www.burmeseclassic.com

## အခန်း [၃၀]

လိမ်းဆေးနှစ်မျိုးကို ယွန်းခွက်လေးထဲမှာ ရောစပ်၍ သေချာမွှေနေရင်း ဘုရားဝတ်တော် ရွတ်နေတာကို ကြားသည်။

ပြီးတော့ ခြေထောက်တွေမှာ လိမ်းပေးနေရင်း ဘေးမှာ ဖွင့်လျက်ရှိသည့်စာအုပ်ကို ဖတ်နေ၏။

ဒေါ်ချစ်ဖူးငုံ ဒရင်းမ်ဘက်ဒ်မှာ လှဲနေရင်း နှင်းဆီ ရဲ့ ဆံပင်နှစ်ဖက်စည်းလေးနဲ့ မျက်နှာပြည့်ပြည့်လေးကို အပေါ်စီးကနေ ငေးကြည့်နေခဲ့၏။ သမီးလေးလို ချစ်ခဲ့ပေမယ့် ချွေးမလေးဖြစ်လာလိမ့်မည်လို့တော့ ဘယ်တုန်းကမှ မစဉ်းစားခဲ့ဘူးဘဲ ချက်ချင်းကြီး ပြောင်းလဲသွားသည့် ကံကြမ္မာက အံ့ဩစရာကောင်းလှသည်။

"ရပါပြီ သမီးရယ် .. စာလည်း ကျက်နေရသေးတယ်၊ ထားခဲ့တော့နော် .. ရပြီ"

"ဘယ်က ရရမှာလဲ မေချစ် ကလည်း .. ဆေးလိမ်းတယ်ဆိုတာ အသားထဲပေါက်အောင် လိမ်းရတယ်၊ လိမ်းနေရင်း ဆုပ်နယ်ပေးရတယ်၊ ဒါမှ ခံနေရတဲ့လူလည်း အကြောအခြင်ပြေပြီး အနားမှာ လူရှိနေတဲ့အတွက် ပြောရင်းဆိုရင်း မသိလိုက်ခင် ဝေဒနာတစ်ဝက်လောက်





လျော့ကျသွားရော၊ တစ်ခုခု ဝေဒနာခံစားနေရတဲ့အချိန် အနားမှာ ဘယ်သူမှ ရှိမနေရင် ပိုခံစားရတယ် သိလား .. အဲဒါ တကယ် မှန်တာ"

နှင်းဆီ က ဘာပြောပြော အကျိုးအကြောင်းလေးနဲ့ယှဉ်ပြီး ပြောတတ်၏။ ဒါကြောင့် 'အပြောမတတ် စိတ်ဆတ်ပေမယ့် ကျောင်းမှာ ဆရာမ လုပ်တော့လည်း အဆင်ပြေနေတာပဲလို့' လို့ ဦးဘသောင်း က ပြောတာ ဖြစ်မည်။

ပြိုင်လာရင် အရှုံးမပေးတတ်ပေမယ့် မပြိုင်တတ်တဲ့ ကလေးငယ်လေးတွေကိုတော့ စိတ်ရှည်လက်ရှည် သင်ကြားပေးလိမ့်မည်။ ထို့ပြင် သူမဟာ စိတ်ကောင်းလေးလည်း ရှိတဲ့သူပါ၊ ဘယ်အလုပ်ကိုပဲဖြစ်ဖြစ် သူမ လုပ်ပြီဆို စိတ်ဝင်တစား လုပ်သည်။ စေတနာ ပါသည်။

"မေချစ် သက်သာရဲ့လားဟင်"

"သက်သာနေပါပြီ သမီးရယ် .. သမီး ကျောကနေ နှိပ်ပေးလိုက်တတည်းက လေဂျင်တက်သွားတော့ ပေါ့ပေါ့ပါးပါး ဖြစ်သွားတာရပြီး သမီး၊ ဆေးခွက် ပြန်သိမ်းလိုက်တော့"

"မေချစ် ကျန်းမာရေးကို ဂရုစိုက်ပါဦး၊ စေ့စပ်ပွဲပြီးကတည်းက မနားရတာ၊ သမီးတို့လက်ထပ်ဖို့ စီစဉ်ပေးရတာလည်း ပင်ပန်းသေးတယ်"

နှင်းဆီ က နှိပ်နေတာကို မရပ်သေးဘဲ စိုးရိမ်စကားတွေ ပြောနေသည်။ ဒေါ်ချစ်ဖူးငုံ နှုးညံ့စွာ ပြုံး၍ ...

"မပင်ပန်းပါဘူးကွယ်၊ ဒါက မိဘဝတ္တရားပဲ၊ သမီးကရော တချို့လူတွေ ပြောကြသလို လက်ထပ်တာက စေ့စပ်ပွဲလောက်တောင် မခမ်းနားဘူး ဘာညာဆိုတာတွေအပေါ်မှာ တစ်မျိုးတစ်မည်များ ခံစားနေမိသလား၊ မေမေ့ကို ခွဲခြားတယ်လို့ .."

"အို .. ဘာဖြစ်လို့ ထင်ရမှာလဲ မေချစ် ကလည်း .. သမီးဖြစ်ကိုလေးနဲ့လက်ထပ်ထားတဲ့အဖြစ်ကို တစ်ခါတစ်ခါ မေ့မေ့နေလို့အိုယ့်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကိုယ် လက်ထပ်ထားတယ်လို့တောင် မမြင်ဘူး၊ အားလုံး အရင်အတိုင်းပဲ"

"ဘယ်လို!.. သမီး ဘယ်လို ပြောလိုက်တယ် .."

ဒေါ်ချစ်ဖူးငုံ မတ်မတ်ပြင်ထိုင်လိုက်တဲ့အထိ စိတ်လှုပ်ရှားသွားတာမြင်မှ နှင်းဆီ ကိုယ့်စကား ဘာမှားသွားသလဲဆိုတာ ပြန်စဉ်းစားရသည်။ မျက်တောင်တွေ ခတ်နေရင်း ခဏ မော့ကြည့်နေပြီးမှ ...

"သမီးကို အရင်လိုပဲ သဘောထားဖို့ ပြောတာပါ၊ ဟိုလေ .. သမီးက အရင်လို မဟုတ်တော့ဘူး၊ သွားအိပ်ပါ၊ သွားနားပါဆိုတာတွေ မပြောဖို့ကို ပြောချင်တာ၊ သမီး ညတိုင်း မေချစ် အိပ်မှ ပြန်ထွက်သွားတာဥစ္စာ"

"ဟင်း .."

ဒေါ်ချစ်ဖူးငုံ သက်ပြင်းချလိုက်ပြီး လျော့ရိလျော့ရဲ ပြန်မှီသွား၏။ စိတ်ထဲမှာ စိုးရိမ်သွားတာက သားငယ် အချိုးမပြေစွာ ရှိနေခဲ့တာကို သိနေလို့ ဖြစ်သည်။

"မေမေ့သား နှင်းဆီ ကို သူ့ဇနီးတစ်ယောက်လိုကို မှတ်ပုံမရဘူး" တဲ့ ..။ သားကြီးပြောတာကို သတိရနေသည်။ ဒီနေ့ထိ သားငယ်နဲ့ နှင်းဆီ လင်ခန်း၊ မယားခန်းမှ မြောက်ရဲ့လား ..၊

မတော်တဆ ခြေလှမ်းမှားခဲ့လို့ လက်ထပ်ကြရသည်။ လင်မယားမို့ တစ်ခန်းတည်း အိပ်ကြပေမယ့် ညတိုင်း ရန်ဖြစ်သံ ကြားရ၏။ မြင်လိုက်ရတိုင်း အိပ်ခန်းထဲမှာ အိပ်ရာက နှစ်ခု ..။

"သမီးငယ် .."

"ရှင် .. မေချစ်"

"မေမေ့ကို ပွင့်ပွင့်လင်းလင်း ပြောစမ်း"

"ဟုတ် .."





"သမီးတို့ တစ်ယောက်နဲ့တစ်ယောက် မုန်းတီးနေကြသလား"

"ဟင့်အင်း .. မမုန်းပါဘူး"

"သမီးနဲ့ သား ဒီနေ့ထိ စကားများ ရန်ဖြစ်နေကြတုန်းပဲ၊ အဲဒါ မေမေတို့ သိတယ်"

နှင်းဆီ အလိမ်ပေါ်သွားသည့် ကျောင်းသားတစ်ယောက်၏ မျက်နှာလေးလို မျက်ဝန်းလေးတွေ ရုတ်တရက် လှုပ်ရှားသွားလျက် ...

"အဲဒါ ရန်ဖြစ်တာ မဟုတ်ပါဘူး မေချစ် ရဲ့ .. ကိုလေးနဲ့ သမီးက ဒီလိုပဲ စကားနိုင်လုရင်း ငြင်းနေကျ၊ ပြီးတော့ တကယ် ဘာမှမဟုတ်တော့ဘူး"

"သားက သမီးကို မကြင်နာဘူးလား"

"ဟင်!..."

"ဒီလိုလေ .. ရန်ဖြစ်တဲ့အချိန်က ဖြစ်တာပေါ့၊ ဒါပေမယ့် နူးညံ့လာတဲ့တစ်ချိန်ချိန်လေး မရှိဘူးလား"

"အဟွန်း .. သတိတောင် မထားမိဘူး"

နှင်းဆီ မှသားမပါဘဲ ပြောတာမှန်း သိတော့ သနားသွားမိသည်။ မိန်းကလေးဆိုတာ ဘာပဲဖြစ်ဖြစ် ယောကျ်ားက အလိုလိုက် ညာတာတာကိုတော့ လိုချင်ရှာလိမ့်မည်။

"သမီးကရော သမီးကိုလေးနဲ့ နွေးနွေးထွေးထွေး ကြင်ကြင်နာနာ ဖြစ်လာဖို့ မမျှော်လင့်ဘူးလား၊ မေမေက တစ်ဖက်သတ် ကြိုးစားယူဖို့ ပြောတာ မဟုတ်ပါဘူး၊ ဒါပေမယ့် ချိတ်ချိတ်ချင်းမို့ ချိတ်မိတာလို့ ပြောရမယ်ဆိုရင် တစ်ဖက်က ခ်ဆောင်ထားခြင်း မရှိရင် ချိတ်မိမှာ မဟုတ်ဘူး၊ အိမ်ထောင်ရေး ပြေလည်ဖို့အတွက် သမီးတို့ တစ်ဖက်ဖက်ကနေ ကြိုးစားသင့်တယ်၊ မေမေ အခု သားကြီးတို့အတွက် မပူတော့ဘူး၊ သမီးတို့ ပြေလည်စေချင်တဲ့စိတ်တွေပဲ ကြီးစိုးနေတယ်၊ သားငယ်



www.burmeseclassic.com

www.burmeseclassic.com



ကို သမီး အစက သံယောဇဉ်ရှိခဲ့တယ်မို့လား .."

နှင်းဆီ နှိပ်နေသည့်လက်တွေ ရပ်တန့်ကုန်၏။ မျက်လွှာလေးချသွားကာ ရုတ်တရက် မဖြေ..၊ ဒီမေးခွန်း ကိုလေးကို မေးရင် ဘယ်လိုဖြေမလဲ..၊ ကိုယ့်ကို မေးသလို ကိုလေးကိုလည်း မေးဖူးတယ်ဆိုရင် ကိုလေး ဘယ်လို ဖြေသွားခဲ့သလဲ..။

"မေမေကလေ သမီးဝယ်က ကလေးဆန်ဆန်သဘောရှိတော့ အငြိုးအတေး မရှိဘူး၊ စိတ်ထား ဖြူစင်တယ်၊ အဲဒါကြောင့် သူ့အစ်ကို အပေါ်မှာ သံယောဇဉ်ရှိနေမှာပဲလို့ ထင်ထားတာ"

နှင်းဆီ ဘာမှမပြောနိုင်သေးဘဲ ငုံ့မိုးကြည့်နေသည့် မျက်ဝန်းတွေကို မော့ကြည့်မိ၏။ ကိုယ့်အမှုအရာတွေက သိသာနေတာလား၊ ဒါမှမဟုတ် ကလေးပုံစံဝင်နေတဲ့အထိ သူမ ကလက်တက်တက် ဖြစ်နေသည်လား..။ ဒေါ်ချစ်ဖူးငုံ တစ်ခု မေးလိုက်တိုင်း သူမရင်ထဲမှာ မေးခွန်း တစ်ခု ဖြစ်သွားသည်။ အဖြေက မရှိ ..။

"မေမေ့ကို တစ်မျိုးမထင်ဘူးဆိုရင် တစ်ခု ပြောချင်တယ် သမီးရယ် .. သားငယ်ကို သမီးကပဲ သည်းခံပြီး သူ့ပုံစံပြောင်းလာအောင် စည်းရုံးစမ်းပါ၊ ပုံချမယ်ဆိုရင်တော့ ကံတရားလို့ ပြောနိုင်ပေမယ့် မေမေကတော့ အိမ်ထောင်ဦးစီး ယောကျ်ားတစ်ယောက်အပေါ် လွှမ်းမိုးနိုင်ခြင်း မနိုင်ခြင်းဟာ အဲဒီအိမ်ရှင်မရဲ့ အရည်အချင်းပဲလို့ မြင်တယ်၊ သားတို့ရဲ့ဖေဖေ မေမေ့အနားမှာ မနေတာလည်း ငါ့ညံ့လို့ပဲလို့ မေမေ နားလည်ခဲ့တာ၊ အဲဒါကြောင့် သူပြန်လာဖို့ မေမေ မမျှော်လင့်ပါဘူး နောက်ထပ် အိမ်ထောင်တွေဘာတွေ မပြုဘဲ သူ့သားတွေကို အဆေးကနေ စောင့်ရှောက်ပေးနေတဲ့အတွက် ကျေးဇူးလည်း တင်ပါတယ်၊ မိန်းမ တစ်ယောက်ရဲ့ဘဝဟာ .. အထူးသဖြင့် အိမ်ထောင်သည် မိန်းမတစ်ယောက်ရဲ့ဘဝပေါ့ .."





ပြောနေရင်း သက်ပြင်းချကာ မျက်ဝန်းတို့မှာ ရီဝေဝေမြည့်လျက်...

"ဘာနဲ့တူသလဲဆိုရင် ထုဆစ်နေဆဲ အပြီးမသတ်သေးတဲ့ ရုပ်တုနဲ့ ပြီးပြည့်စုံပြီးမှ လက်ပြတ်၊ ခေါင်းကျိုးဖြစ်သွားတဲ့ ရုပ်တုလိုပဲ၊ မပြည့်စုံတာချင်း တူပေမယ့် တစ်ခုလစ်၊ မုဆိုးမဘဝက အရှမ်းကိုအကျည်းတန်ပါတယ်၊ ဘယ်သူမကောင်းလို့ပဲ ပျက်ပျက် အိမ်ထောင်ပျက်တာ မကောင်းဘူး သမီး၊ သမီးတို့ကို မေမေ အဲဒီလို မဖြစ်စေချင်ဘူး၊ မလုပ်ခင်ကို စဉ်းစား၊ လုပ်မိပြီဆို မပျက်စီးစေနဲ့၊ ယောက္ခမတစ်ယောက်က ပြောတာလို့ မမြင်ဘဲ သမီးတစ်ယောက်ကို သူ့အမေက ဆုံးမနေတာလို့မြင်ပါ"

"သမီး နားလည်ပါတယ် မေချစ် ရယ် .. ကိုလေးနဲ့ သမီးအတွက် အဲဒီလောက် စိတ်မပူပါနဲ့၊ သမီး ဘာလုပ်လုပ်.. ဘာပြောပြော လွှတ်ခနဲ ပြောမှားဆိုမှားရှိခဲ့ရင်တောင် ဆုံးဖြတ်တဲ့အချိန်မှာ မမှားစေရဘူး၊ သမီး မေချစ် စိတ်ဒုက္ခရောက်ရအောင် ဘယ်တော့မှမလုပ်ဘူးလို့ ကတိပေးပါတယ်"

မေချစ် ကျေနပ်သွားတာလား .. ဖြေသိမ့်သွားသလား မသိသော်လည်း နှင်းဆီ မေချစ် အိပ်ခန်းထဲက စာအုပ်လေးကိုင်ပြီး ထွက်လာတော့ ခေါင်းငိုက်စိုက်နဲ့ ဖြစ်သည်။ ခုတလောဆို ကိုလေး ပိုဆိုးသည်။

ညပြန်လာတိုင်း ညဥ့်နက်သလို ဝတ်စားလာသမျှ မွှေးပျံ့ရှင်းသန့်နေတာ ဓာတ်ခုံပေါ်က ဆင်းလာသည့် မင်းသားအတိုင်းပင် ..၊ မေးကြည့်လိုက်တော့ ကြော်ငြာတစ်ခု ရိုက်နေသည်တဲ့ ..။

"ချွမ်း .."

ကိုယ့်စိတ်ကူးနဲ့ကိုယ် လျှောက်လာစဉ် မီးဖိုခန်းဆီက အသံတစ်ခု ကြားလိုက်သဖြင့် လှမ်းကြည့်လိုက်မိသည်။ ပြီးတော့ ထိုဆီကို ခြေဦးလှည့်သွားမိ၏။

"မမ .."

မီးဖိုခန်းထဲမှာ မယောသီ ကို မြင်လိုက်တော့ အံ့ဩသွားကာ...



www.burmeseclassic.com

www.burmeseclassic.com



"မမ ဘာလုပ်မလို့လဲဟင်၊ ညလေး ရှိသားနဲ့ ခိုင်းတာမဟုတ်ဘူး"

မဟေသီ က လှည့်ကြည့်ကာ နှင်းဆီ ကို မြင်လိုက်တော့ ဝမ်းသာသွားသလိုဖြစ်လျက်...

"ညနေက အပြင်မှာ ဒင်နာ စားလာတာ စောသွားတယ်လေ၊ အခု အချိန်မဟုတ်ဘဲ ဗိုက်ဆာလာလို့ သိပ်ညဉ့်နက်မှ မနေနိုင်လို့ ထစားမိရင်လည်း ဗိုက်မကောင်းဖြစ်မှာ .."

"ဟုတ်တယ် .. အဲဒါကို ညလေး ညနေက တွေးမိတယ်၊ မမ အတွက် ကစ်ခုခုလုပ်ပေးထားဖို့ဟာ ကိုလေး ဖိနပ်တိုက်ခိုင်းတာနဲ့ ဒေါသထွက်ပြီး မေ့သွားတာ"

"ဘယ်လို!..."

မဟေသီ မျက်မှောင်ကုတ်သွားသဖြင့် နှင်းဆီ ကိုယ့်စကား လွန်သွားမှန်း သိကာ ...

"ကိုလေးက ဒီလိုပဲ၊ ညလေးကို တမင် နိုင်ချင်လို့ ညစ်တာ"

နှင်းဆီ က စာအုပ်ကို စားပွဲပေါ်မှာ ချလိုက်ပြီး ရေခဲသေတ္တာနားသွားလျှင် မဟေသီ က မျက်လုံးတွေ တောက်တောက်ပါလျက်...

"မင်းက ဟိုတုန်းကလို ဒီအိမ်က ညီမအငယ်ဆုံးလေး မဟုတ်တော့ဘူးနော်၊ ချစ်သော ရဲ့ဇနီး ဖြစ်နေပြီ၊ ကိုယ့်နေရာနဲ့ကိုယ် နေတတ်ရတယ်"

နှင်းဆီ အသံတိတ်သွား၏။ ကိုလေးနဲ့ တစ်ခုခု ငြင်းခုံ စကားများလို့ မနီးမဝေးလောက်မှာ မမ ရှိနေတိုင်း လှမ်းကြည့် အကဲခတ်နေတတ်တာကို သူမ မြင်သည်။ ဒါတွေ ပြောဖို့ရှိနေတာကို မသိခဲ့ပေ..။

"မင်းကို တို့က သည်းမခံတတ်ဘူးလို့ ထင်ခဲ့တာ၊ ချစ်သော အပေါ်မှာတော့ မင်းရဲ့တုံ့ပြန်မှုတွေက အဖျားခတ် အားနည်းနေသလိုပဲ၊ သူများတွေ မသိပေမယ့် တို့ သိနေတယ်၊ ခံပြောခံဆိုနဲ့ စကားတွေ





တိုက်အခံပြောနေတာပဲ ရှိတယ်၊ မင်း သူ့ကို အရှုံးပေးနေတာပဲ"

နှင်းဆီ အသံတိတ်နေတာကို မဟေသီ က စိတ်ရှည်လက်ရှည် စောင့်၏။ တအောင့်ကြာမှ ...

"ညလေးဘက်က အားနည်းချက် ရှိနေလို့ပါ၊ ကိုလေးက လုံးဝ လက်မထပ်ချင်ဘဲ လက်ထပ်ခဲ့ရတာ"

"ဆန္ဒတွေ ဆုံးဖြတ်ကြတဲ့ကိစ္စတွေအပိုင်းက ပြီးသွားပြီ၊ အခု တွတ်သန်းနေကြတာ အိမ်ထောင်ရေးနယ်ပယ်ထဲမှာလေ၊ တို့ တစ်ခု မေးမယ်၊ မညာဘဲ ဖြေ .."

နှင်းဆီ မော့ကြည့်လိုက်တော့ မျက်လုံးချင်း ဆုံသွား၏။

"မင်း သူ့ကို ချစ်နေသလား .."

"ဟင်! ..."

မေးခွန်းကို ရုတ်တရက် လန့်သွား၏။ ရေခဲသေတ္တာကို ဖွင့်လျက်နှင့် ငိုင်သွားခဲ့သည်။ မဟေသီ က သူမဖာသာ ပန်းသီးတစ်လုံးကို ယူလိုက်ပြီး တံခါးကို ပြန်ပိတ်လိုက်၏။

နှင်းဆီ က ပန်းသီးကို လက်ပြောင်းယူလိုက်ပြီး...

"ညလေး အခွံခွာပေးမယ်"

စားပါးလေးနှင့် ပန်းကန်တစ်ချပ်ပါယူကာ စားပွဲဆီသို့ သွားတော့ မဟေသီ ပါလာပြီး ...

"မေးတာကို ဖြေလေ"

"မမကလည်း ညလေးမှ မသိတာ"

"အင်း .. ဒါဆို မင်းကို သူ ဂရုမစိုက်ဘူးမို့လား၊ အဲဒါကို ဘယ်လို ခံစားရဘူးလား .."

"ဝမ်းနည်းသလိုကြီးတော့ ဖြစ်တာပေါ့ မမရယ် .. ဒါပေမယ့် သူတို့က ချစ်လို့ ညားခဲ့ကြတာမှ မဟုတ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"အမြဲတမ်း ဒီတိုင်းဖြစ်သွားခဲ့ရင်လို့ တစ်ခါမှ ခေါင်းထဲ မထဲ့ညှိခဲ့ဘူးလား၊ ချစ်သော က အမြင်ကို အထွက်များတယ်၊ အပေါင်းအသင်းတွေ စုံတယ်၊ အဲဒီထဲမှာ မိန်းကလေးတွေရောပဲ၊ မောင် ပြောပုံအရဆိုရင် အခုရိုက်နေတဲ့ စိန်တိုက်ကြော်ငြာကို မော်ဒယ် နှစ်သက်ခင် နဲ့ စုံတွဲရိုက်တာ .."

"ဟင်!..."

"နောက်တစ်ခုက နှစ်သက်ခင် ကို ချစ်သော က ပရိုပို့စ် လုပ်ထားဖူးတယ်တဲ့"

တစ်ဝက်ထိ ခွာထားပြီးသည့်ပန်းသီးက တစ်ဝက်မှာပဲ ရပ်တန့်သွား၏။ လှုကို မော့ကြည့်တာလည်းမဟုတ်၊ ဓားတစ်ဖက် ပန်းသီးတစ်ဖက်နှင့် မျက်နှာငုံ့လျက်သားအတိုင်း အရုပ်မလေးလို ငြိမ်ကျသွားတာဖြစ်သည်။ မယောသီ က သူမလက်တွေဆီ အကြည့်တစ်ချက် ဝေ့သွားပြီး—

"အချစ်ဆိုတာ အကြာကြီး ကြိုးစားမွေးမြူနေတိုင်း ဖြစ်ထွန်းမလာတတ်သလို မထင်မှတ်ဘဲ သူ့အလိုလို တိတ်တဆိတ် ပွန်းဝင်လာတာမျိုးလည်း ရှိတယ်၊ သူ့ကို ကိုယ်က သိပ်ချစ်နေမိမှန်း သိကာသူစိမ်းကားနေရင် မင်း ခံနိုင်ရည်ရှိမှာ မဟုတ်ဘူး နှင်းဆီ၊ နေရာတကာပေါ့ပေါ့လေး တွေးတာ မကောင်းဘူး" တဲ့ ...။

မယောသီ စကားတွေ အများကြီး ပြောခဲ့သည်။

သူမ ကိုယ့်ကိုယ်ကိုယ် သေချာ မခွဲခြားနိုင်သေးပေမယ့် လေးနက်သင့်တာတွေကို တွေးမိလာသည်နှင့် ရင်ထဲမှာ လေးသွား၏။

အချစ်သည် သူမနှင့် စိမ်းသက်သော အရုပ်မျက်နှာတစ်ဖက်အား အောစက်စွာ ...၊





အခန်း [၃၉]

"ကိုလေး .. ဒီမှာ"

မျက်နှာရှေ့ကို အဖြူရောင် စာရွက်ရှည်တစ်ရွက် ဖြန့်လျက်သား ရောက်လာတာကို သိပေမယ့် မျက်လွှာပင့်မကြည့်မိ ...။

စီးကရက်တစ်ဖက်နှင့် ဂိမ်းဆော့နေသည့်လက်တို့မှာ အာရုံစူးစိုက်ကာ သူမ ရောက်လာတာကို မသိသလို မပြောချင်သလို...။

"ကိုလေး ဒီမှာကြည့်ပါဆို .."

နှင်းဆီ စိတ်တိုကာ သူ့လက်ထဲမှာ ကိုင်ထားသည့်ခလုတ်ကို သုမ်းနှိပ်ပစ်လိုက်၏။

"ဟား!..."

ချစ်သော ဟားခနဲ အသံထွက်လျက် မော်နီတာကို ပြန်ကြည့်လိုက်သည်။ ပြီးတော့ လက်ကိုင်ကို ကိုင်ပေါက်ပစ်လိုက်တာ ခွမ်းခနဲ...။

"ဘာရှဲ .. ဘာပြောမလို့လဲ၊ မင်းမှာပဲ အရေးကြီးနေသလား"

"ကြီးတာပေါ့၊ ကိုလေး အိမ်မှာရှိနေတဲ့အချိန် ဘယ်လောက်ကြာသို့လဲ၊ ရှိနေတုန်း ညလေး ပြောစရာရှိတာ အရေးမကြီးရဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီ က ပြောလည်းပြောကာ နောက်ပြန်ရုတ်သွားသည့် စာရွက်ကို ချစ်သော မြင်သာအောင် ပြန်ဖြန့်ပြ၏။

"ဒီမှာ ကိုလေးနဲ့ ညလေး သဘောတူကြဖို့အချက်တွေ .."

"ဘာ!..."

"ဖတ်ကြည့်ပါဆို .."

ဒေါသတွေ နင်းကန်ဖြစ်သွားပေမယ့် မျက်လုံးက ရောက်သွားသဖြင့် စာတွေကို မြင်တာနဲ့ အစကနေ အဆုံးထိ ဖတ်ဖြစ်သွား၏။

နှစ်ဦးတည်း သဘောတူရန်၊

လင်ယောကျ်ား၊ ဇနီးမယားမှ ဝန်ခံ ကတိပြုသင့်သော အချက်များ

၁။ လုပ်ငန်း ဓါသနာနှင့်ပတ်သက်၍ လုပ်ကိုင်ခွင့်ကို နှစ်ဦးညှိနှိုင်း သဘောတူခွင့်ပြုမှ လုပ်ကိုင်ရမည်။ (ဥပမာ ကြော်ငြာရိုက်ခြင်း၊ သီဆိုကခုန်ခြင်း)

၂။ ပင်တိုင်ဖောက်ချလုပ်မည့် စီးပွားရေးတစ်ခုခုရှိလာလျှင် နှစ်ဦးစလုံး ကျေနပ်မှ လုပ်ဆောင်ရမည်။

၃။ အိမ်ထောင်ရေး ထိခိုက်ပျက်စီးစေနိုင်သော နေထိုင် သွားလာမှုမျိုး ဘယ်သောအခါမှ မကျူးလွန်ရ။

(ဥပမာ မိန်းမ၊ အရက်၊ လောင်းကစား)

၄။ စိတ်သဘောမတိုက်ဆိုင်၍ ပြဿနာကြီးငယ် မည်သို့ရှိစေ အိမ်ထောင်ရေးကို မထိခိုက်စေရ။

၅။ အိမ်ထောင်ဖက်အပေါ်၌ သစ္စာတရား သစ္စာရှိမည်ဟု ကတိပြုသည်။

ဝန်ခံကတိပြုသူလက်မှတ်

နေ့စွဲ ..................





"ကြီးကြီးကျယ်ကျယ်တွေ .. ဒါတွေကို ဘယ်သူက လိုက်နာမှာမို့လို့လဲ"

နှင်းဆီ ကိုင်ပေးထားသည့် စာရွက်ကို ဒီတိုင်းဖတ်ပြီး မျက်လုံးတွေက သူမဘက် လှည့်လာ၏။

"ငါ ကြော်ငြာရိုက်နေတယ်ဆိုတာ သိလို့ ဒါတွေ ထွက်လာတာလား၊ စိတ်မကောင်းစရာပဲ ထိုနှင်းဆီ၊ နောက်ထပ် ဗီဒီယိုရိုက်ဖို့တောင် ငါ သဘောတူပြီးပြီ"

နှင်းဆီ က စာရွက်ကိုင်ထားသည့် လက်လေးကို **အရှိန်မှန်နှင့်** အသာလေး ပြန်ချကာ နှုတ်ခမ်းလေးတွေကို ဖိပိတ်ပစ်၏။

ထို့နောက် ချစ်သော ကို ပြန်စိုက်ကြည့်၍ ...

"လုပ်ပါ .. ကိုလေးကို တားလို့မရမှန်း ညလေး သိသားပဲ၊ ဒါပေမယ့် ကိုလေး ဒီမှာ လက်မှတ်ထိုးရမယ်"

"ဘာ!..."

"စာရွက်တစ်ရွက်နဲ့ ကိုလေးကို ညလေး ချုပ်ကိုင်လို့ မရပါဘူး၊ ညလေး ကြိုးလည်း မကြိုးစားဘူး၊ ဒါပေမယ့် ကိုလေး လက်မှတ်ထိုးပေးပါ"

"အဲဒီတော့ ဘာဖြစ်လာမယ် ထင်လို့လဲ"

"ကိုလေးကို ညလေး မစည်းရုံးနိုင်တာက သပ်သပ်၊ အိမ်ထောင်ရေး မပြိုကွဲစေရဘူးလို့ မေချစ် ကို ကတိပေးထားတဲ့အတွက် ဒီတိုင်း ထိုင်ကြည့်နေရတာထက်စာရင် ကိုလေး ကတိပေးထားတဲ့ လက်မှတ်တစ်ချက်ကို ယူထားချင်တယ်၊ နောက်ပြီး ..."

"ဆက်ပြော .."

"ဒီအချက်တွေထဲက ကိုလေး ဂရုမစိုက်ဘဲထားမယ့် အချက်တွေကို ညလေးလည်း မစိုက်ဘူး၊ ဥပမာ ကိုလေး ရိုက်ကွင်းကို ရောက်နေ



www.burmeseclassic.com

www.burmeseclassic.com



တဲ့အချိန် ညလေးလည်း ရိုက်ကွင်းမှာပဲ ရှိနေမယ်၊ ကိုလေး စင်ပေါ်မှာ ကခုန်နေရင် ညလေးလည်း အဲဒီအတိုင်းပဲ"

"ဘာ!... ဘာတွေ ပြောနေတာလဲ"

"ဟုတ်တယ် .. ကိုလေးက မင်းသားမို့လို့ ဗီဒီယိုရိုက်မှာဆိုရင် ညလေးလည်း မင်းသမီးဖြစ်အောင် လုပ်မှာ၊ သူတစ်လှမ်း .. ကိုယ်တစ်လှမ်းပဲ .."

"ဩော် .. ဩော် .. ဟား .. ဟား .. ဟား ..."

အံ့ဩသလို ပခုံးတွန့်လိုက်ပြီးမှ အားပါးတရ ရယ်ချလိုက်၏။ စကားပြောမလို့ ရယ်ရှိန်သတ်တာတောင် ရယ်ကို ရယ်ချင်နေသည့် မျက်နှာ မချိုမချဉ်နှင့် ဆံပင်တွေ သပ်ရင်း စပ်ဖြဲဖြဲ ...။

"မင်းသမီး လုပ်မယ်ဆိုလည်း စဉ်းစားပါဦးကွာ၊ ရှိတဲ့မင်းသမီးတွေ ထိုင်ငိုကုန်တော့မှာပဲ၊ ဟား .. ဟား .. ဟား ... ရယ်ရတယ် ဒီနေ့ မှန်ကြည့်ဖို့ မေ့နေတာလား၊ ဆေးစားမှားလာတာလား"

သူ ရယ်နေတာကို နှင်းဆီ က မမိုတ်မသုန်လေး စိုက်ကြည့်နေခဲ့၏။ နေ့နေ့ညည ကြည့်လိုက်တိုင်း ချောမွန်နေသည့်မျက်နှာသည် ဆံပင်အနားစပ်တွေ တွန့်လိန်နေတာကြောင့်ထင်သည် ပခုံးကျော်အောင် ရှည်နေတာကိုက ကိုယ်ပိုင်စတိုင်လ်တစ်မျိုး ဖြစ်နေ၏။

ချောလို့ ငေးသွားမိတာပေမယ့် နှင်းဆီ ရဲ့မဲ့ပြုံးလေးက အံကျည်းတန်နေသည်။

"မေ့တာပဲဖြစ်ဖြစ် .. ဆေးစားပဲ မှားမှား ညလေးရဲ့ ရည်ရွယ်ချက်ကို ပြောထားတာပါ၊ နောက်တစ်ခုက နံပါတ်ငါးအချက်ကို ကိုလေး ဖောက်ဖျက်မယ်ဆိုရင်လည်း ငရဲကို အတူတူသွားရအောင်၊ ညလေးက ထပ်ချိပ်မကွာ လိုက်ပေးဦးမှာ"

စာရွက်ရှည်ကို စားပွဲပေါ်မှာ ဒီတိုင်း ချထားခဲ့သည်။





နှင်းဆီ လှည့်ထွက်သွားတာနှင့် စာရွက်က ဖျတ်ခနဲ လန့်ထွက်သွားသဖြင့် သူ့လက်နဲ့ ဖမ်းဆုပ်ထားလိုက်သည်။

နံပါတ်ငါးအချက်ဆိုတာ ဘာလဲ ...၊

မျက်လုံးက လက်နဲ့ ဖိမိထားသည့်စာကြောင်းတွေဆီ ရောက်တော့ လက်ကို တရွေ့ရွေ့ တိုးဖယ်ကြည့်မိ၏။

အိမ်ထောင်ဖက်အပေါ်၌ ထာဝရ သစ္စာရှိမည်ဟု ကတိပြုသည်။

ချစ်သော နှုတ်ခမ်းမှာ မဲ့ပြုံးတစ်ခုဖြစ်လျက် ဘောလ်ပင် ကောက်ယူပြီး နံပါတ်လေးရဲ့အောက်မှာ လက်မှတ်ထိုးပေးလိုက်၏။

သူမ သိပါစေ ...၊

နံပါတ်ငါးကိုတော့ တာဝန်မယူ ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၄၀]

"နေပါစေ သားရယ် .. မမေးပါနဲ့၊ သူ ဟိုမှာလည်း မရင်းနှီးလို့ နေမှာပေါ့၊ ရောက်ကတည်းက ဒီမှာပဲ နေတော့ နှင်းဆီ နဲ့က ညီအစ်မလို ဖြစ်နေပြီလေ"

ဖုန်းကိုင်ပြီးမှ ပြန်ချလိုက်ပြီး မေမေ့ဘေးမှာ ထိုင်မိသည်။ ဒီဘက်အချိန်တွေမှာ မဟေသီ နဲ့ နှင်းဆီ သင့်မြတ်နေတာက မှန်သည်။

ဒါပေမယ့် ဒီလိုအခြေအနေ ဖြစ်သွားအောင် နှင်းဆီ ဘယ်လောက်ထိ အနစ်နာခံထားခဲ့တာကိုလည်း သူများတကာထက် သူ ပိုသိနေသည်။

အခု သူတစ်မိအိမ်မှာဆို မဟေသီ နှင့်တကွသော တခြား မဟေသီရဲ့ ဆွေမျိုးတွေကိုပါ ခေါင်းငုံ့ သည်းခံနေရပြီလား ..။

ဆွေမျိုးတွေအိမ်ကို နှုတ်ဆက်ဖို့ အလည်သွားမည်ဆိုပြီး နှင်းဆီကို ခေါ်သုတ်သွားသည်။

ဟိုရောက်မှ ပြန်ဖုန်းဆက်တာက သူမနဲ့ အရင်းနှီးဆုံး အဒေါ်ဝမ်းကွဲက ကျန်းမာရေးအခြေအနေ ဆိုးဝါးနေသဖြင့် တစ်ရက်၊ နှစ်ရက် နေဦးမည်တဲ့။





ရောက်လာကတည်းက ကိုယ့်လက်ကိုတွဲပြီး ကိုယ့်အိမ်မှာပဲ ခြေမြဲခဲ့တာမို့ သူ့ဆွေမျိုးအိမ် တစ်ရက်၊ နှစ်ရက် သွားလည်တာကို တားလို့ကလည်း မကောင်း..။ ခုကျမှ နှင်းဆီ ကို ပြန်လွှတ်လိုက်ပါလားလို့ ပြောရင်ရော ကောင်းမလား ..။

"သားကြီး မအိပ်သေးဘူးလား"

"ဘာကိုလဲ မေမေ .."

သူ့လိုပဲ တွေးနေပုံရကာ ဒါပေမယ့် မေမေ တွေးနေတာကတစ်မျိုး..။

"သမီးငယ်က ကလေးဆန်တယ်မို့လား မဟေသီ ကို အစတုန်းက မေမေ သိထားတဲ့ပုံစံနဲ့ဆိုရင် ခုလို သင့်မြတ်ပြေလည်သွားဖို့ မရှိဘူးလေ၊ ဒါပေမယ့် သူတို့ ရင်းနှီးသွားလိုက်ကြတာ ကြည့်စမ်း၊ မဟေသီကလည်း အိမ်မှာ မျက်နှာတည်တည်နဲ့နေပေမယ့် သမီးနဲ့ စကားပြောနေရင် ရယ်လို့မောလို့ .."

"မေမေ့သမီး ပုံစံပြောင်းနေတာကိုရော မေမေ သတိမထားမိဘူးလား"

"သတိထားမိတယ်၊ သမီးကလည်း မဟေသီ ကို သူ့အစ်မလို တကယ်သဘောထားတဲ့ပုံစံပဲ၊ အားလုံးအပေါ်မှာထက် ပိုပြီး သည်းခံတယ်"

သူ့မျက်စိရှေ့မှာပဲ မဟေသီ ခြေရင်းမှာ ဒူးထောက် အရှုံးပေးသွားသည့်မြင်ကွင်းက ဖျတ်ခနဲ ပြန်ပေါ်လာသည်။ ချစ်သူတော့ ချစ်သူပါပဲ၊ နှင်းဆီ ကလည်း ကိုယ့်ညီမလေးပဲမို့ ရင်ထဲမှာ နင့်သွားခဲ့သည်။ ခုတော့ ဒါတွေက အောင်နိုင်ခြင်းတွေ ဖြစ်ခဲ့သည်လား ..။

"မေမေ သိနေတယ် သားရဲ့ .. သမီးလေးကလည်း မာနခဲလေးပဲ၊ သူ မဟေသီ ကို သင့်မြတ်အောင် ပေါင်းသင်းသွားတာ မေမေ့အတွက်ပဲ ဖြစ်မှာ သိလား၊ သူ မေမေ့ကို ဂရုစိုက်တာ စေတနာပါမှန်း သိသာ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ မေမေ့ရဲ့ အမွေစားအမွေခံသမီး ဖြစ်ရတဲ့အတွက် အကျိုးအမြတ် ခံစားခွင့်ကြောင့် မဟုတ်ဘဲ မေမေ့ခံစားချက်ကို သူ နားလည်နေတာမျိုး"

"ဟုတ်တယ် မေမေ .. မဟေသီ ကို သူ သည်းခံတယ်၊ အသက် ငယ်ပေမယ့် ဆင်ခြင်ဉာဏ်ရှိတဲ့ ကောင်မလေးပါ၊ အဲဒါကြောင့် သူ့ကို ကိုယ့်ညီမလေးလို ကျွန်တော် ချက်ချင်း ရင်းနှီးပြီး မငြိုမငြင် ချစ်နိုင်ခဲ့ တာ၊ တစိမ်းလူချင်းတူပေမယ့် အခု ချွေးမဖြစ်ကြမှာလည်း တူတော် တောင် ညီမလေးကို မေမေ ပိုချစ်တယ်ဆိုတာ ကျွန်တော် နားလည်ပါ တယ်၊ မဟေသီ အပေါ် ချစ်နိုင်ဖို့ထက် ခုလို နားလည်ထားတာကိုပဲ မေမေ့ကို ကျေးဇူးတင်နေမိတာ၊ တစ်ခု ထပ်တောင်းပန်ချင်တာက မေမေ ချစ်တဲ့ သမီးကို မဟေသီ က တစ်ခုခု အနိုင်ကျင့်သလို ဆက်ဆံ ပြောဆိုတာမျိုး မေမေ့ရှေ့မှာ ရှိလာခဲ့ရင် နောက်ထပ် ခွင့်လွှတ်နားလည် ပေးဖို့ .."

"သားရယ် .."

ဒေါ်ချစ်ဖူးငုံ က နူးညံ့နွေးထွေးသည့်အကြည့်များနှင့် ပြုံးလိုက် ကာ ...

"သမီး မဟေသီ ကလည်း သားဘဝရဲ့ မီးအိမ်ရှင်လေးပါ၊ သား ကိုချစ်ရင် ချွေးမကလည်း သမီးပဲလေ၊ ပိုပြီး နားလည်သင့်တာက သားက သူ့နောက်ကို လိုက်သွားဦးမှာ၊ မေမေ့ဆီ သူ့လာတုန်းမှာ မေမေက မေတ္တာပျက်ခဲ့ရင် မေမေ့ကြောင့် သား အမြဲတမ်း မျက်နှာငယ် သွားရမှာပေါ့၊ သား တစ်မျက်နှာတည်းနဲ့ မေမေ့ရဲ့စိတ်ကို ရေလိုမီးလို မွေးမြူနိုင်တယ်"

"မေမေရယ် .."

ချစ်သူ ဒီစကားတွေ မေမေ ပြောလာတိုင်း စိတ်ချောက်နိုင်ပေ မေမေ့ရင်ထဲမှာ လောင်ကျွမ်းနေတာကို သူ သိသည်။ ဒီမီးတွေ အငြိမ်း





အဟုန် မြင့်တက်မလာအောင် ထိန်းထားပေးနိုင်သူဟာ ထိုနှင်းဆီ သာ ဖြစ်၏။

မေမေ့ကို တွေးချိန်ငေးချိန် မရှိရအောင် နှိပ်နင်းပေးရင်း စကား တွေ တတွတ်တွတ် ပြော ...၊ တရားစာအုပ်တွေ ဖတ်ပြ၊ ခြံထဲမှာ လမ်းလျှောက်ခေါ်သွားပြီး မသိတာတွေ မေးခြင်းဖြင့် မေမေ့ကို အလုပ် ပေးတတ်တာတွေ ...။

အခု မဟေသီ ရောက်လာသည့်အချိန်ထိ မီးဖိုချောင်မှာ ဘယ်သူ့ အကြိုက်၊ ဘယ်သူနဲ့တည့်သည့်အစားအစာကအစ တစ်ချက်မှ မလွတ် အောင် သူမပဲ ပြေးလွှား လုပ်ကိုင်ခဲ့သည်။

မဟေသီ အပေါ်မှာ ချက်ချင်းကြီး ပျဝပ် ရိုကျိုးသွားခဲ့တာတွေကို ပြန်တွေးကြည့်လိုက်လျှင် ဒီမိသားစုအပေါ်မှာ သူမ စေတနာထားခဲ့တာ သိသာပါ၏။ ထို့ကြောင့် အနစ်နာခံနေသူကို အထပ်ထပ် နစ်မွန်းစေ တာမျိုး မဖြစ်စေချင် ...၊

နှင်းဆီ ဒီလို စေတနာထားခဲ့တာကို မဟေသီ တကယ် နားလည် ပြီး တုံ့ပြန်တာ ဟုတ်ရဲ့လားဆိုသည့် မယုံရဲစိတ်က အပြင်ကို ညအိပ် ညနေ ခေါ်သွားသည်ဆိုတော့ စိတ်ကမဖြောင့် ...။

"မေမေ့အတွက် မပူနဲ့ သား .. အခု မေမေတို့ ပူရမှာက သမီး ငယ်နဲ့ သားငယ် ဘာတွေကြိတ်ဖြစ်ပြီး ဘယ်လို ချီတက်ဖို့ ပြင်နေကြ သလဲ ဆိုတာပဲ"

"လူငယ်တွေကို ဒီတိုင်း ကြည့်နေလိုက်ပါ မေမေရာ .. နှင်းဆီ ကို ညီလေး မမုန်းဘူး၊ အဲဒါ ကျွန်တော် သိတယ်၊ စိတ်ဆတ်တယ်၊ မာနကြီးတယ်၊ အဲဒီလိုလူချင်းတွေ့တော့ ဘယ်လိုလုပ် ချက်ချင်း ငြိမ်း ချမ်းသွားနိုင်မလဲ"

"ခုလည်း သားငယ်က ဘာပြောတယ် မှတ်လို့လဲ ...နှင်းဆီ



www.burmeseclassic.com

www.burmeseclassic.com



က ဘာပြောသွားလဲဆိုတော့ ဘာပြောစရာလိုလို့လဲ၊ ပြန်မလာလေ ကောင်းလေတဲ့"

"မမေတို့ သား အတင်းတွေ ပြောနေတာလား"

နေ့ပြော နောက်ကြည့်ဆိုတာကို မေ့သွားတော့ အပြင်ကနေ ချစ်သော ဝင်လာတာကို ရုတ်တရက် မသိလိုက် ...။

ချစ်သူ က ချစ်သော ဝတ်ထားသည့်ဒီဇိုင်းကို မော့ကြည့်ပြီး မေဓာ့ သားမှာ ထိုင်ချလိုက်တဲ့အထိ စောင့်ပြီးမှ ...

"နေရင်းထိုင်ရင်း ဒီလောက် ပြင်ထားတာ မင်းသားလို့ ပြောရ မလား .. အခြောက်ဖြစ်သွားတာလား"

မပြောစဖူး ရင့်သီးသည့်စကားမျိုး ပြောလိုက်တော့ ချစ်သော မျက်ခုံးတွေ တွန့်သွား၏။

"မင်း ဒီလိုပဲ နေလာတာကို ကိုကြီး သိတယ်၊ ဒါပေမယ့် ပိုးစုန်း ကြူးလေးရဲ့ဘေးမှာ ဖန်မီးအိမ်ကြီး သွားချလိုက်ရင် ပိုးစုန်းကြူး မျက်လုံးကန်းသလို ဖြစ်သွားမှာ၊ မင်း နှင်းဆီ ကို နည်းနည်းငဲ့ဦး"

"ဘာဆိုင်လို့လဲ ...၊ ဘယ်လိုပြင်ပြင် ထွက်မလာမယ့်ပုံကို ညီက သူနဲ့ ပုံစံတူအောင် နေရမှာလား"

"သင့်သင့်မြတ်မြတ်ဆို ဖော်သေးတယ်လေ..၊ အခု မင်းက မင်း ကိုယ်တိုင် ချိုးဖဲ့ပြောနေတာ .."

"ပြောရုံတင် .. ဂုတ်ချိုးပစ်ဖို့တောင် ကောင်းသေးတယ်၊ ဟိုနေ့ က ညီကို သူက ကြော်ငြာမရိုက်ရဘူးဘာညာနဲ့ စည်းကမ်းတွေဘာတွေ ထုတ်လို့၊ ဟွန်း .."

"ဇနီးတစ်ယောက်အနေနဲ့ သူ ပြောခွင့်ရှိတယ်လေ၊ မင်း ဒီလောက် တောက်ပနေတာ၊ သူ့ကို ရိုက်ချိုးနေသလိုပဲ ညီ"

"သူ လှချင်ရင် လှအောင် ပြင်ပေါ့၊ ညီ အစကတည်းက ခေါင်းခါ





ခဲ့တာပဲ၊ ဒီလိုပုံစံကို ဘယ်တော့မှ ရင်ခုန်လို့ရမှာ မဟုတ်ဘူး"

"မင်း ဒီလောက်ပဲ အလှမက်ရသလား"

"လောကကို တန်ဆာဆင်တာ အလှပဲ ကိုချစ် ရ..၊ ရွေးချယ်မှု ဆိုတာတွေလည်း အလှအပကနေ ဖြစ်လာတာလို့ ပြောလို့ရတယ်"

အဖြူရောင်ပေါ်မှာ ခပ်ပြောင်ပြောင် အပွင့်ရိုက်တွေ လက်နေသည့် ရှပ်အင်္ကျီအဖြူလက်ရှည်နှင့် အဖြူနဲ့ အပြာဖျော့ နှစ်လိုင်းရစ်ထားသော အပေါ်ထပ်ချိုင်းပြတ်ကို ထပ်ဝတ်ထားသည်။

ဘောင်းဘီက အပြာရောင်ဖျော့ဖျော့ ...၊

ချစ်သော သည် နှုတ်ခမ်းစေ့ထားပြီး လှောင်ပြုံးနှင့် မထိတထိ အံကြိတ်နေသည့်အခါ မေးရိုးနှစ်ဖက် ခိုင်ကြည်လျက် တစ်မျိုး ကြည့် ကောင်းသလို ...၊ နှုတ်ခမ်းတွေဖွင့်၍ ရယ်နေလျှင် ပါးနှစ်ဖက်မှာ ပါး ချိုင့်လို ပါးရစ်လေးတွေဖြစ်သွားပြီး ယောကျ်ားချင်း မနာလိုဖြစ်လောက် အောင် ချောတဲ့သူ ဖြစ်၏။

ကိုယ့်ညီရဲ့ အရှည်အချင်းတွေကို မသိလို့မဟုတ်၊ ဘယ်လောက် ထိ အလှအပကြိုက်တာကိုလည်း သိသည်။ ဒါပေမယ့်...

ခုချိန်မှာတော့ နှင်းဆီ နဲ့ ညီမျှခြင်း ဖြစ်စေချင်မိသည်။

"မင်းကြော်ငြာ ပြီးသွားပြီလား"

"မပြီးသေးဘူး"

"ဒါနဲ့ သားငယ် ကြော်ငြာ မရိုက်ဘူးဆို ..၊ ဆုံးဖြတ်ချက်နဲ့ ခံ ယူချက် မတူဘူးနော် သား၊ ဒါပေမယ့် ဆုံးဖြတ်ချက်တွေ အခါခါ ချနေ တာ မကောင်းသလို ခံယူချက်ဆိုတာလည်း ကောက်ပင်တွေလို လေ တိုက်တိုင်း ယိမ်းလို့ကောင်းတဲ့အရာ မဟုတ်ဘူး"

ဒေါ်ချစ်ဖူးငုံ က ကြော်ငြာရိုက်ခြင်းကို မနှစ်မြို့တာလိုပဲ သတိ ပေးရုံသက်သက်လို မယုတ်မလွန် ဝင်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်သော က သားရေပျော့နှင့် ပလက်တီနမ်ရောနေသည့် လက်ပတ်ကိုချွတ်၍ စားပွဲပေါ် တင်လိုက်ကာ လက်နှစ်ဖက်ကို ခေါင်းအောက်သွင်း၍ ဆိုဖာမှာ လျော့ရဲရဲ မှီချလိုက်၏။

"အစကတော့ မယိမ်းမယိုင် ခိုင်ခိုင်မတ်မတ် ခေါင်းခါနေခဲ့တာပဲ"

မပွင့်တပွင့်ပြော၍ ရှေ့ဆက်မပြောဘဲ နေမိသည်။ အဲဒီ ကောင်မလေး ဆရာလုပ်လွန်းလို့ တမင်တကာ ရွဲ့ပြနေတာလို့ ပြောမိမှာစိုးလို့..။

"ဒါဆို ကိုကြီး မေးဦးမယ်၊ အစက ခေါင်းခါနေခဲ့တာကို မင်းကြိုက်နေတဲ့ကောင်မလေးနဲ့ ငြိလာလို့ ခေါင်းညိတ်ခဲ့တာ .. ဟုတ်တယ်မို့လား"

"အဲဒီလိုတော့ မဟုတ်ပါဘူး"

"ဟုတ်ဟုတ်မဟုတ်ဟုတ် အဲဒီမော်ဒယ် ဘာလုပ်လုပ် လူသိမြန်တယ် ညီ၊ သူနဲ့အတူ မင်း ပါလာတော့ ဒီသတင်းတွေက ဘယ်လောက်ထိ ပြန့်ကားနေလဲ သိလား"

ချစ်သော နှုတ်ခမ်းပွတ်သလို ခေါင်းကုတ်သလိုနှင့် မျက်နှာလွှဲ၍ မဲ့သွား၏။ ဒါကို သူငယ်ချင်းတွေကလည်း မကျေနပ်ကြပေ။ နှစ်သက်ခင် သူမ အကျိုးအမြတ်အတွက် ခပ်ကြောကြော ရောက်လာတာကို သူလည်း ကျေနပ်နေလို့မှ မဟုတ်ဘဲ ..။

ဘယ်လိုမှ ငြင်းပယ်စရာ အကြောင်းကောင်း ရှာမတွေ့တာရယ်၊ သူမနဲ့အတူ တွဲရိုက်ရမှာကို စိတ်ဝင်စားသလို ဖြစ်သွားခဲ့တာလည်း ပါးပါးလေးပါ ..။ ဒါပေမယ့် ကိုယ် လိုက်လျောလိုက်ရသလို နည်းနည်းတော့ တုံ့ပြန်ချင်လို့ ကြော်ငြာရိုက်နေရသည့်ရက် ရှည်နေတာကိုယ့်အရည်အချင်း..။

ရှုတင်မန်နေဂျာရော နှစ်သက်ခင် တို့ပါ သူ့ကြောင့် ဒုက္ခရောက်နေကြပြီ ဖြစ်၏။ ဒီကြော်ငြာ အဆုံးသတ် ရိုက်ကူးသည့်နေ့ဟာ သူ





ဘာဖြစ်လို့ ဒီလိုလုပ်နေသလဲဆိုတာကို နှစ်သက်ခင် နားလည် ဝန်ခံလာသည့်နေ့ပဲ ဖြစ်ရမည်။

ယောကျ်ားတိုင်း အလှမက်ကြသလို သူလည်း ဒီလိုပဲပေမယ့် အလှကြောင့် လူတိုင်း မရူးဘူးဆိုတာတော့ သိစေချင်သည်။

'ချစ်သောသူ ဆိုတဲ့ကောင်က ငါ လက်ဖျစ် တစ်ချက်တီးရုံပါပဲ' ဆိုသည့်အပြုံးမျိုး နှစ်သက်ခင် ရဲ့နှုတ်ခမ်းမှာ တင်ခွင့်မပေးနိုင်..။

ဘယ်နေရာမှာမဆို တန်ရာတန်ကြေးဆိုတာ ရှိသည်။

"ကိုကြီး ပြောနေတာ ကြားလား ညီ .."

ကြားတယ်"

ချစ်သူ က စိတ်တိုလွန်းလျှင် 'ချစ်သော'လို့ ခေါ်တတ်သလို ညီလေး၊ ညီ စသဖြင့် အမျိုးမျိုး ခေါ်တတ်၏။ ချစ်သော တုံ့ပြန်ပုံကတော့ အမြဲတမ်း ဒီအတိုင်း ..။

"ဒီတော့ မင်းဘက်က လူတွေ ထင်သလို မဟုတ်ဘူးဆိုရင် ကြော်ငြာမရိုက်စေချင်တဲ့ နှင်းဆီ ရဲ့တားမြစ်ချက်ကို .."

"လုံးဝ နားလည်မပေးနိုင်တာ သေချာတယ်"

အပြတ်အသတ်ပြော၍ နေရာမှ ထရပ်သည်။ ခေါ်ချစ်ဖူးင့် အံ့သြသလိုလို လိုက်မော့ကြည့်နေပြီး ဘာမှဝင်မပြောပေ။ ချစ်သူ ကပါ ချစ်သော ထရပ်လိုက်သည့်အတိုင်း မျက်လုံးတွေ ပါသွားကာ နောက်မှ ခပ်ဖြည်းဖြည်း ထရပ်၍ ...

"အေး .. နှင်းဆီ ကို မင်း ခေါင်းထဲ မထည့်တဲ့ကိစ္စ ထားလိုက်၊ မင်းနဲ့သူ လက်ထပ်ထားကြတာလည်း မြန်မာတစ်နိုင်ငံလုံး သိနေကြတာ မဟုတ်ဘူး၊ ဒါပေမယ့် နှစ်သက်ခင် နဲ့ မင်းကို ကြော်ငြာ ထွက်မလာခင်ကတည်းက တစ်နိုင်ငံလုံး ဘာလိုလိုတွေ ပြောနေကြပြီ"

"အဲဒါ ဘာဖြစ်လဲ ကိုကြီးရ .. ညီက အနုပညာသမားဖြစ်နေရင်



www.burmeseclassic.com

www.burmeseclassic.com



ပရိသတ်ဆိုတာ အနုပညာရှင်ကို ဒီလိုပဲ စမ်းတဝါးဝါး ရှုပ်လုံးဖော် ကြည့်ကြတာပဲ၊ ဒီကြားထဲ အလကား သတင်းလိုက်ဖွတဲ့ စီးပွားရေး သမားတွေလည်း ရှိသေးတယ်၊ ပြောချင်တာ ပြောကြပါစေ"

"မင်း ပြောသလိုဆို မှန်တယ် ညီ ..၊ ဒါပေမယ့် မင်းက အနုပညာ သမား မဟုတ်ဘူး၊ တီဗွီဖန်သားပြင်မှာ ပေါ်လာရင်လည်း နှစ်သက်ခင် ကို နှစ်သက်နေတဲ့ မျက်လုံးတွေနဲ့ ပေါ်လာမှာပဲ"

ချစ်သော က ဘာကို သဘောကျသွားမှန်းမသိဘဲ ခေါင်းငုံ့ရယ် ၏။ ပြီးတော့ မျက်နှာချင်းဆိုင်မှာရှိနေသည့် ချစ်သူ ကို ပြန်ကြည့်ကာ...

"နှစ်သက်ခင် ကို ညီက ကြိုက်နေပါတယ်လို့ ကိုကြီး ပြောလိုက် တာပေါ့"

"မင်း ပြောသွားတာပဲ"

"ဒါဆို မဟုတ်ဘူးလို့ ညီ မငြင်းတော့ဘူး၊ ကိုချစ် တို့ စောင့် ကြည့်လိုက် .."

"စောင့်ကြည့်လိုက်ဆိုပြီး သားက ဘာတွေ ဆက်လုပ်မလို့လဲ"

ဒေါ်ချစ်ဖူးငုံ ဝင်ပါလာရပြီဖြစ်ကာ ...

"သားတို့ လက်ထပ်ထားတာ တစ်နိုင်ငံလုံး သိသေးပေမယ့် သိထားတဲ့ လူနည်းစုထဲမှာ မေမေတို့ဂုဏ်သိက္ခာတွေ ရှိတယ်"

"ပြောနေလည်း ဒီနားမှာပဲ ပတ်ရှုပ်နေမှာ၊ မေမေ့သားကို ကျွန် တော် စိတ်မရှည်တော့ဘူး"

ဟု ကြားဖြတ်ပြောကာ ချစ်သူ လှည့်ထွက်သွားလေသည်။

နှုတ်ခမ်းမဲ့ ပခုံးတွန့်ပစ်သည့် ချစ်သော ကို ကြည့်၍ ဒေါ်ချစ်ဖူးငုံ က လက်မောင်းကို ဆုပ်ကိုင်လှုပ်ကာ ...

"နှင်းဆီ က မေမေ့ချွေးမဝယ်ဆိုတာ လူနည်းစုပဲ သိပေမယ့် ဒါကို ဂရုမစိုက်လို့မရဘူး သား တစ်လှေလုံး ပုပ်စော်နံလာတာ၊ ငါး





အပုပ်တွေ အများကြီး တင်လာလို့ မဟုတ်ဘူး၊ ပုပ်နေတဲ့ ငါးတစ် ကောင်တည်းကြောင့်ပဲ၊ အဲဒါတွေ သား နားမလည်လို့လားဟင်"

"မေမေရာ .."

"မေမေရာလို့ မလုပ်နဲ့၊ အဲဒီ ကြော်ငြာမယ်နဲ့ နောက်ထပ် ဘာသံ မှ မကြားစေရပါဘူးလို့ မေမေ့ကို ကတိပေး .."

"ခုလည်း ဘာမှမဟုတ်ဘဲနဲ့ ကြော်ငြာတွဲရိုက်တာလေးကို ဖွနေ ကြတာ .."

"အနုပညာရပ်ဝန်းကို မေမေ နားလည်တယ်၊ အခု စိတ်ပူနေတာ က ဒီမိန်းကလေးက သားချစ်နေခဲ့တဲ့ မိန်းကလေး၊ အိမ်က ဓနီးမယား အပေါ်မှာ သာယာစိတ်မရှိတဲ့ ယောကျ်ားတစ်ယောက်ဟာ အပြင်မှာ အောက်ပြန့်ဖို့ မခဲယဉ်းတတ်ဘူး၊ ဒီလိုအမှားမျိုး ဖြစ်လာခဲ့ရင် အခြေ အနေ အချိန်အခါတွေ ထည့်တွက်ပြီး မေမေ ခွင့်လွှတ်မှာ မဟုတ်ဘူး"

ပြောနေရင်း စကားသံတွေပါ တုန်လာသလိုရှိကာ ဒေါ်ချစ်ဖူးငုံ မျက်လုံးတွေမှာ အေးစက်စက်အကြည့်တွေ ဖြစ်လာ၏။

ချစ်သော က မိခင်ကို ချွဲနွဲ့တတ်သော သားတစ်ယောက်၏ ဆိုးမျိုးဖြင့် ပခုံးတနေ ခပ်ဖွဖွ သိုင်းဖက်လိုက်ကာ...

"စိတ်ထိန်း..စိတ်ထိန်း၊ မေမေ့သားက အဲဒီလိုကောင် မဟုတ်ဘူး"

"မေမေ မယုံဘူး"

ဒေါ်ချစ်ဖူးငုံ က ချစ်သော မျက်နှာကို စိုးရိမ်မကင်း ကြည့်နေဆဲ ချစ်သော က မိခင်ကိုဖက်ထားလျက်နှင့် မျက်နှာငုံ့လာပြီး အသံနိမ့်ကာ...

"ကိုချစ် ဒေါကန်သွားအောင် တမင် ပြောလိုက်တာ၊ မေမေ စိတ်ညစ်အောင် သား ဘာမှမလုပ်ဘူး၊ အဲဒါ ကတိ .."

"ဟုတ်ရဲ့လား သားငယ် .."

"တကယ် ပြောနေတာ ..၊ အဲဒီမော်ဒယ်ကို သား ကြိုက်ခဲ့မှတာ



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ်၊ လှလို့ကြိုက်တာမျိုးပဲ၊ ဘာခြေရာမှ မထင်ခဲ့ဘူး"

"ဒါဆို သူနဲ့ ကြော်ငြာတွေရိုက်ဖို့ ရှိသေးတယ်ဆိုတာက..."

"ဘယ်သူပြောနေတာလဲ၊ စိတ်ကူးထဲမှာရော အိပ်မက်ထဲမှာရော မရှိဘူး"

"တကယ်လား .. မေမေ ဝမ်းသာလိုက်တာ၊ ဗီဒီယိုမင်းသား လုပ်မယ်ဆိုတာရော အဲဒါ သားကိုကြီးကို တမင်ပြောလိုက်တာပဲမို့လား"

"မေမေက မင်းသားရဲ့အမေ မဖြစ်ချင်ဘူးလား"

"မဖြစ်ချင်ပါဘူး သားရယ် .. မေမေ ဝါသနာလည်း မပါဘူး အဲဒီလိုသာဆို နေ့ရောညရော မျက်နှာလေး မြင်ချင်လို့တောင် မြင်ရမှာ မဟုတ်ဘူး၊ အောင်မြင်နေတဲ့ အနုပညာရှင်တွေအကြောင်း မေမေ ကြား ဖူးနေတာပဲ၊ သားကို အဲဒီလို ရှုပ်ထွေးမနေစေချင်ဘူး"

ချစ်သော က ရယ်သည်။ ပြီးတော့ ဒေါ်ချစ်ဖူးငုံ နဲ့ ပါးချင်းကပ် လိုက်ကာ...

"အဲဒါလည်း လုံးဝ ဖြစ်လာဖို့ မရှိဘူး၊ မေမေ မကြိုက်တာ ဘာမှမလုပ်ပါဘူးဆိုမှ .."

"မေမေ ချစ်နေတဲ့ နှင်းဆီလေး ကိုတော့ သား မချစ်နိုင်ဘူးမို့လား"

ချစ်သော အရယ်မပျက်ဘဲ နှာခေါင်းတစ်ဖက် တွန့်သွားသည်။

"မေမေက သမီးလေးလို ချစ်နေတာ၊ သားကကျတော့ တစ်မျိုး ချစ်ရမှာလေ၊ အဲဒါ မလွယ်ဘူး"

"ကိုယ့်ဖနီး ဖြစ်နေပြီပဲ သားရယ် .. သားဘက်က နည်းနည်း လောက် ပြေပြစ်နူးညံ့ပေးလိုက်ရုံပါ၊ သမီးလေးက သားကို ခင်ရှာပါတယ်"

ဖက်ထားသည့်လက်တွေကို လွှတ်၍ တစ်ဖက်က ဘောင်းဘီ အိတ်ထဲ ရောက်ကာ တစ်ဖက်က နှဖူးပွတ်နေသလိုလို ဆံပင်တွေ ရောက်တော့မလိုလို ..။





'ခင်ရှာပါတယ်ဆိုတဲ့ ပါးစပ်ပေါက်လေးကို မေမေ့နား ဆွဲလာပြ ချင်တယ်'လို့ အသံတိတ် ပြန်ပြောမိရင်း နှုတ်ခမ်းတွေ မဲ့ပစ်ချင်ပေမယ့် မမဲ့ဖြစ် ..။ ခုလည်း ယောက်ျားဆိုတဲ့ သူ့ကို တစ်ခွန်းတစ်ပါဒ ပြော သွားလို့လား..၊ အိမ်မှာပျောက်နေတာ မနေ့က တစ်ရက်လုံးလုံးနဲ့ ဒီနေ့ တစ်ဝက်ထိ ..။

ရန်ဖြစ်နေကျဟာ မဖြစ်ရတော့လည်း ဟိုဒီလိုက်ရှာမိသေးသည်။ ပြီးတော့ ထမင်းဝိုင်းတိုင်ပြီဆို နှင်းဆီ မရှိသည့် နေ့ညတွေမှာ ဖွယ်ဖွယ် ရာရာ မဖြစ်ခဲ့တာ သေချာ၏။

အကောင်းကြိုက်တတ်သည့် သူ့အတွက် နှင်းဆီ ၏ လက်ရာတွေ ဟာ အမှတ်တမဲ့ကနေ အမှတ်တရ ဖြစ်လာခဲ့တာလည်း သေချာသည်။

တောသူဆိုပေမယ့် နိုင်ငံတကာ၊ စားသောက်ဖွယ်ရာ ချက်ပြုတ် နည်းစာအုပ်တွေကို နှင်းဆီ အသေဖတ်သည်။ သူမလက်က ထွက်လာ ပြီဆို စာအုပ်ကြည့်ပြီး ချက်တတ်လာတာပါဆိုတာ ယုံနိုင်စရာပင်မရှိ..။

ပြီးတော့ မေမေ ဖတ်ခိုင်းထားသည့် လူမှုဆက်ဆံရေးနဲ့ ချစ်သော စကားဆိုခြင်းအကြောင်း စာအုပ်တွေကို စာကျက်သလို ကျက်တာတွေ လည်း ရှိ၏။ ဒါပေမယ့် ခြွင်းချက်တစ်ခုက စာတွေထဲက ဗဟုသုတနဲ့ ချစ်ဖွယ် သောစကားတွေ ဆိုတတ်လာခဲ့တာ ဖြစ်ကောင်းဖြစ်လိမ့်မည်။

ထိုချစ်ဖွယ်သောစကားတွေက သူ့အတွက်တော့ မဟုတ် ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄၁)

ဒီနေ့ တစ်နေ့လုံး သူ အိမ်မှာရှိနေသဖြင့် ညနေ လေးနာရီလောက်မှာ မဟေသီ နဲ့ နှင်းဆီ ပြန်ရောက်လာကြတာကို သိနေသည်။

သိပ်မကြာခင် နှင်းဆီ အခန်းထဲ ဝင်လာကာ ဆလင်းဘက်ခ်ကို အိပ်ရာပေါ် ပစ်တင်လိုက်ပြီး အဝတ်လဲသည့်လိုက်ကာစဆွဲသံ ကြားလိုက်ရ၏။ တအောင့်လေးမှာ အသံထပ်ရပြီး သူမ အဝတ်လဲခြင်း ပြီးသွားခဲ့သည်။ လှည့်ကြည့်လိုက်တော့ ဘောင်းဘီရှည်မွပွအညိုလေးနှင့် စပို့ရှပ်လက်ပြတ်အဖြူလေးကိုဝတ်ထားကာ ဆံပင်တွေက နားပန်း ဆံစည်းထားသည့်အတိုင်း ...

"နှင်းဆီ .."

"ဟင်!..."

ခေါ်လိုက်တော့ တံခါးဝရောက်မှ နှင်းဆီ ပြန်လှည့်ကြည့်သည်။

"ကိုလေး ဘာလဲ .."

"ငါ့ဘောင်းဘီ သုံးထည် ရှိတယ်၊ မီးပူတိုက်ပေး"

"တိုက်ပေးမယ် .. အခု မီးဖိုချောင် ဝင်ရဦးမယ်"

"ဟိတ် .."





အိပ်ရာထက်မှာ ခေါင်းအုံးတွေ ဆင့်ခံပြီး စာအုပ်ဖတ်နေရာကနေ ချက်ချင်းပဲ ဒေါသသံဖြစ်သွားကာ ...

"ငါ တော်ကြာ အပြင်သွားစရာ ရှိတယ်၊ အခု တိုက်ဆိုတိုက်လိုက်"

သွားဖို့ ခြေလှမ်းပြင်နေသည့်အဖြစ်ကနေ နှင်းဆီ အခန်းထဲကို ပြန်လှည့်ရပ်လိုက်ပြီး ...

"ကိုလေး ဘယ်နှစ်နာရီ အပြင်ထွက်မှာလဲ .."

"အဲဒါ မင်းကို အတိအကျ သတင်းပေးမထားနိုင်ဘူး၊ ငါ ထွက်မယ့်အချိန်မှာ အဲဒီဘောင်းဘီတွေ မီးပူတိုက်ပြီးသား ဖြစ်နေဖို့ပဲ"

"ပြီးရောလေ .. ညလေးကလည်း လူမမာအတွက်ရော တစ်အိမ်လုံး စားသောက်ဖို့ အဆင်ပြေအောင်အတွက်ပါ အခု မီးဖိုချောင် ဝင်ရမယ်၊ အဲဒါပြီးမှ တိုက်ပေးရမှာ၊ ကိုလေး အတိအကျ မခိုင်းတဲ့အတွက် ညလေး မှန်းချက်လွဲသွားလို့ အဆင်မပြေရင် မတတ်နိုင်ဘူး"

"ထိုနှင်းဆီ .."

ဒီတစ်ခါ သူ လှုပ်လှုပ်ရှားရှားဖြစ်သွားမှန်း သိပေမယ့် နှင်းဆီ လှည့်မကြည့်ပါ။ အခန်းပြင်ရောက်နေပြီးမှ ဒီတိုင်း ရပ်နေလိုက်သည်။

ချစ်သော ၏ စကားသံနှင့်အတူ သူမဆီးကို တလွှားလွှား လျှောက်ချလာပြီး ...

"မင်းက ချက်ပြုတ်ဖို့ကို တကယ် ဂရုစိုက်တာလား .. မင်းရှိမှ အဆင်ပြေရမယ့်ပုံစံမျိုး တမင်တကာ ကြွေးကြော်နေတာလား၊ လူနဲ့ စကားလုံးက မလိုက်ဘူး"

အနားကပ်နေတော့လည်း မျက်နှာချင်းဆိုင် လှည့်လိုက်ပြီး သူ့ မျက်နှာဝကို တည်တည့်မော့ကြည့်၍ ...

"မတတ်နိုင်ဘူး၊ လူဘယ်လောက်ရှိရင် စကားလုံး ဘယ်လောက်ရှိရတယ်ဆိုတာ ကိုလေး သိရင် ကိုလေးပဲ တိုင်းတာပြီးမပြော.."



www.burmeseclassic.com

www.burmeseclassic.com



"ဘာ!..."

"အခု ရေခဲသေတ္တာထဲမှာ ဟင်းချက်စရာ တစ်မျိုး နှစ်မျိုးပဲ ရှိတော့တယ်၊ ဒေါ်ကြီးပုလည်း နေသိပ်မကောင်းလို့ ဈေးမသွားနိုင်ခဲ့ဘူး၊ ရှိတာလေးကို ဖွယ်ဖွယ်ရာရာဖြစ်အောင်လည်း မစီစဉ်တတ်လို့ ငါ့သမီး ပြန်ရောက်လာတာ ဝမ်းသာလိုက်တာဆိုပြီး မီးဖိုချောင်တစ်ခုလုံး တ၂ဝန် ဒီညနေ ညလေး ပန်းပေါ် ရောက်လာတယ်၊ ဘောင်းဘီသုံးထည် မီးပူတိုက်ပေးရမယ့်တာဝန်နဲ့ ဘာပိုအရေးကြီးသလဲ ကိုလေး စဉ်းစားလေ.."

ဟက်ခေါက်တော့မှာကို သိသည်။ အသံမကြားရခင် လှည့်ထွက်လာခဲ့ရင်း နှင်းဆီ သဘောကျစွာ ရယ်လိုက်မိသည်။

တစ်ခုခုကို မညာမတာ ပြောချတတ်သည့် ကိုလေး နှုတ်ဖျားအဖွေ့ ဆွဲ့အကုန်တာ မဟုတ်နိုင်ပါ ..၊ ဒီမျက်နှာကို အနီးကပ်ကြည့်လိုက်မိပြီး အံ့ဩတာ၊ ဇဝေဇဝါဖြစ်သွားတာတွေနှင့် ခဏတဖြုတ် အလုပ်ရှုပ်သွားတာ ဖြစ်ဖို့ ရှိသည်။

'ငါ ဒီလောက်တောင် ပြောင်းလဲသွားတာပေါ့'လို့ တိုးတိုးလေး ရေရွတ်ကာ ကိုယ့်မျက်နှာကို ပြန်စမ်းကြည့်မိသည်။ ပြီးတော့ မယောသီ ပြောတဲ့ စကားတွေကို သတိရ၏။

"ခုခေတ်မှာ မလှတဲ့လူတွေလည်း ငွေရှိရင် လှအောင် လုပ်ယူလို့ ရတယ်၊ မင်းက လှပြီးသားပါ၊ ကိုယ်တိုင်က လှချင်စိတ်ရှိနေဖို့ပဲ လိုတာ၊ မျက်နှာမှာ မိတ်ကပ်တွေနဲ့ ဖွေးနေဖို့ မလိုဘူး၊ အမြဲတမ်း နုကြည်ပြီး သန့်နေဖို့ လိုတယ်၊ အဲဒါ မင်း ဂရုစိုက်ရမယ်"တဲ့ ..။

မယောသီ က ချစ်သော နဲ့ နှင်းဆီ အချေအတင်တွေ ပြောနေကြတာကို ကြားကာ 'မင်းက ဘာဖြစ်လို့ စိန်ခေါ်ခဲ့တာလဲ'လို့ မေးသည်။ ပြီးတော့...

"ကိုယ်က ပိုင်နိုင်မှုမရှိသေးဘဲ စာချုပ်တွေ စာတမ်းတွေနဲ့ သွား





လုပ်တာ၊ သူ ဒီလိုပဲ တုံ့ပြန်မှာပဲ၊ မင်း မတွေးမိဘူးလား"တဲ့..။

နားစွန်နားဖျားကြားတာကို ပြန်မေးတော့ နှင်းဆီ ဖြစ်သမျှကို ပြန်ပြောပြမိသည်။ ထို့ကြောင့် မေးခွန်းတွေ ထွက်လာခဲ့တာဖြစ်ကာ...

"'မပိုင်ရင် ခြင်တောင် မရိုက်နဲ့'ဆိုတဲ့ စကားက မှန်တယ်၊ အသားနာသွားလို့ 'ဖြန်းခနဲ' ရိုက်ပစ်လိုက်တာက ခြင်ကိုမိရင် ကျေနပ်သွားပေမယ့် ငုံ့ကြည့်လိုက်လို့ ခြင်သေကို မတွေ့ရင် 'လွတ်သွားပြီ' ဆိုပြီး ဒေါသက နှစ်ဆတိုးသွားရော၊ ဒါက ရင်ထဲမှာ တင်ကျန်ခဲ့လောက်အောင် ငြိုးမယ်ဖွဲ့တာမျိုးတော့ မဟုတ်ဘူး၊ ဒါပေမယ့် ခဏတဖြုတ်လေးတော့ ကိုယ့်ကို နှိပ်စက်သွားတာပဲ သိရဲ့လား၊ မပိုင်ဘူးထင်ရင် ဘာမှမလုပ်နဲ့၊ မပြောနဲ့.."

"ညလေး မသိဘူး၊ ကိုလေး ပြောတာကို မခံချင်လွန်းလို့ ပြန်ပြောပစ်လိုက်တာ၊ သူ့ရည်းစားနဲ့ ကြော်ငြာရိုက်နေတယ်ဆိုတာ ကြားလိုက်တော့ ရှက်သလိုလို .. ဝမ်းနည်းသလိုလို .."

"မင်း သူ့ကို ချစ်နေတာ ထင်တယ်"

"မချစ်ပါဘူး မမရယ် .. အရမ်း ချိုးဖဲ့ နှိမ့်ချပြောလွန်းလို့ ရှက်တာ၊ ညလေး ဒီလောက် ရုပ်မဆိုးဘဲနဲ့ သူ ပြောလိုက်ရင်း ဆွဲ့အနားမကြား ရွံ့စောင်းကျိုးကန်းနေတဲ့ ဒုက္ခိတလိုပဲ .."

"ဒါ သူမြင်နေတာပဲ ညီမရယ်.. တမင် နှိမ်ပြောတာ ဖြစ်နိုင်သလို မင်းက သူ့မျက်စိထဲထိ တိုးမပေါက်ဘူး ဖြစ်နေတာလည်း ဖြစ်နိုင်တာပဲ"

"ဒါဆို ညလေး တကယ် ရုပ်ဆိုးတာလားဟင်"

"ရုပ်မဆိုးရုံလောက်နဲ့ မင်းကို သူ သတိထားမိနိုင်မှာ မဟုတ်ဘူး၊ မင်းပြောခဲ့သလို အစက ဒီလောက် အပြောမဆိုးဘူး၊ ခင်ခင်မင်မင်တောင် ပြောဆို ရင်းနှီးခဲ့ဖူးတယ်ဆိုရင် သံယောဇဉ်ဆိုတာက ရှိပြီးသားပါ၊ မင်းကို ဘာမှမဆိုင်ကြတဲ့ မိန်းကလေးတစ်ယောက်အဖြစ် ညီမလို၊



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းလို ခင်မင်ရင်းနှီးနေပေမယ့် ဇနီးအဖြစ်မှာတော့ ဒီလောက်နဲ့ သူ မရောင့်ရဲနိုင်ဘူး ထင်တယ်”

“ဒါဆို ချစ်လို့ လုနေတာဆိုတဲ့ စကားတွေကရော ..”

ဒီလိုမေးလိုက်တော့ လှောင်ပြုံးနဲ့ ဆင်တူသည့်အပြုံးမျိုး မယောသီ နှုတ်ခမ်းမှာ ထင်သွားသည်။ ဒါပေမယ့် မျက်ဝန်းတို့မှာ ချစ်စနိုး ရယ်မြူးခြင်းတွေနှင့်သာ..။ “သူက မင်းကို မချစ်သေးလို့ပေါ့”တဲ့..၊

ဒီလိုဖြေလိုက်တာကို စိတ်ထဲမှာ ဘာမှဖြစ်မသွားပါ။ သို့သော် မယောသီ ပြုံးလိုက်သည့်အပြုံးကို ဒီစကားဆုံးသွားမှ နားလည်လိုက်သဖြင့် ရှက်တော့ ရှက်ခဲ့မိ၏။ ကိုယ့်ကို သနားသည့်အပြုံး ..၊

သူမအဖြစ် ဤသို့ ရှိနေသည်ကို သူများ ပြုံးလိုက်မှ သိခဲ့ရသည်။

ဒီနေ့ကစပြီး ‘ငါ လှအောင် နေမယ်’ဆိုသည့် သန္နိဋ္ဌာန် ထိုနေရာမှာပဲ ဖြစ်ခဲ့၏။ ဒါကြောင့် ပထမတစ်သစ်အနေနှင့် မိတ်ကပ်ဆရာ သင်ပေးထားသည့်အတိုင်း မျက်နှာကို ညဘက်လည်း ဂရုစိုက်သည်။ နေ့ဘက်လည်း ဂရုစိုက်သည်။

ဒီနေ့ ကိုလေး မျက်မှောင်ကုတ်သွားပြီး စိုက်ကြည့် ကျန်ရစ်တာကို ကျေနပ်လို့ မဆုံး ..။ ဒါတောင် မယောသီ ပြောပြထားလို့ရယ် ..

“နေ့ချင်းညချင်း သိသိသာသာကြီး ပြောင်းလဲသွားအောင် လုပ်လိုက်ဖို့က လွယ်တယ်၊ ဒါပေမယ့် ကိုယ့်ခြေလှမ်းကို သူများ မြင်လွယ်အောင် မပြရဘူး၊ ဒီလိုလုပ်တာတွေကလည်း ရုပ်ရှင်ဆန်ပါတယ်ကွာ။ ဘာလုပ်မှာလဲ .. တို့တွေ တစ်ဆင့်ချင်း တက်တာပေါ့၊ စိတ်ချပါ။ မင်းအတွက် တို့ ကြိုးစားပေးမယ်”တဲ့ ..။

တစ်နေ့တစ်လံ ပုဂံ ဘယ်မရွေ့ ..၊





## အခန်း (၄၂)

“မေချစ် က အထဲမှာပဲ စားမယ်ဆိုလို့ သမီး ကျွေးပြီးပြီ၊ ဒီဟင်းက ကိုလေးအတွက်နော် .. ဒန့်သလွန်သီးကိုခြစ်ပြီး ဆိတ်ရိုးနဲ့ ကုလားဟင်း ချက်ထားတာ၊ ပဲ လုံးဝ မပါဘူး၊ မန်ကျည်းသီးမှည့်ချဉ်ချဉ်လေးနဲ့ သီလား..၊ လုံးဝ မညှိဘူး၊ တော်ကြာ ဒေါ်ကြီးပု ကို မေးရင် မပြောနိုင်မှာစိုးလို့”

“သမီးက အပြင်သွားမလို့လား”

“ဟုတ် ..”

အခန်းရှေ့ကိုရောက်မှ ခြေလှမ်းတုံ့သွားပြီး အထဲကို လှမ်းကြည့်မိသည်။ မယ်နှင်းဆီ ..၊ ပန်းသွေးရောင် ကွက်စိပ်ရုပ်အင်္ကျီပွပွလေးနှင့် ဆံပင်တွေကို ဘေးနှစ်ဖက်မှာ ခွဲစည်းထားပေမယ့် အရင်လို ချိုစောင်း ဆံမြင့်မြင့်မှာ နားပန်းဆံကားကားကြီး မဟုတ် ..။

သားရေကြွင်းနဲ့လား တမင်လှအောင် လုပ်ထားတာလား ရှုတ်ထွေးအရက် ခွဲမရနိုင်သော လောက်စာလုံးသာသာ ဖုထုံးလေးတွေကနေ ဆံဝင်က ပြန်ကျတာမို့ ..၊



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ အပေါ်တင် စည်းထားတာလည်း မဟုတ်တော့ နှုန်းတွေ၊ နားသယ်စပ်တွေက ကပိုကရို ပြန်ကျနေသည့် ဆံစတွေကြောင့် နှစ်ဖက်စည်းထားတာချင်း တူပေမယ့် ကြည့်ကောင်းနေသည်။

ဆံယဉ်စတွေ စိမ်းနုနေတာကို မြင်နေရကာ သတိထားမိအောင် လှသည့် နှာတံက ကော့ထင်းနေသည်။

နပိုရှည်သည့် မျက်တောင်တွေ က ပို၍ ကော့ညွတ်နေသလိုလို နှုတ်ခမ်းသားလေးတွေပဲ ပိုနီနေသလိုလို…။ သူ့စိတ် ထင်နေတာလား ခုတလော နှင်းဆီ မျက်နှာ ပြောင်းလဲနေတာကတော့ သေချာ၏။

"ဘယ်သူနဲ့ သွားမှာလဲ သမီး၊ သမီးရဲ့ မေချစ် ကို ပြောပြီးပြီလား ကိုလေးရော သိလား …"

ထွက်သွားတော့မလို့ ပြင်လိုက်မှ ဒေါ်ပု မေးတော့ နှင်းဆီ က ပြန်လှည့်ကြည့်ကာ…

"မေချစ် ကို ပြောပြီးပြီ၊ မမတို့လင်မယားနဲ့ ချိန်းထားတာပါ"

"မဟေသီ နဲ့လား …"

"ဟုတ်တယ် … ကိုကြီးနဲ့ မမက ဒီနေ့လယ် ဟက်ပီးဝေါလ်မှာ သံရဲအိမ် လိုက်ပြမလို့တဲ့ …"

နှင်းဆီ အင်္ကျီလဲရဦးမှာမို့ ချွေးမပြန်ခင် ကမန်းကတန်း အပြင်ထွက်ကာမှ …

"ဒါက ဘယ်ကိုလဲ"

"ဟင်!…"

နှင်းဆီ ကိုယ်လေး နောက်ပြန်ဆုတ်မိမတတ် ဖြစ်သွား၏။

"ကိုလေး ပြန်လာတာလား"

"ပြန်လာလို့ မင်းရှေ့ရောက်နေတာပေါ့၊ မေးတာကို ဖြေစမ်းပါ"

"ညလေး ကိုကြီးတို့နဲ့ လျှောက်လည်မလို့"





"မလည်ရဘူး၊ ငါ ထမင်းစားမယ်၊ အဆင်သင့် ပြင်ထား …"

"ကိုလေး …"

နောက်လှည့်သွားတော့ နှင်းဆီ က လက်မောင်းအင်္ကျီစကို အတင်း လိုက်ဆွဲသည်။ ချစ်သော ထိုလက်ကို အလန့်တကြား ပြန်ငုံ့ကြည့်လိုက်ပြီး …

"ဟာ!… လွှတ်စမ်း … လွှတ်လိုက်စမ်း၊ သွားပါပြီကွာ၊ ပေကုန်ပြီ"

"ဆောရီးနော် … ဆောရီး …"

"ဘာ ဆောရီးလဲ … တောက် …"

"ဒီက မပြောရသေးဘူး ကိုလေးက ဘာဖြစ်လို့ ထွက်သွားတာလဲ"

"ဘာလဲ … ဘာမှမပြောနဲ့၊ ခု သွား … ထမင်းပွဲပြင် …"

"ပြင်ပြီးပြီ …"

နှင်းဆီ က သူ့မှာ အပြစ်မရှိသလို မျက်နှာလေးမော့ပြီး ပြောသည်။ စည်းထားသည့် ဆံပင်ရှည်တွေက ရင်ဘတ်လေးပေါ်မှာ လှုပ်ခါနေလိုက် … ပခုံးထိ လွှဲကျသွားလိုက် …။

ချစ်သော က မျက်မှောင်ကုတ်၍ စိုက်ကြည့်နေကာ…

"ပြင်ပြီးပြီဆိုလည်း ငါ လိုတာရှိရင် မင်းပဲ လုပ်ပေးရမယ်၊ သွားထိုင်နေ …"

"ကိုလေး … နော် …"

ဒီတစ်ခါ လိုက်မဆွဲရဘဲ သူ့ခြေလှမ်း တုံ့သွားပြီး ပြန်ကြည့်သည်။

"ညလေး ကိုကြီးတို့နဲ့ သေချာ ချိန်းထားတာ"

"ချိန်းတော့ ဘာဖြစ်လဲ …၊ လျှောက်လည်မယ့်ကိစ္စ မလည်ရတော့ ကမ္ဘာပျက်သွားနိုင်သလား၊ ငါ ဖုန်းဆက်လိုက်မယ်၊ ခိုင်းတာကို သွားလုပ်"

"ကိုလေး ခိုင်းစရာမဟုတ်ဘဲ သက်သက်ညစ်တာ၊ သူ့ကျတော့ သွားချင်သလို သွား … နေချင်သလို နေ၊ သူများကိုကျတော့ သူ့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



ခိုင်းဖက်၊ ခေါင်းမ ကျေးကျွန်လို ..."

"ကြည့်စမ်း .. နှင်းဆီ .. ဟိတ် .."

ပြောထွက်သွားလိုက်တာ လူကြားလို့ မကောင်း ...

ချစ်သော လွှားခနဲ ပြေးကပ်ကာ ပခုံးတစ်ဖက်ကို ဖမ်းဆွဲပစ်လိုက်သည်။ လှည့်ပါလာသည့် မျက်နှာမှာ တမင်တကာ ကောက်ချိတ်ရှုထော်ထားသည့် နှုတ်ခမ်းက မျက်နှာရှေ့ကို ဘယ်နှစ်လက်မလောက် အစွန်းထွက်နေမည် မသိ ...။

"မင်း ဘာတွေ ပြောသွားတာလဲ၊ ကိုယ့်စကားကို ဘယ်ရောက်လို့ ရောက်မှန်းရော သိရဲ့လား .."

"သိတယ် .. သိလို့ ပြောတာပေါ့၊ ကိုလေး ညလေးကို အဲဒီလိုပဲ သဘောထားတာကို ရှုတ်ပြသွားတာလေ၊ ဒါပေမယ့် ဝမ်းနည်းအားငယ်ပြီး အခန်းအောင်းနေမယ်လို့တော့ မထင်နဲ့၊ ထိုနှင်းဆီ ဆိုတာ ဝမ်းနည်းလို့ ဘယ်တော့မှ မငိုဘူး၊ မျက်ရည်ကျပြီဆို အဲဒါ လူသတ်ချင်အောင် ဒေါသထွက်လို့ပဲ"

ပြောပြီး မျက်တောင်တွေ မျက်ခွံမှာ ထိကပ်သွားအောင် မျက်လုံးကို တမင်ပြူးပစ်သည်။ မျက်ဝန်းထဲမှာ စိုလက်လက် မျက်ရည်စတွေနှင့်—

"အော .. အော် .. မင်းက ငါ့ကို သတ်ပစ်ချင်အောင် ဒေါသထွက်နေတာပေါ့"

"ပြောပြတာ ..."

နှင်းဆီ က ဆောင့်ဆောင့်အောင့်အောင့် မျက်နှာလွှဲသည်၊ မျက်တောင်တွေ ဖိကပ်ပိတ်ပစ်ပြီး မျက်တောင် နှစ်ချက် သုံးချက် ခတ်၏။ ပြီးမှ ...

"ကိုလေး ကြော်ငြာ ဘယ်မှာရိုက်နေလဲ"

မဆီမဆိုင် မေးလိုက်ပြီး မျက်နှာကို မော့ကြည့်တော့ ခုလေးတင်





မျက်ရည်လည်အောင် ဖြစ်ခဲ့တာကို သူ မဟုတ်သလိုလို ...

"အဲဒါ မမေးနဲ့ဦး၊ မင်း အခု 'မိုးသောက်' အဖွဲ့ခေါင်းဆောင်နဲ့ တွဲသွားတွဲလာ ဖြစ်နေတယ်ဆို ...၊ ဘာလုပ်တာလဲ"

"ညလေးနဲ့ မဟုတ်ပါဘူး၊ မမခေါင်ဝမ်းကွဲတွေရဲ့ ပါတနာ၊ မမနဲ့ပတ်သက်ပြီး သွားလာဖြစ်ကြတာ .."

ဒီလောက်ထိမကဘူးဆိုတာ သူ တပ်အပ်သိသည်။ တစ်နေ့ကပဲ သူတို့ကန်ဘောင်မှာ ထိုင်နေကြတုန်း ပြည်လမ်းမကြီးပေါ်ကနေ ဖြတ်မောင်းသွားတာ မိုးသောက် ရဲ့ကား ...။

"ဟိုမှာ ပါသွားတာ ထိုနှင်းဆီ မို့လား"

"ဟင်!..."

"ဟိုမှာ ပါသွားပြီ၊ ကြည့်စမ်း .. ဘာတွေဖြစ်ကုန်တာလဲ"

"မဖြစ်နိုင်တာ .."

သူ ဒီတစ်ခွန်းပဲပြော၍ စီးကရက်သောက် မဖျက်ခဲ့သေး၊ ခရီးသွားနေသည့် သူငယ်ချင်း ပြန်ရောက်လာမှ ...

"မိုးသောက် ဆိုတဲ့ကောင် မင်းကောင်မလေးနဲ့ တွဲနေတာ၊ မင်း သိလား" တဲ့ ...။

တစ်ယောက် နှစ်ယောက်မက ပြောလာတော့ စဉ်းစားစရာ ဖြစ်လာခဲ့၏။ တောက ပန်းစံပယ်လေးနဲ့ မြို့က ဒန်စာတစ်ယောက် တွဲနေတာ ဖြစ်နိုင်စရာ မရှိပေမယ့် ခေါင်းခါဖို့ ခက်သွားသည်။

ကိုယ်သာ မသိမမြင်ပေမယ့် သူငယ်ချင်းတွေက ဟိုနေရာမှာ တွေ့၊ ဒီနေရာမှာ တွေ့ ...၊

"မှားစရာလား ချစ်သော ရာ .. ဆံပင်နှစ်ဖက်စည်း၊ မျက်နှာသေးသေးထောင့်ဆန်ဆန်ပြည့်ပြည့်၊ နှာတံချွန်ချွန်၊ နှုတ်ခမ်းပါးလေးနဲ့ မျက်နှာချွန်ချွန်ပြည်းလေးပါ၊ အခု သူများ ကောက်တွေ့သွားလို့လား မသိဘူး လှမ်း



www.burmeseclassic.com

www.burmeseclassic.com



မြင်လိုက်တော ထိုနှင်းဆီ ဆိုတဲ့ ကောင်မလေးက ချစ်စရာလေးပဲ၊ မျက်လုံးပြူးပြူး မျက်တောင်ကော့ကော့လေးနဲ့ အဲဒီကိစ္စ ရှော့ရှိတယ် ဟော့ကောင်၊ အမှတ်တမဲ့ မနေနဲ့ ..."

အကအဖွဲ့ချင်းမို့ သိနေသည်၊ ဟိုဘက်မှာ မိုးသောက် က တော်သည်၊ သူကိုယ်တိုင် ခေါင်းဆောင်တာမို့ အဖွဲ့အစည်းက ခိုင်၏။

ချစ်သော လို ဟုန်းခနဲ နာမည်ကျော်လာတာမျိုး မဟုတ်ဘဲ သေသေသပ်သပ်လေး ရပ်တည်နေတဲ့အဖွဲ့ ဖြစ်၏။

ချစ်သော တို့ကတော့ နာမည်ကျော်သည်၊ ချစ်သော ကစ၍ အားလုံး ချောကြကာ ကကွက်တွေက ညီသည်။ သို့သော် ...

ချစ်သော က ခေါင်းညီတ်ခေါင်းခါတွေ ရှိခဲ့တိုင်း ကမောက်ကမတွေ ဖြစ်ရတာ ခဏခဏ၊ ဘာပဲဖြစ်ဖြစ် အဖွဲ့ချင်းယှဉ်ရင်တော့ မိုးသောက်အဖွဲ့ကို THOR အဖွဲ့က မမှီပါ။

အဆိုးဆုံးက ချစ်သော ကိုယ်တိုင် သူ့ကိုယ်သူ အဖွဲ့ဝင်လို့ ခံယူမထားခဲ့ခြင်းကြောင့် ...

"မိုးသောက် ဆိုတဲ့ကောင်နဲ့ မင်းနဲ့ ရင်းနှီးနေပြီလား"

"ဟင်!... အင်း .. ရင်းနှီးတယ်"

မေးလိုက်တိုင်း ဟုတ်သည့်ဘက်မှာပဲ အဖြေထွက်နေ၏။ တကယ်ဆို မသေချာဘဲ သူ တမင် အစ်အောက်မေးလိုက်ခြင်း ဖြစ်သည်။

ဒီလို သေချာပြီဆိုတော့ အုံ့ဩဖို့တွေ ရှိလာပြီ ဖြစ်၏။

"ထိုနှင်းဆီ .."

"ဘာလဲ .."

သူမ မျက်နှာလေး စစ်ဆေးသလို လုပ်နေတာကို ပြုံးငြင်လာပုံနှင့် မျက်ခုံးလေးတွေ တွန့်နေခဲ့၏။

"မင်းမျက်နှာကို ဘာလုပ်ထားသလဲ"





"ဘာတွေလုပ်ထားတာ ကိုလေး တွေ့လို့လဲ၊ တကယ်ပဲ မေးခွန်းတွေက မပြီးနိုင်တော့ဘူး"

"ပြီးမလား .. မင်း ခုတလော မနှင်း နဲ့ ခဏခဏ အပြင်ထွက်တယ်၊ အခု dancer တွေနဲ့ ရင်းနှီးနေပြန်ပြီ၊ ဘာအချိုး ချိုးနေတာလဲ"

"ဟင်!... ဘာအချိုးလဲ ဟုတ်လား"

နှင်းဆီ မျက်လုံးလေးတွေ လက်ခနဲ ဖြစ်သွားသည်။ တော်တော်ကို ပြောချင်နေသည့် မျက်နှာလေးနှင့်...

"ကိုမိုးသောက် တို့နဲ့ တွဲနေမှတော့ မေးနေဖို့ လိုသေးလို့လား၊ ညလေး အကသင်ချင်လို့ပေါ့"

"ဘာပြောတယ် .. ဘာ!..."

သူ့နားသူ မယုံနိုင်..၊ နှင်းဆီ က သူ့ကို ခပ်ကြောင်ကြောင် လှမ်းကြည့်သည့်အကြည့်နှင့် မျက်နှာ တည်တည်လေးထားကာ...

"ညလေး ပြောထားတယ်လေ၊ ကိုလေး ဟိုစည်းကမ်းတွေထဲက တစ်ခုကို ဖောက်ဖျက်ရင် တစ်ခု၊ နှစ်ခုဆို နှစ်ခုပဲ၊ ညလေး တစ်ထပ်တည်း လိုက်လုပ်မှာပါ ဆို .."

"မင်း .. မင်း ပြန်ပြောလိုက်စမ်း"

ရူးခနဲ အောင့်သွားကာ အနာပေါ် တုတ်ကျသွားတဲ့အတိုင်း...

"မင်းက ငါ့ကို ရွဲ့တယ် ဟုတ်လား"

"ရွဲ့တာ မဟုတ်ပါဘူး၊ ဖယ်စမ်းပါ"

နှင်းဆီ က ဖိဆုပ်ထားသည့် သူ့လက်ကို အတင်းပြန်ဆွဲချ၍...

"နှင်းဆီ ကိုလေးနဲ့ အလုပ်တူမှ၊ ကိုလေး လုပ်တာတွေ လုပ်နိုင်မှ.."

"ပြော .. ဘာတွေဖြစ်လာမှာလဲ ပြော .."

"ကိုလေး နှိမ့်ချပြောနေတာတွေ မခံရမှာလေ၊ စင်ပေါ်မှာ ဒိုးနဲ့ တွန့်ခါ ခုန်ပေါက်နေတာမျိုး ကိုလေး အထင်ကြီးတယ်မို့လား၊



www.burmeseclassic.com

www.burmeseclassic.com



မင်းသမီးလောက် လှနေမှ ကိုလေးနဲ့ ထိုက်တန်တဲ့မိန်းမ ဖြစ်မှာ၊ အဲဒါကြောင့် 'က' တတ်အောင် သင်မယ်၊ စင်ပေါ်တက်ပြီး အောင်မြင်တဲ့အထိ ကြိုးစားမယ်၊ ကံကောင်းရင် မင်းသမီးဖြစ်ချင်ဖြစ်ဦးမှာ၊ ညလေး ကိုယ့်ကိုယ်ကိုယ် ထင်ကြေးပေးနေတာ မဟုတ်ဘူးနော်၊ အားလုံး ပြော နေကြတာ .."

ချစ်သော ဒီတိုင်းရပ်နေရင်း သူမ လှည့်ထွက်သွားတာကိုလည်း မတားမိ ..၊ ဘာတွေ ဖြစ်ကုန်ပြီလဲ ..။

ရင်ဘတ်ထဲမှာရော ခေါင်းထဲမှာပါ ဘယ်ဘုန်းကမှ ရှိမထားခဲ့ သည့် အစီအစဉ်တွေမို့ ဘယ်လောက် ပြန့်ကားလာနိုင်သလဲ..၊ ဘယ်လို ခေါက်ချိုးပုံဖော်မလဲဆိုတာ ရုတ်တရက် အဖြေက အဆင်သင့် ထွက် မလာ..။

သူများကို မပြောနှင့် ကိုယ့်ကိုယ်ကိုယ်တောင် မတ်တတ်ရပ်နေ သည့်ခဏမှာ ဘာတွေ ဖြစ်သွားမှန်း မသိလိုက် ..။

ဘယ်လို ပြန်တွေးတွေး.. နားကြားမှားတယ်ပဲ ထင်နေတုန်း—





အခန်း [၄၃]

"အဲဒါ ကိုချစ် အလုပ် မဟုတ်တော"

"ဟင်!... ဘာဖြစ်လို့လဲ"

"ဒီကောင်မလေး စိတ်ကို သိသားနဲ့၊ ကျွားကို အတောင်တပ်ပေး လိုက်တာ"

"ဒီလောက်ထိတော့ မဖြစ်နိုင်ပါဘူး ငါ့မောင်ရယ် .. နှင်းဆီ က ကလေးဆန်တော့ တစ်ခါတလေ မဆင်မခြင် ပြောတတ်တာလေးပဲ ရှိတာ၊ စာနာ သနားတတ်တယ်၊ အလိုက်သိတယ်"

နှစ်ယောက် အတူတွဲထိုင်နေတာကို မယောသီ ဝင်ပြောလိုက်ကာမှ သတိရသလို မျက်လုံးရောက်မိသည်။

ဒီမိန်းမကရော ဘာလဲ ..၊

မကျေနပ်သည့် မျက်ဝန်းတွေနဲ့ ရောက်သွားပြီးမှ မျက်နှာ ခပ်လွှဲ လွှဲနှင့် ...

"သူနဲ့ အရင်ဆုံး ဆုံမှုတာက ကျွန်တော်၊ ရွာမှာဆို ဘယ်လိုပြော တယ်၊ ဘယ်လိုနေတယ်ဆိုတာ အားလုံးထက် ကျွန်တော် သိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်မှာပါ၊ ဒါပေမယ့် ရန်ကုန်မှာတော့ မင်းက တို့လောက် မသိနိုင်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ မင်းနဲ့ ဆုံခဲ့တဲ့အချိန်ထက် ကြာနေပြီ၊ မင်းနဲ့ ရင်းနှီးတာထက်လည်း ပိုနေပြီ၊ ပြီးတော့ တို့က မိန်းမချင်းလေ.."

ပြောပြနေသည့် မဟေသီ မျက်နှာက တည်ငြိမ်နေပေမယ့် မျက်ဝန်းတွေက လက်တောက်နေ၏။ နှုတ်ခမ်းအစုံမှာ ပြုံးရိပ်ဆင်လျက်—

"မောင် တစ်ခါတလေ ပါတတ်ပေမယ့် အပြင်ကို တို့နဲ့ပဲ အသွားများတာ၊ ငါ့မောင်က သဘောမကျလို့လား"

တိုက်ရိုက်မေးတော့ မျက်နှာကို ပြေပြစ်အောင် ချက်ချင်း ပြင်လိုက်ရသည်။

"သွားတာလာတာကို ပြောနေတာ မဟုတ်ဘူး မနှင်း..၊ အခု သူ စင်ပေါ်တက်ဖို့ ကြိုးစားနေတာကို .."

"အဲဒါ ဘာဖြစ်လဲ ညီရာ .. သူ ကိုကြီးရှေ့မှာပဲ မဟေသီ ထို ပြောနေတာပါ၊ မင်း ထွက်သွားပြီး တခြားအပေါင်းအသင်းတွေနဲ့ ကခုန်ပျော်ပါးနေတဲ့အချိန် သူ့ကိုယ်သူ အားငယ်မှာပေါ့"

"ဟား!... အမိပွာယ်မရှိတာ ကိုချစ် ရာ .. ဒီလိုသာ ယောက်ျား သွားတိုင်း မိန်းမက ထပ်ချပ်မကွာလိုက်ပြီး ခြေရာတိုင်းနေရင် အိမ်ရှင် ဆိုတာ ဘယ်မှာလဲ .."

"အိမ်ထောင်ဦးစီးက ဘယ်လိုလူလဲလို့ သူ တွေးတော့ အခြေ ဘယ်လိုထွက်မယ် မင်း ထင်လဲ"

ကိုယ့်အစ်ကို ဒီလောက်ထိ အဆင်သင့်ပြင်ဆင်ထားတာကို အခြ ကာ ဒီမေးခွန်းက ဘယ်သူ့အတွက် ထွက်လာတာမှန်းတောင် ရှ တရက် မတွေးတတ် ..။

ချစ်သူ ရဲ့ အပြုံးတွေကတော့ မြင်နေကျအတိုင်း နားလည်





သော ချစ်စနိုး ရယ်မြူးခြင်းတွေပါ ..။

"ကိုချစ် က သူ ဒီလိုလုပ်ချင်နေတာကို မှန်တယ်လို့ ပြောတာလား"

"မဟုတ်ပါဘူး၊ တကယ် စနစ်တကျ ထူထောင်ကြတဲ့ အိမ်ထောင်တစ်ခုဆိုရင် လင်ယောက်ျားက လင်သားနေရာ၊ ဇနီးမယားက ဇနီးနေရာပေါ့၊ အခု မင်းတို့နှစ်ယောက်က မချစ်ကြဘူး၊ ရန်ဖြစ်နေကြတာလည်း ရှိသေးတယ်၊ ညီကိုယ်တိုင်ကရော အိမ်ထောင်တစ်ခုကို ဦးစီးတော့မယ်ဆိုတဲ့ ဦးဆောင်ဦးရွက်ပြုဖို့စိတ်ကူး ရှိသေးလို့လား"

"ဒါက ..."

"ဒါ အရေးကြီးတယ် ညီ၊ ပွင့်ပွင့်လင်းလင်း ပြောရရင် မင်းတို့ချင်း တကယ့်လင်မယားအရာ မမြောက်သေးဘူးဆိုတာ ကိုကြီးတို့ ရိပ်မိတယ်"

"ဒါပေမယ့် ကိုချစ် တို့ ပေးစားခဲ့တာပဲ"

မျက်မှောင်ကြီးကုတ်၍ ဆိုဖာမှာ မှီကာ လက်ပိုက်လိုက်သေးသည်။ နှုတ်သန့်စင်နေသည့်မျက်နှာနှင့် မလိုက်အောင် စူပုတ်ရှုံ့တွနေတာကို ချစ်သူ က ရယ်၍ ...

"ကိုကြီးတို့ ဖြစ်ခဲ့တာတွေကို မပြောဘဲ ဖြစ်သင့်တဲ့အကြောင်းတွေကိုပဲ ပြောကြမယ်၊ ဒီအခြေအနေမှာ မင်းထက် အသက်လည်းငယ်တယ်၊ အစတည်းကိုက မလိမ်မိုးမလိမ္မာလေးကွာ၊ အဲဒီ မိန်းကလေးက မိုက်မဲနေတယ်ဆိုရင် ညီကိုယ်တိုင်လည်း မလိမ္မာဘူးဆိုတော့ ဝန်းနှိုင်းကြံတာတွေ မဖြစ်သင့်ဘူးလို့ ကိုကြီး ထင်တယ်"

"မင်းကောင်းမှ သူ မဆိုးမှာလို့ပဲ ပြောလိုက်ပါ"

"ဟုတ်တယ် .. ပြီးတော့ နှင်းဆီ က 'ချစ်စံအိမ်' မိသားစုရဲ့ ချွေးမဖြစ် အားထားရဆုံး အငယ်ဆုံး ချစ်စရာလည်း ကောင်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ချစ်သော ရယ် .. မင်းက တို့ထက် အငယ်ဆိုပေမယ့် နှင်းဆီ ရဲ့ခင်ပွန်းဖြစ်နေတော့ ခုတစ်ခါတည်း ပြောထားချင်တယ် ချွင့်တောင်းတာမျိုးပေါ့၊ နှင်းဆီ လုပ်ချင်တာလေးတွေကို မတားပါနဲ့"

"ဟာ!... အဲဒါတော့ မရဘူး မနှင်း ..၊ ဒီအလုပ်တွေ လုပ်ရတာ ဘယ်လို သွားလာလှုပ်ရှားနေကြရသလဲဆိုတာ ကျွန်တော်ပဲ သိတယ် အောင်မြင်လာတော့ တစ်မျိုး၊ မအောင်မြင်ခင်မှာလည်း ဒုက္ခပဲ"

"မင်းကျတော့ ပျော်နေပြီးတော့ကွာ"

"ဒါ အစကတည်းက ကျွန်တော် ကျင်လည်ခဲ့တဲ့နေရာ .."

ပြောနေရင်း မပြေလည်ဖို့တွေ ဖြစ်လာတော့ မဟော်သီ မျက်နှာတည်သွားသည်။ ချစ်သူ က ပင့်သက်ရှိုက်လိုက်ကာ ...

"မင်းက နှင်းဆီ ကို အိမ်ထဲမှာပဲ မင်း ပြုစုပြောဆိုသမျှ ခံ၊ ဝေယျာဝစ္စတွေ လုပ်၊ အဲဒီလို နေစေချင်တာလား"

"သူ ဒီလိုပဲနေလာတာ ဘာဖြစ်လို့လဲ၊ ကိုချစ် နဲ့ မနှင်း ထို့ ကျွန်တော်ကလည်း ပြောချင်တယ်၊ အဲဒီကောင်မလေးကို လက်ခုပ်တီး မပေးပါနဲ့"

ရှိင်းသွားလည်း မတတ်နိုင်..၊ စကားတွေ ထပ်ပြောနေလည်း ဒါတွေပဲ ပြန်ရောက်လာမှာမို့ ကိုယ့်စကားကို အဆုံးသတ်ပြီး လှည့်ထွက်လာခဲ့သည်။

မဟောသီ က ထိုကျောပြင်ကို လိုက်ကြည့်နေပြီးမှ ...

"မဟောသီ ကတော့ ဆက်လုပ်မှာပဲ မောင်..၊ နှင်းဆီ ကြောင့် မဟောသီ ဒီမှာ ခုလိုနေဖြစ်တဲ့အထိ ဖြစ်သွားခဲ့တာ၊ သံယောဇဉ်ဆိုတာ ခွဲခြားရခက်တယ်၊ ကိုယ့်မှာ ဆွေမျိုးရင်းတာတွေ၊ မရင်းတာတွေ ရှိနေ ရက်နဲ့ ဘာမှမတော်တဲ့ ဒီကောင်မလေးကိုမှ သံယောဇဉ် ဖြစ်နေ တယ်၊ သူ့အတွက် မဟောသီ ဆောင်ရွက်ပေးဖို့တွေ ရှိသေးတယ်"





ချစ်သူ က မဟောသီ ကို နားလည်နေသည့် မျက်ဝန်းတွေနဲ့ ငြိမ်သက်စွာ ကြည့်နေခဲ့လျက်...

"ကခုန် ပျော်ပါးမှုတွေကတော့ အိမ်ထောင်ရေးကို ထိခိုက်လာနိုင်တယ် မဟောသီ၊ မောင်က မင်းကို ယုံကြည်ပါတယ်၊ ညီမလေးကို တကယ်ချစ်တဲ့စိတ်နဲ့ ပြောတာကိုလည်း ကျေနပ်တယ်၊ ဒီအိမ်သားတွေ နဲ့ အဆင်မပြေဖြစ်မှာကို မလိုချင်ဘူး"

"အဆင်ပြေဖို့ မရှိနိုင်ဘူးဆိုတာ အဆိုးဆုံးထိ မဟောသီ တွက်ထားပြီးသားပဲ မောင်၊ မထင်မှတ်ဘဲ ပြေလည်သွားကြတာက ဒီကောင်မလေးနဲ့ အများကြီး သက်ဆိုင်တယ်၊ နှင်းဆီ အတွက် ဘယ်သူနဲ့ ထပ်မှန်းရမှန်းရ ဆိုတဲ့စိတ် ရှိပေမယ့် ကတိပေးတယ်၊ မဟောသီ ဘယ်သူ နစ်နာအောင်မှ မလုပ်ဘူး၊ ချစ်သော ကိုလည်း မုန်းနေခဲ့တာမှ မဟုတ်တာ၊ မောင် မပူပါနဲ့.."

မဟောသီ က တစ်လုံးချင်း ပြောသွားခဲ့ပြီး အဆုံးသတ်ကျမှ...

"နှင်းဆီ ဆိုတဲ့ ကောင်မလေးကို ဒီတိုင်း မျက်နှာလွှဲထားခဲ့ပြီး ပြန်ရမှာတောင် စိတ်မချ ဖြစ်နေမိတဲ့အထိ မဟောသီ ချစ်သွားခဲ့မိတာ"

ဟု အံ့ဩဖွယ် ဆက်ပြောသေးသည်။ ထို့ပြင် ...

"အခု နှင်းဆီ စိတ်ဆင်းရဲနေရတယ်ထင်လို့ မဟောသီ ကူညီနေတာ၊ မောင် နားလည်ပေးပါ"တဲ့ ..။

ချစ်သူ့လည်း ဂုတ်ကို ပွတ်နေရင်း သက်ပြင်းချမိသည်။

ခက်တော့ ခက်ပြီ ..၊ နားလည်ပေးရမည့်လူက သူ မဟုတ် ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၄၄]

"ကိုလေး .. ကိုလေး .."

"ဟင်!..."

"ထပါဦး၊ ဒီမှာ မီးပျက်သွားလို့"

"ပျက်ပျက်ကွာ .. မထနိုင်ဘူး"

မဖွင့်ချင်သည့် မျက်လုံးတွေကို ဖွင့်လိုက်မိသလား၊ မဖွင့်လိုက်ရ လား မသိ ..၊ မှောင်မည်းချိတ်နေတာတော့ သေချာသည်။

"ကိုလေး .."

"ဟာကွာ .."

လက်မောင်းကို အတင်းဆွဲလှုပ်ကာ မြှုထားသည့် ခေါင်တိုင် ဆွဲခွာပစ်လိုက်တော့ ဒေါသက ထောင်းခနဲ ဖြစ်၏။

"တောက် .. မီးပျက်တော့ ဘာဖြစ်လဲ ..၊ အင်ဗာတာ သွားချင် ပါလား"

"အဲဒီကိုရောက်အောင် သွားမရလို့ပေါ့၊ သွားလည်း ဟိုလုပ်ဒီလုပ် တွေ လုပ်ရဦးမှာ၊ ထပါ .. သွားဖွင့်ပေးပါဆိုမှ .."





ဘယ်လောက်အကွာအဝေးမှာ သူမ ရှိနေမှန်း မသိပေမယ့် မျက် နှာပေါ်ကနေ တစ်ချက်တစ်ချက် ဖြတ်ပြေးသွားသည့် ဆံပင်များတို့က ခေါင်းကို ပုတ်ခတ်သွားတတ်တာ ယားကျိကျိ ဖြစ်လာ၏။

ချစ်သော ခုတင်ပေါ်မှာ ငုတ်တုတ်ထထိုင်လိုက်ပြီး အမှောင်ကို ကျင့်သားရအောင် မျက်လုံးတွေကို ပွတ်သပ်၍ ပြူးပြဲကြည့်သည်။

နှင်းဆီ သူ့အိပ်ရာဘေးမှာ ဟိုဆွဲဖယ် – ဒီကောက်ကိုင်နှင့် ကုန်း ကုန်းကွကွ လုပ်နေတဲ့အရိပ်ကို ခပ်ဝါးဝါး မြင်လာသည်။

ပြီးတော့ မသိမသာ ဆွတ်ပျံ့လာသည့် အနံ့ ..။

"နှင်းဆီ .."

"ဟင်!... ဘာလဲ"

"မင်း လိုးရှင်းတွေ လူးထားတာလား"

"မလူးပါဘူး"

"မကာဘူး နိုက်ခရင်မ်အနံ့ပါ ရတယ်"

"အမလေး အနံ့ခံကလည်း ကောင်းလိုက်တာ၊ အဲဒါတွေ လိမ်း တော့ ဘာဖြစ်သွားနိုင်လို့လဲ"

"မင်း တကယ် လိမ်းတယ်ပေါ့"

"လိမ်းတယ်"

ဒေါသဖြစ်စရာ မဟုတ်ဘဲ စိတ်ထဲမှာ တင်းခနဲ ဖြစ်သွားသည်။

"မင်း ဒါတွေ ဘယ်တုန်းက လုပ်ခဲ့ဖူးလို့လဲ"

"ဩော် .. မင်းသမီးလုပ်မလို့ပါဆိုမှ လှသထက်လှအောင် ပြင်ရ ဘာပေါ့"

"အဲမှာ မင်းကို ဘယ်သူ ခွင့်ပြုလိုက်တာလဲ၊ လုံးဝ မလုပ်ရဘူး"

"ဒါဆို ကိုလေးလည်း မလုပ်နဲ့လေ"

"မင်း ငါ့ကို တိုင်းစရာ မလိုဘူး"



www.burmeseclassic.com

www.burmeseclassic.com



"တိုင်းရမှာပဲ.. အစက ကိုယ့်အစ်ကိုပေမယ့် အခု ယောကျ်ားလင်နဲ့မယား ဘာဖြစ်ဖြစ် မျှမျှတတပေါ့"

ရန်ဖြစ်နေကြပေမယ့် အသံတွေက ကျယ်ခနဲ ထွက်လာသလို တိုးကျသွားတာလည်းရှိကာ ချစ်သော အားမလိုအားမရနှင့် အိပ်ရာပေါ်ကနေ ဆင်းရပ်လိုက်၏။

"မျှမျှတတ ဟုတ်လား .. အစကတည်းက မင်းနဲ့ ငါ မမျှတဘဲ ညားခဲ့တာလေ၊ အဲဒါ မင်း မသိဘူးလား"

"မသိဘူး .. ဘာမမျှတတာလဲ၊ ညလေးတို့ မချစ်ကြတာချင်း အတူတူပဲ၊ မဖြစ်သာလို့ လက်ထပ်ခဲ့ကြတာလည်း အိမ်သားတွေ သိတယ်"

"အဲဒီ မဖြစ်သာတဲ့အခြေအနေကို ဘယ်သူ ဖန်တီးတာလဲ"

"ဖန်တီးတာ မဟုတ်ဘူး၊ မမျှော်လင့်ဘဲ ဖြစ်သွားတာ၊ ကိုလေး ယောကျ်ားဖြစ်ပြီး ဒါကို အသားယူ မပြောပါနဲ့"

"တိုးတိုးပြောစမ်း"

နှင်းဆီ အစကတည်းက ပြောရဖို့ဆို ဆင်ခြင်တတ်တဲ့သူ မဟုတ်..။

ပခုံးတစ်ဖက်ကို ဖိဆွဲလိုက်ပြီး ကြိတ်ဆူလိုက်တာပေမယ့် အရှိန်ပိုသွားကာ ရင်ခွင်ထဲ ဆွဲယူလိုက်သလို ဖြစ်သွား၏။

"အာ!... အရမ်းပဲ"

ယိမ်းယိုင်ပြိုကျလာသည့် နှင်းဆီ ထံမှ ညည်းညူသံလေး ထွက်လာပြီး သူ့ရင်ဘတ်ကို တွန်း၍ ပြန်ရုန်း၏။ ချစ်သော က အတင်းဆွဲဖက်ထားလိုက်ကာ ...

"ထိုနှင်းဆီ .. မင်း ငါ့ကို ရထားတဲ့အတွက် ဝမ်းသာနေတာ မဟုတ်ရင်တောင် ဝမ်းနည်းနေမှာ မဟုတ်ဘူးဆိုတာ ငါ သိတယ်။ လိုချင်တာကို ရပြီးရင် မင်း ရောင့်ရဲနေလိုက်ပါ သား .."

"ဘာ!..."





နှင်းဆီ နားထဲမှာ ပူလောင်ခါးသီးသွား၏။ ရင်ဘတ်နဲ့လက်မောင်းတွေကို တွန်းတာရော ထုတာရော စုံနေအောင် တုံ့ပြန်ရုန်းကန်ပစ်လိုက်ပြီး...

"ရှင်ကြီးကို ဒီက လိုချင်နေတယ် ဟုတ်လား၊ ကြိတ်ကြိုက်နေခဲ့တာပေါ့"

"ဟော့ .. တိတ်တိတ်နေလေ"

"မနေဘူး .. ပြောမှာပဲ"

နှင်းဆီ အသံတွေတုန်ကာ မမြင်မစမ်းနဲ့ပဲ သူ့မျက်နှာကို ငေးစိုက်ကြည့်၍ ...

"ရှင်က ချောလွန်းလို့ သစ်သားရုပ် မျက်စိရှင်လာသလို ကျွန်မက ကြည့်ခဲ့ ငေးခဲ့မိတာ ရှိချင်ရှိမယ်၊ လိုချင်လို့ ရအောင် ယူတဲ့အထိတော့ သိက္ခာမမဲ့ဘူး ဦးချစ်သောသူ .. ရှင် အဲဒီလိုပြောတာတွေကို ခုန်းတယ် သိလား၊ ရှင်နဲ့ ဟောဒီအိမ်က ပေးကမ်းထားတဲ့အမွေတွေကို ကျွန်မက မက်မောနေတယ်လို့ထင်ရင် မနက်ကစပြီး သက်သေပြမယ်"

နှင်းဆီ က အသံကိုတော့ နှိမ့်ချသွားခဲ့ပြီး ငိုသံပါလာသလို တုန်ခါအက်ရှလာသည့် စကားသံတို့က နားလိုက်.. ပြန်ပေါ်လာလိုက်..။

"ကျွန်မက ချစ်တယ်ပြောတိုင်း လောဘတွေ ပါနေတယ်လို့ ထင်ခံနေရမယ့်အစား ဘယ်သူ့ကိုမှ မငဲ့တော့ဘူး၊ ဂရုလည်း မစိုက်ဘူး၊ အားလုံး မကြိုက်တာတွေကို လျှောက်လုပ်မယ်၊ မတည့်အောင် နေမယ်၊ အမွေဖြတ်လိုက်တဲ့အထိ .."

"ဟိတ် .."

"ဖယ် .."

နှင်းဆီ ချာခနဲ လှည့်ထွက်သွားသည်။ မီးမှောင်နေတာထက် ဒေါသကြောင့် မှောင်နေသည့် မျက်လုံးထဲမှာ အရောဝတ္ထု ပုံသဏ္ဍာန်အားလုံးတို့က ပျောက်ဆုံးနေခဲ့ရာ...



www.burmeseclassic.com

www.burmeseclassic.com



"ဒုတ် .."

"အမေ့!.."

"ဒုန်း .."

"အား!..."

"နှင်းဆီ .."

အသံနှစ်ချက်သည် တစ်ခုခုနဲ့ တိုက်မိသွားတာဖြစ်ပြီး နောက်အသံက တစ်ကိုယ်လုံး ပြိုလဲသွားပြီးမှ တစ်စုံတစ်ခုနှင့် နောက်ထပ်ဆောင့်မိသွားတာ ဖြစ်မည်။

အခြေအနေကို သိလိုက်သဖြင့် ချစ်သော စိတ်ပူသွားကာ သူမလဲကျသွားသည့်နေရာကို လှွားခနဲ ရောက်သွားသည်။

ထိုစဉ် မီးတွေ ဖျတ်ခနဲ ပြန်လင်းလာသဖြင့် စားပွဲပုလေး အောကြားမှာ ဖြန့်လျက်သား ဆံပင်ရှည်တွေ မျက်နှာကို ဖုံးလျက် ခွေခေါက်မေ့မြောနေသည့် နှင်းဆီ ကို တွေ့လိုက်ရ၏။

"နှင်းဆီ .."

ဆံပင်တွေကို ကမန်းကတန်း ဖယ်ရှားကာ မေးဖျားလေးကနေ ဆွဲလှည့်ကြည့်လိုက်လျှင် နဖူးထောင့်မှာ သွေးတွေ နီရဲလျက်...

"ဟာ!..."

"သားငယ် .."

"ညီ .. ဘာဖြစ်တာလဲ"

ခေါ်သံများက အခန်းရှေ့မှာ ခဏပဲ ရပ်သွားကာ စေ့ထားသည့် တံခါးကိုဖွင့်၍ အထဲကို အပြေးအလွှား ဝင်လာကြသည်။

အချိန်က မနက် လေးနာရီခွဲ ..။





အခန်း [၄၅]

"မနက် ဆွမ်းတော် ထချက်တာ နေမှာပေါ့၊ မီးပျက်သွားတာကို မေမေ သိတယ်၊ အင်ဗာတာဖွင့်မှာပဲလို့ ထင်လို့ မီးပြန်လင်းလာမှာပဲ ဆိုပြီး ကြည့်နေလိုက်တာ၊ မီးမလင်းဘဲ ဆူဆူညံညံတွေပဲ ကြားလိုက်ရတယ်"

"စနေနဲ့ ဗုဒ္ဓဟူးနေ့ဆို ညီမလေး ကိုယ်တိုင် မနက်စောစော ထချက်တတ်တာ ကျွန်တော်လည်း မေ့နေတယ်၊ ဒေါ်လေးပု ဆိုရင်တော့ အင်ဗာတာမီးအိမ်လေးတွေ ထားတဲ့နေရာကို သိတယ်လေ၊ မီးအိမ် အရင်သွားယူမယ်၊ ပြီးရင် အင်ဗာတာ သွားဖွင့်နေကျ"

ဒီနောက်ပိုင်းမှာ မီးက သိပ်ပျက်တယ်မရှိတော့ မီးလင်းဖို့ အကူဝစ္စည်းတွေကို အားလုံး ဖြုတ်ထုတ်ထားခဲ့တာ ဖြစ်သည်။

အမှတ်တမဲ့ ပျက်သွားပြီး ခဏနဲ့ ပြန်လင်းလာတာပဲမို့ အလွယ်တကူ ပြေးဆွဲစရာ လက်ဆွဲမီးအိမ်လေးတွေပဲ ထားသည်။ ဒီရောက်မှ မီးပျက်တာနဲ့ မကြုံသေးတော့ နှင်းဆီ ဒုက္ခတွေ့သွားတာ ဖြစ်၏။

စကားပြောနေကြရင်း ကိုယ့်ကိုပဲ ဝိုင်းဝဲနေကြသည့် မျက်လုံးတွေကို ချစ်သော သိသည်။ ချစ်သူ က အမြဲတမ်း နှုးညံ့နေခဲ့သည့်အတိုင်း



www.burmeseclassic.com

www.burmeseclassic.com



အပြစ်တင်ခြင်း၊ မတင်ခြင်းနှင့် မသက်ဆိုင်ဘဲ ဖြစ်နေသည့်အကြောင်းအရာကိုသာ ပြောနေတာ ဖြစ်သည်။

မဟေသီ ကတော့ မပြောမဆို သေးဘဲ နှုတ်ခမ်းတွေစေ့၍ အလွန်အမင်း တည်ငြိမ်နေသည့် မျက်ဝန်းများနဲ့ဖြစ်ကာ မေမေ ဘာပြောတော့မည်ဆိုတာလည်း ချစ်သော သိနေ၏။

ထိုစကားတွေအဆုံးမှာ သူ ထင်ထားသည့်အတိုင်း ...

"မေမေဖြင့် ထင်ကို မထင်ဘူး သားရယ် .. ဒီလောက်တောင် ဘာတွေဖြစ်ကုန်ကြတာလဲဟင်"

"ဘာမှမဟုတ်ပါဘူး မေမေရာ .. သူနဲ့ သား ဒီလိုပဲ ဖြစ်နေကျ"

"ဖြစ်နေကျက မိုးမလင်းခင် ထဖြစ်ကြတာ မလွန်ဘူးလားကွယ်"

"ဖြစ်တာက ဘာမှမဟုတ်ဘူး၊ သူဟာသူ ခလုတ်တိုက်လဲပြီး နဖူးဆောင့်မိတာ"

စကားကို ရေလည်အောင်တော့ မပြောတတ်တာ အမှန်..၊ အားလုံး၏ စိတ်ပျက်သည့်အကြည့်တွေကို ခံနေရတော့ ပိုဆိုးသည်။

ဒေါ်သတွေ ဖက်လာလေ မဖွယ်မရာတွေ ဖြစ်ကုန်လေ ..။

"မင်းရဲ့အဖေ မကျန်းမာဘူးတဲ့၊ မေမေ့ကို အခု ခေါ်နေပြီ"

သိသားပဲ..၊ မနေ့ညကပဲ ဖုန်းဆက်ထားတာ..။ ချစ်သော ဆိုဖာမှာ မှီနေရင်း မျက်နှာလွှဲထား၏။

"အပန်းဖြေခရီးဆိုရင် မေမေ ငြင်းမှာပဲ၊ ဒါက ကျန်မာရေး ပြီးတော့ သမီး မဟေသီ ကလည်း အလုပ်ကိစ္စတွေ အရေးကြီးတာ ကျန်ခဲ့လို့ ခဏ ပြန်ရမယ်"

ချစ်သော မျက်လုံးတွေ ရောက်သွားတော့ မဟေသီ က ပြုံးပြပြီး ဘာမှမပြော ...။

"မနှင်း က မင်္ဂလာကိစ္စတွေပြီးမှ ပြန်မှာ မဟုတ်ဘူးလား"





"အခု ကိစ္စပေါ်လာလို့ပါ၊ လက်ထပ်ကြဖို့ကလည်း လောလောဆယ် စီစဉ်ဖို့မှ မလိုသေးတာ"

အစ်ကိုဖြစ်သူ မျက်နှာကို ပြန်ကြည့်တော့လည်း ရာသီဥတုအခြေအနေက သိပ်မကောင်း၊ ဘာတွေ ဖြစ်ကုန်ကြတာလဲ ..။

ဖေဖေ့ကျန်းမာရေးကိစ္စကို သူ သိထားပြီးဖြစ်သည်။ မဟေသီ ခရီးသွားဖို့ ဖြစ်လာတာကိုတော့ စိတ်ထဲမှာ တစ်မျိုးကြီး ဖြစ်သွား၏။

"သားရဲ့အစ်ကိုကို မေမေ ခဏခေါ်သွားရမယ်၊ ခုလို ရေခြားမြေခြားကို မေမေ မသွားဘူးတော့ ဟိုရောက်တဲ့အထိပေါ့၊ နောက်ပြီး သားတို့အဖေကလည်း သားတို့ရဲ့ရှေ့ရေးအတွက် သားကြီးနဲ့ စကားပြောချင်တယ်တဲ့"

ကိုချစ် ကို လူကြီးတစ်ယောက်လို ဘာမဆို ပြောဆို တိုင်ပင်ကြတာ ဖေဖေရော မေမေရော ဒီတိုင်းပဲမို့ ကိုချစ် ကိုပဲ ခေါ်တာက မဆန်းပါ..။ သို့သော် ...

"မနှင်း က ကိုချစ် အိမ်မှာမရှိလို့ ဟိုပြန်ဖို့ ဖြစ်လာတာလား"

"အင်း .. အဲဒီလိုပုံစံဖြစ်သွားမယ် ထင်တယ်၊ ဖုန်းဆက်ထားတာတော့ တစ်ပတ်လောက် ရှိပြီလေ၊ သွားကိုသွားရမှာလည်း သိတယ်၊ မောင် တစ်မျိုးထင်မှာ စိုးလို့ ..."

ချစ်သော က ခေါင်းညိတ်လိုက်ကာ ...

"ကျွန်တော်နဲ့ နှင်းဆီ တကျက်ကျက်ဖြစ်နေတဲ့ကိစ္စကြောင့် မဟုတ်ရင် ပြီးတာပါပဲ၊ တစ်ယောက်နဲ့တစ်ယောက် အနိုင်ပိုင်း ပြောကြတာဆိုတော့ အနှောင့်အသွားမလွတ်တာတွေ ပါသွားမှာပဲ၊ အဲဒါ ကိုချစ် တို့၊ မနှင်း တို့ကို တမင်ရည်ရွယ်တာ မဟုတ်ဘူးဆိုတာကို ပြောချင်တာ.."

ချစ်သော ပြောတာကို မဟေသီ က ဘာမှမဖြစ်သလို ပွင့်လင်းစွာ ပြုံး၍ ခေါင်းခါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မလိုပါဘူး ငါ့မောင် ရယ် .. တို့ မကျေနပ်တာရှိရင်လည်း ဒေါ်သဆိုတာ ဘရိတ်ထားဖို့ လွယ်တာမှမဟုတ်ဘဲ၊ ဟိုမျက်နှာ ဒီမျက်နှာ ကြည့်ချင်မှ ကြည့်မှာ.."

ဒါ အမှန်ပဲဆိုတာ ချစ်သော နားလည်လိုက်သည်။ ဒါပေမယ့် ကိုယ့်အိမ်ကလူတွေ ဘယ်သူနဲ့ဘယ်သူ ဘယ်လိုအခြေအနေတွေ ရှိနေကြမှန်း သူ မသိပေ ..။

တစ်အုပ်စုလုံး ဟိုတကွဲ ဒီတကွဲ ခွဲထွက်ကြတော့မည်ဆိုမှ ဒါကို စိတ်ဝင်စားလာတော့ ဘယ်မျက်နှာကို ကြည့်လို့မှလည်း အဖြေမပေါ်..။

ဖေဖေ့ကို မေမေ သံယောဇဉ်ကုန်တဲ့စကားတွေ တောက်လျှောက်ပြောလာခဲ့ပြီးမှ မကျန်းမာဘူးဆိုတဲ့အသံကြားတော့ ကိုယ်တိုင်လည်း မကျန်းမာဘဲ ချက်ချင်း ထသွားဖို့ လုပ်သည်။

ဒါက ကျန်းမာရေးကြောင့် သဘာဝကျသည်ဆိုလျှင် ကိုချစ် နဲ့ မနှင်း တို့က သဘာဝမကျစွာ တစ်လမ်းစီ သွားကြတာလား ..၊

ရင်ထဲမှာ ဖြစ်လာပေမယ့် သူ မမေးဖြစ်ပေ ..။

"မေမေတို့ အတူတူသွားဖြစ်ကြမှာလား"

"အဆင်ပြေတာနဲ့ အမြန်ဆုံး သွားမှာပဲ သား၊ မေမေတို့ သွားကြဖို့ထက် အခု သမီး အိပ်ရာထဲမှာ ဒဏ်ရာနဲ့ သားတို့နှစ်ယောက်တည်း ကျန်ခဲ့ရင် ဘယ်လိုလုပ်မလဲ"

လွှတ်လွှတ်လပ်လပ် ဖြစ်လို့ရတာပေါ့လို့ စိတ်ထဲမှာ ဖြစ်သွားသေးသည်။ ပြီးမှ ...

"စိတ်ချပါ မေမေ"





## အခန်း [၄၆]

ဖိတ်စာကို ဆုံးအောင်တောင် ဖတ်ရဲ့လား မသိ ..၊

စားပွဲပေါ်မှာ ပစ်ချလိုက်ပြီး အထဲဝင်သွားတော့ ဒေါ်ပု က ဖိတ်စာကို ပြန်ကောက်ကာ ချစ်သော နောက် ခပ်သုတ်သုတ်လိုက်၍ ...

"လူလေး .. လူလေး မင်္ဂလာဆောင် မသွားဘူးလားဟင်၊ သူ့ခွေး ဦးမျိုးမြတ် တို့က လူလေးမိဘတွေနဲ့ အရမ်းရင်းနှီးတာ"

"သူ သွားလိမ့်မယ်"

ချစ်သော က လှည့်မကြည့်ဘဲ ပြောသည်။ နောက်ကို တောက်လျှောက်ဝင်သွားပြီး စတိုခန်းရှေ့ကျမှ ရပ်ပစ်လိုက်ကာ ...

"ဒေါ်ကြီးပု"

"ဟော .. လူလေး"

ရပ်ကျန်ရစ်ပြီးမှ ဒေါ်ပု ပြေးလိုက်လာ၏။

"နှင်းဆီ ဘယ်သွားလဲ"

"ရေချိုးနေတယ် သား"

"ဖိတ်စာရှိနေတာ သူလည်း မသိဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူးထင်တယ် သား၊ မမကြီးတို့ ပြောဖို့ မေ့သွားတာ ထင်တယ်၊ အဲဒါ ရှိုးကေ့စ်မှန်တွေ သုတ်နေရင်း သူပဲတွေ့ပြီး ဒီနေ့ညလို့ ပြောတာ"

"ဒါဆို အခု သွားဖို့ပြင်နေတာပေါ့"

"မဟုတ်လောက်ပါဘူး လူလေးရယ် .. ဒီလူတွေကို နှင်းဆီ မှ မသိတာ၊ လူလေးနဲ့အတူဆိုရင်တော့ ..."

"ထားလိုက်"

ချစ်သော က အပေါ်ထပ်အကျႌကို ချွတ်ရင်း ပြန်လှည့်သွား၏။ သူ အခန်းထဲဝင်လိုက်ပြီး မကြာမီ နှင်းဆီ ရေချိုးပြီးစပုံစံလေးနှင့် အခန်းသဲ ဝင်လာပြီး...

"ကိုလေး သိလား .."

"မသိဘူး"

ခေါင်းစဉ်မတပ်လိုက်ပေမယ့် ဘာမေးမှန်းသိတော့ ချစ်သော က တစ်ချက်ပဲ လှည့်ကြည့်ပြီး ဖြေသည်။ နှင်းဆီ သည် မြို့သူတွေလို ရေချိုးခန်းထဲကနေ တဘက်ထူကြီးပတ်ပြီး ထွက်လာတာမဟုတ်ဘဲ ထဘီရင်လျားကို ပခုံးမှာ တဘက်လေးလုံအောင် ဆွဲခြုံလျက်...

"ကိုလေးကို ဒေါ်ကြီးပု မပြောလိုက်ဘူးလား"

"ပြောတော့ ဘာဖြစ်လဲ"

"ခု သိပြီမို့လား၊ သွားမှာလား"

"ခုပဲ ညေ့ခံပွဲက ပြန်လာတာ၊ သွားစရာလား"

နှင်းဆီ က တဘက်စောင်အဖျားနှင့် မျက်နှာကို ပွတ်သုတ်ရင်း ဗီရိုထဲက အဝတ်တစ်စုံထုတ်၍ ကန့်လန့်ကာနောက် ဝင်သွား၏။ အထဲရောက်ပြီးမှ ...

"ညလေးက ကိုလေး သွားမှာပဲဆိုပြီး အဆင်သင့်ဖြစ်အောင်





ရေချိုးနေတာ"

သနားစရာပဲ ...၊ မမြင်ရဘဲ ကန့်လန့်ကာနောက်ကွယ်ထဲကို လှမ်းကြည့်၍ ချစ်သော က နှာခေါင်းရှုံ့၏။

"မင်းနဲ့ငါ ဘယ်တုန်းက ပွဲတွေဘာတွေ အတူတက်ဖူးလို့ စိတ်ကူးတွေ ယဉ်နေတာလဲ၊ သွားချင်ရင် မင်းပဲ သွား .."

"ဘာ!..."

နှင်းဆီ ပြောချင်လွန်း၍ ဝတ်နေဆဲအကျႌကို အတင်း ဖိကြိတ်ထိုးထည့် ဆွဲချ ...

"ကိုလေးက ကြီးကျယ်လှချေလား"

ဒေါသနှင့်အော်နေပြီး လူက ထွက်မလာနိုင်သည့်အဖြစ်ကို ချစ်သော ပခုံးတွေလှုပ်အောင် ရယ်သည်။ အထဲမှာ ဘယ်လောက်ထိ အကြိတ်အနယ် အပြီးသတ်ဖို့ ကြိုးစားနေပြီလဲ ...။

"ညလေးက စိတ်ကူးယဉ်တယ် ဟုတ်လား"

ကန့်လန့်ကာက ရှဲခနဲ ရုတ်ဖယ်သွားကာ လူက လေတိုက်သလို ထွက်လာ၏။ ခေါင်းလျှော်ထားသည့် ဆံပင်တွေက ရေတတောက်တောက်ကျလျက် အစုလိုက် ကျိုးတိုးကျဲတဲ ဖားလျားကျနေတော့ မျက်လုံးက ပြူးနေတာနှင့်စပ်လျဉ်း၍ တကယ့် သရဲမ အတိုင်း...။

အတိုက်အခံ ပြောဖို့တွေ အဆင်သင့် ပြင်ထားပေမယ့် ချစ်သော မျက်နှာကို တင်းမထားနိုင်ဘဲ မဲ့တော့မလို ပြုံးတော့မလိုနှင့် မသိလျှင် အထင်မြင်သေးလွန်းသည့် မထီတထိ မျက်နှာမျိုး ...။ ဒေါကန်လာသည့်သူမှာ ထိုအကြည့်တွေကြောင့် ဆတ်ဆတ်ခါ ခံစားသွားရပြီး...

"ညလေးက အိမ်မှာ လူကြီးတွေမရှိလို့ ကိုယ့်တာဝန်ပဲဆိုပြီး ပေါ့ပေါ့ပါးပါး ပြောတာ၊ ကိုလေးက မိန်းမတစ်ယောက်ကို ကြီးဘဝင် ရိုက်နှက်နေရမှ ပျော်တဲ့လူပဲ"



www.burmeseclassic.com

www.burmeseclassic.com



ချစ်သော မျက်နှာ တည်တင်းသွားသည်။

"ရိုက်ပါတော့ .. သတ်ပါတော့လို့ လည်စင်းပေးနေရင် အဖျင်း ပြေရုံလောက်တော့ ရိုက်သတ်မိချင် သတ်မိမှာ၊ မိန်းမဖြစ်ဖြစ်.. ယောကျ်ား ဖြစ်ဖြစ်"

"မဟုတ်ဘူး .. ကိုယ်လေးရဲ့ဘေးမှာ ကိုလေးကို အနိုင်မယူချင်တဲ့ မိန်းမကိုပါ၊ စိတ်ချ .. ဒီပွဲကို ကိုလေးနဲ့အတူ တွဲတက်ချင်နေတာလို့ ထင်တယ်မို့လား .. ညလေး သွားပြမယ်"

"ကြွ .."

ပြောချင်သလို ပြောကာ အင်္ကျီချွတ် ရေချိုးပြီး တစ်ယောက် တည်း ဘက်ကွက်တွေ ကျင့်နေလိုက်သေးသည်။

ည ဘယ်လို မိုးချုပ်သွားပြီး ညဥ့် ဘယ်လိုနက်သွားမှန်းလည်း မသိလိုက် ..။

"လူလေး ထမင်း မစားတော့ဘူးလား"

"ဟိုတစ်ယောက် ပြန်မလာသေးဘူးလား"

နာရီကြည့်လိုက်တော့ ကိုးနာရီ ထိုးတော့မည်။

ထိုစဉ် ခြံထဲကို ကားဝင်လာသည့်မီးရောင်တစ်ချက် ဝင်းသွား သဖြင့် သူ ပြန်လှည့်ဝင်ခဲ့ရင်း ...

"မစားတော့ဘူး"

ဒေါ်ပု ကို လှည့်မကြည့်ဘဲ ဖြေခဲ့သည်။

စိတ်ထဲမှာတော့ တွေးနေခဲ့၏။ ကိုယ်နဲ့မသိတဲ့လူတွေဆီကို သွားခဲ့ သေးတယ်၊ အဲဒီကောင်မလေး ကြောင့် ..။





အခန်း (၄၇)

"ဟိုမှာ ကြည့်စမ်း .. ချစ်သော၊ ထိုနှင်းဆီ .."

ပရိမိုးရှင်းအတွက် ခင်းကျင်းသော စတော့ချ်ရှိုးတစ်ခုမှာ နှင်းဆီ ကို ဒီပုံစံနှင့် တွေ့လိုက်ရလိမ့်မည်ဟု မထင်..။

အိမ်မှာ ခုတလော ဆံပင်နှစ်ဖက်စည်းနဲ့ အမြဲတမ်း မဟုတ်တော့ ဘဲ ထုံးထားလိုက်၊ သားရေကွင်းတွေနဲ့ ဘယ်လိုပုံစံမှန်းမသိ ချည်ထား လိုက် ..။ ဒါပေမယ့် ခုလိုပုံတော့ တစ်ခါမှ မမြင်ခဲ့ဘူးပေ။

ဘောင်းဘီရှည်အနက်ကျပ်ကျပ်က ခြေကျင်းဝတ်လောက်ပဲ ရှိ သည်။ ရင်ညွှန့်ထိဟိုက်၍ ပျော့အိနေသော ငွေမှင်ရောင်လက်နေသည့် အတွင်းခံ လှုပ်လီလှုပ်လဲ့ပေါ်မှာ အပေါ်ထပ်အင်္ကျီအနက်က ကုတ် အင်္ကျီပုံစံ ဖြစ်သည်။

ထို့ပြင် လက်ဖျားထိ ဖာကျဲဖြစ်သည့်ပြင် ခါးတိုဖြစ်နေသဖြင့် ငွေမှင်ရောင် အတွင်းခံအင်္ကျီကလည်း မတိုမရှည်နှင့် ခါးစပ်က ပေါ်နေ သလိုလို မပေါ်သလိုလို..။

သူတို့နဲ့ကွာသည် ပြောနိုင်သလို သိပ်တော့မဝေးဘူးလို့လည်း ဆိုနိုင်၏။



www.burmeseclassic.com

www.burmeseclassic.com



ပျော့နွဲ့နေသည့် ဆံပင်ရှည်တွေ ပြောင်အိနေတာလည်း မြင်နေ သည်။ မျက်ခုံးနဲ့မျက်လုံးမှာ ကာလာအနည်းငယ်ရင့်ထားလျက် နှုတ် ခမ်းသားတွေမှာ အညိုဘက်လုနေသည့် ငွေမှင်ရောင်ကို ဆိုးထား၏။

ဆံမြိတ်မထားဘဲ ဒီအတိုင်း ဖြန့်ထားသည့် ဆံနွယ်တို့က ကကြြ ပုံ နမူးပုံလေးပေါ်အောင် ဖန်တီးပေးထားသလိုရှိကာ နှင်းဆီ တစ်ကိုယ်လုံး ထင်းနေ၏။ 'တောသားရဲတော့ ဆွဲထုတ်ရတယ်' ဆိုတာ ဒါမျိုးလား—

ဘာဖြစ်လဲဆိုပြီး မခံချင်စိတ်နှင့် သူငယ်ချင်းတွေရှေ့မှာ တည် တည်ငြိမ်ငြိမ် မျက်နှာလွှဲပစ်ချင်ပေမယ့် ဘယ်လိုမှ မရ ...။

စင်ပေါ်က ဆလိုက်မီးရောင်တွေ လှုပ်ရှားသွားတိုင်း အရောင် ထွက်နေသလို ထင်ရသည့် ငွေမှင်ရောင်အကျီနဲ့ နှုတ်ခမ်းသားတို့က အံကြိတ်မိတဲ့အထိ ဒေါသကို ပုတ်နှိုးနေကြ၏။

"ဘယ်လိုလဲ ချစ်သော .. မင်း ယုံလောက်ပြီ ထင်တယ်"

သဝဏ် က မျက်နှာတိမ်းပြောကာ ထိုမှာပဲ အကြည့်တို့ရှိလျက်—

"ဟိုတစ်ညက မင်္ဂလာဆောင်လာတာ ဘယ်လိုပုံစံ၊ ဘယ်လော လှပါတယ် ပြောတော့ မင်း မယုံဘူး"

"ခုလည်း မိုးသောက် နဲ့ပဲ ဖြစ်မှာ"

သူတို့ပြောနေတုန်း မိုးသောက် က ချောကလက်နှစ်တောင့်ကိုင်၍ လူကြားထဲဝင်လာကာ တစ်ယောက်တစ်တောင့်ပုံစံ လုပ်ပြသည်၊

ပြီးတော့ နှင်းဆီ အတွက် သူကိုယ်တိုင် အိတ်ဖွင့်ပေးနေ၏။

လင်းထွန်း ကလည်း ထိုမြင်ကွင်းကို စူးစိုက်ကြည့်နေကာ —

"မင်းရှေ့ကထွက်ရင် သူ နောက်က ထွက်တာပဲလား...၊ ကြည့် လုပ်ဦး ချစ်သော .. ခရေမြွေလေးမှတ်ပြီး ခါးပိုက်ပိုက်ထားတာ မြွေဆိုး ဖြစ်နေမှ ခက်မယ်"

"ငါ ပြောသားပဲ .. အဲဒီကောင်မလေးကို သူက လျှော့တွက်—





တာ...၊ မျက်လုံးတွေ ပြူးပြက်လက်နေတာကိုကြည့် ဗန္ဓုလာကို မောင်လေး ခေါ်သွားမယ့်သတ္တိတွေ အပြည့်ရှိတယ်"

"ဟုတ်တယ် ချစ်သော .. မင်း ဂရုစိုက်စိုက် မစိုက်စိုက် မသင့်တော် ဘူး ...၊ မိုးသောက် က အရမ်းရှုပ်တဲ့ကောင်"

ချစ်သော မျက်နှာလွှဲပစ်လိုက်ကာ ...

"သူကိုယ်တိုင် အဲဒီလိုနေရတာကို ကြိုက်နေတာ"

"မင်္ဂလာဆောင်သွားတဲ့နေ့က မင်းပဲ ကိုယ့်ဟာကိုယ်သွား ဆိုပြီး လွှတ်လိုက်တာဆို...၊ မိန်းကလေးတွေက ရွဲ့တတ်တယ်ကွ၊ မိုးသောက် ကလည်း ငါတို့နဲ့ ပြိုင်ဘက်လို့ပြောရင် ရတယ်၊ နှင်းဆီ ကို စိတ်မဝင် စားရင် မင်း ကင်းကင်းနေလို့ ရတာပဲ"

"ခုလည်း သူ ကင်းကင်းနေတာပဲကွာ"

သဝဏ် စကားကို လင်းထွန်း က ဖြည့်စွက်၍ ...

"မင်းရင်ထဲမှာ တကယ် ဖီးလ်မဖြစ်ဘူးဆိုရင် လှုပ်ရှားမှုမရှိတဲ့ ဘက်ကနေ ဆိုဆုံးမရုံပဲ၊ ဒီလို မရွဲ့ဖို့ .."

"ရပါလိမ့်မယ် အဲဒီမီးစလေးက .. ငါက တစ်ခွန်းဆို သူက နှစ်ခွန်း"

"ဒါလည်း သိရက်နဲ့ မင်းမို့ ပစ်ထားတယ်၊ လူကြီးတွေလည်း မရှိကြဘူး .. တော်ကြာ ကျော်မကောင်း ကြားမကောင်းကွာ"

"ဘာလဲ .. ကျော်မကောင်း ကြားမကောင်း"

ရန်လိုလာသည့် မျက်လုံးတွေကြောင့် စိတ်ရှိတိုင်း ပြောလိုက်ပြီးမှ သဝဏ် က လေသံပြန်ချ၍ ...

"ဩော် .. သူက မင်းညီမဆိုလည်း ဟုတ်တယ်လေ၊ ဘာဖြစ်ဖြစ် မင်း ဆုံးမဖို့ တာဝန်မရှိဘူးလား"

စတော့ချ်ရှိုးမှာ ဘာတွေဆိုကြ ဘယ်သူတွေပါကြမှန်းလည်း မသိ တော့ပါ။ သူပြန်ရောက်တော့ ည ခုနစ်နာရီခွဲနေပြီ။ နှင်းဆီ မရောက်သေး—



www.burmeseclassic.com

www.burmeseclassic.com



"လူလေး ပြန်လာပြီလား"

သူ့မျက်နှာ တင်းမာနီမြန်းနေတာကို အကဲခတ်မိကာ ဒေါ်ပု မျက်နှာပျက်သွား၏။ ပြီးမှ မရဲတရဲလေသံနှင့် ...

"သမီး နှင်းဆီ က ပြောသွားတယ်၊ သူ့သူငယ်ချင်း မွေးနေ့မို့လို့တဲ့၊ စားသောက်ပြီးရင် စတော့ချ်ရှိုး သွားကြည့်ဦးမှာမို့လို့ နောက်ကျ—"

"တော်တော့ဗျာ .. သွားပါတော့"

ဒေါ်ကြီးပု ကိုပါ ရိုင်းစိုင်းသည့်စကားတွေနှင့် ပစ်ပေါက်နှင်လွှတ်မိ၏။ မြင်ခဲ့သည့် မြင်ကွင်းကိုပဲ ဖျောက်လို့မရ။ သူငယ်ချင်းတွေ ပြောကြသည့်စကားတွေကြောင့် သူ အရှက်ရခဲ့သည်။

"သင်း .. တွေ့မယ်"

"ဒေါ်ကြီးပု သွားအိပ်တော့ .. ဘာသံကြားကြား ထွက်မလာနဲ့နော်"

ဒေါ်ပု မျက်လုံးအဝိုင်းသားနှင့် ခေါင်းမညိတ်နိုင်။ ကလေးတွေကို သေချာဂရုစိုက်ဖို့ သားအမိနှစ်ယောက် မှာသွားခဲ့တာ အထပ်ထပ်..။

သူ့ကိုသာ မကပါ နှင်းဆီ ကိုလည်း ရေငတ်သလို မှာသွားတာ တော်ရုံသဖြင့် သည်းခံဖို့ ..။

ပြီးတော့ လူကြီးတွေမရှိတုန်း အသွားအလာ အပြောအဆို အနေအထိုင် အစစဆင်ခြင်ပြီး ရန်ဖြစ်ခိုင်းကို ရှောင်ပါဆိုတာတွေ ..၊

မှာကြားသွားတာကို မမြင်တာဆိုလို့ ချစ်သော တစ်ယောက်ပဲ ကျန်သည်။ ဘယ်နေရာမှာ ဘယ်လိုဆုံးမသွားမှန်း မသိသော်လည်း နှင်းဆီ ကိုတော့ အထပ်ထပ်မှာသွားတာ ဒေါ်ပု သိနေ၏။ ဒီကလေးတွေ မမကြီးတို့ မရှိကာမှ ဘယ်လိုလုပ်နေကြပါလိမ့်..။ ရန်ဖြစ်ကြတော့မည်ကို သိပေမယ့် ကိုယ့်အတွက်က ထွက်သွားပေးပါဆို သွားရုံသာ..။

ချစ်သော က အပြင်က ပြန်လာပြီး အိမ်ထဲကို ဝင်ဖို့နေနေသာ သာ ဆိုဖာမှာတောင် မထိုင်ဖြစ်ခဲ့သေး..။





ထိုစဉ် မျက်စိရှေ့ကို ပရာဒိုမီးခိုးရောင်၏ဦးခေါင်း ငြိမ့်ငြိမ့်လေး လိမ့်ဝင်လာပြီး ရပ်၏။ နှင်းဆီ ဆင်းလာတာကို တံခါးပြန်ပိတ်တဲ့အထိ သူ စိုက်ကြည့်နေကာ ...

"ဘယ်က မွေးနေ့လဲ..၊ မင်းကို ဘယ်သူလွှတ်လို့ သွားတာလဲ"

"ဟင်!..."

နှင်းဆီ က ဒီဘက်လှည့်လိုက်တာနှင့် မေးခွန်းတွေ ဆက်တိုက်ထွက်လာတာကို အံ့ဩသွားသည့်မျက်နှာနှင့်...

"ကိုလေး တစ်နေကုန်မှ မရှိတာ ..၊ ညလေးက ဘယ်သူ့ကို ပြောရမှာလဲ၊ အိမ်မှာရှိနေတဲ့လူကို ပြောခဲ့တာပဲ"

"အိမ်မှာရှိနေတဲ့လူက ငါ မဟုတ်ဘူး၊ ငါ့ကို မပြောရသေးရင် မင်း မသွားနဲ့ပေါ့၊ နေပါဦး .. ဒီပုံစံက ဘယ်လိုဖြစ်လာတာလဲ၊ ဘာနဲ့တူနေသလဲ မင်းကိုယ်မင်း သိလား"

နှင်းဆီ က သူ့မကိုယ်ကို တကယ်ငုံ့ကြည့်သည်။ ပြန်မော့လိုက်တော့ ပခုံးရှေ့ကို ပြိုကျလာသည့် ဆံနွယ်တချို့နှင့်အတူ ဆံပင်တွေကြားထဲက တလက်လက်တောက်သွားသည့် နားဆွဲရှည်က တစ်မျိုးဖမ်းစားသွား၏။

"မသိဘူးလေ ..၊ ဝတ်တဲ့လူကတော့ လှမယ်ထင်လို့ ဝတ်ထားတာပဲ၊ ဘာနဲ့တူသလဲ ဘယ်လို လုပ်သိမှာလဲ"

"ထိုနှင်းဆီ .. မင်း ငါ့ကို ရွဲ့နေတာလား"

"ဟုတ်တယ် .. အဲဒါ ကိုလေး မသိဘူးထင်နေတာ"

"ဘာ ပြောတယ်"

ပခုံးနှစ်ဖက်ကို ဖိဆုပ်ခါပစ်မိ၏။

"သိသာလွယ်အောင် ပြောတာပါ၊ တကယ်က မှုတသွားအောင် ကတိစာချုပ်ကို ညီညီညွတ်ညွတ် ဖောက်ဖျက်ခြင်းပဲ.. ညလေးကောင်း



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ကိုလေး လက်မခံခဲ့ဘူးလေ"

"ဩော် .. ဟော် .."

အမြင်ကတ်ကတ်နှင့် ခေါင်းညိတ်မဲ့ရွဲ့နေခြင်းက ကြာရှည်သွား၏။

"ရွဲ့လေ .. မင်း တစ်ညလုံး ပြန်မလာဘဲ ရွဲ့ .."

"ပြီးတာပဲ .. ညလေးက ဆုံးဖြတ်ပြီးသား ..၊ မေချစ် တို့ စိတ်ပျက်လာတဲ့အထိပါဆို"

"ဒီအိမ်က စိတ်ပျက်စေချင်တာလား ..၊ မလိုဘူး .. အခုပဲ ပျက်နေပြီလို့ မှတ်လိုက်၊ ခင်ဗျား နေချင်သလိုနေ .. သွားချင်ရင်ထွက်သွား.. တားမိရင် သတ်"

လှည့်ထွက်သွားတာတောင် အပေါ်ထပ်အကျီကို ချွတ်လုံး၍ ဆိုဖာပေါ် ပစ်ပေါက်သွားသေးသည်။ နှင်းဆီ နေရာမှာ တောင့်မတ်စွာရပ်နေရင်း နှုတ်ခမ်းတွေကို ဖိကိုက်ထားတာတောင် မျက်ရည်တွေ ချက်ချင်းပြည့်အိုင်လာသည်။ ပြီးတော့ အင်တိုက်အားတိုက် ဖြိုဆင်းလာကြသည်။

"တို့သွားတော့မယ် နှင်းဆီ၊ ကြားသုံးကြား မဝင်နဲ့လို့ အဆိုရှိခဲ့ပေမယ့် တို့က မနေနိုင်ဘူး ..၊ မနေနိုင်ပေမယ့် ဒါ ဝင်ပါသင့်တဲ့နေရာမဟုတ်ဘူးဆိုတာလည်း တို့ နားလည်နေတယ်၊ အဲဒါကြောင့် ပြောရမယ်ဆိုရင် အခုသွားမှာ မင်းကြောင့်ပဲ၊ မောင်လည်း ဒီမှာမရှိဘူးဆိုတော့ ဆုံးဖြတ်ချက်က ခိုင်မာသွားတယ် ..၊ တို့က မင်းကို စပေးပြီးပြီ၊ တို့ခင်းပေးထားတဲ့ လမ်းပေါ်မှာ မင်း အသာလေး လျှောက်သွားရုံပဲ၊ ဆူးစူးလို့ ခြေမခိုင်လို့.. ဘာအကြောင်းနဲ့မှ လဲကျမသွားစေနဲ့..၊ ချစ်သောက တို့မောင်လေးပါပဲ..၊ ဒါပေမယ့် .."

"မင်း သူ့ကို တမ်းတရင်း ရှုံးနိမ့်နေတာကိုတော့ မမြင်ချင်ဘူး၊ သင့်တော်တဲ့ခြေလှမ်း မသင့်တော်တဲ့ ခြေလှမ်း မင်း နားလည်ပါ.. တို့ရှိနေလို့ ကောင်းမွန်သွားတာ မင်းရဲ့ အရည်အချင်း မဟုတ်သလို





တို့မရှိတဲ့အချိန် ထင်သလိုလုပ်ပြီး ဆိုးဆိုးဝါးဝါးဖြစ်သွားရင်လည်း မင်းပဲ ခံရမှာ..၊ အဲဒီတော့ တို့သွားမှာကို မင်း မလွမ်းပါနဲ့ ..၊ ဒီအခြေအနေဟာ တို့အားလုံးအတွက် အသင့်တော်ဆုံးပဲ၊ တစ်ခုရှိတာက မင်းနဲ့သတင်းကောင်းကို ကြားရမှ တို့ ပြန်လာမှာ"

မဟေသီ သွားခါနီး ပန်းလေးကိုလည်း ဖက်ထားခဲ့သည်။ ဆံပင်တွေကိုလည်း ဖွဆော့သွားသေးသည်။ ထိုပြင် သွားမှတွေ့ခေါ်အောင်ရယ်၍ မမြင်ဖူးခဲ့သော ချစ်စနိုးအကြည့်များနှင့် ...

"မင်း အရှမ်းချစ်ဖို့ ကောင်းတယ်" လို့ ပြောသွားသေးသည်။

မျက်ရည်တွေ ဝေ့နေတာကိုတော့ မငိုနဲ့လို့ တစ်ခွန်းမှ မပြောသွားခဲ့ဘူး.. ခုတော့ သူမပါးပြင်မှာ မျက်ရည်တွေ မြစ်ကြီးအင်းတောင် ဖြစ်နေခဲ့ပြီ။

မဟေသီ ကို သူမ ခေါင်းညိတ်ဝန့်ခံခဲ့ခြင်းမှာ သူမကိုယ်တိုင် မရေရာနဲ့ ဖြစ်သည်။ ကိုလေးကို သူမ တကယ်ကို ချစ်နေမိသည်လား .. ချောလို့ ကြိုက်မိတာမျိုးလား ..မဆန်းစစ်မိခဲ့ပေ။

ခွဲခြားနိမ့်ချလာတိုင်း ရင်ထဲမှာ နာကျင်ခဲ့၏။ ဘာမှမဟုတ်သလိုပြန်အော် ရန်ဖြစ်ရင်း မျက်ရည်မကျသော်လည်း ငိုချင်သည်။

တကယ်တော့ နှင်းဆီ ကို ဒီလူတွေနဲ့ တွေ့ဆုံရင်းနှီးစေခဲ့တာ မမပဲပေမယ့် ရုပ်ရှင်ဆန်ဆန် မြန်ဆန်သည့်ပြောင်းလဲမှုတွေကို မမ ကိုယ်တိုင်က မလိုချင်ခဲ့ပေ။

"ဘာမဆို ကိုယ်ဆန္ဒရှိမှ ဖြစ်တာ၊ တို့က ဒီလိုဖြစ်စေချင်လို့ လမ်းဖွင့်ပေးတာပဲ ..၊ မင်း ဒါကို မှန်တယ်ထင်ရင် ကိုယ်လုပ်သင့်တာလုပ်ရမယ်၊ မင်း ကြားဖူးလား မသိဘူး .. 'လေပြင်းတစ်ရိုက်၊ လေရူးတန်သုန်' တဲ့၊ ပြင်းထန်တဲ့ သက်ရောက်မှုတစ်ခုက ဘယ်တော့မှ မကြာရှည်ဘူး၊ တို့တွေ ငယ်စဉ်ကတည်းက ပါလာတဲ့ 'လျှာ' က သေသွားတဲ့အထိ၊ မကျိုးမပျောက် ကျန်နေပြီး အချိန့်အခါသင့်မှ ပေါက်တာတဲ့



www.burmeseclassic.com

www.burmeseclassic.com



'သွား'ကတော့ အသက်အရွယ်နဲ့ ထိခိုက်မှုအမျိုးမျိုးပေါ်မှာ အချိန်မရွေး ကျိုးပဲ့သွားကြတယ်၊ အဲဒါကို မင်းရဲ့ဆင်ခြင်ဉာဏ်ထဲမှာ ထည့်ထား" တဲ့ ...။

ကိုလေး အမြင်မှာ မမ က အားလုံးကို မြှောက်ပေးသွားခဲ့တာလို့ မြင်နေခဲ့၏။ မိုးသောက် ဟာ ကျူရှင်က သူငယ်ချင်းတစ်ယောက်ရဲ့ အစ်ကိုဝမ်းကွဲဖြစ်နေခြင်းကြောင့် မမ တွေ့ဆုံပတ်သက်စေခြင်းထက် ပိုသော ရင်းနှီးမှုတွေ ဖြစ်ခဲ့တာ ကိုယ်သာ သိ၏။

"မင်း အကဝါသနာမပါဘူးဆိုတာ ကိုယ် သိတယ်၊ ထင်တာ ပြောရရင် ပြဿနာတစ်ခုခုကြောင့် လေတိုက်လို့ လွင့်လာတာမျိုးပေါ့.. ဒါပေမယ့် ရတယ် .. မင်းအပေါ်မှာ အခွင့်အရေးမယူဘဲ ကိုယ် အလိုက် အထိုက် နေပေးမယ်၊ ဘာဖြစ်လို့ ဆုံးဖြတ်ရသလဲဆိုတော့ မင်းရဲ့ အိမ်ထောင်ရေးမှာ အဖုအထစ် တစ်ခုခုရှိနေမယ်လို့ ကိုယ်ထင်တယ်၊ မင်း မျက်နှာလေးကို မြင်တာနဲ့ ကိုယ့်ကို အသုံးချဖို့ကြိုးစားလာတာ မဟုတ်မှန်းလည်း သိနေတယ်၊ နောက်တစ်ခုက ကိုယ့်မှာ ချစ်သူရှိတယ်"

လို့ မိုးသောက် က ရိုးသားနူးညံ့စွာ ဝန်ခံခဲ့သည်။ သို့သော် ...

"တကယ်လို့သာ .. အဲဒီလို မဟုတ်ခဲ့ရင်တော့ ကိုယ့်လိပ်ပြာသန့်မှာ မဟုတ်ဘူး၊ စိတ်ဆိုတာ ပြောင်းလဲနေတာမျိုး"

လို့ နောက်ဆက်တွဲ ပြောသည့်စကားက ဘာလိုလိုပေမယ့် ဒါလည်း ရိုးသားနေလို့သာ ဝန်ခံတာလို့ သူမ တွေးထားခဲ့၏။

စတော့ချ်ရှီးမှာ ကိုလေးတို့ လှမ်းကြည့်နေကြတုန်းက မိုးသောက် က အရင်မြင်သည်။ ပြီးတော့ ပြုံးစိစိနှင့် ပြောသေးသည်။

"သူနဲ့ကိုယ် ပြိုင်ဘက်တွေ ဖြစ်နေပြီ ထင်တယ်၊ သူထင်နိုင်တာ ကို ပြောတာပါ"

ဒါဟာ အပြုံးမပျက် ပြောသွားနိုင်သည့် စကားမျိုးလား၊ သူမ





ထိုစဉ်ကတည်းက စိတ်ထဲမှာတော့ လေးသွားခဲ့မိသည်။

ပြောကြည့်ပါလား .. ဆုကြည့်ပါလားလို့ မာနတွေနဲ့ ဘယ်လိုပဲ တင်းတင်း အပြန်လမ်းမှာ ကားပေါ်ကနေ ကိုလေးရဲ့ကြော်ငြာဘုတ် ဓာတ်ပုံ ကျော်ဖြတ်လာတိုင်း ငေးခဲ့မိသည်။

"ကိုလေးနဲ့ အဆင်ပြေသွားရင် ကောင်းမှာပဲ"လို့ တိုးတိတ်စွာ တောင့်တမိတာလည်း ရှိ၏။ မိုးသောက် နဲ့ ဆက်လက် ရင်းနှီးနေခဲ့ သော်လည်း စင်ပေါ် တကယ်'က'ဖို့ထိတော့ မဆုံးဖြတ်ခဲ့ဘူးပါ...။

လွှတ်လပ်ခြင်း၊ ခေတ်မီဝင်ဆံ့ခြင်း ဆိုတာတွေကို လက်တွေ့သိ လာခဲ့သဖြင့် ခဏလေး ပျော်ဝင်သွားမိသည့်စိတ်က တသမတ်တည်း ဖြစ်မနေခဲ့ဘဲ ပျောက်သွားလိုက် ပြန်ဝင်လာလိုက် ...။

နှင်းဆီ အကြာကြီးရပ်၍ မျက်ရည်တွေတွေ ကျနေမိတာ၊ ခြေထောက်တွေ တောင့်ခဲလာမှ ကိုယ့်ကိုယ်ကိုယ် သတိရသည်။

ပါးပြင်မှာ စေးကပ်ကပ် တင်းကျပ်ကျပ်ကြီး ဖြစ်နေတာကို ဒီတိုင်း လက်နဲ့ ဖိပွတ်ပစ်လိုက်၍ ဆိုဖာမှာ ဝင်ထိုင်မိသည်။

"သမီး .."

ဒေါ်ပု အသံကြားလိုက်သဖြင့် လှည့်ကြည့်မလို မျက်နှာလှည့်လိုက် ပြီးမှ မကြည့်ဖြစ် ...။

"ထမင်းစားတော့မလား ဟင်"

"မစားတော့ဘူး ...၊ ဒေါ်ကြီးပု သွားအိပ်တော့လေ"

"ထမင်းမစားချင်လည်း အဆာပြေ တစ်ခုခု .."

"မစားချင်ဘူး...၊ ပြီးတော့ .. နောက်ထပ် လာမခေါ်နဲ့တော့နော် .. သမီး ထိုင်နေချင်လို့"

ဒေါ်ပု ပြန်ထွက်သွားတာကိုလည်း မကြည့်မိတော့ဘဲ ကြွေးပုံ ပေါ်နေသည့် နဖူးကဆံပင်တွေထဲမှာ လက်နှစ်ဖက်ထိုးထည့်ကာ မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ကိုမော့၍ စိတ်ရှိလက်ရှိ ဖိသိပ်ကိုင်ထားမိသည်။

အစကဆို အပြင်က ပြန်လာတာနှင့် ဝတ်ထွက်သွားသည့် အင်္ကျီ၊ ဘောင်းဘီတွေကို စိတ်ကျဉ်းကျပ်ကာ ဟန်နလန့်ကာနောက် ပြေးဝင်ပြီး မြန်မြန်ဆန်ဆန် အင်္ကျီလဲဖို့သာ လုံးပမ်းခဲ့သည်။

ခုတော့ ကျပ်မှန်းလည်း မသိ .. ချောင်တာလည်း စိတ်မဝင်စား။

နားထဲမှာ ကိုလေး နှင်ထုတ်ထားခဲ့သည့် စကားလုံးတွေသာ အဖန်တလဲလဲ နှိပ်စက်နေခဲ့သည်။ တကယ်ပဲ ကိုယ့်ကို သွားစေချင်နေတာလား..။

သူမကရော လူကြီးတွေ မရှိတဲ့အချိန်မှာ ထွက်သွားမယ်ဆို ဘယ်လိုဆင်စရာတွေ ဖြစ်ကုန်မလဲ ..၊ စိတ်ထဲမှာ ရှိလို့မဟုတ်ဘဲ အနိုင်ပိုင်းချင်တဲ့စိတ်နဲ့ပါ။ ဒါပေမယ့် တကယ့်ပြိုင်ပွဲတစ်ခု ဖြစ်လာပြီဆိုရင်တော့...

နှင်းဆီ မျက်ရည်ဝေ့လာလိုက် အံကြိတ်လိုက်နှင့် မီးရောင်တွေ ထိန်လင်းနေသည့် ညေ့ခန်းထဲမှာ နေ့မှန်းညမှန်းမသိလောက်အောင် ငုတ်တုတ် မှေ့နေခဲ့၏။

ချစ်သော ကတော့ မအိပ်ခင် နားစွင့်ကြည့်လိုက်ပြီး တံခါးနားမှာ ကပ်ခင်းထားသည့် နှင်းဆီ ရဲ့ တစ်ယောက်အိပ်ခုတင်လေးဆီ မျက်လုံးရောက်သွားသေးသည်။

တစ်အိမ်လုံး တိတ်ဆိတ်နေကာ နှင်းဆီ ဝင်လည်းမလာ .. လှုပ်ရှားသွားလာသည့် အသံလည်း မကြားတော့ သူကိုယ်တိုင် တော်တော်နဲ့ အိပ်မပျော်ခဲ့ပေ..၊ အိပ်ပျော်သွားပြီး ဖျတ်ခနဲ ပြန်နိုးလာတော့ မနက်သုံးနာရီလေးဆယ်။ နှင်းဆီ ရဲ့အိပ်ရာနဲ့ နာရီဆီမှာ ခေါက်တုံ့ပြေးသွားကာ အိပ်ချင်မူးတူးမျက်လုံးတွေတောင် ကျယ်သွားသည်။

ဝင်အိပ်ပြီးမှ ပြန်ထသွားတာလား ..၊ တစ်ခါမှ ဝင်မလာသေးတာလား။ ညဦးကတည်းက တရားလွန်ပြောပစ်ခဲ့သည့် ကိုယ့်စကားလုံးတွေ





အဆမတန် ရင့်သီးသွားပြီမှန်း သိသည်။

ဒီကောင်မလေးကို မုန်းတာလည်းမဟုတ်ဘဲ ကြည့်လို့မရ ဖြစ်နေတာ ဘာကြောင့်မှန်း မသိ..။

မျက်စိအောက်က ကွယ်သွားတာနှင့် ရင်ထဲမှာ ရှိခဲ့ဖူးသည့် ခင်မင်စိတ်က နဂိုအတိုင်း ပြန်ရှိနေခဲ့လျက် တွေ့ကြပြီဆို ပြောမိသမျှ မတည့်တာတွေချည်း။

သူပြန်အိပ်လို့ မရတော့တဲ့ အပြင်ကို ထွက်လာခဲ့မိသည်။ ဧည့်ခန်းကို တန်းထွက်ခဲ့ပြီးမှ မတွေ့တော့ ရေအိမ်ထဲကို သတိရသည်။

ဟိုဒီကိုကြည့်ရင်း ဘယ်မှာမှ မတွေ့ဘဲ ဖြစ်လာသဖြင့် စိုးရိမ်စိတ်နှင့် ခြေလှမ်းတွေပါ မြန်လာ၏။ နှင်းဆီ အပြင်မှာ အိပ်ပျော်သွားပြီး လမ်းထလျှောက်ပြန်ပြီလား ..။

အပြင်ကို ပြန်ပြေးထွက်ခဲ့ကာ တံခါးသော့ကို ပြေးကိုင်လှုပ်မိသည်။ တံခါးက သော့ခတ်လျက်သား ရှိနေ၏။ ဒါဆို ဘယ်ရောက်သွားတာလဲ..။

ချစ်သော ညဝတ်အင်္ကျီတဖားဖားနှင့် ပြတင်းတွေပါ ပြေးလှပ်ကြည့်မိသည်။ ညက နှင်းဆီ ငိုနေမှာ သေချာသည်။ ညဉ့်နက်တဲ့အထိ ငိုနေပြီး စိတ်ပင်ပန်း လူပင်ပန်းနဲ့ အိပ်ပျော်သွားတာလည်း သေချာ၏။

ဒီလို အဖြစ်တွေရှိလာတိုင်း တစ်ရေးနိုး ထယောင်တတ်တာ တွေးမိဆဲ သူ့စိတ်တွေပါ ကယောင်ချောက်ချား ဖြစ်လာလေ...

အပြင်ကို မထွက်နိုင်မှန်း သိနေလျက်နှင့် စိုးရိမ်စိတ်က အပြင်ထွက်ရှာဖို့ပဲ ဖြစ်နေကာ တံခါးသော့ကို ကိုင်လိုက်မိ၏။

ပြီးမှ ကိုယ့်ကိုယ်ကိုယ် ပြန်ငုံ့ကြည့်ပြီး ညဝတ်အင်္ကျီလဲဖို့ သတိရသည်။ သို့သော် အခန်းထဲ ပြန်ဝင်၍ အင်္ကျီလဲဖို့ မဖြစ်မြောက်မီ တံခါးဝမှာ နှင်းဆီ အရိပ်လေး ပေါ်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"နှင်းဆီ .."

မျက်ကြောလေးစင်းလျက် သူ့ ခေါ်လိုက်တာကို လှမ်းကြည့်သည်။ မျက်တောင်ခတ်လိုက်ပုံက ကြည့်နေပေမယ့် မမြင်တာမျိုး ..။

"နှင်းဆီ .."

"ဟင် .."

လက်ကို ကိုင်လိုက်တော့ ငုံ့ကြည့်ပြီး ခါချပစ်၏။ သူမ ယောင်နေတာလား၊ မအိပ်ရသေးဘဲ စိတ်ကောက်နေတုန်းလား ..။

နှင်းဆီ မျက်နှာလေးကို သေချာငုံ့ကြည့်လိုက်မိကာ ...

"မင်း ဘယ်ထွက်သွားတာလဲ"

"သွားနေတာပဲ ..၊ ရောက်ကို မရောက်နိုင်ဘူး"

လက်ကို ထပ်ကိုင်တော့ ထပ်ခါချ၍ အိပ်ရာနှစ်ခုကြားမှာ ဟိုဘက်လှည့်ကြည့် ဒီဘက်လှည့်ကြည့် ...

သေချာပါသည်၊ သူမ ယောင်ပြီး လမ်းထလျှောက်နေတာ ..။

"ဒီမှာ အိပ်ရာလေ ..၊ လာအိပ် .."

စမ်းသည့်သဘောနှင့် နှစ်ယောက်အိပ် ခုတင်ကြီးဆီ ဆွဲခေါ်လိုက်တော့ သူမ အလိုက်သင့်ပါလာ၏။ ကိုင်ထားသည့် လက်ကိုလည်း မဖော မလျှော့ ခါချပစ်ကာ ...

မွေ့ရာပေါ်တက်ခွေပြီး စောင်ဆွဲခြုံသည်။

"နှင်းဆီ .."

"ဟင် .."

ထူးတော့ထူးနေကာ ပြန်အိပ်ပျော်တော့မှာဖြစ်သည့် မျက်တောင်ဖျားလေးတွေက စင်းကျနေပြီ။ သူမဘေးမှာ တင်ပါးလွှဲဝင်ထိုင်၍ ဆံပင်တွေ ခွေဝိုက်ပုံကျနေသည့် ခေါင်းအုံးကိုပါ ပွေ့ဖက်ကြည့်မိရင်း ...

"ပြောပါဦး..၊ ဘယ်ကိုသွားနေလို့ မရောက်တာလဲ.. ဘယ်သူ့ဆီလဲ"





"ကိုလေး .."

မျက်တောင်ရှည်ကြီးတွေ လှုပ်ခတ်နေလျက် မေးတာကိုတော့ ဖြေသည်။ ပီပီသသကြားရဟာလည်းရှိကာ တချို့ကျတော့ မသဲကွဲ..။

"ကိုလေးဆီ ဘာသွားလုပ်မှာလဲ"

"ရန်ဖြစ်မလို့"

"ဘာလို့ ဖြစ်မှာလဲကွာ ..၊ မင်း သူ့ကို ချစ်တယ်မို့လား"

"အင်း .."

ပခုံးတွေလှုပ်အောင် ရယ်မိကာ အသည်းယားယားနှင့် နှာတံချွန်ချွန်လေးကို ဖွဖွလေး ဆွဲလိမ်ပစ်မိ၏။

တောမှာတုန်းက ချစ်စရာပုံစံလေးတွေ .. မိုက်မိုက်ရိုင်းရိုင်းပြောတဲ့ အသံလေးတွေပါ ပြန်ပေါ်လာပြီး နောက်ထပ်စကားတွေ ပြောနေဖို့ ခဏမေ့သွား၏။

'နှင်းဆီ'လို့ ခေါ်လိုက်ပေမယ့် သူမ မထူးတော့ပါ။

စတော့ချ်ရှိုးမှာတွေ့ခဲ့သည့် အကျီအောင်းဘီတွေက ဒီတိုင်း .. မိတ်ကပ်တွေ ပါးလျားပျောက်ကွယ်တော့မည့် ပါးပြင်တွေက အလှမပျက်ဘဲ နီမြန်းနေသည်။

တစ်ညလုံး ငိုယိုပွတ်သပ်နေတော့လည်း နီနေပေလိမ့်မည်။ အလှတွေ ပြင်တတ်လာသည့် ပါးပြင်နုနုလေးကို လက်ခုံနဲ့ အတန်ကြာ ပွတ်သပ်နေမိပြီး ဘေးမှာပဲ အသာလေး လှဲနေလိုက်မိသည်။

နှစ်ယောက်အိပ်ခုတင်ကို ဘေးကပ်မအိပ်ဘဲ အလယ်ခေါင်မှာ ကျကျနန ခွေနေသောကြောင့် ဘေးမှာ ဝင်လှဲလိုက်ပေမယ့် နှစ်ယောက်က ပူးကပ်နေ၏။

လက်ချောင်းချင်းယှက်၍ ခေါင်းအောက်သွင်းကာ မျက်နှာကြက်ကို ငေးနေရင်း သူ တော်တော်နဲ့ အိပ်မပျော်ပေ။



www.burmeseclassic.com

ထူးဆန်းစွာ ခေါင်းထဲဝင်လာသည်က နှင်းဆီ နဲ့ မိုးသောက် ဒီ လောက်ထိ ဘာဖြစ်လို့ ရင်းနှီးသွားကြတာလဲဆိုတဲ့အကြောင်း ...၊

ချစ်သော သက်ပြင်းချမိကာ အိပ်ပျော်ဖို့အတွက် မျက်လုံးတွေ မှိတ်ထားလိုက်မိစဉ် နှင်းဆီ မည်မသာ လှုပ်ရှားလာ၏။

ဟိုဘက်စောင်းသွားပြီး စောင်ကိုဆွဲခြုံလိုက်တာ စောင်က လူကို ကျော်၍ ဟိုဘက်ကို အထွေးလိုက်ပုံသွား၏။

ပြီးတော့ သူမ ဒီဘက်ပြန်လှည့်လာပြန်သည်။ ဒီတစ်ခါ ဆွဲတာ က စောင်ကို မဟုတ်ဘဲ ချစ်သော ကို ဖြစ်၏။

လူတစ်ယောက်လုံးကို ဖက်လုံးတစ်ခုလို လက်ရောခြေရော အတင်း ဆွဲလွဲဖက်လိုက်သဖြင့် လက်မောင်းတစ်ဖက်ပေါ်မှာ သူ့ခေါင်းလေး အော်တိုမစ်တစ် ရောက်လာသည်။

သူမအိသာ တိုးဝှေ့ဖက်ထားပြီး နေရာမကျတိုင်း ထားစရာမရှိ သော မျက်နှာလေးက ကြောင်ပေါက်စလေးတွေ တိုးသလို ချစ်သော ရင်ဘတ်ပေါ်ထိ တိုးတိုက်ထိကပ်နေလျက် ခဏကြာမှ ငြိမ်ငြိမ်သက် သက်လေး ဖြစ်သွားသည်။

မငြိမ်မသက် လှိုင်းထကျန်ရစ်တာက သူတစ်ယောက်တည်း။

ကော့ဖြာနေသည့် ပိတ်ချထားသော မျက်တောင်ရှည်တွေကို ငုံ့မိုး ကြည့်နေမိရင်း နှာတံချွန်ချွန်လေးကနေ နှုတ်ခမ်းလေးဆီရောက် သွား သည်။ ထိုအခါ...

ညနဲ့ သူ စစ်မျက်နှာဖွင့်ရင်း အောင်နိုင်သွားခဲ့တာက ရင်ခုန်သံ တွေ ဖြစ်သည်။ နေခဲ့တာက ကိုယ့်ဟာကိုယ် နေတာ ...၊

ဒါပေမယ့် .. သူမကြောင့် ...။





## အခန်း [၄၈]

ခနေ့က လက်ကောက်တစ်ဖက် ဘယ်မှာချွတ်လိုက်မိမှန်း မသိ တော့ ထိတ်ခနဲ ဖြစ်သွား၏။ ပြီးတော့ ဒီခုတင်ပေါ် ဘယ်လိုရောက်နေ မှန်းလည်း မသိ။ ရှုပ်ထွေးမှုတွေကြားမှာ လက်ကောက် ပျောက်သွားပြီ လား...။

စိတ်က လက်ကောက်ဆီပဲ ရောက်လျက် ရေချိုးမလို့ ထဘီ ရင်လျားနှင့် တဘက်ခြုံပြီးမှ အိပ်ခန်းထဲက မထွက်နိုင်။

အပြင်က ပြန်လာတာလည်း ညဥ့်မနက်ခဲ့ပေ။ ပြီးတော့ ကိုယ့် ကားနဲ့ကိုယ် သွားတာပြန်တာမှာ ဘာဖြစ်ဖို့ရှိလို့လဲ...။ စတေ့ချ်ရှိုးမှာ လူရှုပ်တယ်ဆိုရင်တောင် တိုးကြိတ်ရလောက်အောင် ကျပ်သိပ်နေတာ မျိုး မဟုတ်...။

လက်ကောက်က သိန်းသုံးဆယ်ကျော် တန်သည်လို့ မေချစ် ပြောဖူးသည်။ 'သမီးအတွက်'လို့ပြောပြီး ကိုလေးနဲ့ လက်ထပ်တုန်းက ပေးခဲ့ပေမယ့် ဒါကို မိဘပစ္စည်းလို့သာ သူမ သတ်မှတ်ထား၏။

www.burmeseclassic.com



အိမ်မှာ လူမစုံတုန်း..ပြီးတော့ ကိုလေးမှာ သံသယတွေ တစ်ထောကြီးနဲ့ ဖြစ်သည်။ ကိုယ့်ကို ချောက်တွန်းဖို့အတွက် ဒီလက်ကောက်ပျောက်သွားခြင်းအပေါ် ချုံ့ဖို့ချဲ့ဖို့စကားတွေ ကိုလေးမှာ အဆင့်သင့်ရှိနေမှာ..။

စိတ်တွေပွလာကာ အံဆွဲတွေ လျှောက်ဖွင့်နေစဉ် အပြန့်လိုက်ထည့်ထားသည့် စာရွက်တစ်ရွက်ကြောင့် နှင်းဆီ ရဲ့ ပျာယီပျာယာ လှုပ်ရှားမှုတွေ ရပ်တန့်ကုန်၏။

သူမ သွားပေးမိလို့ ကိုလေး ကျကျနန လှောင်ရယ်နိုင်ခဲ့သည့် ကတိစာချုပ်လေး ..၊

စည်းကမ်းနံပါတ်လေး၏ အောက်မှာ ထိုးထားသည့် ကိုလေးရဲ့ လက်မှတ်က ကိုယ့်ကို ပြုံးစိစိ မျက်စပစ်နေသည်။

တာဝန်ယူခြင်း ကင်းမဲ့နေခဲ့သည့် နံပါတ်င်္ါး စည်းကမ်းချက် စာကြောင်းလေးတွေက ငိုချင်းချတော့မလို မျက်ဝန်းလေးတွေနှင့် မော့ကြည့်နေသည်လား ..။

အံဆွဲကို အလွန်အမင်း တွန်းကန်ပိတ်နေရသလို လေးဖင့်စွာ ပြန်တွန်းပိတ်ရင်း နှင်းဆီ နှုတ်ခမ်းလေး ကိုက်သည်။

'အိမ်ထောင်ဖက်အပေါ် သစ္စာရှိပါမည်ဟု ကတိပြုသည်' ဆိုတာကို ကိုလေးက မလိုက်နာနိုင်ဘူးတဲ့လား ..၊

ရင်ထဲမှာ နာသွားသည်။ မနေ့ကမှ လတ်လတ်ဆတ်ဆတ် မြင်ခဲ့ရသည့် မော်ဒယ် နှစ်သက်ခင် နှင့် ကိုလေးရဲ့ ကြော်ငြာချက်ကို ကွက်ခနဲ မြင်၏။

စိန်ထည်တွေ ဝတ်ထားသည့် နှစ်သက်ခင် ကို ဘေးနောက် မကျတကျကနေ ပခုံးလေးကိုဖက်၍ လက်ဈွပ်တွေ ထပ်ညပ်နေသည့် လက်ချောင်းလေးတွေကို သူ့လက်ဖဝါးနဲ့ ပင့်ကိုင်ထားသည်။





နှစ်ယောက်စလုံး လက်ဈွပ်တွေကို ကြည့်၍ ပြုံးနေကြပေမယ့် အလွန်လိုက်ဖက်၍ အလွန်လှနေ၏။ ရင်ဘတ်တစ်ပြင်လုံးမှာ စိန်လည်ဆွဲတွေအပြည့်နှင့် နှစ်သက်ခင် သည် ဖူးဖူးစင်အောင် လှနေလျက် ကိုယ်နှင့်ဆို ဘာမှမဆိုင်ပါလားလို့ ခံစားခဲ့ရသည့်အားငယ်စိတ်က ဒီလက်မှတ်ကြောင့် သက်တမ်းရင့် ဝေဒနာတစ်ခု ဖြစ်သွားသလိုပင်..၊

ဟုတ်ပါတယ် ကျွန်မကတော့ ကျီးကန်းမ ပဲ..။

ဝမ်းနည်းလို့ မျက်ရည်မကျတတ်ဘူး ကြွေးကြော်ခဲ့ပေမယ့် နှင်းဆီ မျက်ရည်ဝေ့နေပြီ..။

"ဘာလုပ်နေတာလဲ ..၊ ဖုန်းလာနေတယ်"

အိပ်ရာထကတည်းက မတွေ့သည့် ချစ်သော က မြည်သံပေးနေသည့် ဟန်းဖုန်းကို ကိုင်လာ၏။

နှင်းဆီ သူ့မျက်နှာကို မကြည့်ဘဲ လှမ်းယူလိုက်သည်။ မိုးသောက်ဆီကမှန်းသိတော့ ထွက်မသွားဘဲ ဘောင်းဘီတွေထဲ လက်ထည့်ထားရင်း ဒီတိုင်းရပ်ကြည့်နေသည့် ချစ်သော ကို မကြည့်မလင် မော့ကြည့်မိသည်။

"ဟိုကောင့်ဆီကမို့လား ..၊ လုပ်ပါ .. မင်း ရှိုးသားရင် ပြောပေါ့"

"ရိုးသားသား မသားသား ပြောရဲတယ်"

မာနက ဘာမဆို ပြောပစ်လိုက်ဖို့ တိုက်တွန်းနေ၏။

"ဟလို .. အစ်ကိုမိုးသောက် ပြောလေ"

"..."

"ဟုတ်"

"..."

"ဟုတ်ကဲ့ .. လာခဲ့မယ်"

"..."



www.burmeseclassic.com

www.burmeseclassic.com



"တကယ် .. မဟုတ်ဘဲနဲ့တော့ မနှောက်နဲ့နော် ..၊ ဟုတ်လို့လား"

"..."

"ဒါဆို ပျော်စရာကြီးပဲ၊ အခု ရေချိုးပြီးတာနဲ့ လာခဲ့မယ်"

နှုတ်ဆက်ပြီး ဖုန်းပိတ်လိုက်တော့ သွားမယ့်ခြေလှမ်းရှေ့မှာ ချစ်သော က ပိတ်ထားကာ ...

"ဘာလုပ်ဖို့ ချိန်းတာလဲ"

"အလက်ထရွန်းနစ်ပစ္စည်းတွေအတွက် ကြော်ငြာဘုတ်ထုတ်ဖို့ Enter ကုမ္ပဏီက ခေါ်တာ"

"ဘာ!..."

သူ အံ့ဩသလို မျက်ခုံးတွေ ပင့်သွားကာ ပြီးမှ အားပါးတရ ရယ်ပစ်လိုက်၏။

"ဟား .. ဟား .. ဟား Enter က ခေါ်တယ် မပြောစမ်းပါနဲ့ကွာ မကြားတကြားနဲ့ လူအထင်ကြီးကုန်အောင်"

ထိုသို့ ပြက်ရယ်ပြုခြင်းအလုပ်ကို ချစ်သော ဆိုသည့်လူ ဝါသနာထုံ၏။ နှင်းဆီ စူးစူးရဲရဲ ပြန်ကြည့်၍ 'ပြောစမ်း' ဆိုသည့် တိတ်ဆိတ်မှုနှင့် စိန်ခေါ်သည်။

ချစ်သော ကလည်း ချစ်သော ...။

"Enter က မိုးသောက် အစ်ကိုရဲ့ကုမ္ပဏီ .. မင်းကို ဝမ်းသာလုံးဆို့ပြီး လည်ပင်းအစ်သွားအောင် ကြော်ငြာဘုတ်လေး တစ်ဘုတ်တလေ လုပ်ပေးဖို့ ခြေသလုံးဖက်ထားရတာ နေမှာပါ"

"ကိုလေး သူများကို အဲသလို မပြောနဲ့နော်"

"ပြောတော့ ဘာဖြစ်လဲ .. အရပ်သူတစ်ယောက်ကို ဒီအခြေအနေထိ ဆွဲတင်ဖို့ အသေအလဲကြိုးစားနေတာ ဘာကြောင့်ဆိုတာ အသိသာကြီး၊ ဟွန်း .. မက်လောက်စရာကိုး"





လူကို စေ့စေ့ကြည့်ပြီး ထည့်လိုက်သည်နှင့် ရင်ဘတ်ထဲမှာ ဆစ်ခနဲ ဖြစ်သွားသည်။

"ကိုလေး မမက်ပေမယ့် သူက မက်လို့နေမှာပေါ့၊ ညလေးက လည်း ဝမ်းသာလုံးဆို့ပြီး လည်ပင်းအစ်ချင်တဲ့သူဆိုတော့ ဒီကြော်ငြာ ဘုတ်ကို ရိုက်ဖြစ်အောင် ရိုက်မှာ ..၊ သွားမယ်"

"မသွားရဘူး"

"သွားမှာပဲ ..၊ ကိုလေး ဖယ်နော် .."

"ဖယ်ပါတယ် .. မင်းကို ဆွဲထားစရာအကြောင်း မရှိဘူး၊ ဒါပေမယ့် သွားရဲရင် သွားကြည့် .."

အနိုင်ရသွားပြီလို့ ထင်နေသလား။ နှင်းဆီ ရဲ့နှုတ်ခမ်းပေါ်က မဲ့ပြုံးကို ချစ်သော မမြင် ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၄၉]

"တော်ပြီ ဟုတ်လား ...၊ လုပ်ပြန်ပြီ မင်း .."

သဝဏ် စိတ်ပျက်သည့်မျက်နှာနှင့် ခေါင်းခါ ရှုံ့မဲ့နေ၏။ လင်းထွန်း က ဘာမှဝင်မပြောပါ။ ပြောခဲ့တိုင်း မရခဲ့တာကို သဝဏ် က အမှတ်ရ ပေမယ့် သူ မမေ့ ...။

ချစ်သော သည် သူ့စိတ်ပါလက်ပါ ဖြစ်ခဲ့တာမျိုးဆို 'ဘယ်ရှိ ငါတို့ ချိတ်မယ်၊ မင်း ဘယ်လိုလဲ' လို့ မေးလိုက်တာနှင့် ခေါင်းညိတ် သည်။ ခေါင်းခါလိုက်ပြီဆို ဘယ်လိုထပ်ပြောပြော ဘယ်တော့မှ မရ

ခုလည်း စားသောက်ဆိုင်ကို ခေါ်တာ၊ ကားပေါ်က မဆင်း တံခါးဖွင့်ထားပြီး စကားပြောသည်။ သဝဏ် နဲ့ သူတို့က မတ်တတ်

"မင်းကလည်း ခဏဆင်းဦးလေးကွာ .. တော်ကြာ ဒေါ်သီတာ တို့ ညီအစ်မ လာကြမှာ...၊ မင်းနဲ့ နှစ်သက်ခင် ရဲ့ စီနီတိုက်ကြော်ငြာ သဘောကျပြီး အဲဒီဒါရိုက်တာနဲ့ပဲ ရိုက်မှာ၊ မလုပ်ချင်လည်း ခေါင်း လိုက်ပေါ့၊ တွေ့ဖို့ချိန်းထားပြီးမှ .."





သဝဏ် က ဆိုင်ထဲကို လှမ်းကြည့်လိုက် လမ်းပေါ်ကိုကြည့်လိုက် နှင့် ချစ်သော ကားပေါ်က ဆင်းလာအောင် ကြိုးစားနေသည်။

ချစ်သော က ကူရှင်မှာ ကျောကပ်မှီကာ စတီယာရင်မှာ လက် တစ်ဖက် ဆန့်တင်ထားလျက် သဝဏ် မျက်နှာကိုကြည့်နေရင်း ရယ်၏။

"ချိန်းထားတာ ငါ ချိန်းတာမှ မဟုတ်တာ"

"အေးလေ .. ဒါပေမယ့် ဆန်းဒေးဆို ငါတို့ ဒီမှာဆုံနေကျဆို တော့ ငါတို့က မင်းကို ပြောထားမယ်လို့ ပြောလိုက်တာပေါ့"

"ပြောလိုက်လေ .. သူ ရောက်မလာဘူးလို့၊ ဒါမှမဟုတ် ညက ဖုန်းဆက်လိုက်တယ် သူ လက်မခံဘူးလို့"

သဝဏ် ငိုင်သွားသည်။ ချစ်သော အခုတလော ဘာတွေဖြစ်နေ တာလဲ။ အိမ်မှာ လူနည်းနေတုန်းမို့လို့ဆိုပြီး အပြင်မှာ အေးဆေးထိုင် တယ် သိပ်မရှိ။

ဟိုနေ့က စတော့ချ်ရှိုးမှာ နှင်းဆီ ကို မြင်လိုက်တုန်းကဆို ထိုအချိန် ကစပြီး စကားကောင်းမြော့လို့မရတော့ဘဲ တစ်ယောက်တည်း တန်း ပြန်သည်။

"မင်း သဝန်တိုနေတာလား" လို့ မေးလိုက်တော့ လူကို စိတ်ထိုးပစ် တော့မလိုလို ...။

"မင်းတို့ကို ငါ ပြောမယ်၊ နောက်ထပ် ငါကလည်း မကတော့ဘူး...၊ ကြော်ငြာတွေလည်း မရိုက်တော့ဘူး၊ ဒါတွေမှာ ဖောက်ချလုပ်ဖို့ ငါ ဝါသနာမကြီးဘူးဆိုတာလည်း အစကတည်းက မင်းတို့ သိပါတယ်"

လေးနက်သည့် မျက်နှာ ပြောင်းလဲသွားကာ ချစ်သော ထံမှ စိတ်ဝင် စားဖွယ်တွေ ထွက်လာ၏။

"ဟေလားဝါးလား ပျော်သလိုနေရင်း လူ စိတ်ဝင်စားလာတဲ့ အဖြစ်ကို သာယာတာ ...၊ အဲဒါကြောင့် ငါ့ရဲ့စိတ်နောက်ကိုပဲ ငါ လိုက်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



တာ.. မင်းတို့တွေကြောင့်လည်း ပါပါတယ်၊ ဒါပေမယ့် အခု ငါ အဲဒီ လိုနေသမျှ ပျော်စရာသက်သက်နဲ့ ပြီးသွားမှာ မဟုတ်ဘူး .. ဒီအတိုင်း သွားရင် စိတ်ညစ်စရာတွေ ဖြစ်လာဖို့ ရှိနေပြီ"

"နှင်းဆီ ကြောင့်လား"

"ဟုတ်တယ် .. ငါ့အတွက် အိမ်ထောင်ဆိုတဲ့ တင်းကျပ်မှုကို ခေါင်းထဲထည့်စရာ မလိုဘူးလို့ သဘောထားခဲ့တာ၊ အခု ဘယ်သူကမှ ခိုင်းတာမဟုတ်ဘဲ အိမ်ထောင်ရေးအတွက် ငါ ပူတတ်လာပြီ"

သဝဏ် တို့က ဘာမှမပြောဘဲ နားထောင်နေကြသည်။

"ကောလာဟလတွေကလည်း ကြောက်ဖို့ကောင်းတယ်ကွ၊ နောက်ပြီး စိန့်တိုက်ကြော်ငြာမှာ ကိုယ့်ကိုယ်ကိုယ် အောင်မြင်တယ်လို့ မထင်ဘူး .. အသုံးချခံရတယ်လို့ပဲ ခံစားမိနေတယ်၊ အဆုံးသတ်ဖို့ သေချာလာတာကတော့ အကြောင်းတွေ အများကြီးပဲ"

"မင်း နှစ်သက်ခင် နဲ့ မပတ်သက်ချင်လည်း ရပါတယ်ကွာ၊ ကြော်ငြာ မရိုက်နဲ့ပေါ့..၊ ငါတို့အဖွဲ့ထဲကတော့ ထာဝရ နုတ်ထွက်မသွားပါနဲ့"

ထိုစဉ် ချစ်သော ထံမှ ဖုန်းသံမြည်လာသဖြင့် ပြောလက်စစကား တွေ ပြတ်တောက်ကုန်၏။ ချစ်သော က တင်ထားသည့်ဖုန်းကို လှမ်း ယူလိုက်ပြီး ငုံ့ကြည့်သည်။

ပြီးတော့ နှုတ်ခမ်းမဲ့ပြီးမှ ဖွင့်လိုက်ကာ ဟလို မထူးသေးဘဲ နား ထောင်လိုက်၏။

"နှင်းဆီ .. ဟလို .. နှင်းဆီ မို့လား ..၊ ဘာဖြစ်လို့ မရောက်သေး တာလဲ၊ ဓာတ်ပုံအတွက် ရီဟာဆယ်လုပ်ရအောင် ကိုယ် ပြင်ဆင်ထား ပြီးပြီ .. ဓာတ်ပုံသမားလည်း ရောက်နေပြီ"

"ဟွန့်!.. မင်းပဲ နှစ်ကိုယ့်တစ်စိတ်ပြင်ပြီး ရိုက်လိုက်တော့..၊ နှင်းဆီ လာမှာမဟုတ်ဘူး"





ဟိုဘက်က 'ဟင်'ခနဲ တိတ်ကျသွားသည်နှင့် သူပိတ်ပစ်လိုက်သည်။ ပြီးတော့ ကြည့်နေကြသည့် သဝဏ် နဲ့ လင်းထွန်း ကို ဖုန်းထောင်ပြကာ..

"ရှော့ခ်ရှိနေတာ အဲဒါ ..၊ နှင်းဆီ က ငါ့ကို ရွဲ့တယ် .. မိုးသောက် က ကမ်းကုန်အောင် မြှောက်ပေးနေတယ်၊ အခု Enter ကုမ္ပဏီက ကြော်ငြာဘုတ်အတွက် ဓာတ်ပုံရိုက်ဖို့အထိ သေချာနေပြီ"

"ဘာ!... နှင်းဆီ ကို .."

"ဟုတ်တယ်"

ပြောနေရင်း ချစ်သော က ဆံပင်တွေ တစ်ချက်သပ်ကာ မျက်မှန် တပ်လိုက်၏။ အကောင်းစား တန်ဖိုးကြီးမျက်မှန်၏ မှောင်လဲ့နေသည့် အရောင်က ဖြူဝင်းသည့် မျက်နှာထက်မှာ တင့်တယ်နေသည်။

THOR အဖွဲ့မှာ ခေါင်းဆောင်မဟုတ်ဘဲ ချစ်သောသူ ၏ နာမည် သာ ကျော်ကြားလာခဲ့ရခြင်းအကြောင်းကို တွေးဖြစ်ကြရင်း သဝဏ် တို့ မျက်လုံးတွေ ထိုမျက်နှာမှာပဲ စူးစိုက်နေကြ၏။

"နှင်းဆီ က ငါ တစ်ခုလုပ်ရင် သူ တစ်ခုလုပ်မှာ .."

"မင်း ဒါတွေလုပ်နေတာ ခုမှမဟုတ်တာ၊ ပြီးတော့ .. မင်းတို့ ချစ်ချစ် ခင်ခင် လက်ထပ်ထားကြတာလည်း မဟုတ်ဘူး၊ သူက ဒီလောက်ထိ တားဆီးသင့်သလား"

"တားတာ မဟုတ်ဘူးကွ .. သတိပေးကြော်ငြာခဲ့တာ၊ အဲဒါတွေကို သူက မလုပ်စေချင်ဘူး၊ မတားဘူးဆိုပေမယ့် ငါလုပ်ရင် သူလုပ်မှာပဲ လို့ မင်းတို့ကို ငါ နည်းနည်းပါးပါး ပြောခဲ့ဖူးတယ် ထင်တယ်"

"အေးလေ"

"သူပြောတော့ ငါ ရယ်ခဲ့သေးတယ်၊ ဒါပေမယ့် မနှင်း ကစပြီး ဆောင်အေးရှင်းခံပေးလိုက်တယ်၊ အခု မိုးသောက် တို့က လှေကား ထောင်ပေးဖို့ လုပ်နေပြီ ..၊ နှင်းဆီ က အနုပညာနဲ့ မနီးစပ်ပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်နှာက အပြင်ခံတယ်ကွ .. ပြီးတော့ ဘော်ဒီမိတယ်၊ အနုပညာလောကမှာ အောင်မြင်နေတဲ့လူတိုင်း ဒီလောကနဲ့ နီးစပ်တဲ့သူတွေချည်းပဲမှ မဟုတ်ဘဲ၊ ငါ့ကို ရွဲ့တာက ဘယ်အခြေအနေအထိလဲဆိုတာ ငါမသိဘူး၊ သူ မရည်ရွယ်ပေမယ့် အောင်မြင်မှုက ဆွဲခေါ်သွားတာမျိုးတွေလည်း ရှိလာနိုင်တယ်"

"မင်းက အဲဒီလောက်ထိ တွေးထားပြီပေါ့၊ သူ့ကို အောင်မြင်သွားမှာ စိုးလို့လား ..၊ မင်း သူ့ကို စိတ်ဝင်စားနေပြီလို့ ငါ ထင်တယ်"

သဝဏ် သူ့ဖာသာပြောပြီး လင်းထွန်း ကို ထောက်ခံမဲ တောင်းသလို လှည့်ကြည့်၏။

လင်းထွန်း က ခေါင်းညိတ်လိုက်ပြီး ဘာမှမပြော။

မဲ့ရွဲ့ငြင်းတတ်သည့် ချစ်သော မျက်နှာက ခုတော့ မချိုမချဉ် ပြုံးလျက် ...

"မင်းတို့တောင် တွက်မိနေသားနဲ့ .. သူ ဘာလို့မသိတာလဲ"

ဟု ဆက်ပြောတော့ လင်းထွန်း နဲ့ သဝဏ် ဖျတ်ခနဲ အကြည့်ချင်းဆုံသွားသည်။

"ဖယ်ကြကွာ ..၊ ငါ လစ်မယ်"

"ချစ်သော မင်း နှင်းဆီ အတွက် ဝါသနာတွေကိုပါ ပုံပေးလိုက်တာပေါ့ ..၊ သေချာလား ကွာ"

"မသေချာသေးပါဘူး ..၊ ဒါပေမယ့် ငါ သူ့ကို အောင်မြင်ခွင့်မပေးနိုင်ဘူး၊ မိုးသောက် ဆိုတဲ့ကောင်နဲ့ ဖုန်းပြောတာတောင် မကြိုက်တဲ့ဟာ ပရိသတ်လက်ထဲ ဘယ်လိုလုပ် ထည့်မလဲ"

ချစ်နေပြီလို့ပဲ ပြောလိုက်ပါလား .. ခွေးကောင်။

စိတ်တိုတိုနှင့် အဲဒီလိုသာ ဆဲပစ်ချင်တော့သည်။ ချစ်သော ထကားစက်နှိုးလိုက်ပြီမို့...





"မင်းက ဘယ်လိုလဲ ..၊ နေဦး .. ခုန မိုးသောက် ရဲ့ဖုန်းက မင်းဆီ ဘာလို့ဝင်လာတာလဲ"

"နှင်းဆီ ရဲ့ဖုန်းနဲ့ ငါ ကဒ်ချင်း လဲထည့်ထားလိုက်တာ"

"ဪ .. ချစ်သော မသေချာသေးလို့ပေါ့နော်"

လင်းထွန်း က နောက်ဆုတ်ပေးလိုက်ပြီး ခပ်ရွဲ့ရွဲ့ပြောသည်။

ချစ်သော ပြုံး၍ လက်ပြခဲ့၏။ သေချာတာ မသေချာတာကတကယ့်ကို မပြောနိုင်တာ ဖြစ်သည်။

ချစ်နေမိသလားလို့ ကိုယ့်ကိုယ်ကိုယ်တောင် ပြန်တွေးမကြည့်ခဲ့ဖူးသည့် ကိစ္စ..။



www.burmeseclassic.com

## အခန်း (၅၀)

သူ အပြင်ထွက်သွားတုန်း လွှတ်လွှတ်လပ်လပ် အွက်လာနိုင်တာ ကျေနပ်နေမိတုန်း ဖုန်းမြည်သံကြောင့် ထုတ်ကြည့်လိုက်မိသည်။

"ဟင်!..."

နှစ်သက် ..၊

နှစ်သက်ခင် လို့ ပြောတာလား၊ ဒီနာမည်နဲ့ သူမ မမှတ်ခဲ့မိပါ။ စ်သက်ခင် နဲ့ သူမ သိခဲ့တာလည်း မဟုတ်။ အံ့ဩလို့ ငေးကြည့် နတုန်း မြည်သံက အဆက်မပြတ် ဖြစ်ရနေသဖြင့် ..

"ကားဆရာ ခဏလေး ရပ်ပေးပါလားဟင် ..၊ ဖုန်းပြောချင်လို့"

အိမ်ကကားသော့ သူသိမ်းသွားသောကြောင့် ဒရိုင်ဘာ ရှိနေပေ သ့် အငှားကားနဲ့ပဲ လစ်ထွက်ခဲ့ရသည်။ ပြီးတော့ ကားပေါ်မှာ ဖုန်းပြော ါင်း နှင်းဆီ အားမရပေ ..။

"ခဏလေး ရပ်ပေးပါနော်"

"ရပ်ချင်တိုင်း ရပ်လို့မရဘူးလေ..၊ ဒီမှာ တစ်နေ့လုံးဆွဲနေတာ ကာင် အံ့နာကြေး မရသေးဘူး၊ ပြဿနာမရှာပါနဲ့ဗျာ"





နှင်းဆီ စိတ်ညစ်သွားသည်။ ကိုင်မယ်လုပ်တော့မှ ဖုန်းက ပြန် ကျသွားကာ ချက်ချင်းပြန်မြည်လာမှ ကမန်းကတန်း ဖွင့်လိုက်မိ၏။

သို့သော် နားမှာကပ်လိုက်ပြီး ဘာမှတောင် မပြောရသေးပါ..။

"ယူ ဘယ်လိုလုပ်နေတာလဲကွာ ..၊ အဲဒီလို တစ်ယောက်တည်း ပြီးချင်တိုင်း ပြီးသွားလို့ မရဘူး၊ ယူ အဲဒီလို အနိုင်နဲ့ပိုင်းသွားတာ တို့ ဘယ်လောက်နစ်နာသလဲ သိလား၊ အားလုံးရှင်းမယ် .. ချစ်သော ယူ အခု တို့ဆီကို လာခဲ့ပေး စောင့်နေမယ်"

ဒီကစကားကို မစောင့်ဘဲ ဖုန်းချသွားသည်။

ကိုလေး ဘာတွေရှုပ်ထားခဲ့လို့ ဘာကြောင့် နစ်နာတာလဲ..၊ ဘာ တွေကို ရှင်းကြမှာလဲ၊ ဘယ်နေရာမှာလဲ..။ တရှိန်းရှိန်း ပူလောင်လာခဲ့ သည့် မထင်မှတ်သော ခံစားချက်တစ်ရပ်က ရင်ဘတ်တစ်ပြင်လုံးမှာ တခမ်းတနား ခင်းကျင်းလာ၏။

ကိုယ့်ကို ဂရုမစိုက်ခဲ့တာတွေက ရိုးနေပါပြီ။ ဘယ်တော့မှ အကောင်းမပြောခဲ့တာလည်း ဂရုမစိုက်စွာ ထားလိုက်နိုင်သည်။

နောက်ဆုံး နံပါတ်ငါးအချက်ကို တာဝန်မယူခဲ့သော ဓာရားဝင် ဖွင့်ဆိုပြသခဲ့သည့်သဘောထားကို သိခဲ့ပြီးတာတောင် ဒီလောက်ထိ မတုန်လှုပ်ခဲ့ဘူး ထင်သည်။ ခုတော့ သူက ဒီလိုတွေရှိနေလို့ တာဝန် မယူကြောင်း ပြခဲ့တာပါလားလို့ နားလည်သွား၏။

ကိုယ်ကတော့ သူ ဒီလောက် ရှင်းရှင်းကြီး ဖွင့်ပြနေတာကိုတောင် အကောင်လိုက်ကြီး မြင်နေသားနဲ့ တကယ် မထင်ခဲ့။ ချစ်သော ၏ ရက်စက်ခဲ့ခြင်း၊ ပြက်ရယ်ပြုခြင်း၊ အထင်သေး နှိမ့်ချခြင်းများစွာဖြင့် ကိုယ့်ကိုမေးခဲ့သမျှ ဥပေက္ခာအားလုံးဟာ ဒါကြောင့်ပဲမို့ နင့်သည်းစွာ နာကျင်သွား၏။

"ဟော .. ခင်း ရောက်လာသားပဲ"

www.burmeseclassic.com



ချိန်းထားသည့် စတူရီယိုရှေ့မှာ မတုန်မလှုပ်လေး ရပ်လိုက်တာနှင့် မိုးသောက် က စီးကရက်တစ်ဖက် ဖုန်းတစ်ဖက်နှင့် လှေကားနှစ်ထစ်စာ ဆင်းလာပြီး ကြိုဆိုသည်။

"တော်သေးတယ်.. ချစ်သောသူ နဲ့ မင်း ကွိုင်တက်နေပြီ ထင်တာ"

"ဟင်!..."

"ဘာပဲဖြစ်ဖြစ် တို့က အလုပ်လုပ်ကြတာပဲ ..၊ မင်း ရင်ဆိုင်တတ်ဖို့ပဲ လိုတာ၊ ကိုယ်က မင်းဘက်ကပါ"

မိုးသောက် နဲ့ အတူတွဲလျှောက်ခဲ့ရင်း သူ့မျက်နှာကို နားမလည်စွာ ပြန့်မော့ကြည့်မိကာ...

"အစ်ကိုမိုးသောက် က ဘာတွေ ကြားထားလို့လဲဟင်"

မေးလိုက်ကာမှ မိုးသောက် က အံ့သြဟန်နှင့် ပြန်ငဲ့ကြည့်၏။

"မင်းနဲ့သူ ဘာမှမဖြစ်ခဲ့ဘူးလား..၊ ကိုယ့်ဖုန်းကို သူကိုင်လိုက်တယ်လေ"

"ဘယ်လို.."

နှင်းဆီ မျက်နှာလေးကိုကြည့်၍ မိုးသောက် ကမျက်မှောင်ကုတ်ကာ—

"တစ်ခုခုတော့ လွဲနေပြီထင်တယ် .. ကိုယ် ခုနကမှ ဆက်လိုက်တာ..၊ သူ ကိုယ့်ကို တော်ကီအပြင်းစားတွေနဲ့ ပြန်ပို့တယ်၊ မင်း အခုရောက်လာတာ သိပ်မှမဇွာတာ၊ မင်းရဲ့နံပါတ်ကို ဆက်လိုက်တာ သူ့ဆီ ဘာလို့ ရောက်သွားတာလဲ"

စကားပြောနေရင်း အခန်းတံခါးရှေ့ ရောက်သွားတော့ နှင်းဆီ ခြေလှမ်းတုံ့သွားသဖြင့် မိုးသောက် ပြောလက်စ စကားပါ ရပ်သွား၏။

"ဘာဖြစ်လို့လဲ နှင်းဆီ"

"ဟို .. လန့်သွားလို့ပါ၊ ဟိုလေ .. ညလေး ဖြစ်ပါ့မလားဟင်—ကိုလေးကြောင့်သာ ဒါလုပ်ဖို့ ဆုံးဖြတ်ခဲ့တာ၊ တစ်ခါမှ ဒီလို .."





နှင်းဆီ မျက်နှာလေးကို စိုးမိုးကြည့်ပြီး မိုးသောက် က ရယ်သည်။ ပြီးတော့ အားပေးသလိုမျိုး ခေါင်းလေးကို ဖတ်ခနဲ ပုတ်လိုက်ကာ...

"အနုပညာဆိုတာ နီးစပ်ဖို့ မလိုဘူး .. ခံစားတတ်ဖို့ပဲ လိုတာ၊ အဲဒါ ပရိသတ်ဘက်က ခံစားတာမျိုးကို ပြောတာမဟုတ်ဘူး .. ကိုယ်တိုင် ဖန်တီး ခံစားတာကို ဆိုလိုတာ၊ မင်းစိတ်တွေ ရှုပ်ထွေးနေလို့ပါ၊ နောက်ဆိုရင် ဒီထဲမှာ ပျော်ဝင်သွားလိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ မင်း အောင်မြင်မယ်ဆိုတာ ကိုယ် ကြိုပြီး သိနေလို့"

ဟုတ်ရဲ့လားဆိုသည့် မျက်ဝန်းလေးတွေမှာ စမ်းသာသွားတာနှင့် မတွေ့ဘဲ မဖြစ်နိုင်တာတွေ ပြောနေခြင်းကို စိတ်ပျက်အားငယ်ခြင်းတွေပဲ ဖြစ်နေတာ သိသာ၏။

အောင်မြင်ဖို့ မအောင်မြင်ဖို့ သူမ အားခဲ မျှော်လင့်ထားခဲ့တာ မဟုတ်။ ထိုနှင်းဆီ ဆိုတာ ပြောတဲ့အတိုင်း ဖြစ်အောင်လုပ်တဲ့မိန်းမ ဆိုတာပဲ ကိုယ်လေး သိစေချင်တာ။ ပြီးတော့ မဟေသီ ပြုပြင်ပြောင်းလဲပေးခဲ့လို့ လှလာသည်၊ ကြွလာသည်ဆိုပေမယ့် ဗျိုင်းအုပ်ထဲ မဝင်ရဲတဲ့ ကျီးညိုတစ်ကောင်သာ ဖြစ်သည်။ သူများပြောတိုင်း ကိုယ် မဖြစ်ချင်သော်လည်း ကိုယ့်ကိုယ်ကိုယ် နားလည်နေပြီးသား ..၊ ခုဆို တစ်ယောက်တစ်လမ်း မြန်းကြရတော့မှာလည်း သေချာသလောက်ပါ။

ဒါဆို ဆက်လက်ရှဲ့နေသင့်သလား၊ မိုးသောက် ပြောသလို ဒါတွေနဲ့မဆိုင်တော့ဘဲ ကိုယ့်အောင်မြင်မှုအတွက်ပဲ ဆက်လျှောက်သွားရမလား။ တွေဝေထိုင်းမှိုင်းနေသည့်စိတ်က အမှုအရာ အလှအပတွေမှာ မရှိတော့ဘဲ မာတ်ပုံသမားလည်း ခေါင်းတခါခါ ဖြစ်နေသည်။

မိုးသောက် အနားပြေးလာပြီး 'ဒီလိုလေး မော့ထားလေ၊ အားထောက်သလိုကြီး မလုပ်ရဘူး' စသဖြင့် သင်နေတာလည်း မအောင်မြင်။ နောက်ကျတော့ မာတ်ပုံသမား လက်ကာ ခေါင်းခါပြီး နောက်



www.burmeseclassic.com

ခန်းထဲ ဝင်သွားတော့သည်။ မိုးသောက် ရဲ့ ကရုဏာမျက်ဝန်းတွေ အောက်မှာ နှင်းဆီ မျက်ရည်တွေ ပြည့်ပြည့်သိပ်သိပ် ဖြစ်လာလျက်—

"ညလေး တောင်းပန်ပါတယ်၊ ညလေးလေ ..."

ပြောနေရင်း ရှေ့မဆက်နိုင်တော့ဘဲ နှင်းဆီ ရှိုက်ငိုရသည့်အဖြစ်ကို ရောက်သွား၏။

"ကိုယ် နားလည်သွားပြီ"

မိုးသောက် သက်ပြင်းရှည်ကြီးချကာ နှင်းဆီ ရှေ့ နီးနီးလေးမှာ လာရပ်သည်။

"အချစ်အတွက် မင်း အရူးရင့်နေပြီ နှင်းဆီ၊ ကိုယ် ရိပ်မိခဲ့ပါတယ်၊ ဒါပေမယ့် ဒီလောက်ထိ မထင်ခဲ့ဘူး .. မင်းအတွက် ဖြေသိမ့်စရာလည်း ဖြစ်အောင် ဖြတ်သန်းသွားကြရင်း စင်မြင့်ပေါ်ရောက်ပြီး အောင်မြင်မှုတွေနဲ့ မင်း အားလုံးအတွက် ခံနိုင်ရည်ရှိသွားမယ်လို့ တွက်ပြီး ဒီလို ဆွဲတင်ပေးဖို့ ကြိုးစားခဲ့တာပါ"

"ညလေး နားလည်ပါတယ် ...၊ အစ်ကိုမိုးသောက် ရိုးရိုးသားသား ကူညီနေတာကိုလည်း သိတယ်၊ ဒါပေမယ့် ညလေးလို မိန်းမကို ကူညီဖို့ ကြိုးစားနေရင် အစ်ကိုမိုးသောက် ပင်ပန်းတာပဲ အဖတ်တင်မှာ— ညလေး ရင်ထဲမှာ ကိုလေးကို အရှုံးမပေးချင်တာကလွဲပြီး ဘာမှမရှိဘူး"

"အင်းပါ ..၊ အခု ကိုယ် နားလည်သွားပါပြီ"

နှစ်သိမ့်ပြုံးနှင့် နှင်းဆီ မေးဖျားလေးကို မော့ယူလိုက်ပြီး စိုက်ကြည့်သည်။ ပြီးတော့ မျက်ရည်တွေကို တယုတယ သုတ်ပေး၍ —

"တိတ်တော့ .. အခု မဟုတ်ရင်လည်း မင်းစိတ်ကူးတွေ နောက်ထပ်ရင့်သန်လာတဲ့အချိန် ကိုယ့်ကို အချိန်မရွေး ခေါ်လိုက်"

"တောက်!..."

လှရိပ်တစ်ရိပ်နှင့်အတူ တောက်ခေါက်သံက ပြင်းသည်။





"မင်းက သွားမှာပဲလို့ပြောပြီး ဘာကယ် ရအောင် ထွက်သွားလိုက်တာပေါ့၊ ဒီလိုနေရာမှာ အဲဒီလို အယုအယတွေ ခံဖို့လား"

"ကိုလေး .."

"ဟုတ်တယ် ..၊ မင်းလင်"

ချစ်သော သည် ခေါင်းဘီရှည် အနီရဲရဲ ကုတ်အင်္ကျီနှိုညိုမရောင်ကို တံတောင်ဆစ်လောက်အထိ ဖြစ်သလို ဖိသိပ်တင်ထားကာ စပို့ရှပ်လည်ဝိုင်း အဖြူရောင်နှင့် ဖြစ်၏။

ဝတ်ထားသည့် အနီရောင်အလိုက် မျက်နှာတစ်ပြင်လုံး ရဲတွတ်နေပြီး ကြောင်ငေးသွားသည့် နှစ်ယောက်သားကို ခုန်ပျံရောက်သွားတဲ့အတိုင်း ..၊ ထို့နောက် မိုးသောက် ရဲ့ မေးရိုးကို ရိပ်ခနဲ ထိုးပစ်လိုက်၏။

"ကိုလေး မလုပ်နဲ့ .."

"လာစမ်း .."

နှင်းဆီ လက်တစ်ဖက်ကို ဆောင့်ဆွဲလိုက်ပြီး ယိမ်းယိုင်သွားသည့် မိုးသောက် ကို လက်ညှိုးထိုး၍ ...

"နောက်တို ကိုယ့်သိက္ခာနဲ့ ကိုယ်နေ .. ကူညီတာတွေ ရှင်းပင်းတာတွေနဲ့ ခေါင်းစဉ်တပ်ပြီး သဒ္ဓါလို့ကျွေးတိုင်း မစားရဘူး၊ မစားကောင်းတဲ့အသီးဆိုတာ ရှိတယ်"

ဘာမှပြန်မပြောဘဲ နှုတ်ခမ်းကို လက်ခုံနဲ့ ကပ်ထားလျက် မျက်မှောင်ကုတ် အံကြိတ်နေသည့် မိုးသောက် ကို နှင်းဆီ မကြည့်ရက်နိုင်..။

ပြီးတော့ တောင်းပန်ချင်သည်။ ဘာမှပြောမထွက်နိုင်မီ ချစ်သော ၏ ဆွဲချခေါ်ဆောင်သွားတဲ့အတိုင်း ခလုတ်တိုက်မတတ် ပါသွားခဲ့စဉ် ဘယ်သူ့ကြောင့်မှန်းမသိဘဲ မျက်ရည်တွေ ပုံးပေါ်လအော ကျခဲ့၏။

စုတော့ ဘယ်သူ သုတ်ပေးလို့လဲ ..။

www.burmeseclassic.com



## အခန်း [၅၁]

ကားရပ်လိုက်တာနှင့် ဒေါ်ပု က အူယားဖားယား တံခါးပြေးဖွင့်ကာ…

"လူလေးရဲ့ ကိုချစ် ရောက်နေပြီ သိလား၊ ဘယ်သူမှ မရှိဘူးလားလို့ မေးပြီး ခုနကပဲ ပြန်ထွက်သွားတာ၊ အိမ်မှာ စိတ်မဖြောင့်လို့ ထင်တယ် .. ချက်ချင်းပြန်လာတာ အဟွန်း.."

ဒေါ်ပု ပုံစံက သူ့ပခုံးပေါ်က ဝန်ထုပ်ဝန်ပိုးကြီးကို ပခုံးပြောင်းခွင့်ရသွားသလိုမျိုး ဝမ်းသာအားရကြီး ဖြစ်နေ၏။

ပြီးတော့မှ ကားပေါ်ကနေ တစ်ယောက်ပြီးတစ်ယောက် ဝုန်းဒိုင်းကြဲဆင်းလာတာကို သတိထားမိသွားပြီး ပါးစပ်အဟောင်းသားနှင့်—

"ဟော့တော် .."

တိုးတိတ်စွာ ရေရွတ်ရင်း ကျန်ရစ်၏။ ဝင်သွားကြတာလည်း တစ်ယောက်တစ်နေရာ .. နှင်းဆီ က ရေချိုးခန်းဘက်ကိုဖြစ်ကာ ချစ်သော က အိပ်ခန်းသို့ ..။ သူမ ဝင်လိုက်လာမှာပဲထင်ပြီး ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း စောင့်နေခဲ့တာ တော်တော်နှင့်ပေါ်မလာ—





မလာတော့ဘူးဆိုတာ သဘောပေါက်သွားမှ သူပဲ အပြင်ပြန်ထွက်၍ လိုက်ရှာရ၏။ ရေချိုးခန်းရှေ့ရောက်တော့ ရှိုက်ကြီးတငင် ငိုနေလိုက်တာ နည်းနည်းနောနောအသံ မဟုတ်..၊

"တောက်!.. တံခါးဖွင့်စမ်း နှင်းဆီ"

"မဖွင့်ဘူး .. ကိုလေးကိုလည်း မမြင်ချင်ဘူး၊ မုန်းတယ် .."

"ခင်ဗျားကိုလည်း မေတ္တာရှိလွန်းလို့ မထင်နဲ့၊ အမြင်မတော်တာတွေ ကြည့်မနေနိုင်လို့ ဆွဲခေါ်လာတာ အဲဒီလောက်ထိ ဘာဖြစ်နေတာလဲ"

ပြောနေရင်း တံခါးကိုပါ ဒုန်းခနဲ ထုပစ်လိုက်မိကာ ...

"သူ့ကိုပဲ အရိုးကွဲအောင် ရိုက်နှက်နှိပ်စက်နေတဲ့အတိုင်း ဖွင့်တံခါး"

"အရိုးကွဲအောင် နှိပ်စက်တာထက် နာတယ်၊ ကိုလေး သူများသိက္ခာကို ခြေမှုန်းလောက်တောင် တန်ဖိုးမထားဘဲ ဘာမှ အမေးအမြန်းမရှိ ဆွဲချလာတာ"

"အဲဒီတော့ ဘာဖြစ်သွားနိုင်လဲ"

"ဘာပုံစံ ဖြစ်သွားပြီလဲ ကိုလေး တွေးကြည့်လေ..၊ ကိုလေး ဘာသာ နိုင်ငံကျော် ကမ္ဘာကျော်နေအောင် ဖောက်ပြန်ရဲပေမယ့် ညလေးတို့မှာ ထုံးစံမရှိဘူး၊ ပါးစပ်ကနေ အယုတ္တအနတ္တတွေ ဘယ်လောက်ပြောနေနေ တကယ်ရှုက်ဖို့ကောင်းတာ မကောင်းတာကို ခွဲခြားနိုင်တယ်၊ သိက္ခာတရားဆိုတာကို နားလည်တယ်"

"ဟော့ .. တိတ်စမ်း"

ဒီလောက် ငိုကြီးချက်မ ရှိုက်ငင်နေတဲ့ကြားက အော်ပဲ အော်နိုင်လွန်းသည်။

"လူကြားမကောင်းအောင် စွတ်အော်မနေနဲ့ ..၊ မကျေနပ်တာတွေ အပြင်ထွက်ပြော .. တံခါးဖွင့်စမ်းကွာ.."



www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီ က ရှိက်သံတွေလည်း မစဲ တံခါးကိုလည်း မဖွင့်ပါ။ ရင်ထဲမှာ နာနေတာက ဒီအဖြစ်တစ်ခုတည်းကြောင့် မဟုတ်မှန်း ကိုယ့်ဟာကိုယ် သိသည်။

သူ့ခြေလှမ်းတွေ ဆင်ခြင်မလားလို့ ကိုယ်က ခြေလှမ်းတွေလိုက်ပြီး မာန်ရေးပြခဲ့မိသည်။ တကယ်တမ်းကျတော့ ကိုယ်သာလျှင် ဖောက်လွဲဖောက်ပြန် ပြုချင်နေသည့်မိန်းမအဖြစ် နာမည်ပျက် အရှက်ရခဲ့၏။

သူကတော့ ပြည်သူ့အချစ်တော်အဖြစ် ဘာတွေလုပ်နေနေ တင့်တယ် လန်းဆန်းမပျက်။ တစ်ယောက်တည်း ငိုလို့အားရတော့ ချစ်သော ၏ထုနှက်ကန်ကျောက်သံတွေလည်း တိတ်ဆိတ်သွားပြီဖြစ်သည်။

မျက်နှာကို ဆေးစင်မှာ သွားသစ်ချကာ ဝမ်းနည်းကြေကွဲနေသည့်ပုံစံ လုံးဝမကျန်ရစ်အောင် ကိုယ့်ကိုယ်ကိုယ် မာန်တင်းပြီးမှ ထွက်ခဲ့၏။ အပြင်ကို ထွက်လိုက်တာနှင့် စတိုခန်းထဲက ထွက်လာသည့် ချစ်သောနဲ့ မျက်နှာချင်း ဆုံဖြစ်သွားသည်။

"အဲဒီဆံပင်တွေကို ဘယ်တုန်းက သွားဖြောင့်လိုက်တာလဲ၊ မနှင်းရှိတုန်းက မဟုတ်ဘူး ငါ သိတယ်"

စဇာတ်ချိုးမှာတွေ့မှ သတိထားမိပေမယ့် မနှင်း ရှိတုန်းက ဖြန့်ချထားတာလည်း မမြင် .. ဖြောင့်မထားဘူးဆိုတာလည်း သိသာသည်။

နှင်းဆီ ဒီလုပ်နေးတွေကို ဝါသနာပါလို့ မဟုတ်ဘဲ သူ့ကိုရွဲ့ပြီး လုပ်တာ ဂရုစိုက်ဖို့ မရှိသော်လည်း တစ်နေ့တစ်နေ့ အလှတွေ ပြင်တတ်လာတာ မသိမသာလေး မဟုတ် ...။

ပြင်ဆင်ထွက်လိုက်ပြီဆိုကတည်းက တွဲပစ်လိုက်တာ နာမည်ကျော်ဒန်စာနှင့် ...

"ဟော့.. မေးနေတာ မကြားဘူးလား .."

အတူလျှောက်ပါလာပြီး ငုံ့မေးနေတော့ နှင်းဆီ ညော်ခန်းက အိပ်





ကို ကောက်ယူခဲ့ပြီးမှ တုံ့ခနဲရပ်လိုက်ကာ ...

"မေးမနေနဲ့..၊ ကိုလေး လျှိုသိရှင်ကြား လုပ်ရဲနေတာတွေ ညလေးက တိတ်တိတ်ခိုးလုပ်ရတာ၊ နောက်ထပ် ကိုလေး မသိတာတွေ အများကြီး ရှိသေးတယ်"

အိပ်ခန်းထဲဝင်ပြီး တံခါးပြန်ပိတ်လိုက်သဖြင့် ချစ်သော ကိုယ်နဲ့ခံထားပြီး သေလုမြောပါး လိုက်ဝင်ရသည်။

ပြန်မေးဖို့တော့ လိုပြီ ထင်သည်။ ကိုယ်က အနိုင်ကျင့်နေတာလား .. အနိုင်ကျင့်ခံနေရတာလား..။

"မင်း ဘာတွေပြောနေတာလဲ၊ ငါက ဘာတွေမဟုတ်တာ လုပ်နေလို့လဲ"

နှင်းဆီ က မျက်ရည်ဝေ့ချင်လာသည့် စိုလဲ့သောမျက်ဝန်းတွေနှင့် နှာသီးဖျားလေးတွေပါ ရဲတွတ်နေကာ ...

"ရှင်တို့နှစ်ယောက် ဒီနေ့ချိန်းထားတယ်မို့လား .. ဘာလို့ မသွားသေးတာလဲ၊ ရှင့်ရဲ့ နှစ်သက်ခင် ဖုန်းဆက်ထားတယ်၊ ရော့ .."

နှင်းဆီ က ဖုန်းကို အိတ်ထဲက နှိုက်ယူပြီး မွေ့ရာပေါ် ပစ်ချပေးလိုက်၏။

ဖုန်းသည် မွေ့ရာထက်မှာ နူးညံ့နှစ်သက်စွာ အိကျသွားပေမယ့် ပါးပြင်ပေါ်ကို ဖြတ်ဆင်းသွားသည့် မျက်ရည်စက်တို့က ပူလောင်နေ၏။ ဒီလူရှေ့မှာ မကျချင်ပေမယ့် မျက်ရည်က ညစ္စာမဲ့လွန်းသည်။

"အဲဒါကြောင့် ညလေး ဆုံးဖြတ်လိုက်တာ ..၊ အစက ရွံ့ချင်တာလောက်ပဲ၊ အခု ကိုလေး လုပ်တဲ့အတိုင်း .."

"ဘာ!.."

ချစ်သော ဒေါကန်သွားပြန်သည်။ ဖုန်းကို တစ်လှမ်းတည်းနှင့် သွားကောက်ပစ်လိုက်ပြီး နှင်းဆီ ရှေ့မှာ ထိုကပ်မတော်ရပ်ကာ...



www.burmeseclassic.com

www.burmeseclassic.com



"ထင်တာတွေ စွတ်ပြောမနေနဲ့ ..၊ ဒီထဲမှာ ငါ့ ဖုန်းကဒ်ထည့်ထားလို့ ငါ့ကိုပြောတဲ့စကားတွေ မင်း ကြားရတာ၊ လူသိမခံရဲစရာ လုပ်ထားရင် မင်းရဲ့ဟန်းဆက်ထဲကို ထည့်ထားဖို့ အကြောင်းမရှိဘူး"

နှင်းဆီ ရုတ်တရက် ပြန်မပြောနိုင် ...

မိုးသောက် ပြောသည့်စကားတွေကို သတိရကာ သူလုပ်ထားသည့်အဖြစ်နဲ့ ယှဉ်ကြည့်ပြီး နားမလည်နိုင်အောင် ဖြစ်သွားခဲ့သည်။ ကိုလေး ဘာဖြစ်လို့ ဒီလိုလုပ်တာလဲ ...။

"ထိုနှင်းဆီ .. မင်း ငါ့ကို ဘာမှခြေရာတိုင်းဖို့ မကြိုးစားနဲ့..၊ အဲဒီဆံပင်တွေကို အရင်အတိုင်း ပြန်စည်းထား .. အရင်လိုပဲ မီးဖိုချောင်ထဲမှာ မင်းခြေ မင်းလက် နေလိုက် .. အဲဒါ နေရာမှန်"

"ဩော် .. ဩော် .."

နှင်းဆီ မျက်လုံးတွေမှာ အစိမ်းရောင်ရင့်သွားသည်။ ချစ်သော ကတော့ သူမကို နှိမ်ချလို၍ မဟုတ်ပါ။ အပြင်မှာ သူမ သွားလာနေသမျှ သူပဲ ရင်ပူ အလုပ်ရှုပ်နေရတာမို့ အရင်အတိုင်းလေးပဲ ရှိနေစေချင်တာဖြစ်သည်။

နှင်းဆီ ကို သူ ဒီပုံစံနဲ့ အပြင်ထွက်ဖို့ တစ်ထွာတစ်ညှိတောင် စိတ်မချတော့တာ သူ့ကိုယ်သူပဲ သိသည်။ ပြီးတော့ သူမနဲ့ သူက—

"မဟုတ်ဘူး .. ပြောတာကို နားထောင် .."

"ပြောမနေနဲ့ .. သဘောပေါက်ပြီ"

"ဘာပေါက်တာလဲ .. နေဦး .."

"မကိုင်ပါနဲ့ .."

နှင်းဆီ က နားမထောင် .. သူက စွတ်အတင်းဆွဲ၏။ ဆွဲမရတော့ အတင်းအကျပ် ဖက်ထားလိုက်မိကာ ...

"ရေကန်ထဲမှာ ကြာပေါက်နေတာ မထူးဆန်းပေမယ့် တောင်ပေါ်





မှာ ကြာပေါက်ရင် ထူးဆန်းမယ်..၊ မင့်အရင်က ဒီလိုမဟုတ်ဘဲ ဆန့်ကျင်ဘက်ကြီး ပြောင်းလဲသွားတာ လူတွေ ဘာပြောကြမလဲ၊ ငါ့အသိုင်းအဝိုင်းမှာလည်း မေးကြ ပြောကြတာ စုံလို့"

"ဟုတ်လား .."

နှင်းဆီ က ရုန်းမရတာကို အကြိတ်အနယ် ရုန်းနေရင်း တွန်းပစ်ဖို့လည်း ကြိုးစား၏။ ချစ်သော က ချုပ်ကိုင်ဖို့မဟုတ်တော့ဘဲ သူမပါးလေးတစ်ဖက်ကို ငုံ့နမ်းပစ်လိုက်၏။

"ကိုလေးနော် .. ဒါမျိုး မလုပ်နဲ့ သိလား၊ လက်ထပ်တဲ့ညက လူကို ရွှံသလိုရှာသလိုနဲ့..၊ ထိုနှင်းဆီ ကတော့ ကျီးကန်းပေမယ့် ရှင့်နောက် တကောက်ကောက်လိုက်နေတဲ့ မိန်းမတွေထဲက မဟုတ်ဘူး၊ မွေးကတည်းက မာနကို အရည်ကျိုသောက်လာတာ"

"ယုံပါတယ် .. မင်း .."

"ယုံရင် ကိုလေးလက်တွေကို ခုလွှတ်ပေး..၊ ဘယ်တော့မဆို တစ်ဖက်တည်းကိုပဲ ကြည့်တတ်တဲ့လူ၊ အဲဒီတစ်ဖက်က ကိုလေးအတွက် မျက်နှာစာတစ်ခြမ်းပဲ၊ အရမ်း တစ်ကိုယ်ကောင်းဆန်တယ်"

"မင်း စကားပြောတာ ဆော်ကားတဲ့အလုံးတွေ ပါလာပြီနော်..၊ တော်တော့ .. ငါ ရန်ထပ်မဖြစ်ချင်ဘူး"

"တော်ချင်ပြန်ပြီလား .."ကိုလေး ပြောချင်တာ ပြောလိုက်ရလို့လေ၊ ကိုလေးဘက်မှာ အပြောအဆိုမှတွေ ခံရတယ်ဆိုတော့ ချစ်သောသူ ဆိုတဲ့ နိုင်ငံကျော်ကို လင်တော်ထားရတဲ့ ကျွန်မကတော့ နားတွေ၊ မျက်လုံးတွေ ထုံဆေးမိနေတာ ထင်တယ်"

"နှင်းဆီ .. မင်း တော်လို့ ငါ ပြောနေတယ်နော်"

ပြိုင်ဆိုင့်ပြောပြီဆို တစ်ရွာလုံး လက်မြှောက်ထားရတဲ့ နှင်းဆီ ဆို သူ ဘယ်တော့မှမနိုင်။ ပြောမနိုင်တော့ ကိုင်ပေါက်ပစ်ချင်စိတ်တွေ



www.burmeseclassic.com

www.burmeseclassic.com



ကမုန်းလို့မဟုတ်ဘဲ ရှန်းကန်ထွက်၏။

တောမှာ သူများတွေနဲ့ ဒီလိုစကားတွေ ပလစ်ဆန်အောင် အော်ဟစ်ပြောနေတုန်းက နားထောင်ကောင်းကောင်းနဲ့ ထောင်နေခဲ့ဖူးသည်။

နှုတ်ခမ်းပါး လျှာပါးနဲ့ ချစ်စရာလေးလို့လည်း ပြုံးခဲ့ဖူး၏။ ခုကျတော့ ခံနေရတာက ကိုယ် ..။

"စကားတဈတိုင်း ပြောနေတာ တိုးလို့မပေါက်ဘူး၊ မင်း အဲဒီလိုပုံစံ ဘယ်အထိနေမှာလဲ၊ လူကြီးတွေရှိနေရင်ရော မင်းပုံစံကို သဘောကျမယ် ထင်လို့လား၊ မင်းနဲ့ ငါ့ရဲ့အိမ်ထောင်ရေး ဒီလို မညီမညွတ်ဖြစ်နေကြရင် မေမေက စိတ်ဆင်းရဲမယ်ဆိုတာ သိရဲ့သားနဲ့.."

"ဟုတ်တယ် .. အခု မသိတော့ဘူး ..၊ သမီးအဖြစ် မွေးစားခြင်းက စာချုပ်ပေါ်မှာ ..၊ ကျွန်မက သူ့သမီးမှ မဟုတ်တာ၊ သူ့သားဖြစ်တဲ့ ရှင့်မှာပဲ တာဝန်ရှိတယ်"

"ကြည့်စမ်း .. တောက်! .."

ပြောတဲ့စကားထက် ရှင်တွေ ကျွန်မတွေနဲ့ ပြောနေတာကို သည်းမခံနိုင်အောင် ဖြစ်လာကာ ခေါသလက်က လွှတ်လပ်စွာ မြောက်တက်သွားသည်။

နှင်းဆီ မျက်နှာကလည်း ထိုလက်ရဲ့ တအံ့တသြဖြစ်သွားကာ ချက်ချင်းပဲ မျက်နှာတစ်ပြင်လုံး နီရဲသွားလျက် ...

"အံမာ .. လုပ်ပါ ..၊ ညလေး အသားကို ထိရဲရင် ထိကြည့်.."

စိတ်နောက်ကိုယ်ပါ လုပ်နေကျအကျင့်က .. ယောကျ်ားနဲ့ မိန်းမမို့ ရွယ်ထားပြီးမှ ရိုက်မချရက်ဘဲ ဖြစ်နေသည့် ချစ်သော ထက် နှင်းဆီက ပိုမြန်သွားသည်။

'ထိရဲရင် ထိကြည့်'လို့ပြော၍ ပခုံးနဲ့ပြေးတိုက်ပစ်လိုက်သဖြင့် ချစ်သော လက်ကားယား ခြေကားယား ယိုင်ထွက်သွားသည်။





လဲဖို့တော့ မဟုတ်ပေမယ့် ဒယိမ်းဒယိုင်နှင့် ခြေချင်းတိုက်ကာ ပက်လက်ကြီး ပစ်စလက်ခတ် လဲကျလေသည်။

"ဒုန်း!.."

"အား!.."

နှင်းဆီ မျက်လုံးပြူးသွားသည်။ အဖြစ်တွေက ဘယ်လိုမှ မဆင်မှတ်ဘဲ မြန်ဆန်လွန်း၏။

လဲကျသွားသည့်အချိန်နှင့် နောက်ဇွေက စားပွဲစွန်းနှင့် မစ်ဆောင့်သည်။ မြားနတ်မောင် ကြေးရုပ်တုလေးက လွင့်ဘယ်လိုရောပါသွားပြီး ဘာတွေဖြစ်ကုန်မှန်းမသိဘဲ ချစ်သော ရဲ့ လက်မောင်းမှာ အင်္ကျီပြဲနှင့် သွေးတွေ ချက်ချင်း ရဲတက်လာ၏။

"အား!.. သေပြီကွာ ..၊ တော်တော်လက်မြန်တဲ့ မိန်းမ .. မင်း.."

ချစ်သော သည် ခေါင်းကို နောက်ပြန်စမ်း၍ ပြန်ကြည့်လိုက်တော့ လက်ဖဝါးမှာ သွေးတွေရဲနေတာ နှင်းဆီ မြင်လိုက်သည်။

ပြီးတော့ .. လက်မောင်းမှာရော ...

"ဟာ!... ညီလေး၊ နှင်းဆီ ဘာတွေဖြစ်ကုန်တာလဲ"

ရှေ့ကိုလှမ်းလိုက်သည့် ခြေလှမ်းက ချစ်သူ ပြေးဝင်လာတော့ နေရာမှာပဲ ကျောက်ချသွား၏။

နှင်းဆီ ကိုယ့်ဖာသာ လက်ဖဝါးချင်း ဆုပ်ထားလျက် မျက်ဝန်းလေးတွေ ပြူးနေဆဲ ..။ လှုပ်ရှားနေသည့်စိတ်ကြောင့် မျက်လုံးထဲမှာ သွေးတွေနဲ့ ချစ်သူ ရဲ့ စကားတွေသာ ..။

"ဖြစ်ရတယ်ကွာ ..၊ ဒီလောက်ထိ ကြည့်စမ်း .."

နောက်ပြန်လှည့်ကြည့်လိုက်သည့် ချစ်သူ မျက်လုံးတွေက မယုံကြည်နိုင်ခြင်းတွေ ပြည့်နက်လျက် ..။ အစက ရင်းနှီးမှုတွေ ဘာမှမပါတော့သလို ...



www.burmeseclassic.com

www.burmeseclassic.com



"အား!.. ကိုချစ် ညီကို ကူဦး"

"ဖြည်းဖြည်းထ .. သွေးထွက်လွန်သွားမယ်၊ ကိုကြီး ဆရာဝန်ဆီ ဖုန်းဆက်လိုက်မယ်နော်"

ချစ်သူ ဖျတ်ခနဲ ထရပ်ကာ အိတ်ထဲက ဖုန်းထုတ်၍ ခလုတ်နှိပ်နေရင်း မျက်လုံးတွေက နှင်းဆီ ဆီမှာ ...

ဆရာဝန်ကိုခေါ်ပြီး ဖုန်းပြန်သိမ်းကာ အလွန်အမင်း မျိုသိပ်ချုပ်တီးထားရသည့် ညှိုသက်မှုနည်းပါးသော မယုတ်မလွန် ဒေါသငွေ့တို့နှင့် —

"လင်နဲ့မယားဆိုတာ ဒီလောက်ထိ မဖြစ်သင့်ဘူး ညီမလေး.. ကိုကြီး အပြင်က အားလုံးကြားတယ်"

ဆိုတော့ သူ့ညီက ကြိမ်းမောင်း လက်လေးရွယ်ရုံနဲ့ ကိုယ်ကပဲ လက်ပါခဲ့တာကို ထောက်ပြလိုက်တာလား ...၊

ထိုခဏလေးမှာ နှင်းဆီ တစ်ကိုယ်လုံး အပူငွေ့တွေ ရှိန်းရှိန်းထကာ သေးငယ်ကြုံလှီသွားပြီဆိုလျှင် မကြာမီမှာ လူလုံးပျောက်သွားနိုင်၏။

မှားပါတယ်လို့လည်း မပြောချင်တော့ပါ ...။





## အခန်း [၁၂]

"ဆံပင်တွေက လှလိုက်တာ နှင်းဆီရယ် .. အညိုရောင်ဝေမယ့် ရွှေရောင်သမ်းပြီး လက်နေတာနော်"

"အေးဟဲ့.. ဖြောင့်ထားတာဆိုတော့ နဂိုဆံပင်ထက်ပိုရှည်သွားတယ်"

"အသားတွေဖြူပြီး ငါတူမကြီးက ပါးမို့လေးတွေတောင် ရဲလို့တော့"

"ဟုတ်ပ ...၊ ကျုပ်တို့က ရန်ကုန်မှာ မင်းသားနဲ့ညားပြီး တောမှာနေတဲ့ပုံစံအတိုင်းဆိုရင်တော့ မင်းသားက ချစ်မှာ မဟုတ်ဘူးလို့ တွေးမှုနေတာ"

"ခုကျတော့ ထိုနှင်းဆီ ကိုယ်တိုင် မင်းသမီးလုပ်ဖို့ ကောင်းနေပြီ၊ လှလိုက်တာမှ အဲသားလေးတွ ရွှေရောင်ဝင်းနေတာပဲ"

"ဟဲ့.. နှင်းဆီ ပြန်ရောက်နေတယ်ဆို၊ သူ့ယောက်ျား ပါလာသလား"

စသဖြင့် အရင်ရောက်လာပြီး အံ့သြချီးမွမ်းနေကြတာတွေ၊ နောက်မှရောက်လာပြီး သတင်းအစုံအလင် အမှန်အကန်ကိုသိရဖို့ ရှေ့နေမေးခွန်းတွေလို မသိမသာ သိမ်သိမ်မွေ့မွေ့နှင့် အစ်အောက်ထုတ်ကြတာတွေ— ဦးဘသောင်း တို့ အိမ်ရှေ့ကွပ်ပျစ်မှာ ရွာထဲက လူတွေနဲ့ ပြည့်နေခဲ့၏။

နှင်းဆီ တို့က ဘယ်မျက်နှာကိုမှ မကြည့်..၊



www.burmeseclassic.com

www.burmeseclassic.com



ထိမ်ချန်သင့်တာ ပြောပြသင့်တာ ဘာမှမရွေးဖယ်ဘဲ စိတ်ညစ်ညစ်နှင့် ဆေးတံကြီးကိုပဲ ဖိသောက်နေသည့် ဦးဘသောင်း တစ်မျက်နှာကိုသာ ကြည့်၍ …

"မချစ် တို့က အရမ်းဂရုစိုက်သလောက် ချစ်သော ဆိုတဲ့လူ အရမ်းဘဝင်မြင့်တာ သိလား၊ လူကြီးတွေပေးစားလို့ ယူရတာဆိုပြီး ထစ်ခနဲရှိ လက်ပါ၊ ရိုက်ပြီဆို မညှာမတာပဲ"

ဦးဘသောင်း ဘာမှ မမေးတော့ပေ။ မမေးဘဲနဲ့တောင် ရောက်လာကတည်းက အိမ်ပေါ်ကို ခရီးဆောင်အိတ် ပြေးတင်ပြီး ဦးဘသောင်းတို့ စုဝေးနေရာကို ပြန်ရောက်လာသည်။ ကိုယ့်မိသားစုချည်းပဲမို့ ပြောပြနေတာပေမယ့် အနီးအပါးဝန်းကျင်ကလူတွေ ရောက်လာရင်တော့ ဘာရိတ်အုပ်သင့်တဲ့စကားကို ဘာရိတ်အုပ်လိုက်ပါလား …၊

"စိတ်လိုက်မာန်ပါ မလုပ်ရဘူးလေ၊ အိမ်ထောင်တစ်ခုဆိုတာ ထူထောင်ပြီးရင် ပျက်ကောင်းတာ မဟုတ်ဘူး"

"ဟုတ်တယ် သမီးရယ် .. အဘွားပြောတဲ့စကားကို နားထောင်ပါကွယ် …၊ အိမ်ထောင်ဦးဆိုတာ အဆင်ပြေခဲပါတယ်၊ နောက်ကျတော့ တစ်ယောက်သဘောတစ်ယောက် နားလည်ပြီး အိမ်ထောင်သက်ရင့်လေ တွယ်တာလေ ဖြစ်သွားတာပဲ၊ မိန်းမသားဆိုတာ ထိခိုက်ပျက်စီးလွယ်တဲ့ ကိုယ့်ဘဝကို စောင့်ရှောက်ရတတ်တယ် သမီး …၊ အောက်ကျတယ် အထင်သေးတယ် မထင်ပါနဲ့ကွယ်၊ သည်းခံဖို့ ကြိုးစားပါ၊ သမီးပြန်ရမယ်နော် .. သမီးရဲ့ဘဘ လိုက်ပို့လိမ့်မယ်"

ဦးဘသောင်း နဲ့ ဒေါ်မယ်မြ ဒါလေးပဲ အစဖျိုး နားချရသေးသည်။ နှင်းဆီ တို့ ငိုချင်းချလေသည်။ အနားမှာ စကားနည်းသူပီပီ ဘာမှဝင်မပြောရသေးဘဲ ပြောခွင့် လည်း မသာခဲ့သော စပယ်ဖြူ မှာ လူတွေများလာလည်း ပါးစပ်မပိတ်သည့် ညီမဖြစ်သူကြောင့် တိတ်တိတ်ကြိတ်ပြီး





ဆိတ်ဆွဲရမလို …၊ ပေါ်တင် လက်ဆွဲပြီးတော့ပဲ အိမ်ပေါ်တက်ရတော့မလိုလို …၊ ဘာမှမလုပ်ရသေးဘဲ နှင်းဆီ လည်း ပြောသမျှ ကုန်ပါပြီ။

"ဒီလောက် ရိုက်နှက်နှိပ်စက်နေတာကို ပြန်သွားခိုင်းတယ် ဟုတ်လား …၊ အဘွားတို့က သမီးကို မသနားကြဘူးပေါ့"

လို့ မေးတာက တစ်မျိုး၊ အနားက တစ်ယောက်က လက်တို့မေးလိုက်တော့လည်း …

"ဒီလို နှိပ်စက်နေတာ လူကြီးတွေက မကြားကြဘူးလား၊ မသိချင်ယောင်ဆောင်နေကြတာလား"

"ဘယ်လိုလုပ် သိမှာလဲ .. သူ နှိပ်စက်ပြီးရင် ဒဏ်ရာမပျောက်မချင်း အပြင်ကို မထွက်ခိုင်းဘူးလေ …၊ ထမင်းတောင် အခန်းထဲမှာ စားရတာ" တဲ့ …။ နှင်းဆီ ရဲ့ တိုးတိုးမဟုတ်သည့် အသံက နှစ်အိမ်သုံးအိမ်လောက်ကနေ နားကြွသွားနိုင်သည်။

ငါ့ညီမ လူသာပြောင်းလဲသွားတယ်။ ပါးစပ်ကတော့ မပြောင်းလဲပါလားလို့ တွေးဖြစ်ရင်း စပယ်ဖြူ ကိုယ့်ညီမကို လက်တို့ ခေါ်ထုတ်ခဲ့ရသည်။ အိမ်ရှေ့ကွပ်ပျစ်မှာတော့ လေထန်ကုန်း ဖြစ်ကျန်ရစ်၏။

"နင် ဘယ်လိုဖြစ်တာလဲ နှင်းဆီ …၊ ကိုယ့်အိမ်ထောင်ရေးပြောတာ ရွာဈေးတန်းမှာ ကြက်စာရောင်းတဲ့ ဒေါ်တုတ်ကြီး ကျနေတာပဲ"

"ဘာဖြစ်လို့လဲ .. ညလေး ဒီမှာပဲနေတော့ဖို့ ပြန်လာတာ၊ ခုမပြောလည်း နောက်တော့ သိသွားကြမှာပဲ …၊ လူဆိုတာ ဖုံးကွယ်ထားမှန်းသိရင် ပိုပြီး သိချင်တယ်၊ ဖော်ထုတ်ချင်ကြတယ်၊ အားလုံး တစ်ခါတည်း သိကုန်ကြတော့ ပြီးတာပဲ"

နှင်းဆီ က ကိုယ့်ဝါဒနဲ့ကိုယ် အိမ်ပေါ်ရောက်တဲ့အထိ ကျယ်ကျယ်တုန်း …။ ပြီးတော့ မျက်ဝန်းထဲမှာလည်း မျက်ရည်တွေ ဝေနေသဖြင့် သူခများ တော်တော်ခံစားလာရတာပဲလို့ တွေးမိကာ စပယ်ဖြူ သက်ပြင်း



www.burmeseclassic.com

www.burmeseclassic.com



ချရင်း နှင်းဆီ ပခုံးလေးကို ဖက်ထားလိုက်သည်။

"မှားပြီဆိုရင်တောင် ကိုယ်က မိန်းကလေး .. စိတ်လိုက်မာန်ပါ မဆုံးဖြတ်သင့်ဘူး နှင်းဆီ ..၊ အခု စာနာသလိုလို အားပေးသလိုလိုနဲ့ လူတွေမျက်လုံးထဲမှာ ဘယ်လောက် ကျေနပ်အားရကြသလဲ သိလား၊ နင့်ပုံစံနဲ့ မြို့က သူဌေးသား မင်းသား တစ်နေ့ ဒီလိုပဲဖြစ်မှာလို့ တိုးတိုး တိတ်တိတ် ဝေဖန်နေကြတာ"

"ဟုတ်တာပဲဟာ ပြောပစေပေါ့၊ သူ ဒီရွာကို လာကတည်းက မြေမနှင်းမင်းသား လုပ်နေတာ၊ ကားထဲက မထွက်တာ မမြင်တဲ့လူ ရှိလို့လား၊ ပေးစားခဲ့တာကိုက ဘဘ ရက်စက်တာ"

"သြော် .. ဖြစ်ရလေ ..၊ ဘယ်သူမှားလို့ ဘာလုပ်ခဲ့ရတာလဲ၊ ပြန် လည်း စဉ်းစားဦးလေ"

"အဲဒါ ညလေး မတတ်နိုင်တဲ့အကျင့်ပဲ ..၊ ဆင်ခြင်လို့ရတဲ့ကိစ္စမှ မဟုတ်တာ"

"ဘာပဲဖြစ်ဖြစ် လက်ထပ်သင့်တယ်ဆိုတော့ သူ ခေါင်းညိတ်ခဲ့ တယ်လေ၊ သူ့လို အရမ်းကျော်ကြားနေတဲ့လူက .."

"တော်ပါတော့ အဲဒါတွေကို .. ဒါတွေကြောင့် ညလေးကို နေ့ရှိ သရွေ့ နှိမ်နေတာ"

"နင်ပဲ လက်ထပ်ကြတဲ့နေ့ကတော့ ညလေးလို ကံမကောင်းချင် ဘူးလားဆို ..၊ ကိုလေးက အရမ်းချောလို့ တစ်နေကုန် ထိုင်ကြည့်နေရင် တောင် ငြီးငွေ့မှာ မဟုတ်ဘူးဆို .."

"အခု မဟုတ်တော့ဘူး ..၊ လှတာမက်မိလို့ ညစာတင်မကဘူး၊ မနက်စာရော နေ့လယ်စာပါ ငတ်ခဲ့ရတာ အခု မကြီး ဘာချက်လဲ"

မျက်ရည်သုတ်၍ ပြောနေရင်း မီးဖိုချောင်ထဲ ဝင်သွားသည်။ စံပယ် ဖြူ နောက်ကလိုက်သွားပြီး ရှိသမျှ ခူးခပ်တည်ခင်းပေးကာ ...





"ဘာမှ မစားခဲ့ရဘူးလား"

"မစားခဲ့ရဘူး ..၊ ပိုက်ဆံက ကိုယ့်ရှိတာလေးပဲ ယူလာတာ၊ ကားခအပြင် မုန့်ဖိုးပဲ ရှိတယ်"

"ဖြစ်ရလေ ငါ့ညီမရယ်..၊ အခု ဘယ်သူမှမသိအောင် ထွက်လာ တာပေါ့"

"သိသားပဲ .. ချစ်သောသူ ဆိုတဲ့လူ ထိုင်ရာမထ ကြည့်နေလိုက် တာ လူကို လှောင်သလို ပြောင်သလိုနဲ့ နောက်ပြီးပြောလိုက်သေးတယ် ငါ နှင်ချတာ မဟုတ်ဘူးတဲ့၊ ပြီးမှ .. ဖာကုပ်တက်မလာနဲ့တဲ့"

"ဖာကုပ်တက်မလာနဲ့ဆိုတာ တို့ တောစကားတွေပါ နှင်းဆီ ရယ်.. ဖာဆိုတာ ဘယ်လိုပစ္စည်းခေါ်မှန်းတောင် မြို့သားတွေ သိမှာ မဟုတ်ဘူး၊ ချစ်သောသူ ဒီလိုပြောပါ့မလား"

"မကြီး က ညလေးကို မယုံဘူးလား"

"အံ့သြလို့ပါ"

လက်ဆေးနေရင်း မျက်မှောင်ကုတ်မေးတော့ စပယ်ဖြူ ကိုယ့် သံသယကို ပြန်လျှော့လိုက်ရသည်။ ပြီးတော့ ဒေါသ ကိုယ့်ဘက်လှည့် မလာအောင် ဟင်းပန်းကန်တွေ ဟိုရွှေ့ဒီရွှေ့နဲ့ သူမနဲ့ပိုနီးအောင် တိုးပေးရင်း...

"နင် ဒီဘက်မှာ ပြောနေတာတွေ မပြုံးက ဟိုဘက်ခြံစပ်ကနေ နားထောင်ပြီး မဲ့နေတာ ပေါ်တင်ပဲ သိလား၊ ဘဘတို့လည်း အရှက်ရ တာပေါ့၊ နင် ပြန်မသွားချင်ရင် ကိုယ် စိတ်နာခဲ့တဲ့အကြောင်း အိမ်ပေါ် ရောက်မှပြော၊ နောက်ကို ပတ်ဝန်းကျင်တွေရှေ့မှာ ဒါမျိုး ထပ်မပြောနဲ့ ကြားလား"

"အင်းပါ" လို့တော့ ပြောဖော်ရပေမယ့် ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅၃)

"ဟင်!.. ချစ်သောသူ .."

စပယ်ဖြူ အံ့သြသွားသည်။ သူမက ညနေ ဘာဘာ အလုပ်ပြန်မို့ ရေနွေးကြမ်းနဲ့ လက်ဖက်သုပ်လုပ်ပြီး ဗန်းကလေးနဲ့ ဆင်းလာတာ အလယ်လှေကားမှာ ..။

ဦးဘသောင်း နဲ့ ဒေါ်မယ်မြ တို့က အိမ်ရှေ့ကွပ်ပျစ်မှာမို့ အနားမှာ ဆိုင်ကယ်လ် တိုးဝင်လာတော့ ပါးစပ်တွေ ပွင့်ဟသွားကြတဲ့အထိ ဆိုင်ကယ်လ်စီးဦးထုပ် ချွတ်လိုက်တော့ ပိုဆိုးသည်။

"ချစ်သောသူ .."

"လူလေး ခေါင်းမှာ ပတ်တီးနဲ့ပါလား"

လက်မောင်းမှာရှိသေးတယ်ဆိုတာကိုတော့ မပြောဖြစ်ဘဲ ချစ်သော ဦးထုပ်ကို လက်ကိုင်မှာချိတ်ကာ ဆိုင်ကယ်ပေါ်က ဆင်းလိုက်သည်။

အိမ်ပေါ်ကို လှမ်းကြည့်လိုက်တော့ နှင်းဆီ ကို မမြင်ဘဲ လှေကား အလယ်လှေကားမှာ ဗန်းကလေးနဲ့ ခြေစုံရပ်နေသည့် စပယ်ဖြူ ကိုပဲ မြင်၏။





"လာ .. လူလေး၊ ပတ်တီးက ဘာဖြစ်လာတာလဲ၊ လမ်းမှာ ရန်တွေဘာတွေဖြစ်လာတာလားကွယ်၊ ကားနဲ့လာရင် ပိုပြီးအန္တရာယ်ကင်းတာပေါ့"

ချစ်သော က ရယ်လိုက်ပြီး ပတ်တီးကို တတ်နိုင်သမျှ ဖုံးအောင် ဆံပင်တွေကို ပွတ်သပ်ဆွဲချ၏။ ပြီးမှ ဝင်ထိုင်သည်။

"အဘွား .. နှင်းဆီ ဒီမှာမို့လား"

"အေးလေ"

ဦးဘသောင်း က မတည်မပြုံးမျက်နှာနှင့် စူးစိုက်ကြည့်ကာ --

"ပြောပါဦး .. ဘာတွေဖြစ်ကြတာလဲ"

မကျေနပ်တာ မဟုတ်သော်လည်း ကိုယ့်သမီးလေးကို ရိုက်ပုတ် နှိပ်စက်နေသည်ဆိုတော့ ပြုံးပြဖို့ ခက်နေတာတော့ သေချာ၏။

စပယ်ဖြူ ကိုင်လာတာကို ကပျာကယာချပေးခဲ့ပြီး နှင်းဆီ ကို ရှာဖို့ နောက်ကနေ လစ်ထွက်ခဲ့ရသည်။ တော်ကြာ ချစ်သောသူ လိုက်လာ တယ်လို့ တစ်နေရာကကြားပြီး ပြန်မလိုက်ချင်လို့ ထွက်ပြေးရင် ခုက္ခ

နှင်းဆီ က ဆံပင်နှစ်ဖက် ဘေးမှာခွဲစည်းထားတာတောင် အရိုင်း လို ထိပ်ချိုစောင်းမှာ မြင့်မြင့်ကားကားကြီး မဟုတ်တော့ဘဲ နားနောက် အပေါ်လေးမှာ ခေါင်းစည်းကွင်းလုလုလေးတွေနဲ့ စည်းထားတာ ဖြစ် သည်။ စစ်စိမ်းရောင် သရီးကွာတားဘောင်းဘီကို ထပ်၍ လိပ်တင်ထား သေးသည်။ ပြီးတော့ လက်တစ်လုံး ကြိုးချိတ့်အနက် ဟိုက်ပိုက်လေး ပေါ်မှာ ဂျင်းဂျက်ကက် ခါးတိုလက်ပြတ်လေး ထပ်ဝတ်ထားသည်။

နှမှုံးပြောင် သိမ်းထားပေမယ့် ဆံစပ်လေးတွေ စိမ်းညို့နေကာ မျက်ခုံးတန်းလေးတွေက ထင်းနေ၏။ နှာတံနဲ့ မျက်တောင်ကော့လေး တွေကလည်း ရှင်းနေသည့် မျက်နှာလေးမှာ ပိုလှနေသည်။

အကျင့်လေးတွေ မပျောက်သေးသော်လည်း တော့နဲ့မထိုက်တန်



www.burmeseclassic.com

www.burmeseclassic.com



တော့သည့် တော်ဝင်ပန်းလေး ဖြစ်နေပါပြီ။

ချစ်သောသူ လိုက်လာရတဲ့အထိ ဖြစ်ခဲ့တော့ ကိုယ့်ညီမကို လှမ်းလှမ်းကနေ ခဏာတဖြုတ် ငေးနေမိ၏။ ငါ့ညီမလေးလည်း လှတာပဲလို့ တွေး၍ မာန်တွေတက်လာခဲ့သည်။

ကွင်းပြင်ထဲက ရေပြင်ဖွေးဖွေးမှာ ရေကူးနေကြသည့် ဘဲအုပ်ကို ထိန်းရင်း ကန်ဘောင်ပေါ်ကနေ သီချင်းတွေ ဆိုနေသေးသည်။ ဆိုနေသည့်သီချင်းက သူမ ပျော်နေလို့ဆိုတာ မဟုတ်မှန်း သိသာစေလျက်...

... နေ့နေ့ညည မင်းလေးကို လွမ်းတယ် ...

... အစားထိုးပြီးလည်း နောက်တစ်ယောက်ကို မချစ်နိုင်တယ် ...

... အားနည်းချက်နဲ့ ကိုယ့်ဘဝကို ကိုယ်သာ နားလည် ...

.. မပြောင်းလဲတဲ့ ချစ်တာ မင်း နားလည် ...

စပယ်ဖြူ ပြုံးလိုက်မိသည်။ နှစ်ယောက် နီးနီးလေးပေမယ့် သူမက သရက်ပင်ကြီးနားမှာရို ကျောပေးသွားလိုက် တစောင်းဖြစ်သွားလိုက် နှင်းဆီ မျက်နှာလေးက ဒီဘက်ထိ ရောက်မလာတော့ မမြင် ...။

... တစ်ခါတလေတော့လည်း .. အဝေးဆုံးကို ထွက်ပြေးသွားချင်မေမယ့်လည်း .. ကိုယ့်ရဲ့စိတ်တွေ .. အမြဲတမ်း မင်းဆီမှာပဲ .. ထာဝစဉ်မမေ့ဘူး .. ရင်ထဲမှာ .. အမြဲတွဲလမ်း ချစ်နေဦးမှာ .. ရင်ခုန်ရင်း တမ်းတရင်း ကြွေကွဲ .. ထိတာ မင်းလေးအတွက်တော့ အရုပ်လေး တစ်ရုပ်ပါပဲ...

"နှင်းဆီ .."

သီချင်းသံ ပြတ်သွားသည်နှင့် အသံပေးလိုက်တော့ နှင်းဆီ လှည့်ကြည့်၏။

"မကြီး ဘာလဲ .. ထမင်းမဆာသေးဘူးနော်၊ ဘကြီးညို ကို့ ဒီနေ့ ဘဲကျောင်းပေးမယ်လို့ ညလေး တာဝန်ယူထားတာ .. သိမ်းပြီးမှ ပြန်လာမှာ"





"သိတယ် ...၊ ဘကြီးညို ကျွေးတဲ့ မြင်းခွာရွက်သုပ်လည်း စားခဲ့ဦးမှာမို့လား"

"ဟုတ်တယ်"

"အခု အဲဒါတွေ မလုပ်နဲ့တော့၊ အိမ်မှာ ဧည့်သည်ရောက်နေတယ်"

"ဘာ!..."

နှင်းဆီ မျက်နှာပျက်သွားပုံက ချက်ချင်း သိလိုက်တာမျိုး ...

"ဘယ်က ဧည့်သည်လဲ .. မေချစ် တို့ဆီကလား"

"မေချစ် တို့ ဘယ်သူမှမှ မရှိကြတာ၊ သူတို့က ဘယ်လာမလဲ... ရောက်လာတာက ရှိတဲ့သူပေါ့"

"ကိုကြီးလား .. မင်းချစ်သူ လေ"

"မဟုတ်ပါဘူး .. နင့်ယောက်ျား ချစ်သောသူ"

နှင်းဆီ ထံမှ အသံဗလံ လုံးဝတိတ်ကျသွား၏။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၄)

"တတ်ပဲတတ်နိုင်တယ် သမီးရယ် ..၊ ချစ်သော ကို မြင်တာနဲ့ ငါ့သမီးကို နှိပ်စက်တဲ့ကောင်ဆိုပြီး ပြေးရိုက်မိရင် မှားကုန်တော့မှာ"

"အေးလေကွယ် .. လုပ်တော့ သူကလုပ်ခဲ့ပြီး ပြောသွားလိုက်တာ အံ့ရော"

နှင်းဆီ ခေါင်းငုံ့နေရပေမယ့် လူလစ်တိုင်း မျက်စောင်းထိုးသည်။ ချစ်သော က မချိုမချဉ်မျက်နှာနှင့် ပတ်တီးကို တသသကိုင်နေ၏။

"ကျေးဇူးရှင်လေး .. ကျေးဇူးရှင်လေး" လို့ ရေရွတ်ပြီးတော့များ ကိုင်နေသလား မသိ..။

"ရွာထဲမှာလည်း မဟုတ်တာတွေ နာမည်ကြီးလို့ .. အဲဒါ ညည်း ကိုယ်ညည်း ဂုဏ်ရှိတယ် မှတ်လို့လား"

ဦးဘသောင်း ခုကျမှ ကရုဏာဒေါသတွေနှင့် ဆူဖို့ သတိရ၏။ သူတို့မှာ ကိုယ့်သမီးကို ဖုံးဖိထားပါလို့ သင်ပေးချိန် မရလိုက်ဘဲ အရှက်တကွဲ အကျိုးနည်း ဖြစ်ခဲ့ပြီးပြီ ..။

ဒါတောင် သင်းကလေးက ချစ်သော ကို မျက်စောင်းတခဲခဲနှင့်...





"သူဟာသူ တမင် အဲဒီလို အနိုင်လိုချင်လို့ ပတ်တီးကောက်စည်းလာတာ .. သမီးက တွန်းရုံပဲ တွန်းပစ်ခဲ့တာ"

"တွန်းတာကရော ဘာဖြစ်လို့လဲ"

"သူက သမီးကို ရိုက်မလို့လေ .. ကိုယ် မခံရအောင် ဦးအောင်လုပ်ရတာပေါ့"

အနားမှာရှိနေသည့် လူတချို့ပါ ပြုံးစိစိ ဖြစ်ကုန်၏။ အားလုံး ဝါးလုံးကွဲ ရယ်ပစေ..၊

ချစ်သော ပြုံးလိုက်တာကို စိတ်ထဲမှာ ထောင်းခနဲ ဖြစ်သွားကာ...

"ရှင် ဘာပြုံးတာလဲ ..၊ လူကို လှောင်သလို ပြောင်သလိုနဲ့ .. အဲဒီလိုပြုံးတာ အမုန်းဆုံးပဲ"

"မင်း ဘာဖြစ်လို့ မဟုတ်တာတွေ လျှောက်ပြောထားလဲ၊ အခန့်မသင့်လို့ ဖြစ်တာလို့ ပြောရင်တောင် တော်သေးတယ်၊ ခုတော့ .. အမြဲတမ်း နှိပ်စက်နေတာတဲ့..၊ ငါ ရောက်မလာရင် မေမေတို့ပါ သိကျွာကျကြဦးမယ်"

"ရှင်ပဲကျူမှာ ရှင့်ကိုပဲ ကွက်ရိုက်ထားတာ ..၊ ဟွန်း .. အဲဒီဒဏ်ရာနဲ့ တစ်လလောက် အိပ်ရာထဲ လဲနေရမှာကို"

"နှင်းဆီ .."

"သမီး .. ပြောလေ ကဲလေပါလား"

စပယ်ဖြူ ကမန်းကတန်း လှမ်းတားသလို ဦးဘသောင်း မျက်နှာကြီး နီလာ၏။ ချစ်သော အပြုံးမပျက်ပေမယ့် စကားအသွားအလာတွေက ကြမ်းတမ်းလွန်းသည်မို့ ဒါကို အလိုမလိုက်ချင် ..။

"သွား .. ညစာ သွားပြင်လိုက်"

"ရပါတယ် ဘဘရယ် .. သမီးပဲ ပြင်လိုက်ပါ့မယ်"

စပယ်ဖြူ ပြောလိုက်တာကို ဦးဘသောင်း က လက်ကာတားရှ်...



www.burmeseclassic.com

www.burmeseclassic.com



"သူ့ယောက်ျားအကြိုက် သူပဲ သိတာ"

ဟု ပြောလျှင် နှင်းဆီ က မဲ့လိုက်ပြီး …

"သိတယ်လေ .. နှစ်သက်ခင်"

မဆင်မခြင်ပြောကာ ထ,ထွက်သွားတော့ ဘာပြောသွားတာမှန်း နားမလည်လိုက်ကြပေမယ့် ချစ်သော မျက်နှာပူသွား၏။ ဒေါ်မယ်မြ မနေနိုင် မထိုင်နိုင် ဝင်မေးလိုက်တော့ ပိုဆိုးသွားလေသည်။

"နှစ်သက်ခင် က ဘာဟင်းလဲ လူလေး.. ဆန်းဆန်းပြားပြား ကွယ် .. အံ့ပါ"

မျက်နှာငုံ့ထားမိရင်း ရယ်လည်း ရယ်ချင်သွားသည်။ မရိုးသား ကြတာ မဟုတ်ပေမယ့် အပေါ်ယံရှင်းပြဖို့လည်း ခက်နေတော့ ဘာ ပြောရမှန်း မသိ …။

"ဟုတ်လား …၊ အဲဒါ ဟင်းနာမည်လား"

ဘေးလူတစ်ယောက်က ထပ်မေးလိုက်ကာမှ …

"မဟုတ်ပါဘူး .. ကျွန်တော်နဲ့ ကြော်ငြာတွဲရိုက်နေတဲ့ မော်ဒယ် ပါ၊ အလုပ်သဘောအရ ရင်းနှီးပြောဆိုကြတာတွေကို သူ တစ်မျိုးထင် ပြီး လျှောက်ပြောနေတာ"

ဦးဘဘောင်း နားလည်သွားကာ ချစ်သော မျက်နှာကို အကဲခတ် ကြည့်ရင်း ဒီနှစ်ယောက်ရဲ့ ပြဿနာအစကို ပြန်တွေးဖြစ်သွား၏။

မုန်းနေကြတာ မဟုတ်မှန်း တွေးရင်း သိလာတော့မှ သက်ပြင်း ချမိ၏။

ကိုယ့်သမီးကလည်း သမီးပါပဲ …။





## အခန်း (၅၅)

စောစောစီးစီး အိပ်ရာထဲဝင် ဆောင်ခြုံရင်း ထမင်းပွဲမှာ သူပြောခဲ့ တာတွေကို ပြန်တွေးကြည့်နေမိ၏။

"မင်းနဲ့ငါ ဟိုတုန်းကရော မနေ့တစ်နေ့ကအထိ ဘာမှမဖြစ်ခဲ့ဘူး လို့ ထားခဲ့လိုက်ပြီး တစ်ကနေ ပြန်စရအောင်နော်..၊ ကိုယ်နဲ့ ပြန်လိုက်ခဲ့"

"ကိုချစ် က မင်းကို စိတ်ဆိုးတာ မဟုတ်ပါဘူး..၊ သွေးထွက် သံယို ဖြစ်သွားတဲ့အထိ မင်း လုပ်ရက်တယ်ထင်ပြီး စိတ်မကောင်း ဖြစ်သွားတာ၊ အကြောင်းစုံသိသွားတော့ ကိုယ့်ကိုယ် အပြစ်တင်နေတာ.. မင်းကို ဂရုမစိုက်ခဲ့လို့ ရှုံ့တာချိတ်တာတွေ ဖြစ်ကုန်တာတဲ့၊ လူငယ်စိတ် နဲ့ဆိုတာ အဆိုးဆုံးထိ မှားယွင်းတတ်တယ်တဲ့"

"မင်း မရှိတော့ဘူးဆိုတာ သိလိုက်ရတော့ ကိုယ် တကယ်ပျာသွား တာ .. ရင်ထဲမှာ အဲဒီလို ပူပူလောင်လောင်ကြီး တစ်ခါမှ မခံစားဖူးဘူး"

"အခု ကိုယ် မင်း ချက်ကျွေးတဲ့ ထမင်းပွဲကိုပဲ မက်မောတယ်၊ မင်း ရန်တွေ့နေတဲ့ အသံလေးတွေ တိတ်ဆိတ်နေတဲ့အရပ်မှာ မနေ ချင်တော့ဘူး .. ပြန်လိုက်ခဲ့နော်၊ ဒီဒဏ်ရာတွေကို ဒီကလူတွေကြောင့်ဖို့ အသိလာတာ မဟုတ်ဘူး ..၊ ဒဏ်ရာပျောက်တဲ့အထိ ထိုင်မနေနိုင်လို့ အလိုက်လာရတာ၊ မင်းမပါရင် မပြန်ဘူးလို့ ဆုံးဖြတ်ပြီးသား"



www.burmeseclassic.com

www.burmeseclassic.com



"နှစ်သက်ခင် ကို သဘောကျခဲ့ဖူးပါတယ်၊ ဒါပေမယ့် ချစ်သူဖြစ်ခဲ့ကြတာ မဟုတ်ဘူး ...၊ ကိုယ်လည်း စွဲစွဲလမ်းလမ်း တပ်မက်ခဲ့တာ မဟုတ်ဘူး၊ ခုလည်း တကယ် ဘာမှမဟုတ်ပါဘူးကွာ၊ အဲဒီလောက် ရှင်းပြနေတာကို ယုံစမ်းပါ"

'ဘာကို ယုံရမှာလဲ' လို့ တစ်ယောက်တည်း ရေရွတ်မိသည်။ ကိုကြီး သမင်လည်ပြန် မော့ကြည့်လိုက်သည့်အကြည့်တစ်ချက်ကို သူမ နောက်ထပ် ရင်ဆိုင်ရမှာ ကြောက်နေသည်။ ခုလည်း ဒဏ်ရာတွေနဲ့လူက ကိုယ့်ကို ပြန်ပြီး တောင်းပန်ခယနေပြန်သည်။

ကိုယ်ပဲ ကျူးလွန်ခဲ့ပြီး ကိုယ့်သဘောနဲ့ကိုယ် ထွက်ခဲ့တာကရော.. ဒါလည်း နောက်ထပ်အပြစ်တစ်ခုပဲ မဟုတ်လား ...။

ပြီးတော့ .. ဒီကို ပြန်လာတုန်းက အဘွား ပြောသေးသည်။

"လင်မယား မသင့်မြတ်တိုင်း အထုပ်ဆွဲဆင်းတာ မိန်းမကောင်း အလုပ် မဟုတ်ဘူး" တဲ့။

'ချစ်စံအိမ်' ကို ဘယ်တော့မှ ပြန်မသွားတော့ဘူးလို့ ဆုံးဖြတ်လိုက်တာ ဤသို့ ကိုယ့်ရဲ့မကောင်းမှုကံတွေကြောင့်လည်း ပါ၏။

သူ့ကို ဒေါသထွက်ရ မုန်းတီးရသည့် ပြဿနာတွေက 'ချစ်စံအိမ်' ကို မြင်နေလို့ မဖြစ်နိုင်တော့သော ကိုယ့်စိတ်ကူးတွေထဲမှာပဲ လုံးထွေးရစ်ပတ်၍ ဘာကြောင့်ဆိုသည့် အရင်းခံအကြောင်းလည်း ပျောက်ဆုံးနေသလိုပင် ...။ ထို့ကြောင့် လူကြီးတွေ ဘယ်လိုမှ ပြန်မလွှတ်ချင်တော့အောင် ချစ်သောသူ ကို လူယုတ်မာကြီးတစ်ယောက်ပုံစံ တမင်တကာ မဟုတ်တာတွေ လျှောက်ပြောထားခဲ့သည်။

နောက်ထပ်ဆုံဖို့ အကြောင်းမရှိတော့ဘူးလို့ တကယ် တွက်ခဲ့မိတာက သူ လိုက်လာလိမ့်မယ်လို့ ဘယ်လိုမှ မထင်ခဲ့လို့ ...။

"ဟော့တော် လိုက်တဲ့လူက ရောက်လာခဲ့ရတယ် .. ကိုယ့်အိမ်ကိုယ့်





ရာဖြစ်ပြီး အိမ်ရှင်က အိပ်ရာထဲဝင်နေတယ် ကြည့်စမ်း .."

မျက်လုံးအပြူးသားနဲ့ တွေးတောနေရာကနေ မကြီး အသံ ကြားလိုက်တာနှင့် မျက်လုံးတွေကို ဖျတ်ခနဲ မှိတ်ပစ်ကာ စောင်ကို ခေါင်းမြီးခြုံပစ်လိုက်၏။ တစ်ဆက်တည်း နောင်တရလိုက်သည်က ခေါင်းရင်းကဘက် ယရိမီးကို အစကတည်းက ကလစ်ဖြုတ်ထားလိုက်ရ အကောင်းသားလို့..။

"နှင်းဆီ ညီမလေး .. မအိပ်သေးဘူးမို့လား ထဦး"

ခေါင်းမြီးခြုံထားသည့်စောင်ကို အတင်းဆွဲလှဲဖြုတ်ချကာ မျက်နှာပေါ် ဖြတ်တင်ကားသည့် လက်မောင်းကို မရမက ဆွဲဖယ်ပစ်၏။

"နှင်းဆီ မအိပ်သေးဘဲနဲ့ ထဦးဆို .."

"ဟာ .. အိပ်နေပြီ .. ဖယ်စမ်းပါ"

"ဖယ်လို့မရဘူး ...၊ အပြင်မှာ ချစ်သောသူ က မအိပ်ဘဲ ဒီတိုင်း ထိုင်နေလို့ ဘာဘာလည်း မအိပ်ရဘူး"

"ဟင်!..."

အတင်းကုပ်ကွယ်ထားသည့် မျက်နှာပေါ်က လက်မောင်း ဖျတ်ခနဲ ဖယ်သွား၏။ မီးရောင်အောက်မှာ တစ်စက်လေးတောင် မှေးမှိတ်မထားခဲ့သည့် မျက်လုံးတွေက ပြူးပြဲနေကာ ...

"မအိပ်ဘဲ သူက ဘာလုပ်နေတာလဲ ...၊ ဘယ်အချိန်ရှိပြီလဲ"

"ကိုးနာရီခွဲပြီးနေပြီလေ .. ဘာဘာလည်း စိတ်တိုနေတာ နင့်ကို.."

နှင်းဆီ စောင်ကိုခွာ၍ ငုတ်တုတ်လေး ထထိုင်မိ၏။ တောမှာက မြို့နဲ့မတူ တစ်နေကုန် ကာယစိုက်ထုတ်ပြီး လုပ်ရှားရှာဖွေကြသမျှ ညနေစောင်းတာနဲ့ စားသောက်ပြီး အိပ်ရာပြင်ကြပြီ။

ရှစ်နာရီလောက်ဆို အိမ်တော်တော်များများမှာ မီးရောင်မရှိတော့ပေ။ ကိုးနာရီခွဲဆိုတာ နည်းတဲ့အချိန် မဟုတ်။

"သူ့အတွက် အိပ်ရာပြင်ပေးထားပါလို့ မကြီးကိုပြောသားနဲ့..



www.burmeseclassic.com

www.burmeseclassic.com



မပြင်ပေးဘူးလား .. ဟိုအိမ်မှာ ..''

''ပြင်မလို့လေ ..၊ သူ့ဝေယျာဝစ္စတွေ နင်လုပ်မပေးနဲ့ မသင့်တော်ဘူးတဲ့ .. အဘွားက ဆူလို့''

''ဘာဆိုင်လို့လဲ .. ညလေး လုပ်ထားသလိုလိုပုံစံနဲ့ သွားပြင်ထားရင် ရတဲ့ဟာကို .. ဒီအချိန်ကျမှ ဘယ်လိုလုပ်ရမှာလဲ မသိဘူး၊ မကြီးညလေး နဲ့ လာအိပ် .. မကြီးအိပ်ခန်း သူ့အတွက် ..''

''အမလေး .. မလုပ်ပါနဲ့ နှင်းဆီ ရယ် ..''

အသံကို အတိုးနိုင်ဆုံး နှိမ့်ချကာ စပယ်ဖြူ က အိပ်ရာဘေးမှာပဲ တင်ပျဉ်ခွေလေး ထိုင်ချလိုက်၏။ ပြီးတော့ ကျောနောက်က မှန်တင်ခုံပုလေးမှာ ဘီးလှည့်ယူ၍ နှင်းဆီ ရဲ့ဆံပင်တွေကို ကိုယ်တိုင်ဖြီးပေးသည်။

အကျီလက်တစ်လုံးကြိုးလေးတွေနဲ့ပဲ အိပ်တတ်သည့် နှင်းဆီကိုယ်မှာ ညနေကလည်း ဒီအကျီပဲမို့ တန်းပေါ်က ဂျင်းအကျီ အပေါ်ထပ်လေး ဆွဲယူ၍ ရင်ခွင်ထဲထည့်ပေးရင်း ...

''ဒါလေး ထပ်ဝတ်လိုက် ..၊ သွား .. ဘယ်အိပ်ရာပဲဖြစ်ဖြစ် သူအိပ်ရာဝင်အောင် လုပ်ပေးလိုက်ဟာ .. စိတ်ညစ်လိုက်တာ၊ ဟိုတစ်ခါလာကတည်းက ဒီမှာ သူ့ မစားတတ် မအိပ်တတ်ဖြစ်သွားတာ မသိတာကျနေတာပဲ''

''မကြီးကလည်း သူက ဟိုအိမ်မှာပဲ အိပ်ချင်လို့ ဒီမှာ အိပ်ရာမဝင်တာပေါ့''

''အေး .. အဲဒါကြောင့် နင် လိုက်ပို့ပါဆို''

''ဟား!...''

နှင်းဆီ က ဖြီးထားသည့် ခေါင်းကို ထပ်ဖွ၍ ရင်ခွင်ထဲထည့်ထားသည့် အကျီကိုပါ ကောက်လွှတ်ပစ်သည်။ ဖြောင့်ထားသည့် ဆံပင်ပျော့နွဲ့နွဲ့တွေက ဖွပစ်ပေမယ့် ကြည့်ရဆိုးမသွားပေ။ ထရုံစပ် ရောတ်





သွားသည့်အကျီကို ပြန်ကောက်ပေးဖို့ကတော့ လက်လှမ်းမမှီတော့သည်မို့ စပယ်ဖြူ လက်လျှော့လိုက်ကာ ...

''ကဲ .. ရော့ .. ဒီရုပ်အကျီလေးပဲ ထပ်ဝတ်လိုက်တော့ ..၊ မြန်မြန်ထဝါ .. ဘဘ အိပ်ချင်နေပြီ''

''မဝတ်ဘူး''

နှင်းဆီက အစ်မဖြစ်သူကို ဆိုးနွဲ့နေကျအတိုင်း ပေးနေသည့်အကျီကိုပါ ထပ်၍ဖယ်ချပစ်လိုက်ပြီး ဆောင့်ဆောင့်အောင့်အောင့် ထရပ်သည်။

''သူ့ကိုလည်း ဘယ်မှလိုက်မပို့နိုင်ဘူး၊ အဲဒီ ထိုင်နေတဲ့နားမှာပဲ ချခင်းပေးလိုက်မယ် ..၊ အိပ်ချင်အိပ် မအိပ်ချင်နေ''

စပယ်ဖြူ ကပါ လိုက်ထရပ်ပြီး မျက်နှာမှာ အပြုံးတွေဖြစ်သွားကာ...

''ခင်းပေးလိုက်ပေါ့ .. အဲဒီမှာ နင်လည်း အိပ်ရမှာပဲ၊ သူ့စကားပြောပုံကြည့်ရတာ နင်မပါဘဲ တစ်ယောက်တည်း မအိပ်ဘူးဆိုတာ သေချာတယ်''

''သေပေါ့ ..''

ဘယ်တုန်းကမှ အတူမအိပ်ခဲ့ကြဘူးဆိုတာ မကြီးတို့ မသိကြ... သူကြီးရှေ့မှာမှ တမင်တကာ ကြင်နာသလိုလို မက်မောသလိုလို လုပ်ပြနေတာ ..။

''မင်းနဲ့ အတူတူ မအိပ်နိုင်ဘူး'' လို့ပြောပြီး အခန်းထဲက နှင်ထုတ်ခဲ့တာကို ဘယ်တော့မှ မမေ့ ..။

သူ့ကို သဘောကျခဲ့မိပေမယ့် ကိုယ့်မှာလည်း မာနနဲ့ ..၊

''ဟော .. ဟိုမှာ ထွက်လာပြီ''

နှင်းဆီ ကို မြင်လိုက်တာနှင့် ဦးဘသောင်း ဝမ်းသာသွားသလိုရှိသော်ငြား ချက်ချင်း မျက်နှာကြီး ပြန်တည်သွားကာ ...

''ဘာဖြစ်လို့ စောစောစီးစီး ဝင်အိပ်နေတာလဲ သမီး''



www.burmeseclassic.com

www.burmeseclassic.com



"ဘဘကလည်း အိပ်ချင်လို့ပေါ့"

"ညည်းလိုပဲ ဒီမှာ ခရီးပန်းလာတာလေ ..၊ သူ့အတွက် ဘာမှလုပ် မပေးဘဲနဲ့"

မီးရောင်အောက်မှာ ငုတ်တုတ်ထိုင်နေတာ ပတ်ဘီးက ဆံပင်တွေ ကြားထဲ ရောက်နေသဖြင့် အခုခေတ် လူငယ်တွေ စတိုင်လုပ်ထားတဲ့ပုံစံ ဖြစ်နေ၏။ တစ်နေ့ ဆယ့်ခြောက်ခါလောက်လဲနေသည့် အင်္ကျီက သူများရွာမှာလည်း လဲဖယ်ဝတ်ဖို့ ပါအောင် ယူလာသည် ထင်သည်။

စပို့ရှပ်အနက် လည်ကတ်က ရင်ဘတ်မှာ အနီရောင်စာတမ်း တစ်တန်းပဲ ပါသည်။ ဘောင်းဘီရှည်ကလည်း အနက်မို့ ပေါ်နေသမျှ အသားရောင်က ဖြူဝင်းနေ၏။

သူ့ကို သေချာငေးနေမိတိုင်း ကိုယ်နဲ့ အများကြီး ကွာဝေးသွားသလို ခံစားမိခြင်းက သူ့ရဲ့ အထင်မြင်သေးစကားတွေကြောင့် .. နီးစပ်ကြဖို့လည်း မမျှော်လင့်ခဲ့ပါ။

တစ်နေ့နေ့ ဒီအခြေအနေမျိုး ဖြစ်လာမှာပဲဆိုတာလည်း တွေးခဲ့ဖူး၏။ သူကလည်း မချစ် .. ကိုယ်ကလည်း သနားသဖြင့် ပေးကမ်းစာကို မလိုချင်..။ စဉ်းစားမိတဲ့ထဲမှာ ဓာတ်လမ်းက ဆုံးနေပြီဖြစ်လျက် ဒီကိုလိုက်လာခဲ့ရင်ဆိုတာ မပါ..။

"ကဲ .. ဘာလုပ်နေတာလဲ၊ အဲဒါ ..."

"ဘဘကလည်း သူ ခဏတဖြုတ်လာတာ ဖြစ်သလို အိပ်ပစေ ပေါ့၊ အထဲဝင်မအိပ်ချင်ရင် ဒီမှာပဲ ..."

"သမီး .."

ဦးဘသောင်း ၏ ဒေါသလုံးကြီးက မဆုံအင်တန် ..။

"သူက ညည်းယောက်ျား မဟုတ်ဘူးလား ..၊ ဒီမှာ လင်မယား အိပ်စရာ အခန်းပိုလည်း မရှိဘူး၊ သွား .. ဟိုအိမ်ကို .."





နှင်းဆီ နဲ့ သူ မျက်လုံးချင်းဆုံသွားသည်။ သူကတော့ သူ့ကိုယ်သူ့ တမင်ထိုင်ပြီး ဆန္ဒပြနေတာ မဟုတ်သလိုလို မလိမ်မိုးမသိမ်မွှာရုပ်လေးနဲ့..

"ပြီးရော .. သွားမယ်"

နှင်းဆီ က ဘဘ အမြဲတမ်း ပြင်ထားတတ်သည့် အောက်လင်း မီးအိမ်ကြီးတွေထဲက တစ်လုံးကို ဆွဲယူလာသည်။

ဦးဘသောင်း ကလည်း သေချာပြင်ဆင်ပေးကာ ...

"လူကြီးမိဘတွေနားမှာနေပြီး လူကြီးတွေ မျက်နှာပျက်အောင် မလုပ်နဲ့ ..၊ ပြေပြေပြစ်ပြစ် မြင်လိုက်ဦး မျက်နှာကို"

ခါတိုင်းဆို ဘဘ ဒီလောက်ထိ အရေးအရူမ လိုက်မပြောတတ်ပါ။ ခုတော့ ပါးစပ်ပိတ်နေပြီး စောစောက ဘဘကို ဘာတွေ ဆန္ဒပြထားသည်မသိ ..။ ကိုယ့်ဒေါသနဲ့ကိုယ် မီးအိမ်ဆွဲထွက်လာပြီး အိမ်အောက်ရောက်တော့လည်း သူ့ကိုမစောင့်ဘဲ ဆောင့်အောင့်လျှောက်ခဲ့၏။

နောက်မှာ ဝေးကွာကျန်ခဲ့ပြီး ကျင်းတွေ ချိုင့်တွေထဲ ခြေချော်ကျ မှောက်လျက်လဲပါစေ..၊ မုန်းလွန်းလို့ မဟုတ်ပေမယ့် နေရာတကာ မစားတတ် မအိပ်တတ်ပါဘူးဆိုတာကို စိတ်တိုနေမိသည်။

သူ့ကြောင့် တစ်အိမ်လုံး အလုပ်ရှုပ် .. အဆူခံထိလို့ ထိ..။

"ရော့ .. တံခါးဖွင့်"

ပျဉ်ထောင်အိမ်ကြီးပေါ်ထိ တက်ခဲ့ပြီး ဟိုတစ်ခါ သူတို့အိပ်သည့် အခန်းရှေ့မှာပဲ ရပ်လိုက်၏။ သော့လှည့်ပေးတော့ ချစ်သော က ယူပြီး တံခါးဖွင့်သည်။

တံခါးပွင့်သွားတာနှင့် နှင်းဆီ က အထဲကိုဝင်ကာ နှစ်ခန်းစလုံး မီးရောင်ရှိနေအောင် စီစဉ်ထားသည့် နှစ်ခန်းကြားမှာ အပေါက်ဖွင့်ထား သော စင်မြင့်လေးပေါ်မှာ မီးအိမ်ကို လှမ်းတင်၍ ...

"ဒီမှာ အိပ်ရာခင်းပေးခဲ့မယ် .. ညလေး ဟိုဘက်ခန်းမှာ၊ အပေါ်



www.burmeseclassic.com

www.burmeseclassic.com



အလေး တစ်ယောက်တည်း ထမသွားရဲရင် လှမ်းနိူးပေါ့၊ မြို့သားတွေဆိုတော့ ပုရစ်ကြောက် ပုစဉ်းကြောက်နဲ့ သရဲဆို မိုကြောက်ဦးမှာ ... မိုးလင်းရင်လည်း မျက်နှာမသစ်တတ်ရင် ပြောနော် .. သစ်ပေးမယ်"

ပါးစပ်က မနားတမ်းပြောနေတာ တစ်ချက်မှ အကောင်းမပါပေ။ အိပ်ရာခင်းပေးနေတာ စေတနာ ပါမပါတော့ မသိ။ ခဏအတွင်းမှာပြီးသွားခဲ့သည်။ တစ်လျှောက်လုံး စကားမပြောဘဲနဲ့တော့ ဒီမှာပြီးတာနှင့် လှည့်ကြည့်လိုက်မိ၏။ ချစ်သော က သူမနောက်မှာ ခြေချရပ်လျက် လက်တစ်ဖက်က ဘောင်းဘီခါးစပ်မှာ လက်မနဲ့ချိတ်ထားပြီး တစ်ဖက်က စီးကရက်သောက်နေ၏။

"ရှင် အဲဒီလို ပြုစုခံချင်လွန်းလို့ ဒီလောက် ညဥ့်နက်အောင် ဒုက္ခခံနေတာနော် ...၊ အံ့ရော .."

"ဟွန့် .."

ချစ်သော က ပြုံးလိုက်ပြီး စီးကရက်ကို ဖိချေဖို့အတွက် တံခါးနား ပြန်လှည့်သွား၏။

"ပြုစုခံချင်တာပဲဆိုရင် မင်းအစ်မကိုပဲ ဒါတွေ ခိုင်းမှာပေါ့၊ ဒုက္ခခံပြီး စောင့်နေစရာလား .."

နှင်းဆီ က မဲ့သည်။ ပြီးတော့ တံခါးဖွင့်ဖို့ သူ့နားလျှောက်လာပြီး လက်လှမ်း၏။ ထိုလက်ကို ချစ်သော က ဖယ်ချပစ်လိုက်ကာ ...

"ဘာလုပ်မလို့လဲ .."

"အိပ်တော့မှာပေါ့ ...၊ ဘယ်အချိန်ရှိပြီလဲ"

"ဟုတ်တယ် ...၊ အိပ်ဖို့လာကြတာ ဒီမှာပဲ အိပ်"

"အို!... ဘာလို့အိပ်ရမှာလဲ ကြမ်းပေါ်မှာ လှဲကျင်းထားတာလည်း မဟုတ်ဘူး...၊ အိပ်ခင်းရှိလည်း ဖျာအပို မရှိဘူး"

"မင်းကို ဘယ်သူက ကြမ်းပေါ်မှာ အိပ်ခိုင်းနေလို့လဲ"





"ကိုလေးနော် ...၊ ဘာတွေ လာပြောနေတာလဲ"

"မင်းကို ညနေက ကိုယ် ပြောပြီးသားလေ ...၊ အရင်တုန်းက ပြီးခဲ့တာတွေကို မေ့လိုက်ဖို့ .."

"ဟင့်အင်း .. မမေ့ဘူး"

နှင်းဆီ က ခေါင်းခါပြီး တံခါးအတင်းဖွင့်၏။

"နှင်းဆီ .."

"ဟာ .. ဘာလုပ်တာလဲ ကိုလေးနော်"

"ရှက်မနေပါနဲ့ကွာ ...၊ ကိုယ်တို့ တစ်ယောက်နဲ့တစ်ယောက် ပြောမှားဆိုမှားရှိခဲ့တာတွေကို ဒီည မေ့လိုက်ရအောင်၊ ကိုယ့်ကို မင်း မမုန်းဘူးမို့လား"

ချစ်သော က နှင်းဆီ တစ်ကိုယ်လုံးကို သူ့ရင်ထဲမှာ မြုပ်ထွက်မတတ် ပွေ့ပိုက်ဝစ်လိုက်၏။ ပြီးတော့ ...

"ဘယ်သူမှ မသိလိုက်ဘဲ အချစ်က ကိုယ့်ရင်ထဲကို ခိုးဝင်ပြီး ပုန်းနေတာ၊ အဲဒါ မင်း မရှိမှ သိတာ"

သူ့ဆံပင်တွေကို မျက်နှာနှင့် ထိကပ်နမ်းနေတုန်း နှင်းဆီ ခေါင်းလေးတိမ်း၍ ရှောင်ပစ်ကာ ...

"ညလေး အလှတွေ ပြင်လာကာမှ ကိုလေး စိတ်ပြောင်းတာမို့လား၊ အဲဒါ တကယ်ချစ်တာ မဟုတ်ဘူး၊ ညလေးထက် လှတာမြင်ရင် ပါသွားမှာပဲ ...၊ ဖယ်စမ်းပါ"

သူက နှင်းဆီ ရုန်းမရအောင် အတင်းဆွဲဖက်ထားရင်း ရယ်သည်။

"မင်း အလှပြင်လိုက်တော့ မြို့သူတွေအားလုံး ငုတ်တုတ်မေ့ကျန်ခဲ့လောက်အောင် လှသွားလို့လား .."

"ကိုလေးနော် .."

"ပြောပြတာ ...၊ အချစ်ဖြစ်ပေါ်ပုံတွေ အမျိုးမျိုး ရှိကြတယ်၊



www.burmeseclassic.com

www.burmeseclassic.com



လူတွေမှာသည်း ခံစားချက်အမျိုးမျိုး ကိုယ်စီရှိတာကြတာကိုး..၊ ဒါပေမယ့် ဘာကြောင့်ချစ်တယ်ဆိုတာ မကျသတ်မရှိပါဘူး၊ ဒါဆို မင်းရော.."

"ညလေးက ဘာဖြစ်လို့လဲ"

"မင်း ကိုယ့်ကို နှစ်သက်ခင် နဲ့ သဝန်တိုတာ၊ ကိုယ့်ကို ရွဲ့တာတွေအပေါ်မှာ ငါ့ကို ချစ်နေတာလားလို့ တွေးစရာရှိပေမယ့် ချစ်တဲ့ပုံစံနဲ့ ဘယ်နှစ်ခါ ဆက်ဆံခဲ့သလဲ"

"ဘာလို့ ဆက်ဆံရမှာလဲ၊ သေအောင် ချစ်နေလည်း မသိအောင်နေမှာပဲ၊ ကိုလေးလိုလူကို ပိုပြီးတော့တောင် မျှိုသိပ်ဦးမယ်"

"ပြောပါဦး ..၊ ဘာဖြစ်လို့လဲ"

"သူများကို မှိုချိုးမျှစ်ချိုးတွေ ပြောလွန်းလို့လေ"

"အဲဒါ မသိစိတ်က မင်းနဲ့ရန်ဖြစ်နေရတာကိုပဲ သဘောကျနေလို့..၊ တကယ်ပြောတာ .."

နှင်းဆီ သူ့မျက်နှာကို သတိလက်လွတ်ငေးသွားမိစဉ် မျက်နှာချင်းက နီးနီးလေးမို့ ပါးတစ်ဖက်မှာ နွေးသွားသည်။

ရင်ခုန်သံတွေ ပြောင်းဆန်သွားကာ မျက်နှာငုံ့ပစ်ဖို့ ရှန်းပေမယ့် အနမ်းတွေက ပန်းလိုကြွေကျလာ၏။ ခဏလေး တိတ်ဆိတ်သွားခဲ့ပြီး ညရဲ့သက်ပြင်းချသံသာ ကျန်ရစ်လေသည်။

"နှင်းဆီ မင်းအတွက် ကိုယ်ယူလာတဲ့ သက်သေရှိသေးတယ်"

ချစ်သော က နှင်းဆီ ပခုံးလေးကိုဖက်၍ ခုတင်စပ်မှာ ယှဉ်တွဲထိုင်လိုက်သည်။ ပြီးတော့ ဘောင်းဘီအိတ်ထဲကို တစ်စုံတစ်ရာ နှိုက်ယူ၍ ရှေ့မှာ ပြလိုက်တော့ စာရွက်ခေါက်လေး ဖြစ်သည်။

"ဘာလဲ"

"ပြမယ်လေ" သူပဲ စာရွက်ကို ဖြန့်လိုက်ပြီး ...

"ဒီမှာ ဘယ်သူ စာတွေ ရိုက်ထားတာလဲ"





နှင်းဆီ မျက်နှာလေး ပြုံးယောင်သမ်းသွား၏။ နှစ်ယောက်လိုက်မှာကြဖို့ သူမကိုယ်တိုင် ရိုက်နှိပ်ထားသည့် စည်းကမ်းချက် ငါးချက် ..၊

ပြုံးမိတာက နံပါတ်ငါးရဲ့ အောက်ထောင့်မှာ သူ့လက်မှတ် ထပ်ထိုးထား၍ ...

"ရပြီလား .."

"ဘာရတာလဲ .."

"မင်းကို ချစ်ခွင့် .."

"အို .. ကိုလေးကလည်း .."

ပခုံးလေးကိုဖက်၍ အိပ်ရာထဲမှာ လှဲပစ်လိုက်သဖြင့် သူနဲ့အတူရောပါသွားပြီးမှ နှင်းဆီ အတင်း ပြန်ထဖို့ ရှန်းသည်။

ချစ်သော က လက်မောင်းလေးတစ်ဖက်ကို အိပ်ရာနဲ့ ဖိကပ်ချုပ်ထားကာ အားမှ လက်ထောက်ပြီး စီးမိုးကြည့်ကာ ...

"ကိုယ်တို့က လင်မယားပေါ"

"ကိုလေးကို ညလေး မယုံဘူး"

"ဘာဖြစ်လို့သဲ ..၊ ဘာလိုသေးလို့လဲ"

သူ့မျက်နှာအောက်မှာမို့ ဟိုက်နေသည့် ရင်ဘတ်ကို နှင်းဆီ ပိုဘက်လက်နဲ့ ဖိကပ်ကာထားမိလျက် ...

"မသိဘူး .. ကိုလေးကို ချစ်ချင်ကြတဲ့ မိန်းကလေးတွေ အများကြီးပဲ၊ ညလေးထက်လည်း အများကြီးချောတယ်၊ ကိုလေး ဘာတွေပြောပြော မယုံဘူး ..၊ လက်ထပ်ခဲ့တဲ့အထိ ကိုလေးကို ဘယ်တော့မှ ပိုင်ဆိုင်ခွင့် မရနိုင်ဘူးဆိုတာ နားလည်နေလို့ ကိုလေး မချစ်တာကိုလည်း ကျေနပ်နိုင်တယ်၊ ညလေး ချစ်မိမှာလည်း စိုးလို့ မတည့်ကြတာ ကောင်းတယ်ဆိုပြီး ကိုလေးနဲ့ အနိုင်မခံ အရှုံးမပေးတွေ လုပ်နေခဲ့တာလည်း အခု ဝန်ခံပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



အမြဲတမ်း ဖွာတေးလန်ပုံစံနှင့် မျက်နှာလေးက မျက်ရည်ကြည်လေးတွေ စေ့လျက် မျက်တောင်ရှည်ကြီးတွေ တဖျတ်ဖျတ် ခတ်နေတာ အံ့သြစရာပင်..။ ထိုပြင် မျက်နှာထက်မှာ မာကျောခြင်း၊ ပြတ်သားခြင်းတွေ ဘာမှမရှိခဲ့ဘဲ ...

"ညလေး ထင်ရာတွေ လျှောက်လုပ်ခဲ့တာလည်း ကိုလေးကို ချစ်မိမှာစိုးလို့ ..၊ အိမ်ထဲမှာ အချိန်ကုန်အောင် ငုတ်တုတ်ထိုင်စောင့်ရတဲ့ ဒုက္ခကိုလည်း ကြောက်လာလို့"

မျက်ရည်တွေ ကျလုလု ပြည့်သိပ်လာတော့ ...

"မငိုရဘူး" လို့ ပြော၍ ချစ်သော က တယုတယ သိမ်းဖက်ထားလိုက်၏။ ပြီးတော့ နှင်းဆီ ရဲ့ မျက်တောင်များတွေ မှိတ်ကျသွားအောင် သူ့ပါးနဲ့ ဖိကပ်ပွတ်တိုက်ကာ ဆင်းကျသွားသည့် မျက်ရည်တို့ကိုလည်း ခြောက်သွေ့စေ၏။

"မင်း မယုံနိုင်တာတွေကို ယုံပါလို့ ပြောရုံပဲ လောလောဆယ်ဆယ် ကိုယ် တတ်နိုင်မှာ..၊ မင်းကို ဘယ်လောက်ထိ ချစ်မိသွားလဲဆိုတာ ပေါင်းကြည့်ရင် သိလာမှာပါ၊ ဒီညကစပြီး ယုံလိုက်တော့နော်.. တစ်ခု ကိုယ် လက်တွေပြမယ်၊ ကိုယ် ရန်ကုန်ပြန်ရောက်တဲ့အချိန်ကစပြီး ကခုန်သီဆိုတာတွေ၊ သရုပ်ဆောင်တာတွေ အားလုံးကို စွန့်လွှတ်မယ်"

"ဘယ်လို .."

"မင်းအတွက်လေ .. အဲဒါကြောင့် မယုံတာမို့လို့ သက်သေပြမှာ မဟုတ်ဘူး .. အစကတည်းက ဖွဲ့စိတ် မသန်ခဲ့တာ၊ မင်းနဲ့ မတည့်ရာ မတည့်ကြောင်းတွေ ပြောနေမိတော့ ရွဲ့ခဲ့မိတာလို့ ပြောလည်းရတယ်၊ ဒါပေမယ့် မင်း ပြန်ရွဲ့လိုက်တော့ ကိုယ်-မခံနိုင်တော့ဘူး"

ပြောနေရင်း ချစ်သော က သွားတွေပေါ်အောင် ရယ်ကာ ...

"မိန်းမလည်လေး .. တောကျီးကန်းလို့ သူ့ကိုယ်သူ ပြောပြီး





ယောက်ျားကို ပုံဖော်တာကျတော့ ဆရာကြီးပဲ"

"ဒါဆို ညလေး အောင်မြင်ခဲ့တာပေါ့"

"ဟုတ်တယ် .. လူကို ခေါင်းကွဲအောင်တောင် လုပ်ထားခဲ့သေးတယ် ..၊ ရှုံးတယ် ထင်နေလို့လား"

"ကိုလေးတို့က ချိန်းတွေ့နေကြတုန်းလေ..၊ အဲ့ဒီတော့ .."

"အဲဒါ အလုပ်ကိစ္စအတွက် သူ တင်းနေတာ၊ သူနဲ့ကိုယ် တွဲပြီး သရုပ်ဆောင်တာမှ ကြိုက်တဲ့ ပရိုဂျူဆာတွေကြောင့် ကိုယ်က ငြင်းလိုက်လို့ ဖောင်းပွနေတာလေ"

ဟုတ်လိမ့်မည်..၊ ဖုန်းထဲမှာ ပြဿနာရှုပ်ကို မဖော်ပြဘဲ နှစ်ယောက်တည်းသိသည့် လိုရင်းကိုပဲ ပြောသွားတာမို့ အဓိပ္ပာယ်က ဘာလိုလို..။ ချစ်သော က စဉ်းစားသွားသည့်မျက်နှာလေးကို ငုံ့မိုးကြည့်ရင်း ဆံဝင်တွေကို နူးညံ့ညင်သာစွာ သပ်တင်ပေး၍ နဖူးပြေပြေလေးကိုနမ်းသည်။

"မင်းက မလှဘူးထင်ပေမယ့် ကိုယ့်မျက်လုံးထဲမှာ အရမ်းချစ်ဖို့ကောင်းနေတာ သိလား"

"မဟုတ်ဘဲနဲ့"

"ဟုတ်တယ် .. ကိုယ်နဲ့တွဲဖူးတဲ့ မိန်းကလေးတွေ အများကြီးပဲ၊ ချစ်သူဖြစ်ခဲ့ဖူးတာ၊ ကခဲ့ဖူးတာ မိတ်ဆွေလိုလို ဘာလိုလိုနဲ့ ပြီးသွားတာတွေရောကွာ၊ ကိုယ့်ရင်ခုန်သံက ရိုးရိုးလေးရယ် .. မင်းကို ထိတွေ့မိတဲ့ အချိန်မှာ ဆူပွက်သွားတာမျိုး ဘယ်သူနဲ့မှ မဖြစ်ခဲ့ဘူး"

ပြောပြီး ပြုံးနေတာကို နှင်းဆီ ရိုးရိုးပဲတွေးတော့ နားမလည်..။

"မင်းနဲ့ကိုယ် ဒီည ပြန်ပေါင်းထုပ်ကြမှာ.. မဂ်လာဦး မဟုတ်ဘူး"

"ဟင်!... ဘာ ..."

"ဟား .. ဟား .. ဟား ..."

ချစ်သော က ရယ်လိုက်ပြီး နှင်းဆီ ဘေးမှာ ပက်လက်ကြီးလှဲချ



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ နဖူးက ဆံပင်နဲ့ ပတ်တီးကို ခပ်ဖွဖွ ပွတ်သပ်နေရင်း ...

"နောက်ဆိုရင် ယောင်ပြီး ထထွက်မသွားအောင် မင်းနဲ့ကိုယ်လက်ချင်းပူးပြီး ကြိုးချည်အိပ်မယ်၊တော်ကြာ ကိုယ့်လိုကောင်နဲ့ တွေ့သွားရင်.."

"ကိုလေး .."

နှင်းဆီ အလန့်တကြား ထထိုင်လိုက်တာ ချစ်သော ဒေါမှာ လက်လေးတွေပါ ထောက်ငံ့၍ ကုန်းကွသွားသည်။

"ကိုလေး ဘာပြောတာလဲဟင် ..ညလေး .. ညလေးက ယောင်ပြီး.."

"ဟုတ်တယ်"

ချစ်သောက နှင်းဆီ ပါးလေးကို နှုတ်ခမ်းတွေစေ့ အံကြိတ်၍ ခပ်ဖွဖွ လိမ်ဆွဲကာ ...

"ကိုယ်တို့စကားများပြီး မင်း ညည်ခန်းမှာ တစ်ညလုံး ထိုင်ငိုနေတဲ့ညလေ .."

ဘာပြောတော့မှာကို သိလိုက်သလိုမျိုး နှင်းဆီ ရင်ထဲမှာ ဒိန်းခနဲ မြည်သွား၏။

"မနက်မိုးလင်းတော့ မင်း ကိုယ့်အိပ်ရာပေါ်မှာ .. နိုးလာတော့ သတိမထားမိဘူးလား"

"ထားမိတယ်လေ ..၊ လက်ထပ်တဲ့ညကလည်း အဲဒီလို အိပ်ဖူးတာပဲ .. တစ်ခန်းတည်း အတူရှိနေကြတာရော ရိုးသားခဲ့ကြတာပဲ၊ ကိုလေး .. ကိုလေး အဲဒီညက .."

ချစ်သော က ပတ်တီးမပါသည့်လက်နဲ့ထောက်၍ ထထိုင်လိုက်ပြီး ပြုံးစိစိနှင့် ...

"စဉ်းစားကြည့်ပါဦး ..၊ အဲ့ဒီညက မင်းကိုယ်မင်း ဘယ်လောက်ထိ အလှတွေ ပြင်ထားသလဲလို့"

"ဘာဆိုင်လို့လဲ"





"ကိုယ်ကလည်း သဝန်တိုတဲ့စိတ်တွေနဲ့ အဲဒီမှာ ဖောက်ပြန်စပြုနေပြီ"

"ကိုလေးနော် .."

"အား!..."

ရှက်ရှက်နှင့်ထုပစ်လိုက်တော့ လက်မောင်းကဒဏ်ရာပေါ် ရောက်သွားသည်။ သူက အားခနဲ အော်ပြီးမှ နှင်းဆီ မျက်လုံးဝိုင်းသွားတော့ ဆတ်ခနဲ ဆွဲဖက်ပစ်လိုက်ပြီး ...

"ကိုယ်က ကိုယ့်ဟာကိုယ် နေတာပါ ..၊ မင်းက ကိုယ့်ရင်ခွင်ထဲဝင်ပြီး အတင်း ..."

"ဟင့်အင်း .. တော်တော့ .. သွား .."

ရယ်သံတွေ ဖြစ်ကုန်တော့ နှင်းဆီ သူ့ရင်ဘတ်ကို ထုရိုက်နေမိသည်။ ပြီးတော့ ရှက်လည်းရှက်ပါ၏။ ဒီလောက်ထိ မသိအောင် ယောင်တတ်ရသလားဆိုပြီး ကိုလေး အထင်မသေးခဲ့ဘူးလား ..၊

သူကတော့ ရယ်နေရင်း တင်းတင်းကျပ်ကျပ် ဖက်ထားလျက်...

"ချစ်ဖို့ကောင်းတယ် သိလား..၊ အရက်မူးနေတဲ့ ကောင်မလေးရှိပဲကိုယ့်ကို ရန်သွားဖြစ်မယ်ဆိုပြီး မချစ်ဘူးလားလို့မေးတော့ ချစ်တယ်တဲ့"

"ကြည့်ပါလား .."

"တကယ်ပြောတာ .. ကိုယ် သုံးခါမေးတာ သုံးခါ ပြန်ဖြေတယ်"

"ကိုလေး မတော်ရင် ညလေး ထွက်ပြေးတော့မှာနော် .."

ငိုသံလေးပါလာတော့ ပခုံးလေးကို ပုတ်၍ ချစ်သော က ကလေးချော့သလို ချော့သည်။

"နောက်နေ့တွေမှာ ကိုယ် အချိုးပြောင်းသွားတာ မင်း မသိလို့ပါ ထိုနှင်းဆီဆိုတဲ့ ကောင်မလေးကို ဘယ်လိုမှကို စိတ်မချတော့ဘဲ အရင်လို မဆိုင်သလိုနေဖို့ မပြောနဲ့ မျက်စိအောက်က ပျောက်သွားတာနဲ့ ဒီကောင် ပူလောင်နေတာ"



BURMESE CLASSIC .com
www.burmeseclassic.com

"ညလေးကို အထင်သေးမသွားဘူးလား ဟင်"

"ဘာကိုလဲ .."

"အဲဒီလို မကြာမကြာ ဖြစ်တတ်တော့ .."

"မသေးပါဘူးကွာ .. ထူးထူးခြားခြားလေးမို့လို့ ဆန်းဆန်းပြားပြား ချစ်ရတော့ ပိုပြီးရင်ခုန်တာပေါ့၊ ပြီးတော့ စိတ်မချလေ ပိုချစ်လေ"

ဟုတ်ရဲ့လားလို့ တွေးပူနေမိတုန်း သူ့အနမ်းတွေ နွေးထွေးစွာကျရောက်လာ၏။ ဒီတစ်ခါ နှင်းဆီ သူ့ခါးကိုပြန်ဖက်ထားမိရင်း တသိမ့်သိမ့် ရင်ခုန်ခြင်းကို နစ်ကိုယ်တူ ကြည်ဖြူစွာ ပေါင်းစည်းခဲ့မိသည်။

ချစ်မိပြီဆိုတော့လည်း ယုံချင်သည်။ ကိုလေးပြောတဲ့စကားတွေ တည်ပါစေ..၊ ပေးတဲ့ကတိတွေလည်း ခိုင်မြဲပါစေ။

ဆိုထက် ရှေ့ဆက်၍ သာယာဖြောင့်ဖြူးကြဖို့ဆိုတာမှာ ကတိတွေနဲ့ သက်ဆိုင်သည်ဖြစ်စေ၊ အချစ်နဲ့သာ ဆိုင်သည်ဖြစ်စေ ..၊

ကိုယ့်ကိုသာ ဖျစ်ဖျစ်မြည်အောင် ချစ်နေစေချင်၏။

အချစ်ပြီးရင်း အချစ်သာ ဖြစ်ပါစေ။

**ပရိသတ်အတွက်**

**ထာဝရ**

**သျှင်မ**



## အမှားပြင်ဆင်ချက်

ယခင်ထွက်ရှိခဲ့သော 'သျှင်မ' ရေးသားသည့် 'ကောင်းကင်မွေ့ရာ' ဝတ္ထု၏ စာမျက်နှာ(၈၁)၊ စာကြောင်းရေ (၁၇)တွင် 'မင်းရဲ့လက်လေးတွေ ပါးလေးတွေ တစ်ခါတိုသွားမှာပဲ' အစား 'မင်းရဲ့လက်လေးတွေ ပါးလေးတွေ တစ်ခါအိုသွားမှာပဲ' ဟု ပြင်ဆင် ဖတ်ရှုပေးရန်နှင့်

စာမျက်နှာ (၂၇၀)၊ စာကြောင်းရေ (၂၃)တွင် 'ညည်းက တစ်ယောက်တည်း ကွာထားတာပါ၊ ကျုပ်က တသီတတန်းကြီး ကွာထားခဲ့တာ' အစား 'ညည်းက တစ်ယောက်တည်း မွေးထားတာပါ၊ ကျုပ်က တသီတတန်းကြီး မွေးထားခဲ့တာ' ဟု ပြင်ဆင် ဖတ်ရှုပေးရန် မေတ္တာရပ်ခံအပ်ပါသည်။